
# ၇၄ - ၇၅ - ၇၆

# မ.ဆ.လ အာဏာရှင်ဆန့်ကျင်ရေး အုံတုလှုပ်ရှားမှုများ



၇၄ - ၇၅ - ၇၆ နိုင်ငံရေးအင်အားစု

# ၇၄-၇၅-၇၆

## မ.ဆ.လ အာဏာရှင်ဆန့်ကျင်ရေး

## အံတုလှုပ်ရှားမှုများ

---

၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု

**ကျော်ထက်အောင် (ရွှေပြည်တန်)**

စီစဉ်တည်းဖြတ်သည်

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | * | ကိုဇေယျ (သားကြီး ဇေယျ) |
| အတွင်းစာစီနှင့် | * | နေခြည်ကျော်အောင်၊ |
| Layout | | အိအိဖြူ (ရွှေပြည်တန်) |
| ထုတ်ဝေသူ | * | ဦးချစ်ညွန့် (ဇင်ရတနာစောစာပေ) |
| | * | ပုံနှိပ်သူမှတ်ပုံတင်အမှတ်-မြ ၀၄၀၀၄ |
| ကာလာခွဲ | * | ကမ္ဘာဦး |
| မျက်နှာဖုံးနှင့် | * | မြင့်မြတ်ပုံနှိပ်တိုက် |
| အတွင်းပုံနှိပ် | | အမှတ် (၁၆-ဘီ)၊ ကြာညိုလမ်း၊ပုဇွန်တောင် |
| အကြိမ် | * | ပထမအကြိမ် - ၂၀၁၃- ဇွန်လ |
| အုပ်ရေ | * | ၁၀၀၀ |
| တန်ဖိုး | * | ၃၅၀၀ ကျပ် |
| စာအုပ်ချုပ် | * | မောင်မောင်နိုင် |

ကလောင်စုံ (၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု) ၈၀၈. ၈၄

၇၄-၇၅-၇၆-မ. ဆ. လ အာဏာရှင် ဆန့်ကျင်ရေး အံတုလှုပ်ရှားမှုများ

ကလောင်စုံ (၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုများ)။ ရန်ကုန်။

ရွှေပြည်တန်စာပေ၊ ပထမအကြိမ်- ဇွန်လ ၊ ၂၀၁၃-ခုနှစ်

စာမျက်နှာ ၄၀၀ ၊ ၁၃×၂၀. ၅ စင်တီမီတာ

(၁) ၇၄-၇၅-၇၆ မ. ဆ. လ အာဏာရှင် ဆန့်ကျင်ရေး အံတုလှုပ်ရှားမှုများ

# မာတိကာ


| စဉ် | စာမူအမည် | စာရေးဆရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | စိစဥ်သူအမှာ | စိစဥ်သူများ | ၁၁ |
| ၂။ | ၇၄-၇၅-၇၆တို့၏ရင်တွင်းစကား | ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု | ၁၆ |

**ကဗျာ**

| | | | |
|---|---|---|---|
| ၁။ | နှိုးလော့ . . ထလော့ . . ဧရာဝတီ | ဖူးသစ် | ၂၂ |
| ၂။ | ရဲဘော်ဘန်ရွှေ၏တပ်ဦးမိန့်ခွန်း | ကျော်တင့်(ဆေးဝါး) | ၂၄ |
| ၃။ | အီကွေတာနှင့်နီးခြင်း၊ဝေးခြင်း | မောင်မှိုင်းလွင်(အင်းဝ) | ၂၅ |
| ၄။ | မြေအောက်ကဗျာဆရာ(၁) | ကိုဗေဒါ | ၂၇ |
| ၅။ | ကျောင်း | မောင်ခိုင်အောင်(စစ်တွေ) | ၂၈ |
| ၆။ | အင်းစိန်ထောင်ကိုပိုင်းခဲ့ကြစဉ်က | လန်ထောင်စပ်စုလေး | ၃၁ |
| ၇။ | ၃၇ နှစ် | မှဲ့မှဲ့ | ၃၇ |
| ၈။ | အနာဂတ်အတွက် မျက်နှာညိုတဲ့ အဘိုးညီအစ်ကို သို့ . . . | အုန်းကျော်နီ (EDN) | ၃၈ |
| ၉။ | အလုပ်သမားအရေးအခင်း ဖြတ်သန်းခြင်း | ဦးစန္ဒိမာ (မိုးတုတ်) | ၄၁ |
| ၁၀။ | သပိတ် | မောင်ဆွေသတ် | ၄၂ |
| ၁၁။ | မတ်လမှတ်စု (ခွန်းဆက်ခြင်း) | နောင်အေး (မြောက်ဦး) | ၄၃ |
| ၁၂။ | ချစ်လှစွာသော ရဲဘော်တို့ . | မြတ်ခုံဦး (အလှိုင်) | ၄၆ |
| ၁၃။ | အလင်းသခင် ကြယ်စင်တို့သမိုင်း | ကျော်တင့် (ဆေးဝါး) | ၄၈ |
| ၁၄။ | ရာသီကိုမင်းနိုင်ပိုင်းခြင်း | မှဲ့မှဲ့ | ၄၉ |

ဆောင်းပါး

# ၁၉၇၄–၇၅ အလုပ်သမားအရေးအခင်း


| | | |
|---|---|---|
| ၁။ ဆင်မလိုက်သင်္ဘောကျင်းတိုက်ပွဲ | ရဲဘော်ဝင်းထိန် | ၅၂ |
| ၂။ ပြည်သူ့ချည်မျှင်နှင့်အထည်စက်ရုံ တိုက်ပွဲဝင်အလုပ်သမားလှုပ်ရှားမှု | ဦးရွှေလင်း (ချည်မျှင်အထည်စက်) | ၇၁ |
| ၃။ ၁၉၇၄ ဂုံနီစက်ရုံလုပ်သားများ သပိတ်ဖြစ်စဉ်အကျဉ်း | ဦးစော | ၇၈ |
| ၄။ ၁၉၇၄-၇၅အလုပ်သမားကျောင်းသား တို့၏တော်လှန်ပုန်ကန်မှုစစ်တမ်း | ဖိုးကျော် | ၈၅ |
| ၅။ ၁၉၇၄-ဒွန်လ၊ဂုံနီစက်ရုံ နောက်ဆက်တွဲ သပိတ်တိုက်ပွဲ | လှမြင့် (ဂုံနီ) | ၁၀၁ |
| ၆။ ၁၉၇၅-ဂုံနီစက်ရုံနှစ်ပတ်လည်ဖြစ်စဉ် | ကျော်လှိုင်(အလုပ်ကြပ်) | ၁၀၄ |
| ၇။ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း (RTC) | စံထွန်းလှ(လင်းစေဒါင်း) | ၁၀၀ |
| ၈။ ၁၉၇၄-ဒွန်(၆)ရက်နေ့ | ဝင်းကျော် (RTC) | ၁၁၂ |
| ၉။ မီးရထားသပိတ် | ချစ်ညွန့်ကျော် | ၁၁၈ |
| ၁၀။ ၁၉၇၄-၇၅(BPI) ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏သပိတ်မှောက်မှုဖြစ်စဉ် | လှဝင်း(ဆေးဝါးစက်ရုံ) | ၁၂၅ |
| ၁၁။ အမှတ်(၃)သစ်စက်အလုပ်သမား လှုပ်ရှားမှု | ဦးကျော်သန်း | ၁၃၂ |
| ၁၂။ ၁၉၇၄-၇၅ အလုပ်သမားသပိတ် ဖြစ်ဒဏ်ကျခံခဲ့ရသူများစာရင်း | | ၁၃၄ |
| ၁၃။ ထောင်သောင်းမြောက်မြား သွေးသစ်ပွားအံ့ | တင်အေးကြူ | ၁၄၀ |
| ၁၄။ ၁၉၇၄-အလုပ်သမားလှုပ်ရှားမှုအစီရင်ခံစာအပေါ် သုံးသပ်ချက် | ကျော်ထက်အောင် (ရွှေပြည်တန်) | ၁၅၀ |
| ၁၅။ အလုပ်သမားအရေးအခင်း သတင်းမှတ်တမ်း | | ၁၇၇ |

## ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်း


| | | |
|---|---|---|
| ၁၆။ ဦးသန့်အရေးအခင်း | စက်မှုတက္ကသိုလ်စိုးဝင်း | ၁၈၁ |
| ၁၇။ နော်ကူးမ၏အမှတ်တရ | ဌေးဌေးဝင်း | ၁၉၆ |
| ၁၈။ ကျွန်တော်ကြုံတွေ့ဖြတ်သန်းခဲ့ရ သည့်ဦးသန့်အရေးအခင်း | ကိုကျော်စိုး | ၂၀၁ |
| ၁၉။ ဦးသန့်အရေးအခင်း သတင်းမှတ်တမ်း | | ၂၁၀ |


## ၁၉၇၅ ဇွန်နှစ်ပတ်လည် (ခေါ်) ရွှေတိဂုံအရေးအခင်း


| | | |
|---|---|---|
| ၂၀။ ၁၉၇၅ ဇွန်နှစ်ပတ်လည်အရေး အခင်း(ခေါ်)ရွှေတိဂုံအရေးအခင်း | သပိတ်မှောက် ကျောင်းသားတစ်ဦး | ၂၁၆ |
| ၂၁။ အတိတ်ကပုံရိပ်များ | နောင်ဘဖူး | ၂၂၇ |
| ၂၁။ နှင်းလိုင်းတို့ရဲ့အနိမ့်အမြင့်တွေကြားမှာ | မောင်လွှင်မွန် (ကသာ) | ၂၄၃ |
| ၂၂။ ကျွန်တော်ဖြတ်သန်းခဲ့ရသောမှတ်မိ သမျှ ဇွန်လ-၇၅ | မောင်စံနု (ရမ်းဗြဲ) | ၂၅၇ |
| ၂၃။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ | မြင့်ဦး | ၂၇၁ |
| ၂၄။ ရွှေတိဂုံအရေးအခင်း သတင်းမှတ်တမ်း | | ၂၇၆ |


## ၁၉၇၆ မတ်လ မှိုင်းရာပြည့်အရေးအခင်း


| | | |
|---|---|---|
| ၂၅။ ၇၆ -မှိုင်းရာပြည့်အမှတ်တရများ | ဘိုဇင်ကော့( Eco) | ၂၈၆ |
| ၂၆။ ရင်ဖွင့်သံ | အောင်စောဦး | ၂၉၁ |
| ၂၇။ မ. ဆ. လ ခေတ်အကြောက်ဆုံး လူငယ်တစ်ဦး (သို့မဟုတ်) ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး | ဝင်းမောင် | ၃၀၄ |

| | | |
|---|---|---|
| ၂၈။ ၇၄-၇၅-၇၆ သတင်း | စောလှိုင် (အင်းတော်) | ၃၁၃ |
| ၂၉။ မှိုင်းရာပြည့်အရေးအခင်း သတင်းမှတ်တမ်း | | ၃၁၅ |


## ထောင်တွင်းအတွေ့အကြုံများ


| | | |
|---|---|---|
| ၃၀။ အရှက်ဦးကို ကြိုခဲ့သည် | ငွေအောင် | ၃၂၃ |
| ၃၁။ အင်းစိန်ထောင်မှငရဲခန်းများ | ကိုဗေဒါ | ၃၃၄ |
| ၃၂။ ကျွန်တော်ရဲ့ဓူဝံကြယ်များ | စိုးအုပ် | ၃၄၃ |
| ၃၃။ ၁၉၇၅ ခုနှစ် သပိတ်သမားတစ်ဦး၏ ထောင်တွင်းဖြတ်သန်းမှုများ | ကိုနီ (မီးရထား) | ၃၅၂ |
| ၃၄။ အမှတ်တရနိဒါန်းများ | ရွှန်းသစ်ဝေ | ၃၅၆ |
| ၃၅။ သတင်းမှတ်တမ်း | | ၃၆၂ |


## အတွေ့တွေ့ဖြတ်သန်းမှုနှင့် အတွေးအမြင်များ


| | | |
|---|---|---|
| ၃၆။ ၁၉၇၄-၇၅ ကျောင်းသားအရေးအခင်း များကိုပြန်လည်သတိရခြင်း | ဒေါက်တာသိန်းလွင် | ၃၆၈ |
| ၃၇။ အာဇာနည်ကျောင်းသားခေါင်းဆောင်ဆလိုင်းတင်မောင်ဦးနှင့် မြန်မာပြည်နိုင်ငံရေးအကျဉ်းသားများနေ့ | ၇၄-၇၅-၇၆ အင်အားစု | ၃၇၂ |
| ၃၈။ ခပ်ညှို့ညှို့ပုံတူပန်းချီကားတစ်ချပ် | မြင့်လွင် (မှိုင်းရာပြည့်) | ၃၇၉ |
| ၃၉။ ၁၉၇၄-၇၅ သပိတ်မှောက်အကျဉ်းကျ အလုပ်သမားများကွန်ယက် | ကွန်ယက်အဖွဲ့ဝင်တစ်ဦး | ၃၉၁ |
| ၄၀။ (၃၈)နှစ်မြောက် ၇၄ အလုပ်သမားအရေးအခင်းနှစ်ပတ်လည်နှင့် ၇၄-၇၅-၇၆ ကျောင်းသားလှုပ်ရှားမှု အထိမ်းအမှတ်ကြေညာချက် | ၇၄-၇၅-၇၆နိုင်ငံရေး အင်အားစု | ၃၉၅ |

## " ဒီစဉ်သူအမှာ "

(၁၉၇၄) ခုနှစ် မေ-ဇွန်အလုပ်သမားအရေးအခင်းသည် မ. ဆ. လ စစ်အာဏာရှင်ခေတ် ၁၉၇၄ခုနှစ် မေလနှင့်ဇွန်လအတွင်း မြန်မာပြည်အနှံ့အပြားရှိ စက်ရုံ၊ အလုပ်ရုံအားလုံးနီးပါး ပါဝင်သည့် အလုပ်သမားထုကြီးက မ. ဆ. လ စစ်အာဏာရှင်များအား အံတုပြီး မိမိတို့ရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများကို တောင်းဆိုဆန္ဒပြ တိုက်ပွဲဝင်ခဲ့ကြသည့် အရေးအခင်းကြီးဖြစ်သည်။

အဆိုပါအရေးအခင်းတွင် မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေးများကို တရားသဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့ကြသည့် အလုပ်သမားထုကြီးမှာ **"တောင်းတော့ ဆီ၊ ဆန် ပေးတော့ ကျည်ဆန်"** ဆိုသကဲ့သို့ မ. ဆ. လ စစ်အာဏာရှင်များ၏ လက်နက်အားကိုးနှင့် အကြမ်းဖက်နှိပ်ကွပ် ခြင်းခံခဲ့ရသည်။

ထိုကဲ့သို့ အလုပ်သမားသပိတ်ကြီးအလုပ်သမားအရေးအခင်းကြီး ဖြိုခွဲခံလိုက်ရသဖြင့် မိမိတို့အလုပ်သမားများနှင့် ပြည်သူလူထုဘက်တွင် ရင်းနှီးပေးဆပ်လိုက်ရခြင်းများရှိခဲ့သော်လည်း တစ်ဖက်တွင် မ. ဆ. လ စစ်အာဏာရှင်တို့၏ စစ်ဘီလူးရုပ်သည် ဖုံး၍ဖိ၍မရအောင် ပေါ်ထွက်လာပြီး အလုပ်သမားထုအတွင်း သာမက ကျောင်းသားထုအတွင်း ပြည်သူလူထုအတွင်း မ. ဆ. လ စစ်အာဏာရှင်များအပေါ် မကျေနပ်မှုများ ဆိုးလာမှုများ ခံပြင်းနာကြည်းမုန်းတီးမှုများ နက်နက်ရှိုင်းရှိုင်းပေါ်ပေါက်လာခဲ့ပြီး အဆိုပါ အလုပ်သမားအရေးအခင်း၏ နောက်တွင် (၁၉၇၄) ဒီဇင်ဘာဦးသန့်

အရေးအခင်း၊ (၁၉၇၅) ဇွန်လ အလုပ်သမား သပိတ်နှစ်ပတ်လည်အရေးအခင်း (ခေါ်)ရွှေတိဂုံအရေးအခင်း၊ (၁၉၇၆) မတ်လ မှိုင်းရာပြည့်အရေးအခင်းစသည့် ကျောင်းသားလှုပ်ရှားမှု အရေးအခင်းများ နှင့်အတူ မ. ဆ. လ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုများလည်း ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့သည်။

အဆိုပါအရေးအခင်းများ၊ လှုပ်ရှားမှုများတွင်လည်း ပြည်သူများက မိမိတို့၏ လိုလားချက်များကို ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ သို့သော် စစ်အာဏာရှင်တို့က ထုံးစံ အတိုင်း လက်နက်အားကိုးနှင့် အကြမ်းဖက်ဖြိုခွဲခဲ့ သဖြင့်ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ အသက်စတေးခဲ့ကြရ၊ ဖမ်းဆီး နှိပ်စက်ထောင်ချခံခဲ့ကြရသည်။ အလုပ်သမားများ နည်းတူ ရဟန်းရှင်လူ ကျောင်းသားပြည်သူများ၏ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စွန့်လွှတ် စတေးခဲ့ကြရသည်။ ဤကဲ့သို့ နှိပ်ကွပ်မှုများ၊ ချေမှုန်းမှုများကြောင့် ကျွန်တော်တို့ ရည်မှန်းချက်များ မအောင်မြင်ခဲ့သော်လည်း၊ ကျွန်တော်တို့၏ လိုလားချက်များ၊ တောင်းဆိုချက်များ၊ မပြည့်ဝခဲ့သော်လည်း အဆိုပါ အရေးအခင်းများ၏ရလဒ်အဖြစ် မ. ဆ. လ စစ်အာဏာရှင် စနစ်ဆိုးကြီးအား ဆန့်ကျင် တိုက်ဖျက်ပြီး အပြီးတိုင် ဖယ်ရှားပစ်လိုသည့် စိတ်ဓါတ်များ ကျွန်တော်တို့ ရင်ထဲတွင်ရော ပြည်သူများ၏ ရင်ထဲတွင်ပါ နက်နက် ရှိုင်းရှိုင်းကိန်းဝပ်လာခဲ့သည်။ အဆိုပါစိတ်ဓါတ်များသည်ပင် နောက်ဆယ်စုနှစ် တစ်ခုခန့်အကြာတွင် ကျွန်တော်တို့၏ ညီငယ်မျိုးဆက်ဖြစ်သည့် (၈၈) မျိုးဆက်များရင်ထဲသို့ ကူးဆက်ထွန်း တောက်သွားခဲ့ပြီး (၈၈) အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ၎င်း(၈၈) အရေးတော်ပုံကြီးသည် ကျွန်တော်တို့ (၇၄-၇၅-၇၆) မျိုးဆက်များ ဦးဆောင်ပါဝင်ဆင်နွှဲခဲ့သည့် အရေးအခင်းများ၏ အဆက်ဟုဆိုနိုင်ပါသည်။

အချို့သမိုင်းသုတေသီများ၊ မြန်မာ့နိုင်ငံရေးကို လေ့လာ အကဲဖြတ် နေသူများ၊ ပြည်တွင်းပြည်ပတက်ကြွလှုပ်ရှားသူများ၊ မီဒီယာသမားများက မြန်မာပြည် နိုင်ငံရေးသမိုင်းအား အကဲဖြတ်ရာတွင်လည်းကောင်း၊ ပုံဖော်ရာတွင်

လည်းကောင်း မြန်မာနိုင်ငံ၏စစ်အာဏာရှင်စနစ်သည် လွန်ခဲ့သည့်နှစ်(၂၀)ကျော် (၈၈)အရေးအခင်းကာလ နောက်ပိုင်းတွင်မှ ပေါ်ထွန်းလာခဲ့သယောင် စစ်အာဏာရှင်ဆန့်ကျင်ရေး ဒီမိုကရေစီရေး တောင်းဆိုလှုပ်ရှားမှုများသည်လည်း အဆိုပါကာလကျမှ ပေါ်ပေါက်လာခဲ့သယောင် ပြောဆိုရေးသားနေကြသည်များရှိပါသည်။ ဤသို့ မှတ်ယူနေကြသူများလည်းရှိပါသည်။

အမှန်စင်စစ် မြန်မာပြည် စစ်အာဏာရှင်စနစ်သည် (၁၉၆၂) ခုနှစ် စစ်အာဏာသိမ်းချိန်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် နှစ်(၅၀)ကျော်ရှိပါပြီ။ ထို့ကြောင့် (၈၈)နောက်ပိုင်း ပေါ်ပေါက်လာခဲ့သည့် န. ဝ. တ၊ န. အ. ဖ စစ်အာဏာရှင်စနစ်ကို မ. ဆ. လ စစ်အာဏာရှင်စနစ်က မွေးထုတ်ပေးလိုက်ခြင်းဖြစ်သည်။ မ. ဆ. လ စစ်အာဏာရှင်စနစ်၏ အဆက်ဖြစ်သည်။ မ. ဆ. လ စစ်အာဏာရှင်များသည် န. ဝ. တ၊ န. အ. ဖ စစ်အာဏာရှင်များကဲ့သို့ပင် ပြည်သူများအပေါ် လက်နက်အားကိုးနှင့် အနိုင်ကျင့်ခဲ့သည်။ အကြမ်းဖက်ဖိနှိပ်ခဲ့သည်။ လူ့အခွင့်အရေးများ ချိုးဖောက်ကျူးလွန်ခဲ့သည်။ ဤကဲ့သို့ ဖိနှိပ်မှုများ၊ အကြမ်းဖက်မှု ကျူးလွန်မှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား၊ အလုပ်သမားများ အပါအဝင် အပ်နှိပ်ခံပြည်သူများဘက်ကလည်း ဆန့်ကျင်တွန်းလှန်မှုများ ရှိခဲ့သည်။ ထို့ကြောင့် (၈၈)နောက်ပိုင်းမှစ၍ယနေ့အထိပေါ်ပေါက်လာခဲ့သည့် ဒီမိုကရေစီလှုပ်ရှားတောင်းဆိုမှုများသည် (၈၈)အရေးတော်ပုံကြီး၏ အဆက် ဖြစ်သကဲ့သို့ (၈၈)အရေးတော်ပုံကြီးသည်လည်း (၇၄-၇၅-၇၆) အလုပ်သမား ကျောင်းသား အရေးအခင်းများ၏ အဆက်ဖြစ်သည်။ ထိုနည်းတူ (၇၄-၇၅-၇၆) လှုပ်ရှားမှုများသည်လည်း (၆၂-၆၃) ကျောင်းသားလှုပ်ရှားမှုတိုက်ပွဲများ၏ အဆက်ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် ကျွန်ုပ်တို့ **အဓိကထင်ပြချင်သော အချက်မှာ (၁၉၇၄-၇၅-၇၆) အလုပ်သမား ကျောင်းသားလှုပ်ရှားမှုများ၊ အရေး အခင်းများသည် မျက်မှောက်ခေတ်မြန်မာ့နိုင်ငံရေးသမိုင်း၏ ပြည်သူမှ မေ့ပျောက် ၍မရနိုင်သော အရေးပါသည့် သမိုင်းကွင်းဆက်တစ်ခုဖြစ်သည်** ဆိုသည့် အချက်ဖြစ်သည်။

အဆိုပါအချက်ကို အလေးထား ဖော်ထုတ်တင်ပြလိုသည့် အတွက်လည်းကောင်း၊ မ. ဆ. လ စစ်အာဏာရှင်စနစ်အား ဆန့်ကျင်အံတုခဲ့သည့် (၇၄-၇၅-၇၆) နိုင်ငံရေးမျိုးဆက်တို့၏ နိုင်ငံရေးဖြတ်သန်းမှု အတွေ့အကြုံများအား ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာ့နိုင်ငံရေးမျိုးဆက်တို့ လေ့လာသိရှိနိုင်စေရန်နှင့် လက်ဆင့်ကမ်း သယ်ဆောင်နိုင်ရန် အလို့ငှာ လည်းကောင်း၊ ဤစာအုပ်ကို စီစဉ်ထုတ်ဝေလိုက်ရခြင်း ဖြစ်သည်။

ဤစာအုပ်တွင် (၁၉၇၄-၇၅-၇၆)မ. ဆ. လအာဏာဆန့်ကျင်ရေးအံတု လှုပ်ရှားမှု၏အစိတ်အပိုင်းများဖြစ်သည့် **(၁၉၇၄-၇၅) အလုပ်သမားအရေးအခင်း၊ (၇၄)ဒီဇင်ဘာ ဦးသန့်အရေးအခင်း၊ (၇၅)ဇွန် နှစ်ပတ်လည်အရေးအခင်း (ခေါ်) ရွှေတိဂုံအရေးအခင်း၊ (၇၆)မတ်လ မှိုင်းရာပြည့်အရေးအခင်း** တို့အား အပိုင်း (၄)ပိုင်းခွဲ၍ တင်ပြထားသည်။

ထို့ပြင် (၇၄-၇၅-၇၆) နိုင်ငံရေးအင်အားစု၏ **ထောင်တွင်းဖြတ်သန်းမှုအတွေ့အကြုံများ**ကို လည်းကောင်း၊ (၇၄-၇၅-၇၆) နိုင်ငံရေးလှုပ်ရှားမှုနှင့် ဆက်နွယ်သည့် အခြားအခြားသော **အထွေထွေနိုင်ငံရေးလှုပ်ရှားမှုနှင့် အတွေးအမြင်များ** ကိုလည်းကောင်း ကဏ္ဍအလိုက် အခန်းခွဲ၍ တင်ပြထားပါသည်။

အရေးအခင်း(၄)ခုနှင့် ပတ်သက်၍ ဖော်ပြရာတွင် ကိုယ်တိုင်ကြုံတွေ့ဖြတ်သန်းခဲ့ရသူတို့၏ အတွေ့အကြုံများကိုသာမက ထိုစဉ်က သတင်းစာများမှ ရေးသားချက်များကိုလည်း နှိုင်းယှဉ်လေ့လာနိုင်ရန် ကဏ္ဍအလိုက် သတင်းမှတ်တမ်းအနေဖြင့် ယှဉ်တွဲဖော်ပြထားပါသည်။

ဤနေရာတွင် အထူးတင်ပြလိုသည်မှာ ဤစာအုပ်တွင် ပါဝင်ရေးသားသူအများစု (အားလုံးနီးပါး)မှာ စာရေးဆရာများမဟုတ်ကြပါ။ အချို့ဆိုလျှင် စာပေရေးသားမှု အတွေ့အကြုံလုံးဝမရှိသူများဖြစ်ကြသည်။ မိမိတို့ တွေ့ကြုံဖြတ်သန်းမှုများကို အရိုးခံအတိုင်း တင်ပြထားခြင်းမျှသာဖြစ်၍ အရေးအသားမညက်ညောမှုများ ရှိနိုင်ပါသည်။ ထို့ပြင် မိမိတို့တွေ့ကြုံ ဖြတ်သန်းမှုများမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်အပျက်များဖြစ်၍ အချက်အလက်

မှားယွင်းမှုများ၊ ဝေဝါးမှုများ၊ မေ့လျော့ကြွင်းကျန်မှုများလည်း ရှိနိုင်ပါသည်။ ထိုအားနည်းချက်များ တွေ့ရှိပါက နားလည်မှုများ ထားပေးကြပါရန် စာရေးသူများ ကိုယ်စား အနူးအညွတ်မေတ္တာရပ်ခံလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ယခုစာအုပ်အတွက် စာမူရေးသားပေးပို့သူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသည့် ရဲဘော်များ၊ မိတ်ဆွေများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**စိစဉ်သူများ**
**၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု**
**ဇွန်(၆)၊ ၂၀၁၃**

# " ၇၄–၇၅–၇၆ တို့၏ရင်တွင်းစကား "

(၇၄-၇၅-၇၆) နိုင်ငံရေးအင်အားစုဟူသည် အဘယ်နည်း။ စီးပွားရေးကျပ်တည်းမှု ၊ လုပ်ငန်းခွင်အခြေအနေအဆိုးရွားမှု၊ အလုပ်သမား အခွင့်အရေးကင်းမဲ့မှုတို့ကို အကြောင်းပြုပြီး (၁၉၇၄) ခုနှစ် မေ-ဇွန်လများတွင် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ စက်ရုံ၊ အလုပ်ရုံပေါင်းများစွာမှ အလုပ်သမားများ အုံကြွဆန္ဒပြခဲ့ကြသည်။

(၇၄ မေ-ဇွန်) အလုပ်သမားအရေးအခင်းဟု ထင်ရှားသည်။ ထိုနှစ်ဒီဇင်ဘာလထဲမှာ မြန်မာနိုင်ငံသားကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်၏ရုပ်အလောင်း ကာယကံရှင်၏ဆန္ဒအရ မြန်မာနိုင်ငံသို့ရောက်လာသည်။ မ. ဆ. လ အစိုး ရက ဦးသန့်ရုပ်အလောင်းကို ကြံ့တောသုသာန်တွင်မြှုပ်နှံသဂြိုဟ်မည်ဖြစ်ကြောင်း ကြေညာသည်။ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သူတစ်ဦးကိုထိုက်ထိုက်တန်တန်နေရာမပေး ရကောင်းလား ဟူသောအတွေးဖြင့် ပြည်သူများ(အထူးသဖြင့်ကျောင်းသားများ)က မကျေနပ်။ သို့ဖြင့်ဦးသန့်ဈာပနကိုအကြောင်းပြုပြီး ရန်ကုန်တက္ကသိုလ်တွင် အခြေစိုက်သည့် ဆန္ဒပြမှုပေါ်ပေါက်လာခဲ့ပြန်သည်။ (၇၄-ဒီဇင်ဘာ) ဦးသန့် ဈာပနအရေးအခင်းဟု သိကြသည်။ အဆိုပါ အရေးအခင်းနှစ်ခုအား (မဆလ) အစိုးရက အင်အားသုံးအကြမ်းဖက်ဖြိုခွင်းနှိမ်နင်းခဲ့သည့် လုပ်ရပ်အပေါ် မခံမရပ်နိုင်ဖြစ်နေကြသော

ကျောင်းသားများ ဦးဆောင်ပြီး(၁၉၇၅)ခုနှစ်ဇွန်လတွင် အလုပ်သမားအရေးအခင်း နှစ်ပတ်လည်ဆိုပြီး သပိတ်တိုက်ပွဲဆင်နွှဲကြပြန်သည်။ စက်ရုံ၊အလုပ်ရုံအချို့ သပိတ်ထဲပါလာကြသည်။ သပိတ်မှောက်ကျောင်းသားပြည်သူများ ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တွင် သပိတ်စခန်းသွားဖွင့်ခဲ့သည့်အချက်ကို အကြောင်းပြုပြီး ထိုအရေးအခင်းကို (၇၅-ဇွန်) အလုပ်သမားအရေးအခင်းနှစ် ပတ်လည်သို့မဟုတ် ရွှေတိဂုံအရေးအခင်းဟု အမှတ်အသားပြုကြသည်။

ထို့နောက် (၁၉၇၄) မတ် သို့ရောက်လာသည်။ ထိုနှစ် ထိုလ (၂၃)ရက် နေ့မှာ အမျိုးသားစာဆိုကြီး သခင်ကိုယ်တော်မှိုင်း၏ နှစ်တစ်ရာပြည့်မွေးနေ့ဖြစ်သည်။ ထိုနေ့တွင် ရန်ကုန်ရှိတက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများစုဝေးပြီး မှိုင်းဂူဗိမာန်ကို ချီတက်ဂါရဝပြုခဲ့ကြသည်။ နယ်မြို့အချို့မှတက္ကသိုလ်များတွင်လည်း လှုပ်ရှားမှုများရှိခဲ့သည်။ ထိုအရေးအခင်းကို (၇၆-မတ်) မှိုင်းရာပြည့် အရေးအခင်းဟု သမိုင်းတင်ကြသည်။

၎င်းတို့မှာ သပိတ်စခန်းဖွင့်မှု၊ ဟောပြောမှု ချီတက်ဆန္ဒပြသူများ ပါဝင်သော (မဆလ)အမည်ခံ စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများဖြစ်သည်။ ထိုကာလတစ်ဝိုက်တွင် ဖော်ပြပါ လုပ်ရပ်များ မပါဝင်သော စစ်အစိုးရဆန့်ကျင် လှုပ်ရှားမှုများလည်း ရှိခဲ့သည်။ ဝိတောက်တာရွှေ၊ နွေဒေသ၊ အရှေ့လေ၊ ရင်ဖွင့်သံ နီဒါန်း၊ အင်ကြင်း၊ မီးမောင်း၊ တပ်ဦးနှင့်အခြားသော မြေအောက်လှုပ်ရှားမှု၊ ကဗျာလှုပ်ရှားမှု၊ သံချပ်လှုပ်ရှားမှု၊ စာပေလှုပ်ရှားမှုများ။ နောက်ဆက်တွဲ (၇၇-၇၈) လှုပ်ရှားမှုများ။

ထိုအရေးအခင်းများ၊ ထိုလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသူအားလုံးကို "၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု" ဟု သိမ်းကြုံးခေါ်ဝေါ်လိုက်ခြင်းဖြစ်သည်။

ခေတ်သစ်မြန်မာ့သမိုင်းကို အဓိကအားဖြင့် နှစ်ပိုင်းပိုင်းကြည့်ပြီး လေ့လာနိုင်သည်။ (၁၈၂၄) မှ (၁၉၄၈) အထိ ကိုလိုနီလက်အောက် ကျွန်သားပေါက် နိုင်ငံဘဝက ပထမပိုင်း။ (၁၉၄၈) မှ ယနေ့အထိ လွတ်လပ်သောအချုပ်အခြာ အာဏာပိုင် နိုင်ငံဘဝက ဒုတိယပိုင်း။

လွတ်လပ်သော နိုင်ငံဘဝကို နောက်ထပ်နှစ်ပိုင်းပိုင်းပြီး လေ့လာနိုင်သည်။ (၁၉၄၈) မှ (၁၉၆၂) အထိဖြစ်သော ပထမပိုင်းက တရားနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခံအစိုးရက အုပ်ချုပ်သောခေတ်။ (၁၉၆၂) မှ (၂၀၁၀)

အထိဖြစ်သော ဒုတိယပိုင်းက အာဏာသိမ်းအစိုးရနှင့် ယင်း၏အမွေစားအမွေခံ အဆက်ဆက်တို့က အုပ်ချုပ်သော စစ်အာဏာရှင်ခေတ်။ (၂၀၁၀) မှ ယခုအထိကိုတော့ ဗုံမဟုတ်ပတ်မဟုတ်။ ကျီးမဟုတ် ကြက်မဟုတ် အာဏာရှင်စနစ်နှင့် ဒီမိုကရေစီစနစ်ကို ရောသမမွှေထားသော အောက်ကလိအာ ကပြားနိုင်ငံရေးခေတ်ဟု ဆိုရမလား၊ အာဏာရှင်စနစ်မှသည် ဒီမိုကရေစီစနစ်ဆီသို့ အသွင်ကူးပြောင်းနေသောကာလ (Transitional Period ) ဟုခေါ်ရမလားမသိ။ **"မိုးလည်းမမည်၊ ဆောင်းလည်းမပီ"** မှုန်ရီဝိုးတဝါးအခြေအနေမို့ ခေတ်တစ်ခေတ်ဟု ခေါ်နိုင်မည်မထင်။

စစ်အာဏာရှင်ခေတ်တွင် စစ်ဘီလူးသည် မင်းသားခေါင်း (၃)ခေါင်း စွပ်ပြီး ပွဲထွက်လာခဲ့ခြင်းဖြစ်သည်။ ပထမဆုံး မင်းသားခေါင်းကိုချွတ်ခွာချလိုက်သူများမှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများဖြစ်ပြီး၊ (၁၉၆၂)တွင် ဖြစ်ပွားသော ဆဲဗင်းဇူလိုင်အရေးအခင်းဖြင့် ချွတ်ခွာလိုက်ခြင်းဖြစ်သည်။ တော်လှန်ရေးကောင်စီအမည်ခံပြီး တက်လာသော စစ်အစိုးရ အဓိကကိုင်စွဲထားသောမူဝါဒမှာ မည်သည့်တော်လှန်ရေးဝါဒမျှမဟုတ်ဘဲ လူသတ်ဝါဒ၊ သမိုင်းကို တန်ဖိုးမထားသည့် ဝါဒသာဖြစ်ကြောင်း ကျောင်းသားများက ထိုအရေးအခင်းဖြင့် ဖော်ထုတ်ဖွင့်ချ လိုက်ခြင်းဖြစ်သည်။

အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်သောအစိုးရဖြစ်သည်ဟူသော ဒုတိယမင်းသားခေါင်းကျွတ်ကျသွားသည်က (၁၉၇၄မေ-ဇွန်)တွင်ဖြစ်သည်။ ထိုနှစ်၊ ထိုလတွင် ပေါ်ပေါက်ခဲ့သော အလုပ်သမားဆန္ဒပြမှုများက (မဆလ)၏ "ဘီလူးသွား ကိုလဖြတည်း" ဇာတိရုပ်ကို ငုတ်တုတ်ပေါ်လာစေခဲ့သည်။ ကျွတ်ကျသွားသော မင်းသားခေါင်းကို ပြန်ကောက်စွပ်နိုင်ဖို့ စစ်အာဏာရှင်ကြီး ကြိုးစားဆဲ နောက် ဆက်တွဲလိုက်ပါလာသော (၇၄-ဦးသန့်)၊ (၇၅-ရွှေတိဂုံ)၊ (၇၆-မှိုင်း)၊ သပိတ်များက ထိုမင်းသားခေါင်းကို ဝေးနိုင်သမျှ ဝေးဝေး ရောက်အောင် ကန်ထုတ်ပစ်ခဲ့ကြသည်။

တရားဝင်အစိုးရဖြစ်သည်ဟူသော စစ်ဘီလူး၏နောက်ဆုံးမင်းသားခေါင်းစွပ်ကို ဆွဲချွတ်လိုက်သည်ကတော့ ရှစ်လေးလုံးအရေးအတော်ပုံကြီးပင် ဖြစ်တော့သည်။ နောက်ဆုံးမင်းသားခေါင်းစွပ်အောက်တွင် ပုန်းကွယ်နေခဲ့သော စစ်ဘီလူးသရုပ်သည် ရှစ်လေးလုံးအရေးတော်ပုံကြီးကြောင့် "အစွယ်အဖွေးသား"

နှင့်တိုင်းသိပြည်သိ၊ ကမ္ဘာသိ လူသိရှင်ကြားထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သမိုင်းဟူသည် ကွင်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသော ချိန်းကြိုး တစ်ခုနှင့်တူသည်။ ထို့ကြောင့် တော်လှန်ရေးများသည်လည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည်။ ဆဲဗင်းဒုလိုင်သည် (၇၄-၇၅-၇၆) အတွက် ရေခံမြေခံ။ (၇၄-၇၅-၇၆) သည် ရှစ်လေးလုံးအတွက် ရေခံမြေခံ။ ရှစ်လေးလုံးသည် (၂၀၁၂) အတွက် ရေခံမြေခံ။ (၂၀၁၂) သည် . . . . . ။

ကျွန်တော်တို့ (၇၄-၅-၆) နိုင်ငံရေးအင်အားစုဝင်အားလုံးအတွက် (၁၉၇၄မေ-ဇွန်)တွင်ဖြစ်ပွားခဲ့သောအလုပ်သမားအရေးအခင်းသည် စစ်ခရာမှုတ်သံဖြစ်သည်။ အခြေခံဥပဒေဖြင့် မျက်လှည့်ပြရန် ကြိုးစားခဲ့သော စစ်အာဏာရှင်စနစ်၏အတွင်းသရုပ်မှန်ကို ဖော်ထုတ်ဖွင့်ချပြလိုက်သော အလုပ်သမားရဲဘော်ကြီးများ၏ ရဲစွမ်းသတ္တိက စစ်အာဏာရှင်စနစ်ကို တုန်လှုပ်ချောက်ချားသွားစေခဲ့သလို ဖိနှိပ်မှုပုံသဏ္ဌာန်မျိုးစုံအောက်တွင် ငြိမ်ဝပ်ပိပြားနေခဲ့ကြရသော ပြည်သူများ (အထူးသဖြင့် ကျောင်းသားများ)၏ မဟုတ်မခံမမှန် အံ့ကြွစိတ်ဓါတ်ကို လှုပ်နှိုးပေးခဲ့သည်။ တစ်နည်းဆိုရလျှင် (၇၄ မေ-ဇွန်) အလုပ်သမားအရေးအခင်းက ထိုကာလအတွင်း ပေါ်ပေါက်ခဲ့သော စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုအားလုံးကို ခလုတ်မောင်းဖြုတ်ပေးလိုက်ခြင်းဖြစ်သည်။ (၇၄ မေ-ဇွန်) အလုပ်သမား အရေးအခင်းမရှိခဲ့လျှင် ကျန်နောက်ဆက်တွဲ အရေးအခင်းများ ဖြစ်လာမည်လားမဖြစ်လာဘူးလား ဆိုသည်ကို သေချာပေါက်ပြောနိုင်စွမ်းမရှိ။ သို့သော် ရဲဝံ့စွန့်စားအနစ်နာခံပေးဆပ်ခဲ့ကြသည့် အလုပ်သမားကြီးများကြောင့် ကျန်အရေးအခင်းများမှအရေးတော်ပုံ တပ်သားများ **'သွေးနိုး'** လာခဲ့ခြင်းဖြစ်သည်ဆိုသည့် အချက်ကတော့ သေချာသည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံးက (၇၄မေ-ဇွန်) အလုပ်သမားအရေးအခင်းကို ထိုကာလတွင် ပေါ်ပေါက်လာသော စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုအားလုံး၏ ပင်မရေသောက်မြစ်ကြီးအဖြစ် သဘောထားကြခြင်းဖြစ်သည်။ (၇၄ မေ-ဇွန်) အလုပ်သမားအရေးအခင်းသည် (၇၄-၇၅-၇၆) နိုင်ငံရေးလှုပ်ရှားမှုများ၏ အလံတော် မီးရှူးတန်ဆောင် ရှေ့ဆောင်လမ်းပြ၊ မြောက်ဘက်ဆောင်းတင်ယံမှ လမ်းပြကြယ်ဖြစ်သည်။ ဇွန် (၆)ရက်နေ့သည် အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နေ့ဖြစ်သလို (၇၄-၇၅-၇၆) နိုင်ငံရေး

လှုပ်ရှားမှုများ၏ သင်္ကေတလည်းဖြစ်သည်။ထို့ကြောင့်ပင် ကျွန်တော်တို့က (ဇွန်-၆) အလုပ်သမားအရေးအခင်း နှစ်ပတ်လည်အခမ်းအနား ကျင်းပဖြစ်သည့် အခါတိုင်း အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နေ့နှင့် (၇၄-၇၅-၇၆) နိုင်ငံရေးလှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားဟု တစ်တွဲတည်း သတ်မှတ်ခေါ်ဆို ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ဥမင်လိုဏ်ခေါင်းထဲမှာရှိနေသေးသည်။ သို့သော် လိုဏ်ခေါင်းဝမှ အလင်းရောင်ပျပျကိုတော့ မြင်နေရပြီ။ သည်လိုပြောမည်လား။ သို့မဟုတ် အလင်းရောင်ပျပျကိုတော့ မြင်နေကြရပြီ။ သို့သော် ကျွန်တော်တို့ ဥမင်လိုဏ်ခေါင်းထဲမှာပဲရှိနေကြသေးသည်။ သည်လို ပြောမည်လား။ ဖန်ခွက်ထဲက ရေတစ်ဝက်။

မည်သို့ပြောသည်ဖြစ်စေ၊ သေချာတာတစ်ခုကတော့ ကျွန်တော်တို့ ခါးတောင်းကျိုက်ဖြုတ်၍မဖြစ်သေးဆိုတာပဲဖြစ်သည်။ ချိတ်တွဲထားသောလက်များ ဖြုတ်၍ မဖြစ်သေးဆိုတာဖြစ်သည်။ ထို့ထက်ပို၍ဆိုရလျှင် သေချာရေရာခြင်း မရှိလှသေးသည့် အနာဂတ်ခရီးအတွက် ကျွန်တော်တို့ ခါးတောင်းကို ပိုတင်းအောင် ကျိုထားကြရဦးမည်။ ချိတ်ထားသောလက်များပိုမြဲအောင် တွဲထားကြရဦးမည်။ မတွဲမချိတ်ရသေးသော လက်များကို ရှာဖွေပြီး ချိတ်တွဲရအုံးမည်။ ကျွန်တော်တို့ အင်အားစုဝင်များအတွင်း၊ ကျွန်တော်တို့အင်အားစုနှင့်အခြားသော ဒီမိုကရေစီအင်အားစုများအကြား၊ ဒီမိုကရေစီကို ယုံကြည်သောအင်အားစုများ နှင့် မယုံကြည်သေးသော အင်အားစုများအကြား။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ညီညွတ်ရေး ၊ တန်းတူရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့မှသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါသော နိုင်ငံတော်သစ်ဆီသို့. . .။

ဤသည်ပင် ကျွန်တော်တို့ "၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု" ၏ သန္နိဋ္ဌာန်ဖြစ်ပေသည်။

**၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု**

# ကဏ္ဍ

# " နှိုးလော့ ထလော့ ရောဝတီ "

**ခြေဆင်း**××××××××
မြောက်ဖက်ဖျားမှ ××××××သန္တေတည်မွေးဖွား
သွေးသားညီရင်း ××××××ချင်းတွင်းဝဲရံ
×××××××××××××××××××

(၁)

သံလွင်စစ်တောင်း××××××ယာလက်မောင်းဟော့
စစ်မောင်းသံဟီး××××××ဒုဌဝတီ
မှိုင်းရည်စိမ်းမြ ×××××× ရိုးမတွေသည်
နောင်တော်မြတ်မို့ ××××××လက်အုပ်ချီ
(ပြည်သူ့ရဲ့သွေး)××(ပြည်သူ့ရဲ့သွေး)××(ပြည်သူ့ရဲ့သွေး) ××ရောဝတီ

(၂)

ပဒေသရာဇ် စနစ်ဆိုး ×××××× မိုးကြိုးသံလျက်
အာဏာစက်အောက်မှာ ××××××တုံးအောက်ဖားလို
ပြားပြားမှောက်နေ ××××××
"ဟင်" ××××××ပြည်သူတွေရဲ့ ရှိုက်ငိုကြွေးသံ
(ပြန်လည်လို့ ကြားပါစလေ)၂ ××××××(တောက်)
တက်ခေါက်နေတဲ့ ရောဝတီ

(၃)

ဟယ် နယ်ချဲ့ဖက်ဆစ် ××××××ဆိုးညစ်ဖောက်ပြန်
ဖိနှိပ်သူမှန်သမျှ
သူပုန် ×××သူပုန် ××ထ ××ထ
သပိတ်×××သပိတ်××မှောက်××မှောက်

မိုးခုတ်×× မိုးခုတ်×× ရှို့ ×ရှို့
အရေးတော်ပုံ ×××အောင်ပါစေ
(မြင်းခွာတစ်ချက် ပေါက်ရင် ××××မီးဟုန်းဟုန်းတောက်စေရမည်)
အနီးဆဲက ကြည်မြှုင့်တို့ ××××
ဒို့ပြည်သူတော်လှန်ရေးကို ××××သွေးနဲ့ရေးခဲ့ပြီ
(သင်လည်းသိပါရဲ့)
(ဒို့လည်းသိပါရဲ့) ×××××ဒို့ချစ်တဲ့ ဧရာဝတီ××××
ကြည့်ကြစမ်းပေါ့ ××××ကြည့်ကြစမ်း
အရှေ့ဖက်ကောင်းကင်မှာ ×××××နီလွင်လန်းဆန်း
နေဝန်းနီနီ နိုးထပြီလေ
ဒီလိုမနက်ခင်း ×××××မင်္ဂလာသတင်းနဲ့အညီ
ထလော့ ဧရာ ×××ဧရာ ထလော့
နွမ်းလျှပူဆွေး ×××××ငိုကြွေးသံစဉ် ×××ဒီတွင်ရပ်စို့
ဒို့ညီတူ ×××ပြည်သူတေးကို သီဆိုကြမယ်လေ ×××သီဆိုကြမယ်လေ
တူတံစဉ် ×××ကိုင်စွဲ တိုက်ပွဲဝင် သူရဲကောင်းတို့
နီမောင်းတေးသံ ကျူးရင့်ခဲ့ပြီ
ပြည်သူ့ရဲ့ဧရာဝတီ ××××ပြည်သူနိုးထ ×××အားမန်ကြွပြီ
နိုးလော့ ထလော့ ××××ဧရာဝတီ
နိုးလော့ ထလော့ ××××ဧရာဝတီ
(နိုးလော့ ထလော့ ) ဧ ×××ရာ ××××ဝ×××တီ

ဖူးသစ်

အထက်ပါသီချင်းစာသားအား ကဗျာဆရာဖူးသစ်အမည်ခံ တိုဝင်းမောင် (၁၉၇၅ ခုနှစ်ဝတ်လည်အရေးအခင်းတွင် ထိန်းသိမ်းခံခဲ့ရသော BED ကျောင်းသား) က ရေးစပ်သီကုံးခဲ့ခြင်းဖြစ်ပါသည်။

အထက်ပါ သီချင်းစာသားကို တိုအင်ဝင်း (ဘိုလင်တော) မှ ကျေးဇူးပြုခြင်းဖြစ်ပါသည်။

# " ရဲဘော်ဘန်ရှေ၏ တပ်ဦး မိန့်ခွန်း "

ဟော့ - စစ်အာဏာရှင်-
နွားမွေးရင် မြက်ကျွေးရတယ်
လူမွေးရင်-ဆန်ပေးရမယ်
သတ္တ-ဘဝ
အဟာရနဲ့အသက်
အသက်နဲ့အဟာရ
မရလို့မဖြစ်ဘူး
လူး-မြဲ-ရှိ-နိယာမ
ရကို ရမှ ဖြစ်မယ်
ရရင်ရ မရရင်ချ
အာပေါင် အာရင်း-
ပြင်းပြင်-ရှ
လှစ်ဟ ရဲမာန်
(ကိုကြီးဘန်)
အိမ်ပြန်လာရင်- ကောင်မယ်-ဗျာ။
"နွားမွေးရင် မျက်ကျွေးရမယ်
လူမွေးရင် ဆန်ပေးရမယ်
တောင်းတာက ဆီ ဆန်
ပေးတာက ကျည်ဆန်"

ကျော်တင့်
(ဆေးဝါး)

# " အိတွေတာနှင့်နီးခြင်း ၊ ဝေးခြင်း "

အနံ့မရတော့တာနဲ့
ရှုဆေးဗူးထဲ ဖွင့်ကြည့်လိုက်မှ
အရိပ် ဆိုလို့
အကပ် အသပ်လေးတောင် မကျန်တော့. . . ။
သူ့ရဲ့
ဝိုဝိုရိရိ ဖြားယောင်းမှုကို
အချိန်တွေကြာတော့
သူကိုယ်တိုင် တကယ်ယုံလာပြီး
အဲဒီ တံလျှပ်တွေ မခန်းရကောင်းလားတဲ့
နေဟာမာနနဲ့
အစွမ်းကုန်ဒေါသကြီးပြနေပြန်ပြီ. . . ။
ရှက်မနေနိုင်အား
သစ်ပင်တွေတောင်မှ
အဝတ်ကို မကပ်ကြတော့ဘူး
မိုးတံကြယ်ပေါင်တောင် တဖျတ်ဖျတ်ခတ်။
ဘဝပေး ဒဏ်ရာဒဏ်ချက်ပေါ့
လည်နေတဲ့ မျက်စိက
တစ်ယောက်တည်း စကားတွေပြောပြီး
ခြေဦးတည့်ရာ ပတ်ပြေးနေရဲ့
တောင်လေဟာ ဓာတ်ကြီးလေးပါးဖောက်ပြန်။
သာမိုမိတာ
သူလည်းအစွန်းထက်
လူ့အမြော်အတော့ ငိုရှုန်လို့
မျက်နှာတစ်သန်း နိမ့်ချယောင်း
လေပြေလေညင်း မှန်သမျှ
ဖွေးပေါင်တို့ ၊ အဝယ်ခံရှိုး
ဦးပိုင်အမည်ပေါက် ပြောင်းကုန်လေ့။

ကောင်းကင်တချို့ရဲ့
အိုဇုန်းလွှာက အပေါက်မရှိ
ကွန်ကရိဥခွံထဲမှာ
ဝင်ရိုးစွန်းတွေ တင်သွင်းထားကြ။
ဇော်ဝင်းထွဋ် ကို
ကုဋ္ဋိကိုင်းအုပ်ပြီး သယ်လာတဲ့
လက်တွန်းလှည်းကလေး၊ အိုအေစစ်ရေ
(ကျန်းမာရေးလည်းကောင်း၊ ငါးမူးလည်း ရသေးရင်)
ရေခဲနဲ့ ကျောက်ကျောမပါဘဲ
ရိုးရာစစ်စစ် နှစ်ခွက်လောက်ပါ
ဒဏ်မခံနိုင်တဲ့ ဝါးပင်တစ်ချို့
အချင်းချင်း ပွတ်ကြတိုက်ကြနဲ့
ကိုယ့်တောအုပ်ကို မီးပြန်ရှို့ကြ
စိုးရိမ်မှုတစ်ခုခုအောက်မှာ
နေသားကျ ပါးစပ်တွေကတော့
သဘာဝ အတွက်
တံတွေးတစ်စက် လက်ကျန်မရှိ။
ဒေါသတွေ တစ်ကျိုက်တည်း ခွက်ကုန်မော့ပြီး
လောကကြီးကို ပျစ်ကနဲထွေးထုတ်
ကိုယ်ဆွဲဆန့်ထားတဲ့ နေ့ခင်းကို
ကိုယ်တိုင်ငြီးငွေ့သွားပြီထင်ရဲ့
သမ်းဝေလိုက်တဲ့ နေလက်တံဟာ
သူ့ဒေါသတွေ ပြန်ရုပ်သိမ်းပြီး
ကမ္ဘာတစ်ဖက်ခြမ်းကိုပို့။
မန္တလေးမှာ ပူတဲ့နေဟာ
ရန်ကုန်ပေါ်က နေပါပဲ
ဘယ်သူငြင်းမလဲ . . . . . . . . ။

မောင်မှိုင်းလွင် (အင်း၀)

# " မြေအောက် ကဗျာဆရာ (၁) "

ညက
နှုံးကွယ်ထားတာလား
သော့သံတွေကြားနေရ
သူတို့လာကြပြီ။
ခြေထောက်သံခြေကျင်းခတ်
လက်ထိပ်နောက်ပြန်ခတ်
ခေါင်းစွပ်ထပ်စွတ်
မတ်မတ်ရပ်နေပေမဲ့
သွေးတွေ စီးကျလာ။
ကဗျာတွေ. . . .
ကမ္ဘာမြေကို နှုတ်ဆက်
ဂျွန်ဟော့ကင်းရဲ့တွင်းနက်ကြီးထဲ
ရဲရဲတောက်စီးဆင်းနေကြ
မီးပြင်းတိုက်ကြစမ်းဟေ့
ပန်းထွက်လာတဲ့နှလုံးကသွေးတွေ
ငမိုးရိပ်ချောင်ရေမှာစီးမျောသွားကြ

ဘုတ်ငှက်အသံကြားရ
လှိုင်းရိုက်သံတွေကြားရ
ဘဝတူတွေရဲ့ငိုညည်းသံကြားရ
အမေ့ရဲ့အားပေးသံကြားရ
အားယူပြီး ရုန်းသ
ဘာမှမသိတော့။
တို့ဝေါ

# " ကျောင်း "

* ရိုက်ခွဲခံလိုက်ရတဲ့ ပန်းအိုးလေးရဲ့
တစ်စစီ လွင့်စင်ထွက်သွားတဲ့ အပိုင်းအစတွေကို
ပြန်ကောက် ပြန်ဆက်ဖို့
ပြီးတော့ ဘုရားစင်မှာ ပြန်ထားဖို့
အမေရေ
ညကြီးက မှောင်လိုက်တာ. . . . . .

(၂၀၀၅)

* ငါချစ်တဲ့ ငါတို့ချစ်တဲ့ကျောင်း
ခုတော့ နံရံပေါ် ခြုံနွယ်တွေ တွားတက်လို့
မြက်ခင်းမှာ သစ်ကိုင်းခြောက်အကျိုးတွေ ပေါင်းတွေ တောထလို့
သူ့ဝိဉာဏ်ဟာ အောင်လံတစ်ခု ဖြစ်နေရဲ့
သားမိုက်တစ်ချို့ဟာ
မှတ်တိုင်မဲ့ မြေစိုင်ခဲတွေဘဝနဲ့
သမိုင်းတောနက်ထဲဆီ တိတ်တိတ်လေး ဝင်သွားကြလေရဲ့။

* ကျောင်းဟာ နရသိန်နဲ့နီးတယ်
နရသိန်နံရံတွေနဲ့ ကြမ်းခင်းတွေပေါ်မှာ
(Revolutionory Institute of Technolagy)
ကျောင်းရဲ့နာမည်ကို
သားမိုက်တွေ ဂုဏ်ယူထွင်းထုထားခဲ့ကြသတဲ့။

* ၈၈ ညီလေးရဲ့ သွေးကွက်တွေ သွေးစက်တွေ
ကျောင်းတံတိုင်းကိုကျော် ကျောင်းဂိတ်ကိုဖြတ်လာတဲ့
ကျည်ဆံတွေ ကျည်ခွံတွေ စစ်ဖိနပ်တွေ
အဲဒီနေရာမှာ
ပန်းပင်လေးတွေ သစ်ပင်ပျိုတွေ စွယ်တော်ရွက်တွေရှိခဲ့တယ်။

* အဲဒီနေရာမှာ
ကမ္ဘာကြီးကိုတိုင်းဖို့
ချိန်းကြိုးတွေဆွဲ Level တွေချိန်ကြ

ဘဝရဲ့ ပထမဆုံး "မြေတိုင်းပညာ"
ငါတို့သင်ခဲ့ကြတယ်
မြေတစ်လှမ်းဟာ ပေဘယ်လောက်ရှိသလဲ
မြေလှမ်းတွေနဲ့ တဖြည်းဖြည်းလျှောက်
ခုတော့ ဘဝမှာ မြေလှမ်းတွေ
ဘယ်လောက် ဘယ်ဝယ် ဘယ်ဆီ ရောက်သွားခဲ့ပြီလ။

အနုပညာ မှော်ဝင်နေတဲ့ စွယ်တော်ရိပ်မှာ
နူးညံ့သိမ်မွေ့တဲ့ ယုန်လေးတွေ တေးဆိုငှက်တွေ
တွန်ကျူးတတ် ကတတ် ခွပ်တတ်တဲ့ ခေါင်းလေးတွေ
ပြီးတော့ ရဲရင့်တဲ့ ကျားသစ်လေးတွေ ရှိခဲ့လေတယ်။

ချစ်တဲ့စာအုပ်တွေကိုဖြဆုတ် မီးဒုတ်တွေလုပ်ခဲ့ကြ
စာသင်ခန်းနဲ့ခုံတန်းတွေ ခံကတုတ်ဖြစ်လာခဲ့ကြ
ကျောင်းရှေ့မြက်ခင်း ကျောင်းရှေ့ကတ္တရာလမ်းတွေ
စစ်မြေပြင်ဖြစ်လာခဲ့ကြ
ဒီလိုနဲ့ နရသိန်ဟာ
ငါတို့တက္ကသိုလ်ဖြစ်လာ
ကျောင်းကြီးဟာ အဲဒီအဆိုးကောင်တွေကို လွမ်းနေခဲ့မှာ။

ကျောင်းကိုချစ် သားတပည့်တွေကိုချစ်
အင်္ကျီဖြူလက်တိုလေးနဲ့ ဆရာကြီး
အိမ်ရဲ့အုန်းပင်တွေကို နူးစားခွင့်ပေးတဲ့ ဆရာကြီး
သူကိုယ်တိုင် မြေဖြူဆင်းကိုင်တဲ့ဆရာကြီး
အောင်လံတိုင်သားနိုက်တွေအတွက် မျက်ရည်တွေဝဲလို့
ဒါနဲ့ ခင်းမျက်သင့် ကျောင်းနဲ့ဝေးခဲ့ရလေတယ်။

တိုတင်းလှိုင်း ပြီးတော့ပြီးတော့ ခင်မောင်လေး ..
ပြီးတော့ ပြီးတော့ ဘုန်းမောင် .... ပြီးတော့ ပြီးတော့ ...
တိုက်ပွဲမိတ်စာတွေ လွမ်းသူ့ပန်းခွေတွေ
သေခြင်းတရားဟာ ကျောင်းကြီးနဲ့ နီးနီးလေးလိုပါလား
သူရဲကောင်းတွေ လိုအပ်တဲ့ နိုင်ငံဟာ ကံဆိုးပါတယ်တဲ့
ကျောင်းကြီးရဲ့သားဆိုးတွေဟာ
ဉာဏ်မြင့်ပြီး ကံနိမ့်ခဲ့ကြရှာတယ်။ (၂၀၀၇)

*　ညီလေး ဖုန်းမော်ရေ
မင်းတို့ငါတို့ချစ်တဲ့ ကျောင်းကြီး မရှိတော့ဘူး
အပြီးတကြီးနဲ့ ဖျက်ဆီးပစ်ခဲ့ကြတယ်
မြန်မာ့ကျောင်းသားသမိုင်းမှာ အောင်လံတစ်ခုအဖြစ်
မြန်မာ့ဒီမိုကရေစီသမိုင်းမှာ အောင်လံတစ်ခုအဖြစ်
ပြတိုက်ထဲ ရောက်သွားပြီလေ။

*　အခုတော့ နာမည်သစ် ဒီဇိုင်းသစ်နဲ့ ပြန်ဖွင့်ပြီ
ဝမ်းသာတော့ ညီလေးရေ
ပညာခေတ်ကြီးမှာ
ထူးချွန်ထက်မြက်တဲ့ သူရသတ္တိရှိတဲ့ တက်ကနီကရက်တွေ
ဒီကျောင်းကြီးက မွေးထုတ်ပေးလိမ့်မယ် ငါယုံတယ်။

*　"စစ်အာဏာရှင် ဖျက်ဖြိုကာအတည်
ပြည်သူ့ခေတ်တွင် ဒို့တတွေကျောင်းတက်မည်"
ငါတို့ တစ်ဘဝလုံး ဆိုခဲ့ကြတယ်။

*　ညီလေးရေ
ရိုးသားစွာ ပွင့်ပွင့်လင်းလင်းပြောရရင်
အားလုံးကိုမေ့ပစ်ပြီး
ဒီကျောင်းကြီးမှာ စာတွေတဝကြီးသင်ချင်သေးတယ်
ဒီကျောင်းကြီးမှာ သချ်ာတွေ တဝကြီးတွက်နေချင်သေးတယ်။

*　ပညာဉာဏ်ကို မြတ်နိုးပေမယ့်
ပညာရေးကို စတေးခဲ့ရ ဘဝ . . ဘဝကိုစတေးခဲ့ရတဲ့
ဒီအမှောင်ခေတ်ဆိုးကြီး ဘယ်တော့ နိဂုံးတိုင်မလဲ
နိဂုံးရေ တိုင်ပါတော့. . . . . . . ။

**မောင်နိုင်အောင်(စစ်တွေ)**
(၂၀၁၃ မေ)

## " အင်းစိန်ထောင်ကို ဝိုင်းခဲ့ကြစဉ်က "

၂၀၁၀ ကနေပြန်ကြည့်လိုက်တော့
(၁၉၇၄-၇၅)အလုပ်သမားအရေးအခင်းတွေ . . . . .
မြေပေါ် တစ်စစီ ကြွေကျနီနီရဲရဲ စိန်ပန်းပွင့်များ. . . . .
အလိုလိုပြန်ဆက် အပင်ပေါ်ပြန်ရောက်ပြီး
အနီရောင်လိမ်း လေယူရာတိမ်း
ယိမ်းက နေတုန်းပါပဲလား . . . . . . .
(၇၄) ဇွန်လဆန်းရဲ့ နေ့တစ်နေ့. . . . . . .
တို့တစ်ကျောင်းလုံး
ထူးခြားတဲ့ ဥဩရှည်ဆွဲသံတွေကြားရကြားရ
တိုးသွားလိုက် . . . . ကျယ်လာလိုက်
တိုးသွားလိုက် . . . . . ကျယ်လာလိုက်
အဆက်မပြတ်ပါပဲ . . . . . .။
တို့တစ်တွေ
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ
"အလုပ်သမားတွေ အချက်ပေးနေပြီ. . . .
တို့ကျောင်းသားတွေ ညီစေနော်. . . . "
ကြို့ကုန်းကနေ သမိုင်းချည်စက်ဘက်ကို ချီတက်သွားကြ
လမ်းဘေးဝဲယာ ပြည်သူလူထုနဲ့ ဩဘာသံ . . . .
အလုပ်သမားတွေနဲ့ပူးပေါင်း
"ဆန်လေးနည်းနည်းတိုးပေးပါ . . . .
လစာနည်းနည်းတိုးပေးပါ. . .
အလုပ်သမားတွေတောင်းဆိုတာ . . . .
တို့ကျောင်းသားတွေ ပိုင်းနိုင်တောင်းဆိုပေး
လယ်သမားအလုပ်သမား
ကျောင်းသား သံယောဇဉ်ပြည်သူပြည်သား . . .
မိန့်ခွန်းခြွေ တောင်းဆိုသံများ . . . .

စုပေါင်းညီညာ ကြွေးကြော်သံများ . . . .
ဝိုင်းဝန်းအားပေး လက်ခုပ်သံများ . . . . .
သေနတ်ပြောင်းတွေ . . . .
သေနတ်ပြောင်းတွေ . . . .
သေနတ်ပြောင်းတွေ . . . .
သေနတ်ပြောင်းတွေ . . . .
သေနတ်ပြောင်းတွေ လာနေပြီ . . . .
သေနတ်ပြောင်းတွေ ဝိုင်းထားပြီ . . . .
"တွေ့သားပဲ . . . . . .
မလိုပါဘူး . . . . . . .
ဘာကြောင့် ပြေးရမှာလဲ . . . . .
ကမ္ဘာမကြေဘူး
ကမ္ဘာနဲ့ချီ ဆပ်လဲ မကြေနိုင်ဘူး . . . . .
အာဇာနည်တွေ ဆပ်ရမယ့် သွေးကြွေးတွေ . . . . . .
"လမ်းဘေးက ကလေးသူငယ်ကအစ အဘိုးအဘွား
ဈေးသည် ဈေးဝယ် သံဃာတော်တွေပါ မကျန် "
ကျည်ဆန်စမ်းခဲ့ကြတဲ့ ရိုင်းတဲ့သမိုင်း . . . .
လှံစွပ်စမ်းခဲ့ကြတဲ့ ရိုင်းတဲ့သမိုင်း . . . .
သမိုင်းလမ်းမပေါ်က သမိုင်းရိုင်း။
ဆင်မလိုက် ၊ အုတ်ကျင်း၊ သမိုင်း
အင်းစိန်၊ သန်လျင်
မန္တလေး၊ မြစ်ငယ်၊ ပုလိပ်
မိတ္ထီလာ၊ ရေနံချောင်း၊ စစ်ကိုင်း။
စိန်ပန်းပွင့်တွေလို . . . . မြေပေါ်ကြွေ . . . ။
ထိုစဉ်က ဝန်ကြီးချုပ်ဆိုသူက
အရှက်မဲ့စွာ ဂုဏ်ယူဝံ့ကြွား
ရေဒီယိုနဲ့ သတင်းစာကနေကြေညာ။
ဘယ်ရွေ့ဘယ်မျှ သေဆုံးကြရပါသတဲ့။
ဒင်းတို့ဘယ်ရောက်ရောက် ဒင်းတို့ဘယ်ပျောက်ပျောက်
အဲဒီလူသတ်သတင်း . . . . . . ၊ အဲဒီသွေးမြင်ကွင်း . . . ၊
ပြည်သူ့ရင်တွင်း

ထင်းထင်းကြီး ကြားနေရဆဲ . . . . ။
ထင်းထင်းကြီး မြင်နေရဆဲ . . . . . ။
သားစဉ်မြေးဆက် လက်ဆင့်ကမ်းနေကြဆဲ. . . . ။
" မင်းအဖေ သေရတာ . . . . ဒီစစ်ခွေးတွေကြောင့် . . . . ။
" မင်းအမေ သေရတာ . . . . ဒီစစ်ခွေးတွေကြောင့် . . . . . ။
မင်းအစ်ကို မင်းအစ်မတွေ သေရတာ . . . . ဒီစစ်ခွေးတွေကြောင့်. .
ဘယ်သူဘယ်ဝါဖြင့် သေရတာ . . . ဒီစစ်ခွေးတွေကြောင့်. . .
ဒင်းတို့အတွက် ငရဲနဲ့ဝဋ်
ကမ္ဘာမကြေ အရိုးတွန်သံများ. . . .
(၃၄) ဇွန်လ အလုပ်သမားအရေးအခင်းတစ်နှစ်မြောက်တဲ့နေ့. . . .
(၁၉၇၅) ဇွန်လဆန်းရဲ့ နေ့တစ်နေ့ . . . .
မိုးဖွဲတွေကြားမှာ ကျောင်းသားတစ်စု . . . .
အလုပ်သမားတွေနဲ့အတူ
ကားလမ်းတစ်လျှောက် ချီတက်လာကြတယ် . . .
တို့ကျောင်းရွှေ့ရောက်တော့
"တို့ရောက်ပြီဟေ့" လို့
သူတို့ လှမ်းအော်လိုက်ကြတယ်. . ။
အဆောင်ဆောင် အခန်းခန်းတွေက
တို့တစ်တွေပြေးဆင်းသွားကြပြီး
သူတို့နဲ့ပူးပေါင်းလိုက်ကြတယ်။
ခွပ်ဒေါင်းအလံကြီး. . .
ပိုးသားနဲ့လုပ်ထားတဲ့
သမိုင်းဝင် ရွှေဝါရောင်ခွပ်ဒေါင်းအလံကြီး . . .
တို့အားလုံးကို မှင်တက်မိ အံ့ဩသွားစေတယ်. . .
ကိုင်ဆောင်လာသူက . . . ကိုမြင့်အေး။
အခု (၂၀၁၀) လွိုင်ကော်ထောင်မှာ
တစ်ကျွန်းနဲ့ (၈)နှစ်ကျခံနေရတဲ့
လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ. . . ဦးမြင့်အေး။
အဲဒီတုန်းက
ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်
တတိယနှစ်ကျောင်းသား ကိုမြင့်အေး

ငယ်သူငယ်ချင်း ကိုမြင့်အေးကို ခွင့်မတောင်းဘဲ
တို့တစ်တွေ . . . . ရွှေဝါရောင်ပိုးသားခွပ်ဒေါင်းအလံကြီးကို
ပထမ အလေးပြု . . . ဒုတိယ အားရကျေနပ်စွာ ကိုင်ကြည့်နေတုန်း
အလံထဲကနေ ဗကသ ကျောင်းသားကိုအောင်ဆန်းရဲ့
အမိန့်ပေးသံအလား ပြတ်ပြတ်သားသား
"တို့တစ်တွေအားလုံး အင်းစိန်ထောင်ကိုချီတက်ကြမယ် . ."
"အဖမ်းခံထားရတဲ့ ငါ့အလုပ်သမားတွေ
တို့ကျောင်းသားတွေကို သွားအားပေးကြမယ် . . . ."
"အဖမ်းခံထားရတဲ့ တို့အလုပ်သမားတွေ
တို့ကျောင်းသားတွေကို သွားအားပေးကြမယ် . . . ." တဲ့။
ခေါင်းဆောင်ကိုမြင့်အေးရဲ့ ဆော်ဩသံ . . . .။
"မိုးတွေကလဲ တဖွဲဖွဲရွာသွန်းတယ်. . . ."
သီချင်းသံပြိုင်ဆိုတဲ့အခါဆို . . . . .
မိုးရေထဲမှာ ပျော်ပျော်ပါးပါးပါပဲ. . .
လွတ်လပ်စွာ စီတန်းလှည့်လည်ပိုင်ခွင့်အရ
တို့တစ်တွေ အင်းစိန်ဘက်ကို စည်းကမ်းတကျ ချီတက်ခဲ့ကြတယ်။
ကျောင်းသားကျောင်းသူ ဆရာဆရာမ
အလုပ်သမား၊ လယ်သမား၊သံဃာ
စုစုပေါင်း အင်အား (၅၀၀) ကျော် . . . .
ရှေ့ဆုံးက ရွှေဝါရောင်ခွပ်ဒေါင်းအလံကြီး
အင်းစိန်ထောင်ကိုရောက်တော့
သေနတ်ပြောင်းတွေ . . . . သေနတ်ပြောင်းတွေ
ထောင်အပေါ်ထပ်တွေက . . . . . .
ထောင်နံရံအုတ်ရိုးတွေအပေါ်က . . . . . . . .
လက်နက်မဲ့ တို့တစ်တွေကို ချိန်ထားကြတဲ့ သေနတ်ပြောင်းတွေ . . . .
(၁၉၇၄) မနှစ်က တို့တစ်တွေကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြဖူးတဲ့
သေနတ်ပြောင်းတွေ . . . . . . သေနတ်ပြောင်းတွေ. . . .
သေနတ်ပြောင်းတွေ . . . . . . သေနတ်ပြောင်းတွေ. . . .
. . . . . . . . . . . . . . . . . . . . . . . . . . . .
"ထောင်ဘူးဝ မိန်းတံခါးကြီးဆီ အရင်ချီတက်ကြမယ် . . .
ကြွေးကြော်သံတွေ စပြီး ကြွေးကြော်ကြမယ် . . . ."

ခေါင်းဆောင်လုပ်သူရဲ့ တောအဆုံး
"အဖမ်းခံအလုပ်သမားများ ပြန်လွှတ်ရေး. . . .
တို့အရေး . . . . . . . . တို့အရေး . . . . . . . .
"အဖမ်းခံအလုပ်သမားများ . . ချက်ချင်းလွှတ်. . . ချက်ချင်းလွှတ်. .
" အဖမ်းခံကျောင်းသားများ ပြန်လွှတ်ရေး. . . .
တို့အရေး . . . . . . . . တို့အရေး . . . . . . . .
"အဖမ်းခံကျောင်းသားများ . . ချက်ချင်းလွှတ်. . . ချက်ချင်းလွှတ်. .
"ကုန်ဈေးနှုန်း ကျဆင်းရေး တို့အရေး . . . . တို့အရေး. . .
"အလုပ်သမားအခွင့်အရေး ချက်ချင်းပေး . . . ချက်ချင်းပေး
"ကျောင်းသားအခွင့်အရေး ချက်ချင်းပေး. . . . ချက်ချင်းပေး"
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
ထောင်အတွင်းထဲက တုံ့ပြန်ကြွေးကြော်သံများ . . . . .
ထောင်တွင်းထောင်ပြင် ကြွေးကြော်သံများ. . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . .
သေနတ်ပြောင်းတွေ တွေဝေသွားကြပြီ . . . .
ထောင်ဘူးဝ မိန်းတံခါးမကြီး
ထုထည် ဘယ်လောက်ကြီးကြီး
အလုပ်သမားထု ၊ ကျောင်းသားထု၊ သံဃာထု၊ ပြည်သူလူထုရဲ့
ဝိုင်းဝန်းထုနဲ့ တွန်းထိုးမှုတွေကြောင့်
ကန့်လန့်ထိုး သစ်သားချောင်းကြီးတွေ ကျွတ်လွတ်လုနီးနီး
ယိမ်းထိုး လှုပ်ရှားယိုင်နဲ့သွားကြပြီ . . .
"တော်လောက်ပြီ . . . ကြွေးကြော်သံတွေ ထပ်ကြွေးကြော်ပြီး
အင်းစိန်ထောင်ကို တစ်ပတ်ပတ်အောင်ပွဲခံကြမယ်. . .
ဒီပွဲမှာ တို့ပြည်သူတွေ နိုင်သွားပြီ . . . .
လက်ခုပ်တီးကြွေးကြော် အောင်ပွဲခံသံများ . . .
ပိုများလာသော သေနတ်ပြောင်းများ. . .
ပိုမို များလာသော သေနတ်ပြောင်းများ . . .
ပိုပို များများလာသော သေနတ်ပြောင်းများ . . .
"လုပ်ရဲတာ သတ္တိလား? . . . ခံရဲတာ သတ္တိလား?. . . .
"လုပ်ရဲတာ သတ္တိလား? . . . သေရဲတာ သတ္တိလား?. . . .

သတ်မယ်ဆို အမှန်တရားအတွက် အသေခံဝံ့ အသေခံကြမယ့် . . .
အလုပ်သမား ကျောင်းသား သံဃာပြည်သူပြည်သားများ . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
(၁၉၇၅) . . အင်းစိန်ထောင်တိုးချဲ့ဖို့ ထောင်အုတ်ရိုးနံရံအဟောင်း
အပြင်ဖက်တဝိုက် ထောင်အုတ်ရိုးအသစ်ကြီး အောက်ခြေအုတ်မြစ်
ချဖို့ မြေတွင်း နက်နက်များ . . .
ပြူတစ်ပြူတစ် သေနတ်ပြောင်းတွေနဲ့
မြေတွင်းတိမ်တိမ် မြေတွင်းနက်နက်တွေကို တလှည့်စီကြည့်ပြီး
ကြွေးကြော်သံတွေ အသံတိမ်
အယောင်ယောင်အမှားမှား ရှိတဲ့အခါ ရှိခဲ့ကြတယ် . . .
မျက်နှာလေးတွေ သွေးမဲ့ . . . . ဒူးတုန်ရင်တုန် . . .
ခြေလှမ်းမှားတဲ့အခါ မှားခဲ့ကြတယ် . . .
သေနတ်သံတစ်ချက်ကြားရင် မြေတွင်းထဲ ပြေးဝင်လဲ့ဖို့
ကြံတဲ့အခါ ကြံမိရတယ် . . .
ဒါပေမဲ့ . . . . . . . . . ဒါပေမဲ့ . . ။
ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ
ဘိုတစ်တွေ . . .
လုပ်သင့်လုပ်ထိုက်တာ ရဲရဲဝံ့ဝံ့ လုပ်ခဲ့ကြတာကိုတော့ . . .
ဌနန်လရောက်တိုင်း ရဲရဲဝံ့ဝံ့ လုပ်ခဲ့ကြတာကိုတော့ . . . .
ဌနန်လရောက်တိုင်း ရဲရဲနီ စိန်ပန်းပွင့်တွေဟာ
လေယူရာတိမ်းယိမ်းပြီး
ခေတ်အဆက်ဆက် ပြောပြကြလိမ့်မယ် . . . . . . ။

**လန်ထောင်စပ်စုလေး**

# " ၃၇ နှစ် "

* တစ်ယောက်က
စိတ်လိပ်ပြာ
ပိတ်လှောင်ခန္ဓာကိုယ်ထဲ
ငြိမ်သက်မှုကိုရှာတယ် . . . ။

* တစ်ယောက်က
စိတ်လိပ်ပြာ
အပြင်မှာ လူးလာခတ် (မိသားစုအတွက်)
စက်မဟုတ်တော့ အပြီးပျက် . . . ။

* တစ်ယောက်က
စိတ်လိပ်ပြာ
ခန္ဓာကိုယ်ထဲ ဝင်လိုက်ထွက်လိုက်
ကောက်ရတဲ့ အသိဉာဏ်ကို
ဘယ်တော့မှ ကိုယ်ပိုင်လို မသတ်မှတ်ခဲ့ . . . ။

* သူတို့ဟာ မတူကြ။

* လွန်ခဲ့တဲ့ ၃၇ နှစ်က
အမှန်တရားကို ချစ်ခဲ့တဲ့ ဒုက္ခအား
မတွန့်မဆုတ် ခံယူရာမှာတော့
ဒီ စိတ်လိပ်ပြာတွေ
တစ်ထပ်တည်း တူညီခဲ့ကြ
တစ်သားတည်း ကျခဲ့ကြ
တစ်သွေးတည်း ရဲရဲနီခဲ့ကြ . . . ။

မဲ့မဲ့

# " အနာဂတ်အတွက် မျက်နှာညိုတဲ့ အဘိုးညီအစ်ကိုသို့ . . . . . "

* အဘိုးအိုတွေဟာ
ရာဇဝင်သမိုင်းကြောင်းတွေ
ကောင်းကောင်းပြောတတ်ကြပါသတဲ့. . . ။

* တက္ကသိုလ်ရွာ
မိုးလယ်တစ်နေ့မှာ ငါတို့ရောက်ပြီး
ဆောင်းဦးတစ်ပေါက်မှာ
တို့တွေ ခွဲရတော့မယ်. . . . ။

* တွေ့ကြသည်မှ ခွဲကြသည်အထိ
မျက်မှောင်ကုတ်လို့ချည်း
ကြည့်နေတဲ့အဘိုးမဟော်ဂနီ
ကျွန်တော်တို့ရဲ့ နှလုံးသားပေါက်ကွဲသံများလဲ
ကြားမိမည်ထင်ပါသည်။

* အမိပတိလမ်းမက သစ်ပုတ်ပင်ဟာ
အဘိုးရဲ့ အစ်ကိုဆို ဟုတ်ပါသလားခင်ဗျာ
တက္ကသိုလ်ရွာ
တက္ကသိုလ်မြေ
အဘိုးတို့ ညီအစ်ကိုလဲ
ထာဝရ ကျန်းမာပါစေ. . . . ။

* နှစ်ဆယ်ရာစု နှစ်ဝက်အလွန်
ခုနှစ်ဆယ့်လေး ၊ ငါးခြောက်ခွန်
မွန်မြတ်တဲ့နှလုံးသားနဲ့
ကိုမှိုင်းလွင် ၊ ကိုကျော်မင်းမောင်တို့လို
ကြယ်နီပွင့် ကျောင်းသားလူငယ်တို့အား
တွေးပိုက်လို့ထားသတဲ့. . . ။

* အကျွန်ုပ်နောက်ကြောင်းများတော့
ပြန်စဉ်းစားတိုင်း ရှက်မိတယ်. . . ။
လူငယ်ကာလရဲ့လှုပမှုတွေ

လူညာတွေ ချုပ်ဆီးတာ ခံရမယ့်
ပေါက်ရောက်အောင် မတောက္ခယ်နိုင်ခဲ့ . . .။
* သက်လှဉ်နဲ့ စိန်ဝင်းတို့ရေ
မင်းတို့ မုန်းတယ်ဆိုတာနဲ့တောင်
ငါ တာဝန်မကျေပါဘူးကွာ
ဂုဏ်ယူပါတယ် . . . . .။
* ၇၁ ခုနှစ်
နှင်းသီးမှည့်တဲ့ ဆောင်းညသစ်
တောင်ကြီးမှာ
ငါတို့အတူ ဆယ်တန်းနှံ့နစ်ခဲ့ဖူးတယ်ဗျာနော် . . .
မော်ရစ် ယုလွင်။
မင်းတို့နှစ်ယောက်
အရှေ့ရိုးမ နှင်းမှုန်ရီအောက်မှာ
" ချိုးလည်" ရှာရင်း
သာယာကြပါရဲ့လား . . . . .။
ငါ့မှာတော့ သူငယ်ချင်းတို့ရေ
လေရောဂါလဲ ရနေပြီ
ပညာတတ်ဉာဉ်လဲ
နည်းနည်းရှိနေပြီ . . . .
ငါ့ကိုယ်ငါ မသတီပေမယ့်
မင်းတို့နဲ့က တွေ့မှာ ရှက်ပေမယ့်
တွေ့ချင်တယ် . . . . . .
* ပြန်တွေ့ကြရင်
ဟိုး . . . . . အရင်လို
ခင်နိုင်ပါအုံးမလား . . . . .
နှင်းမှုံအောက်မှာ
လမ်းအတူ လျှောက်ချင်တယ်
မင်းတို့ပြောတာ နားထောင်ချင်တယ်
ဟိုး . . . . . အရင်ကလိုပေါ့ သူငယ်ချင်းတို့ရယ် . . .
ငါ့ရဲ့ ပညာတတ်ဉာဉ်
သန့်စင်ပေးဖို့လဲ
မင်းတို့ရဲ့ အတွေ့အကြုံကို အားကိုးပါတယ်။

---

**၄၄–၄၅–၄၆ နိုင်ငံရေးအခင်းအားစု**

* မနေ့ကပေါ့
မဟော်ဂနီ အဘိုးက
တိုးတိုးတိတ်တိတ် ငါ့ကိုဆူတယ်. . . .
ဟေ့ အုန်းကျော်နီ "အရှေ့ရှိုးမသား"
အလကားအကောင်
ကဗျာလေးနဲ့ကြောင်နေမဲ့အစား
တစ်ခုခု လုပ်ပါလား. . . . . တဲ့။

* " အဘိုးမဟော်ဂနီ" ခင်ဗျား
ကျေးဇူးများစွာ တင်ပါရဲ့
ကျွန်တော်ရဲ့ သွေးအရောင်ဟာ
ဘားတော့ဇရက်ကဗျာဖတ်အဆင့်ပါ ။

* ဒါပေမယ့် အဘိုးခင်ဗျား
ကျွန်တော် ညာရင် ကျွန်တော့်ကိုရိုက်ပါ
သစ္စာဖောက်ရင် လှံစွပ်နဲ့ထိုးပါ
မညာတတ်သရွေ့. . . . .
အနည်းဆုံး
ကဗျာကို ရင်မှာပွေ့ပါမယ်. . . . ။

* လင်းကြက်တွန်တော့မယ်အဘိုး
ကျွန်တော်မျိုး ခရီးဆက်ပါအုံးမယ်
အမြဲ မျက်မှောင်ကုတ်နေတဲ့ အဘိုးကို
ရိုကျိုးစွာ ကန်တော့ခဲ့ပါတယ်။
အမှောင်ထဲမှာ လမ်းလျှောက်ဖို့အတွက်
မျက်လုံးလေးပေးတဲ့ အဘိုးကို
ရိုကျိုးစွာ ကန်တော့ခဲ့ပါတယ်။

အုန်းကျော်နီ (EDN)
အောက်တိုဘာလ (၁၉၇၇)

မှတ်ချက်/
မဟော်ဂနီ-- ရန်ကုန်ပညာရေးတက္ကသိုလ်
စာသင်ခန်းများကြားရှိ မဟော်ဂနီပင်ကြီး

# " ၇၄အလုပ်သမားအရေးအခင်းဖြတ်သန်းခြင်း "

နေဝင်းစနစ်ယု စစ်အုပ်စုလက်အောက်မှာ
ငါနှင့်အတူ ပြည်သူထောင်သောင်း
အလုပ်သမားပေါင်းများစွာ
မစားရဝခမန်း ငတ်ပြတ်ရခြင်းအတန်တန်
မခံမရပ်နိုင်လွန်းလို့
ဆီပေး၊ဆန်ပေး၊ကုန်စျေးနှုန်းချပေး
တရားသဖြင့်တောင်းဆိုခဲ့ကြတယ်၊
ဒါပေမဲ့ နယ်ချဲ့လက်ဝေခံဗျူရိုကရက်မြေရှင်ကြီးတွေက
ငါတို့ တင်ပြတောင်းဆိုချက် အလေးအနက်စဉ်းစားပေးဖို့မဆိုထားနဲ့
ကုန်စျေးနှုန်းများ၊ဆန်ဆီများအား ကျည်ဆန်များသာပေးလိုက်ပါရော
လားဗျာ . . . .
ပြည်သူထောင်သောင်းအလုပ်သမားပေါင်းများစွာတို့လက်ထဲမှာ
လက်နက်ဆိုအပ်ကလေးတစ်ချောင်းတောင်မရှိဘဲ--ငါတို့ရဲ့ဖြူစင်တဲ့
နှလုံးသား ၊ အသည်းနှလုံးတွေကို (၇-၃) (၇-၄) တို့နဲ့. . . . . . .
ဒင်းတို့ယုတ်မာ ဖောက်ပြန်မှု ဒင်းတို့လူမဆန်မှုတွေကို
ဒီလိုပဲ ငြိမ်နေကြတော့မှာလား၊ ရဲရဲသုံးသပ်၊ ရဲရဲဆုံးဖြတ်
မစေ့စပ်စတမ်း မလှည့်ပတ်စတမ်း
လမ်းရွေးစမ်းဟေ့ လမ်းရွေးစမ်း

**ဦးစန္ဒိမာ (အဝေရာတောရကျောင်း)မိုးကုတ်မြို့**
**(ခ) ဦးစံရွှေမောင် (ဇုပု) ချည်မြှင်အထည်စက်အလုပ်သမားဟောင်း**

# " သပိတ် "

* တစ်ပြည်လုံးက
အလုပ်သမား၊လယ်သမား
ကျောင်းသား
လူထုလူတန်းစား
ပြည်သူများ . . . . .
* လမ်းတစ်ဘက်က
သေနတ်ကိုင်များ
သံဆူးကြိုးအတားအဆီးများ
အမိကရုဏ်းနှိမ်နင်းရေး
ဗျူဟာအခင်းအကျင်းများ . . . .
* လမ်းမပေါ်မှာ
ထိပ်တိုက်တွေ့လာကြ
ဆန်နှင့်ကျည်ဆန်
လဲလိုက်ရအဖြစ်
June 6 . . . . ။
* "ငါတို့အသက် ၊ သတ်ဖြတ်ရက်သည်
တစ်သက်မကြေ၊ ကလဲ့စားချေမည်
. . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
သေသော်မှတည့် ၊ ပြော်. . . ကောင်း၏"
* သွေးဖြင့်ရေးသည်
သွေးကဗျာ
အင်းစိန်သမိုင်းလမ်းမပေါ်မှာ . . . . .

မောင်ဆွေသက်

# " မတ်လမှတ်စု (ခွန်းဆက်ခြင်း) "

အဘိဓမ္မာရွက်နုသစ်
ဆယ်စုနှစ်ထက်ဝက်စီးဆင်း
ကြီးပြင်မှုအတိုင်းအတာ
ခြေချစရာတစ်နေရာ ရခဲ့တယ်။
ရဲဘော်စိတ်-မိတ်ဆွေဘဝ
ပုဂ္ဂလိက-ကွန်မြူနိ
သွန်းလုပ်ထုဆစ်
ဘဝတစ်ခုဖြစ်၊ ဘဝတစ်ခုသစ်
မာကျစ်ဆေးသား အရစ်ရစ်။
ထဆင်ထူးသင်ခန်းစာ
မြကျွန်းသား၌ ပို့ချ
တဝေဝေ-တွန်စေ ကစေခဲ့ကြ။
ပျို့ရွယ်မှု
လုယက်ခံလိုက်ရသလား။
ဖတ်စာအုပ်
ဖြဲဆုတ်ခံလိုက်ရသလား
နှလုံးသား
မီးဝါးခံလိုက်သလား။
"အနာဂတ်ဘုရားအတွက်
ခန္ဓာကိုယ် တံတားထိုး
ရှိကျိုး"မှုတစ်စိတ်တစ်ပိုင်း
ပန်းရိုင်းတစ်လွှာ၊ ပါရမီတစ်ခု

တေးပြုသူပြုခဲ့ပြီ။
ထမင်းတစ်လုပ်၊ တုတ်တစ်ချက်
သိက္ခာနဲ့စက်ရတဲ့၊ ခွေးကတက်ခြသေ့်
မွေ့လျော်ဘွယ်မဟုတ်ပါ။
ညတာရှည်လွန်း၊ မွန်းကြပ် ပိတ်ဆို့
သံယောဇဉ်တို့မြူးထူး၊ တန်ခူးအပူ
ဖြူစင်သော မေတ္တာ၊ ကုစားလာခဲ့
"ကာလတိုလေး၊ မသေသေးခင်
အသက်ရှင်မှုတရား
တန်ဖိုးထားတတ်ရမယ်"
ဟုတ်တယ်
တန်းဖိုးထားတတ်ရမယ်။
ရိုးသားသော အမှား၊ ဝေဖန်ရေးများအတွက်
ဒိုင်းလွှားဟု မယူဆ
အပူပြင်းပြင်းပေးကြပါ။
ခုနှစ်စဉ်ကြယ်ပြောင်၊ အမြီးထောင်ပါပေါ့။
မဒိုဇာရဲ့
ကွမ်းတစ်ယာ ရေတစ်မှုတ်၊ ခံကတုတ်ကငြင်းပယ်
ဖို့ကျင်မှာ ဗိုလ်ဝင်ခံရမယ်။
ဧကရာဇ်ရဲ့ သံလျက်၊ ဖက်ရွက်ခြောက်အဖြစ်
ပြောင်းပစ်မယ့်အင်အား၊ တို့များဖြစ်တယ်။
တို့ယုံတယ်။
သမိုင်းရဲ့အမှိုက်စုတ်၊ အာဇ္ဇာဝီတံခါးမှခ်က
တောထုတ်မယ့်အင်အား၊ တို့များဖြစ်တယ်။
တို့ယုံတယ်။
တစပြင် ဖုန်းဆိုးမြေ၊ ပန်းဝေစေ စမ်းရေစီး
တောငြီးမယ့်အင်အား၊ တို့များဖြစ်တယ်။
တို့ယုံတယ်။

---

"တော့လောက်ကို ချစ်ဖို့ မိုးမွှေး"တဲ့
စစ်မှန်တဲ့မောင်မိတ်၊ ဆံတစ်စိပ်မပြောင်း
ကောင်းဆိုသူအတွက်၊ လက်ဆောင်ဖြစ်ကောင်းပါရဲ့။
မကောင်းမြင်း၊ မအိုမင်း
စံတုကင်းတဲ့၊ သခြင်းရဲ့မျက်ကွယ်
ပျို့ရွယ်ဆဲအချစ်၊ ခေတ်တစ်ခေတ်ထူထောင်ပြီ။
အမြင်မရှိ အသိရှိမည်
ယာယီမျက်နှာလွှဲ၊ ခွဲခွာခြင်းမဟုတ်ချေ
တုတ်နှောင်တွယ်ယှက်၊ စီးထွက်ခဲ့သမျှသွေးများ
ပူနွေးပြေးလွှား၊ နှလုံးသားစွတ်စိုမြဲလေ။
"လေးစားလျက်. . . ယုံကြည်လျက်. . ."တဲ့
လက်ဆင့်ကမ်းစကား၊ ထပ်မံပြီးပြောကြားပါရစေ။
ကဗျာ အချစ်၌မွေ့လျော်ပါစေသတည်း။

မှတ်ချက် (မျက်တောင်အဖွင့်အပိတ်များ)

ပထမ - ဘုန်းနွယ်လင်း၏ ကဗျာမှ

ဒုတိယ- မြေဝါ(တန့်ဆည်)၏ ကဗျာမှ

တတိယ- မောင်ခိုင်မာ၏ ကဗျာမှ

စတုတ္ထ- ကျွန်တော်တို့က "ဥက္ကဋ္ဌကြီး" ဟု ချစ်စနိုးခေါ်ကြသော တပ်ကြပ်ကြီးသန်းထွန်း (မီးမောင်း)လွတ်သည့်နေ့က အလေးပြုရင်း ပြောသွားသော နှုတ်ဆက်စကား (၃)ဆောင်မှ လွတ်သောနေ့တွင် ကျွန်တော့်အား စွပ်ကျယ်ရှပ်လက်ရှည်၊ တိုက်ပုံ၊ လုံချည်နှင့်ထောင်တွင်းဖြစ် ညှပ်ဖိနပ်တစ်ရံ အပြည့်အစုံဆင်ယင်ပေးလိုက်ကြသော ရဲဘော်အပေါင်းအား အလေးပြုလိုက်ပါ၏။

**နောင်အေး (မြောက်ဦး)**
**(၁၉၈၀၊ မတ်လ)**

## " ချစ်လှစွာသော ရဲဘော်တို့ "

(၁)
ကျွန်ုပ်တို့သည်
ဆွေမျိုးတော်စပ်၊ သွေးနီးရပ်သား
ယောက်ဖများလည်း မဟုတ်ပါ။

(၂)
ဟိုပုတ်ကပဲ၊ သည်ပုတ်ပဲနှင့်
ပုတ်ဆွဲများစွာ ၊ ပဲတကာမှ
သာမညပဲ ၊ အစေ့ကွဲမှ
အလုံးအပြား ၊ အသားရောင်စုံ
သွေးရောင်စုံသာ ၊ ဖြစ်ကြပါသည်။

(၃)
ဝေးလံခေါင်းဖျား ၊ တောင်တန်းများမှသည်
စမ်းစပင်လယ် ၊ တောတောင်ရယ်လွင်ပြင်
အရပ်တစ်ခွင်မှ ၊ ရောက်လာခြေချ
သီလာမြရင်ခွင် ၊ ခိုဝင်နားသိပ်
သည်အရိပ်စ ၊ တဒင်္ဂမှာ။

(၄)
ခြားနားခြင်းသည် ၊ ကွဲပြားခြင်းမဟုတ်
ဝဲယာမဲဖြူ ၊ အသွင်မတူတာ
အမြင်မတူတာ ၊ လူမျိုးမတူတာ
ဘာသာမတူတာ ၊ ဆိုးကောင်းမတူတာ
အသာခေါက်တား ပါဗျ

အမှန်တရားအနိုင်မရသေးအချိန်မှာ-
သမဂ္ဂခွပ်ဒေါင်းအလံ မိုးတိမ်ယံ မလွင့်ပျံသေးချိန်မှာ
ယမ်းမီးပြာပုံတစပြင် အညစ်ထက်မှာ
ထွန်းသစ်တဲ့ တက္ကသိုလ်နဲ့
တကသအဆောက်အအုံ
မဆောက်နိုင်သေးချိန်မှာ-
တစ်သွေးတည်း ၊ တစ်သားတည်း
တစ်သံတည်း
ခွပ်ဒေါင်းအလံအောက် ခုန်ပေါက်မနေး
အရေးကြီးလျှင် သွေးစည်းကြပါစို့ ရဲဘော်တို့။

(၅)

ကျွန်ုပ်တို့သည်
ဆွေမျိုးတော်စပ် ၊ သွေးနီးရပ်သား
ယောက်ဖများလည်း မဟုတ်ပါ။
သို့သော်-
ဆွေးမျိုးမိဖ ၊ ညီကိုရင်းချာ မျှထက်
ချစ်ကြပါသည် ၊ ခင်ကြပါသည်
သည်အခိုက် ၊ ကြီးမားလိုက်တဲ့ သံယောဇဉ်
ရင်ခုန်သံ တဒုတ်ဒုတ်နဲ့ ၊ တုန်ယင်သံတရှုတ်ရှုတ်နဲ့
လွန်သွားသူ
ကျဆုံးသွားသူ
ဤထိုသူသူတို့ကိုလွမ်း
တမ်းတမ်းတတ ၊ စမ်းတစစနဲ့
တမလွန်ဘဝမှာလည်း
ပြန်ဆုံကြပါစို့ ၊ ရဲဘော်တို့ခင်ဗျား။ ။

-ကျောင်းသားမျိုးဆက်အားလုံးမှကျောင်းသားရဲဘော်အပေါင်းအား ရည်ညွှန်းချက်

မြတ်ဇံဦး(ဘလိုင်)
၇၄-၇၅-၇၆မျိုးဆက်

## " အလင်းသခင် ကြယ်စင်တို့သမိုင်း"

ကြယ်စင်တွေ ဝေဟင်မှ-မြေခ
နှစ်ရာချီ-ကြာရှည်သည့်တိုင်
မမေ့ပျောက်နိုင်ကြ
ကြယ်စင်ကြွေတိုင်
ညှိမှိန်းမျက်နှာ
မကြည်သာလည်း
ကြည်စွာကျေနပ်-မိပါသည်။
ကြယ်စင်အလင်း
မြေသို့ နှင်းစက်
ကြွေခင်လျက်လဲ
နင့်နင့် နဲ့နဲ့
ထဲထဲ ဝင်ဝင်
ထင်ထင် မှတ်မှတ်
ပြတ်ပြတ် လင်းလင်း
ထင်းထင်း-လွင်လွင်
သင့်စွမ်းအင်ဖြင့်
တာဝန်အရပ်ရပ်
ဦးထိပ်ကလျက်
မြင့်မြတ်ကျေပွန်ခဲ့သောကြောင့်
ကြယ်စင်တွေ ဝေဟင်မှ မြေခ
နှစ်ရာချီ-ကြာရှည်သည်တိုင်
မမေ့ပျောက်နိုင်ကြ။-။

**ကျော်တင့် (ဆေးဝါး)**

## "ရာသီကို မင်နီဝိုင်းခြင်း"

နွေရောက်ပြီဆို
ဟိုနား ဒီနား ၊ တောနားတောင်စပ်
အရပ်တကာ ၊ ဗမာပြည်ထဲ
ရဲရဲ ရင့်ရင့် ၊ ပင်လုံးကျွတ်ပွင့်
လက်ပန်ပွင့်တွေ
ပေါက်ပွင့်တွေ
အပွင့်ဖြိုင်ကြ ၊ အားရစရာ
ဒါနမိတ်ဘဲ ၊ ရဲရဲယုံလိုက်ပြီ
ဟိုအရင်က ၊ လတပေါင်းလဲ
ခုလိုဘဲနီမြန်း ၊ နမိတ်ပန်းနှင့်
အခါတော်သင့် ၊ ရဲရင့်ခဲ့ဘူးကြောင်း
အဘိုးကောင်းကောင်း သိပါသည်၊
ယခုလဲနွေ ၊ ပူချင်ပူပစေ
နွေကိုအံ့တု ၊ စုစုဝေးဝေး
ဆွေးဆွေး နီနီ
ပန်းတို့ပွင့်ကြပါဦးမည်. . . အဘိုး ။ ။

(ရေပူစီးကြောင်း ကဗျာစာအုပ် (၁၉၇၆ ၊ မတ်လ-မှ)

မဲ့မဲ့

# ဆောင်းပါး

# ၁၉၇၄–၇၅

# အလုပ်သမားအရေးအခင်း

"နွားမွေးရင် မျက်ကျွေးရမယ်
လူမွေးရင် ဆန်ပေးရမယ်"
"တောင်းတာက ဆီ ဆန်
ပေးတာက ကျဉ်ဆန်"

ရဲဘော် ဘန်ရွှေ
(ဆင်မလိုက်အလုပ်သမားခေါင်းဆောင်)

## ဆင်မလိုက် သဘော်ကျင်း တိုက်ပွဲ

ရဲဘော်ဝင်းထိန်

သဘော်ကျင်းမှာ ကျွန်တော်က အလုပ်သမားကောင်စီဝင်တဦး ဖြစ်ပါတယ်၊ အလုပ်သမားထုကရွေးချယ်ပြီး တင်မြှောက်လိုက်တဲ့ကိုယ်စားလှယ်ပါ၊ ကောင်စီကနေပြီး ကျွန်တော့်ကို ထုတ်လုပ်ရေး အတွင်းရေးမှူး၊ စည်းကမ်းထိန်းသိမ်းရေး အတွင်းရေးမှူး၊ စံပြရွေးချယ်ရေး အတွင်းရေးမှူးဆိုပြီး တာဝန်သုံးခုပေးပါတယ်၊ အခု (VOA) မှာ လုပ်နေတဲ့ ဦးချစ်ဦး (၃၇) နှစ်ဆိုတာက ကျနော်တို့ကောင်စီဥက္ကဋ္ဌပါ၊ သူက စာရင်းကိုင်ချုပ်၊ ကျနော်တို့သဘော်ကျင်းမှာ လခကျပ် (၁၂၀၀)နဲ့ ဘားဆုံးနေပါတယ်။

ကောင်စီအစည်းအဝေးကို အပတ်တိုင်း ထိုင်ရတယ်၊ တက်ရောက်တဲ့သူတွေထဲမှာ ဦးချစ်ဦး၊ ဗိုလ်မှူးရဲညွန့် ၊ ကောင်စီ အထွေထွေအတွင်းရေးမှူး၊ နောက် ဌာနဆိုင်ရာ အလုပ်သမားကိုယ်စားလှယ်တွေ၊ ဆင်မလိုက် သဘော်ကျင်းကို ယူဂိုစလပ်က အကူအညီပေးတာ၊ သိန်း(၆၅၀) ကုန်ကျတယ်၊ ယူဂိုစလပ်အင်ဂျင်နီယာတွေနဲ့အတူတူအလုပ်လုပ်ရတယ်။ လျှပ်စစ်နဲ့ပတ်သက်တဲ့အနောက်ဂျာမနီ လျှပ်စစ်ဆီးမင်းကုမ္ပဏီရှိတယ်၊ တပ်ဆင်ထားတဲ့စက်တွေက အရှေ့ဂျာမဏီက စက်တွေ၊ စက်ရုံထဲမှာ သဘော်လွှန်းလမ်းတွေ၊ သဘော်ကိုတနေရာက တနေရာကူးပြောင်းပေးတဲ့ Transmitter 'ရေကန်' ကြီးတွေ၊ သဘော်တည်ဆောက်ရေးစက်ရုံ အလုပ်ရုံတွေပေါင်းစုံ၊ ဌာနပေါင်းစုံရှိပါတယ်။

အလုပ်သမားတွေဆိုတာကလည်း များသောအားဖြင့် ကိုးတန်းဆယ်တန်းသမားတွေ အလုပ်သမားပေါင်း (၁၀၀၀) ခန့်ရှိတယ်၊ ကျနော်တို့အနေနဲ့ တန်ချိန်သုံးထောင် ရှိတဲ့ မေယုသင်္ဘောကအစ ရန်မျိုးအောင်စစ်သင်္ဘောအထိ ကုန်းပေါ်တင်ကြရတယ်။ ကြယ်ငါးပွင့်က ပြည်တော်ညွှန့်သင်္ဘောလည်း တင်ရတာပဲ၊ လုပ်ရတဲ့အလုပ်က အတတ်ပညာမြင့်တယ်၊ တချို့အလုပ်တွေက သိပ်ပင်ပန်းတယ်၊ ဘာကြောင့်လဲဆိုတော့ စက်နဲ့လုပ်ရမယ့်ဟာတွေကို လူအားနဲ့ လုပ်နေရလို့ဖြစ်တယ်၊ ဥပမာဆိုပါတော့၊တန်ဝက်လောက် လေးတဲ့ဟာဆိုရင် ချိန်းဘလောက်နဲ့ မရမှာဖြစ်ပေမယ့် လူ (၄-၅) ယောက်နဲ့ မ နေရတော့ လူတွေဟာ အကြောအခြင်တွေ ပြွတ်ထွက် ကုန်ပြီလား ခံစားရတယ်၊ နောက် သင်္ဘောပန်ကာကြီးတွေ ဖြုတ်တဲ့အခါ (၃၂) ပေါင်တူကြီးနဲ့လွှဲလွှဲပြီး ရိုက်ဖြုတ်ပြီး မေယုပန်ကာဆိုရင် (၂)တန် (၃)တန်လောက်လေးတယ်။ အဲဒါကြီးကို ချိန်းဘလောက်နဲ့ဖြုတ်။ တူနဲ့ရိုက်ရတဲ့ အလုပ်သမားတွေဟာ တပေါင်း တန်ခူး နေပူကြီးထဲမှာ စဉ်းစားသာကြည့်ပါ၊ သင်္ဘောဝမ်းထဲလေးဖက်ထောက်ဝင်ပြီး ရပစ်(Rivet) ရိုက်ရတဲ့အခါမျိုးဆိုရင် သေချင်စော်နံတယ်။ ဒါပေမဲ့ ရတဲ့လခကျတော့ သိပ်နည်းတယ်၊ ကျနော်တို့ ကောင်စီက လူတွေဟာ ရန်ကုန်တိုင်းမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေကို မကြာမကြာ လေ့လာခွင့်ရပါတယ်၊ ဘီပီအိုင်၊ ဂုန်နီစက်ရုံ၊ သမိုင်းချည်မျှင်နဲ့ အထည်စက်ရုံ စသည်ဖြင့် ရောက်ဖူးတယ်၊ ဒီအပေါ်က ကျနော်တို့ အလုပ်သမားတွေ နှိုင်းယှဉ်ပြီး ဆွေးနွေးခဲ့ကြတယ်၊ အလုပ်သမားတွေရဲ့နေထိုင်စားသောက်မှုဘဝ။ အလုပ်ခွင်ကအခြေအနေ၊ လစာ၊ ထောက်ပံ့မှု၊ စောင့်ရှောက်မှုစသည် ထောင့်ပေါင်းစုံက ကြည့်ပါတယ်။

ဥပမာ. . . ဘီပီအိုင်မှာဆိုရင် ကလေးထိန်းဌာနရှိတယ်၊ စည်းကမ်း သတ်မှတ်မှုမြင့်တယ်၊ အခန်းထဲဝင်ရင် ဘီနပ် ချွတ်ဝင်၊ ပိုးသတ်ထားတဲ့ဝတ်စုံတွေ လဲပြီးမှဝင်ရတာမျိုး။ လေ့လာရေးက ပြန်လာရင် ကောင်စီအစည်းအဝေး ထိုင်ရတယ်။ ထုတ်လုပ်ရေး ဘယ်လိုတိုးအောင်လုပ်ရမလဲ ဆွေးနွေးကြတယ်။ ဒီနေရာမှာ မဆလခေတ်အရာရှိ ကြီးတွေနဲ့သူတို့လည်ပတ်နေတဲ့ ယန္တရားကြီး အကြောင်းကို မိမိနဲ့ဆက်စပ်နေတဲ့ အပိုင်းကနေပြီး ပြောချင်တယ်။

တယောက်က ဗိုလ်မှူးကြီးတင်စိုး။ သယ်ယူပို့ဆောင်ရေးမှာ ဦးသာကျော်ပြီးရင် သူပဲ၊ သူက **'ဒီမှာ ကိုဝင်းထိန်။ ခင်ဗျားသိတဲ့အတိုင်း ကျနော်ဟာ အစိုးရ**

**အကြီးတန်းအရာရှိဖြစ်တယ်၊ ဒါပေမဲ့ ကျနော် ဘာမှလုပ်လို့မရဘူး'** တဲ့။

ရဲဘော်ဝင်းထိန် အရေးတော်ပုံ (၄) စောင်တွဲ(၂) အဲဒီ ကောင်စီ အစည်းအဝေးမှာပဲ ကျနော်က **'ထုတ်လုပ်ရေးမှာ အမ် ၆ လုံး (M-6) လို့ ပြောကြတယ်၊ (man) လူ၊ (machine) စက်ကရိယာ။ (market) ဈေးကွက်။ (money) ဆိုတဲ့ ပိုက်ဆံ၊ (methhod) နည်းပညာနဲ့ management** **ခေါ်တဲ့ စီမံခန့်ခွဲမှု၊ ကျနော်တို့စက်ရုံမှာ ခေတ်မှီဖို့ဆိုရင် ကျနော်တို့ အလုပ်သမား အားလုံးကို အတတ်ပညာမြှင့်ရမယ်၊ စက်ရုံကို ခေတ်မီဖို့အမ် (၆)လုံးတပ်ဆင်ရမယ်၊ ကျနော်တို့ သိပ်ပင်ပန်းနေတယ်၊ လစာကနည်းတယ်။ အာဟာရက မလိုက်နိုင်။ ခွန်အားလည်းမရှိ။ ခေတ်ကလည်း မမှီတော့ ကရိန်းနဲ့လုပ်ရမယ့်ဟာကို လူတွေနဲ့ မ နေရတယ်။ဒါကြောင့် အမ် (၆)လုံး ကိစ္စ အမြန်စဉ်းစားပေးကြပါ'** လို့ပြောလိုက်တယ်။

ဒုဗိုလ်မှူးကြီးညွန့်အောင် ဆိုတာရှိတယ်၊ အဲဒီတုန်းက သူက ရန်လုံးအောင်စစ်ရေယာဉ်ရဲ့ (C.O.) ဖြစ်တယ်၊ ဗိုလ်နေဝင်း စာတိုက်ကြီး စာရေးလုပ်နေစဉ်က သူ့ကိုထိန်းပေးရတာဆိုတော့ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ သူ့အထက်က ဗိုလ်ချုပ်သောင်းတင်လာရင်လည်း (salute) မပေးဘူး၊ မမြင်ချင်ယောင်ဆောင်နေတာ၊ ကျနော်တို့ရဲ့ အထွေထွေမန်နေဂျာက ဦးမျိုးခင်ဆိုတဲ့ ရခိုင်ကုလားကြီး။ သူက စက်ရုံကို သိပ်ဖွံ့ဖြိုးစေချင်တယ်၊ သိပ်တိုးတက်စေချင်တယ်၊ အလုပ်သမားတွေရဲ့ဘဝကိုကောင်းစေချင်တယ်၊ ဒါကိုသိတဲ့အခါ သူ့အထက် အရာရှိ ဦးသာကျော်က **'ဟော့မျိုးခင်'** ဆိုပြီး **' ငါ '** နဲ့ကိုင်တုတ်တယ်၊ ဦးသာကျော်ဟာ ရခိုင်တွေထဲမှာ ဘုရင်လို ဆက်ဆံရတာ။ တော်တော် များများက သူ့ကို ဘုရားမထူးရရုံတမယ်ပဲ။

ရေတပ်ရဲ့အထာကတမျိုး၊ ဗိုလ်တွေကိုထမင်းပို့ရတဲ့ တပ်သားတွေ ရှိသေးတယ်၊ ထမင်းပို့တဲ့အခါ သူတို့မကြည်လို့ရှိရင် ထမင်းထဲ တံတွေးထွေးထည့်ပေးလိုက်တာ။ မိသွားတဲ့အခါ ထိုးကြကြိတ်ကြ ဖြစ်ကြတယ်။ သူတို့နဲ့ ကျနော်တို့အလုပ်သမားတွေယေဘုယျအားဖြင့် ခင်ကြတယ်။ အရာရှိရေတပ်သားတွေပါ ခင်ကြတယ်။ ဘဝအရကို မခင်လို့မဖြစ်ဘူး။ လူ (၂၀၀-၃၀၀) လောက်စီးတဲ့။ တန်ချိန် (၃၀၀၀) လောက်ရှိတဲ့စစ်သင်္ဘောကြီး ပင်လယ်ထဲသွားတဲ့အခါ အလုပ်သမားတွေ လုပ်ပေးလိုက်တာ မသေသပ်ရင် လိုရာမရောက်သေ့ရာရောက်သွားနိုင်တယ်၊ သင်္ဘောပေါက်ဆင်းရင် ကျနော်လက်မှတ်ထိုးမှ

ထွက်ခွင့်ရတာဆိုတော့ ကျနော့်ကို အရေးပေးပါတယ်။

မေမေတို့ ပြည်ထောင်စုနေ့တို့ဆိုရင် ကျနော်တို့ သင်္ဘောကျင်း အလုပ်သမားတွေပဲ ထမနဲထိုးပေးရတယ်။ လူထောင်သောင်း အတွက် ထိုးပေးရတာပါ။ ကျနော် အလုပ်သမားတွေနဲ့ အတူထိုး အတူစားနေခဲ့တယ်။ သင်္ဘောကျင်းမှာ စာကြည့်တိုက်ဖွင့်တယ်။ အတူဖတ်ကြ လေ့လာကြတယ်၊ ဒီအလုပ်သမားတွေထဲမှာ ရုရှား၊ ပိုလန်၊ အရှေ့ဂျာမဏီစတဲ့ ဆိုရှယ်လစ်နိုင်ငံတွေကို သွားပြီး ပညာသင်ခဲ့ရသူတွေရှိတယ်။ ဒါကြောင့် ဆိုရှယ်လစ်စနစ်အပေါ် တိမ်းညွတ်မတွေရှိကြတယ်။

အထက်မှာ ပြောခဲ့တာတွေဟာ အရေးအခင်းမပေါ်မီ နောက်ခံ အနေအထားတွေဖြစ်ပါတယ်။ အခု ကျနော်တို့ဌာနနဲ့ဆိုင်တဲ့ အရေးအခင်း အကြောင်း တင်ပြပါမယ်။

ဇွန်လ (၅)ရက်နေ့က စပါမယ်။ ကျနော်တို့ ဆင်မလိုက်သင်္ဘော ကျင်းနဲ့ လည်းတန်း မီးရထားလမ်းနဲ့က ကပ်နေတယ်၊ ရန်ကုန်ဘက်က မီးရထား အလုပ်သမားတွေ အင်းစိန်ဘက် ချီတက်သွားကြပြီ ဆိုတဲ့သတင်း ကြားနေ ကြရပြီ။

ဇွန် (၆)ရက်နေ့မှာ ထုံးစံအတိုင်း ဌာနကို အစောကြီးသွားတယ်။ သန့်ရှင်းရေးလုပ်၊ ရေနွေးတည်၊ စာကြည့်တိုက်ဖွင့်၊ စက်ရုံဖွင့်ပေးပြီး ကဲန်တင်းထဲ သွားထိုင်စောင့်နေတုန်း အလုပ်သမားတွေ ဝင်လာတယ်၊ **'ကိုဝင်းထိန်၊ ဟိုမှာ မီးရထားမှာတော့ ဆန္ဒပြမှုတွေ ဖြစ်နေပြီ၊ ဘာလုပ်ကြမလဲ'**လို့ အလုပ်သမား ရဲဘော် ကိုဘာစိန်က မေးတယ်။ **'သူတို့တောင်မှောက်ရင် ကျနော် တို့လည်း မှောက်ပေါ့ဗျာ။ ဒါကိစ္စကောင်းပဲ'** ဆိုပြီး လက်မြှောက်ပြလိုက်တယ်။ အလုပ်သမား တွေကလည်းအားလုံးလက်မြှောက်ပြလိုက်ကြကာ **'ဒီလိုဆိုရင် ကျနော်တို့ သပိတ်မှောက် ကြမယ်'** လို့ညီ လိုက်ကြတယ်။ ကမ္ဘာကရာစားသောက်ပြီး ထွက်လာကြတယ်။ ဆိုင်ရှေ့မှာ ကျနော်က **'သပိတ် သပိတ်'** တိုင်တာနဲ့ **'မှောက် မှောက်'** ဆိုတဲ့အသံတွေ ဟိန်းထွက်ခဲ့တယ်။

အလုပ်သမားတွေကို ကျနော်က **'ရဲဘော်တို့၊ ခုအချိန်ကစပြီးတော့ သပိတ်မှောက်မယ်၊ ဒို့အလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ရဖို့အတွက် ဒို့သပိတ်မှောက်ကြမယ်၊ ဆန္ဒပြကြမယ်၊ ဒီအခွင့်အရေးတွေရရှိဖို့ ညီးညီး လုံးလုံးနဲ့ တိုက်ပွဲဝင်ကြမယ်'** လို့လှုံ့ဆော်လိုက်တယ်။ အလုပ်သမားတွေ

အပြောချော ရောက်ရှိလာချိန်မှာတော့ ကျနော်က စားပွဲတလုံးပေါ် တက်ရပ်လိုက်ပြီး **'သပိတ် သပိတ်'** လို့တိုင်လိုက်တာနဲ့ **'မှောက် မှောက်'** ဆိုတဲ့ အသံကြီးက တုန်ဟီး ထွက်ပေါ်လာတယ်၊ နောက်တော့ တခြားစက်ရုံတွေဘက် ချီတက်ကြတယ်။ ဝယ်ဒါရှော့ (Weldershop) ဘက်ရောက်တော့ **'ရဲဘော် အလုပ်သမားအပေါင်းတို့၊ ဒို့ရဲ့အခွင့်အရေးတွေကိုရဖို့ တိုက်ပွဲ ဝင်ကြမယ်။ ဒီအတွက် ဒို့ အလုပ်မလုပ်ကြတော့ဘူး။ စက်ရုံတွေပိတ်မယ်'** လို့ ကြေညာလိုက်တယ်။ ရဲဘော်ဘန်ရွှေက **'အလုပ်သမား သပိတ် မှောက် မှောက်'** လို့တိုင်ပေးတယ် နောက် ကျနော်က ဖိတင်ရှော့က သော့နဲ့ဝယ်ဒါရှော့က သော့နှစ်ချောင်း သိမ်းထားလိုက်တယ်။

ရဲဘော်ဘန်ရွှေ ဦးဆောင်ပြီး အလုပ်သမားတွေက ဒေါက်ကာ (Docker) ဘက်ကို ထွက်သွားကြတယ်၊ ရဲဘော်ဘန်ရွှေဟာ ကရိန်းပေါ်တက်လိုက်ပြီး **'အလုပ်သမား ရဲဘော်အပေါင်းတို့၊ ခုအချိန်မှာ ကျနော်တို့ အလုပ်သမားတွေရဲ့ အခွင့်အရေးကိုတောင်းဆိုမယ်။ ရအောင်တောင်းဆိုမယ်။ နွားမွေးရင် မြက်ကျွေးရမယ်၊ လူမွေးရင် ဆန်ပေးရမယ်'** လို့ဟောပြောတယ်။ အလုပ်သမားထုကြီးက **'ဒို့အရေး ဒို့ အရေး'** လို့ ကြွေးကြော်ကြတယ်။

အဲဒီလိုနဲ့ ကျနော်တို့တတွေ အယ်လက်ထရီကယ်ရှော့၊ မရှင်းရှော့၊ ရှစ်ဘီလ်ဒင်(Ship Building)၊ နောက် ဝယ်ဒင်ရှော့၊ ကာပင်တာ (Carpenter)၊ ဘော်ဒီ (Body)ရှော့၊ အင်ဂျင်ရီပဲရားရှော့ (Engine Repair Shop)၊ ဝန်ကြီးရုံး၊ ဦးသာကျော်ရုံး (သဘောကျင်းထဲမှာပဲသုံးတယ်) တွေဘက် လှည့်လည်ကြတယ်။

အဲဒီနေ့က ဦးသာကျော်မလာဘူး၊ သူက အလယ်ထပ်မှာနေတယ်၊ ဝန်ကြီးရုံးမှာ အမျိုးသား အမျိုးသမီးဝန်ထမ်းတွေ ရှိတယ်။ သူတို့ကို ကျနော်ကပြောတယ်။ **'သဘောကျင်းတခုလုံးကို အလုပ်သမားတွေသိမ်းလိုက်ပြီ။ အဲဒီတော့ ခင်ဗျားတို့ အလုပ်သမားတွေနဲ့ လက်တွဲပြီး သပိတ်မှောက်ပါ။ အတူတကွ ကျနော်တို့ အခွင့်အရေးတွေကို တောင်းဆိုကြမယ်။ မရမချင်း တောင်းမှာဖြစ်တယ်။ ခင်ဗျားတို့အလုပ်မဆင်းကြပါနဲ့'** လို့။

သူတို့ တုံ့ပြန်မက ကောင်းပါတယ်။ အလုပ်မဆင်းကြပါဘူး၊ အဲဒီကနေ ဆေးခန်းထဲသွားတယ်။ ဒေါက်တာစီစီနဲ့ နာ့စ်မလေးတင်တင်မူရှိတယ်။ သူတို့ပင်ယောက်လုံး အလုပ်သမားတွေနဲ့ခင်တယ်၊ စေတနာလည်း ကောင်းကြ

တယ်။ ဆေးပေးသည်းရက်ရောတယ်။ တက်ထရာဆိုက်ကလင်းဆို လတ်တခုပ်ကြီးပေးတာ။ သူတို့က အိမ်ပြန်ဖို့ပြင်နေကြပြီ။ ကျနော်က အလုပ်သမားတွေကို ပစ်မသွားဖို့၊ အတူလက်တွဲတိုက်ဖို့ တောင်းပန်ပါတယ်။ သူတို့လည်း အလုပ်သမားတွေကို စာနာပြီးမျက်ရည်ဝိုင်းလာကြတယ်။ နောက်တော့ အတူလက်တွဲတိုက်ဖို့ သန္နိဋ္ဌာန်ချကြတယ်။

အလုပ်သမားရဲဘော်တွေက ကျနော့်ဆီ ရောက်လာကြတယ်။ **'ရဲဘော်ဝင်းထိန်၊ တချို့အရာရှိတွေ သပိတ်ကို ဖြိုခွဲဖို့ ကြိုးစားနေတယ်။ အဲဒီတော့ ကျနော်တို့ ဘာလုပ်မလဲ။ ရိုက်ကြမှာလားလို့ ပြောတာနဲ့ 'ဟာ၊ မလုပ်ကြပါနဲ့၊ ထိန်းသိမ်းထားပဲ၊ ဒီမှာရုံးဖွင့်ထားတာပဲ၊ ဒီကိုခေါ်ခဲ့ပါ'** ဆိုတော့။ မကြာခင် ကောင်စီဥက္ကဋ္ဌ ဦးချစ်ဦး၊ ဒုဥက္ကဋ္ဌ ဦးအုန်းမောင်၊ နောက် အတွင်းရေးမှူးကိုလှမြင့် ပါလာတယ်။ သူတို့ မျက်နှာတွေလည်း မကောင်းကြဘူး။ ကျနော်က **'ဦးမျိုးထွဋ်တို့၊ ဦးချစ်ဦးတို့ခင်ဗျား။ စိတ်မရှိပါနဲ့၊ လုံခြုံရေးအတွက် ခေါ်ရတာပါ။ ကျနော်တို့ကို ယုံစေချင်တယ်။ ခင်ဗျားတို့ကို မသတ်ပါဘူး။ ခုလို အပြင်မှာလုပ်နေတာကို အလုပ်သမားတွေက ခင်ဗျားတို့အပေါ် သံသယဖြစ်နေတယ်။ ဒါကြောင့် လုံခြုံရေးအခန်းမှာနေကြပါ'** လို့ပြောပြီး ထိန်းထားလိုက်ရပါတယ်။ လုံခြုံရေးသော့တွေအပါ သော့ အားလုံးကို ကျနော် ကိုင်ထားပါတယ်။

သပိတ်တိုက်ပွဲကို (၈)နာရီ (၉)နာရီမှာ စလိုက်ကြပြီမို့ အလုပ်သမား သပိတ်ကော်မတီလည်း ဖွဲ့ကြရတယ်၊ ဥက္ကဋ္ဌကျနော်။ ဒုဥက္ကဋ္ဌကိုဘန်ရွှေ အကြံပေးကိုတင်မြင့် စသည်တာဝန်ပေးကြတယ်။ ဥက္ကဋ္ဌအနေနဲ့ ဘုတ်တိုင် တတိုင်ပေါ်တက် မိုက်ကရိုဖုန်းကိုင်ပြီး မိန့်ခွန်း ပြောရတယ်။

**'ရဲဘော်အလုပ်သမားအပေါင်းတို့။**

**ခုအချိန်ကစပြီး ဒို့တွေ ဆင်မလိုက်သဘော်ကျင်းကိုသိမ်းလိုက်ပြီ။ စက်ရုံတွေအားလုံးကို ဒို့သိမ်းပိုက်လိုက်ပြီ။ စက်ရုံတွေနဲ့အတူ စစ်သဘော်ကိုလည်း သိမ်းထားလိုက်ပြီ။ ဒါကြောင့် စက်ရုံတွေအားလုံး သဘော်တွေအားလုံးဟာ ဒို့ အလုပ်သမားတွေရဲ့အာဏာအောက်မှာရှိတယ်။ ဒါကြောင့် ဒို့သိမ်းပိုက်ထားတဲ့ စက်ရုံတွေအတွက် ဒို့အလုပ်သမားတွေ ပြည်သူတွေ ရဲ့အကျိုးအတွက် ဒို့သပိတ်မှောက်ဆန္ဒပြမယ်။ တောင်းဆိုချက်တွေမရမချင်း ဆက်လက် တိုက်ပွဲ**

**ဝင်သွားမယ်။ ဒို့ဟာ အညှဲ့မခံဘူး။ အလျှော့မပေးဘူး။ ရဲဘော် အလုပ်သမား အပေါင်းတို့ စုစုစည်းစည်းနဲ့ တိုက်ပွဲဝင်ကြပါ'** လို့လည်း တောင်းဆိုလိုက်ရာ အလုပ်သမားတွေက **'ဒို့အရေး ဒို့အရေး'** လို့ ကြွေးကြော်လိုက်ကြတယ်။

ကျနော်ကဆက်ပြီး ကောင်စီမှာ ကျနော်တင်ပြဆွေးနွေးထားတဲ့ အမ် ၆လုံးကိုစွ ရှင်းပြပါတယ်။ နောက်မှ ဒီ အမ် ၆လုံးပြည့်ပြည့် စုံစုံ မရှိပဲနဲ့ ဒီလောက်ခေတ်မီတဲ့ သင်္ဘောကျင်းကြီး မလည်ပတ်နိုင်ဘူး။ ကရိန်းနဲ့မ ရမယ့်ဟာကို လူတွေနဲ့ မနေကြရတယ်။ ရေစစ်ရိုက်နေတဲ့ အလုပ်သမားတွေကို ကြည့်လိုက်ဦး။ စစ်ဖိနပ်က ကျွဲတဖက် နွားတဖက်၊ ကိုယ်ပေါ်မှာ စက်ဆီတွေပေ။ တပေါင်း တန်ခူး၊ ပြေလကြီးထဲမှာ ချွေးတွေလို လေးဘက်ထောက် ရေစစ်ရိုက်နေကြရတယ်။ သံဂဟေဆော်တဲ့ အလုပ်သမားတွေ ခဏခဏ မောတ်လိုက်ခံရတာတို့ဘာတို့ဖြစ်ကုန်တယ်။

ဆိုချင်တာက လုပ်ငန်းခွင်ဟာ အန္တရာယ်မကင်းဘူး၊ အန္တရာယ် ကင်းအောင် ရဲဘော်တို့ တောင်းဆိုကြရလိမ့်မယ်။ နောက်တခုရဲဘော်တို့ အလုပ်ဆင်းတဲ့အခါ (၇)နာရီခွဲ ရောက်လာနိုင်ဖို့ (၆)နာရီကတည်းက အိမ်ကထွက်ရတယ်။ မိုးချုပ်မှ အိမ်ပြန်ရောက်တယ်။ အချိန်တွေ အများကြီး ကုန်သွားပြီ။ တနေကုန် အလုပ်ထဲမှာပဲ နစ်နေကြရတယ်။ ရတဲ့လစာက သိပ်နည်းတယ်။ ဒါကြောင့် ဒီမှာ အခန်းရဖို့လိုလာပြီ။ အိမ်ခန်းရဖို့ တောင်း ဆိုရမယ်။

အိုဗာတိုင်ကိစ္စလည်း ပြောရမယ်။ အိုဗာတိုင်ကို တလ (၂၇) နာရီပဲ လုပ်ခွင့်ရှိတယ်။ ဒို့လက်တွေ့လုပ်ပေးကြရတာက နာရီ (၁၀၀)ကျော်တယ်၊ နာရီကျော်တွေဟာ ဒေးအော့ဖ် (dayoff) နဲ့ ပဲပြန်ရတယ်။ဆိုချင် တာက အိုဗာတိုင်လုပ်ခ အပြည့်မရဘူး။ ရတဲ့လစာက သိပ်နည်း။ တချို့ကျ ဘားဆုံးနေပြီ၊ ပရိုမိုးရှင်း တင်ပေးသင့်ပြီ။ ချုပ်လိုက်ရင် လုပ်ခတွေသိပ်နည်းတယ်။ အိုဗာတိုင်တအား လုပ်နေရတယ်။ လုပ်ငန်းခွင်ကလည်း အန္တရာယ်ကြီးမားတယ်။ ဒါကြောင့် ဒါတွေအတွက် ဒို့တိုက်ကြမယ်။ ဆန်လုံလောက်စွာရဖို့ တောင်းဆိုရမယ်။ လစာတိုးပေးဖို့၊ ရာထူးတိုးပေးဖို့၊ နေအိမ်ရရှိဖို့၊ ကုန်ဈေးနှုန်း ကျဆင်းဖို့တွေလည်း တောင်းဆိုကြရမယ်။

**နောက်တော့ ကျနော်က ကြွေးကြော်သံ တိုင်ပေးလိုက်ပါတယ်။**

ဆန် လုံလောက်စွာရရှိရေး (ဒို့ဏှာအရေး၊ ဒို့ဏှာအရေး)
ကုန်ဈေးနှုန်း ကျဆင်းရေး (ဒို့အရေး၊ ဒို့အရေး)
နေအိမ် ရရှိရေး (ဒို့အရေး၊ ဒို့အရေး)
လုပ်ငန်းခွင် အန္တရာယ်ကင်းရေး (ဒို့အရေး ဒို့အရေး)
လစာ တိုးမြှင့်ရေး (ဒို့အရေး၊ ဒို့အရေး)
နောက်တဆက်တည်း သင်္ဘောကျင်းမှာရှိတဲ့ ရေတပ်ကိုလည်း ထပ်ပြီးတော့ ပန်ကြားရတယ်၊ ဒီအချိန်က ဒေါက်တင်ထားတဲ့ရေတပ်သင်္ဘော (၅) စင်းရှိတယ်။

'ရန်လုံးအောင်၊ ရန်မျိုးအောင်၊ သုတေသီ၊ နဂါးကြေး၊ နဝရတ် သင်္ဘောပေါ်က တပ်မှူးတပ်သားအပေါင်းတို့၊ ရဲဘော်တို့ကို ကျနော်တို့ **အိမ်ပြန်ခွင့် မပေးတော့ဘူးလို့'** လည်း ကြေညာလိုက်တယ်၊ (ကျနော်က ကြားဖြတ်ပြီး ရဲဘော်တွေကိုမေးလိုက်တယ်။)

မေး။ ။ဒေါက်တင်နေတဲ့အချိန် သင်္ဘောပေါ်မှာ စတင်းဘိုင် (standby) လား၊

ဖြေ။ ။ သူတို့ဘာသာ လုပ်နေကြတာပဲ၊ ရိုးရိုးနေကြတာပေါ့။ အိမ်မှာ နေသလိုနေကြတာပဲ။

မေး။ ။ သူတို့က သင်္ဘောကြီးထားခဲ့ပြီး ကမ်းပေါ်တက်တာရှိသလား။

ဖြေ။ ။ မရှိဘူးလေ။

ဒီနေရာမှာ ပြောဖို့လိုတာက သင်္ဘောတစီးမှာ တပ်ခွဲ တခွဲရှိတယ်၊ (၅)စီးဆို (၅) ခွဲရှိတယ်၊ တစီး တစီးကို ဒုဗိုလ်မှူးကြီး (C.O.) သို့မဟုတ် ဗိုလ်မှူးတယောက် အုပ်ချုပ်တယ်။

သုတေသီသင်္ဘောက အဏ္ဏဝါဆိုက်စမစ် (Seismic)၊ ဒီကောင်က တန်ဖိုးသိပ်ကြီးတယ်။ အဒီခေတ်ငွေဈေးနဲ့ကို သိန်း (၅၀-၆၀)လောက်ပေးရ တယ်။ ရန်မျိုးအောင်က စတီးသင်္ဘော၊ ဒုတိယကမ္ဘာစစ်တုန်းက မဟာရေယာဉ် (ဒုဗိုလ်မှူးကြီး အုပ်ချုပ်တယ်)၊ ရန်မျိုးအောင်မှာ အမြောက်ပါတယ်။ သုတေသီ၊ မေယုတို့မှာလည်း အမြောက်ပါတယ်။ တခြားလက်နက်မျိုးစုံ တပ်ဆင်ထားရာမှာ ဘော်ဖာ၊ ပွိုင့်ဖိုက် စသည်တို့ ရှိကြတယ်။ နေဝင်းစတင်းကို ရိုးရိုးတပ်သားတွေ ကိုင်ကြရတယ်။ သင်္ဘောတိုင်းမှာရိက္ခာတွေရှိကြတယ်။ ပဲအိတ်၊ ဆန်အိတ်အပြင်

အခြေခံရိုက္ခာ ပြည့်ပြည့်စုံစုံ တင်ထားရတယ်။ သူတို့အတွက် ပြဿနာမရှိ။ ဒါနဲ့ **'သင်္ဘောပေါ် မှာရှိတဲ့ တပ်မှူး တပ်သားအပေါင်းတို့၊ ရဲဘော်တို့ အိမ်မပြန်ကြပါနဲ့။ ဒီအထဲမှာပဲ နေကြပါ။ ကျနော်တို့နဲ့တိုက်ပွဲအတူဝင်ကြပါ။ ကျနော်တို့ရဲ့ တိုက်ပွဲကို ရဲဘော်တို့ထောက်ခံကြလိမ့်မယ်လို့ ယုံကြည်ပါတယ်'** လို့ ဆက်လက်ပန်ကြားလိုက်တယ်။

အဲဒီတော့ ရေတပ်ကရဲဘော်တွေ ကျနော်တို့နဲ့အတူ လာပြီးဆန္ဒပြတယ်။သင်္ဘောပေါ်ရှိတဲ့ သူတွေဟာ မြို့ထဲသွားချင်ရင်ကျနော်တို့ ဂိတ်တွေ ဖြတ်မှရတယ်။ ရေလမ်းပေါက်က ထွက်မယ်ဆိုရင်လည်း သင်္ဘောတွေကို ကျနော်တို့က ကိုင်ထားလိုက်ပြီ။ ရှုပ်ထွေးမတွေ အများကြီးဖြစ်လာနိုင်တဲ့ အနေအထားပါ၊ ရေတပ်အနေနဲ့ ပစ်မယ် ခတ်မယ်ဆိုရင် အချိန်မရွေးပစ်နိုင်ပါတယ်။ မကြာလိုက်ပါဘူး၊ ရန်လုံးအောင်သင်္ဘောက ဗိုလ်မှူးစိုးလှိုင် ကျနော့်ဆီကို ရောက်လာတယ်။ ဝန်ကြီးရုံးမှာဆွေးနွေးတယ်။ သူက **'ဆရာဝင်းထိန်၊ ဘယ်လိုလဲ'**တဲ့၊

ကျနော်က **'ဗိုလ်မှူးစိုးလှိုင်၊ ကျနော့်တို့ကိုကူညီပါ။ ရိက္ခာတွေ လိုချင်တယ်။ ရမလား' ဆိုတော့ 'ယူပါ၊ ရပါတယ်' တဲ့။ ဆက်ပြီး သူက 'ခင်ဗျားတို့သပိတ်နိုင်ပါ့မလား' ပေါ့။ ကျနော်က နိုင်ပါတယ်၊ ကျနော်တို့ကို ဗိုလ်မှူး ထောက်ခံစမ်းပါ။ ဗိုလ်မှူးတို့လုံခြုံရေးကို အာမခံပါတယ်'** လို့ ပြောလိုက်တော့ နှုတ်ဆက်ပြီး ဗိုလ်မှူးစိုးလှိုင် ပြန်သွားတယ်။ ကျနော်လည်း ဝင်ပန်းလွန်းတာနဲ့ နားနေစဉ် အလုပ်သမား ရဲဘော်တယောက် လာသတင်းပို့တယ်၊ **'ဗိုလ်မှူးရဲဦးနဲ့ လာနှောင့်ယှက်နေတယ်။ အလုပ်သမားတွေ သပိတ်မမှောက်ရဘူးလို့ ပြောနေ တယ်'**။

ဗိုလ်မှူးရဲဦးနဲ့ကိုသွား အခေါ်ခိုင်းပေမဲ့ လိုက်မလာပါ။ သူက ညွှန်ကြားရေးမှူး၊ သူ့ရုံးခန်းကို ကျနော်လိုက်သွားပြီး **'ဗိုလ်မှူးခင်ဗျား၊ ကျနော်တို့နဲ့ လိုက်ခဲ့စေချင်တယ်'** လို့ပြောတော့ ပထမ ငြင်းနေသေးတယ်။ ကျနော်က **'ခင်ဗျားရဲ့လုံခြုံရေးအန္တရာယ်ရှိတယ်နော်၊ လိုက်ခဲ့ပါ'** ဆိုတော့မှ လိုက်လာပါတယ်၊ **'မောင်ရင် ကြည့်လည်းလုပ်ပေးပါ'** လို့လည်းပြောတယ်။

**'ဒါတွေ ထားလိုက်စမ်းပါ'** ဆိုပြီး ခေါ်ထုတ်လာခဲ့တယ်။ ကျနော်တို့ နှစ်ယောက် တွဲထွက်လာတာမြင်တော့ အလုပ်သမားတွေက လက်ခုပ်တီးကြိုကြပါတယ်၊ **' ဗိုလ်အရေး ဗိုလ်အရေး၊ သပိတ် သပိတ် မှောက် မှောက်'**

**'ကုန်ဈေးနှုန်းကျဆင်းရေး ဒို့အရေး'** ကြွေးကြော်သံတွေ ထွက်ပေါ်လာပါတယ်။

သပိတ်မှောက် အလုပ်သမားတွေအတွက် ရိက္ခာကိစ္စ စဉ်းစားရပြီ။ ဒါကြောင့် တားတားစီးကိုအလံထိုးပြီး ရဲဘော်တချို့ အင်းစိန်ဘက်ထွက် အလှူခံကြတယ်။ ပြန်လာကြတော့ ရိက္ခာတွေက ကားနဲ့အပြည့်ပဲ၊ ထမင်းထုပ်တွေ။ လက်ဖက်သုပ်ထုပ် တွေလည်းပါလာတယ်။ ထမင်းထုပ်တွေထဲမှာ လက်ရေးလှလှနဲ့ **'အလုပ်သမားသပိတ်ကို ထောက်ခံတယ်'** ဆိုတဲ့ စာတွေတွေ့ပြီး အားတက်ကြတယ်။ တချို့အထုပ်တွေထဲမှာ ပိုက်ဆံတွေပါတယ်။ ပစ္စည်းတွေကတော့မျိုးစုံပဲ၊ ရပ်ကွက်ထဲက အရပ်သူအရပ်သားတွေကလည်း ထမင်းအိုးကြီးတွေနဲ့ ရောက်လာကြတယ်။ ဟင်းတွေကလည်းမျိုးစုံပဲ။

ကျနော်တို့ စက်ရုံမှာပဲ လက်ကမ်းစာစောင်တွေရိုက်တယ်၊ တောင်းဆိုချက် တွေ ကြွေးကြော်သံတွေပါတယ်။ ကုန်ဈေးနှုန်းကျဆင်းရေး ဆန်လုံလောက်စွာ ရရှိရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရေး၊ လစာတိုးမြှင့်ရေး စသည့်အပြင် ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေး အောင်ရမည် ဆိုတာလည်း ထည့်ရိုက် တယ်၊ ကျနော်တို့အလုပ်သမားတွေက ဆိုရှယ်လစ်စနစ်ကို ဆန့်ကျင်တာမှ မဟုတ်ဘဲ။ မဆလ လုပ်ချင်သလို လုပ်နေတာက တပိုင်းပဲ။ ဂက်စတင်နာ (Gestener) နဲ့ရိုက်ပြီး ဝေငှတယ်။

နောက် မိန်းခလုတ်ရှိရာ တယ်လီဖုန်းရုံးမှာ ကျနော်သွားထိုင်တယ်၊ စက်ရုံ အသီးသီးကို ဆက်သွယ်ကြည့်တယ်။ ကျနော်တို့
စက်ရုံဘေးမှာ တင်ရှိတဲ့ သုံးထပ်သားစက်ရုံမှာလည်း စတိုက်ပွဲဝင်နေပြီ။ သူတို့က ကိုယ်စားလှယ် လွှတ်လာတယ်။ ဘယ်လိုလုပ်ရမလဲပေါ့။ ကျနော်က **'သပိတ်ကတော့ ဆက်မှောက်ရမယ်၊ ကျနော်တို့ကတော့ အညှိမခံဘူး။ တောင်းဆိုချက်တွေရတဲ့အထိ တိုက်သွားမယ်'** ပြောတာကို လက်ခံသွားတယ်။ နောက် အမှတ် (၁-၂) သစ်စက်တွေက ကိုယ်စားလှယ်တွေ ရောက်လာတယ်။ ဆွေးနွေးကြတယ်။ ဘဝတူ အလုပ်သမား အချင်းချင်း သွေးစည်းကြတယ်။ ကျနော်တို့ကလည်း ဆက်သားကိုယ်စားလှယ်လွှတ် ဆွေးနွေးတာတွေရှိတယ်။ ဆက်လွှတ်ဖို့ ပြင်နေစဉ် စက်ရုံပေါင်းစုံက အလုပ်သမားတွေ ရောက်လာပြန်တယ်။ သူတို့ ခံစားချက်တွေ ရင်ဖွင့်ကြတယ်။ သမိုင်း ချည်မျှင်၊ ဂုန်နီစက်ရုံက အလုပ်သမားတွေ ရောက်လာပြီးပြောပြောကြ၊ ရင်ဖွင့်ကြတိုင်း 'ဒို့အရေး ဒို့အရေး' ထောက်ခံသံတွေနဲ့လက်ခုပ်သံ တဖြောင်းဖြောင်း

တီးကြတယ်။ ညနေပိုင်းလောက် ပိုလ်မှူးစိုးလှိုင်နဲ့ထပ်တွေ့တော့ **'ဗိုလ်မှူးခင်ဗျား ကျနော်တို့ကိုကူညီပါဦး'** ဆိုတော့ **'ဘာများလဲ၊ ကူညီတာပေါ့'** လို့ပြောတယ်။ အဲဒီအချိန်က ကျနော်တို့ဌာနမှာ ရေတပ်က လာတည်ပေးထားတဲ့ လျှပ်စစ်ဌာန ရှိတယ်၊ တချို့ လျှပ်စစ်ပညာတွေ က မြင့်တော့ ရေတပ်က သင်ထားတဲ့လူတွေမှ လုပ်လို့ရတာရှိတယ်။ ရေတပ်က P.O. တွေ အားလုံးကိုလည်း အရေးကြီးတဲ့ ဌာနတွေကို အလုပ်သမားတွေနဲ့တွဲပြီး စောင့်ရှောက်ပေးဖို့မေတ္တာ ရပ်ခံထားတယ်။

ညနေဘက်မှာ အလုပ်သမားရဲဘော်တချို့ကို အင်းစိန်ဘက် ထပ်လွှတ်တယ်။ (၆)နာရီလောက် ရှိမယ်ထင်တယ်၊ သူတို့ပြန်လာပြီး
သမိုင်းဘာတာရှေ့ သမိုင်းဈေးမှာ အလုပ်သမား အရပ်သားတွေ ပစ်သတ်ခံရတဲ့ အကြောင်း ပြောပြကြတယ်။ ဒါနဲ့ ကျနော်က **'ရဲဘော် အလုပ်သမားအပေါင်းတို့ ဗိုလ်ရဲ့တောင်းဆိုချက်တွေကတော့ တဖြည်းဖြည်းနဲ့ ခက်လာပြီ။ ဒါပေမဲ့ ဗိုလ်ဟာ ဒူးမထောက်ဘူး၊ အညံ့ မခံဘူး။ ဆက်လက် တိုက်ပွဲဝင်သွားမယ်။ အခု သမိုင်းဘာတာရှေ့မှာ တို့အလုပ်သမား ရဲဘော်တွေ အသတ်ခံရတယ်။ ပစ်သတ် ခံရတယ်။ ဒါကြောင့် နောက်ဆုံး ဗိုလ်ဟာ ဒူးမထောက်ဘဲနဲ့ အသေခံ တိုက်ပွဲ ဝင်သွားမယ်။ ဗိုလ်တောင်းဆိုချက်တွေ မရမချင်း တောင်းဆိုတိုက်ပွဲ ဝင်သွားမယ်။ဗိုလ် စုစုစည်းစည်းနဲ့ တိုက်ပွဲဝင်မယ်။ ရဲဘော်တို့ကို ကျနော် ကတိပေးတယ်။ ကျနော် ဘယ်တော့မှ သစ္စမဖောက်ဘူး။ ရဲဘော်တို့နဲ့အတူ ကျနော်ရှိမယ်'** လို့ မိန့်ခွန်းပေးခဲ့တယ်။

နောက်တော့ တယ်လီဖုန်းနဲ့ ဂုန်နီစက်ရုံကို လှမ်းဆက်တယ်။ ကောင်စီအတွင်းရေးမှူးက ဖုန်းလက်ခံတယ်။ ကျနော်က သမိုင်းချည်မျှင်စက်ရုံ ရှေ့မှာ အလုပ်သမားတွေ ပစ်သတ်ခံရတဲ့အကြောင်း သတင်းပေးပြီး **'ကျနော်ကတော့ မလျှော့ဘူး၊ ဒူးမထောက်ဘူး၊ ဆုံးခန်းတိုင်အောင် တိုက်ပွဲ ဝင်သွားမယ်။ မရမချင်းတိုက်ပွဲဝင်သွားမယ်။ လိုအပ်တာရှိရင် အကြောင်းကြားမယ်။ ခင်ဗျားတို့ ဘက်ကလည်း အကြောင်းကြားပါ'** လို့ပြောတယ်။ သူတို့စက်ရုံကလည်း ဒီသဘော အတိုင်းရှိကြောင်း ပြန်ပြောတယ်။ **အဲဒီအချိန် ဂုန်နီစက်ရုံမှာ ဗဟိုကော်မတီအသစ် ရွေးချယ်ပွဲစနေပြီ။**

အဲဒီညနေမှာ မိုးတွေရွာချလာတယ်။ အခြေအနေက အရေးကြီးလာ နိုင်မို့ ဝန်ကြီးရုံးမှာ အိပ်စောင့်နေကြတဲ့ အမျိုးသမီးတွေကို ကျနော်ကပြောတယ်။

**'ခင်ဗျားတို့ ကျနော်နဲ့လိုက်ခဲ့ပါ။ ဒီတိုင်းနေလို့မဖြစ်ဘူး၊ လုပ်စရာရှိတာတွေ လုပ်ကြရမယ်၊ အခြေအနေသိပ်မကောင်းဘူး'** ဆိုတော့ ကျနော့် နောက်လိုက် လာကြတယ်။

ဆက်သွယ်ရေးနဲ့ ပတ်သက်ပြီး ရေတပ်က အရာရှိတွေနဲ့ ကျနော်တို့ အလုပ်သမားတွေ တွဲကိုင်ထားကြတယ်။ လုံခြုံရေးလည်းအလားတူပဲ၊ တယ်လီဖုန်း ရုံးကို ကျနော်တို့သွားကြတယ်။ ကက်ဆက်နဲ့ ကျနော့်အသံကိုသွင်းပြီး စပီကာနဲ့ **'ပြည်သူသို့ ပန်ကြားချက်'** ထုတ်လွှင့်လိုက်တယ်။ စက်ကြီးက သိပ်ကောင်းတော့ စက်ရုံတွေ အားလုံးဆီ တပြိုင်တည်း ရောက်ရှိသွားပါတော့တယ်။ **'မိဘပြည်သူ အပေါင်းတို့ခင်ဗျား။ အစိုးရဟာ သမိုင်းဘာတာရှေ့မှာ ရိုးသားစွာဆန္ဒပြနေတဲ့ အလုပ်သမားတွေကို ပစ်သတ်ခဲ့ပါတယ်။ အဲဒီတော့ မိဘပြည်သူအပေါင်းတို့၊ ကျနော်တို့နဲ့ လက်တွဲပါ။ စစ်အစိုးရက အခု အပြစ်မဲ့တဲ့ကျနော်တို့ အလုပ်သမား တွေကို ပစ်သတ်နေပါပြီ။ ကျနော်တို့ကို ကာကွယ်စောင့်ရှောက်ပါ'** လို့ ပန်ကြားပါတယ်။ ဒီအသံကို အသံချဲ့စက်ကနေ အမြဲဖွင့်ပေးထားပါတယ်။

ဒီအချိန်မှာ အစိုးရ အလိုတော်ရိတယောက်က သပိတ်ကော်မတီ ဖြင်ဖွဲ့ရမယ်။ သူလည်းပါမယ်ဆိုပြီး ရှုတ်ရှုတ်ရှုတ်ရှုတ် လုပ်လာတယ်။ အတွင်းပိုင်းကနေ သပိတ်ဖြိုခွဲဖို့ လုပ်လာတာမို့ ဖမ်းထိန်းသိမ်း လိုက်ရတာရှိတယ်။

မိုးက ချုပ်သထက် ချုပ်လာပြီ။ ဒီအချိန် ဗိုလ်မှူးရဲညွန့်က ကျနော့်ကို လှမ်းခေါ်ပြန်ရော။ **'ဘာလုပ်ချင်လို့လဲ'** ဆိုတော့

**'မောင်ရင်တို့ကို စစ်တပ်က ပစ်တော့မယ်။ ကိုယ်လည်း အရာရှိပဲ၊ မောင်ရင် စေ့စပ်လိုက်စမ်းပါ'** လို့ ပြောတယ်။ **'တော်စမ်းပါ၊ လုပ်မနေစမ်းပါနဲ့ ထားလိုက်စမ်းပါ'** လို့ ကျနော်က ဟန့်လိုက်တော့ ဦးချစ်ဦးတို့ ဦးမျိုးထွဋ်တို့က ကျနော်ကိုကြည့်တယ်။ သူတို့ကိုတော့ စာနာပါတယ် ဆိုတဲ့ အမူအယာလောက်ပဲ ပြလိုက်မိတယ်။ သူတို့ကိုလည်း အချုပ်ထဲ ထည့်ထားရတယ်လေ။

ဒီလိုနဲ့ အချိန်တွေကုန်လိုက်လာတယ်။ ထမင်းလည်းမစားရ ရေလည်း မသောက်မိတာ ဘယ်လောက် ကြာသွားပြီလည်းမသိ။ ဝန်ထမ်းအမျိုးသမီး တယောက်ပေးတဲ့ ထမင်းဘူးနဲ့ ကိစ္စပြီးလိုက်ပြီး တယ်လီဖုန်းရုံး ခန်းထဲရောက်နေ ချိန် ဦးမြဟန်ကြီး ရောက်လာတယ်။ မူလက P.O. ပင်စင်ယူပြီးတဲ့နောက် ကျနော်တို့ဆီ ဖစ်တာအဖြစ်နဲ့ ဝင်လုပ်နေသူပဲ။

သူက **'ကိုဝင်းထိန်၊ ကမ်းနားမှာ ကွန်မင်ဒိုသင်္ဘောကပ်နေပြီ။ သူတို့ပစ်လိမ့်မယ်'** လို့ပြောတော့ **'ဦးမြဟန်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျနော် ဘာမှ မဆွေးနွေးချင်ဘူး။ ထားလိုက်ပါ'** လို့တားလိုက်တယ်။ သူထွက်လာပြီး မကြာခင် ကျော်ကြီးခင်နဲ့ရောက်လာပြန်တယ်။ **'ရေလယ်မှာ ဗိုလ်မှူးသိန်းထွန်း စောင့်နေတယ်။ ခင်ဗျားနဲ့ စကားပြောချင်လို့တဲ့'** ဒီတော့ ကျနော် တွက်လိုက်မိပြီ။ **'ငါ့တော့ ဆွဲတော့မယ်'**။

သူတို့ခေါ်တဲ့နေရာ လိုက်သွားပြီဆိုတာနဲ့ ဖမ်းပြီးလေ။ ဒီလိုဆိုရင် အလုပ်သမားတွေကို ညွှန်ကြားလို့မရတော့ဘူး။ လပ်ရှားမှုပြိုကွဲသွားတော့မယ်၊ မဖြစ်ဘူး။

**'ကျနော် မလာနိုင်ဘူး။ တွေ့ချင်ရင် ဗိုလ်မှူးသိန်းထွန်း ကျနော့်ဆီလာပါစေ'** လို့ ပြောလိုက်တယ်။ ဦးမြဟန် ပြန်ထွက်သွားတယ်။ ခဏနေတော့ တခေါက်ပြန်လာကြတယ်။ ကျော်ကြီးခင်က **'ကိုဝင်းထိန် သူတို့ တကယ်ပစ်တော့မယ်'** တဲ့။ **'ပစ်ရင်လည်း ပစ်ပစေကွာ'** လို့ တုံ့ပြန်လိုက်တယ်။

စဉ်းစားရတာတွေကတော့ အများကြီး။ ရေတံခါးကြီး ပျက်စီးသွားရင်၊ ပေါက်ကွဲသွားလို့ရှိရင် အားလုံးအထိနာမယ်။ စက်ရုံတွေ ပျက်စီးမယ်။ စက်ရုံထဲ ဝင်ပစ်ရင်လည်း သေကြကြေကြ အထိနာကြမယ်။ စက်ရုံရဲ့ လုံခြုံရေး၊ အလုပ်သမားတွေရဲ့လုံခြုံရေး စဉ်းစားလာရတယ်။ နောက်ထပ် ဆုံးရှုံးမှုကြီးတခု ရှိသေးတယ်။ ခုလို တောင်းဆိုလာကြပြီးမှ တောင်းဆိုချက် ဘာမှမရဘဲနဲ့ ကျနော်တို့ သပိတ်ကြီး ပျက်စီးသွားမှာ။ ပြီးဆုံးသွားမှာပဲ။

ဒါကြောင့် ကျနော် ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။ မိုက်ကရိုဖုန်း ကောက်ကိုင်လိုက်ပြီး 'ရဲဘော် အလုပ်သမားအပေါင်းတို့၊ စက်ရုံရဲ့ လုံခြုံရေးကို ငို့အားလုံး တာဝန်ယူရမယ်။ နောက် ရေတံခါး၊ သင်္ဘောတွေ ရဲ့လုံခြုံမှုနဲ့ စက်ရုံတွေ အားလုံးရဲ့လုံခြုံမှု၊ ငို့အားလုံးရဲ့ လုံခြုံမှုကို ငို့တာဝန်ယူရမယ်။ ဒီစက်ရုံဟာ ငို့ရဲ့စက်ရုံဖြစ်တယ်။ ငို့ဟာ ငို့တောင်းဆိုချက်တွေ မရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမယ်။ ငို့အညံ့မခံဘူး။ ဒူးမထောက်ဘူး။ ရတဲ့အထိ တိုက်ပွဲဝင်သွားမယ်။

အခုသပိတ်မှောက်မဟာ ဗမာတပြည်လုံးဖြစ်နေပြီ။ ငို့ယုံကြည်စိတ်ချရတဲ့ ရန်ကုန်ဆိပ်ကမ်း ဆိုလို့ရှိရင်လည်း အခုသပိတ်မှောက်နေပြီ။

ရန်ကုန်ဆိပ်ကမ်း ဆိုတာက ဒုဗိုလ်မှူးကြီးလှမြင့်၊ ဘဲကြီးလှမြင့် (ဘဲလ်အဲယား လှမြင့်) ဆိုတာဟာတက္ကသိုလ်ကျောင်းသားတွေကို ပါးရိုက်တဲ့ဘဲ။ ဒီကောင် သရဲ သရဲ အဲဒီမှာ သူက နာယကဖြစ်နေတာ။ ခု သူ့ဆိပ်ကမ်းမှာ အလုပ်သမားတွေ သပိတ်မှောက်နေပြီ။

**'ပြီးတော့ ဒို့ရဲ့သပိတ်ဟာ တပြည်လုံး လက္ခဏာဆောင်တယ်။ ဒို့တောင်းဆိုချက်တွေ ရရမယ်။ ဒို့တတွေ ရတဲ့အထိတိုက်ပွဲဝင် သွားမယ်။ ရအောင်တိုက်မယ်။ ဒို့အညံ့မခံဘူး။ လျှော့လို့မရဘူး'** လို့ပြောချလိုက်တယ်။ ဒါကိုကြားပြီး ချက်ချင်းပဲသုံးထပ်သားစက်ရုံကလည်း ကျနော်တို့နဲ့ တသဘောထဲ ရှိကြောင်း။ လုံးဝအညံ့မခံဘူး။ ဆက်လက်တိုက်ပွဲ ဝင်သွားမယ်။ တောင်းဆိုချက်တွေ ရအောင်တိုက်မယ် ဆိုတဲ့အကြောင်း အကြောင်းကြားလာတယ်။ စစ်တပ်က နေဝင်ရင် ပစ်မယ်လို့ သတင်းတွေ ထွက်နေတာရှိတယ်။ ဒါကြောင့် သစ်စက်က လာပြောတယ်။ ကျနော်တို့ သစ်တုံးတွေနဲ့ ကာထားတယ်၊ စက်ရုံထဲ ဝင်ပစ်လို့ မရအောင်ဖြစ်တယ်တဲ့။ ကွန်မင်ဒိုတွေဝင်ပစ်မှာကို တားဆီးတဲ့သဘောပဲ။ ကျနော်တို့ရဲ့အနောက်ဘက်မှာ အက်ဆစ်စက်ရုံရှိတယ်၊ ကော့စတစ်စက်ရုံ ရှိတယ်။ အဲဒီကလည်းအတူတူပဲ။ ကျနော်တို့နဲ့အတူ တိုက်ပွဲဝင်မယ်တဲ့။

ဂုန်နီစက်ရုံ သမိုင်းချည်မျှင်စက်ရုံတို့ကိုလည်း စစ်တပ်က ဝင်ပစ်မယ့်အခြေအနေရှိတယ်။ ဘာပဲဖြစ်ဖြစ် ဒို့ရအောင် တိုက်ပွဲဝင်သွားမယ်။ မစေ့စပ်တော့ဘူး။ သပိတ်ကတော့ တပြည်လုံးဖြစ်နေပြီ။ ရန်ကုန်ဆိပ်ကမ်း သပိတ်ကြောင့် ကမ်းနားမှာ ကုန်တင်ကုန်ချလုပ်ငန်းတွေ ရပ်တော့မယ်။ ရပ်တာနဲ့အစိုးရ အခက်အခဲရှိပြီ။ တပြည်လုံးအလုပ်သမားနဲ့ဆိုင်တဲ့ ကိစ္စဖြစ်တယ်။ ဒါကြောင့် တောင်းဆိုချက်တွေ ရအောင် တိုက်ပွဲဝင်သွားမယ်လို့ ဖုန်းနဲ့အကြောင်းကြားလိုက်တယ်။ နောက်တော့အခန်းသော့ဖွင့်ပြီး ဗိုလ်မှူးရဲညွန့်ကို ခေါ်ထုတ်လာခဲ့တယ်။ ချက်ချင်းလိုပဲ ကျနော်တို့ရဲ့ မိန်းဂိတ်ရှေ့မှာ စစ်ကားတွေရောက်လာတယ်၊ ကွမ်းခြံဘက်က လာတာဖြစ်တယ်။ ရေတပ်က မဟုတ်ဘူး၊ လှည်းတန်းဘက်က ကျနော်တို့ ခေါင်းဆောင်မအဖွဲ့ သပိတ်ကော်မတီဝင်တွေက အလုပ်သမားထုကြားမှာ ရှိနေတယ်။

တချို့ရဲဘော်တွေက ကျနော့်ကို ဒီနေရာက ခွန့်ခွာဖို့ပြောနေပြီ။ ကျနော့်လက်ထဲမှာ စက်ရုံသော့အားလုံးရှိတယ်။ မာဇဒါဂျစ်ကားကို လိုရမယ်ရ အပြင် တနေရာမှာ ထားတာရှိတယ်။ ထွက်သွားရမလားလို့ အတွေး တချက်

ပေါ်တယ်။ ဒါပေမဲ့ ကျနော်အလုပ်သမား ရဲဘော်တွေကို သစ္စာမဖောက်နိုင်ဘူး။ ပေါက်ကွဲလုမတတ်ဖြစ်နေတဲ့ အခြေအနေကြီးကို စွန့်မသွားနိုင်ဘူး။ အဲဒီတော့ သေစရာ ရှိလို့ ရှိရင် ရှေ့ကသေမယ်။ ခေါင်းဆောင်ဆိုတာ ဘယ်တော့မှ နောက်ကနေ မသေရဘူး။ ဘယ်တော့မှ နောက်မဆုတ်ရဘူး။ ငါသေပြီးမှ နောက်လူတွေ သေရမယ်။ ဒီလိုစဉ်းစားပြီး လူထုကြားထဲက တပ်ဦးကို ကျနော် တိုးထွက်လာတယ်၊ ဗိုလ်မှူးရဲညွန့်ကိုတော့ ကိုင်ထားတယ်။ ဒီလိုနဲ့ မိန်းဂိတ် သံတံခါးကို ရောက်သွားပြီ။ တဖက်က မြင်နိုင်တဲ့နေရာကပစ်မယ်ဆို လှမ်းပစ်လို့ ရတဲ့နေရာ၊ ပထမဆုံးထိမှာက ကျနော်နဲ့ ဗိုလ်မှူးရဲညွန့်ပဲ၊ အဲဒီအချိန်မှာပဲ ရဲဘော်ဘီကျော်စိန်က တွန်းထိုးထွက်လာတယ်။ နောက် အုတ်ခုံပေါ် တက်လိုက်တယ်။ သဘော်ကျင်းတခုလုံး မီးတွေ လင်းနေတယ်။ ဆလိုက်မီးတွေလည်း ထွန်းထားသေးတယ်။ အောင်ဆန်းကွင်းက ဆလိုက်ကြီးတွေလေ။ အားလုံးကို ရှင်းရှင်း လင်းလင်း မြင်နေရတယ်။

ရဲဘော်ဘီကျော်စိန်က စစ်တပ်ကို မင်းတို့ပြန်သွားပါ။ အလုပ်သမားတွေကို အန္တရာယ်မပေးနဲ့၊ ဒို့အလုပ်သမားတွေ တောင်းဆို
နေတာက ကုန်ဈေးနှုန်း ကျဆင်းရေး၊ ဆန်လုံလောက်စွာ ရရှိရေးပဲ။ အလုပ်သမားတွေနဲ့ အစိုးရဟာ ရန်သူမဟုတ်ဘူး။ နောက်ကို ပြန်ဆုတ်ကြပါ။ အလုပ်သမားတွေဘက်ကို လှည့်ထားတဲ့ သေနတ်ပြောင်းတွေ တဖက်ကို လှည့်လိုက်ပါလို့ပြောတယ်။ စစ်တပ်ဘက်က လှုပ်ရှားမှု မပြတာနဲ့ ပြန်ဆင်းသွားတယ်။ ဒီတော့မှ ဆိုင်ထားတဲ့ဘက်က ဗိုလ်မှူးတစ်ယောက် စပီကာနဲ့ စကားပြောတယ်။ အလုပ်သမားတွေ၊ ခင်ဗျားတို့ တောင်းဆိုချက်တွေကို ကောင်စီအဆင့်ဆင့်ကနေ တောင်းပါ။ ခုဆန္ဒပြမှုကို ရပ်လိုက်ကြပါ။ ဗိုလ်မှူးရဲညွန့်ကို ကျနော်တို့ လက်ထဲပြန်အပ်ပါ။ သဝိတ်ကို လူစုမခွဲဘူး။ ဗိုလ်မှူးရဲညွန့်ကို ပြန်မအပ်ဘူးဆိုရင် ရတဲ့နည်းနဲ့ ယူရပါလိမ့်မယ်တဲ့။ ပြောပြီးတာနဲ့ စစ်တပ်က ကျနော်တို့ကို သေနတ်တွေနဲ့ ချိန်ထားလိုက်ကြတယ်။ ဒီအချိန်မှာ ကျနော်က ဗိုလ်မှူးရဲညွန့် လက်ကိုလိမ်လိုက်ပြီး 'ခင်ဗျားတို့ တွေ့ချင်တဲ့ ဗိုလ်မှူးရဲညွန့်ဆိုတာ ဟောဒီမှာပဲ။ အဲဒီတော့ သူ့ကိုလိုချင်ရင် ကျနော်တို့ တောင်းဆိုချက်တွေကို လိုက်လျောပါ။ ချက်ချင်း ပြန်လွှတ်ပေးမယ်။
ကျနော်တို့ တောင်းဆိုနေတာမှာ အလုပ်သမားတွေနဲ့ လုပ်သားပြည်သူတရပ်လုံး * အတွက် ကုန်ဈေးနှုန်းကျဆင်းရေး၊

ဆန်လုံလောက်စွာရရှိရေး၊ လုပ်ငန်းခွင်ကိစ္စ၊ နေအိမ်ရရှိရေးတို့ဖြစ်တယ်၊ အလုပ်သမား အခွင့်အရေးကို တောင်းဆိုနေတာသာဖြစ်တယ်။ ခင်ဗျားတို့ဆီက အာဏာကို လုနေတာမဟုတ်ဘူး၊ အဲဒီတော့ ကျနော်တို့ကိုတိုက်မယ့် သေနတ်ပြောင်းတွေကို တနေရာကို လှည့်လိုက်ပါ။

'စစ်တပ်ဘက်က အရာရှိကြီးအပေါင်းတို့ ကျနော်တို့ကို မတိုက်ပါနဲ့ ခင်ဗျားတို့ တိုက်ရမှာက တနေရာဖြစ်တယ်။ ကျနော်တို့ဟာ လုပ်သား ပြည်သူ တရပ်လုံးအတွက် တောင်းဆိုနေတာဖြစ်တယ်။ ကျနော်တို့ဟာ ဆိုရှယ်လစ်စနစ်ကိုတည်ဆောက်နေတာဖြစ်တယ်။ အလုပ်သမားလူတန်းစားဟာ ဆိုရှယ်လစ်စနစ်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ဆိုရှယ်လစ်စနစ်အတွက် အလုပ်သမား လူတန်းစားက အခုတိုက်ပွဲဝင် နေတာ ဖြစ်တယ်။ (ဒီအချိန် နောက်ကနေထပ်ရိုက်လာတဲ့ ပန်းဖလက်တွေ လာပို့လို့ ဖတ်ကြည့်လိုက်တော့ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး အောင်ရမည်။ ဗိုလ်ချုပ်ကြီးတင်ဦး သက်တော်ရာကျော်ရှည်ပါစေ ဆိုတာတွေပါတယ်။ ထိပ်မြွေကိုက်ခံနေရချိန်မှာ ရောက်လာတာ ဖြစ်လို့ ဒီအတိုင်းထားလိုက်ပြီး)

**'အဲဒီတော့ စစ်တပ်က တပ်မှူးတပ်သားအပေါင်းတို့ ခင်ဗျားတို့ တပ်ကို ပြန်သွားကြပါ၊ ကျနော်တို့ဟာ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်နေတဲ့အတွက် ဆိုရှယ်လစ်စနစ်ရဲ့ ရန်သူမဟုတ်ဘူး။ နောက်ပြန်ဆုတ်ကြပါ'** ၆ ရက်နေ့ ညတညလုံးအပြန်အလှန် ပြောလာလိုက်ကြတာ (၇)ရက်နေ့ မနက် လေးနာရီထိုးတော့ မီးကျည်တလုံး ကောင်းကင်ကို ဖွေးကနဲထိုးတက်လာတယ်။ ကျနော်တို့မှာ ရည်ရွယ်ချက် တခုရှိတယ်။ တညလုံး အချိန်ဆွဲထားပြီး မိုးလင်းတာနဲ့ ရန်ကုန်တစ်မြို့လုံးမှာ ရှိတဲ့စက်ရုံတွေ ထပ်ပြီးဆွေးနွေးဖို့လိုတယ်။ ဒါကြောင့် ကျနော်က ဗိုလ်မှူးရဲညွန့်ကို ခင်ဗျားတို့ဆီ ကျနော်ပြန်အပ်မယ်။ ခင်ဗျားတို့က သေနတ်ပြောင်းတွေ တနေရာလှည့်လိုက်ပါလို့ လှမ်းပြောလိုက်တယ်။ ဗိုလ်မှူးရဲညွန့်က ဖိုးဝင်းထိန်၊ စစ်တပ်ကတော့ တကယ်ပစ်တော့မယ်။ ကိုယ့်ကို မောင်ရင်တို့ အလျှော့ပေးလိုက်ပါလို့ ခပ်အုပ်အုပ်ပြောတယ်။ ဗိုလ်မှူးရဲညွန့် ခင်ဗျားလည်း ကျည်ဆံတတောင့် ကျနော်လည်း ကျည်ဆံတတောင့်ပဲ၊ သေရင်တော့ အတူသေကြမှာပဲ။ အဲဒါကြောင့် ခင်ဗျားအနေနဲ့ လုပ်သားပြည်သူတွေ အပေါ်မှာ တကယ် သံယောဇဉ်ရှိရင်၊ တကယ်သစ္စာရှိရင် မပစ်ပါနဲ့လို့ စစ်တပ်ကို

မိုက်ကရိုဖုန်းနဲ့ ပြောပေးပါဆိုပြီး မိုက်ကရိုဖုန်းထိုးပေးလိုက်တယ်။

သူက ဖိုးဝင်းထိန် ကိုယ်က စစ်တပ်က တပ်မတော်အရာရှိဖြစ်တယ်။ တပ်မတော်ကို သစ္စာဖောက်လို့မဖြစ်ဘူး။ ဒါကြောင့် ကိုယ်မပြောဘူးတဲ့။ ဒီတော့ ကျနော်က ဗိုလ်မှူး ခင်ဗျားကလည်း တပ်မတော်ကို သစ္စာရှိတယ်။ ကျနော်ကလည်း အလုပ်သမားတွေ အပေါ်မှာ သစ္စာရှိတယ်။ ပြည်သူ့ပေါ်မှာသစ္စာရှိတယ်။ အဲဒီတော့ နှစ်ယောက်သေ သေကြတာပေါ့။ တယောက် ကျည်ဆံတတောင့်စီနဲ့လို့ ပြောရင်းနဲ့ ပြန်ဆုတ်ခဲ့တယ်။ ဒီအချိန် ဦးမြဟန်နဲ့ ကိုကျော်ကြီးခင် လာပြောပြန်တယ်။ စစ်တပ်က တက်လာပြီ။ ကမ်းခြေကနေ တက်လာတာ ဖြစ်တယ်တဲ့။ တချို့ရဲဘော်တွေမလည်း ဘာလုပ်ရမလဲ လာမေးကြတယ်။ ဘာမှမလုပ်နဲ့၊ ဒီအတိုင်း တောင်းဆိုကြမယ်။ ဘာမှမလုပ်နဲ့၊ ဘာကိုမှ မလုပ်နဲ့လို့၊ အမိန့်ပေးလိုက်တယ်။ ဒီအချိန် ဖျတ်ခနဲသတိရလိုက်တာရှိတယ်။ ဘယ်လိုတုံ့ပြန်မလဲ။ ကျနော့်လက်ထဲမှာ သင်္ဘောကျင်းတစ်ခုလုံးက သော့တွေရှိတယ်။ ပါဝါစတေရှင်ကို ဖောက်ခွဲလို့ရတယ်။ သင်္ဘောကျင်း ရေလုံကျင်းကရေတွေ ဖောက်ထုတ် လိုက်လို့ရှိရင် သင်္ဘောတွေပျက်သွားနိုင်တယ်။ ဖွမ်းထိုးမှောက်ခုံဖြစ်သွားမယ်။ ဒီမှာ ရေတပ်စစ်သင်္ဘောတွေကလည်း ရှိနေတယ်။ သင်္ဘောကျင်း ပြာကျသွားအောင် လုပ်နိုင်တယ်။ ရပ်ကွက်ထဲမှာရှိတဲ့ ပြည်သူတွေလည်း ပြာကျတဲ့အထဲ ပါသွားနိုင်တယ်။ ဒီအချိန် ကွမ်းခြံရပ်ကွက်တခုလုံး စစ်တပ်က ဝိုင်းထားပြီးပြီ၊ အခြေအနေတွေက အဲဒီလိုရှိတယ်။ ကိုကျော်ကြီးခင်က နောက်မှာ ကွန်မင်ဒိုတပ်တွေ ရောက်လာပြီလို့ သတိပေးတယ်။ ကဲ ဗိုလ်မှူးကြားတဲ့အတိုင်းပဲ။ ကျုပ်တို့ကတော့ အသေခံပြီး တိုက်ရတော့မယ်။ ဒီတော့ ဗိုလ်မှူးရဲညွန့် လက်ကိုလိမ်လိုက်ပြီး သူနဲ့အတူ ပြန်သွားခဲ့တယ်။ ကွန်မင်ဒိုတပ် လာမယ့်နေရာကို ဦးတည်လိုက်တယ်။ ရှေ့ရောက်သွားတာနဲ့ စပစ်ပြီ။ ဗိုလ်မှူးရဲညွန့်ကို ပေး ပေး လို့လည်း ပါးစပ်က အော်တောင်းတယ်။ ဟော့ အလုပ်သမားတွေ မင်းတို့ဆန်မရဘူး။ ဟောဒါပဲ ရမယ်ကွလို့လည်း ကြုံးဝါးတယ်။ ပြောပြော ပစ်ပစ် လုပ်ကြတယ်။ ဘက်နက် (လှံစွပ်)တွေနဲ့ တက်ထိုးတယ်။ အလုပ်သမားရဲဘော်တွေဟာ အထွေးလိုက်သေကျကုန်တယ်။ တချို့ ရေကန်ထဲ ကျတယ်။ ဒီအချိန် ဗိုလ်မှူးရဲညွန့်က ရဲညွန့်ဆိုတာ ကျနော်ပဲ အော်ပြီးရုန်းတယ်။ ကျနော်ကလည်း လွှတ်ပေးလိုက်ပါတယ်။ သတ်ထဲက ပါသွားတဲ့အခါ ဟော့ ရဲညွန့်ရပြီဟော့ ပေါ့နော်။ မိုးကလင်းနေပါပြီ။

လမ်းပေါ်က သွေးတွေကတော့ စွေးစွေးနီနေပါတယ်။ သွေးခဲတွေ သွေးကြောင်းတွေ။

ရဲဘော်တချို့ ဂျီသရီးကျည်ဆံ ဖောက်ထွက်သွားလို့ ခြေထောက်မှာ အပေါက်တွေနဲ့ ရဲဘော်သန်းအောင်ဆိုရင် ပါးစပ်ကြီး ပြတ်ထွက်သွားပြီး လျှာဟာ တပ်ကျေးနဲ့ညှပ်ထားသလိုပဲ။ သယ်နိုင်သလောက် ရဲဘော်တွေကို ပွေ့ပွေ့ပြီးတော့ ဆေးခန်းထဲသွင်းရတယ်။

ဒေါက်တာစီစီကလည်း မျက်ရည်တွေနဲ့ငိုနေရှာတယ်။ ဒေါက်တာစီစီနဲ့ တင်တင်မူတို့ တော်ရှာပါတယ်။ လူနာရဲဘော်တွေကို ဆေးထိုးပေး ပတ်တီးစီးပေးပါတယ်။ ဒဏ်ရာရ ရဲဘော်တွေဆိုတာ အများကြီး။ ကုတင်ပေါ်မှာ မဆန့်လို့ ကြမ်းခင်းပေါ်မှာ ချထားရတယ်။ ရဲဘော်တင်မောင်၊ သူက စကားမပြောနိုင်တော့ဘူး။ သူက မီးသတ်စက်ကို နိုးနေတုန်း နောက်ကနေ ဂျီသရီးနဲ့ပစ်လို့ စအိုထဲ ကျည်ဆံ ဝင်သွားတယ်၊ သွေးနားသွားတော့ မရတော့ဘူး ပေါ့နော်၊ လက်ခါပြတယ်၊ အလားတူ ရဲဘော်သန်းအောင်ကလည်း ခေါင်းခါပြရှာ တယ်၊ ရဲဘော်ဘဖူးကတော့ နားထင်ကို လျှံစွပ်နဲ့ အထိုးခံထားရလို့ ပါးစပ်က သွေးတွေဖွက်ကနဲ ဖွက်ကနဲ အန်ကျနေပါတယ်။ ဒီလိုလျှောက်ကြည့် အားပေးနေစဉ် ရဲဘော်တွေက ကျနော့်ကို ပြေးခိုင်း နေကြတယ်။

ကျနော်က ရဲဘော်တို့၊ ကျနော် ရဲဘော်တို့နဲ့အတူ အသေခံမယ်။ ပြဿနာတွေကို ကျနော်ရှင်းမယ်။ ဘယ်တော့မှ ရဲဘော်တို့ကို မစွန့်ခွာဘူး။ အဲဒီတော့ ရဲဘော်တို့နဲ့အတူ ကျနော်ရှိမယ်။ ကြိုးစင်ကို ကျနော်တက်သွားမယ်။ ရဲဘော်တို့အပေါ်မှာ ထာဝစဉ် သစ္စာရှိမယ်။ ရဲဘော်တို့ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးလို့ ပြောနေချိန်မှာပဲ စစ်တပ်က ကပ္ပတိန်တယောက် အခန်းထဲ ရောက်လာပြီး ဟေ့၊ ဝင်းထိန် ဆိုပြီးတော့ ဂျီသရီးနဲ့ လှမ်းထောက်ထားတယ်။ နောက်တော့ ကျနော့်ကို လက်မြှောက်ခိုင်းပြီး အပြင်ကိုခေါ်ထုတ်သွားတယ်။ သပိတ်လမ်းမကြီးမှာ သွေးတွေ သွေးခဲတွေ အများကြီးပါပဲ၊ အဲဒီလမ်းပေါ်မှာ ကွန်မင်ဒိုဗိုလ်ကြီးဖြစ်သူက ကျနော့်ကို ဆောင့်ကြောင့် ထိုင်ခိုင်းတယ်။ မင်းငါ့ကိုပစ်ချင်ပစ်လေ၊ ငါကတော့ ထိုင်စရာမလိုဘူး၊ ငါ တရားခံမဟုတ်ဘူး။ မင်းတို့တရားခံပဲ။ ပစ်လိုက်စမ်းပါ ပြောမှ ဒီကောင်က ကျနော့်ကို ဦးချစ်ဦးတို့ ဦးအုန်းမောင်တို့၊ ဦးထွန်းရီတို့ကို ကျနော်ချုပ်ထားတဲ့အခန်းထဲ ပြန်ထည့်တယ်။ ဦးချစ်ဦးက ကျနော့်ဆီက သော့တွေတောင်းတယ်။ သူက ရဲဘော်တွေတော့ အ

တော်များများ ကျကုန်ပြီ၊ ကိုဝင်းထိန် လို့လည်းပြောတယ်။ သူ့ကို သော့အားလုံးပေးလိုက်ပါတယ်။

မိုးအတော်လင်းနေပြီ။ ကွန်မင်ဒိုတပ်သားတွေ လက်နက်မျိုးစုံ ပစ္စည်းပစ္စယမျိုးစုံနဲ့ ကမ်းနားကတက်လာပြီး သဘော်ကျင်းလမ်းကြီးကို ဖွင့်ချပစ်လိုက်တယ်။ နောက်မိန်းဂိတ်ကြီးကို ဖွင့်ပြန်တယ်။ ဒီအချိန် တိုင်းမှူး လို့ယူဆရသူတယောက် မာစီးဒီးကားကြီးနဲ့ သဘော်ကျင်းထဲ ဝင်ရောက်လာတယ်။ အလုပ်သမားတွေရဲ့ သွေးတွေပေါ် နင်းပြီး စစ်သားတွေက သွားလာနေကြတယ်။ (၇) နာရီလောက်မှာ အလုပ်သမားတိုက်ပွဲကြီး ပြီးဆုံးသွားပြီပေါ့။ ကျနော့်ကိုတော့ ဘားလမ်းကို ခေါ်သွားပါတယ်။ အဲဒီကမှ အင်းစိန်ထောင်။ ။

**ရဲဘော်ဝင်းထိန်(ဆင်မလိုက်)**

# ပြည်သူ့ချည်မျှင်နှင့်အထည်စက်ရုံ တိုက်ပွဲဝင်အလုပ်သမား လှုပ်ရှားမှု

**ဦးရွှေလင်း**

## (ချည်မျှင်နှင့်အထည်စက်)

၁၉၇၄ ခုနှစ်၊ ဇွန် (၆)ရက် သပိတ်တိုက်ပွဲနှင့်ပတ်သက်၍ မဖော်ပြမီ ကျွန်တော်တို့သမိုင်းပြည်သူ့ချည်မျှင်နှင့်အထည်စက်ရုံ တည်နေရာနှင့်စက်ရုံဖွဲ့စည်းပုံကို ပထမဦးစွာ တင်ပြလိုပါသည်။ ကျွန်တော်တို့ ပြည်သူ့ချည်မျှင်နှင့် အထည်စက်ရုံသည် မြန်မာပြည်လွတ်လပ်ရေးရပြီး မြန်မာတစ်ပြည်လုံးမှာ ပထမဦးဆုံးတည်ဆောက်ခဲ့သည့် သမိုင်းဝင်စက်ရုံတစ်ရုံဖြစ်ပါသည်။ စက်ရုံ၏ တည်နေရာကား ရန်ကုန်-အင်းစိန်လမ်းမနှင့် အုတ်ကျင်းဘူတာရုံလမ်းထိပ် တည့်တည့်တွင် ဖြစ်ပါသည်။ ကျွန်တော်တို့ပြည်သူ့ချည်မျှင်နှင့်အထည်စက်ရုံမှာ အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃)နှင့် အပြီးချုပ်ဆေးဆိုးစက်ရုံနှင့်ဂိုဒေါင်ဌာန၊ အုပ်ချုပ်ရေးဌာန စသည်ဖြင့် ဖွဲ့စည်းထားပါသည်။

အထက်ဖော်ပြပါစက်ရုံဌာနများအနက် အုပ်ချုပ်ရေးဌာနနှင့်ဂိုဒေါင် ဌာနမှ လွဲ၍ ကျန်ဌာနနှင့်စက်ရုံများမှာ (နံနက် (၇)နာရီမှ ညနေ (၃)နာရီ၊ ညနေ (၃)နာရီ မှ ည (၁၁)နာရီ၊ အလုပ် (၂)ဆိုင်းခွဲ၍ (ပါဒ့) ဆိုင်း အလုပ်လုပ်ရပါသည်။ ဤသို့ဖြင့် (၄. ၆. ၇၄)နေ့ ညနေပိုင်း ဒုတိယအလှည့် အလုပ်ဆင်းချိန် ညနေ (၆း၄၀) မိနစ်အချိန်တွင် စက်ရုံအပြင် ရန်ကုန်-အင်းစိန် လမ်းမပေါ်မှ မည်သည့်စက်ရုံက မှန်း မသိသော သပိတ်မှောက်အလုပ်သမား ရဲဘော်များမှ ' **သပိတ် သပိတ် မှောက် မှောက်** 'ဟုတပ်လှန့်သံကြားရပြီး

**'ချည်စက်'**တွေက ထဘီဝတ်ထားကြဆိုသော အသံတွေကြားရကာ ကျွန်တော်စက်ရုံပြန်တက်ချိန် (၇း၂၀)မိနစ်တွင် ဌာနတွင်း၌ မည်သူမျှ အလုပ်မလုပ်ကြတော့ပေ။ ထိုအချိန်၌ ဌာနတာဝန်ခံ ခွဲမှူး၊ စိတ်မှူး၊ စုမှူး၊ များနှင့် စတင်ပြီး အလုပ်ရေး မလုပ်ရေး စကားများခဲ့ကြပါသည်။ ကျွန်တော်နှင့်ဌာန တာဝန်ခံ ဦးစံတင် အင်ဂျင်နီယာ ဒေါ်မြင့်ဝေတို့နှင့် စကားပြောချိန်အတွင်းမှာပင် ကျွန်တော်တို့ စက်ရုံ၏ သပိတ်တိုက်ပွဲကို (၇း၅၀)မိနစ်ခန့်လောက်တွင် အမှတ်(၂) စက်ရုံဘက်မှ **'သပိတ် သပိတ် မှောက်မှောက်'** ဟု စတင်ဖောက်ခွဲလိုက်ပါတော့သည်။

ထိုအချိန်ကစပြီး စက်ရုံတိုင်း၊ဌာနတိုင်းမှာရှိကြသော အလုပ်သမား ထုကြီးသည် စက်ရုံအပြင်ထွက်လာကြပြီး အမှတ်(၁)စက်ရုံရှေ့ရှိ အလုပ်သမား အပန်း ဖြေရိပ်သာရှေ့နှင့် အုပ်ချုပ်ရေးရုံးဘေးသို့ ရောက်ရှိလာပြီး သပိတ်တိုက်ပွဲ ကို ရဲရဲဝံ့ဝံ့ဆက်လက်တိုက်ပွဲဆင်နွှဲခဲ့ကြပါသည်။ သပိတ်တိုက်ပွဲအတွင်း ရောက် လာကြသော အလုပ်သမားများသည် ၎င်းတို့၏ ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ခံယူ ချက်၊ ခံစားချက်များ တစ်ထပ်တည်း တူညီစွာဖြင့် သပိတ်တိုက်ပွဲကို ဆင်နွှဲခဲ့ကြ ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည်တစ်ဦးနှင့်တစ်ဦးမသိရှိကြပါ။ သို့သော်အားလုံး စိတ်တူ ရှိကြသည်။ တာဝန်သိရဲဘော်များက စက်ရုံမှ အထူးလုပ်သားဟု ခေါ်သော မဆလ အလိုတော်ရိများကို ခေါ်ဆောင်၍ လုံခြုံရေးရုံးခန်းနှင့် ဆေးပေး ခန်းတို့တွင် ပိတ်လှောင်ထိန်းသိမ်းထားလိုက်ကြသည်။ ထို့နောက် ကျွန်တော်တို့ စက်ရုံဆေးပေးခန်းမှ ဒေါက်တာကျော်ညွှန့်ရောက်ရှိလာပြီး ဆေးခန်းကို ဖွင့်ပြီး အလုပ်သမားများ၏ လိုအပ်သော ကျန်းမာရေးအရေးပေါ် ကုသပေးခြင်းများ ပြုလုပ် ဆောင်ရွက်ကြပါသည်။

ထိုညတွင် ဆန်လုံလောက်စွာရရှိရေး၊ လစာတိုးမြှင့်ရေး၊ နေ့စား မှလစားသို့ပြောင်းလဲရေး၊ (၁၉၇၀)ပြည့်နှစ်က လစာတိုးမြှင့်ရေးနှင့်လစားအဖြစ် ပြောင်းပေးရန် တိုက်ပွဲဝင်ခဲ့သော ရဲဘော် အပေါင်းအပါတို့အား အလုပ် ပြန်လည်ခန့်ပေးရေး၊ ရှောင်တခင်ခွင့် (၇)ရက်မှ (၁၀)ရက်သို့လည်းကောင်း၊ လုပ်သက်ခွင့်ကို (၁၀)ရက်မှ တစ်လသို့လည်းကောင်း၊ တိုးမြှင့်ပေးရန်ဆိုသည့် တောင်းဆိုချက်များကို တောင်းဆိုခဲ့ကြသည်။ ထို့နောက် နံနက်မိုးလင်း၍(၅-၆-

၇၄) ရက်နေ့ပထမအလှည့် အလုပ်ဆင်းရန် စက်ရုံအလုပ်သမား များရောက်ရှိလာကြပြီး လက်ရှိ တိုက်ပွဲဝင်အလုပ်သမားများနှင့် ပူးပေါင်းသပိတ်တိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။ အချို့သောအလုပ်သမား ရဲဘော်များက ပြင်ပစက်ရုံများနှင့်ဆက်သွယ်ရန်အတွက် (၁)ဂုန်နီစက်ရုံ(၂)ဆင်မလိုက်သဘော်ကျင်း၊(၃)အထပ်သားစက်ရုံ(၄)ဆပ်ပြာစက်သို့သွားသူက သွားရောက် ဆက်သွယ်ကြသည်။

ကျွန်တော်နှင့်အပေါင်းအပါလေးဦးတို့သည် အင်းစိန်မီးရထားစက်ရုံ ဘီပီအိုင်စက်ရုံများသို့ သွားရောက်ခဲ့သော်လည်း တွေ့ခွင့်မရရှိခဲ့။ထို့မှတစ်ဆင့် (၅)သုံးလုံး ဖိနပ်စက်ရုံသို့ရောက်ရှိပြီး ဆက်လက်တိုက်ပွဲဝင် ကြရန်သွားရောက်ညှိနှိုင်းခဲ့ရာ ကျွန်တော်တို့ထံမှတောင်းဆိုချက်များနှင့် ထိုစက်ရုံများမှပေးသော တောင်းဆို ချက်များမှာ အားလုံးတူညီမှုရှိနေသည်ကို အံ့ဩလောက်စဖွယ်တွေ့ရှိရပါသည်။ ဇွန်လ(၆)ရက်နေ့တွင် အဆိုပါစက်ရုံများသို့ ကျွန်တော်တို့ ထပ်မံသွားရောက်ခဲ့ပြီး ကျွန်တော်တို့ စက်ရုံသို့ပြန်ချိန်တွင် အင်းစိန်-ရန်ကုန်လမ်းမပေါ်တွင် ကျွန်တော်တို့၏စက်ရုံ တောင်ဘက် ကိုက်(၈၀၀)ခန့်အကွာ လှိုင်ရဲစခန်း၏မြောက်ဘက်ကိုက်(၃၀၀)ခန့်အကွာအဝေးလောက်တွင် ကျွန်တော်တို့အား အားပေးထောက်ခံကြသည်။ အလုပ်သမားပြည်သူများနှင့်ကျောင်းသားများ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများ ကြွေးကြော် ဆန္ဒပြနေကြသည်။

ထိုလူအုပ်တွေကြား ပလက်ဖောင်းပေါ်မှာ လက်နက်ကိုင် နေဝင်းစစ်သားများရောက်ရှိနေကြပြီး နာရီဝက်ခန့်အကြာမှာ ၎င်းလက်နက်ကိုင်စစ်သားများပျောက်သွားပြီး ညနေ(၄း၂၀)ခန့်တွင် ပြင်ပအလုပ်သမားနှင့် ပြည်သူများကို ဦးဆောင်၍ရှေ့ဆုံးမှချီတက်ခဲ့သော အလုပ်သမား၊ ဝန်ထမ်း၊ ကျောင်းသားပြည်သူလူထုများကို လှိုင်ရဲစခန်း၏မြောက်ဘက်ကိုက်(၃၀၀)ခန့်အရောက်တွင် လက်နက်ဟူ၍ အပ်တိုတစ်ချောင်းမျှမပါသော လက်ဗလာနှင့်လူအုပ်ကြီးကို နေဝင်းစစ်အစိုးရသည် ရက်စက်ကြမ်းကြုတ်စွာဖြင့်စတင်ပြီး သေနတ်နှင့်ပစ်ခတ်သတ်ဖြတ်ခဲ့ပါသည်။ ၎င်းပစ်ခတ်ချက်ကြောင့် သမဝါယမဝန်ထမ်း မောင်တင်ရွှေမှာ သေဆုံးပြီး ကျောင်းသားတစ်ဦးနှင့် အခြားသူများ ထိမှန်ဒဏ်ရာရခဲ့ပါသည်။ ၎င်းကျောင်းသားမှာ မောင်စိုးဝင်းဆိုသူဖြစ်ပါသည်။ အဆိုပါဒဏ်ရာရ

ကျောင်းသားများနှင့် အခြားတိုက်ပွဲဝင်(၃)ဦးအား ကျွန်တော်တို့ စက်ရုံ ဆေးခန်းမှ ဒေါက်တာကျော်ညွန့်က ဆေးကုသမှုများပြု လုပ်ပေးသည်။ ထို့သို့ အကြမ်းဖက် ပစ်ခတ်ခံရပြီးနောက် မိနစ်(၃၀)လောက်အကြာတွင် လူထုသည် ပြန်လည် စုစည်းပြီး ကျွန်တော်တို့စက်ရုံ သို့ ဦးတည်လျက်ရောက်လာကြ၏။ စက်ရုံထဲမှ အလုပ်သမားများကို အပြင်သို့ထွက်ပြီး သူတို့နှင့်ပူးပေါင်းရန် ဖိတ်ခေါ်ကြ၏။

သို့သော် ကျွန်တော်တို့စက်ရုံအလုပ်သမားများက စက်ရုံထဲမှ မထွက်လာကြသည့်အတွက် လူအုပ်ကြီးသည် ပိုမိုဒေါသထွက်လာကြပြီး ဝင်းတံခါးကို အတင်းတွန်းဖွင့်ကြသည်။ ထိုအချိန်မှာ အလုပ်သမားရဲဘော် ကိုကျော်စိန်မှ **"လေးစားအပ်တဲ့ပြည်သူများနှင့်ကျောင်းတော်သူ၊ ကျောင်းတော်သား အပေါင်းတို့ခင်ဗျာ၊ ကျွန်တော်တို့ ဒီစက်ရုံအတွင်းက မည်သည့်နည်းနဲ့မှ ထွက်လာလို့မဖြစ်ပါဘူး။ ကျွန်တော်တို့ ထွက်လိုက်တာနဲ့ ကျွန်တော်တို့ သပိတ်စခန်းပြိုကွဲသွားမယ့်အပြင် စက်ရုံအတွင်းရှိ အများပိုင် ပစ္စည်းများ ပျောက်ဆုံးပျက်စီးခဲ့လို့ရှိရင် ကျွန်တော်တို့ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်သလိုဖြစ်သွားမှာဖြစ်တဲ့အတွက် ပြည်သူလူထုကြီးနဲ့တကွ ကျောင်းသား အပေါင်းအား လေးစားစွာ ပန်ကြားအပ်ပါတယ်"**။

ထိုသို့ပြောဆိုတောင်းပန်သော်လည်း လူအုပ်ကြီးမှာ ပိုမိုများပြားလာသည့် အပြင် လူအုပ်ကြီးသည် ပုရွက်ဆိတ်အုံတုတ်နှင့်ဆွလိုက်သလို စက်ရုံရှေ့ရှိ ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်နှင့်စက်ရုံရှေ့တွင် ခေါင်းခြင်း ထိမတတ် များပြားလွန်းလှသည်။ အပေါ်မှနေကြည့်လိုက်လျှင် ကတ္တီပါအနက် ရောင်ဖြန့်ထားသလို များပြားလွန်းလှသော မြင်ကွင်းကြောင့် ကိုကျော်စိန်၊ ကိုတင်မြင့်နှင့်ကျွန်တော့်တို့သည် နေရာချင်းလဲပြီး ကျွန်တော်တို့က အသံချဲ့စက်မှနေ၍ **"ရပ်မိရပ်ဖနဲ့လုပ်သားပြည်သူများ၊ ကျောင်းတော်သူ၊ ကျောင်းတော်သား အပေါင်းတို့ခင်ဗျား၊ တကယ်တော့ စစ်တပ်ဟာ လုပ်သား ပြည်သူများအား ရန်တိုက်ပေးလိုက်ခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီစက်ရုံမှ လုံးဝ ထွက်ခွာလိုက်ပါမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် တို့စက်ရုံဟာ ကျွန်တော်တို့နဲ့တကွ လုပ်သားပြည်သူများ ကျောင်းတော်သူ ကျောင်းတော် သားများနဲ့ အများပြည်သူပိုင်စက်ရုံတစ်ခုဖြစ်ပါတယ်။ ရဲဘော်တို့ တောင်းဆိုသလို ထွက်လိုက်မယ်ဆိုရင် ကျွန်တော်တို့သပိတ်စခန်းတစ်ခုလုံးကို ဖျက်ဆီးလိုက်သလိုဖြစ်ပြီး စက်ရုံအတွင်းရှိ ပြည်သူပိုင်ပစ္စည်းအားလုံးကို တန်ဖိုး မထား**

**ပြည်သူကို စော်ကားသလိုဖြစ်နေတဲ့အတွက် ကျွန်တော်တို့ဟာ ဒီစက်ရုံမှ လုံးဝထွက်မှာ မဟုတ်ပါဘူး။ အကယ်၍ထွက်ခွာမယ်ဆိုရင် ကျွန်တော်တို့စက်ရုံ သပိတ်စခန်း ဖြိုကွဲခြင်း၊ စက်ရုံမှအများပိုင်ဆိုင်တဲ့ပစ္စည်းထုတ်လုပ်ပြီး ကုန်ပစ္စည်း များ ပျောက်ဆုံးပျက်ဆီးပါက ကျွန်တော်တို့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ် သလို ဖြစ်သွားမှာ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။"**

ထိုသို့ နာရီဝက်ခန့် ပြောဆိုမေတ္တာရပ်ခံလိုက်သည့်အတွက် လူအုပ်ကြီး သည် တဖြည်းဖြည်းပျောက်သွား၍ လူစုကွဲသွားသောအခါ ကျွန်တော့်ရင်မှာ ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ထို (၅)ရက်နေ့ညအတွက် စက်ရုံကို လုံခြုံရေးတာဝန် များချထားပြီး တစ်ညတာကုန်ဆုံးခဲ့ကြရသည်။ ၆-၆-၇၄ နံနက်မှာ စက်ရုံထဲရှိ ဆန္ဒပြလုပ်သားများ စားသောက်ရန်အတွက် ရိက္ခာရရှိရန် အချို့ကိုစေလွှတ်ခြင်း ဖြင့်လည်းကောင်း၊ စက်ရုံသို့လာရောက် လှူဒါန်းကြသူများထံမှလည်းကောင်း ရရှိသော ဆေးလိပ်၊ ငှက်ပျောသီး၊ ဝက်သား၊ အမဲသားစသည့် ဆန်၊ဆီ၊ ဆားတို့မှာ စား၍မကုန်လောက်အောင် များပြားခဲ့သည်။

(၇)ရက်နေ့ နံနက်ပိုင်းမှာပင် သေနတ်နှင့်တရကြမ်းပစ်ခတ်သံများ ကြားရပြီး ကျွန်တော် တို့စက်ရုံရှေ့တည့်တည့်မှ ဒေါ်တရုတ်မသား သေနတ်မှန်၍ စက်ရုံ တွင်းဆေးခန်းမှ ဒေါက်တာကျော်ညွှန့်ထံသို့ ခေါ်ယူပြသသည့်အခါ ဒေါက် တာက အသက်မရှိတော့ကြောင်းနှင့်စက်ရုံအပြင်သို့ပြန်ထုတ်ရန် ညွှန်ကြားချက် အရ စက်ရုံအပြင်သို့ ပြန်ထုတ်စဉ် လမ်းတစ်ဝက်လောက်အရောက်တွင် စက်ရုံထဲ သို့ စစ်သားများနံရံ ကိုကျော်တက်ပြီး ကျွန်တော်တို့ သပိတ်စခန်းကို ဖြိုခွဲဖျက်ဆီး၍ သိမ်းပိုက်လိုက်ပါသည်။

ထို့နောက် ကျွန်တော်တို့အမှတ် (၁)စက်ရုံနှင့် လုပ်သားများ ထမင်းစား အပန်းဖြေရိပ်သာကြား ကတ္တရာလမ်းပေါ် ထိုင်ခိုင်းပြီး ၎င်းတို့ထံရောက်နေသော စားရင်းအရ အလုပ်သမား(၂၄)ဦးကိုခေါ်ယူထုတ်သည်။ ၎င်းတို့အား သီးခြားထား ကာ ကျန်လုပ်သားများကို **"ခုလိုခေါ်ထားတဲ့လူတွေကို ကျွန်တော်တို့ဖမ်းဆီးတာ မဟုတ်ပါဘူး။ မေးစမ်း ပြီးပြန်လွှတ်လိုက်မှာ"** ဟု ပြောသည်။

ထို့နောက် ကျန်လုပ်သားများကို ပြန်လွှတ်လိုက်ပြီး ကျွန်တော်တို့ကိုမူ အပြင်ကင်းတင်း သို့ခေါ်ထုတ်သွားသည်။ ပြီးနောက် အင်းစိန်ထောင်ကားများ ရောက်ရှိလာပြီး အင်းစိန်ထောင်သို့ပို့ခဲ့သည်။ ထိုသို့အပို့ခံရသော လုပ်သားများ နုစုပေါင်း (၂၄) ဦးဖြစ်သည်။

ထို့နောက် ကျွန်တော်တို့ကို အင်းစိန်ထောင်တွင်းရှိ အလံနီသခင်စိုးကို စစ်ဆေးသော တရားရုံးကို ထုတ်ပြီး ပုဒ်မ(၁၅/၁)အရ တရားစွဲဆို ကြောင်းပြောသည်။ ထိုသို့တရားစွဲ ဆိုရာတွင် စတင်ဖမ်းဆီးစဉ်က (၂၄)ဦးမှ (၁၉) ဦးသာ ခုံရုံးသို့ရောက်ရှိပြီး ကျန်သော (၅)ဦးကို လုံးဝမတွေ့ရတော့ပါ။ ၎င်း (၅) ဦး၏ အမည်ကို မမှတ်မိတော့ပါ။ တရားရုံးသို့ (၁၉)ဦးကို ထုတ်လာပြီး ယင်းနေ့မှာပင် တရားသူကြီး ဦးစောနှင့် အစိုးရရှေ့နေဦးသိန်းထွန်း (ခေါ်) ဦးသိန်းဇော်တို့မှ (၆) ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ၎င်းတို့မှာ မမြစိန်၊ မတင်လှိုင်၊ မငွေးငွေး၊ ကိုကျော်မောင်၊ ကိုပီတာ၊ ကိုမောင်လှတို့ဖြစ်ပါသည်။ ကျန်သော (၁၃)ဦးကို ပုဒ်မ (၁၅/၁)အရ တရားစွဲဆိုကြောင်းပြောပြီး ကျွန်တော်တို့အတွက် အစိုးရမှ ရှေ့နေငှားရမ်းပေးခဲ့သည်။

**တရားစွဲဆိုပြစ်ဒဏ်ပေးခြင်းခံရသော လုပ်သားများမှာ အောက်ပါအတိုင်း ဖြစ်သည်။**

| | | |
|---|---|---|
| (၁) | ဦးလှသိန်း (ကွယ်လွန်) | (၁၅)နှစ် |
| (၂) | ဦးကျော်စိန်(ကွယ်လွန်) | (၁၅)နှစ် |
| (၃) | ဦးတင်မြင့် | (၁၅)နှစ် (ရှေ့နေဦးမင်းစိန်) |
| (၄) | ဦးဘရွှေ (ကွယ်လွန်) | (၁၅)နှစ် |
| (၅) | ဦးစိန်သန်း | (၁၅)နှစ် |
| (၆) | ဦးကျော်စိုး(ကွယ်လွန်) | (၁၅)နှစ် (ရှေ့နေတွံတေးဦးသိန်းဝင်း) |
| (၇) | ဦးချစ်ထွန်း | (၁၅)နှစ် |
| (၈) | ဦးလေးမောင် | (၁၅)နှစ် |
| (၉) | ဦးသိန်းထွန်း(ကွယ်လွန်) | (၁၅)နှစ် |
| (၁၀) | ဦးရွှေလင်း | (၁၅)နှစ် (ရှေ့နေဦးကိုကြီး) |
| (၁၁) | ဦးမြင့်ရွှေ (ကွယ်လွန်) | (၁၅)နှစ် |
| (၁၂) | ဦးသန်းမြင့် | (၁၀)နှစ် |
| (၁၃) | ဦးစိန်သန်း (ဝိတ်)(ကွယ်လွန်) | (၁၀)နှစ် |

တို့ဖြစ်ကြပါသည်။

အထိုအချိန်မှာပင် နိုင်ငံတော်အစိုးရမှ အလုပ်သမားသပိတ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းပြီး မှန်မမှန်စုံစမ်းစေပြီး အစီရင်

ခံစားကင်းသွင်းစေခဲ့သည်။

ထိုသို့ပြုလုပ်ခဲ့သည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင် - အလုပ်သမားများတောင်းဆိုချက်များမှာ မှန်ကန်ကြောင်း သုံးသပ် တင်ပြသော်လည်း ကျွန်တော်တို့အလုပ်သမားများကို တစ်ပါတီ စစ်အာဏာရှင် မဆလ အစိုးရမှ အငြိုးကြီးစွာဖြင့် အလုပ်သမားများကို (၁၀)နှစ်မှ (၁၅)နှစ်အထိ ပြစ်ဒဏ်ပေး ထောင်ချခဲ့သည်။ ၎င်းရမ်းပေးသော ရှေ့နေများကို မှတ်မိသ၍ အမည်နှင့်တကွ ယှဉ်တွဲ၍ ပြစ်ဒဏ်ကာလနှင့်ယှဉ်တွဲဖော်ပြလိုက်ပါသည်။ ထို့ကြောင့် အထွေထွေစားဝတ်နေရေးအခက်အခဲ ကြပ်တည်းမှုကြောင့် အလုပ်သမားများ၏ တောင်းဆိုမှုက ဆီ၊ ဆန်။ နေဝင်းပေးသည်က ကျည်ဆံပဲ ဖြစ်ခဲ့သည်။ နောက်ဆက်တွဲချမှတ်ခဲ့သည့် ပြစ်ဒဏ်များကိုလည်း တိုက်ပွဲဝင် အလုပ်သမားကြီးများ ခါးသီးစွာ ဘဝပျက် ခံစားခဲ့ရသည်။

**ဦးရွှေလင်း(ချည်မျှင်နှင့်အထည်စက်)**

# (၁၉၇၄)ခုနှစ် ဂုံနီစက်ရုံ လုပ်သားများ သပိတ်ဖြစ်စဉ်အကျဉ်း

**ဦးစော (ဂုံနီ)**

ကျွန်တော်သည် ၁၂. ၁. ၁၉၅၉-ခုနှစ် ၊ မှတ်ပုံတင်အမှတ် (၅၉၀၈)ဖြင့် ဂုံနီစက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ဌာနတာဝန်ခံ၏ စာရေးအလုပ်မှ ကုန်မှတ်စာရေးအဖြစ် တာဝန်ပေးသည်။ ကုန်မှတ်စာရေး အဖြစ်ဖြင့် အချော ကိုင်ဌာန၊ လျှော်ပြင်ဌာန၊ ယက္ကန်းဌာနတို့တွင် တာဝန်ထမ်းဆောင်သည်။

(၁၉၆၇)ခုနှစ်တွင် ကုန်မှတ်စာရေးမှ ငွေစာရင်း အချိန်မှတ် နှင့်လစာ တွက်ဌာနတွင် ထမ်းဆောင်ခဲ့ပြီး အပြင်ရုံးသို့ပြောင်းရသည်။ ထိုနှစ် (၁၉၆၇)ခုနှစ် လုပ်သားကောင်စီ ရွေးချယ်ပွဲ၌ မိခင်ဌာန ၊ ယက်ဖောက် ၊ လိပ်တုံးဌာန၊ ဒညင်းလုံး ဌာနမှ လုပ်သားမဲဖြင့် ကောင်စီဝင်ဖြစ်လာသည်။ ပါတီဝင်ကောင်စီ ဝင်ဖြစ်သည့် (၁၉၇၀)ခုနှစ် ၊ လုပ်သားများ လစာတိုးမြှင့်ပေးရာတွင် မညီမျှသော လစာ များဖြစ် နေ၍ လစာငွေ အချိုးကျညီမျှရေး (၃)ရက်ခန့် စက်ရပ်ပြီး ထိုင်သပိတ် မှောက်ခဲ့ သည်။ ထို့ကြောင့် အလုပ်သမားများ လစာငွေနှင့် စားဝတ်နေရေးမပြေလည်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် တစ်လကို ဆန် (၈)ပြည် ပေးပါသည်။ ထိုမှ (၁၉၇၄) ခုနှစ်တွင် လုပ်သားဆန် တစ်လ (၈)ပြည်မှ တစ်လ ဆန် (၁) ပြည် ပေးမှုပေါ် လုပ်သားထုက မကျေမနပ်ဖြစ်လာကြသည်။ ဆန် (၁)ပြည်နှင့် ကုန်ဈေး နှုန်းကြီးမှု အထွေထွေ မကျေမနပ်ဖြစ်နေကြစဉ်အတွင်း အထက်မြန်မာပြည် မြစ်ငယ်၊ ထော်ပ-ရွာသစ်ကြီး-မြစ်ငယ်မီးရထားပါဝင်လာပြီး စားဝတ်နေရေး မပြေလည်မှု ကြောင့် သပိတ်တိုက်ပွဲဆင်လာကြသည်။

မလွှကုန်းဘုတာ မီးရထားလုပ်သားများနှင့် အင်းစိန်မီးရထား စက်ခေါင်းစက်ရုံ (B.P.I) စက်ရုံလုပ်သားများသည် (၂. ၅. ၁၉၇၄) ခုနှစ်တွင် ဆက်လက်၍ သပိတ်မှောက်ကြပါသည်။ (၄. ၅. ၁၉၇၄)ခုနှစ် ၊ ညနေပိုင်းတွင် ဖမ်းဆီးထိမ်းသိမ်းခံရပါသည်။ ထိုမှတဆင့် ငါတို့ ဂုံနီစက်ရုံလုပ်သားများသည် စားဝတ်နေရေးအတွက် ဘဝဆုံးတိုက်ပွဲဝင်ရန် ပြင်ဆင်ကြသည်။ ဂုံနီစက်ရုံ အတွင်း ကိုထွန်းစိန်၊ ကိုကြည်ငွေတို့နှင့် တိုင်ပင်ပြီး (၅. ၆. ၁၉၇၄)နေ့ မနက် သပိတ်မှောက်ရန် ဆုံးဖြတ်သည်။ (၆)နာရီ အလုပ်ဝင်ကြသော အလုပ်သမားများ ကြိုကြား . ကြိုကြား စက်လည်သည်ကို အလုပ်သမားခေါင်းဆောင်များက ထမင်းစားချိန် (၁၀း၄၀)နာရီတွင် အားလုံး စက်ရပ်ထားကြရန် ပြောကြားသည်။ ပြောကြားနိုးဆော်ရသည်။ လုပ်သားအားလုံး စက်ပိတ်ပြီး သပိတ်မှောက်ကြသည်။ ထိုအခါ ရုံးဝန်ထမ်းအားလုံး (၁)နာရီတွင် ရုံးလုပ်ငန်းများကို ရပ်ပစ်လိုက်ကြသည်။

ညနေ (၄)နာရီထိုးသည့်အခါ ရုံးအလုပ်သမားများ အိမ်မပြန်ဘဲ စက်ထဲသို့ လူအင်အား ဖြင့် ချီတက်ကြသည်။ တံခါးပေါက် (စက်ရုံ)အချောတိုင်မှ ဖွင့်ထားပေးသည်။ ရုံးဝန်ထမ်းများကို တံခါးပိတ်ထားသည်။ ဖွင့်မပေး၊ ထိုအခါ ရဲဘော်တင်ရွှေက **"ငါတို့လဲ ဆန်တစ်ပြည်၊ မင်းတို့လဲဆန်တစ်ပြည် ကာယ၊ ဉာဏမခွဲခြားပါနဲ့ ဘဝတူတွေ တိုက်ပွဲဝင်ဖို့လာတယ် ဆိုသော်လည်း ဖွင့်မပေးပါ။ မင်းတို့ကော်လံဖြူတွေကို မယုံဘူး။ ကိုစောဘယ်မှာလဲ၊ လုပ်သားကောင်စီဝင် ကိုစောကို တွေ့မယ်"** ပြော၍ ကျွန်တော် တံခါးဝက အလုပ်သမားများနှင့် တွေ့သည်။ အလုပ်သမားများက ရုံးဝန်ထမ်းများအား တာဝန်ယူနိုင်မလားမေးတော့ ကျွန်တော်ကတာဝန်ယူသည်။ ဤရုံးဝန်ထမ်းများမှာ အလုပ်သမားဘက်တရပ်တည်သူတွေဖြစ်ကြောင်း အာမခံသဖြင့် ရုံးသမားများ စက်ရုံထဲဝင်ရန်အတွက် တံခါးဖွင့်ပေးကြသည်။ စက်ရုံထဲက မန်နေဂျာရုံးခန်းသို့ ခေါ်လာသည်။ ကိုထွန်းစိန်၊ ကိုကြည်ငွေတို့နှင့် တွေ့တော့ **"ကိုစော ငါတို့ ကိုထွန်းစိန်ကို ဥက္ကဋ္ဌ၊ ကိုကြည်ငွေကို အတွင်းရေးမှူးအဖြစ်ယာယီ ဖွဲ့ထားတယ် ၊ ခင်ဗျားကြည့်လုပ်ပါ"** ဟူ၍ ကိုထွန်းစိန်၊ ကိုကြည်ငွေတို့က ပြောသည်။ တိုးချဲ့ဖွဲ့မယ် ၊ရုံးအဖွဲ့မှ ကိုယ်စားလှယ်(၄)ဦး ရွေးပေးပါဆိုတော့ ရုံးအဖွဲ့ ရွေးရာတွင် ကျွန်တော်မပါ။ ကိုထွန်းစိန်၊ ကိုကြည်ငွေတို့က ကိုစောမပါရင် လက်မခံဘူး။ ခင်ဗျားတို့ပြန်ကြတော့ဆိုမှ ကျွန်တော့်ကို ရုံးအဖွဲ့မှတာဝန်ပေးသည်။ ထိုအခါ ကိုကြည်ငွေက သူပြုစုထားသော စာရွက်စာတန်းနှင့် တာဝန် ထမ်းဆောင်ရန် ရွေးချယ်ထား

သော လူစာရင်းအမည်ကိုပေးသည်။ "ခင်ဗျား စိတ်ကြိုက်သင့်သလိုဖွဲ့ပြီး တာဝန်ယူပါ" ပြောသဖြင့် ကျွန်တော်တာဝန်ယူရသည်။ ထိုအချိန်၌ အနားတွင်ရှိသော ကိုတင်ရွှေကိုခေါ်ပြီး ကိုထွန်းစိန်၊ ကိုကြည်ငွေတို့ရှေ့တွင် အဖွဲ့ကိုပြင်ဆင်ဖွဲ့ပါသည်။ ကိုတင်ရွှေရေးသည်။

**ပထမ- နိုင်ငံတော်နှင့် အပြန်အလှန်ဆွေးနွေးရန်ရွေးပါသည်။**

(၁) ကိုထွန်းစိန်၊ (၂) ကိုကြည်ငွေ၊ (၃) ကိုစော၊ (၄) ကိုတင်ရွှေ (၅) ကိုမြင့်၊ (၆) ကိုထွန်းလူ၊ (၇) ကိုသောင်းရွှေ (၈) ကိုမောင်မောင်အုန်း (၉) ကိုဖိုးကျော၊ (၁၀) ကိုအောင်နုတို့ ဖြစ်သည်။

**(၂) စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့တွင် တာဝန်ခံ။**

(၁) ကိုဝင်းမြင့်၊ (၂) ကိုလှမြင့်၊ (၃) ကိုကျော်ဦး၊ (၄) ကိုတင်မြင့်တို့ဖြစ်သည်။

**(၃) ရိက္ခာရှာဖွေရေးနှင့်ပြင်ပဆက်သွယ်ရေး ထမင်းထုပ်ရရှိရေးတာဝန်ခံ**

(၁) ကိုကျော်သက်၊ (၂) ကိုရင်မြင့်၊ (၃) ကိုတင်ငွေ၊ (၄) ကိုသိန်းအောင် (၅) ကိုစိန်ထွန်းအောင်။

**(၄) ဘဏ္ဍာရေးကော်မတီ**

(၁) ကိုစိုးအောင်၊ (၂) ကိုဘလှကြည်၊ (၃) ကိုစော၊ (၄) ကိုစောဦးတို့ဖြစ်သည်။

**(၅) ပြန်ကြားရေးနှင့် သတင်းဖြန့်ချီရေးတာဝန်ခံ။**

(၁) ကိုဖိုးကျော၊ (၂) ကိုကျော်မြင့်၊ (၃) ကိုသိန်းအောင်၊

(၆) လုံခြုံရေး ထိန်းသိမ်းရေး၊ တံခါးပေါက်(၄)ပေါက်၊ အပြင် (၂)ပေါက်၊ နောက်ဖက်ပေါက် (၂)ပေါက်တို့ကို စည်းကမ်းထိန်းသိမ်းရေးက တာဝန်ယူသည်။ အိမ်ကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ စက်ရုံအတွင်းအပြင်ကို ဆန္ဒပြအလုပ်သမားများ အကြောင်းမရှိ အကြောင်းရှာ ဝင်ထွက်သွားလာနေကြမှာ စိုး၍ ဝင်ထွက်၊ ကန့်သတ်ခြင်းအတွက် ဝင်နိုင်ထွက်နိုင်ရန် တာဝန်ခံလက်မှတ်ပေးမှ ဝင်ထွက်သွားလာခွင့် ပြုမည်ဖြစ်၍ အများဆန္ဒအရရွေးချယ်သည်။ (၁) ဦးစော၊ အရံ (၂) ကိုတင်ရွှေတို့ဖြစ်သည်။ ကိုစောလက်မှတ်မပါဘဲ စက်ရုံအတွင်း အပြင် လုံးဝထွက်ခွင့်သွားလာခွင့် မရှိရဟူ၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီအားလုံးက သဘောတူလက်မှတ်ထိုးကြပါတယ်။

(၅. ၆. ၁၉၇၄) ညနေပိုင်းတွင် ရိက္ခာလုံလောက်မှုမရှိသည့်အတွက် မျှတ စားကြသည်။ နောက်နေ့တွင် ရပ်ကွက်အတွင်းမှ ပြည်သူများရောက်လာကြပြီး ထမင်းထုပ်၊ ငှက်ပျောသီးများ အစုံအလင်ပဲ လာရောက်ပေးကြသည်။

ပြည်သူ တစ်ဦးက (၁၅)ရပ်ကွက်မှ ထမင်းထုပ် (၄၀၀) မနက်-ည တာဝန်ယူသည်။

နိုင်ငံတော်သို့ တောင်းဆိုချက်နှင့် ကြွေးကြော်သံများကို ရေးကြသည်။

(၁) (၁၉၇၄)သပိတ်တိုက်ပွဲတွင် ဖမ်းဆီးထိန်းသိမ်းခံ လုပ်သားအားလုံး (တပြည်လုံး)လွှတ်ပေးရေး။

(၂) ဝန်ထမ်း ဆန်း(၁)ပြည်မှ (၈)ပြည်ရရှိရေး။

(၃) ကုန်ဈေးနှုန်းကျဆင်းရေး။

(၄) ညီမျှသော လုပ်ခလစာ ပြင်ဆင်ညှိနှိုင်းပေးရေး

(၅) (၁၉၇၀) ခုနှစ်၊ လခစား ကိစ္စဖြင့် ဖမ်းဆီးထိမ်းသိမ်းခံမှ လွတ်လာသူ (၁) ဦးခင်မောင်ညွှန့် (မန်နေဂျာ)၊ (၂) ကိုခင်မောင်ဦး၊ (၃) ကိုဝေချမ်း၊ (၄) ဦးတင်အေး၊ (၅) ဦးကြည်စိုး၊ (၆) ဦးတင်စိုး၊ (၇) ဦးသီဟန် (စာကြည့်တိုက်) တို့အား အလုပ်ပြန်လည်ခန့်ပေးရေး။

(၆) အလုပ်ဆင်း၊ အလုပ်ပြန်ပို့ဆောင် (ကား) စီစဉ်ပေးရေး။

(၇) အလုပ်သမားများနေထိုင်ရန် မြေကွက်လပ်တွင် အလုပ်သမား တန်းလျားများ ဆောက်လုပ်ပေးရေး။

(၈) မီးရထားမှဖမ်းထားသည့် အလုပ်သမားများ ချက်ချင်းပြန်လွှတ်ပေးရေး။

(၉) လုပ်ငန်းခွင် ကျွမ်းကျင်လုပ်သားများ ထိုက်သင့်သော လစာရာထူး တိုးမြှင့်ပေးရေး။

(၁၀) အခြေခံလုပ်သားကောင်စီ ဖျက်သိမ်းပေးရေး။

ကြွေးကြော်သံများ (၅. ၆. ၁၉၇၄)ခုနှစ်၊ ည (၆)နာရီခန့်မှ ကြွေးကြော်နိုင်သည်။

(၁) (၁၉၇၄) တပြည်လုံး သပိတ်အသီးသီး ဖမ်းထားလုပ်သားများ လွှတ်ပေးရေး ဒို့အရေး။

(၂) ဆန် (၁)ပြည်မှ (၈)ပြည်ရရှိရေး ဒို့အရေး။

(၃) ကုန်ဈေးနှုန်းကျဆင်းရေး ဒို့အရေး။

(၄) မီးရထားမှ ဖမ်းဆီးခံလုပ်သားများ ချက်ခြင်းလွှတ်ပေးရေး ဒို့အရေး။

(၅) အရေးတော်ပုံ အောင်ရမည်။

စက်ရုံပေါင်းစုံမှာ (၁) လျှော်ရွှေးလျှော်ထုပ်စက်ရုံ (၂)ချည်မျှင်

အသည်စက်ရုံ၊ (၃)သဘော်ကျင်းစက်ရုံ၊ (၄)ဆီခဲစက်ရုံ၊ (၅)သစ်စက်ပရိဘောဂ၊ (၆) သစ်စက်အုတ်ကျင်း၊ (၇)ဆည်မြောင်း၊ (၈)ကြွေရည်သုတ်၊ (၉)အထပ်သား စက်ရုံ၊ (၁၀)စက်ကိရိယာခရိုင်ဘူတာရုံလမ်းမှ ကိုယ်စားလှယ်များ နေ့လယ် (၁)နာရီ၊(၆. ၆. ၁၉၇၄)ရောက်လာကြသည်။ စက်ရုံများကြီးငယ်အလိုက် ကိုယ်စား လှယ် (၁)ဦး (၂)ဦးရွေးကြသည်။ ဂုံနီစက်ရုံမှ (၁) ကိုထွန်းစိန်၊ (၂) ကိုကြည် ငွေ၊(၃)ကိုကျော်သက်၊ (၃) ဦးရွေးသည်။ အများဆန္ဒဖြင့် ဥက္ကဋ္ဌ၊အတွင်းရေးမှူး ရွေးချယ်သည်။ (၁) ဦးထွန်းစိန် ဥက္ကဋ္ဌ၊ (၂) ကိုကြည်ငွေ ဒုဥက္ကဋ္ဌ၊ (၃) ကိုကျော်သက်၊ အတွင်းရေးမှူးနှင့် စက်ရုံပေါင်းစုံကိုယ်စား လှယ်များပါသည်။ ယခု တက်ရောက်လာကြသော စက်ရုံကိုယ်စားလှယ်များ အားလုံးသည် (၇. ၆. ၁၉၇၄) ခုနှစ်၊ နံနက် (၇)နာရီတွင် ဂုံနီစက်ရုံသို့ လာရောက်ကြရန် ဖိတ်ထားသည်။ (၆. ၆. ၁၉၇၄)ညနေပိုင်းတွင် အင်းစိန်လမ်းမ ချည်စက်ရုံရှေ့စစ်တပ်နှင့် အခင်း ဖြစ်သည်။ လူတစ်ဦးသေသည်။ ဂုံနီစက်ရုံမှ ကိုထွန်းရွှေဖြစ်သည်။ ညနေပိုင်းတွင် ဘာတာရှေ့တွင် ဆက်ဖြစ်ပွားပြီး လူငယ်များပါဝင်လာရာ ထိုနေရာ၌ အဓိကရုဏ်းဖြစ်ပြီး ပစ်ခတ်မှုကြောင့် ရဲဘော် (၂)ဦး ကျဆုံးကြောင်းသိရသည်။ သေဆုံးသူ တစ်ဦးမှမသေမှီမိမိသွေးဖြင့် တမ္ဘာမကြေစစ်အစိုးရကို အပြုတ်တိုက်ကြ။ ထိုသို့ ကဗျာလေးရေးသွားသည်ဟု ကြားသိရသည်၊ ဂုံနီစက်ရုံကိုယ်စားလှယ်များကို သက်ဆိုင်ရာက ဆွေးနွေးရန် မြို့တော်ခန်းမသို့ခေါ်သည်။

ဂုံနီစက်ရုံကိုယ်စားလှယ်များမသွားကြ၊ လှိုင်မြို့နယ် ပါတီယူနစ်ရုံးကို လာရန် တောင်းဆိုကြတော့ သူတို့လာသည်။ ဆွေးနွေးကြသည်။ လောလော ဆယ်မပြေလည် နောက်ဆုံးအဆင့်ရောက်မှ စက်ရုံကထွက်ပေးလျှင် လိုက်လျောမှု တောင်းဆိုချက်များ ဆောင်ရွက်ပေးမည်ဟု ကတိပေးသည်ကို ကိုယ်စားလှယ်များ ပြန်လာကြသည်။ ထိုနေ့က မိုးချုပ်သွား၍ လုပ်သားများ စက်ရုံထဲက မထွက် ဖြစ်။ (၇. ၆. ၁၉၇၄)မနက် (၄)နာရီခန့်တွင် သဘော်ကျင်းကို ပစ်ခတ်တိုက်ခိုက် သည်၊ ရဲဘော်လုပ်သားများ သေကြေကြသည်။ ထိုနေ့မှာ ချည်မျှင်နှင့်အထည် စက်ရုံကို ဝင်စီးသည်။ လုပ်သား များကို ဝင်ဖမ်းသည်။ အသေအပျောက်မကြားရ၊ ထိုအချိန်တွင် လက်ရဲဇက်ရဲဖြင့် ဝင်စီးနေသော စစ်တပ်သည် ဂုံနီစက်ရုံက လုပ်သားများကို စက်ရုံမှထွက်ပေးရန် တောင်းဆိုလာသည်။ ထိုအချိန်တွင်

စက်ရုံပေါင်းစုံမှ ကိုယ်စားလှယ်များ ရောက်နေကြသည်။ အခြေအနေမကောင်း ပစ်ခတ်မှုဖြစ်၍ ပြန်ကြရန်ပြောလိုက်ရသည်။ စစ်တပ်က လုပ်သားများ စက်ရုံမှ ထွက်ပေးလျှင် တောင်းဆိုချက်တွေကို ရမည်ဟု ပြောသည်။ ထို့ကြောင့် စက်ရုံက အလုပ်သမားများ မနက်ဖြန် ထွက်ပေးမည်။ ယခုည ထွက်၍မဖြစ် ထွက်လာသူများကို သေနတ်ဖြင့် မချိန်ရ၊ တရားခံမဟုတ်၊ သေနတ်ပြောင်းအားလုံး အောက်စိုက်ထားပေးရမည်။ ထိုကတိမပေးလျှင် လုပ်သားများကို အပြင်မထွက်စေ ရ၊ စက်ရုံပိတ်ထားမည်ပြောတော့ ခင်ဗျားဘာတာဝန်လဲဟု မေးသည်။ ကျွန်တော် က တာဝန်ရှိသူပါပြောတော့ ပြန်ကြားမည်ပြောသည်။ ည(၂)နာရီခန့်တွင် တောင်းဆိုချက် အတိုင်းပေးမည်။အသံချဲ့စက်ဖြင့်အပေါက်ဝမှ စစ်တပ်က ပြောသည်။ ထို့ကြောင့် နောက်တစ်နေ့ မနက်(၆)နာရီတွင် အလုပ်သမားများ စက်ရုံကစီတန်း ထွက်ကြသည်။ စက်ရုံမှူး ဗိုလ်မှူးကြီး(ငြိမ်း) ဦးဖေသက်က မြို့နယ်အလိုက် အလုပ်သမားများ အိမ်ပြန်ကြရန် ကားစီစဉ်ပေးသည်။

ကျွန်တော့်ကို (၁၃-၆-၁၉၇၄)နေ့တွင် လာဖမ်းသည်။ မနော်ဟရီ ထောက်လှမ်းရေး(၇)တွင် စစ်ချက်ယူသည်။ ရေကြည်အိုင်မှ အင်းစိန်ထောင် သို့ပို့သည်။ တိုက်ပိတ်သည်။ တိုက်မှတစ်ခါ (၄)ဆောင်ပို့သည်။ တစ်ယောက်ထဲ နေရသည်။

ဂုံနီစက်ရုံမှ ထိမ်သိမ်းခံအလုပ်သမား (၃၉)ဦးမှ (၂)လ (၃)လခန့်အကြာတွင် (၂၀)ဦးကို ပြန်လွှတ်သည်။ (ကိုကြည်ငွေ)မှာ အဖမ်းမခံရပဲ လွတ်မြောက်သွား၏။ ကျန် (၁၉)ဦးကို ရဲထောက်လှမ်းရေး ဒုရဲမှူးကြီး ဦးပြုံးက တရားလိုလုပ်၍ ထောင်တွင်းတွင် စစ်ဆေးသည်။ စစ်ဆေးရက် (၃)နှစ်၊ (၈)လကြာသည်။ (၂၇-၂-၁၉၇၈)နေ့တွင် စီရင်ချက်ချသည်။

အောက်ဖော်ပြပါ အလုပ်သမားများ နှစ်အသီးသီးထောင်ကျကြသည်။

(၁) ဦးထွန်းစိန် (၁၄)နှစ်
(၂) ဦးစော (၁၀)နှစ်
(၃) ဦးတင်ငွေ (၁၀)နှစ်
(၄) ကိုကျော်သက် (၁၄)နှစ်
(၅) ဦးအောင်နု (၁၀)နှစ်

(၆) ဦးမြင့် (၁၀)နှစ်
(၇) ဦးစိုးအောင် (၁၀)နှစ်
(၈) ဦးဖိုးကျော် (၁၀)နှစ်
(၉) ဦးကျော်မြင့် (၁၀)နှစ်
(၁၀) ဦးတင်ရွှေ (၁၀)နှစ်
(၁၁) ဦးထွန်းလူ (၁၀)နှစ်
(၁၂) ဦးသောင်းရွှေ (၁၀)နှစ်
(၁၃) ဦးစောဦး (၁၀)နှစ်
(၁၄) ဦးကျော်ဦး (၁၀)နှစ်
(၁၅) ဦးတင်မြင့် (၁၀)နှစ်
(၁၆) ဦးလှမြင့် (၁၀)နှစ်
(၁၇) ဦးနေဝင်း (၁၀)နှစ်
(၁၈) ဦးဝင်းမြင့် (၁၀)နှစ်
(၁၉) ဦးထွန်းထွန်းအေး (၁၀)နှစ်

**ပြန်လွတ်ကြသူများ**

(၁) ဦးခင်မောင်ဦး (ရုံး)
(၂) ဦးရင်မြင့် (ရုံး)
(၃) ဦးစိုးတင့် (ရုံး)
(၄) ဦးလှစိုး (ရုံး)
(၅) ဦးအောင်ကြည် (ရုံး)
(၆) ဦးမောင်ငွေး (ရုံး)
(၇) ဦးမောင်မြိုင် (ရုံး)
(၈) ဦးစိုးတင် (ရုံး)
(၉) ဦးလွန်အေး (ရုံး)
(၁၀) ဦးကြည်မြင့် (ရုံး)
(၁၁) မအေးမြိုင် (ရုံး)
(၁၂) ဦးတင်အောင် (ရုံး)
(၁၃) ဦးတင်မောင် (ရုံး)
(၁၄) ဦးကျင်ထွေး (ရုံး)
(၁၅) ဦးဝင်းစိန် (ရုံး)
(၁၆) ဦးတင်ငွေ (မြို့ခင်)

(၂၉. ၅. ၁၉၈၀) ပြည့်နှစ်တွင် သံဃဂိုဏ်းပေါင်းစုံညီညွတ်ရေးကို အကြောင်းပြု၍ (၈၀/၂) လွတ်ငြိမ်းချမ်းသာခွင့်နှင့် ဂုံနီစက်ရုံလုပ်သား (၁၉)ဦး ထောင်ကလွတ်သည်။

ဦးစော
(ဂုံနီမက်ရှ )

# ၁၉၇၄-၇၅ အလုပ်သမားကျောင်းသားတို့၏ တော်လှန်ပုန်ကန်မှု စစ်တမ်း

ဖိုးကျော့

၁၉၇၄ ခုနှစ် ၊ အလုပ်သမားထုဆန္ဒပြ တိုက်ပွဲဝင်သပိတ်မှောက်ခဲ့ကြသည်မှာ တိုတိုပြောရလျှင် ထမင်းငတ်၍ဖြစ်၏။ သဘောကျင်းမှ အလုပ်သမားခေါင်းဆောင်ဦးဗန်ရွှေ၏ စကားနှင့်ပြောရလျှင် မဆလအစိုးရသည် လုမွေးပြီးဆန်မပေး။ အလုပ်သမားများ ထမင်းဝအောင်မစားကြရ။ မိသားစုအားလုံးငတ်ပြတ်ခဲ့ကြသည်။ မဆလကြီးများကမူ သီးသန့်(အထူး)ဆိုင်တွင် လိုသလောက်ပစ္စည်းကို ထုတ်ယူရနေကြသည်။

ဤသည်မှာ မဆလ အစိုးရကိုယ်တိုင် ငြင်းကွယ်၍မရသော ပကတိအဖြစ်မှန်များဖြစ်သည်။ ဥပမာပြောရလျှင် သူတို့အလိုကျ ရာထူးဌာနနန္တရအဆင့်ဆင့်ရကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သော ခန္တီးအမတ်ဦးသန်းဆိုင်က သူကိုယ်တိုင် မခံမရပ်နိုင်ဖြစ်ပြီး ပြည်သူ့လွှတ်တော်ဆိုသည်ကိုတင်ပြရာတွင် -

သဘာပတိကြီးခင်ဗျား ၊ အလုပ်သမားတွေရဲ့ ရင်နင့်ဖွယ်ရာတွေကိုပကတိအတိုင်း ဆန်းစစ်မယ်ဆိုရင် မြစ်ငယ်တွဲပြုပြင်ရေး၊ စက်ရုံအခြေခံအလုပ်သမား ကောင်စီအတွင်းရေးမှူးဖြစ်တဲ့ ဦးကြည်သန်းရဲ့ ထွက်ဆိုချက်မှာ ကြည့်

မယ်ဆိုရင် စက်ရုံအလုပ်သမားများဟာ ဆန်အခက်အခဲကြောင့် ဆန်ပြုတ်သောက်နေရသူများ၊ ကဇွန်းရွက် သဘော်သီးတို့ကို ပြုတ်စားနေရကြောင်း၊ ငတ်ပြတ်နေတဲ့ အလုပ်သမားတွေကို ဆေးရုံပို့လို့ ဆေးရုံမှာ ကယောင်ကတန်းနဲ့ အုတ်ခဲများ ထုထောင်းပြီး စားမိကြောင်းကိုလည်းကောင်း၊ ချောက်မြို့ ပင်မအလုပ်ရုံစက်ရုံမှ ဖစ်တာအလုပ်သမားဖြစ်သူ ဦးအေးမောင်ရဲ့ ထွက်ဆိုချက်ကို ကြည့်ပြန်ရင်လဲ သူ့အိမ်ထောင်ရဲ့အမာခံနှစ်အတွက် တွက်ချက်ပြထားတာတွေ ထမင်းနဲ့ဆီကလွဲရင် ဘာမှမစားကောင်းသလောက် အောက်မေ့ပြီး ချင့်ချိန်သုံးစွဲလာတာ ငွေတစ်ထောင်ကျော် အကြွေးတင်နေပြီးဖြစ်ကြောင်း၊ အချို့အစီရင်ခံစာများတွင် လင်ရောမယားပါ အလုပ်ဆင်းကြရသော်လည်း ကလေးများကို ဆန်ပြုတ်ပင်ဝအောင် မကျွေးနိုင်၍ တောကမိဘများဆီ ပို့ထားရကြောင်း၊ တောတွင်လည်း မိဘမရှိသူလုပ်သားကြီးများမှာ သူတို့၏ကလေးများကို မကျွေးနိုင်ကြသဖြင့် အငတ်ငတ်အပြတ်ပြတ်ဖြစ်နေကြသည်ကို မကြည့်ရက်သော အိမ်နီးနားချင်းတွေက ကျွေးမွေးထားကြရကြောင်း ဤအဖြစ်အပျက်တွေမှာ စက်ရုံလုပ်သားတိုင်း အလုပ်ရုံတိုင်းတွင် ဒုနှင့်ဒေးရှိခဲ့ကြ၏။ လူတန်းစားမညီမျှမှုကိုလည်း ဦးသန်းဆိုင် ခန္တီးမဲဆန္ဒနယ်ကပင် တန်းတူအခွင့်အရေးကို နေရာတကာမှာ လုပ်လို့မဖြစ်နိုင်ပေမယ့် ခေါင်းဆောင်အဆင့်ဆင့်က တိုင်းပြည်အတွက် မြှီးခြံချွေတာသွားသင့်ကြောင်း ကိုယ့်ဝင်ငွေကိုယ့်အခြေအနေက သာမန်လူတွေထက် တောင်းမွန်နေလျက် များစွာ အခွင့်အရေးတွေ ပိုမိုယူနေကြတာကို ကြုံတွေ့ကြားသိရတဲ့ အလုပ်သမားများဟာ မချင့်မရဲ မကျေမနပ်တွေရှိနေကြပါတယ်။ ဒါ့ကြောင့် ဆန္ဒပြအလုပ်သမားများဟာ တာဝန်မဲ့ စည်းကမ်းပျက်ပြီး စည်းကမ်းဘောင်အတွင်း ကျော်လွန်ပြီး တောင်းဆိုလာကြတာကိုလည်း တွေ့ရပါတယ် ဟု တင်ပြထား၏။

မဆလက သူတို့အလိုကျ ခန့်အပ်ထားသော စက်ရုံအလုပ်ရုံမှ ပါတီတောင်စီဝင်များ၊ အောက်က အထက်သို့ လိမ်ညာလှည့်ဖြားတင်ပြချက်များကိုလည်း ဦးဟန်ရွှေ (သန်လျင်မဲဆန္ဒနယ်) မှ တင်ပြသည်မှာ သဘာပတိကြီးခင်ဗျား၊ အလုပ်သမားဆန္ဒပြမှု စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာ အခန်း (၁၀) ဆန္ဒပြမှုနဲ့ပတ်သက်၍ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ချက်များ ခေါင်းဆောင်၏ အောက်ဆန္ဒပြမှု ဖြစ်ပွားစဉ် ဆွေးနွေးဖြေရှင်းမှု ခေါင်းစဉ်အောက်က အပိုဒ်

(၄) နဲ့ (၁) တို့မှာ ဖော်ပြထားတဲ့ အချက်အလက်တွေက တကယ့်ဖြစ်ရပ်နဲ့ ကွဲလွဲနေတာ တွေ့ရပါတယ်။ အစီရင်ခံစာရဲ့ အပိုဒ် (၄)မှာ သန်လျင်မြန်မာ့ရေနံ ချက်စက်ရုံတွင် အလုပ်သမားတစ်ဦးလျှင် လစဉ် ရေနံဆီ (၄)ဂါလီနဲ့ ဖယောင်းတိုင် ၁၅ ထုပ်ရောင်းရန်လို့ သဘောတူခြင်းဖြစ်ပါတယ်။ထို့အတူ(၁)အပိုဒ်မှာ လဲ သန်လျင်ဖန်ချက်စက်ရုံ အလုပ်သမားတစ်ဦးလျှင် တစ်လဖန်ခွက် ၂-ဒါဇင် ရောင်းချရန် သဘောတူခြင်းလို့ဖော်ပြထားပါတယ်။ ဒါဟာလဲပဲ တကယ့်သဘောတူညီချက်မဟုတ်ပါဘူး။ လွဲမှားနေပါတယ်။ဆန္ဒပြအလုပ်သမားများနဲ့ ညှိနှိုင်းပြီး သဘောတူ တူညီခဲ့တဲ့အချက်ကတော့ ယခုဇွန်လတွင်အလုပ်သမားတစ်ဦးလျှင် ဖန်ခွက်(၁)ဒါဇင်ရောင်းချပေးမည် စသည်ဖြင့်ဖန်ခွက် ၂-ဒါဇင်မှ ၁-ဒါဇင်ဖြစ်သွား၏။ ဤသို့အပြောတစ်မျိုးအလုပ်တစ်မျိုး အထက်ဖားအောက်ဖိ လုပ်ခဲ့ကြ သည်မှာသန်လျင်စက်ရုံများသာမဟုတ် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအားလုံး လိုလိုခံစားခဲ့ကြရပါသည်။

တက္ကသိုလ်ကျောင်းတော်သူကျောင်းတော်သားများနှင့် ပတ်သက်၍ ဗိုလ် မှူးမြင့်ရွှေ(ကမာရွတ်မဲဆန္ဒနယ်)ကလွှတ်တော်ကို တင်ပြရာ မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်စရာကောင်းသောအချက်မှာ တက္ကသိုလ်ကျောင်းသားအပါအဝင် ကျောင်းသားများဟာ ပူးပေါင်းဆန္ဒပြရာမှာ ပါအောင်ဆွဲဆောင်ပေးတဲ့ လုပ်ဆောင်ချက်ကိုလဲ ကျွန်တော်တွေ့ရပါတယ်။ အလံကိုင်ပြီးတော့လူ ၂၀၀ ရန်ကုန်တက္ကသိုလ်နယ်မြေကိုဝင်ခဲ့တဲ့အကြောင်း၊အဲဒီလို တက္ကသိုလ် ကျောင်းသားတွေကို စည်းရုံးဖို့ စီစဉ်တာဟာ အလွန်ကြီးတဲ့ အကြံတွေ ဖြစ်ပါတယ်။ -- --------------သို့သော်လည်းပဲ ယနေ့တက္ကသိုလ် ကျောင်းသားတွေဟာ ဆိုရှယ်လစ်စနစ်ရဲ့ဘက်တော်သားအဖြစ် ပြောင်းလဲစပြု နေပြီးဆိုတာ ဒီနေရာမှာမသိသေးလို့အဖျက်သမားတွေ ခံသွားရခြင်းဖြစ်ပါတယ် တဲ့။

အဲဒါကြောင့်ထင်တယ်။ ၇၅/၇၆-နှစ်တွေမှာ ဦးသန့်အရေးအခင်းနဲ့ မိုင်းရာပြည့် အလုပ်သမားနှစ်ပတ်လည်နေ့မှာ အလုပ်သမားများနှင့်ပူးပေါင်း တိုက်ပွဲဝင်လာကြတာတွေဟာ ဆိုရှယ်လစ်ဘက်တော်သားတွေဖြစ်လို့ မဆလ တိုက်တော်လှန်ခဲ့ကြတာဖြစ်ပါလိမ့်မယ်။ ထိုသို့သောအလိမ်အညာတွေကို ကျောင်းသားအလုပ်သမားများသာမက ပြည်သူပြည်သားအားလုံးခံစားခဲ့ကြရ၏။

အလုပ်သမားများတောင်းဆိုချက်ကို ကျွန်တော်တို့ အလုပ်သမားများ

အနေနှင့်လုပ်သားကောင်စီ၊ပါတီတို့က ကတိပေးပြီး နောက်ပိုင်းမှာ မည်သို့မျှ လုပ်မပေးသည်ကို အကြိမ်ကြိမ်အခါခါခံလာရသောအခါအလုပ်သမားများ ဒေါသထွက်ပေါက်ကွဲလာကြသည်။ အမှန် က၁၉၇၄-ခုမှသာမဟုတ်။ ၁၉၇၀-ခုကလည်း နေ့စားလုပ်သား ၊လစားနှင့်ပတ်သက်ပြီးအလုပ်သမား များဆန္ဒပြ သပိတ်မှောက်ကြမည့်အခြေအနေကိုရောက် ခဲ့၏။ကျွန်တော်တို့ဂုန်နီစက်ရုံမှ ထိုကိစ္စနှင့်ပတ်သက်၍ ဦးခင်မောင်ညွှန့် (မန်နေဂျာ) ၊ကိုခင်မောင်ဦး(စာရေး)၊ ဦးသိဟန်(စာကြည့်တိုက်) ဦးဝေချမ်း၊ ဦးတင်အေး၊ဦးကြည်စိုး၊ ဦးတင်စိုး အလုပ်သမားတို့အားဆန္ဒပြသပိတ်မှောက်ကြရန်လှုံ့ဆော်မှုဖြင့် ဖမ်းဆီး ထောင်ထဲပို့ပြီးနိုင်စက်ညှဉ်းပန်းကာ အလုပ်ဖြုတ်ပစ်၏။ထိုနေ့စားလစားကိစ္စနှင့် ပတ်သက်၍အခြားအခြားသောစက်ရုံအလုပ်ရုံမှ ထိန်းသိမ်းနှိပ်စက်ကာ အလုပ်ဖြုတ်သွားကြသူ အလုပ်သမားများ မည်မျှရှိကြသည်ကို ကျွန်တော် မသိပေ။ ဤနေ့စားလစာကိစ္စနှင့်ပတ်သက်၍လည်း အလုပ်သမား (အထူး သဖြင့် ကာယလုပ်သား) များကမကျေမနပ်ဖြစ်နေကြရာ အထွေထွေကုန် စည်ဈေးနှုန်းကြီးမြင့်မှုနှင့် ဖေါင်စီးရင်းရေဝတ်ဆိုသလို အလုပ်လုပ်ရင်းဝတ်ဖြတ် လာကြသော အလုပ်သမားများဆန္ဒပြတိုက်ပွဲဝင်မှုဖြစ်တော့မည်ဟု အားလုံး ဆန္ဒတူညီလာကြသဖြင့် ဆန္ဒပြတိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၇၄ခု မတ်လလောက်ကပင် အထက်မြန်မာပြည် စက်ရုံအလုပ်ရုံများ ဖြစ်သောပလိပ်၊ရွာသစ်ကြီး၊မြစ်ငယ်မီးရထားစက်ရုံများက စတင်ကာဆန္ဒပြ သပိတ်မှောက်ခဲ့ကြ၏။ ယင်းကစပြီး အောက်မြန်မာပြည်အလုပ်ရုံစက်ရုံများကို ကူးစက်လာခဲ့၏။သို့သော်စက်ရုံအများအပြားမပါဝင်ကြသေး။ ၁၉၇၄-ခုဇွန်လ ကျမှ စက်ရုံအလုပ်ရုံပေါင်း၅၀၀-ပါဝင်လာကြ၏။ထို့ကြောင့်လည်းအလုပ် သမားအရေးအခင်းကို ၁၉၇၄ခုနှစ်၊ဇွန်(၆)ဟုလုပ်သားအားလုံးက အသိအမှတ် ပြုခဲ့ကြ၏။

ကျွန်တော်တို့ ဂုံနီစက်ရုံလုပ်သမားများသည်၇၄-ဇွန်(၅)ရက်နေ့တွင် ပထမဆိုင်းက အလုပ်သမားတွေ စတင်ဆန္ဒပြကြသည်။ ဒုတိယဆိုင်းအလုပ်ဝင် လာကြသောအခါလုပ်သားပေါင်း ၄၀၀၀ကျော်လောက်ဖြစ်သွားသည်။ အောက် မြန်မာပြည်(ရန်ကုန်တိုင်း)တွင် ဂုံနီစက်ရုံသည်လုပ်သားအများဆုံးရှိသော စက် ရုံကြီးဖြစ်သည်။

ဂုံနီစက်ရုံတွင် တံတိုင်းနှစ်ထပ်ရှိသည်။ ပထမတံတိုင်းနှင့် ဒုတိယ

တံတိုင်း ကြားတွင် လူမှုဖူလုံရေးဆေးခန်း၊ဆေးခန်းနှင့် ကပ်လျက်လုပ်သား စာကြည့်တိုက်၊ ကောင်စီရုံး၊ငွေစာရင်းရုံး၊သက်သာ ဆိုင်ကိုထောင်များ၊ တွင်ကုန်ဒွာနလုံခြုံရေးတန်းလျား၊မွေးမြူရေး စသည်တို့ရှိ၏။ စက်ရုံကိုဝိုင်းပတ်ထားသောပထမတံတိုင်းနှင့် ကပ်လျက် အပြင်ဘက်တွင် ကျွန်တော့်စာကြည့်တိုက်ရှိသည်။၅၊၆၊၇၄နေ့က စာကြည့်တိုက်စာရေးများနှင့် ကျွန်တော်ပုံမှန်အလုပ်လုပ်နေ၏။သို့သော်ထိုနေ့က စာအုပ်လာငှားသူ၊ စာအုပ်လာပြန်အပ်သူလုပ်သားများတစ်ယောက်မှ စာကြည့်တိုက်ထဲမလာကြတော့။ စက်ရုံလုပ်သားများဆန္ဒပြနေကြပြီ။ ရုံးသမားအချို့ အိမ်ပြန်ကြတော့ စက်ရုံလုပ်သားတွေက **'ကော်လန်ဖြူလူတန်းစာတွေ၊ အခွင့်ထူး ခံလူတန်းစာတွေ၊ ကြောက်တွေပြန်ကြ၊ ပြန်ကြ'**ဟု လှမ်းအော်ကြသည်။ ထို့ကြောင့် ခံစားချက်ရှိသူ ဉာဏလုပ်သားအချို့ စက်ရုံထဲဝင်ပြီး ပူးပေါင်းဆန္ဒပြ ရန် တာစူနေကြသည်။

ကျွန်တော်လည်း စာကြည့်တိုက်ပိတ်ပြီး စာရေးနှင့် အကူစာရေး၊ အလုပ်သမားလေးငါးယောက်ကို ပြန်လွှတ်လိုက်သည်။ မိမိလည်း စာကြည့်တိုက်မှ ထွက်လာပြီး အိမ်ပြန်လာ၏။ မိမိက ထိုနေ့က မပြန်၍မဖြစ်။ တောက အမေ ရောက်နေသည်။ အိမ်လည်း လောလောလပ်လပ်မီးလောင်ခံ ထားရသဖြင့် အမေ့ကို မိမိငှားနေသော ဘော်ဒါဆောင်မှာ ထားပေးရမည်။

တစ်ညလုံး မိမိတို့စက်ရုံက ဆန္ဒပြလုပ်သားများ ကြွေးကြော်သံတွေကို ကြားနေရသည်။ မိုးလင်းတော့ အမေ့ကို ယောက်ဖတို့မိသားစုနှင့်အပ်ထားခဲ့ပြီး စက်ရုံသို့လာသည်။ ပထမ ဖွဲ့စည်းထားသော (၅)ရက်နေ့က စက်ရုံဆန္ဒပြ ခေါင်းဆောင်အဖွဲ့ကို ပြန်ဖွဲ့ကြသည်။ မိမိက ပြန်ကြားရေးတာဝန်ကိုယူရသည်။ မိမိတို့စက်ရုံမှာ လူအင်အားအများဆုံး စက်ရုံဖြစ်သဖြင့် ပတ်ဝန်းကျင်စက်ရုံများနှင့်သယ်န်းကျွန်း၊ သုဝဏ္ဏ၊ ဒလ၊ မင်္ဂလာတောင်ညွန့်၊ တာမွေ စသည် စက်ရုံများက သပိတ်မှောက်ရန် လာဆက်သွယ်ကြသဖြင့် စက်ရုံပေါင်းစုံ ဗဟိုကော်မတီဖွဲ့ကြ၏။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို စက်ရုံကြီးဖြစ်သော မိမိတို့ကိုသာ စက်ရုံကိုယ်စားလှယ်တွေက တာဝန်ပေးကြသည်။ တခြားစက်ရုံတွေက ကိုယ်စားလှယ်အဖြစ်သာ တာဝန်ယူကြသည်။ (၁၅)မိနစ်တစ်ကြိမ် ဥဩဆွဲ၍ စက်ရုံချင်းဆက်သွယ်ကြရန်နှင့် ၇-၆၊ ၇၄-မနက်တွင် စက်ရုံပေါင်းစုံ ဆွေးနွေးပွဲထပ်လုပ်ရန် (၇)နာရီကို ချိန်းဆိုလိုက်ကြ၏။

ထိုနေ့ညမှာပင် ချည်မျှင်နှင့်အထည်စက်ရှေ့ အင်းစိန်သမ်းတွင်

ဆန္ဒပြ သူများကို စစ်တပ်က ပစ်ခတ်၍ လူအတော်များများသေသည်။ ဒဏ်ရာရသူများ လည်း အမြောက်အများဟု သတင်းကြားရသည်။ သေဆုံးသွားသူများထဲတွင် မိမိတို့ဂုံနီစက်ရုံမှ လုပ်သားတစ်ဦးပါသည်။ သို့သော် စစ်တပ်က ပစ်ခတ်ဖြိုခွင်း သော်လည်း ခဏသာ လူစုကွဲသွားကြပြီး လူပြန်စုကြ၊ ဆန္ဒထပ်ပြကြသည်။ စက်ရုံ လုပ်သား၊ အရပ်သား၊ကျောင်းသားလူစုံပါသည်။ ထိုသူတို့က ချည်မျှင်နှင့် အထည် စက်မှ ဆန္ဒပြနေသော စက်ရုံလုပ်သားများကို အပြင်သို့ ထွက်လာကြရန် ပြော ကြသည်။ သို့သော် စက်ရုံလုပ်သားများက သူတို့၏ စက်ရုံမှ ထွက်မလာကြ၊ တိုမှ သည်မှရောက်လာကြသော စက်ရုံလုပ်သား၊ အရပ်သားများ၊ ကျောင်းသား များ၊ ကလေးငယ်များပါ ပါသည်။ ချည်မျှင်နှင့်အထည်စက်မှ လုပ်သားများကို ခေါ်ထုတ်ကြခြင်းမှာ အင်းစိန်လမ်းမ၌ ဆန္ဒပြနေသူများနှင့် လူအင်အားပူးပေါင်း ပြီး ဝန်ကြီးများရုံးထိ ချီတက်ဆန္ဒပြကြရန်ဟု ရည်ရွယ်သည်။ ချည်စက်လုပ်သား များကလည်း စက်ရုံက သူတို့ထွက်ခွာလျှင် စက်ရုံကို စစ်တပ်က ဝင်စီးမည်။ သူတို့စက်ရုံကို လက်လွှတ်မခံနိုင်ကြသဖြင့် စက်ရုံကို ဖက်တွယ်ထားကြခြင်းဖြစ် သည်။ သို့သော် (၇. ၆. ၇၄)မနက် (၄)နာရီတွင် ဆင်မလိုက်သဘော်ကျင်းကို စစ်တပ်က ပစ်ခတ်ဝင်စီးသည်။ လုပ်သားများသေကြေကြသည်။ ထိုနေ့မနက် မှာပင် ချည်မျှင်နှင့်အထည်စက်ကိုလည်း ဝင်စီးသည်။ စက်ရုံလုပ်သားများ မသေ သော်လည်း အင်းစိန်လမ်းမတွင် ဆန္ဒပြပြည်သူလူထုအသေအပျောက်များ ကြောင်းသတင်းရသည်။

ထိုနေ့ညနေပိုင်းတွင် မိမိတို့စက်ရုံကို စစ်တပ်က လာဝိုင်းထားသည်။ ဝန်ကြီးချုပ် ဦးစိန်ဝင်း၏ ပြည်သူလုပ်သားများသို့ မေတ္တာရပ်ခံချက်စာရွက်များကို စက်ရုံလေပေါက်များမှ စစ်သည်များက အထဲကို ပစ်သွင်းပေးကြ၏။ ဝန်ကြီး ချုပ်၏ ဆိုလိုရင်းမှာ ရသင့်ရထိုက်သော အခွင့်အရေးများကို ပါတီကောင်စီမှ တင်ပြကြပါဟူသော မာတ်ပြားဟောင်းကြီးပင်။ (၆)ရက်နေ့ ညနေကပင် သက်ဆိုင်ရာတို့နှင့် မိမိတို့ တွေ့ဆုံဆွေးနွေးကြပြီး သူတို့က မိမိအလုပ်သမားထု တောင်းဆိုချက်တွေကို ရရမည်ဟု ကတိပေးလိုက်သော်လည်း ထိုနေ့မိုးချုပ်သွား သဖြင့် စက်ရုံလုပ်သားများ မည်သူမျှမထွက်ကြ၊ ညထွက်ကြလျှင် အိမ်ပြန်ရန် အခက်အခဲရှိသည်။ (၇)ရက်နေ့မနက်မှာ သဘော်ကျင်းနှင့် ချည်မျှင်စက်ရုံတို့ ကို ပစ်ခတ်ဝင်စီးသည်ဟူသော သတင်းကြောင်း တက်ကြွနေကြသော အလုပ်

သမားလုပ်ငယ်စုများသည် သွေးဆူကာ လာဝိုင်းထားသော စစ်တပ်အား သေနတ်သံတစ်ချက်ကြားတာနဲ့စက်ရုံကို မီးရှို့ပစ်မည်။ အသေခံတိုက်ပွဲဝင်ကြမည်ဟု အော်ဟစ်လာကြသည်။ စက်ရုံကသာ ထွက်ကြပါ။ ခင်ဗျားတို့တောင်းဆိုတာကို ပေးပါမည်ဟု ကတိပေးပြန်သည်။ သို့သော် တက်ကြွသွေးဆူနေကြသော လုပ်သားလုပ်ငယ်များက အယုံအကြည်မရှိ လိမ်တာညာတာများပြီး ရေဒီယိုသတင်းစာက ကြေညာမှယုံမည်ဟု အချို့က အော်ဟစ်ပြန်ပြောကြသည်။

မိမိတို့ ခေါင်းဆောင်လုပ်သူတွေမှာ လုပ်ငယ်များကို ထိန်းသိမ်းဖျောင်းဖျကြရ၊ စစ်တပ်က ဗိုလ်ကြီး၊ ဗိုလ်မှူးတွေနှင့် အပေးအယူ စကားပြောရနှင့် ရင်တထိတ်ထိတ်ဖြစ်နေကြရ၏။ မိမိတို့စက်ရုံမှာ ဂုံလျှော်အမှုန်အမွှားတွေချည်းဖြစ်သဖြင့် လုပ်သားလုပ်ငယ်တစ်ယောက်ယောက်ကများ ဒေါသကို မထိန်းနိုင်ပဲ တစ်နေရာရာက မီးတို့လိုက်သည်နှင့် နာရီပိုင်းမကြာ တစ်စက်ရုံလုံး ပြာကျသွားနိုင်သည်။ စက်ရုံထဲရှိ လုပ်သားများပင် တံခါးလေးပေါက်မှ စုပြုံတိုးထွက်ပြေးကြရန် အချိန်ရလိုက်ကြမည်မဟုတ်။

ထို့ကြောင့်လားမသိ။ စစ်တပ်ကလည်း မိမိတို့စက်ရုံကို အကြမ်းပတမ်းဝင်မစီး၊ လက်ကိုင်အသံချဲ့စက်နှင့်လည်း လုပ်သားရဲဘော်များကို ကွန်မြူနစ်တို့ ရန်ပြုရန်လာသူများ မဟုတ်ကြောင်း ရဲဘော်တို့ တောင်းဆိုချက်တွေကိုလည်း ကတိပေးပြီးဖြစ်သဖြင့် မနက်တွင် အေးချမ်းငြိမ်သက်စွာ စက်ရုံမှထွက်ကြပါရန် အိမ်ပြန်ရန်အတွက်လည်း မြို့နယ်အလိုက် စက်ရုံမှူးကိုယ်တိုင် ကားစီစဥ်နေပါကြောင်း စသည်တို့ကို တစ်ညလုံးအကြိမ်ကြိမ်ပြောနေသည်။ မိမိတို့မှာလည်း ဘယ်စက်ရုံကမှ အချက်ပေးဥသြဆွဲသံများမကြားရတော့သဖြင့် စက်ရုံအားလုံး သပိတ်လှန်သွားကြပြီဟု သိရသည်။ စစ်တပ်ကပြောသလို မနက်စက်ရုံကထွက်ကြရန် အလုပ်သမားများကို စည်းရုံးရသည်။ ဂ-ရက်နေ့ မနက်မှာစက်ရုံကထွက်ဖြစ်ကြသည်။ သူတို့ပြောသလို စက်ရုံမှူးက စီစဥ်ပေးသဖြင့် အိမ်ပြန်လာကြသည်။

မိမိတို့ ဂုံနီစက်ရုံက သပိတ်လှန်၍ထွက်လာကြသည် ဆိုမည်လား၊ တောင်းဆိုချက်များကို သက်ဆိုင်ရာက ပေးပါမည်ဟု ကတိပြုသဖြင့် အောင်မြင်စွာ ထွက်ခွာလာကြသည်ဟုဆိုမည်လား၊ ၁၃. ၆. ၇၄ မနက်မှာ ကျွန်တော့်ကို လာဖမ်းသည်။ ထောက်လှမ်းရေး (၅) က မနော်ဟရီကို ရောက်သည်။ ထိုအခါမှ မေးသံစမ်းသံကြောင့် မိမိတို့စက်ရုံကလုပ်သားများ ဖမ်းထားသည်မှာ လေးငါး

ယောက်ရှိနေပြီးကို သိရသည်။ လာဖမ်းကတည်းကပင် မျက်နှာကို ပဝါအုပ်ခေါ်လာသဖြင့် မည်သူမည်ဝါဟု မျက်နှာကိုမမြင်ရ။ အသံကိုသာ နားစွင့်၍ ခန့်မှန်းရ၏။ အိပ်ရာလိပ်ရှေ့ချပြီး ခေါင်းပဝါချနှင့် ငုတ်တုတ် ထိုင်ခိုင်းထားသည်။

မိမိကို လာဆွဲခေါ်ပြီး အခန်းတစ်ခုအရောက်မှာ ဆွဲခေါ်လာသူက ပဝါကို ဖြုတ်လိုက်သည်။ ကုလားထိုင်တွင် ခြေယှက်၍ ဗိုလ်မှူးငစွေစောင်း (ကျွန်တော် တို့အခေါ်) ထိုင်နေ၏။ သူနှင့်မိမိက စိမ်းသူမဟုတ်။ ပါတီကောင်စီပွဲများတွင် မြင်နေတွေ့နေကျ။ ပြုံးပြ၊ ခေါင်းညိတ်ပြ၊ ဆုံနေကြ။ ထို့ကြောင့် သူကလည်း "ထိုင်ပါ" ဟု ပြောသောအခါ သူ့ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်၏။ သူ့ကိုပို၍ မှတ်မိနေသည်မှာ မျက်လုံးစွေစောင်းနေ၍ ဖြစ်၏။

"ဆရာကျော့ လခဘယ်လောက်လဲ "

" တစ်ရာ့ခုနစ်ဆယ်ငါးကျပ်ပါ ဗိုလ်မှူး "

" အသံတွေဘာတွေတောင် ဝင်လို့ပါလား တော်တော်အော်ထားနဲ့တူတယ်"

" ကျွန်တော်တို့က အော်တဲ့အဆင့်မဟုတ်ပါဘူး"

မိမိက အမှန်အတိုင်းပြောလိုက်၏။ အသံတိုးနေသည်မှာ မနက်ကပင် ဘာမှမစားခဲ့ရ။ ဗိုက်ဆာပြီး လူကနွမ်းနေ၍ဖြစ်သည်။ အော်တဲ့အဆင့် မဟုတ်ဘူး ပြောလိုက်ခြင်းမှာ မှန်သော်လည်း ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်လိုက်မှန်း သတိမထားလိုက်မိ။

" သိပါတယ်ဗျာ. . . ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဆိုတော့ စက်ရုံဆန္ဒပြမှုနဲ့ ပတ်သက်ပြီး အားလုံးသိမှာပေါ့၊ စက်ရုံပေါင်းစုံ ပြန်ကြားရေး တာဝန်ခံဆို "

" ဟုတ်ပါတယ်"

" ကဲ ဘယ်လိုကစဖြစ်ပြီး ဘာတွေတောင်းဆိုလို့ နောက်ဆုံးထိ ပြောပြပါ"

မိမိပြောပြသည်ကို တပ်ကြပ်ကြီးနှစ်ယောက်က လိုက်ရေးကြသည်။ စက်ရုံပေါင်းစုံ ဗဟိုကော်မတီတွေကို မေးသည်။

" လူနာမည်တွေတော့ ကျွန်တော်မမှတ်မိတော့ဘူး။ ကျွန်တော်တို့စက်ရုံ

ဇဟိုကော်မတီစာရင်းနဲ့ တောင်းဆိုချက်တွေကို ပါတီယူနစ်နဲ့ ကောင်စီကို ဆန္ဒပြတုန်းကပင် ပို့ထားတာပဲ၊ ဗိုလ်မှူးတို့လည်း ရပြီးနေမှာပါ။"

" မင်းတို့ပို့တဲ့ထဲမှာ တောင်းဆိုချက်ပဲပါတယ်။ ကော်မတီစာရင်း မပါဘူး"

မင်းနှင့်ငါနှင့် ဖြစ်လာ၏။

" ပို့တာတော့အမှန်ပဲ။ ပါမပါ ကျွန်တော်မသိ"

" မေးရင်ကောင်းကောင်းပြောကွ"

ကောင်းကောင်းပြောနေကျရင်းက ဗိုလ်မှူးငွေစောင်းအသံမာလာ၏။

"ကျော်သက်နဲ့ ကြည်ငွေတို့က ဇကပယူဂျီတွေဆိုတာ မင်းမသိဘူးလား မင်းမေးလိုက်ရင် မသိတာချည်းဘဲ။ကြည်ငွေက မင်းစာကြည့်တိုက်ကပဲ

ကိုကြည် ငွေမှာ စက်ရုံထဲက အလုပ်ကြပ်၊ စာပေဝါသနာပါ၍ စာကြည့်တိုက်မှာ လုပ်ချင် သည်ဆိုသဖြင့် ကျွန်တော်ခေါ်ထားသူ ကြည်ငွေနှင့်ကျော်သက်တို့ မည်သို့ မည်ပုံ စည်းရုံးထဲ၌ လှုပ်ရှားကြသည်ကို အမျိုးမျိုးမေး၏။ မိမိက စာကြည့်မှူး စာကြည့် တိုက်နေသူမို့မသိဟုပြောရ၏။ ၇၀ ခုနှစ် နေ့စား၊ လစာနှုန်းနှင့် ပြဿနာဖြစ်တုန်းကလည်း မိမိစာကြည့်တိုက်က ဦးသီဟန် ၊ သူလည်း အလုပ်ကြပ်က စာကြည့်တိုက်ရောက်လာသူ၊ ထို့ကြောင့် သူတို့ အကြောင်းချည်း အမျိုးမျိုး လှည့်ပတ်မေးသည်။ ဆန္ဒပြမှုတွင် မိမိ၏ ပယောဂ ပါသည်ဟု ထင်နေပုံရ၏။ နောက်ဆုံး ဘာမှ မေးမရသောအခါ -

" ဒီမှာ ငါမေးမယ်၊ မင်းလခ ဘယ်လောက်ရတယ်"

" တစ်ရာ့ခုနစ်ဆယ်ငါးကျပ်ပါ"

"စာအုပ်တစ်အုပ်ရေးရင်ကော"

"ထောင့်ရှစ်ရာ ၊ နှစ်ထောင်ရပါတယ်"

"ဩ. . . အေးအေး။ လခကလည်း တစ်ရာ့ခုနစ်ဆယ်ငါးကျပ် ၊ စာအုပ် တစ်အုပ်ကလည်း ထောင့်ရှစ်ရာနှစ်ထောင် ၊ မင်းစာအုပ်လစဉ်ထွက်နေတာ ငါ တို့သိတယ်။ မင်းမှာသားမယားမိသားစုလည်း မရှိဘူး။ ဒါလည်း မင်းက ထမင်း ငတ်လို့ ဆန္ဒပြရတယ်ဆိုတာ ငါတို့ ယုံရမှာလားကွ၊ ပြောစမ်း။ ငါဆို လခခုနစ်ရာ ပဲရတယ်"

"ကျွန်တော်တစ်ယောက်ထဲအတွက် ပြောတာမဟုတ်ဘူးလေ ဗိုလ်မှူး

စက်ရုံလုပ်သားတွေက တစ်လဆန်တစ်ပြည်ပဲရတော့ တကယ်ငတ်နေကြလို့ ဆန္ဒပြ . . ."

" တော်တော်၊ မင်း ဒါ သောက်စကားလုပ်မပြောနဲ့၊ မင်းတကယ်ငတ်နေရင် ငါ့လာပြော၊ တို့အချိန်မရွေးလုပ်ပေးမယ်၊ အလုပ်သမားတွေအတွက်ဆိုတာ သည့်မပြောနဲ့၊ အများအတွက်ဆိုတာ မင်းလိုကောင်မျိုးမပြောနဲ့ ၊မင်းတို့အဖေ နေဝင်းကြီးတောင် လုပ်မပေးနိုင်ဘူးကွ၊ ကိုယ့်စာကိုယ်ရေးပြီး အေးအေးနေတာမဟုတ်ဘူး၊ ဘာလို့ အလုပ်သမားတွေဆန္ဒပြတဲ့ထဲ ဝင်ပါရတာလဲ၊ မင်းကလောင်တုံးသွားမယ်နော် ၊ ဘာမှတ်လဲ"

ဗိုလ်မှူးငွေစောင်းက ဘီလူးထွက် ထွက်လာ၏။ သူ့ဆီတယ်လီဖုန်းကလည်း ခဏခဏလာသဖြင့် ထသွားလိုက် ၊ ပြန်လာမေးလိုက် ၊ " မင်းလိုကောင်မျိုး . . . . " ဟူသော သူ့စကားမဆုံးမီ တယ်လီဖုန်းလာသဖြင့် ထသွားပြန်၏။ ကံကောင်းသွားသည်ဟုဆိုရမည်။

သူ့စကားထဲ၌ မင်းငတ်လျှင် လာပြော လုပ်ပေးမယ် ဆိုတာမှန်၏။ သူတို့ ထောက်လှမ်းရေးကို သတင်းပေးသတင်းယူ လုပ်နေသူများကို ထိုစဉ်က ထောက် လှမ်းရေးသည် အရိုးအရင်းလေးပေးထား၏။ စက်ရုံလုပ်သားကိစ္စ ၊ အများကိစ္စ လာမပြောနှင့်ဆိုခြင်းမှာလည်းမှန်၏။သူတို့တည်ဆောက်နေကြသော ဆိုရှယ်လစ် စနစ်သည် ကိုယ်ရကိုယ်ယူစနစ်ပင်။ ဘယ်သူသေသေ ငတေမာပြီးရော။ မင်းတို့ အဖေ နေဝင်းကြီးတောင် လုပ်မပေးနိုင်ဘူး ဆိုသည်မှာလည်းမှန်၏။ ဘာလုပ် ပေးနိုင်မည်နည်း။ နေဝင်းကြီးစိတ်ထဲတွင် မယားပြီး မယားသာရှိတော့၏။ မိမိ အား မင်းတို့အဖေဟု ပြောခြင်းမှာ မိမိသည် စက်ရုံကလပ်စည်းနံပါတ် (၁) စက်ရုံမှူးဗိုလ်မှူးကြီး (ငြိမ်း) မိုးကျွေးကိုယ်၏ ကလပ်စည်းတွင်ပါပြီး ဆိုရှယ်လစ် တင်းပြည့်တောင်းပြည့် ပါတီအမာခံမှန်းသိ၍ ပြော၏။ သူက လခ ၇၀၀ သာ ရသည်ဟု ပြောသည်မှာလည်း မှန်၏။ သို့သော် သူတို့လူတန်းစားအတွက် ပဒုမ္မာသီးသန့်ဆိုင်မှ သူတို့သုံးသုံး၊ မသုံးသုံး၊ နို့ဆီ၊ သကြားကစ၍ ရေခဲသေတ္တာအဆုံး ထုတ်ချင်သလိုထုတ်၊ ပြန်ရောင်းချင်သလို ရောင်း၍ အပိုရနေကြသော ငွေတွေ မှာ ထောင်ချီသောင်းချီ ရှိနေကြသည်။

မေးလိုက်စစ်လိုက် ထသွားလိုက်နှင့် ၁၂ နာရီကျော်ပြီး မနက်က ဘာမှ

မေးလိုက်စစ်လိုက် ထသွားလိုက်နှင့် ၁၂ နာရီကျော်ပြီး မနက်က ဘာမှ မစားခဲ့ရသဖြင့် ဗိုက်ကအရမ်းဆာနေပြီး ကြက်သားချက်နံ့မွှေးလာတော့ မိမိ တို့

ဖမ်းဆီးထားသော အလုပ်သမားတွေကို တနေ့တည်းမှာအောင် တွေ့မလားပင် ထင်မိ၏။ မဟုတ်ပါ။ သူတို့စစ်ကြောနေရာ အာဏာပါးတွက်သားများ စားဖို့ချက် ကြခြင်းသာ။ တစ်နာရီကျော် နှစ်နာရီနီးပါးတွင် ဂတ်တောပိုတို့၏ ဌာနချုပ်ဖြစ် သော ရေကြည်အိုင်ကို ပို့လိုက်၏။

ရေကြည်အိုင်တွင်လည်း ခွေစဉ်ခုနစ်ဆက်၊ မြို့စဉ်ခုနစ်ဆက်ကို ညည ခေါ်ထုတ်၍ စစ်တမ်းယူ၏။ တစ်ချို့အလုပ်သမား (အထူးသဖြင့် သူတို့က ဗကပ အမာခံယူဆိုတွေနှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသူများ) ကိုရိုက်နှက် စစ်ဆေးသည့်အပြင် အင်္ဂလိပ်တိုက်၊ ပန်းခင်းလမ်း၊ မော်တော်ဆိုင်ကယ်စီး၊ ဟယ် လီကော်ပတာစီး၊ နောက်ဆုံးတွင် ရေစက်ချအမှုဝေ၊ နန်းထိုင်ဖားလို အောက်ပြန် ရေသောက်လာရသော အလုပ်သမားများပင်ရှိသည်။

မိမိအနေကမူ မည်သည့်ပယောဂမှ မရှိသဖြင့် တစ်ချက်သာနရင်း ရိုက်ခံ ခဲ့ရ၏။ ဤသည်မှာလည်း ကိုကြည်ငွေ၊ ကိုသိဟန်တို့က စာကြည့်တိုက်တွင် မိမိခေါ်ထားသူတွေဖြစ်သဖြင့် စက်ရုံထဲဆင်းပြီး စည်းရုံးလှုံ့ဆော်နိုင်းသည် အထင်နှင့် ရိုက်ခြင်းဖြစ်သည်။

ရေကြည်အိုင်ရောက်ပြီး တစ်လလောက်အကြာတွင် အင်းစိန်ထောင်ပို့ သည်။ တိုက်ထဲတစ်ယောက်စီထည့်ထား၏။ ထောင်ထဲရောက်တော့လည်း အထပ် ထပ်အခါခါ တိုက်ထဲက ခေါ်ထုတ်ပြီးစစ်သည်။ မိမိတစ်ယောက်ထဲကိုမဟုတ်။ မိမိစက်ရုံက အလုပ်သမားတွေကိုချည်းမဟုတ်။ မိမိနှင့်တစ်ခန်းကျော်မှ လုပ်သား သတင်းစာတိုက်မှ အင်္ဂလိပ်စာပြင်ဆရာကိုအောင်ထွန်းကို တစ်နေ့လာခေါ်ထုတ် သွားသည်။ နှစ်ရက်သုံးရက်ကြာ၍ တိုက်ထဲပြန်ရောက်မလာတော့ ကျွန်တော်တို့ က ကိုအောင်ထွန်းလွတ်သွားပြီဟု ထင်၏။ သုံးလေးရက်ကြာတော့ သူ့တိုက်ခန်း ထဲ သူပြန်ရောက်လာ၏။

တိုက်ထဲတွင် မိမိတို့ နှစ်လလောက်အကြာမှာ ပုဒ်မ ၁၅/၁ နှင့် တရား စွဲသည်။ မိမိတို့ စက်ရုံက လူ ၃၉ ဦးဖမ်းသည်မှာ နှစ်ဆယ်ကို ထိုနေ့မှာပင် ပြန်လွှတ်လိုက်သည်။ပြီးတော့ ၄ ဆောင်ကိုပို့၏။ ၄ ဆောင်ရောက်၍ ခြောက် လခန့်အကြာတွင် ကျောင်းတော်သားတွေ၏ ဦးသန့်အရေးအခင်းဖြစ်သည်။

"ဘာရမလဲ နေဝင်းကွ၊ ဗိုလ်ချုပ်ကွ၊ ရဲဘော်သုံးကျိပ်ဝင်ကွ ဖက်ဆစ် ဂျပန်တွေကို တိုက်လာသူကွ၊ အင်္ဂလိပ်ကိုလည်း တိုက်လာသူကွ၊ မယားပြီး မယား နဲ့လည်း အားဖြည့်ထားသူကွ၊ မင်းတို့လို ငမျောက်ငချောက်တွေလာလုပ်မနဲ့

စစ်သားကွ၊ သေနတ်ဒိုးပေါ်ထောင်ပစ်တဲ့လူမဟုတ်ဘူး ဒီလိုပွဲမျိုး ၆၂ ခုနှစ်ကပင် နွှဲလာတာ အံ့ခွနေပြီ၊ တက္ကသိုလ်ဝင်းကြီးတစ်ခုလုံးကို စစ်တပ်နဲ့ဝိုင်းပြီး ကျောင်းသားရော အရပ်သားရော ဘုန်းကြီးတွေရော ဈေးသည်တွေရော သတ်ဖြတ်စုပြုံဖမ်းကာ ကားပေါ်တင်ပြီး အင်းစိန်ထောင်ထဲလာထည့်၏။

ရောကောသောကော စုပြုံဖမ်းလာတော့ ထောက်လှမ်းရေးစစ်ကြောရေးတွေကလည်း စစ်မကုန်နိုင်၊ ညမအိပ်ရ နေ့မအားရ ဒီကြားထဲ ဗိုလ်မှူးကတော်တွေ ဈေးသည်တွေနှင့် ဒေါ်လာဒေါ်ညာ ဘုန်းကြီးတစ်ပါးလည်းပါ၏။ ဦးသန့်ကို ဂါရဝလာပြုကြသော ဗိုလ်မှူးကတော်တွေ ကိုတော့ ဦးဆုံးပြန်လွှတ်သည်။ ဈေးသည်တွေကို စစ်ဆေးလွှတ်ဖို့ အလှည့်မကျနိုင်သေး။ ဈေးသည်တွေထဲမှာ ၁၃နှစ် သားအရွယ် မသန်မစွမ်း ပိုလီယိုကောင်လေးတစ်ယောက်လည်း ပါလာ၏။ ထို ကောင်လေးက တက္ကသိုလ်ဝင်းထဲမှာ နို့အေးချောင်းရောင်းသူ၊ ထိုကောင်လေးကို ထမင်းကျွေးဖို့ထုတ်ရ၊ ထမင်းစားပြီး ပြန်ပို့ရသောအခါ ကယိုင်ကပါး အရက်မူး သမားထက်ဆိုးရွားစွာ ယိမ်းကသွားနေရသဖြင့် အသွားရောအပြန်ပါ တော်တော် နှင့် အခန်းထဲ၊ ထမင်းစားရာထဲ မရောက်နိုင်။ နောက်တစ်သုတ် နောက်တစ်သုတ် နောက်တစ်သုတ်ကလည်း ထုတ်ရ/ပြန်ပို့ရဦးမည်။ ဒီတော့ ဒီကောင်လေးကို ထုတ်ရပြန်ပို့ရတိုင်း တပ်ကြပ်ကြီးသိန်းမြိုင်က စိတ်မရှည်တော့။ ထိုအခါ စိတ်ပေါက်ပေါက်နှင့် ဒေါသတကြီး ခုနစ်သံချီအော်တော့၏။ “ဦးနေဝင်းရေ . . . ခင်ဗျားကို တော်လှန်လို့ ဖမ်းလာတဲ့လူကိုလည်း လာကြည့်ပါအုန်းဗျို့. . . တဲ့”။

ဦးသန့်အရေးအခင်းပြီးသွား၍ နောက်ခြောက်လအကြာ ၁၉၇၄ ဇွန်အရေးအခင်းနှစ်ပတ်လည်ထပ်ဖြစ်ပြန်၏။ ဤတစ်ခါတော့ ကျောင်းသားနှင့် အလုပ်သမားများ ပေါင်းစည်းမိကြပြီး ထောင်ကိုလာဝိုင်းကြတော့သည်။ ထိုအချိန်က ကျွန်တော်တို့ ၄ ဆောင်အပေါ်ထပ်တွင် ရှိနေကြ၏။ ကြို့ကုန်းအင်းစိန်ဘက်မှ ကြွေးကြော်ချီတက်လာကြသံကို အတော်ဝေးဝေးကပင် ကြားနေရ၏။ ရာဇဝတ်အကျဉ်းသားများအားလုံးကို အိပ်ဆောင်ထဲ ဝရန်းသုန်းကားသွင်း၍ သော့ခပ်ပိတ်ထားသည်။ တောင်ယာဆင်းနေကြသူ အချို့ကို အချိန်မီမသွင်းလိုက်နိုင်ကြ၍ တောင်ယာထဲ၌ပင် ရှိနေကြပုံရ၏။ မိမိတို့အလုပ်သမားများကမူ ရေချိုးချိန်နှင့် ထမင်းစားချိန်ကလွဲပြီး အမြဲအခန်းပိတ်ထားသဖြင့် အခန်းထဲ၌ပင် ရှိနေကြသည်။

နေဝင်းအစိုးရကိုတော့မသိ။ ထောင်အာဏာပိုင်များကတော့ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြသည်။ သူတို့ကိုလည်း တာဝန်ကျရာအဆောင်တိုင်းတွင် အတွင်းတံတိုင်းပေါက်ထဲသွင်းပြီး သော့ခပ်ပိတ်ထားသည်။ ထောင်ပတ်လည်ကို ဝိုင်းထားသော အုတ်နံရံ၏ အပြင်ဘက်တွင်တော့ စစ်သားတွေကို တစ်ယောက်မှ မမြင်ရပေ။ အုတ်နံရံအတွင်းဘက် ပတ်ပတ်လည်မှာတော့ စစ်သားတွေက လက်နက်အပြည့်အစုံနှင့် အပြည့်ပတ်လည် စောင့်နေကြ၏။

ထောင်ဝန်ထမ်းများ မည်မျှကြောက်ရွံ့တုန်လှုပ်သွားကြသနည်းဆိုလျှင် ကျွန်တော်တို့အဆောင်တွင် တာဝန်ကျသော ဝါတာတစ်ယောက်က သံတိုင်ပေါက်တံခါးနားပြေးလာပြီး သူ့အတွက် အင်္ကျီတစ်ထည်နှင့်လုံချည်တစ်ထည်ကို သံတိုင် တံခါးပေါက်ကြားလုံးလိပ်ပြီး ထိုးပေးထားပါဟုဆို၏။ တကယ်လို့များ ဆန္ဒပြလူအုပ်ကြီးက တံခါးမကြီးကို တွန်းဖွင့်ပြီး အတွင်းထဲဝင်ရောက်လာကြလျှင် ယူနီဖောင်းနှင့်မို့ သူ့အသတ်ခံရမည်။ ထိုသို့ အခြေအနေဖြစ်လာလျှင် အင်္ကျီပုဆိုးလဲဝတ်ပြီး မိမိတို့နှင့် အတူရောနေပါရစေဟု ငိုသံပါကြီးနှင့် ပြောလာ၏။ သူ ယခုအဆောင်အပြင်ဘက်ကို ထွက်၍မရ။ စစ်တပ်က သူတို့အားလုံးကိုလည်း တာဝန်ကျရာ အဆောင်တိုင်းတွင် သော့ခပ်ပိတ်လှောင်ထားသည်။ သူ့တစ်သက်တွင် ဤသို့ အင်းစိန်ထောင်ကို လူအုပ်နှင့် လာဝိုင်းသည်ကို တစ်ခါမှ မကြုံဖူးမတွေ့ဖူးဟု ပြောပြ၏။

ထိုဝါတာမှာ မိမိတို့နှင့် ရင်းနှီးနေကြပြီး ရေနွေးယူခိုင်း၊ ဟင်းနွှေးခိုင်း၊ ဆေးလိပ်ပြတ်လျှင်လည်း ဝယ်လာပေးခိုင်းရသူဖြစ်သဖြင့် မိမိတို့ကလည်း သူပြောသလို အဆင်သင့်လုပ်ထားပေးရသည်။ ထိုနေ့က ၁၉၇၅ ခုနှစ် ဇွန်လ ၉ ရက်နေ့လားထင်၏။ ဆန္ဒပြလူအုပ်ကြီးသည် မိမိတို့ နံနက်စာ ထမင်းစားပြီးလောက်တွင် တောင်ပတ်လမ်းကို ရောက်လာကြသည်။ သူတို့၏ ကြွေးကြော်သံကို မိမိတို့က အတိုင်းသားကြားနေရသည်။

**"အဖမ်းခံ အလုပ်သမားများ လွတ်မြောက်ရေး ဒို့အရေး-ဒို့အရေး"**

**"အဖမ်းခံကျောင်းသားများ လွတ်မြောက်ရေး ဒို့အရေး- ဒို့အရေး"**

**"ကျောင်းသားသမဂ္ဂပေါ်ပေါက်ရေး ဒို့အရေး- ဒို့အရေး"**

**"အမေကမွေး ၊ထောင်ကကျွေးဟော့၊ အင်းစိန်ထောင်ကြီး ထပ်ချဲ့-ထပ်ချဲ့"**

**"ရေကြည်အိုင်လဲ ထပ်ချဲ့- ထပ်ချဲ့"**

**"နေဝင်း နေဝင်း အို့. . အို့"**
**"စန်းယု စန်းယု အို့. . အို့"**
**" အရေးတော်ပုံ အောင်ရမည် အောင်ရမည်"**

သူတို့အော်သံကြားတော့ မိမိတို့လည်း စိတ်ခါတ်တက်ကြွပြီး တစ်ချိုးလိုက် အော်ကြသည်။ ဤသည်ကို မိမိတို့ဆီတွင် ပုဆိုးအကျီတောင်းထားသော ဝါတာက " မအော်ကြပါနဲ့ဗျာ ၊ တံခါးမကြီးဖွင့်သွား တာနဲ့ ခင်ဗျားတို့ကို ချက်ချင်း သော့ဖွင့်ပေးပါ့မယ်၊ အခန်းသော့တွေ ကျွန်တော့လက်ထဲမှာရှိပါတယ် ၊ဒီမှာ" ဟု သော့တွဲကိုပြ၍ပြောဏ်။

ဆန္ဒပြ အလုပ်သမား၊ ကျောင်းသားများသည် ထိုကြွေးကြော်သံနှင့် အခြား စာရွက်စာတမ်းများကို ခဲလုံးနှင့် ထုပ်၍ အုတ်တံတိုင်းကိုကျော်ကာ ထောင်ထဲပစ်သွင်းကြသည်။ အဆောင်အခန်းထဲ အချိန်မီ မသွင်းမပိတ်လိုက်ရသော တောင်ယာဘက်က ဝါတာတွေနှင့် ရာဇဝတ်သား တောင်ယာဆင်းနေသူအချို့ ရကြ၏။ ထိုကြွေးကြော်သံနှင့် စာရွက်စာတမ်းများကို စစ်တပ်၊ ထောက်လှမ်းရေးတို့က ချက်ချင်းဖျောက်ဖျက်ခိုင်းလိုက်ကြပုံရသည်။ ကျွန်တော်တို့က တစ်ရွက်မှ မဖတ်လိုက်ကြရ။

ဆန္ဒပြလူထုက ထောင်ကိုတစ်ပတ်လှည့်အော်ဟစ်ကြွေးကြော်ပြီး ရန်ကုန်ဘက်ကို ပြန်ချီတက်သွားကြ၏။ ထောင်တံခါးမကြီးကိုတော့ ဝါတာငကြောက်ကြီး ပြောသလို တွန်းမဖွင့်ခဲ့ကြ။တွန်းဖွင့်၍ တံခါးမကြီးပွင့်သွားလျှင်လည်း မောင်း ပြန်သေနတ်တွေနှင့် အတွင်းဘက်က အသင့်စောင့်နေသော စစ်တပ်ကပစ်၍ အကုန်သေကုန်မည်။ နေဝင်းကိုဘာမှတ်လို့။

ရန်ကုန်ဘက်ကို ချီတက်သွားကြသော ဆန္ဒပြကျောင်းသားများ ရွှေတိဂုံမှာ စခန်းချကြကြောင်း နောက်တော့သိရ၏။ ၃ ဆောင်ကို ပြောင်းရသောအခါ ရွှေတိဂုံသပိတ်စခန်းမှ ကျောင်းတော် သားများ၏ နာယကကြီးဖြစ်သူ ဗိုလ်ကြီးဟောင်း ဦးသန်းတင် (စကြဝဠာ)နှင့် တစ်ခန်းထဲနေခဲ့ရသေး၏။

ဘယ်ရမလဲ နေဝင်းအစိုးရကလည်း ထုံးစံအတိုင်း သတ်ဖြတ်နှိပ်ကွပ်ထောင်ထဲပို့လုပ်ချလိုက်ပြန်၏။ သို့သော် ထိုစိတ်ဓါတ်ကား ကျောင်းတော်သားများ၌ ပျောက်မသွား။ ထိမထင် ကျောင်းတော်သားတွေက မှိုင်းရာပြည့် မီး မောင်း အစ္စလေ၊ တပ်ဦး၊ ရေပူစီးကြောင်း စသည်ဖြင့် ဆက်တိုက်ဆက်တိုက်

ပေါ်ပေါက်လာခဲ့သည်။ ဘာရမလဲကွ နေဝင်းပဲ အကုန်ဖမ်း ပစ်ခတ်သတ်ဖြတ်၊ ကျန်သူတွေကို အကုန်ဖမ်းပြီး ထောင်ထဲထည့်။ ဘာတတ်နိုင်သေးလဲပဲပေါ့။ သို့သော် ထောင်ထဲရောက်တော့လည်း ထိုမထင်ကျောင်းတော်သားတွေက အစာ ငတ်ခံ ဆန္ဒပြ။ ပုံစံမထိုင်၊ အလုပ်ကြီးမဆင်း။ စသည်ဖြင့် တိုက်ပွဲအမျိုးမျိုးကို ထောင်ထဲ၌ပင် အကွဲအပြဲ၊ အကျိုးအပဲ့၊ အသေအကြေခံ၍ နေဝင်းအစိုးရကို အာခံလာခဲ့ကြောင်း စစ်အစိုးရချုပ်ငြိမ်းသွားသည်ထိဟု ဆိုရပေမည်။

မိမိတို့သည် ၁၉၇၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အင်းစိန်ထောင်ထဲ နေခဲ့ ကြရသည်။ ဦးသန့်ရွှန်နှစ်ပတ်လည် မှိုင်းရာပြည့်၊ မီးမောင်း၊ အရှေ့လေ၊ တပ်ဦး၊ ရှေ့ဆီးကြောင်း အစရှိသော တော်လှန်ရေးသမား ကျောင်းသား၊ အရပ် သားအစုံနှင့် သက္ကရာဇ်ခုနစ်ခုထိ အထူးနေခဲ့ကြရ၏။ ထို့ကြောင့် ထောင်ထဲက သပိတ်တိုက်ပွဲများ အကြောင်းကိုတော့ ဤစာစု၌ မရေးတော့ပါ။ ကျောင်းတော် သားများကလည်း ရေးကြဦးမည်ဆိုသဖြင့် ဤမျှနှင့်သာ။

စာအုပ်ကြော်ငြာသည်ဟုတော့ မထင်စေချင်။ မိမိတို့နှင့် သက်ဆိုင် သူများကို သတင်းစကားပါးခြင်းသာ။ ထိုကာလတစ်လျှောက် မိမိကိုစဖမ်းသော ၁၃. ၆. ၇၄ မှ ၁၉၈၀ ပြည့်နှစ်အထိ အကျဉ်းသားဘဝအတွေ့အကြုံများနှင့် ထောင်တွင်း၌ ပြေတိုက်ပွဲ၊ ဝါတာဂိတ်တိုက်ပွဲနှင့် ပုံစံကိုင်ခံကြရပုံကို ကိုမြတ်ခိုင် (သူကြီး) လျှပ်တပြက်ဂျာနယ်တွင် ရေးပြီးပြီဖြစ်၍ မကြာမီ ထောင်ထဲမှာ အတူနေ၊ အတူအနှိပ်စက်ခံခဲ့ရသည့် (ထောင်ပြန်အကျဉ်းသားဟောင်း) ကျောင်းသားခေါင်းဆောင်ကိုကျော်အောင် (ရွှေပြည်တန်) က လုံးချင်းထုတ်ပါလိမ့်မည်။

လုပ်သားကြီး ရဲဘော်များနှင့် ကျောင်းတော်သားများအားလုံးကို လေးစားလျက် . . . .

ဖိုးကျော့

# (၁၉၇၄)ခု ဇွန်လ ဂုံနီစက်ရုံ နောက်ဆက်တွဲသပိတ်တိုက်ပွဲ

လှမြင့် (ဂုံနီ)

(၁၉၆၂)ခုနှစ်မှ (၁၉၇၄)နှစ်အထိ အုတ်ကျင်းဂုံနီစက်ရုံ ချည်မျှင်ဌာနတွင် လုပ်သည်။ (၆. ၆. ၇၄)ခုနှစ် အလုပ်သမားများ ဆန္ဒပြပွဲတွင် တက်ကြွစွာ ပါဝင်ခဲ့ပြီး စက်ရုံ (၃)လပိတ်ပြီး ပြန်ဖွင့်သည့်အခါ အလုပ်သမားများ စက်ရပ်ပြီး အလုပ်မလုပ်ကြရန် အလုပ်သမားများအား စည်းရုံး၍ စက်များ မလည်သည့် အတွက် စက်ရုံအုပ်ချုပ်ရေးမှူး ဒုဗိုလ်မှူးကြီးသိန်းမောင်မှ ခေါ်ယူမေးမြန်းသည့်အခါ (၆. ၆. ၁၉၇၄)ခုနှစ်၊ အဖမ်းခံထားသော အလုပ်သမားခေါင်းဆောင်များ ပြန်လွှတ်ပေးရန် လည်းကောင်း၊ အလုပ်သမား များရပိုင်ခွင့်များ အပြည့်အဝရရှိရေးကို လည်းကောင်း၊ ကုန်ဈေးနှုန်းများ ကျဆင်းရေးကို တောင်းဆိုခဲ့ပါသည်။ စက်ရုံမှူး ဒုဗိုလ်မှူးကြီး သိန်းမောင်မှ ပြန်ပြောသည်မှာ အလုပ်သမားများ တောင်းဆိုမှုကို အထက်သို့ တင်ပြပေးမည်ဟု ပြန်ပြောကြောင်း အလုပ်သမား ကောင်စီမှ ပုဂ္ဂိုလ်များအား မကြိုက်ကြောင်းလည်း ပြန်ပြောပါသည်။ အမှု စစ်ဆေးသောအခါ သက်သေအဖြစ် ရုံးတော်မှဆင့်ခေါ်သည်။

အလုပ်သမားများအား ထောင်ဒဏ်အဖြစ်ပေးသည့်ကိစ္စ သက်သေအဖြစ်မထွက်ဆိုနိုင်သည့်အတွက် အစိုးရသက်သေအဖြစ် မလာရောက်နိုင်ကြောင်း စက်ရုံမှူး ဒုဗိုလ်မှူးကြီးသိန်းမောင်က ငြင်းသည်။ ဒုဗိုလ်မှူးကြီး သိန်းမောင်လည်း အစစ်ဆေးခံရပြီး ပင်စင်အပေးခံခဲ့ရပါသည်။ (၂၂. ၁၀. ၁၉၇၄)ခုနှစ်တွင် ကျွန်တော်အဖမ်းခံခဲ့ရပါသည်။ ကျွန်တော်တစ်ဦးတည်း ထောင်(၁၀)နှစ် အပြစ်ပေးခံခဲ့ရပြီး ကျွန်တော်နှင့်အတူ (၁၉၇၄)က အလုပ်သမားလှုပ်ရှားမှုတွင် ဦးစံဝင်း၊ ဦးစံမြင့်၊ ဦးသန်းအေး၊ ဒေါ်ခင်စိန်၊ ဦးစံလင်းနှင့် မမှတ်မိနိုင်သူ တစ်ဦး အလုပ်မှ ထုပ်ပယ်ခံခဲ့ရပါသည်။ (၂၆. ၅. ၈၀) ပြည့်နှစ်တွင် ဂိုဏ်းပေါင်းစုံသံဃာ အစည်းအဝေးအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သည်။

လှမြင့် (ဂုံနီ)

# ၁၉၇၅ ဂုံနီစက်ရုံအလုပ်သမား နှစ်ပတ်လည် သပိတ်ဖြစ်စဉ်

ကျော်လှိုင် (အလုပ်ကြပ်)

(၁၉၇၅)ခုနှစ်၊ အလုပ်သမားသပိတ်ဖြစ်ရခြင်းအကြောင်းကတော့ ကျွန်တော်တို့ ဂုံနီစက်ရုံမှာ (က)အလှည့်နှစ်ဆိုင်းပေါင်း အလုပ်သမားလေးထောင်ကျော် ငါးထောင်ခန့်ရှိပါသည်။ ထိုအလုပ်သမားများသည် နေ့စားအလုပ်သမားတွေ မဟုတ်ဘဲ လခစားဝန်ထမ်းများ ဖြစ်ကြပါသည်။

သို့ပါသော်လည်း မ. ဆ. လ စစ်အစိုးရမှ အလုပ်သမားများအား လခနှင့်မပေးဘဲ အလုပ်သမားများထုတ်လုပ်သော ပစ္စည်းအရေအတွက်ကို တွက်ချက်၍ ယာယီနှုန်းထားဖြင့် လုပ်ခပေးပါသည်။ ၎င်းတို့ပေးသော ယာယီလုပ်ခလစာငွေမှာ မူရင်းလစာငွေကိုမမီဘဲ လုပ်ခလစာငွေလျော့နည်းနေသဖြင့် အလုပ်သမားများမှာ စားဝတ်နေရေး မပြေလည်ဘဲ လုပ်ငန်းခွင်မှာ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲမှု တွေ့ကြုံနေရပါသည်။

ထိုကဲ့သို့ အလုပ်သမားများ လုပ်ငန်းခွင်မသာယာဘဲ စိတ်ဆင်းရဲမှုနှင့် တွေ့ကြုံနေရပုံများကို တာဝန်ရှိသူ အလုပ်သမားကောင်စီ မ. ဆ. လ ပါတီ၏ ပါတီခေါင်းဆောင်များနှင့်စက်ရုံ၏အုပ်ချုပ်ရေးပိုင်းအရာရှိများကို အကြိမ်ကြိမ် အခါခါ တာဝန်သိသူများက တင်ပြခဲ့ကြပါသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် နိုးကြားတက်ကြွသော မဟုတ်မခံ ချင်စိတ်ရှိသော အလုပ်သမားများ၏ ဆင်းရဲဒုက္ခကို လွတ်မြောက်လိုသော ခေါင်းဆောင်များက မ. ဆ. လ စစ်အစိုးရကို တို့တစ်တွေ လက်ဝါးဖြန့်တောင်းခံနေလို့ကတော့ ရမှာမဟုတ် တို့လိုချင်သောအရာကို တိုက်ယူရမည်ဟု ဆုံးဖြတ်ချက်ချ၍ တိုက်ပွဲဝင်ရန်အတွက် (၁၉၇၅)ခု၊ ဧပြီလ နောက်ဆုံးပတ် တနင်္ဂနွေ နေ့တွင် ဂုံနီစက်ရုံ (က)အလှည့်၊ လျှော်ပြင်ဌာနမှ ကိုယ်စားလှယ်

ဦးလှပု၊ လှော်စပ် ဌာန (ခ)အလှည့်မှ ဦးမဲတုတ် (ခ)အလှည့်လျှော်ပြင်ဌာနမှ ဦးကြည်မြင့်၊ ဦးကျော်လှိုင်အလုပ်ကြပ်တို့ လျှို့ဝှက်တိုင်ပင်ဆွေးနွေးကြပါသည်။

ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်၍ ရသည့်အဖြေကား (မဆလ) စစ်အစိုးရကို အလုပ်သမားများအနေဖြင့် (၁၉၇၅) ခု မေလ (၆)ရက်နေ့(၆. ၅. ၁၉၇၅) နေ့တွင် တစ်ရက်တည်း တစ်ပြိုင်တည်း အလုပ်မဆင်းဘဲ ရှောင်တခွင် ခွင့်နှင့် ခွင့်မျိုးစုံယူ၍ တိုက်ပွဲဝင်ကြရန်ဖြစ်ပါသည်။ ထိုကဲ့သို့ အလုပ်သမားများ ခွင့်ယူ၍ အလုပ်မဆင်းကြခြင်းမှာ ရိုးရိုးသာမန်အနေဖြင့် ကိုယ်ရေးကိုယ်တာ ကိစ္စရှိ၍ ခွင့်ယူခြင်း မဟုတ်ဘဲ (မဆလ) စစ်အစိုးရက လုပ်ခလစာတန်ရာတန် ကြေး မပေး၍ (မဆလ) စစ်အစိုးရ၏ တာဝန်ရှိသူများ သိရှိအောင် အလုပ်မဆင်း ဘဲ သပိတ်မှောက် တိုက်ပွဲဝင်ကြခြင်းသာဖြစ်ပါသည်။

အထက်ပါကိစ္စဆောင်ရွက်ရန်အတွက် စက်ရုံတစ်ရုံလုံး စည်းရုံးရန် အခက်အခဲရှိပါသဖြင့် စည်းရုံးရန် ခေါင်းဆောင်များသည် (ခ) အလှည့် လျှော်ပြင်ဌာနကိုပဲ အဓိကထား၍ စည်းရုံးသွားရန်ဖြစ်ပါသည်။ (၁၉၇၅) ခု မေလ (၆)ရက်။ (၆. ၅. ၇၅) နေ့ကိုရွေးပြီး သတ်မှတ်သပိတ်မှောက်ရခြင်းမှာ (၅. ၆. ၇၄) နေ့သည် အလုပ်သမားသပိတ်နှစ်ပတ်လည်နေ့။ ဂုံနီစက်ရုံမှ အဖမ်းခံ ထားကြ ရသော အလုပ်သမားများ ထောင်ထဲ၌ရှိနေကြ၍ ဖြစ်သည်။ စက်ရုံ တာဝန်ရှိသူ တွေဟာ အလုပ်သမားတွေဆူပူမှု၊ သပိတ်မှောက်မှု မဖြစ်အောင် အထူးကြပ်မတ် ဆောင်ရွက်နေသဖြင့် တာဝန်ရှိသူတွေ မသိအောင် သူတို့မထင် မှတ်သည့်နေ့ကို ရွေး၍ (၁)လစောပြီး သပိတ်မှောက်ကြခြင်းဖြစ်ပါသည်။

၁၉၇၅ ခု မေလ (၆) ရက် (၆. ၅. ၇၅) နေ့တွင် အလုပ်သမားခေါင်း ဆောင်များက လစာတိုးလိုချင်သည့် အလုပ်သမားများ ထိုနေ့တွင် အလုပ်မဆင်း ဘဲ ခွင့်ယူကြရန် စည်းရုံးတိုက်တွန်းနှိုးဆော်ထားသဖြင့် လျှော်ပြင်ဌာန (ခ)အလှည့် မှ အလုပ်သမား တော်တော်များများ ခွင့်မျိုးစုံယူပြီး အလုပ်မဆင်းကြဘဲ (မဆလ) ဒေါက်တိုင် အနည်းငယ်သာ အလုပ်ဆင်းကြသဖြင့် လျှော်ပြင်ဌာနမှ လျှော်ကြိတ် စက်များသတ်မှတ်ချက် ပြည့်မီအောင် မလည်ပတ်နိုင်ဘဲ စက်တွေအတော်များ များ ရပ်တန့်သွားခဲ့ပါသည်။ လျှော်ပြင်ဌာန၏ ကုန်ထုတ်လုပ်မှုကို အမှီပြုပြီး တနံ ထုတ်လုပ်ရသည့်ဌာနတွေ အလုပ်လုပ်၍မရဘဲ (၆. ၅. ၇၅) နေ့ (ခ) အလှည့်တွင် အလုပ်သမားနှစ်ထောင်ကျော်ရှိသော ဂုံနီစက်ရုံ၏ ကုန်ထုတ်လုပ်

မှုကြီး ထုတ်လုပ်မှုများကြီးစွာကျဆင်းသွားပါသည်။

စက်ရုံမှာ တာဝန်ရှိကြသည့် အုပ်ချုပ်ရေးပိုင်းနှင့် (မဆလ) ပါတီကောင်စီမှ ပုဂ္ဂိုလ်များသည် ပေါ်လာနိုင်သည့် ကိစ္စရပ်များ ဆုံးရှုံးမှုများမဖြစ်ပေါ် အရေးအတွက် သူတို့တစ်တွေ ကြပ်ကြပ်မတ်မတ်နှင့်ဂရုစိုက် အုပ်ချုပ်နေကြသည့်ကြားမှ ထောင်မှတ်သဲ အလုပ်သမားများ ခွင့်ယူပြီး အလုပ်မဆင်း သပိတ်မှောက်သည့်ဖြစ်ရပ်ကို အကြံခြင်းများစွာဖြင့် မျက်ကလူးဆန်ပြာ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်၍ ဘာ ကိုင်ရမှန်းမသိအောင် ဖြစ်သွားကြပါသည်။

(၁၉၇၅)ခု မေလ (၇)ရက် (၇. ၅. ၇၅) နေ့တွင် အလုပ်သမားဝန်ကြီးဌာန မှ ဝန်ကြီးများ စက်ရုံကို ရောက်ရှိလာပြီး အလုပ်သမားများ လုပ်ခလစာငွေလျော့နည်းနေသည့်အတွက် အလုပ်မဆင်းကြကြောင်း သိရှိသွားပြီး (၁၉၇၅) ဇွန်လ (၁၀) ရက် (၁၀. ၆. ၇၅) နေ့တွင် ဂုံနီစက်ရုံတစ်ရုံလုံးရှိ အလုပ်သမားများအားလုံး လုပ်ခလစာငွေ တိုးမြှင့်ပေးခြင်းကို ခံစားရရှိခဲ့ကြပါသည်။ သို့သော် ၆. ၆. ၇၄ သပိတ်တိုက်ပွဲတွင် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးခြင်းမရှိပါ။

ထိုကဲ့သို့ လုပ်ခလစာငွေ တိုးမြှင့်ရရှိခဲ့ခြင်းမှာ အလုပ်သမားခေါင်းဆောင်များ၏ မဟုတ်မခံ ရဲရင့်သော စိတ်ဓါတ်နှင့် (မဆလ) စစ်အစိုးရကို တိုက်ပွဲဝင်ခဲ့ကြသည့် လုပ်သားသူရဲကောင်းများ၏ အောင်မြင်မှုရလဒ်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့၏အောင်မြင်မှုရလာဒ်ကို (မဆလ) စစ်အစိုးရမှ ဂုဏ်ပြုသော အားဖြင့် စည်းရုံးလှုံ့ဆော်သော ခေါင်းဆောင်များကို (၁၉၇၅) ခု ဇူလိုင်လ (၂၆. ၇. ၇၅) နေ့တွင် ဖမ်းဆီးပြီး (၁၉၇၆) မေလ ၁၄ရက် (၁၄. ၅. ၇၆)နေ့တွင် စစ်ခုံရုံးမှ ပုဒ်မ၁၅/၁ ဆိုရှယ်လစ် စီးပွားရေးစနစ် ဟန့်တားနှောင့်ယှက်မှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်အသီးသီး ချမှတ်လိုက်ပါသည်။

၁။ ဦးကျော်လှိုင် (ခ) အလှည့်အလုပ်ကြပ် (၁၀)နှစ်
၂။ ဦးလူပု (က) ငွေစာရင်းဌာန (၁၀)နှစ်
၃။ ဦးသိန်းထွန်း (ရုံး) ငွေစာရင်းဌာန (၁၀)နှစ်
၄။ ဦးမဲတုတ် (ခ) အလှည့်လျှော်စပ်ဌာန (၁၀)နှစ်
၅။ ဦးကြည်မြင့် (ခ)အလှည့်လျှော်ပြင်ဌာန (၈) နှစ် တို့

အသီးသီးအင်းစိန်ထောင်တွင် ကျခံသွားကြပါသည်။

**ကျော်လှိုင် (အလုပ်ကြပ်)**

---

**၇၅–၇၅–၇၆ နိုင်ငံရေးအင်အားစု**

# ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း
## *R.T.C*

**စံထွန်းလှ (လင်းစခေါင်း)**

R.T.C (၈)လိုင်း (၁၀) (၁၁) (၁၂)လိုင်း၊ ဗိုလ်တထောင် အခြေစိုက်၊ လင်းစခေါင်းတွင် စက်ပြင်ဌာန (၁၃)ခုနှင့် စတိုဌာန (၁)ခုရှိ၏။ ကာယ၊ ဉာဏ လုပ်သားပေါင်း (၁၅၀၀)ကျော်တို့သည် (၄. ၆. ၁၉၇၄) ခုနှစ်နေ့တွင် တစ်ပြိုင်တည်း ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည်။ ထိုသို့ သပိတ်မှောက် ဆန္ဒပြခဲ့ကြရသော အကြောင်းမှာ အထွေထွေ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း အလုပ်သမားများမှာ ဆန်ကိုပင် လုံလုံလောက်လောက် ဝယ်မစားနိုင်ကြခြင်း အမြင်လုပ်ခ လစာမှာလည်း မိသားစုတို့၏ စားဝတ်နေရေးကို မထိန်းထားနိုင်ကြတော့သဖြင့် အငတ်ငတ်အပြတ်ပြန် ဖြစ်လာ၍ သပိတ်မှောက် ဆန္ဒပြကြခြင်းဖြစ်၏။

ထိုအခါ အလုပ်သမားများ စာရိတ္တပျက် ၊ စက်ရုံပစ္စည်းခိုးထုတ်၊ ဖမ်းမိထောင်ကျဖြစ်လာကြ၏။ ရိုးသားစွာလုပ်ကိုင်နေကြသော အလုပ်သမားများမှာလည်း တစ်နှစ် လျှင် ရှောင်တခွင်ခွင့် (၆)ရက် ၊ လုပ်သက်ခွင့် တစ်နှစ် (၁၀)ရက်သာရကြ၏။ ဉာဏလုပ်သားများကမူ တစ်နှစ်လျှင် ရှောင်တစ်ခွင်ခွင့် လျှင် (၁၀)ရက် ၊ လုပ်သက်ခွင့် (၁) လရကြ၏။ အလုပ်သမားချင်းအတူတူ ဤသို့ ကာယ၊ ဉာဏ၊ ခွဲခြားထားသဖြင့် ရိုးသားသော ကာယလုပ်သားများမှာ ခွင့်ယူပြီး အမြင်အလုပ်အကိုင် နှင့် ဝင်ငွေရှာကြရသည်။ သို့သော်

ခွင့်ရက်နည်းသဖြင့် နှစ်ဝက်မတိုင်မီပင် ခွင့် အားလုံးကုန်သွား၏။

ထိုအခါ မိမိအလုပ်နှင့်လည်း ထမင်းမလောက်ငဖြစ်သော အလုပ်သမားများသည် အကြွေးအနှင့်နှင့်ဆေးခွင့်ယူကြ၏။ ဆေးခွင့်နှင့်အပြင်ဝင်ငွေရှာကြ၏။ သို့သော် ဆေးခွင့်ကလည်း လွယ်လွယ်နှင့်မရ၊ ထိုအခါ အပြင်ဝင်ငွေရှာနိုင်ရန် ပျော့ကြရ၏။ သွေးလှူ၍ နားခွင့်ရသောရက်တွင် မနားနိုင်၊ မိသားစု စားဝတ်နေရေးအတွက် အပြင်အလုပ်ရှာလုပ်ကြရသည်။

ဤသို့သော အကြပ်အတည်း မျိုးစုံတို့ကြောင့် အလုပ်သမားများ ဆန္ဒပြမှုဖြစ်ပေါ်လာရ၏။ ကျွန်တော်တို့ သပိတ်မှောက်ဆန္ဒပြကြသည့် (၄. ၆. ၇၄) နေ့မှာပင် ဗဟိုကော်မတီ ဖွဲ့လိုက်ကြ၏။ ကော်မတီဝင်များမှာ

၁။ ဦးအုန်းသွင် တွင်ခုံပေါက်လုပ်သား
၂။ ဦးသန်းထွန်း ရုံးစာရေး
၃။ ဦးသန်းထွန်းကြီး စက်ပြင်လုပ်သားကောင်စီဝင် (စက်ရုံ)
၄။ ဦးသောင်းရွှေ စက်ပြင်လုပ်သား
(စာရေးဆရာရွှေကျွန်းသောင်းရွှေ)
၅။ ဦးစံထွန်းလှ စတိုစာရေး
၆။ ဦးတင်အောင် စက်ပြင်လုပ်သား
၇။ ဦးတင်ဝင်း စက်ပြင်လုပ်သား
၈။ ဦးအုန်း စက်ပြင်လုပ်သား
၉။ ဦးသာညွန့် အလုပ်ရုံမှူး (ဘော်ဒီဌာန)
၁၀။ ဦးဘသန်း စက်ပြင်လုပ်သားတို့ ဖြစ်သည်။

အဆိုပါ ကော်မီတီဝင်များကို (၃) သုတ်ခွဲလိုက်သည်။ တစ်သုတ်ကို ဖမ်းဆီးလျှင် ကျန်လူတွေ ဆက်လုပ်ရန် ဆုံးဖြတ်ကြသည်။

ဆန္ဒပြသပိတ်မှောက်ရန် အစည်းအဝေးလုပ်နေစဉ် ဗိုလ်တထောင်မြို့နယ် ထောက်လှမ်းရေး ဦးမြရှိန်က ဆိုင်ကယ်စီးပြီး အင်ဂျင်နီယာရုံးခန်းကို ဝင်လာသည်။ မကြာမီ လ/ထ အင်ဂျင်နီယာ ဦးမျိုးဟန် စက်ရုံအတွင်းထဲ ဝင်လာပြီး စက်ရုံကို ပိတ်လိုက်ပြီး အလုပ်သမားများအားလုံး အိမ်ပြန်ကြပါ ဟု ပြောလေ၏။ ပြန်ပြီးအလုပ်ဆင်းရမည့်ရက်ကို နောက်မှကြေငြာမည်ဟုလည်း ထပ်ပြောသည်။ သို့သော် မည်သူမျှ အိမ်မပြန်ကြ။ စက်ရုံထဲ ရောက်လာသော ထောက်လှမ်းရေး

ဦးမြရှိန်နှင့် AE တို့ကို ဆန္ဒပြတော်မတီက ခမ်းဆီးထိန်းသိမ်းလိုက်၏။ ဦးမြရှိန် ပါလာသော သေနတ်ကိုလည်း အင်ဂျင်နီယာကြီး၏ အခန်းထဲက မီးခံသေတ္တာထဲ သိမ်းဆည်းထားလိုက်ကြသည်။

သပိတ်မှောက်ဆန္ဒပြ ဗဟိုကော်မတီသည် ထိုနေ့ ၃း၀၀ နာရီမှစ၍ ဝိတ်တံခါးမကြီးကို ပိတ်ထားလိုက်သည်။ ကော်မတီ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ စက်ရုံထဲကို ဝင်ထွက်ခွင့်မပြုရ။ အလုပ်ဆင်းအလုပ်တက် စက်ရုံဥဩကို စမှုတ်ပြီး အလုပ်သမားများ ဆန္ဒပြနေကြပြီဖြစ်ကြောင်းကို စတင်ကြွေးကြော် တောင်းဆိုကြတော့သည်။

**၁။ ခေါင်းဆောင်မရှိညီညွတ်ရေး ဒို့အရေး**

**၂။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဒို့အရေး**

**၃။ ခွင့် ၁၀ရက် - ၁ လရရှိရေး ဒို့အရေး**

**၄။ ဆန်+ဆီရရှိရေး**

**ဒို့အရေး**

**၅။ ဆေးခွင့်လစာမဖြတ်ရေး ဒို့အရေး**

တောင်းဆိုချက်များကို အသံချဲ့စက်ဆက်နှင့် နေ့ညမပြတ် ဖွင့်ထားသည်။ ထိုအချိန်တွင် အလုပ်သမားသုံးဦးက ထောက်လှမ်းရေး ဦးမြရှိန် အင်ဂျင်နီယာ၏ခန်းဖုန်းမှ အပြင်ကို ဆက်သွယ်နေကြောင်း လာပြော၍ ဖုန်းနားထောင်ခွက် (ရဆီတာ) ကို သွားဖြုတ်လိုက်ရသည်။

ဆန္ဒပြနေကြစဉ်အတွင်း အာတီစီပိုင် တက္ကစီလေးဘီးတစ်စီးသည် ခရီးသည်များတင်လာသည်ကို တွေ့ရ၍ ယာဉ်မောင်းအား ကားဆက်မထွက်ရန် ပြောကြားပြီး ကားကို သိမ်းခိုင်းလိုက်သည်။ ဗိုလ်တထောင်လင်းစဒေါင်းရဲစခန်းဂိတ်စမှ ၈ လိုင်း ၁၆ လိုင်း တာဝန်ရှိအုပ်ချုပ်ရေးမှူး ဗကပအလင်းဝင် ဗိုလ်တုတ်ရွှေအား လိုင်းကားများ ဘယ်လိုင်းမှ မထွက်စေရန် ပြောသောအခါ ထိုပုဂ္ဂိုလ်က ပိတ်ခွင့်မရှိပြောလာသည်။ ရိုက်မောင်းပုတ်မောင်း အခြေအနေထိ ပြောလာကြတော့မှ သူကပိတ်ပေး၏။

ဗဟိုကော်မတီက ကျန်သောကားလိုင်းတွေ ထွက်မထွက်ကြည့်ရှုရန် တော်ပြင်ကိုစိုးနိုင်၏ ကိုယ်ပိုင်ကားနှင့် ဦးအုန်း၊ ဦးဘသန်း ၊ ကျွန်တော်တို့ ၄ ဦး ကြည့်မြင်တိုင်ဂိတ်တွေကို လိုက်ကြည့်ကြ၏။ ကပရ ပိုင် ကားနှစ်စီးကို တွေ့

သည်။ အထက်ကလာသလို ထင်ယောင်ထင်မှားပုံစံလုပ်ပြီး ဝီစီမှုတ်ကာ "ခုချက်ချင်း ကားသိမ်းလိုက် မြဲချုပ်အမိန့်" ဟုပြောပြီး ခရီးသည်များကိုလည်း တောင်းပန်၍ ကားပေါ်ကဆင်းခိုင်းလိုက်သည်။

ထို့မှတစ်ခန် တောင်ဥက္ကလာပ (၁၇)လိုင်း ပင်မ (၂) အလုပ်ရုံနား ရောက်သွားသောအခါ စစ်တပ်က စက်ရုံကို သိမ်းလိုက်သဖြင့် ပြန်လာကြသော အလုပ်သမားများနှင့်ဆုံမိကြ၏။ ထိုသို့သော အခြေအနေကို မိမိတို့စက်ရုံကို ချက်ချင်းသတင်းပြန်ပို့ရသည်။ မိမိတို့စက်ရုံကို ပြန်ရောက်လာပြီး AE နှင့် ထောက်လှမ်းရေးတို့ကို ထမင်းကျွေးသောအခါ ဆန္ဒပြအလုပ်သမားများ စားသော ထမင်းအဆင့်ကို မစားနိုင်ဆိုပြီး အပြင်က ဝယ်ပေးရန်ပြော၏။ အလုပ်သမားများက "ကြီးကြီးကျယ်ကျယ် အဝတ်ထားလိုက် မကျွေးနဲ့"ဟု ပြောကြသည်။ "ကျုပ်တို့သပိတ်က ဘယ်နှစ်ရက်ကြာမယ်မသိဘူး၊ ခင်ဗျားတို့ ဝတ်သေ ဝံ့ရင်တော့ မစားနဲ့" လို့ ဗဟိုကော်မတီက ပြောတော့မှ စားကြသည်။

ထင်းပုံဆိပ်ကားလိုင်းမှ (၁၀) လိုင်း ၊ (၁၁)လိုင်း ၊ (၁၂) လိုင်း ပင်မ (၁၁) လုပ်သားများ သပိတ်လှန်လိုက်ကြောင်း သတင်းရသည်။ သပိတ်ကာလက (၃) ရက် (၃)ညကြာလာသည်။ ထိုကာလအတွင်းတွင် စစ်ဒေသမှူး ပါတီကောင်စီများနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြ၏။ စစ်တပ်ကမူ စက်ရုံကထွက်ပေးရန် ပြောလာသည်။ ကြေးကြော်သံများရပ်ရန်နှင့် စစ်ဒေသမှူး နှင့်ပါတီကောင်စီတို့က ဆန္ဒပြအလုပ်သမားများကို မဖမ်းဆီးပါ။ မီးရထားက ဖမ်းထားသော အလုပ်သမားများကိုလည်း ပြန်လွှတ်လိုက်ပြီဟုပြော၏။ သို့သော် လုပ်သားများ စက်ရုံကမထွက် ကြသေး။ ရန်ကုန်တစ်မြို့လုံး ဆူညံနေသော စက်ရုံအလုပ်ရုံများက ဉာဏ်ဆွဲ အချက်ပေးကြသံတွေလည်း ပျောက်ကုန်ကြပြီ။

(၇. ၆. ၇၄) နေ့ နံနက် (၈) နာရီတွင် ဆင်မလိုက်သင်္ဘောကျင်းကို ရေတပ်က ဝင်စီးသဖြင့် လုပ်သားအတော်များများ သေကုန်ကြကြောင်း သတင်းရသည်။ ဆန္ဒပြလုပ်သားများ စိတ်ဓါတ်ကျ၊ ကြောက်ရွံ့လာ ကြသူတွေများလာ၏။ စက်ရုံထဲကို စစ်ဒေသမှူးနှင့်မြို့နယ်ကောင်စီ ပါတီဝင်များ ထပ်ရောက်လာသည်။ စစ်သားများက သေနတ်နှင့်ချိန်ပြီး စက်ရုံက ထွက်ပေးကြရန် ၊ မထွက်ကြပဲဆက်ပြီးဆန္ဒပြနေကြလျှင် ဆင်မလိုက် သင်္ဘောကျင်းလို မဖြစ်ဘူးလို့ တာဝန်မယူနိုင်ကြောင်း ပြောလာ၏။ ပါတီကောင်စီဝင်များကလည်း စက်ရုံကထွက်ကြရန်

လျှော့တစ်ခါ၊ တင်း တစ်လှည့် ပြောလာသဖြင့် စက်ရုံက ထွက်ပေးရန် သဘောတူလိုက်ရသည်။ (TE)ကားများနှင့် အိမ်အပြန်လိုက်ပို့ကြသည်။

မအီးပါဘူးဟု ပါတီကောင်စီက ကတိအတန်တန် ပေးပြီးပြောခဲ့သော်လည်း (၁၄. ၆. ၇၄) ညဘက်တွင် လိုက်ဖမ်းသည်။ အဖမ်းခံရသူများမှာ -

၁။ ဦးစံထွန်းလှ စတိုစာရေး
၂။ ဦးသန်းထွန်း ရုံးစာရေး
၃။ ဦးအုန်းသွင် တွင်ခုံစက်ပြင်
၄။ ဦးသာညွန့် အလုပ်ရုံမှူး (ဘော်ဒီဌာန)
၅။ ဦးတင်အောင် စက်ပြင်ဆရာ
၆။ ဦးစိုးနိုင် စက်ပြင်

ဗိုလ်တထောင်အလုပ်ရုံ လင်းစဒေါင်းအမှတ် (၁) မှ (၆) ဦးဖြစ်သည်။ တရားစွဲသည်။ ကျွန်တော်တို့နှင့် ပတ်သက်၍ (၁၉၇၆)ခုက ကြေးမုံသတင်းစာတွင် အမှတ် -(၈) လိုင်း၊ (၁၀)၊ (၁၁)၊ (၁၂) လိုင်းကားများ မထွက်နိုင်အောင် ဆက်သွယ်ရေး ဖုန်းဖြတ်တောက်သည့်အတွက် ငွေသုံးသောင်း ကျော် နိုင်ငံတော်ဘက်ဂျက် ဆုံးရှုံးခဲ့၍ဟု သတင်းစာကို ကိုးကားကာ (၁) တရားခံ စံထွန်းလှအား ထောင်ဒဏ် (၁၀)နှစ် ပြစ်ဒဏ်ချလိုက်သည်။ ကျွန်တော်တို့ အလုပ်ရုံမှ ထောင်ကျသူဆို၍ ကျွန်တော်တစ်ယောက်သာရှိသည်။ ကျန်လူများ တရားရုံးတင်ပြီးမှ အားလုံးလွတ်သွားကြသည်။

ထောင်ကျပြီး ထောင်ပုံစံခန်းဝင်ရ၏။ အခန်းလူကြီးက "မင်းတို့အပြင်မှာ ဘာကောင်ဖြစ်ဖြစ် ထောင်ထဲရောက်ရင် ထောင်စည်းကမ်း၊ အကျဉ်းသားစည်းကမ်းပဲ " ဟု ကြိမ်းကြိမ်းဝါးဝါးပြောသည်။ ပုံစံခန်းကထွက်ပြီး နှစ်နှစ်ခန့်အကြာတွင် ကြုံခဲ့ရသည်များမှာ သဘောၤကျင်းမှ သပိတ်ခေါင်းဆောင် ဦးဗန်ရွှေနှင့် ဆန္ဒပြ၍ ထောင်ကျနေသူ လုပ်သားရဲဘော်တစ်ဦးတို့ အရိုက်ခံရသည်။ အဆောင် (၃) ကျောင်းသားများနှင့် ဦးသန့်အရေးအခင်းမှ ရွှေနေကျော်လင်းတို့ အခန်းပိတ်အရိုက်အနှက်ခံကြရသည်။ ရွှေနေကျော်လင်း နံရိုးသုံးချောင်းကျိုးသွားသည်။ တစ်ခြားကျောင်းသားနှစ်ဦး နာကျင်စွာ အော်ဟစ်နေသံကို တစ်ညလုံးကြားနေရသည်။ဤသို့ဖြစ်ကြရသည်မှာ နိုင်ငံရေးသမားများနှင့် ကျောင်းသားများကို အလုပ်ကြီးဆင်းရမည်ဟု အကြပ်ကိုင်လာ၍ ဆန္ဒပြကြသဖြင့် ဖြစ်သည်။

ထိုစဉ်က ကျွန်တော်တို့ဆန္ဒပြထောင်ကျအလုပ်သမားများ (တရားစစ်

မပြီးသေးသော ဝိုင်နီစက်ရုံကလွဲပြီး) အလုပ်ကြီးဆင်းနေကြရသည်။ ကျောင်းသား နှင့် နိုင်ငံရေးသမားများကို ထိုသို့ညှင်းပန်းနှိပ်စက် (သေသူလည်းရှိသည်ဟုထင် ၏) နေကြောင်း ကြားရသောအခါ ကျွန်တော်တို့ အလုပ်သမားများလည်း အလုပ် ကြီးမဆင်းကြပဲ နေကြရန် ကျွန်တော်တို့ စည်းရုံးကြသည်။ ကျွန်တော်က အလုပ် ကြီးလက်သမားဌာနတွင်ဖြစ်၏။ (၁၉၇၇) ခု၊ ဇူလိုင်လဟုထင်သည်။

ကျွန်တော်တို့ အလုပ်ကြီးဘက်တွင် အလုပ်မဆင်းရေးစည်းရုံးနေကြ သည်ကို ရာဇဝတ်သား ချွန်တစ်ကောင်ကြောင့် ထောက်အာဏာပိုင်များဆီ သတင်းပေါက်ကြားသွားရာ လက်သမားဌာနတွင် အလုပ်လုပ်ကိုင်နေသော ကျွန်တော်၊ သန်းထွန်း၊ မြင့်အောင်တို့ဆီ ထောင်ဝါတာများ ဝင်ချလာပြီး သံခြေကျင်း ခတ်ကာ စစ်ခွေးဆောင်ပို့ပြီး တိုက်ပိတ်လိုက်၏။ တိုက်ရောက်စကမူ တိုက်ထဲတွင် မိမိတစ်ယောက်တည်းဟုထင်၏။ နောက်မှသိရ၏။ ကြိုးတိုက် (၁) နောက် တစ်ဘက်ခန်းတွင် ကျွန်တော်တို့ မြောက်ဥက္ကလာပ ၅/၆ လိုင်းမှ ကိုဝင်း ကျော်တို့ (၇) ဦးရောက်နေကြပြီ။

ကျွန်တော်တို့ (RTC) ၅/၆ လိုင်း မြောက်ဥက္ကလာပမှ ကိုဝင်းကျော် အပါအဝင် ကိုသောင်းညွန့်၊ ကိုကိုကြီးတို့လည်း ထောင် (၁၀) နှစ်စီကျကြသည်၊ ကိုတင့်ဆန်းကတော့ တရားစွဲရုံးစစ်ဆေးပြီးမှ လွတ်သွားသည်။

တိုက်ထဲတွင် (၄၄) ရက်အကြာမှာ အပြင်ထုတ်သည်။ ဆံပင်ညှပ် ပထမဆုံး ရေချိုးပေးသည်။ ထောင်အာဏာပိုင်များကို မြင်လိုက်ရသောအခါ ကျွန်တော်တို့မှာ အံ့ဩရ၏။ အဘယ့်ကြောင့်ဆိုသော် ထောင်လုပ်သက် အနှစ် နှစ်ဆယ်လောက် ရှိနေကြပြီးဖြစ်သော်လည်း အပွင့်ရာထူးမတက်ဘဲ နေနေရသူ တွေမှာ ခုတော့ လပင်မကြာသေး တစ်ရစ်ဝါတာက သုံးရစ်၊ ထောင်မှူးလေးဘို ကြည်၊ (ယခင်ဂုံနီစက်ရုံကစာရေး) က ထောင်မှူးကြီး၊ ထောင်မှူးလေးရင်မောင် ကလည်း ထောင်မှူးကြီး ၊ ထောင်မှူးကြီး တင်ရွှေက ထောင်ပိုင်လေးရာထူး အသီး သီး တက်နေကြ၏။

ဆံပင်ညှပ် ၊ ရေချိုးပေးပြီး တစ်ယောက်ကို ထောင်ဝတ်စုံနှစ်စုံစီပေး သည်။ နောက်ထပ် နိုင်ငံရေးမလုပ်တော့ပါဘူး၊ ဟု လက်မှတ်ထိုးခိုင်းသည်၊ ကျွန်တော်တို့ မထိုးကြ။ ထောင်မှူးဝါတာတွေက အပြုံးကိုယ်စီနှင့် (ထိုစဉ်က သူတို့အပြုံးကို ကျွန်တော်တို့ သဘောမပေါက်ကြ) မင်းတို့ကို အဆောင်ထက် တောင်းတဲ့နေရာပို့မှာပါ ဟုပြော၏။ တိုက်ခန်းထဲရှိ အလေးအပေါ့သွားရန် ဂန်

အလား (ရွှေအင်ဒုံ) တွေကို သိမ်းလိုက်သည်။ သောက်ရေအိုးကိုလည်း မှောက်လိုက်သည်။ ပြီးတော့ တိုက်ရှေ့က မြေပြင်ထဲရှိ သဲဖုန်များကို ကျုံးခိုင်းပြီး တိုက်ထောင့်တစ်နေရာ၌ ပုံခိုင်းသည်။ ကျွန်တော်တို့က ပုဆိုးထဲထည့်ပြီး သဲတွေဖုန်တွေကို တိုက်ထဲသွင်းပုံရသည်။ ပြီးတာနှင့် ထိုအခန်းထဲ ပြန်သွင်းပြီး တိုက်ပိတ်၊ တံခါးသော့ခတ်လိုက်ပြန်၏။

အဆောင်ထက်ကောင်းတာ ပို့မည်ပြောပြီး ဘယ်လိုလုပ်တာလဲ ဆိုတာ ကျွန်တော်တို့မှာ နားမလည် ဖြစ်သွားကြသည်။ တမံတလင်းအခန်းထဲ ဖိနပ်ခေါင်းအုံးပြီး အိပ်ကြရ၏။ ထမင်းခွေးစာ ဝက်စာကိုကျွေးပြီး တစ်နေ့ကို ရေတစ်ခွက်သာ ပေးသည်။ အလေးအပေါ့သွားချင်ရင် မင်းတို့ စောစောကပုံထားတဲ့ သဲပုံပေါ် သွားကြ၊ ပေါက်ကြ (ထိုစဉ်က ၆ တိုက်မှာ လောက်ကိုက်ခံရသည် ဆိုတာ ကျွန်တော်တို့ မသိသေး မကြားဖူးသေးပါ။)

(၇) ရက်ခန့်ကြာသောအခါ မစင်ပုံ ဖုတ်မြေထဲမှ ထွက်လာသော လောက်ကောင်များက ညအိပ်လျှင် ပါးစပ်ထဲဝင်၏။ ယင်ကောင်မည်းမည်း ကြီးများကလည်း ဘယ်ကဘယ်လိုရောက်လာကြသည်မသိ။ လောက်ကောင် ၊ယင်ကောင်တို့နှင့် နေ့ည တိုက်ပွဲဝင်နေကြသည်။ လောက်ကောင်ယင်ကောင်များသည် စိုး ခွပ်ရာ ဒွါရကိုးပေါက်ကို လိုက်ရှာ၍ တိုက်ကြ၊ အထဲဝင်ရန် ကြိုးစားကြသည်။ ညနေက ထမင်းလာပေး ၊ ရေတစ်ခွက်လာပေးသော အပြာဝတ် နှစ်ကြိုးအကျဉ်းသားကလွဲပြီး ဝါတာထောင်မှူးတွေဆိုတာ အရိပ်အယောင်ပင် မမြင်ကြရ၊ ထို့ကြောင့် ဘယ်လိုမှ နေမရသောအခါ **“ဝါတာ၊ ဝါတာ”** ဟု အဆက်မပြတ်အော် ခေါ်ကြရ၏။ တစ်ကောင်တစ်မြီးမှ ပေါ်မလာ၊ ထိုလောက်တိုက်တွင် တစ်မိုးနှင့် တစ်ဆောင်း (၆)လတိတိ ကြာသွား၏။ မိမိတို့၏ အသက်ကို မသေအောင် ကြိုး စားနေခဲ့ကြရသည်။

(၆) လပြည့်တော့ အဆောင်ကိုပို့သည်။ အဆောင်ရောက်တော့ အဆောင်ဝါတာတစ်ယောက်က “ခင်ဗျားတို့ကို ဟိုဘက်က အမှုထမ်းထောင်မှူးထောင်ပိုင်လေးတွေက သိပ်ကျေးဇူးတင်တယ် ပြောကြပါလား” ဆိုတော့ ဘာဖြစ်လို့လဲ မေးရသည်။ “ဘာဖြစ်ရမလဲ ထောင်ထဲအမှုထမ်းနေကြတာ နှစ်ပေါင်းတစ်ဆယ်ကျော်ကြာပြီး ၊ ခု ခင်ဗျားတို့ ထောင်ထဲရှိတဲ့ အလုပ်ရုံတွေနဲ့ ထောင်ကိုမီးရှို့ဖို့ ထောင်ကျတွေကို စည်းရုံးကြတာ လက်မတင်လေး သူတို့က ဖော်ထုတ်ပေးနိုင်လို့ တော်သေးတယ်ဆိုပြီး သူတို့ကို ရာထူးတိုးမြှင့်ပေးလိုက်တာလေ” ဟု ပြောပြသည်။ ထိုအခါမှ မိမိတို့ကို ဤအမှုနှင့် ခြောက်တိုက်ပို့လောက်ကိုက်ခံထားတာ သိရတော့သည်။

အမှန်က ကျွန်တော်တို့ စည်းရုံးကြသည်မှာ နိုင်ငံရေးသမား၊ ကျောင်းသားများကို အလုပ်ကြီးပို့၊ ပုံစံကိုင်သည်ကို မခံမရပ်နိုင်ဖြစ်ပြီး အလုပ်ကြီးမဆင်းကြရန် စည်းရုံးလှုံ့ဆော်ခဲ့ကြခြင်းသာဖြစ်၏။ ထို့ကြောင့်ထင်၏။ လောက်ကိုက်တိုက်မှ စထုတ်သောနေ့က ဝါတာတစ်ယောက်ကပြော၏။ မင်းတို့အကောင်တွေကို သေအောင်ထားတာ တော်တော်အသက်ပြင်းတဲ့အကောင်တွေ၊ လောက်တိုက်မှာ မင်းတို့ကောင်တွေ သေသွားရင်လဲ ရောဂါတစ်ခုခုနဲ့ သေသွားတယ်ဆိုပြီး ငါတို့က အင်းစိန်သပ္ပတ်တော သချိုင်းပို့မလို့ တမင်ထားတာ မင်းတို့ကို လာမကြည့်တာလဲ သေပါစေဆိုပြီး ထားထားတာ ငါတို့ရာထူးတက်အောင် နောက်တစ်ခါ ထပ်လုပ်ကြကွာ ဟုတ်လား ဟု ရယ်ကျဲကျဲနှင့် ပြောသွားသည်ကို သတိရမိ၏။

နောက်တော့ ၂/၈ဝ သံဃဂိုဏ်းပေါင်းစုံ ညီညွတ်ရေး လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ကျွန်တော်တို့ ဆန္ဒပြသပိတ်မှောက်ကျောင်းသား၊ အလုပ်သမားအားလုံး အင်းစိန် ထောင်က လွှတ်လာကြသည်။ မေလထင်၏။ ရက်မမှတ်မိ။

**စံထွန်းလှ (လင်းစဒေါင်း)**
**ဗိုလ်တထောင် ၊ လင်းစဒေါင်း အလုပ်ရုံအမှတ် (၁)**

## ၁၉၇၄ ဇွန်လ (၆) ရက်နေ့

ဝင်းကျော် (R.T.C)

မြောက်ဥက္ကလာပမြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးအမှတ် (၅/၆) လိုင်း ( R.T.C ) စက်ရုံဝင်းအတွင်း အလုပ်သမားများ တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောနေကြ၊ တစ်ချို့က ကင်တင်းစားသောက်ဆိုင်မှာ တစ်ချို့က ဂိတ်တံခါးမကြီးမှာ၊တချို့ကမူ စက်ရုံထဲ မဝင်သေးဘဲအပြင်မှာရုံးစုရုံးစု။

ကျွန်တော်တို့တင်ဦးခွင်းစီး၏ ခံစားမှု နာကျည်းမှုများ ပေါင်းစုလိုက်လျှင် အလုပ်သမား(၅၀၀)ကျော်၏။ အင်အားသည် မြောက်ဥက္ကလာပတစ်ခွင်သို့ ကျယ်လောင်စူးရှသံများ ထွက်ပေါ်လာသည်။

စက်ရုံမှာရှိသော ဥဩကို သံရှည်ဆွဲလိုက်သည်။ အလုပ်သမားအားလုံး စုစည်းမိသွားကြသည်။ ပြင်ပတွင် သွားလာနေကြသော သူများလည်း စူးစမ်းသောအကြည့်များဖြင့် စက်ရုံနှင့်ကပ်လျက်ရှိသော ဇမ္ဗူအေးကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များနှင့်ကိုရင်ငယ်များ ပြေးထွက်လာကြသည်။

ကျွန်တော်တို့ စက်ရုံကိုသပိတ်မှောက်လိုက်ပါပြီ၊ အထက်မြန်မာပြည် ရေနံချောင်း၊ ချောက်၊ မြစ်ငယ်၊ မီးရထားစက်ရုံမှသည် ရန်ကုန်မြို့ထဲ စက်ရုံများ သပိတ်မှောက်မှုကို ပါဝင်ပူးပေါင်းလိုက်ပါသည်။ ရပ်ကွက်အသီးသီးကထွက်လာသော ကျား၊ မ၊ လူကြီး၊ လူငယ်အားလုံး စက်ရုံကိုဝိုင်းပြီး အားပေးလက်ခုပ်တီးပြီး ကျွန်တော်တို့အလုပ်သမားများကို ကောင်းချီးပေးကြပါသည်။

ကျွန်တော်တို့ခရီးသည်ပို့ဆောင်ရေး အမှတ် (၅/၆)လိုင်းသည်

ပို့ဆောင်ရေးလိုင်းနှင့်စက်ပြင်လိုင်းဟု ခွဲထားပါသည်။ ဆန္ဒပြပွဲဆောင်မှုကို စက်ပြင်လိုင်းက ဦးဆောင်၍ ပို့ဆောင်ရေးလိုင်းမှ ယာဉ်မောင်း ယာဉ်နောက်လိုက်၊ ကြီးကြပ်သူများက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။

နံနက် (၉း၃၀)လောက်တွင် စက်ရုံ၏ဂိတ်တံခါးဝကြီးတွင် ဟောပြောပွဲကို စတင်ကျင်းပရာ ရပ်ကွက်အသီးသီးမှလာရောက်အားပေးသူ(၂၀၀၀) ကျော်ရှိပါ တယ်။

ကျွန်တော်တို့၏ခံစားချက်များနှင့်လာရောက်အားပေးသူများ၏ နာကျည်း ချက်တို့ တထပ်တည်း၊ တသားတည်းဖြစ်ကာ စက်ရုံအတွင်းနှင့်စက်ရုံ အပြင် သပိတ်စခန်း (၂)ခုကဲ့သို့ ဖြစ်သွားပါသည်။

ညနေစောင်းတော့ ကျောင်းလွှတ်၊ ရုံးပြန်များဖြင့် လူစု လူဝေး(၅၀၀၀) လောက်ဖြစ်ပါသည်။ အထက်တန်းကျောင်းသားအများစုနှင့်အတူ ကျောင်းဆရာများပါ ပါဝင်ပြီး ကျောင်းသားများကို ထိန်းသိမ်းဆောင်ရွက်ပေးကြသည်။

အလုပ်သမားများက မိမိတို့ဆန္ဒကို ဖော်ထုတ်လိုက်၊ ကျောင်းသားများ ဆရာများက ဖော်ထုတ်လိုက်နှင့်အထွေထွေဆန္ဒဖော်ထုတ်ပွဲဖြစ်ပါသည်။ အထူးသဖြင့် ဆရာတော်၊ သံဃာတော်များပါဝင်ဟောပြောလာသည့်အတွက် စည်းကမ်းရှိစွာ ထိမ်းသိမ်းဆောင်ရွက်ကြသည်။

မိမိတို့၏ တပည့်ကျောင်းသားများကို ထိန်းကျောင်းရင်း ဆရာများပါဝင်သည့် နည်းတူ ထိုကျောင်းသားများသည် လမ်းစဉ်လူငယ်များဖြစ်သည်အတွက် မြို့နယ်လမ်းစဉ် လူငယ်စည်းရုံးရေးကော်မတီမှ ပုဂ္ဂိုလ်များ ပါဝင်ကြပါသည်။

ညနေ (၅)နာရီခွဲတွင် မြို့နယ်အလုပ်သမားကောင်စီမှ ပုဂ္ဂိုလ်များ၊ ပါတီယူနစ်ကော်မတီဝင်များ အလုပ်သမားဆန္ဒပြခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးရန် ရောက်ရှိလာပါသည်။

အလုပ်သမားများ၏ တင်ပြချက်ကို အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြပေးမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ယခင်ကလည်း တင်ပြပေးမည်ဆိုသည်များ လက်တွေ့တွင် ဘာမှဖြစ်မလာသည့်အတွက် တာဝန်ရှိသူများအပေါ်တွင် အယုံအကြည်မရှိကြောင်း ပြောကြားပြီး ၎င်းတို့အား ပြန်လည်ထွက်ခွာစေရန်နှင့် တကယ်တိတိကျကျ ဆောင်ရွက်ပေးနိုင်မှသာ လာရောက်ဆွေးနွေးပါဟု ပြောဆိုလိုက်ကြသည်။

ထိုအချိန်တွင် ချည်စက်ရှေ့ အင်းစိန်လမ်းမပေါ်တွင် စစ်တပ်များက ပစ်ခတ်၍ လူများသေကျေဒဏ်ရာရရှိကြောင်း ကြားသိရ၍ စက်ရုံထဲရှိအား

နှင့်သပိတ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် အလုပ်သမား ခေါင်းဆောင်များနှင့် ဆရာတော်၊ သံဃာတော်များ၊ ကျောင်းဆရာများနှင့်တိုင်ပင် ဆွေးနွေးကြပါသည်။

ည (၈)နာရီသတင်းတွင် ရန်ကုန်တိုင်းကို ပုဒ်မ (၁၄၄) ထုတ်ပြန်လိုက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးစိန်ဝင်းက တိုင်းပြည်သို့ မိန့်ခွန်းပြောကြားပါသည်။

၁၉၇၄-ဇွန်လ (၇)ရက်နေ့ မနက်ပိုင်းတွင် ရပ်ကွက်များမှ ထမင်းထုပ်များ ပို့ဆောင်ပေးခြင်း၊ (ဈ) ဈေးမှ ဈေးသူ ဈေးသားများက အသီးအနှံများလာရောက် ပို့ဆောင်ကြသဖြင့် ရိက္ခာပိုင်းအတွက် အလုံအလောက်ဖြည့်ဆည်းထားပါသည်။ပို့ဆောင်ကြသဖြင့် ရိက္ခာပိုင်းအတွက် အလုံအလောက်ဖြည့်ဆည်းထားပါသည်။

(၇)ရက်နေ့ မနက်လင်းအားကြီးတွင် ဆင်မလိုက်သင်္ဘောကျင်းသို့ ရေတပ်မှ ဝင်ရောက်ပစ်ခတ်သဖြင့် အလုပ်သမား (၅)ယောက်သေဆုံးပြီး ဒဏ်ရာ (၄၅)ယောက်ရရှိကြောင်း သတင်းဝင်လာအပြီး၊ တစ်ဆက်တည်း မနက် (၉)နာရီလောက်တွင် ချည်စက်ရှေ့တွင် မနေ့ညက ပစ်ခတ်သောနေရာတွင် ထပ်မံပစ်ခတ်ကြသဖြင့် အလုပ်သမားနှင့် အလုပ်သမား(၁၀)ယောက်သေဆုံးပြီး ဒဏ်ရာ (၆၀)လောက်ရကြောင်း သိရပါသည်။

အဆိုပါအချက်များအရ ကျွန်တော်တို့သပိတ်တိုက်ပွဲကို ပြန်သုံးသပ်ကြပါသည်။ အလုပ်သမားနှင့် လယ်သမားကို မဟာမိတ်ဖွဲ့ပြီး ပြည်ထောင်စုဆိုရှယ်လစ် မြန်မာနိုင်ငံတော်ကို တည်ထောင်ကြောင်း တစ်ကမ္ဘာလုံးကို ကြေညာသော စစ်အာဏာရှင်၊ နိုင်ငံတော်၏အလံတွင် စပါးနှံနှင့်စက်သွား (ပင်နီယံ)ကို အမှတ်တံဆိပ်ခပ်နှိပ်ထားပြီး လက်တွေ့တွင် စားစရာဆန်မလုံလောက်၍ ရိုးသားစွာ တောင်းဆိုဆန္ဒပြသော အလုပ်သမားတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေခြင်းသည် စစ်အာဏာရှင်ရုပ်လုံးကို ပီပီပြင်ပြင်ပေါ်ထွက်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့ ဆက်လက် ရင်ဆိုင်အံတုရေးကို ဆုံးဖြတ်လိုက်ကြသည်။

ကျွန်တော်တို့စက်ရုံသည် သိန်းပေါင်းများစွာတန်သော စက်ရုံဖြစ်သည်။ ဆန္ဒပြနေစဉ် ကာလပစ္စည်းများပျောက်ဆုံးခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်ထားသည်။ ကျွန်တော်တို့စက်ရုံကို ကျွန်တော်တို့ကာကွယ်မည်။ ရန်ကုန်

အပြုအမူများနှင့် ခြားနားသည်က လူထုလူတန်းစား အလွှာအသီးသီးက ပူးပေါင်းပါဝင်ခြင်းပင်၊ အလုပ်သမားနှင့်ပြည်သူတစ်သားတည်းဆိုတာကို ဖော်ပြခဲ့ကြသည်။

ညနေ (၄)နာရီတွင် ရန်ကုန်တိုင်းတာဝန်ရှိသူများက လာရောက်ဆွေးနွေး မည်ဖြစ်ကြောင်း သတင်းရသည်နှင့်အလုပ်သမား ခေါင်းဆောင်များ ကြိုတင်ပြင် ဆင်ကြသည်။ လာရောက်ပူးပေါင်းသော ကျောင်းသားပြည်သူများလည်း စိုးရိမ် စိတ်များနှင့် ဘာတွေဖြစ်လာမလဲအတွေးများနှင့် စောင့်မျှော်နေကြသည်။

တိုင်းတာဝန်ရှိသူပါတီကောင်စီ၊ အလုပ်သမားကောင်စီများ ရောက်လာသောအခါ ကျွန်တော်တို့စက်ရုံထဲသို့ အဝင်မခံပေ။

အလယ်စည်ထား၍ ပေ (၅၀)ခန့်ကွာ၊ သူတို့က အပြင်ဘက် ၊ ကျွန်တော်တို့က စက်ရုံထဲကဖြစ်သည်။ ဆွေးနွေးရန်အတွက် ကြိုတင်စည်းကမ်းချက်များ လိုက်နာမှသာ ဆွေးနွေးမည်ဖြစ်ကြောင်း။

(၁) **လက်နက်ကိုင်တပ်များကို နောက်ဆုတ်ပေးရန်။**

(၂) **လုံခြုံရေးတပ်ဖွဲ့များ လက်နက်ကိုင်၍ စက်ရုံဘက်သို့ မျက်နှာမူမထားရန်** စသည်ကြိုတင်စည်းကမ်းချက်များသတ်မှတ်ထားရှိရန် တဖက်နှင့် တဖက် အသံချဲ့စက်များနှင့် ဆက်သွယ်ပြောကြားခဲ့ပါသည်။

ကျောင်းသားနှင့်ပြည်သူများတဖက်တချက်တွင် ငြိမ်သက်စွာနားထောင်နေပြီး အခြေအနေကို အကဲခတ်နေကြပါသည်။

ကျွန်တော်တို့ဘက်မှ အလုပ်သမားခေါင်းဆောင်များကတောင်းဆိုချက်များကို တစ်ချက်ချ တင်ပြသည့်အခါ တောင်းဆိုချက် (၁၀)ချက်တွင် လတ်တလော အလျင်အမြန်ဆောင်ရွက်ပေးရန် (၇)ချက်နှင့်ခွင့်ရက်၊ လုပ်သက်ခံစားခွင့်ကို တစ်နှစ်လျှင် (၁)လ၊ ရှောင်တခွင့်ခွင့်ကို (၁၀)ရက် အနီးစပ်ဆုံးလွှတ်တော်တွင် ဖော်ပြပေးမည်ဖြစ်ကြောင်း၊ [illegible] ပုဂ္ဂိုလ် [illegible] အလုပ်သမား ကောင်စီမှ ပုဂ္ဂိုလ်များ၏ ပြည်သူ့ရှေ့မှောက်တွင် အသံချဲ့စက်ဖြင့်ပြောကြားချက်နှင့် လက်မှတ်ရေးထိုးမှုတို့အပေါ် အလုပ်သမား ခေါင်းဆောင်များက ကျောင်းသား ပြည်သူများကို ပြန်လည်ရှင်း ပြပြီး ညနေ (၆)နာရီတွင် ဆန္ဒပြမှုကို ရုပ်သိမ်းလိုက်ပါသည်။

စက်ရုံထဲမှ အလုပ်သမားများ ထွက်ခွာသည့်အခါ တပ်မှ လက်နက်ကိုင်

များ ဝင်ရောက်လာပြီး စက်ရုံကို ထိန်းသိမ်းလိုက်ပါသည်။

အထက်ပါ ဖြစ်စဉ်ပြီးနောက် (၈)ရက်နေ့ညဘက်များတွင် ဝင်ရောက်ဖမ်းဆီးမှုများ ဆက်တိုက်ဖြစ်ခဲ့ပါသည်။

**ခရီးသည်ပို့ဆောင်ရေး (၅/၆)လိုင်းမှ**

၁။ ဦးတင့်ဆန်း (အလုပ်ရုံမှူး)
၂။ ဦးမောင်မောင်ညွှန့် (အထက်တန်းစာရေး)
၃။ ဦးသောင်းညွှန့် (အထက်တန်းစာရေး)
၄။ ဦးဝင်းကျော် (အထက်တန်းစာရေး)
၅။ ဦးသောင်းမြင့် (စက်ပြင်-အဆင့် (၂)
၆။ ဦးကိုကိုကြီး (ယာဉ်မောင်း)ကွယ်လွန်

**မြို့နယ်လမ်းစဉ် လူငယ်စည်းရုံးရေးကော်မတီမှ**

၁။ ဒေါ်လှမေ
၂။ ဦးအောင်မြင့်
၃။ ဦးစိုးမြင့် (ကြက်ခြေနီ)ကွယ်လွန်
၄။ ဦးချိုအေး (ကျောင်းဆရာ)

**အထက်တန်းကျောင်းများမှ**

၁။ ဆရာဦးမင်းဆွေ (ကွယ်လွန်)နှင့် ကျောင်းသားအချို့ဖမ်းဆီးခံရကြောင်း အထက်ပါပုဂ္ဂိုလ်များ ဖမ်းဆီးခံရပြီး

ရုံးတွင်တရားစွဲခံရသော သူများစာရင်း

၁။ ဦးတင့်ဆန်း (အလုပ်ရုံမှူး)
၂။ ဦးသောင်းထွန်း (အထက်တန်းစာရေး)
၃။ ဦးဝင်းကျော် (အထက်တန်းစာရေး)
၄။ ဦးအောင်မြင့် (စက်ပြင် (၂) )
၅။ ဦးကိုကိုကြီး (ယာဉ်မောင်း)
၆။ ဒေါ်လှမေ (မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီဝင်)
၇။ ကိုအောင်မြင့် (မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေး

ကော်မတီဝင်)

**ထောင်ဒဏ် အပြစ်ပေးခံရသူများစာရင်း**

၁။ ဦးကိုကိုကြီး (ယာဉ်မောင်း) ထောင်ဒဏ် (၁၀)နှစ် (ကွယ်လွန်)
၂။ ဦးသောင်းညွန့် (စာရေး) (ကွယ်လွန်)(၁၀)နှစ်
၃။ ဦးဝင်းကျော် (စာရေး) (၁၀)နှစ်
၄။ ဒေါ်လှမေ (လမ်းစဉ်လူငယ်စည်းရုံးရေး ကော်မတီဝင်) (၁၀)နှစ်
၅။ ကိုအောင်မြင့် (လမ်းစဉ်လူငယ်စည်းရုံးရေး ကော်မတီဝင်) (၁၀)နှစ် တို့ဖြစ်ပါသည်။

**ဝင်းကျော် ( RTC )**
**မြောက်ဥက္ကလာ**

# မီးရထားသပိတ်

ချစ်ညွန့်ကျော်

(၁၉၇၄-၇၅) ခုနှစ်များအတွင်း အလုပ်ရုံ စက်ရုံများရှိ အလုပ်သမား အရေးအခင်းနှင့်ပတ်သက်၍ စစ်တမ်းထုတ်ကြည့်မိသည်။ ၎င်းအရေးအခင်းကြီး ဖြစ်ပေါ်ရသည့်ကိစ္စ၌ အလုပ်သမားများ၏ ရိုးသားစွာဆန္ဒထုတ်ဖော်မှုအပေါ် အခြေခံ၍ စဉ်းစားဆုံးဖြတ်သင့်သော အချက်ဖြစ်သည်ဟု ယုံကြည်မိသည်။

အလုပ်သမားများ၏ ဆန္ဒဆိုသည်မှာ အလုပ်သမားတိုင်းပင် စားဝတ် နေထိုင်မှု ပြေလည်စေချင်သည်။ ရိုးသားစွာလုပ်ကိုင်၍ စိတ်ချမ်းသာ၊ ကိုယ်ချမ်း သာ နေထိုင်သွားလိုသည်။ အလုပ်သမားတိုင်း၏ ဆန္ဒသဘောထားကို ဖြည့်ဆည်း ပေးရမည့် တာဝန်မှာမူ အုပ်ချုပ်သူအစိုးရက ယူရမည့် တာဝန်ကြီးဖြစ်သည်။

အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံလူတန်းစား ပဋိပက္ခဖြစ်ရသည်မှာ အုပ်ချုပ်သူ ညံ့ဖျင်းမှုကြောင့် ဖြစ်ရသည်က အဓိကဟု ဆိုရမည်။ (၇၄-၇၅)တွင် အုပ်ချုပ် သော စစ်အစိုးရ၏ညံ့ဖျင်းမှုကြောင့် အလုပ်သမားများ စား၊ ဝတ်၊ နေရေးမပြေ လည်မှုများ အများဆုံးခံစားခဲ့ရပေသည်။

အုန်းတော၊ ခပေါင်း တောင်သူလယ်သမားများညီလာခံ၌လည်း ကောင်း (၁၉၆၄)ခုနှစ်၊ ချောက်အလုပ်သမား၊ လယ်သမားများအခြေခံသော အစိုးရ တနည်းအားဖြင့် နိုင်ငံတော်အစိုးရဖြစ်ပါသည်ဟု ကြွေးကြော်ပြီး ကတိ

ကဝတ်ပြုခဲ့ပေသည်။ ထိုနောက်ပိုင်း၌ စစ်အစိုးရ၏ ကတိကဝတ်သည် လက်ကြားရေယိုသလို ဖြစ်သွားသည်။

(၇၄-၇၅)အစိုးရ၏ လုပ်ရပ်များသည် အထင်အရှားဖြစ်သည်။ တိုင်းပြည်၏ ဘဏ္ဍာငွေကို တိုးပွားအောင်မလုပ်နိုင်ဘဲ၊ စီးပွားရေးကို ဦးမဆောင်နိုင်ဘဲ တဖြည်းဖြည်း ချွတ်ချုံကျသည်ထက် ကျလာတော့သည်။ ကုန်ဈေးနှုန်းသည် မြင့်သည်ထက်မြင့်လာတော့သည်။

ထို့ကြောင့် လုပ်ခလစာနှင့်ကုန်ဈေးနှုန်းမြင့်မားမှုမှာ အလှမ်းကွာသည်ထက်ကွာလာသည်။ ဝင်ငွေနှင့်ဝယ်ယူရမည့် ကုန်ပစ္စည်းတန်ဖိုးနှုန်း မညီမျှမှုကို အစိုးရသည် နှာစီးနေခဲ့သည်။ တာဝန်မယူဘဲ အလုပ်သမားအပေါ်၌သာ အပြစ်ပုံချရန် စောင့်နေခဲ့ပုံရသည်။ ပေါက်ကွဲမှုအနာရှိန်ရင်လာပြီကို သိလျက်နှင့် အသာလွှတ်ပေးထားခဲ့သည်။

နောင်တော် မြစ်ငယ်မီးရထားသည်လည်းကောင်း၊ ပလိပ်ချည်မျှင်စက်ရုံသည်လည်းကောင်း ခါးစည်းခံစားရသည်မှာ အပြင်းထန်ဆုံးဖြစ်သည်။ ၁၉၆၇-ခုနှစ်၊ တရုတ်၊ ဗမာအရေးအခင်းကြောင့် ဆန်ရှားပါးမှုဒဏ်ကို မြစ်ငယ်မီးရထားအလုပ်သမားအများဆုံးခံစားခဲ့ရဖူးသည်။

အလုပ်သမားမိသားစု အတော်များများမှာ ဆန်ပြုတ်ပြုတ် သောက်ခဲ့ရသည်။ ဆန်ကွဲကို ကျိုစားခဲ့ရသည်။ ဂျုံကိုမုန့်လုပ်စားခဲ့ကြရသည်။ ခေါက်ဆွဲကိုပြုတ်စားခဲ့ကြရသည်။ အချို့မိသားစုများမှာ တစ်နေ့မှ တစ်ကြိမ်သာစားနိုင်ကြသည်။ အချို့မှာ လုံးဝမစားခဲ့ရပေ။ အငတ်ဘေးကြီးဆိုက်ခဲ့ရလေသည်။

မြန်မာနိုင်ငံသည် ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံဆိုပါလျက် အဘယ်ကြောင့်အငတ်ဘေးကြီးဆိုက်ခဲ့ရပေသနည်း။ အုပ်ချုပ်သူအစိုးရ၏ ညံ့ဖျင်းသော အကြောင်းတရားပင်တနည်း။

(၁၉၇၄)ခုနှစ်၊ မေလနှင့်ဇွန်လအတွင်းမြစ်ငယ်မီးရထားတွဲပြင်စက်ရုံမှစ၍ သပိတ်မှောက်ခဲ့ကြသည်။ မေလ (၃၁)ရက်၊ ဝဖါး၃၀ နာရီခန့်တွင်ဖြစ်သည်။ အစ၌ သပိတ်မှောက်အင်အားမှာ (၁၅၀)၊ (၂၀၀)ခန့်သာရှိသည်။ တဖြည်းဖြည်းနှင့်အင်အား (၂၀၀၀)ခန့်ဖြစ်လာ၏။

အဓိက တောင်းဆိုချက်များမှာ. . .

**(က) လူတစ်ဦးလျှင် တစ်လဆန် (၅)ပြည်နှုန်း။ (ကလေးလူကြီးမခွဲ)**

(ခ) **ဆန္ဒပြရက်ကို လုပ်ငန်းခွင်တွင် တာဝန်ချိန်အဖြစ်သတ်မှတ်ရေး** စသည်တို့

ဖြစ်သည်။

ထို့နောက်ဆက်တည်း မြစ်ငယ်တွဲပြင်စက်ရုံအလားတူပင် အင်းစိန်စက်ခေါင်းပြင်စက်ရုံ၌လည်း ဆန္ဒပြမှုဖြစ်ပေါ်လာခဲ့ရသည်။ ၁၉၇၄-ခုနှစ်၊ ဇွန်လ (၄)ရက်နေ့တွင်ဖြစ်သည်။ နံနက် ၀၉း၀၀ခန့်တွင် စသည်။ ဥဩများဆွဲသည်။ ကြွေးကြော်ကြသည်။

နေ့လယ်ပိုင်းတွင် အရေးပေါ်အစည်းအဝေးထိုင်သည်။ ရုံးကိုယ်စားလှယ်များနှင့်နယ်မြေတာဝန်ခံများပါဝင်သည်။ ထိုအစည်းအဝေး၌ စက်ရုံကိုယ်စားလှယ်များဘက်မှ **အချက် (၇)ချက် တောင်းဆိုခဲ့ကြသည်။** အဆိုပါ (၇)ချက်မှာ. . . .

**(က) ဆန်တစ်ပြည်နှုန်းထက် ပိုမိုရရှိရေး၊**
**(ခ) FR, RA ခွင့်နှင့်ပတ်သက်၍ ရှောင်တစ်ခွင် (၁၀)ရက်၊ လုပ်သက်ခွင့်**
**(၁) လပေးရန်၊**
**(ဂ) ဆေးခွင့် ၁- ရက် မဖြတ်ရန်၊**
**(ဃ) ဆေးပစ္စည်းလုံလောက်စွာထားရှိရန်၊**
**(င) လစာပြန်လည်ညှိနှိုင်းရန်၊**
**(စ) ဆန္ဒပြအလုပ်သမားများ မဖမ်းဆီးရန်၊**
ဖြစ်သည်။

သို့ရာတွင် ထိုတောင်းဆိုချက်(၇)ချက်အဖြေ အတိအကျမရခဲ့။ (၄. ၆. ၇၄)နေ့ ညဘက်တွင် အလုပ်သမားရဲဘော်များ အဖမ်းခံခဲ့ရသည်။ အဖမ်းခံရသည့်အလုပ်သမားရဲဘော်များမှာ ဦးသောင်း၊ ဦးအောင်စိန်၊ ဦးဝင်းထိန်၊ ဦးမြဘုံး၊ ဦးအုန်းမောင်၊ ဦးခင်မောင်၊ ဦးအောင်ကြည်၊ ဦးသိန်းမောင် စသော အလုပ်သမား (၂၃)ဦးဖြစ်သည်။

၅. ၆. ၇၄-ခုနှစ်၊ အင်္ဂါနေ့နံနက်ပိုင်း အလုပ်ဝင်ချိန်တွင် ထိုရဲဘော်များ အဖမ်းအဆီးခံရကြောင်း အလုပ်သမားထုသိရှိသွားသည်။ သပိတ်မှောက်လိုက်ကြရသည်။ ထိုသို့ သပိတ်မှောက်လိုက်သောအခါ မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးကြည်မောင်၊ မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးထွန်းရီ၊ ကောင်စီအတွင်းရေးမှူး ဦးတင်လှိုင်တို့ ရောက်လာကြသည်။ ညှိနှိုင်းကြသည်။ ထိုစဉ်က စက်မှုဌာနမှ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး ခြင်းဖြစ်သည်။ စက်ရုံမှ သပိတ်မလှန်သေးပါ။

မြို့ပတ်ဒီဇယ်စက်ရုံမှလည်း သပိတ်မှောက်လိုက်လေပြီ။ ၆. ၆. ၇၄

နေ့တွင်မူ သပိတ်မှာ အရှိန်ပြင်းထန်လာ၏။ အင်းစိန်သပိတ်မှောက်ပြီ။ နောက် သံရေကြိုစက်ရုံ၊ ထောင်စာပုံနှိပ်စက်၊ ဒယ်အိုးစက်၊ နိုင်လွန်စက်၊ ဂုံလျှော်စက်ရုံ စသည်များ မီးခိုးကြွက်လျှောက်သပိတ်မှောက်လာကြပါသည်။

ထိုသို့ အခြေအနေရှိနေဆဲတွင် တိုင်းမှူး၊ အလုပ်သမားဝန်ကြီးနှင့် စက်ရုံ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးနေသည်။ စက်ရုံမှ ကြေးကြော်သံများကလည်း အဆက်မပြတ်ပေ။ အဓိကကြေးကြော်သံများမှာ . . . . . "**စက်ရုံ ကောင်စီ ဖျက်ချရေး (ဒို့အရေး)၊ မတရားဖမ်းထားသော အလုပ်သမားများ အမြန်ပြန်လွှတ် ရေး (ဒို့အရေး). . . .**" များဖြစ်သည်။

ည (၇)နာရီခန့်တွင် မတရားအဖမ်းခံထားသော အလုပ်သမား(၂၃)ဦး ပြန်လွှတ်ပေးသည်။ မီးရထားစက်ခေါင်းပြင်စက်ရုံ၏အချိန်မှူးရုံးပေါက်အထိ ပို့ပေးသည်။ (၇. ၆. ၇၄) ကြားသပတေးတွင် (၅)သုံးလုံးဖိနပ်စက်ရုံ ဆင်မလိုက် သင်္ဘောကျင်းစက်ရုံ စာတိုက်နှင့်ကြေးနန်းဌာနတို့လည်း သပိတ်မှောက်ထောက်ခံ ခဲ့ကြသည်။

ထိုစဉ်က ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဆန္ဒပြကိုယ်စားလှယ် (၅)ဦးတို့ ဆွေးနွေးပြီးနောက် သပိတ်ရပ်တန့်ခဲ့သည်။ သို့သော် သပိတ်ကာလ
(၅)ဦးတို့ ဆွေးနွေးပြီးနောက် သပိတ်ရပ်တန့်ခဲ့သည်။ သို့သော် သပိတ်ကာလ
အခါအားလျော်စွာ ရပ်တန့်ထားခဲ့ကြသော်လည်း အလုပ်သမားထု၊ လူထုလူတန်း စာရင်းထဲ၌ အစိုးရ၏မူမမှန်သော တစ်ပါတီအာဏာရှင်ဆန်မှုကိစ္စများ၊ ဆောင် ရွက်ချက်များအပေါ် မကျေနပ်ချက်များကား ရှိနေဆဲပင်ဖြစ်သည်။

စစ်အစိုးရ၌ ဘာတစ်ခုမျှတိတိကျကျမဆောင်ရွက်နိုင်ဘဲ ခဏမျှ ချေးသိပ်ရုံ ဆေးဖြီးတိုကု ကုခဲ့ခြင်းသာဖြစ်သည်။ ထိုပြဿနာသည် (၉. ၆. ၇၅) နေ့တွင် မြုံနေသောအနာအဖြစ် ပေါ်လာတော့သည်။ ပေါ်ပေါက်လာရသည့် ပြဿနာမှာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် ဦးဝင်းမောင်က စက်ရုံ မန်နေဂျာ ဦးအေးမူ (စက်ရုံမန်နေဂျာ ဦးကျော်မြင့် နိုင်ငံခြားသွားသဖြင့် ခေတ္တ တာဝန်လွှဲထားခြင်းဖြစ်သည်။ ) ထံ အဆိုပါနေ့ နေ့လယ်ပိုင်း (၁၁း၂၅) အလုပ် ပိတ်ထားဖို့ အကြောင်းကြားထားခဲ့သည်။ ထို့ကြောင့်အလုပ်သမားများ အလုပ် ဆင်းခွင့်မရသဖြင့် မကျေမနပ်ဖြစ်ကြသည်။ စက်ရုံတံခါးများပိတ်ထားသည်။ လုံခြုံရေးအစောင့်ရဲဘော်များ အပြည့်ချထားသည်။

အလုပ်သမားများ စက်ရုံအပေါက်ဝမှဝင်၍ ဥဩသုံးလေးကြိမ်

ဆက်တိုက်ဆွဲပစ်သည်။ ထိုဖြစ်စဉ်ကို စက်ရုံ၏ယာယီကြီးကြပ်ရေးက ဝင်ထိန်းပေးသည်။ မန်နေဂျာထံတွင် သော့ပေးအပ်သည်။ လက်ထောက်မန်နေဂျာ ဦးတင်ရီ၊ ဦးထွန်းအေးတို့က မြို့နယ်ပါတီသို့သွားရောက်ရှင်းပြခဲ့သည်။ ထိုဖြစ်စဉ်သည် ငြိမ်းအေးသွားခဲ့သည်။

သို့သော် နောက်တစ်နေ့ (၁၀. ၆. ၇၅)နေ့တွင် မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ကြို့ကုန်း)မှ ဥဩဆွဲသံများကြားရသည်။ အလုပ်ချိန် (၉)နာရီ၊ (၁၀)နာရီခန့်မျှပင် ရှိဦးမည်ထင်၏။ ဥဩသံမှာ အဆက်မပြတ်ရှိသည်။ မရှေ့မနှောင်းမှာပင် အင်းစိန်စက်ခေါင်းစက်ရုံမှ ဥဩသံများထွက်ပေါ်လာသည်။

စက်ရုံအလုပ်ရုံအလုပ်သမားသပိတ်ကြီးဖြစ်လာတော့သည်။ (၁၁. ၆. ၇၅)နေ့ (၁၁)နာရီခန့်တွင် စက်ရုံကို စစ်တပ်က ဝိုင်းလိုက်သည်။ ရန်ကုန်တိုင်းမှူးမှာ ဗိုလ်မှူးကြီးအေးကိုဖြစ်သည်။ မကြာခင် စစ်သားများသည် စက်ရုံအတွင်း ကို ဝင်စီးလိုက်ပါသည်။ ထို့နောက် စက်ရုံကိုယ်စားလှယ်များနှင့် စစ်ခေါင်းဆောင် များသည် အပြင်စတိုဦ ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် စက်ရုံကိုယ်စားလှယ် ဦးအောင်စိန် က သပိတ်မှောက်အလုပ်သမားများအား သံဖြူစက်ရုံဟောင်းခမ်းမ ထဲ၌ ဆွေးနွေးချက်များကို ပြန်လည်ရှင်းပြသည်။ ထို့နောက် ဦးဝင်းထိန်ကလည်း **အချက်(၄) ချက်**နှင့်ပတ်သက်၍ **လစာညှိနှိုင်းရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ တရားဝင် ကောင်စီပြန်ရွေးရေး၊ သပိတ်မှောက်အလုပ်သမားများ မဖမ်းဆီးရေး** စသည်များ ဆွေးနွေးပြလေသည်။

သပိတ်မှောက်အလုပ်သမားများအား မဖမ်းပါဟု ကတိကဝတ်ပြုခဲ့သော်လည်း စစ်အစိုးရသည် ကတိမတည်။ ညသန်းခေါင်တွင် ကောက်သင်းကောက်သလို တစ်ယောက်ပြီးတစ်ယောက်ဖမ်းဆီးခဲ့ပါပေသည်။

အင်းစိန်မီးရထားစက်ခေါင်းပြင်စက်ရုံမှ . . . .

| | | | |
|---|---|---|---|
| ၁။ | ဦးသောင်း | ၁၁။ | ဦးကျော်မြိုင် |
| ၂။ | ဦးထွန်းရွှေ | ၁၂။ | ဦးကျော်ဇော |
| ၃။ | ဦးအောင်စိန် | ၁၃။ | ဦးချစ်ညွန့် |
| ၄။ | ဦးကျော် | ၁၄။ | ဦးစိုးသိမ်း |
| ၅။ | ဦးသန်း | ၁၅။ | ဦးစိုးမြင့် |
| ၆။ | ဦးသိန်းမောင် | ၁၆။ | ဦးထွန်းအောင် |

၇။ ဦးဝင်းထိန် ၁၇။ ဦးထွန်းညွန့်
၈။ ဦးမြင့်မောင် ၁၈။ ဦးသိန်းထွန်း
၉။ ဦးအောင်ကြည် ၁၉။ ဦးချစ်လှိုင်
၁၀။ ဦးချစ်မွေး ၂၀။ ဦးတင်ဝင်း

၂၁။ ဦးကြည်ညွန့်
၂၂။ ဦးလှရွှေ
၂၃။ ဦးလှမြင့်
၂၄။ ဦးကြည်အေး
၂၅။ ဦးအောင်သူ
၂၆။ ဦးကျော်သိန်း
၂၇။ ဦးချစ်ဆွေ
၂၈။ ဦးဝင်းမောင်

တို့ဖြစ်သည်။ ထိုအထဲတွင် ဦးကျော်၊ ဦးသန်း၊ ဦးသိန်းမောင်၊ ဦးဝင်းထိန်၊ ဦးအောင်ကြည်၊ ဦးကျော်ဇော၊ ဦးချစ်ညွန့်၊ ဦးစိုးသိမ်း၊ ဦးစိုးမြင့်၊ ဦးထွန်းအောင်၊ ဦးသိန်းထွန်း၊ ဦးလှရွှေ၊ ဦးအောင်သူ စသော အလုပ်သမားရဲဘော်များမှာ ထောင်ဒဏ်ကျခံရာတွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၆)နှစ်ဖြစ်သည်။ ကျန်ရဲဘော်များမှာမူ အလုပ်ကြမ်းနှင့်ထောင်ဒဏ်(၁၃)နှစ်၊ (၁၀)နှစ်တို့ဖြစ်သည်။

အပြစ်ပေးသည့်ခုံရုံးမှာ အမှတ် (၂)စစ်ခုံရုံး (သခင်စိုးအားအမှုစစ်သော ခုံရုံးဖြစ်သည်။)မှ တစ်နာရီခန့်အတွင်း အမိန့်ချခဲ့ခြင်းဖြစ်၏။ ရှေ့နေငှားခွင့်၊ ဝတ်လုံလိုက်ခွင့်၊ လျှောက်လွှဲခွင့်၊ ထုချေခွင့် မပေးဘဲ အပြစ်ဟုသတ်မှတ်ခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးမရရှိခဲ့ပေ။

**အလားတူပင် အင်းစိန်မြို့ပတ်ဒီဇယ်ရထားစက်ရုံမှ . . .**

၁။ ဦးအုန်းမြင့်
၂။ ဦးနေဝင်း
၃။ မစ္စတာရစ်ချက်တို့လည်း ထောင်ဒဏ်များ အသီးသီးကျခံခဲ့ရပေသည်။

ဦးအုန်းမြင့်မှာ ထောင်ဒဏ် (၁၆)နှစ် ကျခံရန်အမိန့်ချမှတ်ခံခဲ့ရပေသည်။

**ရန်ကုန်မီးရထားဌာနမှ . . .**

၁။ ဦးငြိမ်း ၁၁။ ဦးထွန်းသန်း

| | | | |
|---|---|---|---|
| ၂။ | ဦးတင်ရွှေ | ၁၂။ | ဦးမောင်နီ |
| ၃။ | ဦးစိန်ထွန်း | ၁၃။ | ဦးတင်အောင် |
| ၄။ | ဦးအောင်ချစ် | ၁၄။ | ဦးရွှေမင်း |
| ၅။ | ဦးစိုးမြင့်(ပါးသိုင်း) | ၁၅။ | ဦးအောင်ခိုင် |
| ၆။ | ဦးစိုးမြင့်(ထားဝယ်) | ၁၆။ | ဦးလှမြင့် |
| ၇။ | ဦးခင်မောင်မြင့် | ၁၇။ | ဦးသုတ |
| ၈။ | ဦးခင်လှ | ၁၈။ | ဦးထွန်းဝေ |
| ၉။ | ဦးခင်ကြည် | ၁၉။ | ဦးသန်းမြင့် |
| | | ၂၀။ | ဦးအေး |

စသည့် အလုပ်သမားကြီးများ ပြစ်ဒဏ်ကျခံခဲ့ရပေသည်။ စင်စစ်သော် စစ်အစိုးရသည် ပြည်သူလူထု၏ စား၊ ဝတ်၊ နေရေးအရပ်ရပ်ကို မဖြေရှင်း၊ မဆောင်ရွက်နိုင်ဘဲ ဖိနှိပ်မခေါင်းပုံချခဲ့ခြင်းဖြစ်သည်။ ဆန်ကိစ္စကို အကြောင်းပြု ဖြစ်ပေါ်လာသည့် ပြဿနာမှာ နိုင်ငံတော်အစိုးရ၌သာ တာဝန်အရှိဆုံးဖြစ်ပါလျက် အပြစ်မဲ့လုပ်သားများကို ဆိုရှယ်လစ် စနစ်ဟန့်တားနှောင့်ယှက်မှု ပုဒ်မ-(၁၅/၁) အရ မတရားစွဲချက်တင်ကာ နှစ်ရှည်ထောင်ဒဏ်အပြစ်ပေး၍ တစ်ဖက်သတ် အနိုင်ကျင့်ခဲ့သည်ကား တစ်ပါတီ အာဏာရှင်စနစ်၏ လုပ်ရပ်များ ပင်တည်း။

ချစ်ညွန့်ကျော်

# (၁၉၇၄-၇၅)-ဘီ. ပီ. အိုင် ဆေးဝါးထုတ်လုပ်ရေး စက်ရုံ၏ သပိတ်မှောက်မှုမှတ်တမ်း

လှဝင်း (ဆေးဝါးစက်ရုံ)

ကျွန်တော်တို့ မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံသည် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ ကြို့ကုန်းဘူတာနှင့်ကပ်လျက်တည်ရှိသည်။ စက်ရုံ၏အရှေ့ဘက်အရပ် ကိုက်(၅၀၀)ကျော်လောက်တွင် ရှစ်လေးလုံးအရေးတော်ပုံကြီးကို စတင်ပေါက်ဖွားဖန်တီးလိုက်သော ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) တည်ရှိပြီး စက်ရုံ၏မြောက်ဘက်ကိုက် (၂၀၀)တွင် အင်းစိန်မီးရထား စက်ခေါင်းပြင်စက်ရုံ တည်ရှိသည်။

(၁၉၇၄) အလုပ်သမားသပိတ်ဖြစ်ပေါ်လာရခြင်း၏ အခြေခံအကြောင်းရင်းမှာ (၁. ၁၀. ၇၂)ဖွဲ့စည်းပုံအသစ်နှင့် အလုပ်သမားရပိုင်ခွင့်များကို အောက်ခြေအထိ အကောင်အထည်မဖော်နိုင်သည့်အတွက် ဌာနကိုယ်စားလှယ်များနည်းကာ အခြေခံကောင်စီနှင့် သုံးကြိမ်တိုင်တိုင်တွေ့ဆုံမေးမြန်းကြသော်လည်း အထက်သို့တင်ပြထားကြောင်းသာ အခါခါဖြေကြားကြ၍ အောက်ခြေအလုပ်သမားထုကြီးမှ မကျေနပ်ကြသဖြင့် ၁၉၇၄ဖွေန် (၁)ရက်၊ (၂)ရက်နေ့တို့တွင် ဌာန အသီးသီးမှ ဝန်ထမ်းများသည် စက်ရုံအရာရှိများ၏ မမျှတသော အုပ်ချုပ်ရေးနှင့် ဝန်ထမ်းများအပေါ် ဖိနှိပ်ချုပ်ချယ်မှု၊ ရာထူးနှင့်အခွင့်အရေး

ဝင်တိုင်မှုများကို မကျေမနပ်ဖြင့် တအုံနွေးနွေးဖြစ်နေကြသည်။ ဌာနအသီးသီးရှိ ကိုယ်စားလှယ် များသည် တိတ်တဆိတ်ပြောဆိုညှိနှိုင်းပြီး (၆. ၆. ၇၄) နေ့တွင်ဆန္ဒပြသပိတ်မှောက်ကြရန် ဆုံးဖြတ်ချက်ချကြသည်။ ကျွန်တော်တို့ ဆေးဝါးစက်ရုံနည်းတူ အင်းစိန်မီးရထားစက်ရုံလည်း သပိတ်မှောက်တောင်းဆိုရန် ပြင်ဆင်နေကြပြီး ဇွန်(၆)ရက်နေ့တွင် တစ်ပြိုင်တည်းသပိတ်မှောက် ဆန္ဒပြကြရန် စက်ရုံနှစ်ရုံမှ ခေါင်းဆောင်များလျှို့ဝှက်ဆက်သွယ်ထားလိုက်ကြသည်။

သို့သော် (၁၉၇၄) ဇွန်(၄)ရက်နေ့တွင် သတင်းပေါက်ကြားသွားသဖြင့် မီးရထားစက်ရုံမှ ခေါင်းဆောင်အလုပ်သမားတချို့ကို ဖမ်းဆီး၍ အင်းစိန်ထောင်ထဲသို့ထည့်လိုက်ကြလေသည်။ ၎င်းခေါင်းဆောင်များသည် အထက်အရာရှိနှင့် အဆင်မပြေသူများ၊ မ. ဆ. လပါတီကို ဆန့်ကျင်သူများ၊သပိတ်မှောက်ဆန္ဒပြရန် စည်းရုံးလှုံ့ဆော်သူများဟု အထင်ခံရသူများ ဖြစ်ကြလေသည်။

မီးရထားစက်ခေါင်းပြင်စက်ရုံမှ အလုပ်သမားများသည် သပိတ်မှောက် ဆန္ဒပြရန် သတ်မှတ်ထားသော ဇွန် (၆)ရက်နေ့ထိ မစောင့်ကြတော့ဘဲ ဇွန်(၅)ရက် နေ့ ညနေမှစပြီး စက်ရုံအပြင်သို့ မထွက်ကြတော့ဘဲ ဖမ်းဆီးထားသော အလုပ်သမားများကို ပြန်လွှတ်ပေးရေး၊ ၎င်းတို့နှင့်သက်ဆိုင်သော တောင်းဆိုချက်များကို တောင်းဆိုပြီး ဇွန် (၅)ရက်နေ့မှစတင်၍ သပိတ်မှောက်ဆန္ဒပြခဲ့ကြပါသည်။

ကျွန်တော်တို့ (B.P.I) ဆေးဝါးစက်ရုံတွင်လည်း (၁၉၇၄)၊ ဇွန်လ (၆)ရက်နေ့တွင် ဆေးဝါးစက်ရုံမှ ကိုယ်စားလှယ်များသည် ပုံမှန်အလုပ်ချိန်ထက် စောစွာရောက်လာကြပြီး ညှိနှိုင်းထားသည့်အတိုင်း သပိတ်မှောက်ရန် ပြင်ဆင်ကြသည်။ စက်ရုံမှ ဥသြသံဆွဲပြီး အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဌာနအသီးသီးရှိ ဝန်ထမ်းအားလုံးတို့သည် (သပိတ် သပိတ် မှောက် မှောက်)ဟူသော ကြွေးကြော်သံများကြွေးကြော်ပြီး စက်ရုံပင်မတံခါးပေါက်တွင် စုရုံးကြရန်ဖြစ်သည်။

ကျွန်တော်တို့သပိတ်မှောက်ဆန္ဒပြရန် အချိန်သတ်မှတ်ချက်မှာ နံနက် ၉း၃၀ ဖြစ်သောကြောင့် သပိတ်မှောက်ချိန်ကို တက်ကြွစွာစောင့်စားရင်း အလုပ်သမားများမှာ မိမိတာဝန်ကို ကြေပွန်စွာ ထမ်းဆောင်နေကြသည်။

၉း၃၀နာရီတွင် BPIစက်ရုံမှ ဥသြဆွဲလိုက်သည်နှင့် တစ်ပြိုင်နက်တည်း

ကျွန်တော်တို့ဌာနအသီးသီးမှာရှိကြသော အလုပ်သမားတို့သည် (သပိတ် သပိတ် မှောက် မှောက်)ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ပြီး ဌာနအသီးသီးမှ ထွက်လာကြစဉ် ကျွန်တော်တို့သည် စက်ရုံဝင်းမတံခါးကို ပြေးပိတ်ပြီး သော့ခတ် လိုက်ပါသည်။ မည်သူမှ အဝင်အထွက်မပြုရန် အမိန့်ထုတ်ပြီး ဝင်းမတံခါးသော့ကို သိမ်းထားလိုက်ပါသည်။

စက်ရုံကို ထိမ်းချုပ်ပြီးနောက် ကျွန်တော်တို့သည် အစုလိုက် အဖွဲ့လိုက် တာဝန်များကို ခွဲဝေချမှတ်လိုက်ကြသည်။ အဆင့်ဆင့်တာဝန်ခွဲဝေမှုများမှာ (၁) **စက်ရုံအတွင်းအပြင် လုံခြုံရေးအဖွဲ့၊ (၂) သတင်းနှင့်ပြန်ကြားရေးအဖွဲ့၊ (၃)ကျန်းမာရေးကူညီရေးအဖွဲ့၊ (၄)စည်းရုံးလှုံ့ဆော်ရေးအဖွဲ့၊ (၅) ရိက္ခာစုဆောင်း သယ်ယူရေးအဖွဲ့**တို့ဖြစ်သည်။ ကျွန်တော်တို့စက်ရုံ၏ "တောင်းဆိုချက်များမှာ"

(၁) **ဖမ်းဆီးထားသော မီးရထားစက်ရုံမှ လုပ်သားများပြန်လွှတ်ပေးရေး၊**
(၂) **ဝန်ထမ်းများလစာတိုးမြှင့်ရေး၊**
(၃) **နေ့စားဝန်ထမ်းများကို အမြဲတမ်းလစာဝန်ထမ်းအဖြစ် ခန့်ထားရေး၊**
(၄) **အခြေခံစားကုန် (၁၇)မျိုးကို သက်သာဈေးဖြင့် လစဉ်ဝယ်ယူရေး၊**
(၅) **အလုပ်သမားများ ဖွဲ့စည်းပုံအရ အခွင့်အရေးအားလုံးခန့်အပ်ရေး၊**
(၆) **သက်သာချောင်ချိရေး ချက်ခြင်းပေး၊**
(၇) **အန္တရာယ်ကြေး ချက်ချင်းပေး၊**
(၈) **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအလိုမရှိ စစ်အာဏာရှင် ကျဆုံးပါစေ**
(၉) **အခြေခံအလုပ်သမားကောင်စီဖျက်သိမ်းရေး**

စသည်တို့ဖြစ်ပါသည်။

ကျွန်တော်တို့ဆေးဝါးစက်ရုံအပြင် အင်းစိန်စက်ခေါင်းပြင်စက်ရုံ၊ သမိုင်း ချည်မျှင်အထည်စက်ရုံ၊ ဂုံနီစက်ရုံ၊ ဆင်မလိုက်သင်္ဘောကျင်း R.T.C ကုန်းလမ်းပို့ဆောင်ရေးနှင့် အခြားစက်ရုံငယ် မြောက်များစွာသည်လည်း သပိတ် မှောက် ဆန္ဒပြကြပြီး စက်ရုံတစ်ရုံခြင်းအလိုက် တောင်းဆိုချက်များကို တောင်းဆို သပိတ်မှောက် ဆန္ဒပြခဲ့ကြပါသည်။

အင်းစိန်မီးရထားစက်ရုံမှ ဖမ်းဆီးထားသော အလုပ်သမား အားလုံး ကို (၇. ၆. ၇၄) နေ့တွင် ညနေ (၆)နာရီတွင် ပြန်လွှတ် ပေးလိုက်ပါသည်။

(၇. ၆. ၇၄)နေ့ နံနက်(၁၁)နာရီ (၄၅)မိနစ်လောက်တွင် စက်ရုံမှူး ဒုတိယဝန်ကြီး သိန်းမောင်၊ ဒုစက်ရုံမှူး အုပ်ချုပ်ရေးမှူးနှင့် ဌာနမန်နေဂျာများသည် ကျွန်တော်တို့အလုပ်သမားခေါင်းဆောင်များနှင့် လာရောက်တွေ့ဆုံပြီး အလုပ်သမားထုတစ်ရပ်လုံး၏ တောင်းဆိုချက်နှင့်ပတ်သက်ပြီး သူတို့အနေဖြင့် အထက်အလုပ်သမားဝန်ကြီးကို တင်ပြပေးမည်။ **"ခင်ဗျားတို့အလုပ်သမားထု အားလုံး သပိတ်လှန်ပြီး အိမ်ပြန်ကြပါ။ နောက်နေ့တွေမှာလည်း ငြိမ်းငြိမ်းချမ်း ချမ်းနဲ့ကိုယ့်ကျရာဌာနအသီးသီးတွေမှာ အလုပ်ခွင်ပြန်ဆင်းကြပါ။ မေတ္တာရပ်ခံ ပါတယ်"**လို့ပြောပါသည်။ အဲဒီအချိန်မှာ ကျွန်တော်တို့အလုပ်သမားကိုယ်စားလှယ် တစ်ဦးက ထပြီး **"အခုပြောတဲ့ဆုံးဖြတ်ချက်ကို အခုတက်ရောက်လာတဲ့ ကိုယ်စား လှယ်တွေရဲ့ဆုံးဖြတ်ချက်နဲ့အဖြေပေးဆုံးဖြတ်လို့မရပါဘူး။ အလုပ်သမားထုတစ် ရပ်လုံးကို မေးမြန်းပြီးတော့မှ အဖြေပေးနိုင်မှာဖြစ်တဲ့အတွက် (၈. ၆. ၇၄)နေ့ နံနက် (၉)နာရီမှာ အဖြေပေးပါ့မယ်"** ဟု ပြန်ပြောလိုက်ပါသည်။

ထို့နောက် ကိုယ်စားလှယ်များသည် အလုပ်သမားထုအားလုံးအား အထက်အရာရှိများနှင့် ဆွေးနွေးချက်များကို ပြန်လည်ပြောပြပြီး ကျွန်တော်တို့ အတွက် အရေးကြီးသောတောင်းဆိုချက်မှာ သပိတ်လှန်ပြီးနောက် အလုပ်သမား များကို မဖမ်းဆီးပါဘူး ဟူသော အာမခံကတိစကားပင်ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်သမားကိုယ်စားလှယ်များနှင့်တကွ အလုပ်သမားထုအားလုံး၏ ဆန္ဒအရ ၎င်းတို့ကို ခံဝန်ကတိလက်မှတ်ထိုးခိုင်းရန် ဆုံးဖြတ်ချက်ချမှတ်လိုက်ကြပါသည်။

(၈. ၆. ၇၄)နေ့ နံနက် (၆)နာရီတိတိတွင် စက်ရုံမှူးများနှင့် အလုပ်သမား ကိုယ်စားလှယ်များက သပိတ်လှန်ပြီးပါက အလုပ်သမားတွေကို မဖမ်းဆီးပါဘူး ဆိုတာကို အာမခံလက်မှတ်ရေးထိုးပေးရန် တောင်းဆိုလိုက်ကြ ပါသည်။

စက်ရုံမှူးများက ကျွန်တော်တို့တောင်းဆိုချက်တွေအားလုံးရအောင် ဆောင်ရွက်ပေးမည်။ ကျွန်တော်တို့ကိုလည်း မဖမ်းဆီးဖို့ အာမခံပါတယ်။ ကတိ လည်းပေးပါသည်ဟုဆိုပြီး အလုပ်သမားကိုယ်စားလှယ်များ၏ရှေ့မှာပင် လက်မှတ်ရေးထိုးပြီး အလုပ်သမားကိုယ်စားလှယ်များလက်သို့ ပေးအပ်လိုက်ပါ သည်။

(၉. ၆. ၇၄) ညနေ (၄)နာရီအချိန်တွင် ကျွန်တော်တို့အလုပ်သမား ကိုယ်စားလှယ်များနှင့်အလုပ်သမားအားလုံးသဘောဆန္ဒအရ သပိတ်လှန်

လိုက်ကြပါသည်။ (၁၉. ၆. ၇၄)နေ့တွင် အလုပ်သမားအားလုံးသည် အလုပ်ခွင်သို့ အေးချမ်းစွာဖြင့် ပြန်ဆင်းကြပါသည်။

၎င်းတို့သည် သူတို့ကတိအတိုင်း ဖမ်းဆီးခြင်းမပြုသော်လည်း ကျွန်တော်တို့တောင်းဆိုချက်တွေကို အလုပ်သမားထုအားလုံးက ပေးလိမ့်နိုး ပေးလိမ့်နိုးနှင့် စောင့်မျှော်လာရာ ရက်မှလ၊ လမှနှစ်တို့သာ ပြောင်းလဲလာခဲ့သော်လည်း ဘာတစ်ခုမှ ရလာခြင်း၊ ပေးလာခြင်းမရှိချေ။ လိမ်လည်လှည့်ဖြားသည်ကို သိလာသောအခါ ဌာနအသီးသီးမှာ ရှိကြသော ကိုယ်စားလှယ်များနှင့် အလုပ်သားထုအားလုံးတို့သည် မကျေမနပ်နှင့် မခံမရပ်နိုင်ဖြစ်ပြီး နှစ်ပတ်လည် နေ့ဖြစ်သော (၆. ၆. ၁၉၇၅)နေ့မှာ စပြီး သပိတ်မှောက် ဆန္ဒပြကြရန် အလုပ် သမားထုအတွင်းမှာ လှုပ်လှုပ်ရွရွဖြစ်နေကြပြီး အခြေအနေ အကြောင်းကြောင်းကြောင့်-

(၉. ၆. ၇၅)နေ့ နံနက် (၉း၃၀)မှစပြီး မကျေနပ်မှုများနှင့် အတူနှစ်ပတ်လည်းနေ့အဖြစ် ကျွန်တော်တို့ (B.P.I) ဆေးဝါးစက်ရုံမှ သပိတ်မှောက် ဆန္ဒပြခဲ့ကြပါတော့သည်။

ကျွန်တော်တို့ ဆေးဝါးစက်ရုံအတွင်းမှ သပိတ်မှောက်ဆန္ဒပြတောင်းဆိုချက်များ တောင်းဆိုနေစဉ် (၁၀. ၆. ၇၅) နေ့ ညနေ (၄း၃၀)အချိန်တွင် လက်နက် အပြည့်အစုံဖြင့် စစ်သား (၇၅)ယောက်ခန့်က စက်ရုံကို ဝိုင်းထားပြီး စစ်သားအချို့သည် ပင်မတံခါးပေါက်ကို ကျော်တက် ဝင်ရောက်လာကြကာ ကျွန်တော်တို့အလုပ်သမားတွေကို သေနတ်ဖြင့်ချိန်ပြီး ဝိုင်းထားလိုက်ပါသည်။ ထို့နောက် ဗိုလ်မှူးတစ်ယောက် ရောက်လာပြီး **"ခင်ဗျား တို့အားလုံး စက်ရုံအပြင်ကိုထွက်ပြီး ကိုယ့်အိမ်ကိုယ် အေးအေးဆေးဆေးပြန်ကြ ပါ၊ စက်ရုံကို ကျွန်တော်တို့သိမ်းလိုက်ပြီ၊ ကျွန်တော်အမိန့်ပေးတာကို မလိုက်နာရင် ပစ်ရပါလိမ့်မယ်၊ ခင်ဗျားတို့ကို မိနစ်(၃၀)အချိန်ပေးမယ်။ စက်ရုံထဲမှာ တစ်ယောက် မှမမြင်ချင်ဘူး"** ဟုပြောပြီး မျက်ထောက်နီကြီးဖြင့်ကြည့်နေပါသည်။

စက်ရုံတွင်းရှိ ကျွန်တော်တို့အလုပ်သမားအားလုံးတို့သည် မကျေမနပ်ဖြင့် အံကြိတ်ပြီး လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ကာ ဒေါသတွေကို မျိုသိပ်၍ စက်ရုံအတွင်းမှ အသီးသီးထွက်ခွာပေးခဲ့ကြရပါသည်။

(၁၂. ၆. ၇၅) နေ့ညမှာပင် တစ်အိမ်တက်ဆင်း ကျွန်တော်တို့ (B.P.I) ဆေးဝါးစက်ရုံမှ သပိတ်ခေါင်းဆောင်အမျိုးသမီး (၃)ဦး အပါအဝင် လူ(၁၁)

ယောက်တို့ လိုက်လံဖမ်းဆီးပြီး နာမည်ဆိုးဖြင့် ကျော်ကြားသော အင်းစိန်အကျဉ်းဆောင်တွင်းရှိ (ကြိုးတိုက်)ကို အားလုံးပို့ဆောင်လိုက်သည်။

(၂၀. ၇. ၇၅)နေ့မှ ကျွန်တော်တို့ (၃၃)ယောက်ကို အင်းစိန်ထောင်အတွင်း ရှိ စစ်ခုံရုံးအမှတ် (၁-၂-၃-၄-၅)မှ (၁၀)နှစ်၊ (၁၃)နှစ်၊ (၁၆)နှစ်ဟူ၍ အသီးသီး အပြစ်ပေးခြင်းခံလိုက်ကြရပါတော့သည်။

အောက်ဖော်ပြပါ လူများသည် ကျွန်တော်တို့ (B.P.I)ဆေးဝါးစက်ရုံမှ သပိတ်ခေါင်းဆောင်များ ဖြစ်ကြပါသည်။

| | | |
|---|---|---|
| ၁။ | ဦးထွန်းအောင် (ကွယ်လွန်)၊ | (၁၀)နှစ် |
| ၂။ | ဦးသိန်းရွှေ | (၁၀)နှစ် |
| ၃။ | ဦးချစ်လှိုင် (ခ)မောင်သောင်း(ကွယ်လွန်) | (၁၀)နှစ် |
| ၄။ | ဦးငွေ | (၁၀)နှစ် |
| ၅။ | ဦးကြည်လွင် | (၁၀)နှစ် |
| ၆။ | ဦးမျိုးတင့် | (၁၀)နှစ် |
| ၇။ | ဦးငွေးမြင့် | (၁၀)နှစ် |
| ၈။ | ဦးမြသောင်း | (၁၀)နှစ် |
| ၉။ | ဦးသောင်းကြည် | (၁၀)နှစ် |
| ၁၀။ | ဦးမြင့်သိန်း | (၁၀)နှစ် |
| ၁၁။ | ဦးစိုးမြင့်(ကွယ်လွန်) | (၁၀)နှစ် |
| ၁၂။ | ဦးသိန်းအောင် (ကွယ်လွန်) | (၁၃)နှစ် |
| ၁၃။ | ဦးစိုးအောင် (ကွယ်လွန်) | (၁၃)နှစ် |
| ၁၄။ | ဦးထွန်းရှင် (ကွယ်လွန်) | (၁၃)နှစ် |
| ၁၅။ | ဦးမြင့်ဆွေ (ကွယ်လွန်) | (၁၃)နှစ် |
| ၁၆။ | ဦးအောင်သောင်း | (၁၃) နှစ် |
| ၁၇။ | ဦးလှဝင်း | (၁၃) နှစ် |
| ၁၈။ | သခင်ညို | (၁၃) နှစ် |
| ၁၉။ | မသန်းလှ | (၁၃) နှစ် |
| ၂၀။ | ဦးသန်းမြင့် (ကွယ်လွန်) | (၁၃) နှစ် |
| ၂၁။ | ဦးတင်မောင်စော (ကွယ်လွန်) | (၁၃) နှစ် |
| ၂၂။ | ဦးမောင်မောင် (ကွယ်လွန်) | (၁၆) နှစ် |
| ၂၃။ | မထွေးတင် (ကွယ်လွန်) | (၁၆) နှစ် |
| ၂၄။ | ဦးချစ်ဆွေ (ကွယ်လွန်) | (၁၆) နှစ် |

| | | |
|---|---|---|
| ၂၅။ | ဦးအောင်လှထွန်း (ကွယ်လွန်) | (၁၆) နှစ် |
| ၂၆။ | ဦးမောင်လင်း | (၁၆) နှစ် |
| ၂၇။ | ဦးခင်မောင်အေး | (၁၆) နှစ် |
| ၂၈။ | ဦးကျော်တင် | (၁၆) နှစ် |
| ၂၉။ | ဦးမောင်ကို (ကွယ်လွန်) | (၁၆) နှစ် |
| ၃၀။ | ဦးသိန်းကြွယ် | (၁၆) နှစ် |
| ၃၁။ | ဦးလှရှိန် | (၁၆) နှစ် |
| ၃၂။ | မကျင်စန်း | (၁၆) နှစ် |
| ၃၃။ | ဦးအရှင် (ကွယ်လွန်) | (၁၆) နှစ် |

**လှဝင်း**
**(ဆေးဝါးစက်ရုံ)**

အထက်ပါ ဆောင်းပါးကို ဦးလှဝင်း (BPI) က အရေးတော်ပုံလေးဆောင်တွဲတွင် **"တိမ်မြုပ်ပျောက်ကွယ်နေသော မှတ်တိုင်တစ်ခု"** အမည်ဖြင့် ရေးသား ဖော်ပြခဲ့ပြီး ယခု တစ်ဖန် ဦးသိန်းရွှေ ဦးကျော်တင့် အစရှိသည့်သက်ရှိထင်ရှား (BPI) အလုပ်သမားခေါင်းဆောင်ကြီးများနှင့်အတူ ထပ်မံဖြည့်စွက် ရေးသားခြင်းဖြစ်ပါသည်။

## အမှတ်(၃)သစ်စက် အလုပ်သမားလှုပ်ရှားမှု

**ဦးကျော်သန်း**

၁၉၇၄ခုနှစ်မှာ အထက်မြန်မာပြည်ဖြစ်တဲ့ မြစ်ငယ်၊ပလိပ်ရွာ သစ်ကြီးမြစ် ငယ်မီးရထားများ အောက်မြန်မာပြည်ရှိ အင်းစိန်မီးရထားစက်ရုံ B.P.I ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ဆင်မလိုက်သင်္ဘောကျင်း၊ဂုန်နီစက်ရုံ သမိုင်းချည်မျှင် နဲ့အထည်စက်ရုံ R.T.C ကုန်းလမ်းပို့ဆောင်ရေး၊ အထပ်သား သစ်စက်၊ စာပေဗိမာန်ဟံသာဝတီ၊ဆပ်ပြာစက်ရုံအမှတ်(၂) A.B.C မီးခြစ် စက်ရုံ၊သဘာဝ နိုင်လွန်စက်ရုံအစရှိစက်ရုံများနဲ့အတူ ကျွန်တော်တို့ အမှတ်(၃) သစ်စက် ဗိုလ်တထောင်မှလည်း၁၉၇၄ဇွန်(၆)ရက်နေ့တွင် သပိတ်မှောက်ဆန္ဒပြ တောင်းဆို ချက်များကို တောင်းဆိုပြီးသပိတ်မှောက် ဆန္ဒပြခဲ့ကြပါတယ်။

ကျွန်တော်တို့စက်ရုံရဲ့**တောင်းဆိုချက်များကတော့. . .**

**(၁) လစာတိုးမြှင့်ရေး**

**(၂) ကုန်ဈေးနှုန်းကျဆင်းရေး**

**(၃) ဆန်ဆီအခမဲ့ပေးဝေရေး**

**(၄) နေ့စားမှလစားသို့တိုးမြှင့်ခန့်ထားရေး**

**(၅) စက်ရုံတွင်းသာယာရေး**အစရှိသည်တို့ဖြစ်ပါတယ်။

ကျွန်တော်တို့စက်ရုံရဲ့သပိတ်ကော်မတီဝင်များကတော့ ကျွန်တော် ဦးကျော်သန်းမှ သပိတ်ခေါင်းဆောင်ဖြစ်ပြီး ကော်မတီဝင်များကတော့ ဦးရှိန်၊ ဦးလှဝင်း၊ဦးသန်းမြင့်၊ဦးကျော်ရွှေ၊ဦးမြလှိုင်၊ဦးလှမြင့်တို့ဖြစ်ကြပါတယ်။

၎င်းပထမအကြိမ် ၁၉၇၄ခုနှစ် ဇွန်(၆)ရက်နေ့ပြီး ၎င်းနေ့ညမှာပဲ ကျွန်တော်တို့ကော်မတီဝင်အားလုံးကို မိမိတို့အိမ်တွေမှာ လာရောက်ဖမ်းဆီးခေါ်

ထောင်ချချခြင်းခံခဲ့ရပါတယ်။

ကျွန်တော်တို့အားလုံးကို အင်းစိန်အကျဉ်းထောင်ကို ပို့ဆောင်လိုက်ပြီး ပုဒ်မကျောင်းဆောင်ထဲမှာ (၁)လကျော်နေခဲ့ရကာ ပါတီယူနစ်ဥက္ကဋ္ဌကိုယ်တိုင်လာ ဆေးရုံတက်ပြီး လစာအပြည့်နဲ့မူလလက်ရှိ တာဝန်ကို ပြန်ပေးတော မိမိလုပ်ငန်းခွင် ကို ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။

ဒုတိယအကြိမ် ၁၉၇၅ခု ဇွန်(၆)ရက်နံနက် ၇နာရီအချိန်မှာ နှစ်ပတ်လည်နေ့အဖြစ်နဲ့အလုပ်သမား (၁၀၀၀)နှင့် စက်ရုံမှူးမစွတာသာနာ အလုပ်သမားအစည်းအရုံးဥက္ကဋ္ဌ ဦးညွန့်လွင်၊အတွင်းရေးမှူး ဦးသိန်းဟန်တို့ကို နှစ်ပတ်လည်နေ့အဖြစ် သပိတ်မှောက်မဲ့အကြောင်း အတိအလင်းကြေငြာပြီး ကျွန်တော် ဦးကျော်သန်းမှ ခေါင်းဆောင်ပြီး ကျွန်တော်တို့အမှတ်(၃)သစ်စက် ဗိုလ်တထောင်မှစက်ရုံနဲ့တောင်းဆိုကြေးကြော်သံတွေကို တောင်းဆိုသပိတ်မှောက် ဆန္ဒပြခဲ့ကြပါတယ်။

ကျွန်တော်တို့လည်းဇွန်နေ့မှာပဲ အဖမ်းခံခဲ့ရပြီး အင်းစိန်ထောင် အဆောင်တိုက်ထဲမှာ လနဲ့ချီပြီးနေခဲ့ရပြီး စစ်ခုံရုံးအမှတ်(၂)မှ ကျွန်တော်တို့ သပိတ်မှောက်ခေါင်းဆောင်အားလုံးကို အောက်ပါအတိုင်း ထောင်ဒဏ် အသီးသီး ချမှတ်လိုက်ပါတယ်။

၁။ ဦးကျော်သန်း (သပိတ်ခေါင်းဆောင်) (၁၆)နှစ်
၂။ ဦးရှိန် (၁၃)နှစ်၊ (ကွယ်လွန်)
၃။ ဦးသန်းမြင့် (၁၀)နှစ်
၄။ ဦးကျော်ရွှေ (ကွယ်လွန်) (၁၀)နှစ်
၅။ ဦးမြလှိုင် (၁၀)နှစ်
၆။ ဦးလှမြင့် (၁၀)နှစ်
၇။ ဦးလှဝင်း (၁၃)နှစ် တို့ဖြစ်ကြပါတယ်။ ကျွန်တော်တို့တ တွေဟာ (၁၉၇၅)ခုနှစ်မှ (၁၉၈၀)ခုနှစ်အထိ အင်းစိန်ထောင်ထဲနေခဲ့ကြရပြီး နှစ်ဆယ်ကျော်နဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ထောင်ထဲက လွတ်ခဲ့ကြပါတယ်။

**ဦးကျော်သန်း**
**အမှတ် (၃)သစ်စက် ဗိုလ်တထောင်မြို့နယ်၊**

မော်ကွန်း

# ၁၉၇၄-၇၅ အလုပ်သမားသပိတ် ပြစ်ဒဏ်ကျခံခဲ့ရသူများစာရင်း

| စဉ် | အမည် | စက်ရုံ | ပြစ်ဒဏ်နှင့်ပုဒ်မ | ခုနှစ် |
|---|---|---|---|---|
| ၁။ | ဦးလှသိန်း | ချည်မျှင်နှင့်အထည် စက်များအုတ်ကျင်း သမိုင်း | (၁၅)နှစ်-၁၅/၁ | ၁၉၇၄ |
| ၂။ | ဦးကျော်စိန် | ။ | (၁၅)နှစ်-၁၅/၁ | |
| ၃။ | ဦးတင်မြင့် | ။ | ။ | |
| ၄။ | ဦးဘရွှေ | ။ | ။ | |
| ၅။ | ဦးစိန်သန်း | ။ | ။ | |
| ၇။ | ဦးချစ်ထွန်း | ။ | ။ | |
| ၈။ | ဦးလေးမောင် | ။ | ။ | |
| ၉။ | ဦးသိန်းထွန်း | ။ | ။ | |
| ၁၀။ | ဦးရွှေလင်း | ။ | ။ | |
| ၁၁။ | ဦးမြင့်ရွှေ | ။ | ။ | |
| ၁၂။ | ဦးစိန်သန်း(ခ)ဝိတ် | ။ | ။ | |
| ၁၃။ | ဦးသန်းမြင့် | ။ | ။ | |

| စဉ် | အမည် | စက်ရုံ | ပြစ်ဒဏ်နှင့်ပုဒ်မ | ခုနှစ် |
|---|---|---|---|---|
| ၁။ | ဦးထွန်းအောင် | ဆေးဆေးခဲလုပ်ငန်း | (၁၀)နှစ်-၁၅/၁ | |
| ၂။ | ဦးသိန်းမွေ | ॥ | ॥ | ၁၉၇၅ |
| ၃။ | ဦးချစ်လှိုင်(ခ) မောင်သောင်း | ॥ | ॥ | |
| ၄။ | ဦးမွေ | ॥ | ॥ | |
| ၅။ | ဦးကြည်လွင် | ॥ | ॥ | |
| ၆။ | ဦးမျိုးဆင့် | ॥ | ॥ | |
| ၇။ | ဦးမွေးမြင့် | ॥ | ॥ | |
| ၈။ | ဦးမြသောင်း | ॥ | ॥ | |
| ၉။ | ဦးသောင်းကြည် | ॥ | ॥ | |
| ၁၀။ | ဦးမြင့်သိန်း | ॥ | ॥ | |
| ၁၁။ | ဦးစိုးမြင့် | ॥ | ॥ | |
| ၁၂။ | ဦးသိန်းအောင် | ॥ | (၁၃)နှစ်-၁၅/၁ | |
| ၁၃။ | ဦးစိုးအောင် | ॥ | ॥ | |
| ၁၄။ | ဦးထွန်းရှင် | ॥ | ॥ | |
| ၁၅။ | ဦးမြင့်ဆွေ | ॥ | ॥ | |
| ၁၆။ | ဦးမောင်သောင်း | ॥ | ॥ | |
| ၁၇။ | ဦးလှဝင်း | ॥ | ॥ | |
| ၁၈။ | ဦးခင်ညို | ॥ | ॥ | |
| ၁၉။ | ဒေါ်သန်းလှ | ॥ | ॥ | |
| ၂၀။ | ဦးသန်းမြင့် | ॥ | ॥ | |
| ၂၁။ | ဦးတင်မောင်စော | ॥ | ॥ | |
| ၂၂။ | ဦးမောင်မောင် | ॥ | (၁၆)နှစ်-၁၅/၁ | |
| ၂၃။ | မထွေးတင် | ॥ | ॥ | |
| ၂၄။ | ဦးချစ်ဆွေ | ॥ | ॥ | |
| ၂၅။ | ဦးအောင်လှထွန်း | ॥ | ॥ | |

| စဉ် | အမည် | စက်ရုံ | ပြစ်ဒါဏ်နှင့်ပုဒ်မ | ခုနှစ် |
|---|---|---|---|---|
| ၂၆။ | ဦးမောင်လင်း | ဆေးဝါးလုပ်ငန်း | (၁၆)နှစ်-၁၅/၁ | ၁၉၇၅ |
| ၂၇။ | ဦးခင်မောင်အေး | ။ | ။ | |
| ၂၈။ | ဦးကျော်တင့် | ။ | ။ | |
| ၂၉။ | ဦးမောင်ကိုကို | ။ | ။ | |
| ၃၀။ | ဦးသိန်းကြွယ် | ။ | ။ | |
| ၃၁။ | ဦးလှရှိန် | ။ | ။ | |
| ၃၂။ | ဒေါ်ကြင်စန်း | ။ | ။ | |
| ၃၃။ | ဦးအဂျစ် | ။ | ။ | |
| ၁။ | ဦးကျော်သန်း | သစ်စက်အမှတ်(၃) | (၁၆)နှစ်-၁၅/၁ | ၁၉၇၄ |
| ၂။ | ဦးရှိန် | ။ | ။ | |
| ၃။ | ဦးသန်းမြင့် | ။ | ။ | |
| ၄။ | ဦးကျော်ရွှေ | ။ | ။ | |
| ၅။ | ဦးမြလှိုင် | ။ | ။ | |
| ၆။ | ဦးလှမြင့် | ။ | ။ | |
| ၇။ | ဦးလှဝင်း | ။ | ။ | |
| ၁။ | ဦးကိုကိုကြီး | R.T.C | (၁၀)နှစ်-၁၅/၁ | ၁၉၇၄ |
| ၂။ | ဦးသောင်းညွှန့် | ။ | ။ | |
| ၃။ | ဦးဝင်းကျော် | ။ | ။ | |
| ၄။ | ဒေါ်လှမေ | ။ | ။ | |
| ၅။ | ဦးအောင်မြင့် | ။ | ။ | |
| ၆။ | ဦးစံထွန်းလှ | ။ | ။ | |
| ၁။ | ဦးထွန်းကြိုင် | အထပ်သားစက်ရုံ | (၁၀)နှစ်-၁၅/၁ | ၁၉၇၄ |
| ၂။ | ဦးစိန်ဝင်းမောင် | ။ | ။ | |
| ၃။ | ဦးကြည်သန်း | ။ | ။ | |
| ၁။ | ဦးကြည်အောင် | မီးခြစ်စက် (စက်ဆန်း) | (၁၀)နှစ်-၁၅/၁ | ၁၉၇၄ |

| စဉ် | အမည် | စက်ရုံ | ပြစ်ဒဏ်နှင့်ပုဒ်မ | ခုနှစ် |
|---|---|---|---|---|
| ၁။ | ဦးသောင်း | အင်းစိန်မီးရထား စက်ခေါင်းပြင် | ၁၅/၁ | ၁၉၇၅ |
| ၂။ | ဦးထွန်းရွှေ | 〃 | 〃 | |
| ၃။ | ဦးအောင်စိန် | 〃 | 〃 | |
| ၄။ | ဦးကျော် | 〃 | 〃 | |
| ၅။ | ဦးသန်း | 〃 | 〃 | |
| ၆။ | ဦးသိန်းမောင် | 〃 | 〃 | |
| ၇။ | ဦးဝင်းထိန် | 〃 | 〃 | |
| ၈။ | ဦးမြင့်မောင် | 〃 | 〃 | |
| ၉။ | ဦးအောင်ကြည် | 〃 | 〃 | |
| ၁၀။ | ဦးချစ်မွေး | 〃 | 〃 | |
| ၁၁။ | ဦးကျော်မြိုင် | 〃 | 〃 | |
| ၁၂။ | ဦးကျော်ဇော | 〃 | 〃 | |
| ၁၃။ | ဦးချစ်ညွန့် | 〃 | 〃 | |
| ၁၄။ | ဦးစိုးသိန်း | 〃 | 〃 | |
| ၁၅။ | ဦးစိုးမြင့် | 〃 | 〃 | |
| ၁၆။ | ဦးထွန်းအောင် | 〃 | 〃 | |
| ၁၇။ | ဦးထွန်းညွန့် | 〃 | 〃 | |
| ၁၈။ | ဦးသိန်းထွန်း | 〃 | 〃 | |
| ၁၉။ | ဦးသိန်းထွန်း | 〃 | 〃 | |
| ၂၀။ | ဦးတင်ဝင်း | 〃 | 〃 | |
| ၂၁။ | ဦးကြည်ညွန့် | 〃 | 〃 | |
| ၂၂။ | ဦးလှရွှေ | 〃 | 〃 | |
| ၂၃။ | ဦးလှမြင့် | 〃 | 〃 | |
| ၂၄။ | ဦးကြည်အေး | 〃 | 〃 | |
| ၂၅။ | ဦးအောင်သူ | 〃 | 〃 | |

| စဉ် | အမည် | စက်ရုံ | ပြစ်ဒါဏ်နှင့်ပုဒ်မ | ခုနှစ် |
|---|---|---|---|---|
| ၂၆။ | ဦးကျော်သိန်းရွှေ | အင်းစိန်မီးရထား စက်ခေါင်းပြင် | ၁၅/၁ | ၁၉၇၅ |
| ၂၇။ | ဦးချစ်ဆွေ | ။ | ။ | |
| ၂၈။ | ဦးဝင်းမောင် | ။ | ။ | |
| ၂၉။ | ဦးအုန်းမြင့် | အင်းစိန်မြို့ပတ် ဒီဇယ်စက်ရုံ | ။ | |
| ၃၀။ | ဦးနေဝင်း | ။ | ။ | |
| ၃၁။ | မစ္စတာရစ်ချက် | ။ | ။ | |
| ၃၂။ | ဦးငြိမ်း | ရန်ကုန်မီးရထားဌာန | ။ | |
| ၃၃။ | ဦးတင်ရွှေ | ။ | ။ | |
| ၃၄။ | ဦးစိန်ထွန်း | ။ | ။ | |
| ၃၅။ | ဦးအောင်ချစ် | ။ | ။ | |
| ၃၆။ | ဦးစိုးမြင့်(ပါသိုင်း) | ။ | ။ | |
| ၃၇။ | ဦးစိုးမြင့်(ထားဝယ်) | ။ | ။ | |
| ၃၈။ | ဦးခင်မောင်မြင့် | ။ | ။ | |
| ၃၉။ | ဦးခင်လှ | ။ | ။ | |
| ၄၀။ | ဦးခင်ကြည် | ။ | ။ | |
| ၄၁။ | ဦးလှဝင်း | ။ | ။ | |
| ၄၂။ | ဦးထွန်းသန်း | ။ | ။ | |
| ၄၃။ | ဦးမောင်နီ | ။ | ။ | |
| ၄၄။ | ဦးတင်အောင် | ။ | ။ | |
| ၄၅။ | ဦးရွှေမင်း | ။ | ။ | |
| ၄၆။ | ဦးအောင်ခိုင် | ။ | ။ | |
| ၄၇။ | ဦးလှမြင့် | ။ | ။ | |
| ၄၈။ | ဦးသုတ | ။ | ။ | |
| ၄၉။ | ဦးထွန်းဝေ | ။ | ။ | |
| ၅၀။ | ဦးသန်းမြင့် | ။ | ။ | |
| ၅၁။ | ဦးအေး | ။ | ။ | |

| စဉ် | အမည် | ထောင် | ပြစ်ဒဏ်နှင့်ပုဒ်မ | ခုနှစ် |
|---|---|---|---|---|
| ၁။ | ဦးထွန်းခင်နီ | အုန်းဘိုကျွန်းပိုင်နီ | (၁၄)နှစ်-၁၅/၁ | ၁၉၇၄ |
| ၂။ | ဦးစော | ။ | ။ | |
| ၃။ | ဦးတင်ရွှေ | ။ | ။ | |
| ၄။ | ဦးကျော်သက် | ။ | ။ | |
| ၅။ | ဦးအောင်နု | ။ | ။ | |
| ၆။ | ဦးစိုးအောင် | ။ | ။ | |
| ၇။ | ဦးဘိုးကျော် | ။ | ။ | |
| ၈။ | ဦးကျော်မြင့် | ။ | ။ | |
| ၉။ | ဦးတင်ရွှေ | ။ | ။ | |
| ၁၀။ | ဦးထွန်းလှ | ။ | ။ | |
| ၁၁။ | ဦးသောင်းရွှေ | ။ | ။ | |
| ၁၂။ | ဦးစောဦး | ။ | ။ | |
| ၁၃။ | ဦးကျော်ဦး | ။ | ။ | |
| ၁၄။ | ဦးတင်မြင့် | ။ | ။ | |
| ၁၅။ | ဦးမြင့် | ။ | ။ | |
| ၁၆။ | ဦးလှမြင့် | ။ | ။ | |
| ၁၇။ | ဦးနေဝင်း | ။ | ။ | |
| ၁၈။ | ဦးဝင်းမြင့် | ။ | ။ | |
| ၁၉။ | ဦးထွန်းထွန်းအေး | ။ | ။ | |
| ၂၀။ | ဦးကျော်လှိုင် | ။ | ။ | ၁၉၇၅ |
| ၂၁။ | ဦးသိန်းထွန်း | ။ | ။ | |
| ၂၂။ | ဦးလှပု | ။ | ။ | |
| ၂၃။ | ဦးမဲထုတ် | ။ | ။ | |
| ၂၄။ | ဦးကြီးမြင့် | ။ | (၈)နှစ်-၁၅/၁ | စစ်ခုံရုံး |
| ၂၅။ | ဦးလှမြင့် | ။ | (၁၀)နှစ်-၁၅/၁ | ၂၂.၁၀.၇၄ |

## ထောင်သောင်းမြောက်များ သွေးသစ်ပွားအံ့

တင်အေးကြူ

(၁၉၇၄) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီးတဲ့နောက် ဗမာပြည်ရဲ့ အခြေအနေဟာ ပိုမိုကျပ်တည်းလာပါတော့တယ်။ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်ပါလို့ ဘယ်လောက်ပဲပြောပြော အလုပ်သမား လယ်သမားကို အခြေခံပါတယ်ဆိုပြီး နိုင်ငံတော်အလံမှာ ပီနီယမ်နဲ့စပါးနှံ ဘယ်လိုပဲ ထည့်ထားထည့်ထား လစာ၊ ဝင်ငွေ နိမ့်ကျ ကုန်ဈေးနှုန်းတွေတက်နဲ့ အလုပ်သမား လယ်သမားတို့ရဲ့ဘဝကတော့ နင်းပြားဟာ နင်းပြားပါဘဲ။

ဖွဲ့စည်းပုံအသစ် အစိုးရအသစ်ရဲ့အစီအစဉ်အရ ဝန်ကြီးများ ကွင်းဆင်းပြီး လူထုနဲ့ ဒူးတိုက်ဆွေးနွေးရာက ပြဿနာစတော့တာပါပဲ။ မြစ်ငယ်မီးရထား စက်ရုံက အလုပ်သမားရဲဘော်တစ်ယောက်ဟာ အလုပ်သမားလိုင်းနဲ့ ဝန်ထမ်းလိုင်းတွေကို ကိုယ်တိုင်သွားရောက် တွေ့ဆုံလေ့လာပြီး စနစ်တကျ စစ်တမ်းကောက်ယူကာ အလုပ်သမားများရဲ့နုံချာတဲ့ ဘဝတွေ၊ ခေါင်းပုံဖြတ်ခံရတဲ့အခြေအနေတွေ၊ နစ်နာချက်တွေကို ပွင့်ပွင့်လင်းလင်းဖွင့်ချတင်ပြလိုက်ပါတယ်။ လာရောက်ဆွေးနွေးတဲ့ တာဝန်ခံကိုယ်တိုင်က ရပ်သေး။ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်နိုင်ခွင့်မရှိ။ တင်ပြတဲ့အလုပ်သမားရဲဘော်ရဲ့အချက်အလက် အခြေအနေတွေက ငြင်းမရအောင် ခိုင်မာနေလေတော့ အာဏာရှိသူက ရိုင်းစိုင်း၊ ခြိမ်းခြောက်၊ ငေါက်ငမ်း။ နောက်တော့ ထုံးစံအတိုင်း ဗ.က.ပ ယူပီ၊ ဆူပူရေးသမား၊ သွေးထိုးလှုံ့ဆော်သူလို့ ဆိုင်းဘုတ်အမျိုးမျိုးတပ်ပြီး ဖမ်းဆီးအရေးယူကြပါတော့တယ်။ အဲဒီလိုနဲ့ (၁၉၇၄)မေ-ဇွန် အလုပ်သမားအရေးအခင်းကြီးရဲ့မီးပွားဟာ မြစ်ငယ်မီးရထားစက်ရုံက စတင်လောင်ကျွမ်းတယ်လို့ သိရပါတယ်။

မြစ်ငယ်မီးရထားစက်ရုံကမှ တစ်ဆင့် ပုလိပ်ချည်စက်၊ ရွာသစ်ကြီးချည်စက် အဲဒီကမှ ဧရာဝတီကို ပိုင်းရုံစုန်ဆင်း၊ မြင်းခြံ တစ်ချက်ပေါက်လို့ မီးကျွန်းဆောင်း တောက်ကာ မီးပွားကလေးမှ မီးတောက်ကြီး ဖြစ်လာပါတော့တယ်။

အညာမှာ ပူတဲ့နေဟာ အောက်ပြည်အောက်ရွာမှာလည်း ပူပါတယ်။ မြစ်ငယ်မှာ ပူတဲ့နေ ဟာ ရန်ကုန်မှာလည်းပူပါတယ်။

အဲဒီလိုနဲ့ အလုပ်သမားသပိတ်ကြီးဟာ ဖွန်လမှာ ရန်ကုန်ကိုရောက်တဲ့ အထိ ကျယ်ပြန့်လာပါတော့တယ်။ အဲဒီကာလက ကျွန်တော်နဲ့ကိုဝင်းမြင့် (ဝင်းမင်းထွေး)တို့ဟာ အနောက်ကြို့ကုန်းလမ်းထိပ် အင်းစိန်လမ်းမပေါ်က အဆောင်မှာနေပြီး (RIT) တက်နေကြတဲ့အချိန်ပါ။

ရန်ကုန်ဟာ စက်ရုံပေါ်တဲ့မြို့၊ အလုပ်သမားဆင်းရဲသားများတဲ့မြို့ပါ။ သပိတ်မီးများဟာ စက်ရုံတစ်ရုံမှတစ်ရုံ၊ ကူးစက်တောက်လောင်ခဲ့ပါတယ်။ သပိတ်မှောက်လိုက်ကြပါတယ်။ တောင်းဆိုချက်တွေကို စက်ရုံမှူးမှတစ်ဆင့် အထက်ကို တင်ပြခိုင်းတယ်။ စက်ရုံဝင်ပေါက်မှာ ကြွေးကြော်သံပိုစတာတွေ ထောင်ထားကြပါတယ်။

စက်ရုံရဲ့အနီးနားရပ်ကွက်တွေထဲ လှည့်လည်ပြီး သပိတ်ရုံပုံငွေအတွက် အလှူခံကြတယ်။ ကျွန်တော်တို့အဆောင်ရှေ့ကို (B.P.I) သပိတ်အလှူခံကား ရပ်လာတော့ ပြည်သူ့ကြယ်ဂျာနယ်မျက်နှာဖုံးက "သခင်ဗဟိန်း"ရဲ့ပုံကို ဘောင်ကြပ်ပြီးပေးလိုက်ပါတယ်။ (၁၃၀၀)ပြည့် ရေနံမြေအလုပ်သမားသပိတ်ကို ကျောင်းသားသမဂ္ဂက ပူးပေါင်းကူညီဖူးတဲ့အထိမ်းအမှတ်၊ အလုပ်သမားနဲ့ကျောင်းသားရဲ့ညီညွတ်မှုသင်္ကေတပါ။

စက်ရုံတစ်ရုံနဲ့တစ်ရုံဟာ သပိတ်မှောက်ကြဖို့ အချက်ပြသင်္ကေတတွေ၊ အလုပ်သမားအချင်းချင်း အဆက်အသွယ်တွေ ရှိကြပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ကျောင်းသားတွေက သပိတ်မမှောက်ရသေးတဲ့ စက်ရုံရှေ့သွားပြီး ဘယ်စက်ရုံတွေကတော့ဖြင့် သပိတ်မှောက်ကုန်ပြီဆိုပြီး သတင်းပေးကာ သပိတ်မှောက်ရေးဆော်သြကြပါတယ်။ ကျိုက်ဝိုင်းဘုရားလမ်းထဲကမိုးရေကာဖျင်စက်ရုံရှေ့သွားပြီး တခြားဘယ်စက်ရုံတွေ ဘယ်စက်ရုံတွေတော့ သပိတ်မှောက်ကုန်ကြပြီ ခင်ဗျားတို့စက်ရုံကသပိတ်မမှောက်သေးဘူးလားလို့ သွားအော်ပြီးချိန်မှာပဲ မိုးရေကာဖျင်စက်ရုံဟာ စက်ရုံတံခါးပိတ် ဥသြရှည်ဆွဲပြီးသပိတ်စတင်မှောက်ပါတော့တယ်။ အဲဒါကိုပျော်လွန်းလို့သွားအော်ခဲ့တဲ့--- ကျောင်းသားကိုမောင်မောင်အေး(နေပြည်တော်ပုံနှိပ်တိုက်၊မန္တလေး)ကလာပြီးဖောက်သည်ချပါတယ်။

အလုပ်သမားတွေက စက်ရုံပိတ်ပြီးသပိတ်မှောက်နေချိန်မှာလူထုက လည်းရိက္ခာထောက်ပံ့ပေးကြပြီး ညညတွေမှာစီတန်းလှည့်လည်ထောက်ခံဆန္ဒပြ

[illegible]ခဲ့ပါတယ်။အဲဒီအချိန်ကြမှ-စက်ရုံတွေမှာ အလုပ်သမားတစ်ဦးကိုဆန်(၄)ပြည်နဲ့ပဲနည်းနည်းတချို့ခွဲတမ်းချပေးချေပြီး ပျားရည်နဲ့ဝမ်းချလာပါတယ်။ဒါပေမယ့် [illegible]မရှိတော့ဘူး။

ဖမ်းဆီးထားတဲ့နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးရေးတောင်းဆိုချက်တွေနဲ့ အင်းစိန်ထောင်ကိုသွားဝိုင်းပြီး ဆန္ဒပြကြမယ့်လူအုပ်ကြီးဟာ အင်းစိန်လမ်းမကြီးအတိုင်း ညပိုင်းမှာချီတက်သွားကြပါတယ်။အင်းစိန်ဘူတာကွေ့ရောက်တော့သစ်ပင်မှောင်ရိပ်ခိုပြီးစောင့်နေကြတဲ့ လုံခြုံရေးတွေကဖွတ်ဝင်ဖမ်းနှိမ် သပိတ်တပ်ဖွဲ့ပြို လူအုပ်စုကွဲပြီး ပြန်လာတဲ့ (RIT) ကျောင်းသားကိုဆန်းလင်း(ဘုန်းနွယ်)က ကျွန်တော်တို့အဆောင်ကို ဝင်နားပြီး အခြေအနေတွေ ရှင်းပြသွားခဲ့ပါတယ်။

တစ်ပြည်လုံးမှာရှိတဲ့ စက်ရုံ အလုပ်ရုံတိုင်းသပိတ်မှောက်ကြတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေ အကုန်ပြတ်တောက်ကုန်ပါတော့တယ်။ ကျွန်တော်တို့ (RIT) ကျောင်းသားတွေလည်း နီးစပ်ရာစက်ရုံ သပိတ်တွေကို သွားရောက်အားပေးသွားကြပါတယ်။ တကယ်လို့ သပိတ်မှောက်ရာမှာ အဓိကဂုဏ် ဖြစ်ပြီး မျက်ရည်ယိုဗုံးနဲ့အပစ်ခံရရင် . . မျက်ရည်ဗုံးဆိုတာ ဘီယာသံဗူးလို ဆလင်ဒါပုံဖြစ်ပြီး ပတ်ထားတဲ့ကြိုးတလျှောက်လောင်ကာ မီးခိုးအူထွက်လာကြောင်း အဲဒီမီးခိုးငွေ့မျက်လုံးထဲဝင်ရင် မျက်ရည်ကျကြောင်း၊ မလောင်သေးတဲ့ဘက်က ကိုင်ပြီးလုံခြုံရေးတွေရှိတဲ့ဘက်ကို ပြန်ပစ်ကြဖို့ မီးခိုးထိပြီး မျက်ရည်ယိုရင် ရေက နိုင်ကြောင်း၊ ရေစိုဝတ်နဲ့မျက်စိကို သုတ်နိုင်ကြောင်း၊ ကြားဖူးနားဝရှိတာကိုလက်ဆင့်ကမ်းပြောကြရင်း ကျွန်တော်တို့တွေ စက်ရုံသပိတ်ဆီ ချီတက်ခဲ့ကြပါတယ်။

## (၁၉၇၄)၊ ဇွန်လ (၆)ရက်နေ့။

နေ့ခင်းပိုင်းမှာ ကျွန်တော်တို့ (RIT) ကျောင်းသားတစ်အုပ်လည်း သမိုင်းချည်စက် သပိတ်စခန်းရှေ့ အင်းစိန်လမ်းမပေါ်ကိုရောက်ခဲ့ကြတယ်။ ချည်စက်အပြင်ဝင်းတံခါးမှာ အသံချဲ့စက်နဲ့ မိုက်နဲ့ တစ်ယောက်ပြီးတစ်ယောက်၊ တရားတက်ဟောနေကြပါတယ်။ ချည်စက်ရှေ့မှာ. . ကျွန်တော်မောင်စိန်ဝင်း[illegible]တီးကုန်)၊ ကိုဝင်းစိန် (ပြည်)၊ မောင်မြင့်စံ၊ မြေဝါ (တန့်ဆည်)နဲ့ (RIT) ကျောင်းသားတွေရယ်. . ကဗျာဆရာ သခွပ်နီ၊ (Law) ကျောင်းသား[illegible]အောင်တို့ရယ် စုမိကြပါတယ်။ တရားပွဲနားထောင်လိုက်၊ လက်ခုပ်တီး

အားပေးလိုက် ပေါ့ပေါ့ပဲပဲပဲပဲ။

အဲဒီအချိန်မှာ တရားနာနေကြတဲ့လူအုပ်ကြီးက **"ဟေ့"**ကနဲအော်၊ ထက်ခုံပေါက်ထဲက သမိုင်းလမ်းဆုံဘက်ကို မျှော်ကြည့်က **"ကျောင်းသားတွေ လာပြီဗျ"** ဆိုပြီး အပျော်ကြီး ပျော်နေကြပါတော့တယ်။ ကျွန်တော်တို့ကတော့ အံ့ဩလည်း အံ့ဩနေတယ်။ မျက်နှာလည်းပူနေမိပါတယ်။ (RTC) အလုပ်သမား သပိတ်ကြောင့် ကျောင်းဖယ်ရီကားတွေ မဆွဲတော့တာနဲ့ကျောင်းဆင်းချိန်မှာ သမိုင်းကျောင်းဆောင်ဝင်းထဲက ကိုယ့်အဆောင်ကိုယ် လမ်းလျှောက်ပြန်လာကြတဲ့ကျောင်းသားအုပ်ကြီးပါ။ ဘုရားလမ်းဆုံရောက်ရင် သမိုင်းကောလိပ်ဝင်းထဲကို ကွေ့ဝင်သွားကြမှာပါ။ အဲဒီလိုသာ ကွေ့ဝင်သွားရင် သပိတ်ထောက်ခံ လူထုကြီးလည်း အားလျော့စိတ်ပျက်သွားမှာပဲဆိုပြီး ကျန်တဲ့လူတွေက တိုက်တွန်းတာနဲ့ ကျွန်တော်ထွက်ရပ်ရပါတယ်။ တရားဟော စင်မြင့်ကိုသွားခွင့်တောင်းပြီး (၁၃၀၀) ပြည့်အရေးတော်ပုံမှာ အလုပ်သမား၊ ကျောင်းသားနဲ့ပြည်သူညီညွတ်ကြလို့ အောင်လံထူသမိုင်းတင်ခဲ့ရကြောင်း အစချီပြီး တရားဟောဖြစ်ပါတယ်။ ကျောင်းဆင်းလို့ အဆောင်ပြန်လာကြတဲ့ ကျောင်းသားအုပ်ကြီးလည်း ကျွန်တော်တို့ ကျောင်းသားတွေကို မြင်ပြီး သပိတ်တပ်ဖွဲ့ရှိရာ ဖြူဆင်းလာပါတော့တယ်။

အဲဒီအချိန်မှာပဲ စစ်သားတွေဟာ (G-3) ကိုယ်စီနဲ့သွပ်ပုံးစက်ရှေ့ကနေ အင်းစိန်လမ်းမကို ပိတ်ရပ်နေကြပါတယ်။ စစ်သားကြီးတစ်ယောက်ကဆိုရင် ငှက်ပျောဖူးလောက်ကျည်ဆန်ကြီးကို ပြောင်းဝထိပ်ဖူးမှာ တပ်ထားတဲ့ ပြောင်းဝကျယ် သေနတ်ကြီးကို လွယ်ထားပါသေးတယ်။ သပိတ်တပ်ဖွဲ့ ရန်ကုန်ဘက် မြို့ထဲမ သွားနိုင်အောင် လမ်းပိတ်ထားကြပါတယ်။

ကျွန်တော်တို့လည်း သပိတ်တပ်ဖွဲ့လူအုပ်ကြီးက များသထက်များလာ၊ အခြေအနေတွေက အီခံနေပြီ (Temoe) မြင့်မှုဖြစ်တော့မယ်လို့ တိုင်ပင်ကြပြီး **"အလုပ်သမားထုနဲ့လူထုကြီးတစ်ရပ်လုံးဆန္ဒပြနေကြတဲ့တောင်းဆိုချက်တွေကို ဒီနေရာကနေတောင်းဆိုလို့မရရင် တောင်းဆိုလို့ရမယ့်ဆီ ချီတက်ကြစို့"**ဆိုပြီး တရားဟောကာ (key) တင်ပစ်လိုက်ပါတယ်။

အဲဒီအချိန်မှာ လုံခြုံရေးတွေက စည်း (၃)ချက်ထားပြီးနေပါပြီ။ သပိတ်တပ်ထဲကို ကယ်ရီယာခုံမှာ ပျဉ်ချပ်တပ်ထားပြီးခွထောက်ပါတဲ့ စက်ဘီးတစ်စင်းရောက်လာတာနဲ့ကျွန်တော်ရယ်၊ ကိုဝင်းအောင်ရယ်၊ အခြားရဲဘော်တွေရယ် စက်ဘီးကို ခွထောက် ထောက်၊ ကယ်ရီယာခုံပေါ် တက်ရပ်ပြီ တစ်ယောက်တစ်

လှည့်တရားဟောကြပါတယ်။ လမ်းဘေးက ကတ္တရာပေပါခွံတွေနဲ့ခွေထားတဲ့ စည်ပင်အမှိုက်ပုံကို လုံခြုံရေးလူတန်းထဲ လှိမ့်လွှတ်ကြပါတယ်။ လုံခြုံရေးတွေ ညီးတစ်ညည်းနောက်ဆုတ်သွားရင် သပိတ်တပ်ဖွဲ့က ရှေ့တစ်စည်းတက်လိုက် ကြပါတယ်။

စက်ဘီးကယ်ရီယာခုံပေါ် ရပ်ပြီး တရားဟောနေတုန်း လမ်းကို ပိတ်ပြီး ရပ်နေကြတဲ့ (G 3) ကိုင်စစ်သားအတန်းလိုက်ရဲ့နောက်မှာ စစ်ကားတွေအမိက ရှုက်းနှိမ်နင်းရေးကားတွေ၊ (G-3) ကိုင်ထားတဲ့စစ်သားတွေ၊ လောင်ချာကိုင်ထားတဲ့ စစ်သားတွေ၊ ဒိုင်းတွေ၊ နံပါတ်တုတ်တွေနဲ့ရဲတွေကို မြင်နေရပါတယ်။ (၁၉၇၄) မေ၊ ဇွန်အရေးအခင်းမှာလည်း "၆၂" တုန်းကလို၊ "၈၈"တုန်းကလို စက်ရုံထဲမှာ၊ သပိတ်ထဲမှာ၊ မြို့ထဲမှာ ဗ. က. ပတွေရောက်နေပြီလို့ သူစစ်တပ်ကိုရော လူထု ကိုပါ သွေးထိုးမြှောက်ပင့် ဝါဒဖြန့်ထားတာပါပဲ။

ဒိုင်းကာတွေ၊ နံပါတ်တုတ်တွေ၊ (G-3) တွေ၊ လောင်ချာတွေမြင်တော့ ကျွန်တော်တို့လည်း အခြေအနေပြင်းထန်တော့မယ်ဆိုတာ ရိပ်မိကြပါတယ်။ အဲဒါနဲ့ မိမိကိုယ်ကိုကာကွယ်ဖို့ လူငယ်စိတ်ပီပီ အိမ်တစ်အိမ်ရှေ့က ပလက် ဖောင်းပေါ်မှာ စီပြီးပုံထားတဲ့ စက်အုတ်ခဲပေါ်ကို လွှားကနဲခုန်တက်ကြပြီး လက်တစ်ဖက်ကိုင်ပစ်ရင် လွယ်အောင်အနေတော် အနေတော်အုတ်ခဲကျိုးတွေ ရဖို့ အုတ်ခဲတွေကို အင်းစိန်လမ်းမပေါ်ပစ်ချပြီးခွဲထားလိုက်ကြတယ်။

စစ်ဗိုလ်လေးတစ်ယောက်က အင်တာနာထောင်ထွက်နေတဲ့ ကျောပိုး အိတ်ကို လွယ်ထားပြီး အမြဲသတင်းပို့၊ အမြဲအမိန့်နာခံနေရပါတယ်။ သူပခုံး အထက်ရောက်နေတဲ့ ကျောပိုးအိတ်ထဲက ကင်မရာမှန်ဘီလူး ပြူးထွက်နေတာ ကျွန်တော်တို့မြင်နေရတယ်။ အဲဒီခေတ်က သပိတ်ဖြစ်ရင် ဓါတ်ပုံခိုးရိုက်ထားပြီး နောက်မှ တောရော မြို့ပါ အိမ်တိုင်ရာရောက် လိုက်ဖမ်းတဲ့ခေတ်။

အဲဒီလို သပိတ်တပ်နဲ့လုံခြုံရေးထိပ်တိုက်တွေ့နေကြတဲ့အချိန်မှာ. . ငါသာ တာဝန်အရှိဆုံးလူတစ်ယောက် ကားနဲ့ပေါက်ချလာပါတယ်။ ဘာဖြစ်ချင် ကြသလဲပြောပါ ဆိုလို့ ကျွန်တော်တို့က ကုန်ဈေးနှုန်းကျဆင်းရေး၊ အဖမ်းခံ အလုပ်သမား ကျောင်းသားလွှတ်ပေးရေး၊ စက်ရုံအလုပ်သမားသပိတ်ရဲ့တောင်း ဆိုချက်တွေလိုက်လျောရေးကို ပြောကြပါတယ်။ အဲဒီတော့ တာဝန်ရှိတယ်ဆိုသူ က သုံးစံအတိုင်း အဲဒီတောင်းဆိုချက်တွေကိုတော့ သူတစ်ယောက်တည်းနဲ့ ဆုံးဖြတ်ချက်မချနိုင်ကြောင်း၊ အထက်ကို တင်ပြရမယ်ဖြစ်ကြောင်း၊ ပြောပါတယ်။

ခုချက်ချင်းသူလုပ်ပေးနိုင်တာရှိရင်ပြောပါ။ ချက်ချင်းလုပ်ပေးပါမယ်ဆိုတာနဲ့ ကျွန်တော်တို့လည်း ဒါဆိုရင် အဲဒီစစ်ဗိုလ်ရဲ့ ကျောပိုးအိတ်ထဲက ကင်မရာထုတ်ပေးပါလို့ တောင်းလိုက်ကြပါတယ်။

အဲဒီတော့မှ တာဝန်ရှိသူက ကင်မရာတော့မလုပ်ပါနဲ့ ဖလင်လိပ်ထုတ်ပေးပါ့မယ်ဆိုလို့ ကျွန်တော်တို့သဘောတူလိုက်ကြတယ်။ တာဝန်ရှိသူဟာ ဖလင်လိပ်ကိုင်ပြီး စစ်သားတန်းထဲက ထွက်အလာ ကျွန်တော်လည်း သပိတ်တပ်ဖွဲ့ထဲက ရှေ့ထွက်ပြီး အလယ်မှာ ဖလင်လိပ်ကို ယူဖြန့်ပစ်လိုက်ပြီး မီးရှို့လိုက်ပါတယ်။ အဲဒီတာဝန်ရှိသူဆိုတာ ရန်ကုန်တိုင်း ကောင်စီဥက္ကဋ္ဌလို့ သူများတွေက ပြောကြတာပဲ။

ခဏနေတော့ မြေဝါ (တန့်ဆည်) "စောစောက ဆံပင်ရှည်နဲ့တရားဟောသွားတဲ့ကောင်က ထောက်လှမ်းရေး"ပြောနေသံကြားတယ်ဆိုတာနဲ့တံခါးပိတ်ထားတဲ့ ဆေးခန်းကို တောင်းပန်ဖွင့်ခိုင်းပြီး ကျွန်တော်လည်း မလိုလည်း လိုလည်း ဝင်ပုန်းနေရပါသေးတယ်။ တအောင့်လောက်ကြာမှ မင်းကိုပြောတာမဟုတ်ဘူး။ ငါနားကြားမှားလို့ဆိုတာနဲ့ ကျွန်တော်လည်း အပြင်ကို ထွက်လိုက်ရတယ်။

ကျွန်တော်စက်ဘီးကယ်ရီယာခုံပေါ်ပြန်တက်ပြီး တရားဟောနေတုန်းမှာ ဒိုင်းတွေ၊ နံပါတ်တုတ်တွေနဲ့ရဲတစ်အုပ်ဟာ ရပ်နေတဲ့ စစ်သားအတန်းလိုက်နောက်က အပြေးတက် တက်လာတာမြင်လိုက်ရတယ်။ ရှေ့ကပိတ်ရပ်ထားတဲ့ စစ်သားအတန်းက လူချင်းခွဲပေးလိုက်တယ်ဆိုရင်ပဲ ရဲတွေဟာရှေ့တိုးထွက်လာပြီး သပိတ်တပ်ကို မျက်ရည်ယိုဗုံးနဲ့ထုတယ်။ နံပါတ်တုတ်နဲ့လိုက်ရိုက်တယ်။ တွေ့တဲ့လူကို ဖမ်းခေါ်သွားတယ်။ စစ်သားတွေကလည်း G-3နဲ့ လှမ်းပစ်တယ်။ ဒဏ်ရာရတဲ့ သပိတ်တပ်သားတစ်ယောက်ကို စစ်သားနှစ်ယောက်က ခြေထောက်ကို တစ်ယောက်တစ်ချောင်းစီကိုင်ပြီး မြေကြီးပေါ်၊ ကတ္တရာလမ်းပေါ် တရွတ်တိုက်ဆွဲခေါ်သွားတာမြင်လိုက်ရတယ်။

အဲဒါကြောင့် သပိတ်တပ်သားတွေကလည်း စောစောကခွဲထားတဲ့ အုတ်ခဲကျိုးတွေနဲ့ လုံခြုံရေးတွေကို အဆက်မပြတ် ပြိုင်ထုဖြစ်ကြပါတော့တယ်။ ကျွန်တော်တို့မှာ စစ်ရေးအတွေ့အကြုံ ဘယ်လောက်နည်းသလဲဆိုရင် ကျည်ဆန်လာတာကို မြင်ရမယ်ထင်ပြီး ဘယ်ညာတိမ်းရှောင်ရင်း ခဲနဲ့ပြန်ထုနေလိုက်ကြတာကံကောင်းလို့မသေဘဲ ပြောရတော့မလိုလို။ မောင်စိန်ဝင်း (ပုတီးကုန်း) ကမှာလည်း မျက်ရည်ယိုဗုံးကို မီးခိုးပန်းနေတဲ့ဘက်ကကိုင်ပြီး ပြန်ပစ်မိလို့ လက်ကြီး

ဆောင်ကိုင်းလာတာကြောင့် နောက်နေ့မှာ ပတ်တီးစီးထားရပါတယ်။

ကျွန်တော်လည်း ဗတ်တာကားမှတ်တိုင်တဲလေးကို ကျည်ကွယ်မျက်ကွယ်ယူထားပြီး ခဲကိုင်လို့ အသင့်စောင့်နေလိုက်တယ်။ လက်တစ်ဖက်က ဒိုင်း၊ လက်တစ်ဖက်က နံပါတ်တုတ်ကိုင်ထားတဲ့ ရဲတစ်ယောက် ဘွားကနဲလည်း ပေါ်လာရော ခဲတစ်လုံးပြီးတစ်လုံးပစ်သွင်းလိုက်ပါတယ်။ ကျွန်တော်ပစ်တဲ့ခဲမှန်သမျှကို ဒိုင်းနဲ့ကာနိုင်လို့ ရဲကိုမထိပါဘူး။ ကျွန်တော် ခဲကုန်သွားလို့ လှည့်အပြေးမှာ ခြေထောက်ခေါက်ပြီး ပစ်လဲသွားပါတော့တယ်။ လဲရာက နောက်ပြန်လှည့်ကြည့်လိုက်တော့ နံပါတ်တုတ်ကို အသားကုန်လွှဲပြီးရိုက်တော့မယ့်ရဲကို ကျွန်တော့်အပေါ်မိုးလျက်သားတွေ့လိုက်ရတယ်။ ဒါနဲ့ကျွန်တော်လည်း ပြာယာခတ်သွားပြီး ခေါင်းကို လက်နှစ်ဖက်နဲ့အုပ်ထားပြီးဝပ်ချလိုက်ရပါတယ်။ ဖြောင်းကနဲအသံကြားလိုက်ပြီး ကိုယ့်ကိုမရိုက်မိတာသေချာလို့ နောက်ကိုလှည့်ကြည့်လိုက်မှ ကျွန်တော့်ကိုရိုက်မယ့် ရဲသားရဲ့ မျက်နှာတစ်ပြင်လုံးမှာ သွေးတွေ။ ဒိုင်းရော တုတ်ရော လွှတ်ကျနေပြီး လက်နှစ်ဖက်နဲ့မျက်နှာကို အုပ်ထားတာတွေ့လိုက်ရပါတော့တယ်။

ကျွန်တော်လည်း ကြက်သေသေပြီး ကြောင်ကြည့်နေတုန်း **"အစ်ကို . . . ထ"** ဆိုကာ ထူမပေးတဲ့ ကျွန်တော့်ကိုကယ်လိုက်သူ ကျောင်းသားလေးကို တွေ့လိုက်ရပါတော့တယ်။ ကျွန်တော့်ကိုရိုက်မယ့်ရဲသားကိုခဲနဲ့ထုပြီး ကျွန်တော့်ကိုကယ်လိုက်တဲ့သူပါ။ သူက အင်းစိန် အ. ထ. က(၁)ရဲ့ (၁၀)တန်းကျောင်းသားလေးပါ။ စကားပြောကြရင်းမှ သူ့ဦးလေးဟာ ကျွန်တော်တို့မြို့ရဲ့ ပ. ပ. ကမြို့နယ်မန်နေဂျာဆိုတာသိလိုက်ရတယ်။ သူနဲ့ကျွန်တော်အင်းစိန်လမ်းကခွာပြီး ဗတ်တာထဲကို ဝင်ခဲ့ကြတယ်။ ဗတ်တာကရပ်မိရပ်ဖတွေဟာ မျက်ရည်ယိုဗုံးထိတဲ့သပိတ်တပ်သားတွေအတွက် ရေပုံးတွေတဘက်တွေပေးပြီး သတင်းမေးကြပါတယ်။ ကျွန်တော်တို့လည်း လက်နက်အားကိုးနဲ့ ကြိုးနိုင်ငယ်ညှဉ်း အနိုင်ကျင့်ခံရတာကို ဒေါသထွက် မခံမရပ်နိုင်ဖြစ်ကာ ကျောင်းသားတွေ၊ အရပ်သားတွေ ဗိုလ်နေဝင်းစစ်တပ်က သေနတ်နဲ့ပစ်သတ်လို့ သေကုန်ပြီဗျလို့ ပြောပြောဆိုဆို ငိုမိပါတယ်။

စစ်တပ်က သပိတ်တပ်ဖွဲ့ကို ဖြိုတဲ့သေနတ်သံတွေ ကြားလိုက်ရင်ပဲ စက်ရုံဘဲမှာ သပိတ်မှောက်နေကြတဲ့ အလုပ်သမားတွေက သွပ်ပြားတွေ၊

သံချောင်းတွေ ပိုပ်တွေကို ဘုန်းဘုန်းဒုန်းဒုန်း ထုခွဲလိုက်ပြီး ကန့်ကွက် ဆန္ဒပြကြပါတယ်။ ကျွန်တော်နဲ့ကျောင်းသားလေးလည်း ကြံရာမရဖြစ်ကာ နည်းလက်ဆုတ်ထိုင်ခြင်းကို ကျော်တက်ဝင်ပြီး သပိတ်မှောက်အလုပ်သမားကြီးတွေကို သွားတွေ့ကြပါတယ်။ အပြင် သပိတ်တပ်ဖွဲ့ အဖြိုခွဲခံခဲ့ရတဲ့အခြေအနေကို ပြောပြီး အလုပ်သမားတွေ အပြင်ဖက်ထွက်ကြဖို့ သွားခေါ်ပါတယ်။ သပိတ်မှောက်အလုပ်သမား ကြီးတစ်ယောက်က အပြင်ကိုထွက်တာထက် စက်ရုံကိုသိမ်းထားတာကပိုပြီး ထိရောက်ကြောင်း ၊ အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြတာကြောင့် ကျွန်တော်တို့လည်း သဘောပေါက်ပြီး စက်ရုံထဲက ပြန်ထွက်ခဲ့ကြပါတယ်။

ကျွန်တော်လည်း သမိုင်းကျောင်းဆောင်ဝင်းထဲက သူငယ်ချင်းအခန်းကို သွား အသင့်ဆောင်ထားတဲ့ ဘရိတ်ခါးနဲ့ ဆံပင်ရှည်ကိုဖြတ်၊ မျက်မှန်ချွတ်၊ အဝတ်အစားလဲဝတ်ခဲ့ပြီး၊ အင်းစိန်လမ်းဘက် ပြန်ထွက်လာခဲ့ပါတယ်။ ဒါကို ရပ်ကွက်ထဲကလူတွေက ကျွန်တော့်ကိုမေးတင်ငေါ့ တီးတိုးတီးတိုး လုပ်နေကြ
ရပ်ကွက်ထဲကလူတွေက ကျွန်တော့်ကိုမေးတင်ငေါ့ တီးတိုးတီးတိုး လုပ်နေကြ
တာမြင်မှ ငါရုပ်ဖျက်ထားတာ မအောင်မြင်ပါလား၊ ရှောင်မှဖြစ်တော့မယ်လို့ တွေးမိလိုက်ပါတယ်။

အဲဒါနဲ့ ခရီးစရိတ် အကူအညီတောင်းဖို့ RIT, G Hall ဆောင်က တစ်မြို့တည်းနေ ငယ်သူငယ်ချင်းမ ခင်ညိုဝင်းဆီရောက်ခဲ့ပါတယ်။ ကျွန်တော့် လည်းမြင်ရော သူငယ်ချင်းမက ဆီးငိုပြီးပြောတော့တာပါပဲ။ ကျွန်တော်သေနတ် မှန်သွားလို့ ကျောင်းကားလွှတ်ပေးပါဆိုပြီး ကိုစိုးမြင့်လှိုင် (R.I.T) ကျောင်းသား ရှောင်းမြ) က ပါ/ချုပ် ဒေါက်တာအောင်ကြီးဆီကို ဖုန်းဆက်တယ်တဲ့။ ကျွန်တော် တို့တွေဟာ (R.I.T) နှစ်လည်မဂ္ဂဇင်းကိစ္စ၊ ဘာသာရပ်အသင်းကိစ္စ၊ အနုပညာ အသင်းကိစ္စတွေမှာ ပါဝင်လှုပ်ရှားကြရင်း ပါ/ချုပ်နဲ့လည်းရင်းနှီး ၊ ကျောင်းကား ကိုလည်း ယူသုံးနေကြဆိုတော့ ကိုစိုးမြင့်လှိုင်လည်း ထူပူပြီး ဆရာကြီးဆီဖုန်းဆက် အကူအညီတောင်းပုံရပါတယ်။ ဆရာကြီးလည်းဘယ်လိုကူညီနိုင်မှာလဲ၊ ဒါနဲ့ ဆရာကြီးက သူ့လိုပဲ ကျွန်တော်တို့ ကျောင်းသားတွေအပေါ် သံယောဇဉ်ကြီးတဲ့ ဆရာမဒေါ်မေချစ် (G. Hall) ကို "ငါ . . ဘယ်လိုလုပ်ရမှာလဲအေ၊ ညည်းတပည့် တွေတော့ ဒုက္ခပါဘဲ" ဆိုပြီး ညည်းရှာပါတယ်။ သေနတ်မှန်တဲ့သူဟာ Law

ကျောင်းသားကိုဝင်းအောင်ဖြစ်ပြီး သူကလည်း မျက်မှန်နဲ့ ဆံပင်လည်း နည်းနည်းရှည်တယ်။ တစ်ယောက်တစ်လှည့်တရားဟောရင်း ကိုဝင်းအောင် ထိသွားတာကို ကိုစိုးမြင့်လှိုင်က ကျွန်တော်လို့ အမြင်မှားပြီး ဖုန်းဆက်တာဖြစ်နိုင်ကြောင်း ရှင်းပြရပါတယ်။

ဇွန် (၆)ရက်နောက်ပိုင်းမှာ ကျွန်တော်တို့ရဲဘော်ကိုဝင်းစိန် ( RIT ကျောင်းသားပြည်) ပျောက်နေတာနဲ့ လိုက်ပြီးစုံစမ်းကြည့်တော့ သေနတ်မှန်ပြီး သေသလိုလို ၊ မရေမရာကြားလိုက်ရပါတယ်။ ဒဏ်ရာရတဲ့လူတွေကို မင်္ဂလာဒုံ စစ်ဆေးရုံမှာ တင်ထားပြီး ထိန်းသိမ်းထားကြောင်း ကြားရပါတယ်။ အဲဒါကြောင့် သတင်းအတိအကျသိရအောင် ကိုဝင်းစိန်နဲ့တစ်မြို့တည်းသူ ငယ်သူငယ်ချင်း မဝေ (တေးရေး သုခမိန်လှိုင်ရဲ့ဇနီး)ကို ကိုဝင်းစိန်ရဲ့ အစ်မပါလို့ပြောပြီး စုံစမ်းခိုင်းရပါတယ်။ အဲဒီတော့မှ ကိုဝင်းစိန်မသေကြောင်း၊ သေနတ်ဒဏ်ရာနဲ့ အထိန်းသိမ်းခံနေရကြောင်း အတိအကျသိရပါတယ်။

ဇွန် (၆)ရက် ညနေခင်း သမိုင်းရင်ပြင်မှာ ပြည်သူကို ပစ်သတ်ပြီး လက်ယဉ်နေတဲ့ ဗိုလ်နေဝင်းစစ်တပ်ဟာ နောက်နေ့တွေမှာလည်း ဇာတိပြ၊ ကျင့်သားရပြီး စက်ရုံတိုင်းရဲ့ သပိတ်စခန်းတိုင်းကို အကြမ်းဖက်ဖြိုခွဲကြပါတော့တယ်။ ရန်သူ့စခန်းသိမ်းတိုက်ပွဲတစ်ပွဲလို စနစ်တကျ ဗျူဟာဆင်ပြီး အကြမ်းဖက်တာပါ။ လက်နက်မဲ့သပိတ်မှောက် အလုပ်သမားထုမှာတော့ သေသူသေ၊ ဒဏ်ရာရအဖမ်းခံရပြီး နှစ်ကြီးထောင်ဒဏ်ကျသူကျ၊ ဆင်မလိုက်သဘော်ကျင်းကို ဝင်သိမ်းတုန်းကဆိုရင် ရေတပ်သဘော်ပေါ်ကရေတပ်သားတွေကို ဆွဲချပြီး ကြည်းတပ်ကရဲဘော်တွေနဲ့ လှိုင်မြစ်ထဲက (စက်ရုံနောက်ကျောဘက်က) အလစ်အငိုက်ဝင်ပစ်သိမ်းသွားတာပါ။ ဗိုလ်နေဝင်းဟာ ရေတပ်ကိုလည်း မယုံပါဘူး။

ပြည်သူကို လက်နက်အားကိုးနဲ့ ဘယ်လောက်ပဲ ဖိနှိပ်၊ ဖိနှိပ် မရနိုင်ကြောင်း သမိုင်းက သက်သေပြခဲ့ပါပြီ။

**"ငါ့သွေးတစ်စက်**
**ငါ့သက်တစ်ချောင်း ၊ ငါ့အလောင်းမှ**
**ထောင်သောင်းမြောက်မြား ၊ သွေးသစ်ပွားအံ့**
**ငါကားဘယ်မှာသေအံ့နည်း "** . . . ဆိုတဲ့ကဗျာကို ရေးသွားပြီး ကိုကိုကျွန်းထက်သိမ်းရေး အစာငတ်ခံဆန္ဒပြတိုက်ပွဲဝင်ကာ ကျဆုံးသွားတဲ့ ၆၂ မျိုးဆက်ရဲဘော်လေးမောင်ဟာ မသေပါဘူး။ သွေးသစ်ပွားပြီး ၇၄ မေ၊ ဇွန်အလုပ်သမား

သံ-ငံအမြဲ နိမ့်ဝင်းသက်ခဲ့ပြီး ၇၄-၇၅-၇၆ တိုက်ပွဲအသီးသီးမှ ကျဆုံးသွားရတဲ့ ကိုဝင်းအောင်အေး ကိုတင်မောင်ဦး အသယ် အလုပ်သမား ကျောင်းသားနဲ့ ပြည်သူ ရဲဘော်အားလုံးဟာလည်း မသေကြပါဘူး။ ထောင်သောင်းမြောက်မြား သွေးသစ်ပွားပြီး **"၈၈"** အရေးတော်ပုံကြီးနဲ့ မြင့်မြင့်မားမား အောင်လံလွှင့်ထူနိုင်ခဲ့ကြပါပြီ။ **"၈၈"** မှသည် ဆက်လက်ပြီး သွေးသစ်တွေပွားနေကြဆဲပါ။

(၁၉၇၄) မေ -ဇွန်အလုပ်သမားအရေးအခင်း၊ အဲဒီ့အချိန်က Media ခေတ်မဟုတ်ပေမယ့် လူထုအသည်းထဲ ထာဝရစွဲထင်ကျန်ရစ်အောင် လှုံ့ဆော်နိုင်တဲ့ အလုပ်သမားသပိတ်ကို ဂုဏ်ပြုထောက်ခံခဲ့တာတော့ **"ပြည်သူ့အသံ"** ပါပဲ။ သပိတ်ဖြစ်နေဆဲမှာကို ဆောင်းပါးတွေနဲ့တစ်မျိုး၊ သီချင်းတွေနဲ့တစ်ဖုံ မျိုးစုံ ထောက်ခံဂုဏ်ပြုခဲ့ကြပါတယ်။ အခုတိုင်ကြားယောင်နေဆဲပါ။

**"တစ်ပြည်လုံး အနှံ့အပြားဆင်ကာနွှဲတဲ့ . . . အလုပ်သမား
တိုက်ပွဲအောင်မြင်ပါစေ . . . ရန်သူတွေ ဖူးတုန်ကာနေ ပြည်သူ
အားဟာ အမှန်ပဲကြီးမားလို့ . . အရာရာအောင်နိုင်ရစမြဲပေ. .
ငြိမ့်ငြိမ့်သဲသဲနဲ့ . . . အလုပ်သမားသပိတ်ကြီး. . ကြီးထွားလာခဲ့ပေ
လူ့သမိုင်းတစ်လျှောက် . . . ဂုဏ်ရောင်ပြောင်စွာပဲ. . .
မြင့်မြင့်မားမား အောင်လံလွှင့်ခဲ့တယ်. . . ပြည်သူ့စွမ်းအားနဲ့. .
တိုက်ပွဲဝင်တဲ့ . . ရဲဇာနည်တွေ . . . မြို့ရန်ကုန်အတွင်းမှာလေ. .
ရန်သူကိုတိုက်ကာနေ. . . ပြည်သူ့အပေါ် သစ္စာရှိတဲ့ ဇာနည်အပေါင်း
တို့ရေ . . . အကြိမ်ကြိမ် . . . အလေးနီ . . . ဦးညွှတ်ကာ ပြုလိုက်
ပါရဲ့လေ. . . .**

**တိုက်ပွဲဝင်တဲ့ အလုပ်သမားဇာနည်ရယ် . . .
အင်အားကို ဆတက်တိုးကာ . . . နွှဲကြကွယ်. . . စစ်နိုင်ရေး
စိတ်ဓါတ် မျှော်မှန်းရွယ်. . . ခိုင်မာစွာ အမိဌာန်ပြုစို့ကွယ်. . . "**

**အာဇာနည်များ ထာဝစဉ်ဥဒါန်းတွင်ပါစေ. . . .
ကိုတင်အေးကြူ (၁၁. ၅. ၁၃)**

# ၁၉၇၄ အလုပ်သမားလှုပ်ရှားမှုအစီရင်ခံစာ အပေါ် သုံးသပ်ချက်

ကျော်ထက်အောင်(ရွှေပြည်တန်)

## (၁)

၁၉၇၄ မေလနှင့် ဇွန်လအတွင်း မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပွားခဲ့သည့် အလုပ်သမားအရေးအခင်းနှင့်ပတ်သက်၍ စုံစမ်းအစီရင်ခံရန် မဆလစစ်အစိုးရက မဆလလွှတ်တော်ကိုယ်စားလှယ်(ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်) ဦးအေးမောင်-ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးတင်အောင်ဟိန်း(ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်)နှင့်ဦးဂျိဘောင်ရင်း ဦးစောဘိုးခင်၊ ဦးကြီးစိန်၊ ဦးစိုင်းထွန်းလှနှင့် ဦးအောင်သောင်းတို့ပါဝင်သော ကော်မရှင်တစ်ရပ်ကို ၁၉၇၄ ခုနှစ်ဇူလိုင်လ (၄)ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကော်မရှင်မှ အလုပ်သမားဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့မှအစပြုလျက် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မန္တလေးတိုင်း၊ အရှေ့မြောက်မြို့နယ်၊ အရှေ့တောင်မြို့နယ်၊ အနောက်မြောက်မြို့နယ်၊ အမရပူရမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မကွေးတိုင်း ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်များသို့ သွားရောက်ကာ သက်သေပေါင်း (၂၄၈)ဦးကို စုံစမ်းစစ်ဆေးခဲ့ပြီး အထောက်အထားအဖြစ် သက်သေခံစာရွက်စာတမ်း စုစုပေါင်း (၂၀၆) ခုကို လက်ခံရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါစုံစမ်းမေးမြန်းချက်များနှင့် သက်သေခံအထောက်အထားများကို အခြေပြုလျက် ကော်မရှင်၏ အစီရင်ခံစာကို နိုင်ငံတော်ကောင်စီ အတွင်းရေး

မှူး-တစ်ဆင့် (၁၉၇၄)ခုနှစ် နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ကျင်းပသည့် မဆလဗဟိုကော်မတီအစည်းအဝေးသို့ တင်သွင်းခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံစာကို **အပိုင်း (၃) ပိုင်း** ခွဲခြားတင်ပြထားသည်။

**အပိုင်း(၁)** တွင် **နယ်များ၌ အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပုံ**ကို ဖော်ပြ၍ **အပိုင်း(၂)**တွင် **ရန်ကုန်တိုင်း၌ အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပုံ**ကို ဖော်ပြထားသည်။

**အပိုင်း(၃)**တွင် **ဆန္ဒပြမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ ဆန္ဒပြမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ချက်များ ၊ ဆန္ဒပြမှုကြောင့် ဆုံးရှုံးမှုများ၊ ဆန္ဒပြမှုများနှင့်ပတ်သက်၍ ကော်မရှင်၏သုံးသပ်ချက်များ ၊ ကော်မရှင်၏ အကြံပြုချက်များနှင့် ဤကဲ့သို့ အရေးအခင်းများ ထပ်မံမဖြစ်ပေါ်စေရန် ဆောင်ရွက်သင့်သည့်အချက်များ** ဟူ၍ ဖော်ပြထားပါသည်။

(၂)

**နယ်များ၌ အလုပ်သမားဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပုံ** နှင့် ပတ်သက်၍ အစီရင်ခံစာ **အပိုင်း(၁)**တွင် ဖော်ပြထားရာ၌ **မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်း**တို့တွင် ၁၉၇၄ ခုနှစ် ၊ မေလမတိုင်မီဖြစ်ပွားခဲ့သော အလုပ်သမားလှုပ်ရှားမှုများကို **အခန်း (၁)**အဖြစ် ၁၉၇၄ ခုနှစ် မတ်လ (၂၅)မှ (၂၇)ထိ စဉ့်ကိုင်မြို့နယ်၊ **ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊** ၁၉၇၄ ခုနှစ် ဧပြီလ (၂၇)ရက်နေ့၌ **မန္တလေးမြို့ အမှတ် (၃၆၊၃၇၊၄၅၊၄၇၊၄၈၊၄၉နှင့် ၅၄) သစ်စက်များ**တွင် ဖြစ်ပွားခဲ့သော အလုပ်သမားလှုပ်ရှားမှု ဖြစ်စဉ်များကို ဖော်ပြထားပါသည်။

ထို့နောက် ၁၉၇၄ မေလ ၁၃နှင့် ၁၄ တို့တွင် ဖြစ်ပွားခဲ့သည့် **မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ**ဆန္ဒပြမှုနှင့် မေလ ၁၃၊၁၄ နှင့် ဇွန်လ ၂၃ တွင် ဖြစ်ပွားခဲ့သည့် **စစ်ကိုင်းရွာသစ်ကြီးချည်မျှင်နှင့် အထည်စက်ရုံ**ဆန္ဒပြမှုဖြစ်စဉ် မေလ ၁၇ မှ ၂၅ ရက်နေ့အထိ **မိတ္ထီလာဆည်မြောင်းဦးစီးဌာန စက်မှုလုပ်ငန်း၊** မေလ (၂၂)မှ (၂၄) ထိ **မန္တလေးကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း အခြေစိုက်အလုပ်ရုံနှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊**

မေလ (၂၁)မှ (၂၅)ထိ **မိတ္ထီလာချည်မျှင်နှင့်အထည်စက်ရုံ၊**

မေလ (၂၃)မှ (၂၄) ထိ **မန္တလေးရွှေများစောင်စက်၊**

မေလ (၂၁)မှ(၂၇) ထိ **မန္တလေးဆောက်လုပ်ရေးကော်ပိုရေးရှင်း၊**
မေလ (၂၃)ရက်နေ့ **မိတ္ထီလာမြို့စည်ပင်သာယာရေးအဖွဲ့ရေပေးရေးဌာနခွဲနှင့် ယွန်းစစ်ခါတ်အား ကော်ပိုရေးရှင်း၊**
မေလ (၂၄)ရက်နေ့ **မိတ္ထီလာကုန်လမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊**
မေလ (၂၅)ရက်နေ့ **အမရပူရ အမှတ် (၈) မော်တော်ယာဉ်လုပ်သားများ၊**
မေလ (၂၇)ရက်နေ့ **ဝမ်းတွင်းချည်မျှင်နှင့် အထည်စက်ရုံ၊ ပျဉ်းမနားနေဝင်း သစ်စက်၊ မြင်းခြံကုန်တင်ကုန်ချလုပ်ငန်း၊**
မေလ (၂၈)မှ (၃၀) ရက်နေ့အထိ **မန္တလေးမီးခြစ်စက်ရုံ၊**
၁၉၇၄ ဇွန်လ ၃ရက်နေ့ **ဆားလင်းကြီးကြေးစင်တောင်နှင့် လက်ပန်းတောင်း ကျောက်မိုင်းစိန်လွန်တူးသင်တန်း** အစရှိသည့် အလုပ်ရုံ၊ စက်ရုံနှင့် လုပ်ငန်း ဌာနများတွင် ဖြစ်ပွားခဲ့သည့်အလုပ်သမားဆန္ဒပြမှုဖြစ်စဉ်များကိုဖော်ပြထားပါ သည်။

**အခန်း(၂)အဖြစ် မကွေးတိုင်းတွင် -**
မေလ (၁၄)မှ (၁၈) ထိ **ပထမအကြိမ်** ဇွန်လ (၈)ရက်မှ (၁၂) ရက်နေ့အထိ **ဒုတိယအကြိမ် ဖြစ်ပွားသော ချောက်ရေနံမြေ၊**
မေလ (၁၆)မှ (၁၉) အထိ ဖြစ်ပွားသော **ရေနံချောင်းရေနံမြေ** ၊ စက်ရုံဆန္ဒပြ အခြေအနေများကို အသေးစိတ်ဖော်ပြထားပြီး ဇွန်လ (၇)ရက်နေ့တွင် **ရေနံချောင်း၊ ပင်းချောင်း စပျစ်ခြံ** ဇွန်လ (၁၀)ရက်နေ့တွင် **ကျွန်းချောင်း ဓါတ်မြေဩဇာစက်ရုံ** ဇွန်လ (၁၃)ရက်နေ့တွင် **စလေဓါတ်မြေဩဇာစက်ရုံ၊ ပခုက္ကူစီးကရက်စက်ရုံ** အစရှိသော စက်ရုံအလုပ်ရုံတို့တွင် ဖြစ်ပွားခဲ့သည့် အလုပ်သမားဆန္ဒပြမှု ဖြစ်စဉ်များကိုလည်းကောင်း၊
အခန်း (၃)အဖြစ် ကျန်ဒေသများဖြစ်သော
မေလ (၂၀)ရက်မှ (၂၃)ရက်နေ့ထိ **မြန်အောင်ရေနံမြေ၊**
မေလ (၂၃-၂၄) **ရွှေညောင်ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း**တို့၏ အလုပ် သမားဆန္ဒပြမှုဖြစ်စဉ်များကိုလည်းကောင်း ဖော်ပြထားပါသည်။
**အစီရင်ခံစာအပိုင်း (၂)**တွင်
အခန်း (၄)မှ **အခန်း (၈)** ထိ **ရန်ကုန်တိုင်း ၌ အလုပ်သမားဆန္ဒပြမှု**

များ ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ ဖော်ပြခဲ့ရာ

**အခန်း (၃) တွင် အင်းစိန်နှင့် မင်္ဂလာဒုံမြို့နယ်များ၌ . . .**

၁၉၇၄ မေလ ၂၇ရက်နေ့တွင်တစ်ကြိမ်နှင့် ဇွန်လ (၃) ရက်နေ့မှ(၅) ရက်နေ့အထိ ဒုတိယအကြိမ် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့် **အင်းစိန်မြို့ပတ်ရထား၊ မီးရထားပြုပြင်စက်ရုံနှင့် မီးရထားစက်ခေါင်းပြုပြင်ရုံ**

ဇွန်လ (၅)ရက်နေ့တွင် **အင်းစိန်မီးရထားစက်ရုံ၊ ရွာမ လျှပ်စစ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်တိုက်၊ ဓါတုဗေဒစက်ရုံအမှတ် (၁၊၂နှင့်၃)ရွာမသံမဏိစက်ရုံနှင့် ဒါဒါပိုးထည်စက်ရုံ**

ဇွန်လ (၅)(၆)ရက်နေ့တွင် **ပထမအကြိမ်** ဇူလိုင်လ (၁)ရက်နေ့တွင် **ဒုတိယအကြိမ်**ဆန္ဒပြခဲ့သည့် **မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ကြို့ကုန်း)၊** ဇွန်လ (၅)ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် **မင်္ဂလာဒုံတပ်မတော်အထည်ချုပ်စက်ရုံ** ၊ ဇွန်လ (၆)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် **တညင်းကုန်းအမှတ် (၂) အုတ်စက်၊ ဓောင်စက်ရုံ အမှတ် (၃)၊ ရာဘာပစ္စည်းစက်ရုံအမှတ် (၁)**

ဇွန်လ (၇)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် **မင်္ဂလာဒုံလေကြောင်းပို့ဆောင်ရေးစက်ပြင်နှင့် ယာဉ်မောင်းဌာန** အစရှိသည့် စက်ရုံအလုပ်ရုံတို့တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှု ဖြစ်စဉ်များကို ဖော်ပြထားသည်။

**အခန်း (၅)တွင် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်**များ၌

ဇွန်လ (၅)ရက်နေ့မှ (၈)ရက်နေ့အထိ **ဂုံနီစက်ရုံ (အုတ်ကျင်း)**

ဇွန်လ (၅)ရက်နေ့မှ (၇)ရက်ထိ **ပြည်သူ့ချည်မျှင်နှင့်အထည်စက်များ (သမိုင်း)** တို့တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြမှုဖြစ်စဉ်များနှင့် စစ်တပ်မှ အကြမ်းဖက်ဖြိုခွင်းခဲ့သည့် ဖြစ်စဉ်များကို ဖော်ပြထားပြီး

ဇွန်လ (၆)ရက် (၇)ရက်တွင် **ကုန်းလမ်းပို့ဆောင်ရေးအခြေစိုက် အလုပ်ရုံ (၃)**

ဇွန်လ (၇)ရက်နေ့မှ (၁၀)ရက်နေ့အထိ ဖြစ်ပွားခဲ့သော **အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း အမှတ် (၁)စက်ရုံတို့**တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအခြေအနေများကို ဖော်ပြခဲ့ပြီး

**အခြား မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ -**

**ဆည်မြောင်းဦးစီးဌာနမှုရုံး၊ သတ္တုပစ္စည်းစက်ရုံ၊ အမှတ် (၄)မိုးရေကာ**

**ဖျင်စက်ရုံ၊ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း အငှားယာဉ်ဌာန၊ ဓါတုဗေဒ အထည်စက်ရုံအုပ်စု (၆)၊ အုတ်ကျင်းသစ်လုပ်ငန်းယန္တရားအခြေစိုက်စက်ရုံ၊ ဝမ်ချုံးရာဘာဖိနပ်စက်ရုံ၊ သုခဆီစက်၊ မြန်မာ့ထီးစက်ရုံ၊ ကုန်သွယ်ရေး(၂) (ငါးပိငံပြာရည်)၊ စက်ပစ္စည်းစက်ရုံ(၂)၊ အမှတ်(၁)ဆပ်ပြာစက်ရုံ၊ သတ္တုပစ္စည်းစက်ရုံ (၁)၊ သမိုင်းလမ်းဆုံဓါတုဗေဒ အမှတ် (၅)၊ စိုက်ပျိုးရေးသုတေသနဌာနမာန်၊ ရတနာဖွဲ့နုဆီစက်၊ ဆီခွဲစက်ရုံ၊ ရာဘာပစ္စည်းစက်ရုံ (၁)၊ အုတ်ကျင်း ပြည်သူ့သစ်စက်၊ အမှတ် (၁၀) သစ်စက်၊ မြေ-ကျေး-ရှင်းဂုံလျော် ဘောထုပ်စက်ရုံ၊ ဓါတုဗေဒအထည် စက်ရုံအမှတ် (၄)၊ဓါတုဗေဒအုပ်စု (၁)၊ဓါတုဗေဒအုပ်စု (၇) (ယခင်ရွှေဟသာ) အမှတ် (၁) ပြည်သူ့စက်ပစ္စည်းစက်ရုံ၊ စောင်စက်ရုံအုပ်စု (၃)၊ကုန်သွယ်ရေး (၁၃)၊ ကြွေရည်သုတ်အမှတ် (၂)စက်ရုံ၊ ဒိုဝမ်းဖွဲ့နုဆီစက်၊ ဓါတုဗေဒပစ္စည်းစက်ရုံ (၄/၂)၊ အမှတ် (၂) အထပ်သားစက်ရုံ၊ လှိုင်မြို့နယ်သမဝါယမ၊ ပဒေသာဘီစကွတ်စက်ရုံ၊ ချည်ထည်စက်ရုံအုပ်စု (၁)၊ဌာနခွဲ (၂)(မောင်ဗမာစွပ်ကျယ်စက်ရုံ)၊ဓါတုဗေဒပစ္စည်းစက်ရုံအုပ်စု (၁၀)**တို့သည် ၁၉၇၄ ခုနှစ်၊ဇွန်လ (၆) ရက်နေ့တွင် အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားကြပါသည်။ ယင်းတို့အနက်မှ အချို့စက်ရုံများသည် ၆ ရက်နေ့တစ်ရက်တည်းဆန္ဒပြ၍ ကျန်စက်ရုံများမှာ ၇ ရက်နေ့အထိ ဆက်လက်၍ ဆန္ဒပြခဲ့ကြကြောင်း ဖော်ပြထားပါသည်။

**အမှတ် (၂) ပြည်သူ့စီးကရက်စက်ရုံ၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ် (၁၉) ကျောက်မျက်ရတနာအလုပ်ရုံ**ဆိုသည့် ဇွန်လ (၇)ရက်နေ့တွင်လည်းကောင်း **(၉)မိုင် ရွှေပြည်တန်စက်ရုံ**သည် ဇွန်လ (၁၀)ရက်နေ့တွင်လည်းကောင်းဆန္ဒပြခဲ့ကြောင်း ဖော်ပြပါရှိသည်။

**အခန်း (၆)တွင် -**

**ကမာရွတ်၊ ကြည့်မြင်တိုင်ဆိပ်ကမ်း၊ အလုံနှင့်စမ်းချောင်းမြို့နယ်တို့**၌ ဇွန်လ (၆)ရက်နေ့နှင့် (၇)ရက်နေ့တို့၌ ဖြစ်ပွားခဲ့သည့် **ဆင်မလိုက်သင်္ဘောကျင်း ဆန္ဒပြမှုဖြစ်စဉ်တွင် စစ်တပ်မှ အကြမ်းဖက်ဝင်ရောက်ဖြိုခွဲခဲ့**ပုံများကို အသေးစိတ်ဖော်ပြထားပါသည်။

ဇွန်လ (၆)ရက်နှင့် (၇)ရက်တို့တွင် ဖြစ်ပွားခဲ့သည့် **ကြည့်မြင်တိုင် အမှတ် (၁) သစ်စက်**၊ ဇွန်လ (၆)ရက်နေ့တွင် ဖြစ်ပွားသည့် **လျှပ်စစ်ဓါတ်အား**

တော်ပို့ရေးရှင်းမှ အထုပ်ရုံသုံးခု အမှတ် (၂) သစ်စက်၊ ဆိပ်ကမ်းကော်ပိုရေးရှင်းမှ ဌာန သုံးခုနှင့်သစ်လုပ်ငန်း ဝရိုဘောဝစက်ရုံ၊

ဇွန်လ (၆)ရက်မှ (၇)ရက်အထိ ဆန္ဒပြမှုဖြစ်ပွားခဲ့သည့်

ထားဝယ်အမှတ် (၁)ခါတုဘေးစက်ရုံ၊ ကုန်းလမ်းပို့ဆောင်ရေး ကော်ပိုရေးရှင်း ကုန်သည်ပို့ဆောင်ရေးဌာန၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း (ပစ္စည်းသိုလှောင်ရေးဌာန) ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ (နီဗွာန်ဆန်စက်)၊ အမှတ် (၂)ဆပ်ပြာစက်ရုံနှင့် အမှတ် (၁)အထပ်သားစက်ရုံ ဇွန်လ (၇)ရက်နေ့တွင် ဖြစ်ပွားသည့် သစ်လုပ်ငန်းကော်ပိုရေးရှင်း (ရေယာဉ်ဌာနစိတ်၊ကြည့်မြင်တိုင်)နှင့် ဆိပ်ကမ်းကော်ပိုရေးရှင်း (ကုန်တင်ကုန်ချဌာန)၊

ဇွန်လ (၁၀)ရက်နေ့မှ (၁၁)ရက်နေ့အထိ ဖြစ်ပွားခဲ့သည့် အမှတ် (၄) သစ်စက် (အလုံ)၊

ဇွန်လ (၁၃)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် စာပေဗိမာန်ပုံနှိပ်တိုက် စသည် တို့၏ ဆန္ဒပြမှုဖြစ်စဉ်များ ဖော်ပြထားသည်။

**အခန်း(၇)တွင်**

**ပန်းဘဲတန်း၊ ဗဟန်း၊ကျောက်တံတားဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များ၌ . . .**

ဇွန်လ (၄)ရက်နေ့၌ ဖြစ်ပွားခဲ့သော **ရထားပို့ဆောင်ရေးလျှပ်စစ်စက်ရုံ** ဇွန်လ (၅)ရက်နေ့မှ (၆)ရက်နေ့အထိ ဖြစ်ပွားခဲ့သော ရန်ကုန်ဘူတာကြီး ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရေနွေးငွေ့စက်ရုံ၊

ဇွန်လ (၅)ရက်နေ့မှ (၇)ရက်နေ့အထိ ဖြစ်ပွားခဲ့သော **ရန်ကုန်ဘူတာကြီး အင်ဂျင်နီယာအလုပ်ရုံ၊**

ဇွန်လ (၆)ရက်နေ့မှ (၁၀)ရက်နေ့အထိ ဖြစ်ပွားခဲ့သော **ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း (ပစ္စည်းထိန်းချုပ်ရေး)**

ဇွန်လ (၆)ရက် ၊(၇)ရက်တွင် ဖြစ်ပွားသည့် **မလွကုန်းမီးရထားစက်ခေါင်းရုံ၊ ရန်ကုန်ဘူတာကြီးတွဲပြင်ရုံ၊ သံလမ်းအုပ်ကြီးရုံး၊ သိမ်ဖြူလမ်းဗဟိုပုံနှိပ်တိုက် ၊**

ဇွန်လ (၅)ရက်မှ (၈)ရက်နေ့အထိ ဖြစ်ပွားခဲ့သည့် **ကုန်းလမ်းပို့ဆောင်**

**ဈေးဘော်ပို့ဈေးရှင်း အမှတ် (၁၀)(၁၁)နှင့် (၁၂) ဘတ်စ်ကားလိုင်းများ၊**

ဇွန်လ (၆)ရက်နေ့တွင် ဖြစ်ပွားသည့် **ဗဟိုစာတိုက်ကြီး၊ ကင်းဘဲလမ်း ဘတို့၃နိုင်ငံတိုက်** ၊

ဇွန်လ (၇)ရက်နေ့တွင် ဖြစ်ပွားသည့် **ဗဟိုကြေးနန်း၊**

ဇွန်လ (၇)ရက်နေ့မှ (၁၅)ရက်နေ့အထိ ဖြစ်ပွားသည့် **အမှတ် (၆)သစ်စက်၊**

ဇွန်လ (၁၃)ရက်နှင့် (၁၄)ရက်နေ့တို့တွင် ဖြစ်ပွားသည့် **ဗိုလ်တထောင် အမှတ် (၃) သစ်စက်** စသည့် စက်ရုံအလုပ်ရုံတို့တွင် ဖြစ်ပွားသည့် ဆန္ဒပြမှုဖြစ်စဉ်များကို ဖော်ပြထားသည်။

**အခန်း (၈)တွင်**

**တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ဒလနှင့်သံလျင်မြို့နယ်များ၌-**

ဇွန်လ (၆)ရက်နေ့မှ (၇)ရက်နေ့အထိ ဖြစ်ပွားခဲ့သော **ကုန်းလမ်းပို့ဆောင်ရေး (အမှတ် ၅/၆လိုင်း မြောက်ဥက္ကလာ)တွင် အလုပ်သမားများနှင့်အတူ ကျောင်းသားနှင့်အရပ်သား ပြည်သူများပူပေါင်းဆန္ဒပြခဲ့ပုံ**ကိုလည်းကောင်း-

ဇွန်လ (၆) (၇)ရက်တွင် ဖြစ်ပွားခဲ့သော **ကပရအခြေစိုက် အလုပ်ရုံ အမှတ်(၂ တောင်ဥက္ကလာ)-**

ဇွန် (၈)ရက်နေ့တွင် **သံလျင်ဖန်ချက်စက်ရုံ၊** ဇွန်လ (၁၀)ရက်နေ့တွင် အမှတ် (၉)သစ်စက်၊ ဇွန်လ (၁၃)ရက်နေ့တွင် **မြန်မာ့ရေနံအခြေစိုက်စခန်း၊** ဇွန်လ (၁၄)ရက်နေ့တွင် **ဒလသင်္ဘောကျင်း-**

ဇွန်လ (၁၃)နှင့် (၁၄)တို့တွင် **ဒလအမှတ် (၁၄)သစ်စက်**အစရှိသော စက်ရုံအလုပ်ရုံတို့တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအခြေအနေများကို ဖော်ပြထားသည်။

ဤသို့ဖော်ပြရာတွင် အချို့စက်ရုံများ အထူးသဖြင့် ဆန္ဒပြလှုပ်ရှားမှုကြီးများ ပြင်းထန်သည့် စက်ရုံ၊ အလုပ်ရုံများ (ဥပမာ ချောက်ရေနံမြေ၊ ရေနံချောင်းရေနံမြေ၊ ရန်ကုန်မီးရထားစက်ရုံ၊ ဘီပီအိုင်၊ အုတ်ကျင်းဂုံနီစက်ရုံ၊ အင်းစိန်ချည်စက်၊ ဆင်မလိုက်သင်္ဘောကျင်း၊ သံလျင်ရေနံချက်စက်ရုံစသည့်များတွင် ပေါ်ပေါက်ခဲ့သည့် ဆန္ဒပြလှုပ်ရှားမှုများကို အသေးစိတ် ဖော်ပြထားပြီး

ရဲနှင့်စစ်တပ်မှ အကြမ်းဖက်ဖြိုခွဲခဲ့သည့် စက်ရုံအလုပ်ရုံများနှင့် အဆိုပါ အကြမ်းဖက်နှိမ်နင်းမှု ဖြစ်စဉ်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အလုပ်သမား ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည့် အလုပ်ရုံ စက်ရုံတစ်ခုချင်း၏ အခြေအနေများကို အင်း(၁) အပိုင်း(၂)တွင် အခန်း(၁)မှ(၇)အထိ ဖော်ပြထားသကဲ့သို့ သပိတ်မှောက်ဆန္ဒပြခဲ့သည့် စက်ရုံတစ်ခုချင်းအလိုက်ပါဝင်ဆန္ဒပြခဲ့သည့် အလုပ်သမား အင်အား အရေအတွက်ကိုလည်း နောက်ဆက်တွဲ ဇယား (၅)အဖြစ် အစီရင်ခံစာ စာမျက်နှာ (၆၈)(၇၀)တွင် ထည့်သွင်းဖော်ပြထားသည်။ အဆိုပါ နောက်ဆက်တွဲ ဇယားတွင် ဖော်ပြထားသည့် ကိန်းဂဏန်းအရ (၁၉၇၄) မေ၊ ဇွန်အလုပ်သမား အရေးအခင်းတွင် နိုင်ငံတစ်ဝှမ်း စက်ရုံ အလုပ်ရုံပေါင်းစုံ (၁၂၈)ထိ ပါဝင်ခဲ့ပြီး ဆန္ဒအလုပ်သမားအင်အား စုစုပေါင်း (၄၃၃၀၀)အထိ ပါဝင်လှုပ်ရှားဆန္ဒပြခဲ့ကြောင်း သိရှိရသည်။

စုံစမ်းရေးအစီရင်ခံစာ၏ အထက်ပါအလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပုံအပိုင်းတွင် ဆန္ဒပြမှုဖြစ်စဉ်များနှင့် ပြည်သူလူထု၏ တင်ပြတောင်းဆိုမှုများကို ခြုံငုံလျက် **နောက်ဆက်တွဲ ဇယား (၆)တွင် ကဏ္ဍလေးခု** ခွဲကာ ဖော်ပြခဲ့သည်။

အဆိုပါဇယားတွင် တောင်းဆိုချက်အများစုကို အမျိုးအစားခွဲလျက် ခြုံငုံဖော်ပြ ထားသော်လည်း အရေးကြီးသည့် တောင်းဆိုချက်အချို့ကို ချန်လှပ်ထားကြောင်း တွေ့ရှိရသည်။ ဥပမာ ချောက်ရေနံမြေတွင် ဒုတိယအကြိမ်ဆန္ဒပြမှု ဖြစ်ပွားရာ၌ ဆန္ဒပြရခြင်းအကြောင်းရင်းလည်းဖြစ်၊ အဓိက တောင်းဆိုချက်လည်း ဖြစ်သည့် **ပထမအကြိမ်ဆန္ဒပြစဉ်က ရရှိခဲ့သည့် သဘောတူညီချက်ကို အာဏာပိုင်များဘက်မှ ဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်း**နှင့် ရေနံမြေ အလုပ်သမားတို့၏ ဆန္ဒနှင့်အခြေ အနေမှန်ကို ပြောင်းပြန်လှန်ပြီး အလုပ်သမား ထုအား သွေးခွဲရန် အကြံဖြင့် အစိုးရ ရေဒီယိုနှင့် သတင်းစာတို့မှာ **လိမ်ညာ ဝါဒဖြန့်သတင်းထုတ်လွှင့်ခဲ့ခြင်း**အား မကျေနပ်၍ ဆန္ဒပြတောင်း ဆိုခဲ့ခြင်းကို လည်းကောင်း၊ မြောက်ဥက္ကလာ၊ ကပရ ၅/၆လိုင်း အလုပ်သမားများနှင့် ကျောင်းသားပြည်သူတို့ ပူးပေါင်းလှုပ်ရှားရာတွင် **ပုဒ်မ (၁၄၄) ရုပ်သိမ်းပေးရန်** တောင်းဆိုခဲ့ပုံကိုလည်းကောင်း၊ စက်ရုံအလုပ်ရုံ တစ်ခုချင်းအလိုက် ဆန္ဒပြမှုအခြေအနေကို တင်ပြရာ၌ ထည့်သွင်းဖော်ပြခဲ့သော်လည်း ယခု နောက်ဆက်

နောက်ဆက်တွဲ(၆)

## အလုပ်သမားဆန္ဒပြမှုတွင် တင်ပြကြသော တောင်းဆိုချက်များ

| စဉ် | တောင်းဆိုချက် | တောင်းဆိုသော စက်ရုံအလုပ်ရုံ ဦးရေ |
|---|---|---|
| | **စီးပွားရေး** | |
| ၁။ | ဆန်အလုံလောက်ရရှိရေးဆောင်ရွက်ပေးရန် | ၈၀ |
| ၂။ | ကုန်ဈေးနှုန်းကျဆင်းရေးဆောင်ရွက်ပေးရန် | ၆၈ |
| ၃။ | အလုပ်သမားများအား ငွေထုတ်ချေးရန် | ၉ |
| ၄။ | ကုန်ဈေးနှုန်းကြီးမြင့်သည်နှင့်အညီ လစာတိုးမြှင့်ပေးရန် | ၄ |
| | **စီမံခန့်ခွဲရေး** | |
| ၁။ | ပုံမှန်အဆင့်ရာထူးတိုးမြှင့်ရေးဆောင်ရွက်ပေးရန် | ၅၀ |
| ၂။ | စက်ရုံဥပဒေနှင့်အကျုံးဝင်သော အလုပ်သမားများအား ကာယဉာဏမခွဲခြားဘဲ အခြေခံဝန်ထမ်းစည်းမျဉ်းအရ ခံစားခွင့်ပြုရန် | ၄၆ |
| ၃။ | လစာနှုန်းများညှိနှိုင်းပြင်ဆင်သတ်မှတ်ပေးရန် | ၃၄ |
| ၄။ | နေ့စားအလုပ်သမားများအား လစာအလုပ်သမားအဖြစ် ခန့်ထားရန် | ၃၀ |
| ၅။ | ဆေးခွင့်ယူရာတွင် စောင့်ဆိုင်း(၃)ရက်ကို လုပ်ခမဖြတ်ရန် | ၂၀ |
| ၆။ | ဖွဲ့စည်းပုံအမြန်ချပေးရန်နှင့် ဖွဲ့စည်းပုံအရ လူမှန်နေရာမှန် ဖြည့်စွက်ခန့်ထားရန် | ၁၈ |
| ၇။ | တူညီဝတ်စုံထုတ်ပေးရန် | ၁၇ |
| ၈။ | ယာယီလုပ်သားများအား အမြဲတန်းခန့်ထားရန် | ၁၅ |
| ၉။ | စက်ရုံ/အလုပ်ရုံမှထုတ်လုပ်သည့် ကုန်ပစ္စည်းဝယ်ယူခွင့်ပြုရန် | ၁၂ |
| ၁၀ | လုပ်သားများအတွက် ကြို/ပို့မော်တော်ယာဉ်စီစဉ်ပေးရန် | ၁၀ |
| ၁၁ | ဆေးခန်းတွင် ဆရာဝန်/ဆရာမ၊ ဆေးဝါးအပြည့်အစုံထားပေးရန် | ၉ |
| ၁၂ | အရာရှိဆိုးပြောင်းရွှေ့/အရေးယူပေးရန် | ၉ |

| | | |
|---|---|---|
| [illegible] | အနိမ့်ဆုံးလစာ တိုးမြှင့်ပေးရန် | ၈ |
| [illegible] | စက်ရုံအဆောင်အယောင်အကာအကွယ်ပစ္စည်းထုတ်ပေးရန်နှင့် အဆောင်အယောင်ကြေးပေးရန် | ၄ |
| [illegible] | သက်သာချောင်ချိရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းပေးရန် | ၃ |
| [illegible] | ကျွမ်းကျင်အဆင့်သတ်မှတ်ပေးရန် | ၃ |
| [illegible] | ပျက်ကွက်ရက် (၁၄)ရက် ဖျက်သိမ်းပေးရန်၊(၁၄)ရက်ပျက်ကွက်သူများအား ပြန်လည်ခန့်ထားပေးရန် | ၃၅ |
| [illegible] | အခြားတောင်းဆိုချက်များ | |
| | **နိုင်ငံရေး** | |
| ၁။ | အခြေခံကောင်စီဖျက်သိမ်း၍ ပြန်လည်ဖွဲ့စည်းရန် | ၅၀ |
| ၂။ | ဂုံနီစက်ရုံမှ အခြေခံကောင်စီဖျက်သိမ်းရန် | ၂၂ |
| ၃။ | အခြေခံကောင်စီဖွဲ့စည်းခွင့်ရရှိရန် | ၂ |
| | **ဆန္ဒပြမှုကြောင့် ဖြစ်ပေါ်လာသော တောင်းဆိုချက်များ** | |
| ၁။ | ဆန္ဒပြသူများအား ဖမ်းဆီးခြင်းမပြုရန်နှင့် ဖမ်းဆီးထားသူများအား ပြန်လွှတ်ရန် | ၅၄ |
| ၂။ | ဆန္ဒပြချိန်/ဆန္ဒပြရက်အတွက် လစာ/လုပ်ခမဖြတ်ရန် | ၃၀ |
| ၃။ | လက်နက်ကိုင်တပ်ဖွဲ့များအား ပြန်လည်ရုပ်သိမ်းရန် | ၅ |

တွဲတွင်းလုံးဝဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားသည်ကို တွေ့ရှိရသည်။

## (၃)

**အပိုင်း (၃) သုံးသပ်ချက်နှင့်အကြံပြုချက်များ**ကဏ္ဍ **အခန်း (၉)**တွင် **ဆန္ဒပြမှုများဖြစ်ပေါ်ရသော အကြောင်းရင်းများ**ကို **စီးပွားရေး၊နိုင်ငံရေးနှင့် စီမံခန့်ခွဲရေး**ဟူ၍ **အပိုင်းသုံးခု**ခွဲကာ တင်ပြခဲ့သည်။

ထိုသို့တင်ပြရာတွင် သက်သေထွက်ဆိုချက်များကို ထုတ်နုတ်ဖော်ပြပြီး ထိုသက်သေခံများကို အခြေပြုလျက် အခြေအနေမှန်ကို ကောက်ချက်ဆွဲတင်ပြသကဲ့သို့ သက်သေထွက်ဆိုချက်များနှင့် မသိမသာသွေဖီ၍လည်းကောင်း၊ သိသိသာသာ ဆန့်ကျင်ကွဲလွဲလျက်လည်းကောင်း မိမိတို့လိုရာဆွဲကောက်ချက်ချသည်များလည်း ရှိပါသည်။

ဥပမာအားဖြင့် **စီးပွားရေးအပိုင်း**နှင့်ပတ်သက်၍ သက်သေအားလုံးလို

တို့က ဆန်မလုံလောက်မှုပြဿနာ၊ စားဝတ်နေရေးအခက်အခဲပြဿနာနှင့်တာဝန်ရှိသူများ၏ ပျက်ကွက်မှုများကို ထွက်ဆိုခဲ့ကြပြီး အဆိုပါထွက်ဆိုချက်များကို အခြေပြုလျက် ကော်မရှင်က အောက်ပါအတိုင်း ကောက်ချက်ချဖော်ပြခဲ့သည်။

**"ဤအခြေအနေများကို ထောက်ရှုခြင်းအားဖြင့် ကော်မရှင်ရှေ့တွင် ထွက်ဆိုခဲ့သူများ၏ တင်ပြချက်များအတိုင်း အခြေခံစားကုန်ဈေးနှုန်းများ၊ အဆမတန် တက်နေသဖြင့် အလုပ်သမားများ အခက်အခဲများ ကြုံတွေ့နေရသည် ဆိုခြင်းမှာ မှန်ကန်သည်ဟု ယူဆရပါသည်။"**

**"စီးပွားရေးအခြေအနေသည် အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပေါ်စေနိုင်သည့်အခြေအနေဖြစ်ကြောင်း တွေ့ရှိရပါသည်။"** (စာ-၂၂)ဟူ၍ အစီရင်ခံထားပါသည်။

**နိုင်ငံရေးပိုင်း**တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အနေအထား၊ ပြည်သူ့အလုပ်သမားကောင်စီ၏အနေအထား၊ ပြည်သူ့အလုပ်သမားကောင်စီဖွဲ့စည်းခွင့်ကိစ္စ၊ဆန့်ကျင်ဘက်နိုင်ငံရေးအင်အားစုများ၏ စည်းရုံးလှုံ့ဆော်မှုဟူ၍ အပိုင်းလေးပိုင်းခွဲ၍ ဖော်ပြထားပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အနေအထားကဏ္ဍတွင် သက်သေအများစုက လမ်းစဉ်ပါတီတာဝန်ရှိသူတို့၏ အာဏာ အလွဲသုံးစားမှု၊ မတော်မတရားလုပ်မှုများရှိကြောင်း ထွက်ဆိုပြီး ပါတီကိုဝေဖန်ကြပါသည်။

ဥပမာ ချောက်မြို့မှ သက်သေခံသူများက

**"လက်ရှိအခြေအနေအရ တစ်ဦးတစ်ယောက်တည်းက ပါတီ၏အရှိန်အဝါကိုယူ၍ ခြယ်လှယ်လုပ်ကိုင်နေသည်ကို ပါတီအတွက် ရှေ့အလားအလာမကောင်းဟု ယူဆ၍တင်ပြရခြင်းဖြစ်ပါသည်။"** (စာ-၂၄)ဟုထွက်ဆိုခဲ့ကြပြီး

နောက်ထပ်သက်သေတစ်ဦးဖြစ်သည့် ထိုစဉ်က မဆလပါတီထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်သော ရန်ကုန်တိုင်းဒေသပါတီကော်မီတီဥက္ကဋ္ဌ ဦးသိန်းငွေကမူ-

**"ယူနစ်ကော်မီတီတွင် အုပ်စုဖွဲ့မှုများကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရာမှ စည်းရုံးရေးစွမ်းအားများလည်း လျော့ကျခဲ့ပါသည်။ အောက်ခြေပါတီဝင်များအတွင်း၌ ဆရာမွေး၊ တပည့်မွေးမှုများကြောင့် မိမိတို့အုပ်စုနေရာ ရရှိရေးကိုသာ ဦးစားပေးလာခဲ့ပါသည်။ ယင်းသို့ ပါတီစည်းရုံးရေးအဘက်ဘက်မှ အားနည်းလျော့ဆင်းလာခဲ့ချိန်နှင့် တိုက်ဆိုင်၍ စက်ရုံအလုပ်ရုံများ ရုံးဌာနများတွင် စီမံခန့်**

---

ခွဲနေရာတို့မှ ဆန္ဒပြမှုများနှင့် စီးပွားရေးဆိုင်ရာဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်လာသောအခါ ပါတီယူနစ်သည် ပါတီဝင်များအပေါ် စည်းရုံးရေးပြဿနာပိုမိုတွေ့ရှိခဲ့သည်ကို တွေ့ရပါသည်။" (စာ-၂၅)

ဟူ၍ ထွက်ဆိုခဲ့ပါသည်။ အဆိုပါထွက်ဆိုမှုကိုကြည့်လျှင် မဆလပါတီထွားကျိုက်စားနေမှုကို ဝန်ခံခဲ့သော်လည်း ခေါင်ကမိုးမလုံဘဲ ပါတီတွင်းများသိရှိခွင့်ဘာ လူထုအယုံအကြည်ကင်းမဲ့လာမှု၊ အလုပ်သမားနှင့်ပြည်သူလူထု၏ဆန့်ကျင်ခံလာရမှုကို အောက်ခြေပါတီခေါင်းဆောင်များနှင့် ပါတီဝင်များအပေါ် အပြစ်ပုံချပြီး ခေါင်းရှောင်ထွက်ဆိုခဲ့ခြင်းဖြင့် မဆလထိပ်သီးတို့၏ တာဝန်မဲ့မှုကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

ကော်မရှင်မှ အစီရင်ခံရာတွင် အလုပ်သမားနှင့်ပြည်သူလူထုခံစားချက်ကို လျစ်လျူရှုလျက် အထက်ပါတာဝန်မဲ့ပြောဆိုသူတို့၏အကြိုက်ကိုလိုက်ကာ အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။

**"အထက်ပါအဖြစ်အပျက်များကို ကြည့်မည်ဆိုလျှင် ပါတီ၏အနေအထားကို တွေ့နိုင်ပါသည်။ အလုပ်သမားအများစုသည် မြန်မာနိုင်ငံတွင် တည်ဆောက်နေသော ဆိုရှယ်လစ်စနစ်ကို ဆန့်ကျင်မှုမတွေ့ရပါ။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ငြင်းပယ်ခြင်းမျိုးလည်းမတွေ့ရပါ။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အစိတ်အပိုင်းဖြစ်သော ပါတီယူနစ်အချို့ပေါ်တွင် မကျေနပ်မှုများရှိသည်ကို တွေ့ရပါသည်။"** (စာ-၂၅)ဟူ၍ဖြစ်သည်။

ပြည်သူ့အလုပ်သမားကောင်စီအနေအထားနှင့် ပတ်သက်၍ ထိုစဉ်က မဆလထိပ်ပိုင်းတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒုဗိုလ်မှူးကြီးကျော်သန်း(တွဲဘက်အတွင်းရေးမှူး -၁ ၊ ဗဟိုအလုပ်သမားကောင်စီ) မှ

**"ယခုအချိန်အလုပ်သမားများသည် အလုပ်သမားရေးရာများနှင့်ပတ်သက်၍ အလုပ်သမားကောင်စီအဆင့်ဆင့်က တင်ပြပါက ကြန့်ကြာပြီး ဆန္ဒပြတောင်းဆိုပါက မြန်မြန်ထက်ထက်ရသည်ဟူသော အယူအဆရှိလာကြပါသည်။**

(စာ-၂၇) ဟူ၍ ဝန်ခံထွက်ဆိုခဲ့သော်လည်း . . .

ကော်မရှင်မှ အစီရင်ခံရာတွင်မူ

**"အောက်ခြေရှိ စီမံခန့်ခွဲရေးအပိုင်းမှာသော်လည်းကောင်း၊ ဗဟိုအဆင့်စီမံခန့်ခွဲရေးအပိုင်းမှသော်လည်းကောင်း ပေးသင့်သည်ကို လျင်လျင်မြန်မြန်**

**ဆောင်ရွက်မပေးသည့်အခါ ပြည်သူ့အလုပ်သမားကောင်စီများအပေါ် အလုပ်သမားများက ငြိုငြင်မှုကို တွေ့ရပါသည်။ သို့သော် အလုပ်သမားကောင်စီသည် အလုပ်သမားဘက်မှ ရပ်တည်နေသည့် အဖွဲ့အစည်းကြီးဖြစ်သည်ဟူသော ယုံကြည်မှုမှာ ပျောက်မသွားပါ။ အခြေခံကောင်စီခေါင်းဆောင်အချို့ အပေါ်တွင် အထင်လွဲမှားမှုများသာ ရှိကြောင်း တွေ့ရှိရပါသည်။** "(စာ-၂၇) ဟူ၍ အောက်ခြေသို့ အပြစ်ပုံချလျက် လိုရာကောက်ချက်ဆွဲတင်ပြထားသည်ကို တွေ့ရှိရသည်။

**ဆန့်ကျင်ဘက်နိုင်ငံရေးအင်အားစုများ၏ စည်းရုံးလှုံ့ဆော်မှု** ဟူသောအပိုင်း တွင် တွေ့ဆုံမေးမြန်းခဲ့သည့် စက်ရုံအလုပ်ရုံတာဝန်ရှိသူများနှင့် ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့် အောက်ခြေအလုပ်သမားများ အပါအဝင် သက်သေများအားလုံးလိုလိုက နိုင်ငံရေးပယောဂမပါကြောင်း ထွက်ဆိုကြပါသည်။

ဥပမာအားဖြင့်

သက်သေတစ်ဦးဖြစ်သူ သစ်စက်လုပ်သား၊ မန္တလေးအရာတော်မြို့နယ် အခြေခံကောင်စီအမှတ် (၅) ဥက္ကဋ္ဌက **"ကျွန်တော်တို့ဆွေးနွေးရာတွင် ဒေသပါတီအတွင်းရေးမှူးလည်း လေ့လာသူအဖြစ် ရောက်ရှိလာပါသည်။ ဒေသပါတီကော်မီတီအတွင်းရေးမှူးက အခြားနိုင်ငံရေး ပယောဂပါသလား ဟုမေးပါ သည်။ ကျွန်တော်က ပယောဂပါတယ်ဆိုရင် အခြားနိုင်ငံရေး ပယောဂမဟုတ်ဘူး၊ ထမင်းမဝတဲ့ ပယောဂဟု ပြောပါသည် "** ဟူ၍ လည်းကောင်း (စာ-၃၁)

အခြားသက်သေတစ်ဦးက **"အလုပ်သမားဆန္ဒပြမှု မဖြစ်ပွားမီ အလုပ်သမားတောင်းဆိုချက်များသည် ရိုးရိုးသားသားတောင်းဆိုချက် ဖြစ်ပါသည်။ ဆန္ဒပြမှုဖြစ်လာခြင်းမှာလည်း ကြိုတင်ပြင်ဆင်ထားသည့် သဘောမရှိပါ။ တဆင့်ပြီး တဆင့် ဖြစ်ပေါ်လာသည့်အကြောင်းများကြောင့် ဆန္ဒပြမှုဖြစ်ပေါ်လာရသည့် သဘောရှိပါသည်"** (စာ-၃၀) ဟူ၍လည်းကောင်း၊

နောက်သက်သေတစ်ဦးကလည်း **"ဆန္ဒပြမှုမဖြစ်ပွားမီကဖြစ်စေ၊ ဆန္ဒပြမှုဖြစ်ပွားနေဆဲပင်ဖြစ်စေ ဘေးမှ ပယောဂများ ဝင်သည်ဟု သတင်းမရရှိပါ။ ဆန္ဒပြမှုဦးဆောင်သူများအနေဖြင့်လည်း ဘေးမှ ပယောဂများမဝင်စေရန် သတိပြုကြသည်ဟု သိရပါသည်"** (စာ-၃၁) ဟူ၍လည်းကောင်း အသီးသီး ထွက်ဆိုခဲ့ကြသော် လည်း

မ. ဆ. လ ထိပ်သီးတစ်ဦးဖြစ်သော ရန်ကုန်တိုင်းဒေသပါတီကော်မီတီ ဥက္ကဋ္ဌ ဦးသိန်းငွေကမူ

---

**၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု**

"တော်လှန်ရေးကောင်စီတက်လာပြီးနောက် နိုင်ငံရေးအဖွဲ့အစည်းအသီးသီးကို ဖျက်သိမ်းခဲ့ရာတွင် သက်ဝင်လှုပ်ရှားနိုင်ငံရေးအဖွဲ့အစည်းများသည် လုံးဝပြိုကွဲသွားခြင်းမရှိဘဲ ပုန်းလျှိုးလှုပ်ရှားနေပြီး ၎င်းတို့၏အခြေခံစခန်း၊ ကလပ်စည်းများကို စက်ရုံအလုပ်ရုံများအတွင်း ရပ်ကွက်များအတွင်း တည်ထောင်ထားနိုင်ခဲ့သည်" (စာ-၂၉) ဟုထွက်ဆိုထားချက်ကိုလည်းကောင်း

ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးစိန်ဝင်းက ဇွန်လ (၆)ရက်နေ့ညတွင် မြန်မာ့အသံမှ တိုင်းပြည် သို့ မိန့်ခွန်းပြောကြားရာတွင် **"မြေပေါ်မြေအောက်ရှိ အဖျက်သမားများနှင့် မင်းမဲ့ ဝါဒီများဟာ တရားနည်းလမ်းအတိုင်း ဆွေးနွေးခြင်း မပြုစေဘဲ အလုပ်သမားများ လောကအတွင်းမှာ ပေါ်ပေါက်နေတဲ့ အခက်အခဲတွေ၊ အကြပ်အတည်းတွေ၊ မကျေလည်မှုတွေကို အမြတ်ထုတ်ပြီး လုပ်သားထုကို ခုတုံးလုပ်ပြီး ဆူပူမှုများ ဖြစ်အောင် သွေးထိုးလှုံ့ဆော်လာပါတယ်။"** (စာ-၂၉) ဟူသော ပြောကြားချက်များကို အသေဆုပ်ကိုင်လျက် အထက်ပါ အလုပ်သမားဆန္ဒပြလှုပ်ရှားမှုများကို လက်ဝဲလက်ယာပယောဂများကြောင့်ဟု ခွပ်ချွဲနိုင်ရန် ကြိုးစားခဲ့သော်လည်း လုံလောက်သည့် သက်သေအထောက် အထားမရှိသဖြင့် အစီရင်ခံစာတွင် အောက်ပါအတိုင်း မယုတ်မလွန် ဖော်ပြခဲ့ပါသည်။

**"အထက်ပါထွက်ဆိုချက်များကို ခြုံငုံသုံးသပ်ရာတွင် ဆန့်ကျင်ဘက်နိုင်ငံရေးအင်အားစုများသည် အလုပ်သမားလောကတွင်သာမက လယ်သမား၊ ကျောင်းသား၊ လုပ်သားပြည်သူတို့နှင့် သံဃာအတွင်းပါမကျန် အကွက်ပေါ်လျှင်ပေါ်သလို လှုံ့ဆော်မှုများပြုလုပ်ရန် အခွင့်ကောင်းစောင့်နေသည်ကို တွေ့ရှိရပါသည်။ သို့သော် လက်ရှိအလုပ်သမားဆန္ဒပြမှုများကို ဖြစ်ပေါ်စေအောင် စတင်ဖန်တီးလှုံ့ဆော်နိုင်စွမ်းမရှိပါ။ ဆန္ဒပြမှုပြင်းထန်လာရာတွင် မျက်ရည်ယိုဗုံးများ၊ သေနတ်များဖြင့် ပစ်ခတ်၍ လူစုခွဲချိန်လောက်မှစပြီး ဤအချက်ကို အကွက်ကောင်းယူကာ ဆန်စျေးနှုန်းကြီးမြင့်ခြင်း၊ ကုန်စျေးနှုန်းကြီးမြင့်ခြင်းတို့ကို ဆက်စပ်၍ ပယောဂဝင်ရောက်ခဲ့ကြောင်းကို အချို့စက်ရုံများ၌သာ တွေ့ရပါသည်။"** (စာ-၃၃) ဟူ၍ဖော်ပြခဲ့ပါသည်။

**စီမံခန့်ခွဲရေးအပိုင်းတွင်-**

**"စီမံခန့်ခွဲရေးအပိုင်းနှင့် လုပ်သားထုအတွင်း မကျေမလည်သည့်ကိစ္စများမှာ အပြစ်ပေးအရေးယူရာတွင် မျှတမှုမရှိသည့်အတွက်ကြောင့် ဖြစ်ကြောင်းများကိုလည်း တင်ပြကြပါသည်။ အလုပ်သမားများ ပြစ်မှုကျူးလွန်သည်ကို တွေ့**

မိုးခုန် ခြင်းပစ်သည်အထိ တိကျစွာအရေးယူပြီး စီမံခန့်ခွဲ ရေးအပိုင်းမှ အပြစ်ရှိ သွင် ပြစ်သားထိရောက်သော အရေးယူမှုမျိုး မရှိကြောင်း တင်ပြကြပါသည်" (စာ-၃၅) ဟုလည်းကောင်း-

"ရာထူးတိုးမြှင့်ရေးကိစ္စနှင့် ပတ်သက်၍ စီမံခန့်ခွဲရေးအပိုင်းမှ အချို့သော ပုဂ္ဂိုလ်များသည် တပည့်မွေး၊ ဆရာမွေးစနစ်ကျင့်သုံးပြီး မိမိနှင့်အလျဉ်းသင့်သောသူများကို ရာထူးတိုးပေးလေ့ရှိပြီး အလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်နေသူများကို ရာထူးတိုးမပေးခဲ့သည့် အခြေအနေများကိုလည်း တင်ပြကြပါသည်" (စာ-၃၆) ဟူ၍ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ အာဏာရှိသူတို့၏ ချစားမှုကို ဝန်ခံတင်ပြထားပါသည်။

ဆန္ဒပြရခြင်းအကြောင်းရင်းကို အစီရင်ခံစာတွင် အောက်ပါအတိုင်း နိဂုံးချုပ်ဖော်ပြထားပါသည်။

"အခြေအနေမှာ နိုင်ငံ၏စီးပွားရေးအကြပ်အတည်းအတွင်း၌ အလုပ်သမားများတွင် အခက်အခဲများကို ရင်ဆိုင်နေကြရပါသည်။ အလုပ်သမားအများစုတွင် ဆိုရှယ်လစ်စနစ်၏ ရည်မှန်းချက်ကိုလည်းကောင်း၊ ဆိုရှယ်လစ်စနစ်တည် ဆောက်ရေးတွင် အလုပ်သမားများ ပါဝင်ရမည့် အခန်းကဏ္ဍကိုလည်းကောင်း သဘောမပေါက်ကြသေးပေ။ အလုပ်သမားထု အတွင်း၌ စား၊ဝတ်၊ နေရေး အခက်အခဲများနှင့် ရပိုင်ခွင့်နှင့်ပတ်သက်သော မပြေလည်မှုများသည် စုပုံလျက်ရှိနေသော ပြဿနာများပင်ဖြစ်ပေသည်။ ယင်းအခြေအနေတွင် ပြဿနာတစ်ခု၌ တိုက်ရိုက်စီမံသူများနှင့် အလုပ်သမားများ မပြေမလည်ဖြစ်သောအခါ တင်းမာနေသောအခြေအနေမှ ပေါက်ကွဲရသည့်အဆင့်သို့ ရောက်ရှိပြီး ဆန္ဒပြမှုများ ပေါ်ပေါက်ရခြင်း ဖြစ်ပါသည်။" (စာ-၃၃) ဟူ၍ ဖော်ပြခဲ့ပါသည်။

(၄)

အစီရင်ခံစာ အခန်း (၁၀) တွင်-

ဆန္ဒပြမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ချက်များဟူ၍ ဖော်ပြရာတွင် ဆန္ဒပြမှုဖြစ်ပွားစဉ် ဆွေးနွေးဖြေရှင်းခြင်း ၊ ဖမ်းဆီးအရေးယူခြင်း၊ ပုဒ်မ-၁၄၄ နှင့်အလားတူ အမိန့်များထုတ်ခြင်း၊ သေနတ်နှင့်ပစ်လူစုခွဲခြင်း၊ ဆန္ဒပြမှုဖြစ်ပွားပြီးနောက် တောင်း ဆိုချက်များအပေါ် ဆောင်ရွက်ချက်များဟူ၍ ဖော်ပြထားပါသည်။

အဆိုပါအချက်များအရ ဖမ်းဆီးအရေးယူမှုအပိုင်းတွင် (၅၀၅)ဦးကို **ဖမ်းဆီးပြီး (၁၅၈)ဦး ပြန်လွှတ်ပေးသော (၁၄၇)ဦး တရားစွဲအပြစ်ပေးခဲ့**ကြောင်းနှင့် ဖမ်းဆီးခံခဲ့သူများနှင့် ပြန်လွှတ်သူများစာရင်းကို နောက်ဆက်တွဲ (ဂ) အဖြစ် ဖော်ပြခဲ့ပါသည်။

သေနတ်နှင့်ပစ်လူစုခွဲရာတွင် ရန်ကုန်တိုင်းအတွင်း ဆင်မလိုက်သင်္ဘောကျင်း သန်လျင်ရေနံချက်စက်ရုံနှင့် သမိုင်းချည်မျှင်နှင့်အထည်စက်ရုံရှေ့တို့တွင် သေနတ်ပစ်လူစုခွဲခဲ့ကြောင်း ဖော်ပြထားပါသည်။

**အခန်း (၁၁) ဆန္ဒပြမှုကြောင့် ဆုံးရှုံးမှုများတွင်**

**ဒဏ်ရာရသူနှင့် သေဆုံးသူများ**ဟူ၍ ဖော်ပြရာ၌ အလုပ်သမားဆန္ဒပြမှုများတွင် **ရန်ကုန်တိုင်းအတွင်း နေရာ (၃)နေရာ၌** သေနတ်ဖြင့် ပစ်ခတ်၍ လူစုခွဲရာတွင် **(၂၃) ဦးသေဆုံး၍ (၆၄)ဦး ဒဏ်ရာရ**ခဲ့ကြောင်း **သမိုင်းချည်မျှင်နှင့် အထည်စက်ရုံများရှေ့ အင်းစိန်လမ်းမကြီးပေါ်တွင် (၂) ကြိမ်တိုင် ပစ်ခတ်၍ လူစုခွဲခဲ့ရာ ဇွန်လ (၆)ရက်နေ့တွင် ပထမအကြိမ် ပစ်ခတ် လူစုခွဲခဲ့ရာ၌ (၁၀)ဦး သေဆုံး၍ (၂၆) ဦးဒဏ်ရာရကြောင်း၊ (၇)ရက်နေ့တွင် ဒုတိယအကြိမ် ပစ်ခတ်သဖြင့် (၈)ဦးသေဆုံးပြီး (၂၂)ဦးဒဏ်ရာရသဖြင့် အဆိုပါ နေရာ၌ (၁၈)ဦး သေဆုံးပြီး (၄၈)ဦး ဒဏ်ရာရ**ကြောင်း ဖော်ပြထားပါသည်။ ထို့နောက် **ဇွန်လ (၇)ရက်နေ့ နံနက်**လင်းအားကြီးအချိန်တွင် **ဆင်မလိုက်သင်္ဘော ကျင်းအတွင်း စစ်တပ်မှ ဝင်ရောက်ပစ်ခတ်ရာ အလုပ်သမား (၅)ဦးသေဆုံး၍ (၁၁)ဦး ဒဏ်ရာရ**ခဲ့ကြောင်းနှင့် ဇွန်လ (၈)ရက်နေ့ သန်လျင်ရေနံချက်စက်ရုံရှေ့ ၌ ရဲတပ်ဖွဲ့မှ ပစ်ခတ်ရာတွင် အလုပ်သမား (၅)ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ (စာ-၄၃)

<u>(၇)</u>

အစီရင်ခံစာ **အခန်း (၁၂)** တွင်-

ဆန္ဒပြမှုများနှင့် ပတ်သက်၍ **ကော်မရှင်၏ သုံးသပ်ချက်ကို စီးပွားရေး၊ နိုင်ငံရေး၊ စီမံခန့်ခွဲရေး** ဟူ၍ **အပိုင်းသုံးပိုင်း**ခွဲကာ သုံးသပ်တင်ပြထားသည်။

**စီးပွားရေးပိုင်းတွင်**

**"အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားရာနေရာတိုင်းလိုပင် ဆန်အလုံအလောက်ရရှိရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေး၊ လစာလုပ်ခနှုန်း တိုးမြှင့်ပေးရေး တောင်းဆိုချက်များကိုတင်ပြကြကြောင်း တွေ့ရပါသည်။ တနည်းဆိုရလျှင် စီးပွား**

[illegible]မှုကို ရင်ဆိုင်နေရကြောင်း ထင်ရှားပါသည်။"
(စာ-[illegible]) ဟူ၍လည်းကောင်း

နိုင်ငံရေးပိုင်းတွင်

"အလုပ်သမားများကို အပြစ်ပေး၊ အရေးယူရာ၌ မြန်ဆန်သော်လည်း အရာရှိပိုင်းများကိုအပြစ်ပေးအရေးယူရသည့်ကိစ္စများမှာ မထိရောက်လှပါ။ အလုပ်သမားများ၏ အခွင့်အရေးတိုးမြင့်မှုနှင့် ပတ်သက်လာလျှင်လည်း အချိန်ဆွဲခြင်းဖြင့် စိတ်ပျက်ဖွယ်ရာအခြေအနေကို မကြာခဏကြုံခဲ့ကြရပါသည်" (စာ-၄၆) ဟူ၍လည်းကောင်း

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲပြီးသည့်နောက်ပိုင်း အခြေအနေတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စည်းရုံးရေးသည် မြို့နယ်၊ရပ်ကွက်၊ကျေးရွာအဆင့်ဆင့်တွင်လည်းကောင်း၊ စက်ရုံအလုပ်ရုံအသီးသီးတွင်လည်းကောင်း သိသိသာသာ ကျဆင်းလျှက်ရှိပါသည်။ (စာ-၄၆) ဟူ၍လည်းကောင်း

"မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဗဟိုနှင့်ဒေသပါတီကော်မီတီအဆင့်ဆင့်တို့မှလည်းကောင်း၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီမှလည်းကောင်း၊ အလုပ်သမားဆန္ဒပြမှုတွင် လက်တွေ့ကျကျလုပ်ကိုင်နိုင်သော ဦးဆောင်မှု၊ ညွှန်ကြားမှုတို့ကို အရေးအခင်းများ မဖြစ်ပွားစေရန် အချိန်မီမပေးနိုင်ကြောင်း တွေ့ခဲ့ရပါသည်။" (စာ-၄၇) ဟူ၍လည်းကောင်း

"သက်ဆိုင်ရာအခြေခံကောင်စီနှင့် မြို့နယ်အလုပ်သမားကောင်စီများက စက်ရုံအလုပ်ရုံများတွင် ဖြစ်သင့်ဖြစ်ထိုက်သော အချက်အလက်များကို ထပ်ခါတလဲလဲတင်ပြနေသော်လည်း အကောင်အထည်ပေါ် မလာသည့်ကိစ္စများကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။" (စာ-၄၇) ဟူ၍လည်းကောင်း

"နောက်ဆုံးအရေးကြီးသော အချက်မှာ ပြည်တွင်းစီးပွားရေးအကြပ်အတည်းတွေ့ကြုံနေစဉ်တွင် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်အဆင့်ဆင့်မှ အရေးတကြီး လုပ်ဆောင်ရန် လိုအပ်နေသော ခြိုးခြံချွေတာမှုကို နမူနာပြဆောင်ရွက်ကြခြင်းဖြင့် များစွာခရီးရောက်နိုင်ပါသည်။ တန်းတူအခွင့်အရေးကို နေရာ တကာ လုပ်၍မဖြစ်နိုင်သော်လည်း ခေါင်းဆောင်အဆင့်ဆင့်အနေဖြင့် [illegible] ဝင်ငွေ၊ ကိုယ့်အခြေအနေက သာမန်လူများထက်များစွာ ကောင်းမွန်နေ[illegible]နှင့် အခွင့်အရေးတွေကို ပိုယူနေကြသည်ကို ကြုံတွေ့ကြားသိနေရ

သောအခါ အလုပ်သမားများက ချွင်းချက်မရှိ မကျေနပ်ဖြစ်နေကြပါသည်။"
(စာ-၃၇) ဟူ၍ လည်းကောင်း
စီမံခန့်ခွဲရေးပိုင်းနှင့်ပတ်သက်၍ -

"စက်ရုံအလုပ်ရုံများတွင် စီမံခန့်ခွဲရေးအပိုင်းမှ ပုဂ္ဂိုလ်များ၏ ဖောက်ပြန်ဖောက်ပြန်မှုများသည် အလုပ်သမားများ မျက်စိအောက်မှာပင် မြင်တွေ့နေကြရပါသည်။ အချို့အရာရှိများသည် တပည့်မွေး၍ မိမိနှင့်သင့်မြတ်သူများကိုသာ ရာထူးတိုးမြှင့်ပေးခြင်းများရှိပါသည်။ မိမိနှင့်သင့်မြတ်သူများအပေါ် အရေးယူစရာကြုံလာလျှင် ဖုံးဖိပြီးထားတတ်ပါသည်။ အလုပ်ခွင်စည်းကမ်းအရ အဆင့်ဆင့် အရေးယူရန် လိုအပ်သည့်ကိစ္စမှာပင် မလိုသူများအပေါ်တွင် ရုတ်ချည်းအပြစ်ပေးအရေးယူအလုပ်ဖြုတ်သည့် ကိစ္စများမှာ အထင်အရှားရှိနေပါသည်"
"(စာ-၄၇)" ဟူ၍လည်းကောင်း။

"စက်ရုံ၊အလုပ်ရုံအချို့တွင် အပြင်မှ အငြိမ်းစားယူပြီး ပုဂ္ဂိုလ်များကို စက်ရုံမှူးများအဖြစ် ခန့်ထားပေးလိုက်သည့်အခါ ယင်းစက်ရုံတွင် နှစ်ပေါင်းကြာမြင့်စွာကပင် တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုက်ထိုက်တန်တန်အရည်အချင်းရှိသူများ အဖို့ နစ်နာမှုကြုံနေသည်များ ရှိပါသည်။ ယင်းပုဂ္ဂိုလ်များကြောင့် တာဝန်မကျေမှုများနှင့် တဆက်တည်းအောက်ခြေတွင် မကျေနပ်မှုများ ဖြစ်လာပါသည်။
(စာ-၄၈) ဟူ၍လည်းကောင်း ၊

"စက်ရုံများတွင် စီမံခန့်ခွဲရေးပိုင်းမှ ပုဂ္ဂိုလ်အချို့သည် စက်ရုံထွက်ပစ္စည်း အမျိုးမျိုးကို မတရားသော နည်းများဖြင့် ထုတ်ယူ၍ အခွင့်အရေးခံစားနေကြသည်ကို အလုပ်သမားများ၏ ထွက်ဆိုချက်များတွင် တွေ့ရပါသည်။
(စာ-၄၈) ဟူ၍လည်းကောင်း

စုံစမ်းစစ်ဆေး တွေ့ရှိချက်များကို အခြေခံလျှက် ဖြစ်ရပ်မှန်အခြေအနေများကို အရှိအရှိတိုင်းသုံးသပ်စီရင်ခဲ့သော်လည်း သုံးသပ်ချက် နောက်ဆုံးပိုင်းတွင်

"ရန်ကုန်မြို့၌ဖြစ်ပွားသော ဆန္ဒပြမှုများသည် အများအားဖြင့် ၁၉၇၄ ခုနှစ် ဇွန်လ(၆)ရက် နေ့ညနေပိုင်းနှင့် (၇)ရက်နေ့နံနက်ပိုင်းတွင် ပြီးဆုံးကြပါသည်။ (၆)ရက်နေ့ညနေပိုင်းတွင် သမိုင်းမြို့နယ်အတွင်း၌ သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းရသောကိစ္စဖြစ်ပွားခဲ့ပါသည်။ ထိုညနေပိုင်းတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ကိုထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုညမှာပင် ဝန်ကြီးချုပ်က တိုင်းပြည်သို့

အသည်လွှင့်ပြောကြားခဲ့ပါသည်။ ဆန္ဒပြမှုများ ထိုသို့ပြီးဆုံးရသည့် အကြောင်းမှာ ဆင်းအချက်သုံးချက်ကြောင့် ဖြစ်သည်ဟုယူဆရန်ရှိပါသည်။" (စာ-၄၉) ဟူ၍ သုံးသပ်ကာ အကြမ်းဖက်ဖြိုခွဲခဲ့ခြင်းအပေါ် ထောက်ခံတင်ပြထားသည်ကို တွေ့ရှိရပါသည်။

**အခန်း(၁၃)တွင် ကော်မရှင်၏အကြံပြုချက်များ**ဟူ၍ဖော်ပြရာ၌

**" စီးပွားရေးအခက်အခဲများသည် အလုပ်သမားဆန္ဒပြမှုဖြစ်ပွားရခြင်း၏အကြောင်းအရင်းတစ်ရပ် ဖြစ်ပါသည်။ အထူးသဖြင့်ဆန်နှင့်ကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်နေခြင်းသည်အခြေခံဖြစ်ပါသည်။ ဈေးနှုန်းကြီးမြင့်နေသည့် ပစ္စည်းများကို ဈေးနှုန်းကျဆင်းအောင်လုပ်ပေးခြင်းသည် ပြဿနာ၏အဖြေဖြစ်ပါသည်။"** (စာ-၅၀)

ဟူ၍ အကြံပြုဖော်ပြခဲ့သော်လည်း

အဆိုပါပြဿနာကို နိုင်ငံရေးအရ စီးပွားရေးအရ စီမံခန့်ခွဲရေးအရ မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းသင့်သည်တို့ကို ထိထိမိမိ မယ်မယ်ရရ အကြံပြုနိုင်ခြင်းမရှိဘဲ မခံနိုင်၍ ပေါက်ကွဲလာလျှင် ပြဿနာဖြစ်လျှင် ထိထိရောက်ရောက် အင်အားသုံးဖြိုခွဲနိုင်ရေးကိုသာ ဇောင်းပေးလျက် အောက်ပါအတိုင်း အကြံပြုတင်ပြသွားခဲ့ပါသည်။

**"အလုပ်သမားဆန္ဒပြမှုအရေးအခင်းတွင် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် စိုးရိမ်ရသည့်အခြေအနေသို့ ဆိုက်ရောက်လာသဖြင့် နေရာအချို့၌ တပ်မတော်ကို အသုံးပြုခဲ့ရပါသည်။ နေရာအချို့၌ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့အင်အားသည် မလုံမလောက်ဖြစ်နေကြောင်းကို တွေ့ရှိရပါသည်။ အလုပ်သမားဆန္ဒပြဆူပူမှု အရေးအခင်းများတွင် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့များ လုံလောက်စွာလေ့ကျင့်ထားပြီး အသုံးပြုနိုင်ခဲ့ပါလျှင် ဆူပူမှုလည်းပြီးစီး၍ တပ်မတော်ကို အသုံးပြုရန် အကြောင်းလည်း ပေါ်ပေါက်မည် မဟုတ်ပါ။"**(စာ-၅၁) ဟူ၍ဖော်ပြခဲ့ပါသည်။

**အခန်း (၁၄) တွင်** ထိုသို့သော **အရေးအခင်းများ ထပ်မံမဖြစ်ပေါ်စေရန် ဆောင်ရွက်သင့်သည့်အချက်များ** ဟူ၍ ထပ်မံဖော်ပြထားပါသည်။ ၎င်းအခန်းတွင်

**"အလုပ်သမားဆန္ဒပြမှုများတွင် တောင်းဆိုချက်များကို လေ့လာကြည့်ပါက အမှန်တကယ် ဖြေရှင်းပေးနိုင်သည့် ပြဿနာအများအပြားပါရှိနေပါသည်။**

အချို့ဆိုလျှင် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများဖြစ်ပါသည်။ မြန်မြန်ဆန်ဆန် ဆောင်ရွက်သင့်ပါလျှင် ဆောင်ရွက်မပေးခြင်းသည် ဆန္ဒပြမှုကို ဖြစ်ပေါ်စေသည့်အကြောင်းတစ်ခုဖြစ်ခဲ့ပါသည်။ ဖြစ်နိုင်သည်ကို မြန်မြန်ဆန်ဆန်ဆောင်ရွက်မပေးခြင်းမှာ ချုပ်ကိုင်ရေးလုပ်ငန်းသာဖြစ်ပါသည်။ . . . ဆန္ဒပြကောင်းဆိုချက်များအရ ချုပ်ကိုင်ရေးလုပ်ငန်းသည် ခွဲခွဲခြားခြားကျန်ရှိနေသေး ကြောင်း ပေါ်လွင်နေပါသည်။" (စာ-၅၂) ဟူ၍လည်းကောင်း

"အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားနေစဉ်ကာလအတွင်း ဆန္ဒပြမှု ဖြစ်ပွားသည့်နေရာများတွင် ဆန္ဒပြမှုပြီးဆုံးအောင် စေ့စပ်ဖြေရှင်းပြီးသော်လည်း ဆန္ဒပြမှုကို အကြောင်းပြု၍ အလုပ်သမားများကို ဖမ်းဆီးသည့်ကိစ္စကို . . . စက်ရုံများတွင် တွေ့ရှိခဲ့ရပါသည်။ ယင်းသို့ ဖမ်းဆီးခြင်းသည် ဆန္ဒပြမှု နောက်ထပ်မဖြစ်ပွားစေရန် ရည်ရွယ်ဟန်တူပါသည်။ လက်တွေ့ဖြစ်ရပ်မှာ ပြီးဆုံးသည့်ဆန္ဒပြမှုကို ပြန်လည်နှိုးဆွသည့် သဘောသက်ရောက်ရုံမျှမက ကျယ်ပြန့်သွားစေရန်နှင့် အကြမ်းဖက်ပြုကြစေရန်အချက်ပေးလိုက်သကဲ့သို့ ဖြစ်ရပါသည်။ ထိုဖမ်းထားသူများကိုလည်း ချက်ခြင်းပြန်လွှတ်လိုက်ရသဖြင့် စီမံခန့်ခွဲမှုအပိုင်းကို သိက္ခာကျစေပါသည်။ ယင်းသို့သော ကိုင်တွယ်ပုံကိုင်တွယ်နည်းကို ဆင်ဆင်ခြင်ခြင် အသုံးပြုရန် လိုအပ်ပါသည်။" (စာ-၅၂) ဟု အကြံပြုထားပြီး

"အလုပ်သမားဆန္ဒပြမှုများ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း ပြဿနာများကို ပြေပြေလည်လည် ဖြေရှင်းပြီးစီးသွားပြီဟု ယူဆသင့်သေးပါ။ ဆန္ဒပြမှုများ ရပ်စဲသော်လည်း ဆန္ဒပြမှုကို ဖြစ်ပေါ်စေနိုင်သည့်အကြောင်းများကား ရှိနေဆဲဖြစ်ပါသည်" ဟု (စာ-၅၂) သတိပေးဖော်ပြထားပါသည်။

## နောက်ဆက်တွဲများ

စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင် အောက်ပါနောက်ဆက်တွဲ (၁၃)ခုအား ပူးတွဲတင်ပြခဲ့ပါသည်။

၁။ အလုပ်သမားဆန္ဒပြမှုနှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်ဖွဲ့စည်းသည့် နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ

၂။ အလုပ်သမားဆန္ဒပြမှုနှင့်ပတ်သက်၍ စုံစမ်းကော်မရှင်၏ကြေညာချက်

၃။ အလုပ်သမားဆန္ဒပြမှုစုံစမ်းရေးကော်မီရှင်၏ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

၄။ အလုပ်သမားဆန္ဒပြမှု စုံစမ်းရေးကော်မီရှင်က စစ်ဆေးခဲ့သည့် သက်သေများ

စာရင်း

၅။ မြန်မာနိုင်ငံအရပ်ရပ်တွင် ဆန္ဒပြမှုဖြစ်ပွားခဲ့သော စက်ရုံ၊အလုပ်ရုံများနှင့် အလုပ်သမားဦးရေခန့်မှန်းခြေစာရင်း

၆။ အလုပ်သမားဆန္ဒပြမှုတွင် တင်ပြကြသော တောင်းဆိုချက်များ

၇။ ၁၉၇၄ ခုနှစ်အတွင်း ဗဟိုပြည်သူ့အလုပ်သမားကောင်စီမှ ဝန်ကြီးဌာနအသီးသီးနှင့် ဆက်သွယ်ခဲ့သော တောင်းဆိုချက်များ

၈။ အလုပ်သမားဆန္ဒပြမှုနှင့် ပတ်သက်၍ ဖမ်းဆီးခဲ့သူများစာရင်း

၉။ အလုပ်သမားဆန္ဒပြမှုတွင် သေဆုံးသူများစာရင်း

၁၀။ အလုပ်သမားဆန္ဒပြမှုတွင် ထိခိုက်ဒဏ်ရာရသူများစာရင်း

၁၁။ အလုပ်သမားဆန္ဒပြမှုတွင်ပျက်စီးသည့်ပစ္စည်းစာရင်း

၁၂။ အလုပ်သမားဆန္ဒပြမှုကြောင့် ကုန်ထုတ်လုပ်မှု ကျဆင်းဆုံးရှုံးသူများ

၁၃။ ဆန်စပါးအတွက် ပြည်တွင်းစားသုံးရန် လိုအပ်မှုနှင့် ပြည်ပသို့တင်ပို့မှု (ပြည်ထောင်စုချုပ်)

ထို့ပြင် မ. ဆ. လ ပထမအကြိမ် လွှတ်တော်နေအိမ်အစည်းအဝေးတွင် စုံစမ်း ရေးကော်မီရှင်၏ အစီရင်ခံစာကို တင်သွင်းရာ၌

-နိုင်ငံတော်ကောင်စီ အတွင်းရေး မှူးဗိုလ်ချုပ်ကြီး စန်းယု၏တင်ပြချက်

-စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များ

-လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးစန်းယု၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကိုလည်း ပူးတွဲဖော်ပြထားပါသည်။

**ကော်မရှင်အစီရင်ခံစာအား လေ့လာအကဲဖြတ်ခြင်း**

စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအား လေ့လာသုံးသပ်ကြည့်ပါက နိုင်ငံတစ်ဝှမ်း ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊အလုပ်ရုံများ တည်ရှိရာ နေရာဒေသများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးပြီး ကိုယ်တိုင်ပါဝင်ပတ်သက်တဲ့သူအသက်များများ၏ ထွက်ဆိုချက်များကို ရယူခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့သော် ဆန္ဒပြမှုဖြစ်စဉ်များတွင် အရေးပါသူများလည်းဖြစ် သက်ဆိုင်ရာစက်ရုံနှင့် စက်ရုံအလုပ်သမားများကိုယ်စားပြုနိုင်သူများလည်းဖြစ်သော ထိုစဉ်က ဖမ်းဆီးထိန်း

သိမ်းထားရသည့် အလုပ်သမားခေါင်းဆောင်များကို သက်သေစာရင်းတွင် ထည့်သွင်းကာ စစ်ဆေးမေးမြန်းခြင်း ၎င်းတို့၏သဘောထားများကို ရယူခြင်းစသည့်တို့ ပြုလုပ်ခဲ့ခြင်း မရှိသောကြောင့် ကော်မရှင်၏ဘက်မလိုက်မှုနှင့် တရားမျှတမှု အပေါ် မေးခွန်းထုတ်စရာဖြစ်ရပါသည်။

ဤအစီရင်ခံစာတွင် ကောက်နုတ်ဖော်ပြထားသည့် သက်သေများ၏ ထွက်ဆိုချက်များအရလည်းကောင်း၊ စုံစမ်းရေးကော်မရှင်၏ စစ်ဆေးဖော်ထုတ်ချက်နှင့်သဘောထားမှတ်ချက်များအရလည်းကောင်း၊ ထိုစဉ်က အလုပ်သမားထု၏ ဘဝအခြေအနေမှာ အလွန်ဆိုးဝါးနိမ့်ကျလျက်ရှိပြီး ဤကဲ့သို့သော ဆန္ဒပြပွဲများ ဖြစ်ပွားရခြင်းမှာလည်း ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေဖြစ်ကြောင်းနှင့် အလုပ်သမားထုကြီး၏ တောင်းဆိုမှုများ၊ တိုက်ပွဲဝင်မှုများမှာ တရားသောတောင်းဆိုမှုများ ၊ တရားသော တိုက်ပွဲဝင်မှုများဖြစ်ကြောင်း နားလည် သိရှိနိုင်ပါသည်။

သို့သော် တာဝန်ရှိသည့်အစိုးရဘက်မှ ဤကိစ္စအပေါ် ကိုင်တွယ်ဖြေရှင်းပုံမှာ ဤအစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အချက်အလက်များအရ အားရစရာမရှိကြောင်း တရားမျှတမှုမရှိကြောင်း ပေါ်လွင်ပါသည်။ အထူးသဖြင့် စက်ရုံအလုပ်ရုံအတော်များများတွင် သပိတ်လှန်ရန် တာဝန်ရှိသူတို့နှင့် ညှိနှိုင်းရာ၌ ဆန္ဒပြအလုပ်သမားများအား မဖမ်းဆီးပါဟု အကြိမ်ကြိမ်အခါခါ ကတိပေးခဲ့သော်လည်း အလုပ်သမားခေါင်းဆောင်များနှင့် တက်ကြွစွာပါဝင်ခဲ့သူများအား ဖမ်းဆီးထောင်ချခဲ့ပါသည်။ ဤသို့သော တာဝန်ရှိသူတို့၏ တာဝန်မဲ့သည့်လုပ်ရပ်များ၊ သစ္စာမဲ့သည့် လုပ်ရပ်များအပေါ် ကော်မရှင်အစီရင်ခံစာတွင် တစ်လုံးတစ်ပါဒမျှ ဝေဖန်ထောက်ပြခြင်းမပြုခဲ့ပါ။ နစ်နာသူအလုပ်သမားများဘက်မှ ရပ်တည်ခြင်း၊ စာနာထောက်ထားတင်ပြခြင်း လုံးဝမရှိခဲ့ပါ။

ဆန္ဒပြပွဲများ ဖြစ်ရသောအကြောင်းရင်းများတွင် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ဆန်အစရှိသည့် စားနပ်ရိက္ခာမလုံလောက်မှု စီးပွားရေးကြပ်တည်းမှုနှင့် တာဝန်ရှိသူများ၏ပျက်ကွက်မှုတို့ကြောင့်ဖြစ်ကြောင်း ကော်မရှင်မှ လေ့လာဖော်ထုတ်တင်ပြထားပါသည်။ ဤအကြောင်းရင်းများကို ကုစားရန် လိုအပ်ကြောင်းကိုလည်းကောင်း ကော်မရှင်မှ တင်ပြခဲ့ပါသည်။

ကော်မရှင်၏အစီရင်ခံစာတွင် စီမံခန့်ခွဲသူများ၏ တာဝန်ပျက်ကွက်မှု

များ ချစားမှုများကို ဖော်ထုတ်တင်ပြထားသော်လည်း အဆိုပါ အဆင့်ဆင့်သော စီမံခန့်ခွဲသူတို့ ဘာကြောင့် တာဝန်ပျက်ကွက်ရသလဲ တာဝန်ပျက်ကွက်မှုများ ချစားမှုများ အရည်အချင်းမပြည့်ဝမှုများရှိနေပါလျက် အဆိုပါပုဂ္ဂိုလ်များ၊အဆိုပါ ရာထူးတာဝန်များတွင် ဘာကြောင့် ထမ်းဆောင်ခွင့်ရနေပါသလဲဆိုသည့် အချက်များကို မေးမြန်းစုံစမ်းခြင်းဖော်ထုတ်တင်ပြခြင်းမပြုနိုင်ခဲ့ပါ။

ကော်မရှင်၏အစီရင်ခံစာတွင် အထက်ပါအတိုင်း အလုပ်သမားဆန္ဒပြမှုများကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းမှာ စီးပွားရေးကျဆင်းမှု ၊ ဆင်းရဲကြပ်တည်းမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုအခြေအနေတို့ကြောင့်ဖြစ်ပြီး ကုန်ဈေးနှုန်းကျဆင်းအောင် လုပ်ပေးခြင်းသည်သာ ပြဿနာ၏ အဖြေဟုဖော်ပြထားခဲ့ပါသည်။ ဤအဖြေသည် တကယ့်အဖြေမှန်မဟုတ်ပါ။ အမှန်စင်စစ်အားဖြင့် ဆင်းရဲကြပ်တည်းမှုကိုဖြစ်စေသော အကြောင်းရင်းနှင့် အဆိုပါအကြောင်းရင်းကို ဖယ်ရှားပစ်ရေးသည်သာ တကယ့်အဖြေမှန်ဖြစ်ရပါမည်။ ဤသို့ဆိုလျှင် အလုပ်သမား၊ လယ်သမားများအပါအဝင် မြန်မာပြည်သူတွေ ဘာ့ကြောင့်ဆင်းရဲကြပ်တည်းခဲ့ရပါသလဲ တစ်နည်းအားဖြင့် သယံဇာတအလွန်ပေါကြွယ်ဝပြီး တစ်ချိန်က ထိုင်း၊ စင်္ကာပူ အစရှိသည့် အိမ်နီးချင်းအာရှနိုင်ငံများကပင် အားကျအတုယူခဲ့ရသည့် မြန်မာနိုင်ငံသည် (၆၂) ခုနှစ် စစ်အာဏာသိမ်းပြီး ဆယ်စုနှစ်တစ်ခုလောက်အတွင်း ဤမျှဆင်းရဲမွဲတေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဘာ့ကြောင့် သက်ဆင်းကျရောက် သွားခဲ့ရပါသလဲ အဖြေကား ရှင်းပါသည်။ ဤကာလအတွင်း **တိုင်းပြည်ကို မတရားသဖြင့် စိုးမိုးခြယ်လှယ် အုပ်ချုပ်ခဲ့ကာ ချေမွဖျက်ဆီးခဲ့သည့် စစ်အာဏာရှင်တစ်စုနှင့် သူတို့အမွေကျင့်သုံးခဲ့သည့် စစ်အာဏာရှင်စနစ်ကြောင့်သာ** ဖြစ်သည်မဟုတ်ပါလော။

ပြဿနာ၏ တစ်ကယ့်အကြောင်းရင်းမှန်လည်းဖြစ်သည့် ဤမျှရိုးရှင်းလှသည့် အဖြေမှန်ကို စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာတွင် တစ်လုံးတစ်ပါဒမျှ ဖွင့်ဟဖော်ထုတ်ခြင်းမပြုပဲ အပေါ်ယံပြုပြင်ပြောင်းလဲရေးလောက်ကိုသာ အာရုံလွှဲပြောင်းပြုလုပ်ရင်း တစ်ဖက်မှလည်း ၎င်းတို့၏စစ်အာဏာရှင်စနစ် တည်မြဲနိုင်မာရေးအတွက် လိုအပ်သည့်အစီအမံများကို ဆက်လက်လုပ်ဆောင်သွားရန် အကြံပြုတင်ပြခဲ့သည့် ဤစုံစမ်းရေးအစီရင်ခံစာသည် မ. ဆ. လ စစ်အာဏာရှင်ထိုင်ကလိုက်ကျ၊ ၎င်းတို့ဘက်မှ ရပ်တည်ကာကွယ်ပေးခဲ့သည့် အစီရင်ခံစာတစ်စောင်မျှသာဖြစ်ကြောင်း လေ့လာသုံးသပ်မိပါသည်။

**ကျော်ထက်အောင် (ရွှေပြည်တန်)**

---

**၃၄-၃၅-၃၆ နိုင်ငံရေးအင်အားစု**

# သတင်းမှတ်တမ်း

## အလုပ်သမား အရေးအခင်းနှင့် ပတ်သက်၍

မ. ဆ. လ စစ်အာဏာရှင်တို့၏ ကြေးမုံ၊ လုပ်သား စသည့် သတင်းစာများမှ တစ်ဖက်သတ် ဝါဒဖြန့်ဖော်ပြခဲ့သည့် သတင်းများ-



## လုပ်သားပြည်သူများ၏ အခက်အခဲလျစ်လျူရှုမနေ

အချက်သမားက လုပ်သားထု ခုတုံးလုပ်ပြီး သွေးထိုးလှုံ့ဆော် ရပ်တန့်ကာမရပ်လျှင် ဥပဒေနှင့်အညီ အရေးယူရန် ဆုံးဖြတ်ပြီး

ဆိုရှယ်လစ်စနစ်ကို ထိခိုက်စေမှု အလျှော့မပေးနိုင်ကြောင်း ဝန်ကြီးချုပ် ပြောကြား

အလုပ်သမားပြဿနာအမြန်ဖြေရှင်းပေးမည်
ဆန္ဒပြမှုများ ရပ်စဲရန်ဝန်ကြီးအဖွဲ့ကတိုက်တွန်း

## အလုပ်သမားပြဿနာအမြန်ဖြေရှင်းပေးမည်
## ဆန္ဒပြမှုများ ရပ်စဲရန်ဝန်ကြီးအဖွဲ့ကတိုက်တွန်း

ရန်ကုန် ဇွန် ၈

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း၊ စက်ရုံအလုပ်ရုံနှင့် လုပ်ငန်း ဌာနတချို့ရှိ အလုပ်သမားအချို့သည် အကြောင်းအမျိုးမျိုးကြောင့် အလုပ်သမား ပြဿနာ [illegible] ကြည်းညှိဥပဒေများနှင့် ဆိုရှယ်လစ်ဒီမိုကရေစီဘောင်အတွင်းမှဖြေရှင်းဆောင်ရွက်နိုင်ပါလျက် ဆောင်ရွက်ခြင်းမပြုပဲ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို ထိခိုက်စေကာ ဆိုရှယ်လစ်စနစ်ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေသော သပိတ်မှောက် ဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို ပြုလုပ် ကြောင်းရှိပါသည်။

၂။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာအာဏာပိုင်များသည် တတ်နိုင်သမျှ [illegible] ပြဿနာများကိုဖြေရှင်းပေးခဲ့ပါသည်။ သို့သော်အလုပ်သမားထုအတွင်းမှအချို့အစိတ်

ဒေါက်နှာ ၂ ကော်လံ ၃ သို့

[illegible]

နှင့်ကုန်ကြမ်း အမြဲတမ်း ညှိနှိုင်း ဆွေးနွေးပါတယ်။

[illegible]

ဒါပေမဲ့ [illegible] မြန်မာ နိုင်ငံ [illegible]

ရှာသလော ဆွေးနွေးပါတယ်။

[illegible]

မြန်မာ နိုင်ငံမှာ ကုန်ဈေး နှုန်း ကြီးမြင့်နေတယ်ဆိုတာကို ကျွန်တော် မငြင်းပါဘူး။ ဒါပေမဲ့ ဒီကုန်ဈေးကြီးမြင့်မှုဟာ မြန်မာ နိုင်ငံ တနိုင်ငံတည်း မဟုတ်ပဲ ကမ္ဘာ့သုံးမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စဖြစ်ပါတယ်။ ကမ္ဘာ့သုံးမှာ ဖြစ်ပေါ်နေတာပါဆိုပြီး ကျွန်တော်တို့က ထိုင်ကြည့်မနေပါဘူး။ မြန်မာ နိုင်ငံ အနေနဲ့ ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြမယ် ဆိုတာ နည်းလမ်းရှာပြီး တတ်နိုင်သလောက် ဖြေရှင်းနေပါတယ်။ [illegible]

[illegible]

(၁၂၀၀)သိန်းလောက်သာ ရှင်းတော့ ကျွန်တော်တို့ဟာ နိုင်ငံတွင်းစားသုံးဖို့ [illegible] ပြောခဲ့ပါတယ်။

[illegible]

ဒါပေမဲ့ [illegible] (၇၂၀) [illegible]



ရန်ကုန် စက်ရုံအချို့ ဆန္ဒပြ သပိတ်မှောက်မှု အားလုံးပြီးပြတ်

စက်ရုံအကြီးကဲနှင့်ကောင်စီဝင်များကိုပမ်းချုပ်ပေစွည်းဗျက်ခဲ့

ပဃောဂဖြင့်အကြမ်းဖက်ဆူပူလာ၍ နှစ်နေရာ၌ပစ်ခတ်လူစုခွဲခဲ့ရ

စက်ရုံအလုပ်ရုံ ၄၂၃ ဆန္ဒပြ၍ကန်ထုတ်လုပ်မှုများကျဆင်း

မှုများပြန်ဆွဲပြီ

သာ၌တိုးမည်

ဘဖွဲ့တူးရန် အကွက်ခုခွင့်ပြု

ေရး ကန်ထရိုက် ပေးခြင်းသာ

ဥရောပကိုးနိုင်ငံ

ဝန်ကြီးများ

စည်းဝေးပွဲ

ပြည်ပတင်မှုများ

## [illegible]၌ ဆူပူလှုပ်ရှားရန်ကြိုတင်ကြံပုံများသတင်းကြို ရခဲ့ ကျောင်းသားများဆူပူလာရန်လှုံ့ဆော်ဖျားခဲ့ပေမဲ့မအောင်မြင်

[illegible]

**လုပ်သား အချို့ ဆူပူလှုပ်ရှားမှု အရေးအခင်း အမြစ် အမှက် အဓိပ္ပာယ်**

[illegible]

## သပိတ်မမှောက်လိုသူတို့ကိုစက်ရုံအတွင်း၌ချုပ်နှောင်ထားခဲ့ [illegible]လုမသမာတို့ကအခြေနေကိုပိုမိုရှုပ်ထွေးအောင်လုပ်ခဲ့ကြ

၁၀-၆-၇၄

## သာယာဝတီ

## မျက်နှာစုံညီ



# ၁၉၇၄-ဒီဇင်ဘာ ဦးသန့်အရေးအခင်း

## ဦးသန့်အရေးအခင်း

**စက်မှုတက္ကသိုလ်စိုးဝင်း**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် (၁၉၇၄)ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကွယ်လွန်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဦးသန့်ရုပ်ကလာပ်ကို ကြီးကျယ်ခမ်းနားစွာ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့် နောက်ဆုံး ဂါရဝပြုလုပ်၍ ဦးသန့်မိသားစု ဆန္ဒအရ မိခင်တိုင်းပြည် မြန်မာနိုင်ငံတွင် ဦးသန့်ရုပ်ကလာပ်ကိုသင်္ဂြိုလ်ရန် အစီစဉ်များကို ပြုလုပ်ပါသည်။

ဦးသန့် ကွယ်လွန်ကြောင်း သိလိုက်ရတဲ့အတွက် မျိုးချစ်စိတ်ရှိတဲ့ မြန်မာတမျိုးသားလုံး ယူကျုံးမရ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြပါသည်။ ကမ္ဘာ့အလယ်မှာ မြန်မာ့ဂုဏ်ကိုဆောင်ခဲ့တဲ့ဦးသန့် အာရှတိုက်သား ဦးသန့်သည် ကမ္ဘာ့အကြီးမားဆုံးသောတာဝန် ဝတ္တရားရှိသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်

ရာထူးကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် မြန်မာတဦးဖြစ်ပါသည်။ ထိုအချိန်က ကျနော်သည် ရန်ကုန်စက်မတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား၊ အင်ဂျင်နီယာဘွဲ့နှင့် လက်တကမ်းအလိုနောက်ဆုံးနှစ်ဝက်တွင် ရောက်ရှိနေပါသည်၊ မှားတဲ့နေရာနှင့် မှားတဲ့အချိန်မှာ ကျနော် ရောက်ရှိနေသည်ဟု ဆိုရပေမည်။

(၁၉၇၄) ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ဦးသန့်ရုပ်ကလာပ် မြန်မာနိုင်ငံ

ငြိမ်းချမ်းသောသင်းချိုင်းသို့ ပို့ဆောင်သဂြိုလ်မည်ဟု ပြည်သူလူထုကို ကြေညာခဲ့ပါသည်။

နိုင်ငံတော်ရှာပနအဖြစ် တခမ်းတနား ဂုဏ်ပြုသဂြိုလ်လိမ့်မည်ဟု ယူဆနေသည့် ပြည်သူလူထုသည် နေဝင်းစစ်အစိုးရ၏ လျစ်လျူရှုခြင်း ဦးသန့်ဂုဏ်သိက္ခာကိုမှမထောက် လုပ်ရက်လေခြင်းရယ်လို့ ပြည်သူကြားဝယ် တဆင့်စကား ပြန့်နှံ့လို့မကျေနပ်၊ ဝမ်းနည်းဒေါသများ ပေါက်ကွဲစေခဲ့ပါသည်။

တချိန်တည်းတွင် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားတို့သည် ရှာပနကော်မတီများ ဖွဲ့စည်းပြီး ရှာပန လိုက်ပါပို့ဆောင်၊ နောက်ဆုံးဂါရဝပြုလျှပ်ရန် စီစဉ်ကြပါသည်။ ပထမအစီစဉ်အရ ဘတ်စ်ကားများငှါးပြီး ကျိုက္ကဆံကွင်းမှာ စုရုံးရန် ကျောင်းသား ကိုယ်စားလှယ်များ ဘတ်စ်ကားများသွားငှါးပါသည်။ဘတ်စ်ကား အဖွဲ့အစည်းများ ကို သက်ဆိုင်ရာမှ ကျောင်းသားများကို မငှါးရဘူးလို့ တားမြစ်ထားပါသည်။ ဘတ်စ်ကားငှါးရမ်းလို့ မရသောကြောင့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် စုရုံးပြီး ကျိုက္ကဆံကွင်းသို့ ခြေလျင်ဖြင့်ချီတက်ဖို့ အစီအစဉ် ပြောင်းလိုက်ရပါသည်။

ရှာပန အခမ်းအနားနေ့ ကျနော်တို့ စက်မှုတက္ကသိုလ်ကျောင်းသားများသည် ရရာ ဒေါ့ဂျစ်ကားများကို ငှါးပြီး ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် စုရပ်သို့ သွားရောက်ကြပါသည်။ ကျနော်တို့ ဒေါ့ဂျစ်ကားများ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နယ်မြေကို ဝင်သည်နှင့် အရင်ရောက်နှင့်နေသည့် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားတွေက လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ကြိုဆိုမှုဟာ ကျနော်တို့ရဲ့ ရင်ထဲတွင် တမျိုးတမည်ခံစားရပါသည်။

နေဝင်းဦးဆောင်သော စစ်အစိုးရသည် (၁၉၆၂) ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ရေးမော်ကွန်းဝင် ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို ဗုံးခွဲဖျက်ဆီးပြီး ရာပေါင်းများစွာသော ကျောင်းသားထုစည်းမှုကို လက်နက်အားကိုးဖြင့် သတ်ဖြတ် ချိုးနှိမ်ခဲ့သည့် (၁၂) နှစ်ကျော်ကာလ ဤနေ့ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ပထမဦးဆုံး ထောင်ပေါင်းများစွာသော ကျောင်းသားများ ပြန်လည်သွေးစည်း ညီညွတ် စုရုံးမိကြခြင်း ဖြစ်ပါသည်။

ယဉ်ကျေးသော ကျောင်းသူ ကျောင်းသားများဖြစ်ကြ၍ စည်းကမ်း

မြှုကြပါသည်။ သုံးယောက်တတွဲ တက္ကသိုလ်အလိုက်စီတန်း နေရာယူပြီး ရန်ကုန်တက္ကသိုလ်မှ ကားတစီး၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ကားတစီး၊ အသံချဲ့စက်များနှင့် **"ကျနော်တို့ ကျောင်းသားထုသည် ငြိမ်းချမ်းရေးပိသုကာကြီးဦးသန့် နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ရန်နှင့် နောက်ဆုံး ဂါရဝပြုလုပ်ရန် ညီးတမ်းတကျ ချီတက်လာကြောင်း ကြေညာပါသည်"** လမ်းခရီးတလျှောက်မှာလည်း ကျေနပ်ခြင်းအပြုံးနဲ့ လူအုပ်ကြီးများက ကြိုဆိုကြသည်သာမက သောက်ရေများ၊ ဖီးကြမ်းငှက်ပျောသီးများ ဝေငှပေးခြင်းဖြင့် ခြေလျင်လျှောက်လာသော ကျောင်းသားများကို အမောပြေစေပါသည်။

ဦးသန့်ရုပ်ကလာပ်ထားရှိသည့် ကျိုက္ကဆံကွင်းသည် ဦးသန့်ကို နောက်ဆုံးဂါရဝပြုရန်ရောက်ရှိနေသော လူအုပ်ကြီးနှင့် ပြည့်လျှံနေပါသည်။ ရုပ်ကလာပ်ထားရှိရာ မဏ္ဍပ်အတွင်းတွင်လည်း ဦးသန့်မိသားစု၊ ဆွေမျိုး မိတ်ဆွေများနှင့် သက်ဆိုင်ရာ လူကြီးများက နေရာယူထားပါသည်။ မျိုးချစ်စိတ်ရှိသော လူငယ်များ၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်ဟု အသိရှိသည့် လူငယ်တက္ကသိုလ်ကျောင်းသား ထုကြီး စနစ်တကျ ကျိုက္ကဆံကွင်းအတွင်းသို့ဝင်ရောက်သောအခါ မိဘပြည်သူလူထုတရပ်လုံး လက်ခုပ်သံများသည် မိုးခြိမ်းသံ ကဲ့သို့ကွင်းပြင်တခုလုံး ဖုံးလွှမ်းသွားပါတော့သည်။ ပွဲကြည့်စင်များတွင် မိဘပြည်သူတို့နှင့်ပြည့်လျှံနေ၍ ကျောင်းသားထု တရပ်လုံးသည် ဦးသန့်ရုပ်ကလာပ်ထားရှိရာမဏ္ဍပ် အရှေ့ဘက် ကွင်းပြင်တွင် နေရာယူရလေသည်။

မွန်းလွဲချိန်ဖြစ်၍ ပူပြင်းလှသည့် အပူရှိန်အောက်တွင် **"ဘာကြောင့်များ ဦးသန့်ဈာပနကို ပြီးစလွယ်စီစဉ်ရသနည်း"** ဆိုသည့်မေးခွန်းသည် ပြည်သူ ကျောင်းသားတို့ ရင်ကိုပူလောင်စေခဲ့သည်သာမက မကျေနပ်ခြင်းဆိုသည့် ခံစားချက်ကို ကျောင်းသားပြည်သူတို့ ရင်ထဲမှာ ခံစားလိုက်ရပါသည်။ ဤတွင် ကျောင်းသားထု လှုပ်ရှားမှုသည် စတင်လာပါတော့သည်။ လော်စပီကာ ကနေ ကျောင်းသားများကို လှုံ့ဆော်စည်းရုံးလာပါတော့သည်။ **"ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အတွက် ဂုဏ်မာန်ရရှိရေး၊ ဒို့အရေး၊ ဒို့အရေး"** ဟူသည့် ကြွေးကြော်သံနှင့်အတူ ကျောင်းသားများ လှုပ်လှုပ်ရွရွ ဖြစ်လာပါတော့သည်။ ကျောင်းသားကိုယ်စားလှယ်များ အရေးပေါ် စည်းဝေးပြီး နောက်ဆုံး ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အား ထိုက်သင့်သောဈာပနအခန်းနားဖြင့် သဂြိုလ်ရန်ဆုံးဖြတ်ပါသည်။

"ဦးစလွှယ်တည်ဆောက်ထားသောမဏ္ဍပ်" "မြင်းပြိုင်ကွင်းဟောင်း" "ဦးတောသုသာန်" ဤအချက်တို့သည် အရုပ်ဆိုး လှပေသည်။ ထို့ကြောင့် ကျောင်းသားထုတရပ်လုံးက တက္ကသိုလ်နယ်မြေသို့ ပြန်လည် သယ်ဆောင်၍ ထိုက်သင့်သော ရှာပနအခမ်းနားနှင့် ငြိမ်းချမ်းရေးဂူဗိမာန်ကြီး တည်ဆောက်မည်ဖြစ်ကြောင်း ကြွေးကြော်ကြလေသည်။ တဆက်တည်းမှာပဲ မဆိုင်သူများ မဏ္ဍပ်တွင်းမှ ဖယ်ရှားပေးရန် ကျောင်းသားထုက ကြေညာ လိုက်ပါသည်။ လျှပ်တပြက်အတွင်း အခြေအနေများ ပြောင်းလဲသွားပါသည်၊ မဏ္ဍပ်အတွင်းမှ ကြက်ခြေနီလူငယ်များ၊ ဦးသန့်ဆွေမျိုးနှင့် မိသားစုများ။ သက်ဆိုင်ရာလူကြီးများ မဏ္ဍပ်အပြင်သို့ ထွက်ခွာသွားပါသည်၊ မဏ္ဍပ်အတွင်းသို့ ကျောင်းသားများ ဝင်ရောက်နေရာယူထားလိုက်ပါသည်။

အသံချဲ့စက်မှ ကျောင်းသားကိုယ်စားလှယ်များက ၎င်းတို့သည် ဦးသန့်ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေသို့ ပြန်လည် သယ်ဆောင်ပြီး ထိုက်သင့်သော ရှာပနအခမ်းအနားဖြင့် သဂြိုလ်၍ ဂူဗိမာန်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းအတွက်ဦးသန့် မိသားစုနှင့် ဆွေမျိုးမိတ်ဆွေများဆီမှ ခွင့်တောင်းပါသည်။ ဦးသန့်အစ်ကို ဦးခန့်ကို အသံချဲ့စက်ရှိရာသို့ ဖိတ်ခေါ်လိုက်ပါသည်၊ အသံချဲ့စက် တပ်ဆင်ထားသည့် ဒေါ့ဂျစ်ကားအရှေ့တပိုင်း၊ ကားစက်ထားရှိရာနေရာသည် ။ကျောင်းသားတို့ယာယီစင်မြင့်သဖွယ် ဖြစ်သွားပြီး ကျောင်းသားအပါအဝင် လူအုပ်ကြီး၏ အာရုံသည် ထိုစင်မြင့်သို့ ရောက်နေကြသည်။ ဦးခန့် စင်မြင့်ပေါ် သို့တက်ရောက်ပြီး ကျောင်းသားတို့အား စိတ်လိုက်မာန်ပါ မပြုလုပ်ရန်၊ အစိုးရနှင့် ဆန့်ကျင်ပြီး မပြုလုပ်ရန်၊ နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ဖို့ရန် တိုက်တွန်း ပြောကြားသွားလေသည်။ အခြေအနေကို စောင့်ကြည့်နေသော လူထုကြီးနှင့် ကျောင်းသားထုတို့သည် အမြန်ဆုံး တက္ကသိုလ်နယ်မြေသို့ ဦးသန့်ရုပ်ကလာပ်ကို သယ်ဆောင်ရန် ကြွေးကြော် လာပါတော့သည်။

နောက်ဆုံး ကျောင်းသားကိုယ်စားလှယ်များ ဦးသန့်ရုပ်ကလာပ်ကို ပုခုံးပြောင်းသယ်ယူပြီး လွမ်းသူ့ပန်းခွေတင်ဆောင်ရာ တိုယိုတာပစ်ကပ်ကား ခေါင်မိုးပေါ်သို့တင်ကြပါသည်။ ကျောင်းသားနှင့် သံဃာတော်များ ခြံရံလျက်၊ ဆောင်ပေါင်းများစွာသော ကျောင်းသားထုကြီး၏ ချီတက်ရာ လမ်းကြောင်း အတွင်းမှ ဦးသန့်ရုပ်ကလာပ်ကို လာရာလမ်းအတိုင်း တက္ကသိုလ်နယ်မြေသို့

ပြန်လည်သယ်ဆောင်သွားပါသည်။ လမ်းတလျှောက်လုံးတွင်လည်း လူအုပ်ကြီးတွေနှင့် ပြည့်ကျပ်နေပြီး ကျောင်းသားထုတို့၏ ကြွေးကြော်သံများသည် အရှာရှာတို့ ဖုံးလွှမ်းနေပါသည်။

တက္ကသိုလ်နယ်မြေ အဓိပတိလမ်းအတိုင်းရုပ်ကလာပ်ကို သယ်ဆောင်ပြီး ဘွဲ့နှင်းသဘင်အဆောက်အဦးရှေ့တွင် ယာယီစင်မြင့်ပြုလုပ်၍ မြင်ဆင်ထားပါသည်။ တက္ကသိုလ်နယ်မြေတခုလုံးတွင် ကျောင်းသား၊ အရပ်သား၊ ရဟန်း သံဃာတော်များနှင့် ပြည့်လျှံနေပါသည်။ မကျေနပ်နိုင်သည့် ကျောင်းသားများ ကြွေးကြော်သံများ ဆက်တိုက် ထွက်ပေါ်လာပါသည်။

(၁၉၆၂)ခုနှစ် ဇူလိုင်လ (၇) ရက်၊ (၁၂) နှစ်လုံး သွေးစည်းမှု မရှိခဲ့သော ကျောင်းသားများ ဤနေ့တွင် ပြန်လည်စုရုံးမိ၍ နေဝင်းစစ်အစိုးရအား ကျောင်းသားထုက တန်ပြန်တိုက်ပွဲဝင်ရန် ဖန်တီးနေသည့် အသွင်ဆောင်နေပါသည်။ နိုင်ငံရေး ခံယူချက်ရှိသည့် တက္ကသိုလ်ကျောင်းသားများ၏ လှုပ်ရှားမှု တစခန်းထလာပါသည်။ ကျောင်းသားများကို နည်းအမျိုးမျိုးသုံးပြီး ဥပဒေ အမျိုးမျိုးထုတ်၍ ထွက်ပေါက်မရှိအောင် နေဝင်းစစ်အစိုးရသည် ဖိနှိပ်ချုပ်ချယ်ခဲ့သည် သာမက၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးဆိုသည့် နားထောင်လို့ ကောင်းသော ဝေါဟာရများနှင့် ကျောင်းသားတို့အား မှိုင်းတိုက်ခဲ့ပါသည်။ အဖိနှိပ်ခံရသော ပြည်သူလူထုနှင့် ကျောင်းသားများ ယခု လက်ငင်းကိစ္စတွင် ထွက်ရပ်ပေါက်ကို ရှာသည်မှာ သဘာဝကျလှပေသည်။ နိုင်ငံရေးကြွေးကြော် သံများ အုံးအုံးကြွက် ပေါက်ကွဲ လာပါတော့သည်။

ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ဦးသန့်ရုပ်ကလာပ်ကို အာလုံးက ဂါရဝပြုကြပါသည်။ ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမအတွင်းသို့ သံဃာတော်များခြံရံလျက် ဦးသန့်ရုပ်ကလာပ်ကို သယ်ဆောင်ပါသည်။ ဘွဲ့နှင်းသဘင်ခန်းမရှိ စင်မြင့်ပေါ်တွင် ဦးသန့်ရုပ်ကလာပ်ကို ထားပြီး အရေးပေါ် ဈာပန ကော်မီတီ ဖွဲ့စည်းလိုက်ပါသည်။ ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် အနီးပတ်ဝန်းကျင် တက္ကသိုလ်နယ်မြေသည် လူအုပ်ကြီးဖြင့် ပြည့်လျှံနေပါသည်။ ဘွဲ့နှင်းသဘင် ခန်းမရှေ့ မြက်ခင်းပြင်တွင် ကျောင်းသားများ နေရာယူထားပြီး ကားခေါင်မိုးပေါ် မှနေ၍ လက်တဖက်တွင် မိုက်ကရိုဖုံးကိုင်လျက် လက်သီးလက်မောင်း တန်းပြီး ကျောင်းသားတဦးချင်း တက်ရောက်ရင် ဖွင့်ကြပါသည်။ ဘာကိုမှ ဂရုမစိုက်

[illegible] (၁၂) နှစ် ကာလနီးပါး နှုတ်ပိတ်ရင်ခုံနေခဲ့ရသော ကျောင်းသား များသည် မိမိတို့ရင်တွင်းမှ နိုင်ငံရေးခံစားချက်များကို ဟစ်အော် ကြွေးကြော် ပါတော့သည်။

**"ပြောတော့ ဆိုရှယ်လစ်ဒီမိုကရေစီ၊ လုပ်တော့ တပါတီ ကောင်းစားရေး"** အဝတ်ဘေးဆိုက်နေသည့် ပြည်သူလူထု ကိုယ်စားကျောင်းသား များက နေဝင်းစစ်အစိုးရကို **"အောက်ကိုလည်း ပြန်ကြည့်ပါဦး၊ ကားဝယ်တိုက်ဆောက်နိုင်သာ အချိန်ဖြုန်းမနေပါနှင့်"** ဟု တဖုံ၊ အမျိုးမျိုးသော စကားလုံးများနှင့် ဈေးကွက်လဲနေကြလေသည်။ တက်ရောက် နားထောင်နေသောကျောင်းသားထုနှင့် အရပ်သားတို့ လက်ခုပ်သံများ တဖျောင်းဖျောင်းနှင့် ထောက်ခံချီးမြှင့်နေကြလေသည်။

(၁၉၇၄)ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်၊ ဦးသန့်ရုပ်ကလာပ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ထားရှိကြောင်း ကြားသိ၍ ရန်ကုန်ဆင်ခြေဖုံးမှ လူအများအပြား လာရောက်ဂါရဝပြုကြလေသည်။ ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်ရှိ အသံချဲ့စက်စကားပြောခွက်နှင့်လွတ်လပ်စွာ စကားပြောဆိုခွင့် ရှိသည်ဆိုသည့် ဒီမိုကရေစီစစ်စစ်ကို ကျောင်းသားများက သရုပ်ဖော်နေပါသည်။ ကျောင်းသားများ ရဲရင့်ပြောင်မြောက်စွာ တစ်ဦးချင်းစင်မြင့်ပေါ်သို့ တက်ရောက်၍ မိမိတို့၏ ခံစားချက်များကို ရင်ဖွင့်ကြပါတော့သည်။ ဘွဲ့နှင်းသဘင် ခန်းလုံးပြည့်ရှိ လူအုပ်ကြီး လက်ခုပ်သံများနှင့် ထောက်ခံအားပေးကြပါသည်။ ယာယီဈာပန ကော်မီတီမှကြေညာချက်တရပ် ထွက်ပေါ်လာပါသည်။ **"ဦးသန့်၏ ဈာပနကို နေဝင်း စစ်အစိုးရအနေနှင့် နိုင်ငံတော်ဈာပန အဖြစ်ပြုလုပ်ပေးရန် တောင်းဆိုသောစာကို နိုင်ငံတော်ကောင်စီသို့ ပို့လိုက်ပြီဖြစ်ကြောင်း၊ အကယ်၍ ယနေ့ ညနေ(၄) နာရီတိတိအထိ ပြန်ကြားချက်တစုံတရာမျှ မရရှိပါက ကျောင်းသားများသည် ပြည်သူလူထု အကူအညီနှင့် မိမိတို့ဖာသာ ဈာပန အခမ်းအနား ပြုလုပ်၍ ငြိမ်းချမ်းရေးအုတ်ဂူဗိမာန် တည်ဆောက်မည် ဖြစ်ကြောင်း၊"** ကြေညာလိုက်ပါသည်။တချိန်တည်းမှာပင်အုံးအုံးကြွက်ကြွက် လက်ခုပ်သံများနှင့် ဘွဲ့နှင်းသဘင်ခန်းမ တခုလုံးကို မိုးချုန်းသကဲ့သို့ ကြားလွှမ်းသွားပါတော့သည်။

နာရီလက်တံတို့သည် တရွေ့ရွေ့လည်ပတ်နေပါသည်။ ကျောင်းသား

နှင့် အရပ်သားကိုယ်စားလှယ်တို့ တဦးချင်းအလှည့်ကျ စင်မြင့်ပေါ်သို့ တက်ရောက် မိန့်ခွန်းပြောကြပါသည်၊ နုနယ်သောနှလုံးသားပိုင်ရှင် မိန်းကလေးများပင် သူတို့၏ရင်ထဲမှ ထွက်လာသောစကားလုံးများသည် မိန်းမသားများနှင့် မကိုက်ညီ လောက်အောင်ပင် မာကျောပြတ်သားလှပေသည်။

လူတိုင်း နာရီတကြည့်ကြည့်နှင့် (၄) နာရီကို စောင့်မျှော်နေကြပါသည်။ နောက်တော့ (၄)နာရီသာ ထိုးသွားသော်လည်း နိုင်ငံတော်ကောင်စီမှ လုံးဝတုန့်ပြန် ဖြေကြားခြင်းမရှိသည့်အတွက်၊ ကျောင်းသား၊ အရပ်သား၊ သံဃာတော် ကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ (၁၉၆၂-ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့တွင် ကျောင်းသားများနှင့်အတူ နေဝင်းစစ်အစိုးရ ဗုံးဒဏ် ထိမှန် ပြိုကွဲဖျက်ဆီးခြင်းခံခဲ့ရသည့် )ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်း နေရာကို ရှင်းလင်းပြီး ဦးသန့် အတွက် အုတ်ဂူတည်ဆောက် သင်္ဂြိုလ်မည်ဖြစ်ကြောင်း၊ ထိုတဆက်တည်းမှာပင် ငြိမ်းချမ်းရေးဂူဗိမာန်ကိုလည်း တည်ဆောက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ကြပါသည်။

ဆုံးဖြတ်ချက်ချပြီးသည်နှင့် ကျောင်းသား၊ အရပ်သားများနှင့် သံဃာတော် များ သမဂ္ဂဟောင်းနေရာကို စတင်ရှင်းလင်း ရန်ကုန်စက်မှုတက္ကသိုလ် ဗိသုကာ ဌာနနှင့် မြို့ပြဌာနမှကျောင်းသားများ တာဝန်ယူပုံဆွဲပြီး ဦးသန့်အုတ်ဂူနှင့် ယာယီဂူဗိမာန်ကို ဆောက်လုပ်ပါသည်။ စီးပွားရေးတက္ကသိုလ်၊ ပညာရေး တက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဆေးကျောင်းမှ တက္ကသိုလ် ကျောင်းသား များနှင့်အတူ အထက်တန်းနှင့် အလယ်တန်းကျောင်းပေါင်းစုံတို့မှ ကျောင်းသား များလည်း ပါဝင်လုပ်အားပေးကြပါသည်။

(၁၉၇၄) ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်၊ ည(၇)နာရီအချိန်တွင် ကျောင်းသား၊ သံဃာနှင့် ဦးသန့်မိသားစုတို့သည် အရေးပေါ်အစည်းအဝေးကို မန္တလေးဆောင်တွင် ပြုလုပ်ပါသည်။ ထိုအစည်းဝေးတွင် အဖွဲ့ဝင် (၁၁) ဦး ပါဝင်ပါသည်။ ဦးသန့်၏ညီ ဦးသောင်းက ရန်ကုန်တိုင်း ပြည်သူ့ကောင်စီက ထုတ်လိုက်သောစာကို ထုတ်ပြပါသည်။ ဦးသန့်ကိစ္စနှင့် ပတ်သက်၍ အုတ်ဂူတည်ဆောက်ရေးနှင့် ဂူဗိမာန်တည်ဆောက်ရန် ကန်တော်မင်ပန်းခြံတွင် နေရာပေးမည်ဖြစ်ကြောင်း၊ ကျောင်းသားများကိုလည်း အရေးယူဖမ်းဆီးမည်

ကြောင်းကြောင်း ပါရှိလေသည်။ ဦးသောင်းအနေနှင့် ဦးသန့်ရုပ်ကလာပ်ကို အမြန်ဆုံး သဂြိုလ်ချင်ပြီဖြစ်ကြောင်း၊ ဒီဇင်ဘာလ (၈) ရက်နေ့ (၁၂) နာရီအချိန့် သဂြိုလ်ရေးအစီစဉ် စတင်ရန် ကျောင်းသား ကိုယ်စားလှယ်များအား ပြောကြားပါသည်။ ဒေါက်တာတင်မြင့်ဦး (ဦးသန့်၏ သားမက်) ကလည်း၊ မိမိကိုယ်တိုင် ပုံစံရေး ဆွဲထားသော ဦးသန့်၏ အုတ်ဂူဗိမာန်ကို ကန်တော်မင် ပန်းခြံတွင် ဆောက်လုပ်ပြီး သဂြိုလ်ရန် ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ကျောင်းသားနှင့် သံဃာတော်များအား အမြန်ဆုံး စီစဉ်ရန် ပန်ကြားသွားလေသည်။ ဦးသန့် ဈာပနကော်မတီနှင့် ပတ်သက်၍ ကျောင်းသားကိုယ်စားလှယ်များ၊ သံဃာတော်များ အပြန်အလှန်ဆွေးနွေးကြပြီး၊ အစည်းဝေး၏ ဆုံးဖြတ်ချက်ကို အများသဘော တူညီချက်ဖြင့် ဆုံးဖြတ်မည် ဖြစ်ကြောင်း၊ တဦးချင်း ဆန္ဒယူမည်ဖြစ်ကြောင်း၊ ထိုအစည်းဝေးတက်ရောက်သူ အားလုံး သဘောတူ ညီလေသည်။ ပထမဦးဆုံး ဦးသန့်ရုပ်ကလာပ် သဂြိုလ်ရေး အစီစဉ်ကို ဒီဇင်ဘာလ (၈)ရက်နေ့ (၁၂) နာရီတိတိတွင် စတင်ရန် သဘောတူညီကြလေသည်။ ဆက်လက်၍ အောက်ပါ အချက်နှစ်ချက်ကို ဆွေးနွေးပြီး ဆုံးဖြတ်မဲခွဲရပါမည်။

(၁) ဦးသန့်၏ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမမှ ကျောင်းသားသမဂ္ဂနေရာ၊ ကျောင်းသားများဆောက်လုပ်ထားသော ဦးသန့်အုတ်ဂူပေါ်တွင် တင်၍ ဦးသန့်မိသားစုများ၊ ပြည်သူလူထု၊ ကျောင်းသား၊ သံဃာတော်များ နောက်ဆုံး ဂါရဝပြုပြီး ကန်တော်မင် ပန်းခြံသို့သယ်ဆောင်ရန်။

(၂) ဦးသန့်၏ရုပ်ကလာပ်ကို ကျောင်းသားနှင့်ပြည်သူတို့၏ ချွေးနှင့် တည်ဆောက်နေသည့် ဦးသန့်အုတ်ဂူတွင် သဂြိုလ်ပြီး ဦးသန့် ဂူဗိမာန်ကို ကျောင်းသားများ အသက်နှင့် သွေး စတေးခဲ့သည့် ကျောင်းသားသမဂ္ဂနေရာတွင် တည်ဆောက်ရန်။ တဦးချင်းဆန္ဒယူလိုက်သောအခါ (၇) မဲ (၄) မဲနှင့် ပထမအချက်ကို သဘောတူ ညီကြပါသည်။

(၇) မဲထဲမှာ ဦးသောင်း၊ ဒေါက်တာတင်မြင့်ဦး၊ သံဃာတော်နှစ်ပါးနှင့် တျှန်ကျောင်းသားကိုယ်စားလှယ်သုံးဦးပါဝင်ပါသည်။

(၄) မဲထဲမှာ ကျနော်တို့ စက်မှုတက္ကသိုလ်မှ ကျောင်းသား (၃)ဦးနှင့် ဆေးတက္ကသိုလ်ကိုယ်စားပြု ဆေးကျောင်းသားတဦး အပါအဝင် ကျောင်းသား (၄)ဦးသည် ဒုတိယအချက်ကို မဲပေးပါသည်။

ဤတွင် ဦးသန့်ရုပ်ကလာပ်ကို (၇)မဲ (၄)မဲနှင့်ဆုံးဖြတ်ပြီး ကန်တော်မင်

ခန်းကြွင် သတ္တိသင်ပြောကြားခဲ့ပါသည်။ မြန်မာ့အသံလွှင့်ရုံ ရေဒီယို မှလည်း (၈-၁၂-၁၉၇၄)ရက်နေ့ (၁၂) နာရီအချိန်တွင် ဈာပနအခမ်းအနား တောင်မည်ဟု ကြေညာခဲ့ပါသည်။

ကျောင်းသားနှင့် သံဃာတို့သည် ကျောင်းသားထုနှင့် ပြည်သူလူထုကို ထိုင်ကာခြံ၍ အစည်းအဝေးသို့ တက်ရောက်လာခြင်း ဖြစ်ပါသည်။ မဲခွဲရာတွင် ကျောင်းသားနှင့် သံဃာတော်များ၏ ဆန္ဒများ ကွဲပြား ခြားနားနေပါသည်။

အခြေအနေဖြစ်ရပ်အားလုံးကို ပြန်လည်စီစစ်သောအခါ၊ နေဝင်း စစ်အစိုးရသည် ငြိမ်းစလွယ် ဦးသန့် (ကမ္ဘာ့ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ဟောင်း) ရုပ်ကလာပ်ကို ကြံတောသင်းချိုင်းတွင်သင်္ဂြိုလ်ရန် အစီအစဉ်ပြုလုပ်ပါသည်။ ကျောင်းသားနှင့် ပြည်သူလူထုသည် မကျေနပ်နိုင်၍ လေးစားဂုဏ်ပြုထိုက်သော ဦးသန့်အား နိုင်ငံတော်ဈာပန အခမ်းနားပြုလုပ်ပေးရန် နေဝင်းစစ်အစိုးရအား တောင်းဆိုခဲ့ပါသည်။ ပြည်သူလူထုနှင့် ကျောင်းသားတို့၏ တောင်းဆိုမှုကို တုံ့ပြန်မှုမရှိ၍ နောက်ဆုံး ကျောင်းသားတို့ အသက်သွေးနဲ့ စတေးခဲ့သည့် ကျောင်းသားသမဂ္ဂဟောင်းနေရာတွင် ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုလ်ပြီး အုတ်ဂူနှင့် ဂူဗိမာန် တည်ဆောက်ပါသည်။

သမဂ္ဂအဆောက်အဦးနေရာတွင် လုပ်အားပေးနေသော ပြည်သူ ကျောင်းသားများ၊ ဘွဲ့နှင်းသဘင်ခန်းမတွင်း ဦးသန့်ရုပ်ကလာပ်ကို စောင့်ရှောက်နေသော ပြည်သူကျောင်းသားများ၊ အဓိပတိလမ်းမပေါ်တွင် အလှူငွေ ကောက်ခံနေသော ပြည်သူကျောင်းသားများ၊ ဦးသန့်ရုပ်ကလာပ်ကို နောက်ဆုံးလာရောက် ဂါရဝပြုကြသော ပြည်သူတရပ်လုံး. လိုအင်ဆန္ဒသည်စာကြည့်တိုက် အဆောက် ဦးနေရာမှ အုတ်ချပ်များကို တယောက်တလက်နှင့် လက်ဆင့်ကမ်းသယ်ယူ တည်ဆောက်နေသည့်အုတ်ဂူတွင် ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုလ်ပြီး ဆက်လက်၍ ဦးသန့်ဂူဗိမာန်ဆောက်တည်ရန် ဖြစ်ပါသည်။

**"လူတလေးရယ်၊ အဖွားလည်း အုတ်တချပ်လောက် ဝင်သယ်သူ တသိုလ်ပြု ပါရစေ"** ဆိုသည့် အဖွားတို့၏ အသံနှင့်မျှသည့်လုပ်အားဖြင့် ဦးသန့် အုတ်ဂူဆောက်ရာတွင် အဖွားအိုလည်း ပါဝင်လုပ်အားပေးခဲ့ပါသည်။ အုတ်ဂူနှင့် ဂူဗိမာန် တည်ဆောက်ရာတွင် လုပ်အားပေးနေကြသည့် ပြည်သူ၊ ရဟန်းသံဃာနှင့် ကျောင်းသားတို့အတွက် ထမင်းထုပ်များကို ရပ်ကွက်များမှ လာရောက် လှူဒါန်းကြပါသည်။ ထမင်းထုတ်များတွင်လည်း "ငါ့ညီတို့၊ မင်းတို့ရဲ့

**မှန်ကန် တဲ့လုပ်ရပ်ကို ငါတို့အားပေးတယ်၊ လုပ်ငန်းပြီးဆုံးသည်ထိ ဆက်လက် လုပ်ဆောင်ပါ"** ဆိုသည့်စာရွက်ငယ်ကလေးများဖြင့် ပြည်သူလူထုဆန္ဒကို ပြောကြားနေပါသည်။ ထိုတွင်မက မကျေနပ်နိုင် သည့် ဥက္ကလာပရပ်ကွက်က ပြည်သူတို့သည် ကျောင်းသား ပြည်သူအများအတွက် ထမင်းထုပ် အလှူခံ သည့်အဖွဲ့ကို တားမြစ်သည့် ရဲစခန်းကို မီးရှို့ဖျက်ဆီးလိုက်ပါသည်။

ဘွဲ့နှင်းသဘင်ခန်းမရှိ ဟစ်တိုင်မိုက်ကရိုဖုန်းမှလည်း ကျောင်းသူကလေး တဦး၏ ရင်ဖွင့်ချက်နိဂုံးချုပ်စကားလုံးများ **"ကျမ လက်ရှိ နေဝင်းစစ်အစိုးရ လုပ်ပုံကိုင်ပုံလေးတွေကို လွတ်လွတ်လပ်လပ် ဒီမိုကရေစီကျကျ ဝေဖန်ရတဲ့ အတွက် များစွာမှ အားရကျေနပ်လှပါတယ်။ အခုလိုပြောလို့ ကျမကိုဖမ်းပြီး ထောင်ချရင်လည်း ကျမထောင်ထဲမှာ နေရဲ့ပါပဲ၊ ဘာကြောင့်လည်း ဆိုတော့**

**ထောင်ထဲမှာမှ ထမင်းလေး မှန်မှန်စားရမှာ"** ဟု နုနယ်သော ကျောင်းသူကလေး ဖြစ်လင့်ကစား သူကလေး၏ ခံစားချက်တို့သည်ပြင်းထန်လှပါသည်။ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နယ်မြေတခုလုံးသည် ခြေချစရာမရှိ ပြည်သူလူထုကြီးနှင့် ပြည့်လျှံနေပါသည်။

မန္တလေးဆောင် (၁၁)ဦး ဈာပနကော်မီတီအစည်းဝေးပြီးသည်နှင့် ကျောင်းသားများ အုပ်စုကွဲသွားပါသည်။ စက်မှုတက္ကသိုလ်မှ ကျောင်းသား သုံးဦးသည် နောက်ထပ်ဆက်လက်၍ ဈာပနအစီစဉ်အစည်းအဝေးကို တန့်ကွက်သည့်သဘောနှင့် ဆက်လက်မတက်ရောက်ကြတော့ဘဲ၊ အုတ်ဂူ တည်ဆောက်ရာ ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်းနေရာကို စက်မှုတက္ကသိုလ်၏ စုရပ်လို့ သတ်မှတ်လိုက်ပါသည်။ တယောက်တဆင့်၊ တယောက်နားဆိုသကဲ့သို့ ဦးသန့်၏ ရုပ်ကလာပ်ကို ကျောင်းသားပြည်သူတို့ ချွေးနှင့် တည်ဆောက်သည့်အုတ်ဂူတွင် သင်္ဂြိုလ်ရန် ဆုံးဖြတ်လိုက်ပါသည်၊ သမဂ္ဂဟောင်းဝန်းကျင် တစ်ခုလုံးကို စက်မှုတက္ကသိုလ်ကျောင်းသားများ နေရာယူစောင့်ကြပ်လိုက်ပါသည်။ ဦးသန့်ရုပ်ကလာပ်ကို အုတ်ဂူပေါ်တွင် နောက်ဆုံးဂါရဝပြုပြီးခြင်း ဂူပိတ်သင်္ဂြိုလ်ရန် ဘိလပ်မြေနှင့်ပန်းရံဆရာ အဆင်သင့် ရှိရပါသည်။ တက်ညီလက်ညီ၊ တာဝန်ကိုယ်စီနှင့် ကျောင်းသားများ ညီညွတ်ကြပါသည်။ ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း ဦးသန့်ရုပ်ကလာပ်ကို

အသက်သေချာနှင့် ကာကွယ်စောင့်ရှောက်မည့် အသေခံ (၁၂)ဦး ကျောင်းသား ကျောင်းသူများ ခုတ်ပေါင်ပေါင်းစီးနှိုများ ဦးခေါင်းထိပ်တွင်စီး၍ ခြံရံစောင့်ကြပ် နေကြပါသည်။

(၁၉၇၄) ခုနှစ် ဒီဇင်ဘာ ၈ ရက် မွန်းတည့် (၁၂)နာရီ၊ ဘွဲ့နှင်းသဘင် ခန်းမ ဝန်းကျင်တခုလုံး တက္ကသိုလ်နယ်မြေ အဓိပတိလမ်း တလျှောက်လုံးတွင် ဦးသန့်ရုပ်ကလာပ်ကို နောက်ဆုံးလာရောက် ဂါရဝဂုဏ်ပြုကြသော ပြည်သူ များနှင့် ပြည့်လျှံနေပါသည်။ ကျောင်းသားသမဂ္ဂဟောင်း ပတ်ဝန်းကျင် တခုလုံးကို စက်မှုတက္ကသိုလ်ကျောင်းသား ကျောင်းသူများ လက်တွဲ မပြတ်စောင့် ကြပ်ထား ပါသည်။ ဦးသန့်ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမမှ များပြားလှသည့် ကျောင်းသားထုကြားမှ ခဲရာခဲဆစ် ကျောင်းသားသမဂ္ဂနေရာဟောင်းသို့ သယ်ဆောင်လာရလေသည်။ သမဂ္ဂဟောင်းနေရာအုတ်ဂူနှင့် ယာယီ ဂူဗိမာန် တို့သည် တယောက်တလက်နဲ့ တည်ဆောက်ခဲ့ပါသည်။ ဦးသန့်ရုပ်ပုံ ပန်းချီကားချပ်သည် ဂုဏ်ရှိလှပါသည်။ အလံတော်သုံးခု လွှင့်ထူ ထားပါသည်။ ဗုဒ္ဓဘာသာအလံတော်၊ ကုလသမဂ္ဂအလံတော်နှင့် ကျောင်းသား သမဂ္ဂခွပ်ဒေါင်း အလံတော်တို့သည် အောင်ရမည်ဆိုသည့် အသွင်ဆောင်လျက် ကောင်းကင်ယံ တွင် တလူလူလွင့်၍ အလံတော်များ တင့်တယ်ထယ်ဝါ ပျံမြူး နေကြပါသည်။

တချိန်က ဤနေရာသည် ကျောင်းသားများ စုစည်းရာကျောင်းသား သမဂ္ဂအဆောက်အဦးကြီး တည်ရှိခဲ့ပါသည်။ ဆရာကြီးဦးသန့်သည် ကမ္ဘာတွင် မြန်မာပြည်သားတို့၏ ဂုဏ်ကို ဆောင်ခဲ့သည်သာမက မိမိ၏ နောက်ဆုံးခရီးမှာပင် နိုင်ငံခြားသံတမန်များ၊ နိုင်ငံခြားသတင်းထောက်များ နောက်ဆုံး မှတ်တမ်းတင် သတင်းယူရန် ရောက်ရှိနေကြရပါသည်။ ထို့ထက်မက တခါမျှစုစည်းမှုမရှိခဲ့သော ဘုန်းတော်ကြီးများ အနယ်နယ်ရပ်ရပ်မှ လာရောက်၍ ကျောင်းသားများနှင့် ပူးပေါင်းလက်တွဲလျက်နေသည်မှာ အံ့ဖွယ်ရာဖြစ်ပါသည်။ ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများ တည်ဆောက်ထားသော အုတ်ဂူရှေ့ စားပွဲပေါ်တွင်တင်၍ သံဃာတော်များ၊ ဦးသန့်မိသားစုများ၊ နိုင်ငံခြားသံတမာန်များ၊ ပြည်သူ ကျောင်းသားများ နောက်ဆုံးဂါရဝပြုကြပါသည်။

အစီစဉ်အရ ဦးသန့်ရုပ်ကလာပ်ကို ကန်တော်မင်ပန်းခြံသို့ သယ်ယူမည်ဟု ကြေညာလိုက်သည်နှင့် "ဦးသန့်ရုပ်ကလာပ်ကို သမဂ္ဂဝင်းအတွင်းကနေ

ဘယ်တော့မှမထွက်ရဘူး" ဆိုသည့်ကြွေးကြော်သံများ တခဲနက်ဆူညံသွား ပါတော့သည်။ သမဝွနေရာဟောင်းရှေ့ရှိ မန္တလေးဆောင်ခန်းမ အသံချဲ့စက်မှ ဦးသန့်အနေနှင့် ပြည်သူနှင့် ကျောင်းသားထုကို မေတ္တာရပ်ခံစကား အနည်းငယ် ပြောကြား သွားပါသည်၊ ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများ တည်ဆောက်ထားသော အုတ်ဂူတွင် ထာဝရသင်္ဂြိုလ်ရန်ကြွေးကြော်သံများ ဆူညံသထက် ဆူညံလာပါသည်။ အခြေအနေမှာ သက်ဆိုင်ရာ ကျောင်းသားကိုယ်စားလှယ်များကတစုံတခု မပြုလုပ်ပါက၊ ကျန်ကျောင်းသားများက အတင်းဝင်ရောက် သင်္ဂြိုလ်မည့် အခြေအနေတွင်ရှိနေပါသည်။

နောက်ဆုံး ကျောင်းသားကိုယ်စားလှယ်များက ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများ တည်ဆောက်သော အုတ်ဂူတွင်သာ ထာဝရသင်္ဂြိုလ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည့်အချိန်မှသာ ကျောင်းသားထုနှင့်ပြည်သူများ လက်ခံကျေနပ်ကြလေသည်။ ကြေညာပြီးသည့်အတိုင်း ကျောင်းသားများ ဦးသန့်ရုပ်ကလာပ် ပုံးပြောင်းသယ်ယူပြီး အုတ်ဂူတွင် သင်္ဂြိုလ်လိုက်ပါသည်။ ဘိလပ်မြေကလည်း အဆင်သင့်ပြင်ထားသည့်အတွက်၊ ပန်းရံဆရာ လက်စွမ်းနှင့် အုတ်ဂူကို ထာဝရပိတ်လိုက်ပါသည်။ **"အောင်ပြီ" "အောင်ပြီ" "အောင်ပြီ"** ဟူသော ကြွေးကြော်သံများ မိုးကွဲလုမတတ် မြည်ဟိန်းသွားပါသည်။ သံဃာတော်များ ပရိတ်တရားနာပြီး အသေခံကျောင်းသားတပ်ဖွဲ့က ကမ္ဘာ့ကုလသမဂ္ဂ အလံတော်နှင့် အုတ်ဂူကိုလက်ျာရစ်သုံးပတ် ပတ်ပြီးအလေးပြုပါသည်။

ထို့နောက် ကုလသမဂ္ဂအလံတော်ကို အုတ်ဂူထက်တွင် လွှမ်းခြုံလိုက်ပါသည်။ ရင်းနှေးညဘက်တွင် နေဝင်းစစ်အစိုးရဘက်မှ မြန်မာ့အသံ ကတဆင့် ကျောင်းသားများက ဦးသန့်မိသားစု၏ ဆန္ဒကို ငြင်းပယ်၍ ကျောင်းသားများ တည်ဆောက်သည့်အုတ်ဂူတွင် ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုလ်ကြောင်း၊ စာကြည့်တိုက် အဆောက်အဦးအတွက်ထားသော ဆောက်လုပ်ရေးပစ္စည်း များကို အလွဲသုံးစားပြုလုပ်ပြီး အုတ်ဂူဆောက်သည့်အတွက်၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုနှင့် အရေးယူပေးရန်။ ရန်ကုန်တိုင်းဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ စာပို့ကြောင်း ကြေညာပါသည်။

ကျောင်းသားများအနေနှင့် ဂုဏ်ပြုမာန်ဆက်လက်တည်ဆောက်ရန်၊ အသေခံတပ်ဖွဲ့အမည်တပ်ကာ ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အတွက် အသက်ကို

လေးစားသောသူအား ဆိုသည့်ခံယူချက်နှင့် ဦးသန့်အုတ်ဂူကို စောင့်ရှောက်ထားပါသည်။ မကျေနပ်နိုင်သည့် ပြည်သူလူထုကြီးနှင့် ကျောင်းသားတို့သည် နေဝင်းစစ်အစိုးရ၏ အဝါဒီဝါဒကို ဆက်လက်ကန့်ကွက် ဆန္ဒပြနေကြပါသည်။ ကျောင်းသားများသည် ပိုမို၍ စည်းလုံးညီညွတ်လာပါသည်။ တဦးကိုတဦး ညီအစ်ကို မောင်နှမသဖွယ် စောင့်ရှောက်ကြပါသည်။

နေဝင်းစစ်အစိုးရ၏ သူလျှို စစ်ထောက်လှမ်းရေးများကို မျက်ခြေမပြတ် စစ်ဆေး၍ ဖမ်းမိသော အမ်အိုင်များကို ကျောင်းသားများက ရိုက်နှက် သတိပေးလိုက်ကြပါသည်။ တရက် နှစ်ရက် ကျောင်းသားများသည် ဆက်လက်၍ ဂူဗိမာန် ပြီးစီးရေးအတွက် ဆက်လက်လုပ်ကိုင်နေကြပါသည်။ သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူတို့သည် နေဝင်းစစ်အစိုးရ၏ သတင်းစာများနှင့် ရေဒီယိုတို့မှ အမျိုးမျိုးရှုတ်ချ ဝေဖန်မှုများကို ခံယူနေကြရပါသည်။

သုံးရက်မြောက်နေ့ (ဒီဇင်ဘာလ ၁၀ ရက်)။ နေဝင်းစစ်တပ်သည် ကျောင်းသားများကို နှိမ်နင်းရန် တိတ်တဆိတ် စီမံပါသည်။ စစ်တပ်သည် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နယ်မြေတခုလုံးကို သိမ်းပိုက်လိုက်ပါသည်။ နယ်မြေတခုလုံး အတွင်းသို့ အဝင်အထွက်ကို ပိတ်လိုက်ပါသည်။ နောက်နေ့ (ဒီဇင်ဘာလ (၁၁)ရက်) မနက် (၂)နာရီတွင် ကျောင်းသားများနှင့် ဆန္ဒပြသူများ အများစု အိပ်မောကျချိန်လောက်တွင် အဓိပတိလမ်းရှိ အဓိကဝင်ပေါက် တံခါးကြီးကို ကရိန်းကြီးဖြင့် တွန်းလှန်ဖျက်ဆီး၍ ကျောင်းဝင်း အတွင်း ဝင်ရောက် ဖမ်းဆီးကြပါသည်။ ထိုသို့ဝင်ရောက်ရာတွင် ဘွဲ့နှင်းသဘင်ခမ်းမ နေရာ ကွက်လပ်အားမီးမောင်းများ ထိုးပြီး ရဲများက ဒိုင်းကာများ၊ လက်ကိုင်တုတ်များဖြင့် စတင်ဝင်ရောက်ပြီး မျက်ရည်ယိုဗုံးများ မြေကော်စက်များ၊ မော်တော်ကားများ အသုံးပြုပြီး ဆန္ဒပြသူများအား လူစုခွဲကာ ဦးသန့်အုတ်ဂူအားလည်း ဖြိုချ၍ ရုပ်ကလာပ်အား ပြန်လည်ဖော်ယူပြီး ရွှေတိဂုံဘုရားအနီး ကန်တော်မင်ပန်းခြံဘေးရှိ သခင်ကိုယ်တော်မှိုင်းအုတ်ဂူဘေးနေရာသို့ ညတွင်းပင် ပြောင်းရွှေ့မြှုပ်နှံပါသည်။ ထိုသို့ ကြမ်းတမ်းစွာဖျက်ဆီး ဖမ်းဆီးသည့်အတွက် ကျောင်းသားတချို့ သေဆုံးခဲ့ကြ ရပါသည်။ တချို့မှာတော့ စစ်ဖိနပ်စာထိ၍ အရိုးကျိုး၊ တုတ်များ၏ ရိုက်ချက်ဒဏ်ကြောင့် ခေါင်းကွဲပြီး လဲကျသူ များလည်းရှိပါသည်။ လက်နက်မဲ့သောပြည်သူ၊ သံဃာတော်များ၊ ကျောင်းသားများကို အချုပ်ကားပေါ်သို့

အတောင်းအရမ္မ ဖမ်းဆီး တင်ဆောင်၍ ညတွင်းချင်းပင် အင်းစိန်အကျဉ်းထောင်သို့ ပို့ပါသည်။ သယ်ဆောင်ရာ စစ်ကားအနောက်ပိုင်း အမိုးအကာမဲ့တွင် အားလုံးကို ပဆစ်ဒူးတုတ်၊ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်၊ ခေါင်းငုံ့ လှုပ်မရအောင် ထိုင်ခိုင်းပြီး၊ စစ်ကား၏ နောက်ပိုင်း လေးဘက်ဒေါင့်တွင် စစ်သားလေးဦးသည် ဂျီသရီးသေနတ်များနှင့် ချိန်ထားပါသည်။ စစ်ရုပ်ရှင်ကားများတွင် စစ်ပွဲမှ အကျဉ်းသားများကို ဖမ်းဆီးသကဲ့သို့ နေဝင်းစစ်အစိုးရသည် ကျောင်းသား ပြည်သူ ရဟန်းသံဃာတော်များကို မတရားဖမ်းဆီး ချုပ်နှောင်ခဲ့ပါသည်၊ ညပိုင်းမှစတင် ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ပို့ဆောင်သော နောက်ဆုံးစစ်ကားသည် နံနက် (၈)နာရီ အချိန်ထိဖြစ်ပါသည်။ ဤမြင်ကွင်းသည် ပြည်သူလူထု တရပ်လုံးအတွက် ရင်နင့်ဖွယ်ရာ တောတ်သာလို့ လက်ပိုက်ကြည့်နေရသည့် အခြေအနေတွင် ရောက်ရှိနေပါသည်။

မြန်မာဗုဒ္ဓဘာသာထုံးစံကိုမှ ဂရုမစိုက်၊ အုတ်ဂူကိုဖောက်ခွဲပြီး သဂြိုလ်ပြီးသည့်ရုပ်ကလာပ်ကိုထုတ်ယူခြင်း၊ ပြည်သူ သံဃာတော်နှင့် ကျောင်းသားကျောင်းသူများကို ရက်ရက်စက်စက် သတ်ဖြတ်ဖမ်းဆီးခြင်း ဆိုသည့်သတင်းကိုကြားသည့် ပြည်သူလူထုကြီးမှာ နေဝင်းစစ်အစိုးရ၏ လုပ်ရပ် ကို လက်ခံနိုင်စွမ်းမရှိသည့်အဆုံး နံနက် (၈း၃၀) အချိန်လောက်တွင် ရန်ကုန်မြို့တွင် အစိုးရနှင့် သက်ဆိုင်သည့် မြန်မာ့ဆိုရှယ်လစ်ပါတီ ယူနစ်ရုံးများ၊ ရဲစခန်းများ၊ ရုပ်ရှင်ရုံအချို့ကို မီးရှို့ဖျက်ဆီး တန်ပြန်အကြမ်းဖက် ဆန္ဒပြကြပါသည်။

**"ငါတို့တပါတီကောင်းစားရေး ဆိုရှယ်လစ်ဝါဒကို ထိပါးလာရင်တော့ နေဝင်းစစ်အစိုးရသည် မည်သူကိုမှ အသက်ချမ်းသာပေးမည်မဟုတ်ကြောင်း"** တရုပ်ပြည်မှ ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုန်း၏စကားနှင့်နှိုင်း၍ **"အာဏာသည် သေနတ်ပြောင်းဝတွင် ရှိကြောင်း"** ပြည်သူလူထုကြီးအား လက်တွေ့သတ်ဖြတ်ပြပါသည်။

စစ်တပ်၏ ပြောင်းဝကို ပြည်သူတို့အား ချိန်ရွယ် ပစ်ခတ် နှိမ်နင်းပါသည်။ ရန်ကုန်မြို့တွင်းတွင် သေနတ်သံများ ဖုံးလွှမ်းလျက်လူပေါင်း မြောက်မြားစွာ သွေးမြေကျခဲ့ရပါသည်။ ရန်ကုန်မြို့တွင်းဝယ် စစ်နယ်မြေသကဲ့သို့ တင့်ကားကြီးနင့်လှည့်လည်လျက်၊ ဂျီသရီး သေနတ်ကြီးများနှင့် ပစ်ခတ်နေပါသည်။

ရန်ကုန်မြို့ကွင်းကိုလည်း စစ်အုပ်ချုပ်ရေးသေ အမြဲသတ်မှတ်ပြီး ညမထွက်ရ အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။ ဖမ်းဆီးခံသည့် ပြည်သူများကို ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုဆိုသည့် တရားစွဲခံ၍ ထောင် (၃) နှစ်မှ ထောင် (၅) နှစ်အထိ အမှုစစ်ခံနေရပါသည်။ ဦးသန့်ရှာပနကိစ္စတွင်ပါဝင်သော ပြည်သူ့ ဆိုင်ရာကျောင်းသားများကို နေဝင်းစစ်ထောက်လှမ်းရေးများကို အသုံးပြု ထူးခံနေအိမ်များမှ လိုက်လံဖမ်းဆီးပါသည်။ နုနယ်ငယ်ရွယ်လှသည့် ကျောင်း သားကလေးများပင်မချန် အင်းစိန်ထောင်ထဲသွင်းထားပါသည်။

ရာပေါင်း များစွာသော ကျောင်းသားနှင့်ပြည်သူ ရဟန်းသံဃာတော်များ အသက် ဆုံးရှုံးခဲ့ပါသည်။ ထောင်ပေါင်းများစွာသောကျောင်းသား ပြည်သူတို့ကို ထောင်ချထားသည်။ ကျန်ကျောင်းသားများသည် အိုးပစ်အိမ်ပစ် ပညာရေး ဆုံးရှုံးခံပြီး သူတို့၏ ဖမ်းဆီးမှုမှ ရှောင်တိမ်းနေရပါသည်။ ရှောင်တိမ်း နေရသော ကျောင်းသားတချို့သည် တောတွင်းတော်လှန်ရေး အဖွဲ့စည်းများသို့ တချို့ ရောက်ကြပါသည်။ တချို့လည်း နိုင်ငံခြားတိုင်းပြည်များသို့ ခိုးထွက် ပုံးလျှို နေရပါသည်။ သူတို့၏ ဘဝရှေ့ရေးသည် မည်ကဲ့သို့ ဖန်တီးမည်ကိုကား မည်သူကမှ မပြောနိုင်အောင် ဖြစ်ပါသည်။

ကောက်ခံရရှိသောရံပုံငွေ (၃၀၀,၀၀၀)ကျပ် မည်သူထံတွင် ရှိနေသည် ကို စာရေးသူအနေနှင့် သတင်းမှန် မသိရှိသော်လည်း စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ အခြေအနေကြားမှ ဤမျှသောငွေပမာဏကို ဦးသန့် ဂူဗိမာန် တည်ဆောက်ရန် လှူဒါန်းကြသော လူထုကြီး၏။ စေတနာကို သိရှိနိုင်ပါသည်။

ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်ဆိုသည်ကို သာမာန် အသိဉာဏ်ရှိသူ တယောက်ပင် သိရှိပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီးဦးသန့်ကို အသိဉာဏ် ရှိသည့် လူသားအားလုံးက ထိုက်သင့်စွာသဂြိုလ်ရန် ကြိုးစားခဲ့သော် လည်း မမျှော်လင့်သည့် တုန့်ပြန်ချက်များကြောင့် မြင်မကောင်း ကြားမကောင်း အသက် များစွာ စတေးပြီး သွေးမြေကျကာ ငြိမ်းချမ်းရေးဖခင်ကြီး ရှာပနအခမ်းအနားကို ပြီးဆုံးလိုက်ရပါသည်။

**စက်မှုတက္ကသိုလ်စိုးဝင်း**

မှတ်ချက်။ ။၂၀၀၆ ခုနှစ်တွင် ဓူဝံစာပေမှ ထုတ်ဝေသည့် "အရေးတော်ပုံ (၄) စောင်တွဲ" စာအုပ်မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

## နော်ကူးမအမှတ်တရ

ဌေးဌေးဝင်း

(၅-၁၂-၇၄) ရက်နေ့ည စာကြည့်စားပွဲပေါ်မှာ စာကိုစိတ်မဝင်စားဘဲ ဖတ်နေချိန် ည (၈)နာရီ မြန်မာ့အသံသတင်းကို နားထောင်နေသော မေမေ၏အစ်ကို ဖျာပုံမြို့နယ်အမတ် (ဖဆပလ) ဗိုလ်ဘတင့်က နေဝင်းကတော့ လုပ်ခဲ့လိုက်ပြန်ပြီ ပြောတော့ ကျမက ဘာဖြစ်လို့လဲ ဘဘလို့ မေးတဲ့အခါ ဦးသန့်ကို သူ့ (ဗိုလ်နေဝင်း) မိန်းမ ဒေါ်ခင်မေသန်းရဲ့ ဂူခြေရင်းမှာ ပေးလိုက်တယ်၊ ဦးသန့်လို လူမျိုးကိုတော့ ဒီလိုလုပ်ဖို့ မကောင်းဘူးလို့ပြောတယ်။

ကျမက ဘာမှမသိသေးတဲ့ အ. ထ. က(၄) တာမွေက (၇)တန်းကျောင်းသူ ဆိုတော့ ဦးသန့်ဆိုတာ ဘယ်သူလဲလို့မေးလိုက်တယ်။ ဦးသန့်ဟာ မြို့မှာ တတိယကမ္ဘာစစ်ကြီး မဖြစ်အောင် သူစွမ်းဆောင်ခဲ့လို့ ကမ္ဘာ့နိုင်ငံအသီးသီးက သိပ်တော်တဲ့ ဦးသန့်ဘယ်ကလဲ မေးတော့မှ ဦးသန့်ဟာ ဗမာ၊ ဗမာဟာ ဘယ်မှာလဲဆိုမှ မြန်မာပြည်မြေပုံလေးကို ကမ္ဘာကသိအောင် အမျိုးဂုဏ်ဆောင်တဲ့ ဦးသန့်ကို ထိုက်တန်တဲ့ ဗိမာန်တခုတော့ လုပ်ပေးသင့်တယ်လို့ ဘဘကပြောတော့ ကျမတို့ မြန်မာလူမျိုးထဲမှာ ဒီလောက် တော်တဲ့လူကို တအားဂုဏ်ပြုချင် တဲ့စိတ်တွေ ရရှိခဲ့တယ်။ ဒါ့အပြင် နေဝင်းဟာ သခင်နုဆီက အာဏာကို မတရား (၁၉၆၂)ကစပြီး သိမ်းပိုက်ခဲ့လို့ နေဝင်းကို အရမ်းမုန်းခဲ့တယ်။

သွားဝင်ချင်တဲ့ အချိန်ကစပြီး ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ဖျက်ဆီး မြန်မာလူမျိုး မြန်မာကျောင်းသားများကို ချုပ်ဆီးသတ်ဖြတ်ခဲ့တာ လူတိုင်း အသိပါပဲ။

ဗိုလ်ချုပ်သေဆုံးသွားခြင်းဟာ မြန်မာလူမျိုးတွေ့ရဲ့ဘဝ သေဆုံးသွား သလို ဖြစ်ချင်ရာတွေ ဖြစ်ပျက်တုန်တယ်ဆိုပြီး ဘဘကကျမကို အမြဲတမ်း နားသွင်း ခဲ့တယ်။ ကျမ အသက်အရွယ်နဲ့ ဒါတွေသိလာခြင်းဟာ ကျမ ဘဘ ကြောင့်ပဲဖြစ်ပါတယ်။

နောက်တနေ့မနက် ကျောင်းသွားမယ်ဆိုပြီး သူငယ်ချင်း ခင်သက်မာနဲ့ နှစ်ယောက် ဦးသန့်ဈာပနရှိရာ တက္ကသိုလ်ကျောင်းဝင်းအတွင်းကို လမ်းလျှောက်ပြီးလာခဲ့ရာ မွှာရုံရှေ့ လှည်းတန်းမီးပွိုင့်ထိပ်ကို ရောက်လာခဲ့တော့ ညနေ (၃း၃၀) ရှိနေပြီ။ လူအုပ်ကိုတွေ့ပြီး သူငယ်ချင်းက သူမလိုက်တော့ဘူး ဆိုတာနဲ့ ကျမဟာ ဘွဲ့နှင်းသဘင်ခန်းမရှေ့ကို ရောက်ရှိသွားပြီး အထဲမှာ ဦးသန့်ရဲ့အခေါင်းပေါ် ငြိမ်းချမ်းရေးအလံအုပ်ပြီး စင်မြင့်ပေါ်တင်ထားတာ ကျမတွေ့လိုက်ရတယ်။

ရဟန်းရှင်လူ ကျောင်းသားလူထုတွေ အလုပ်များနေကြတယ်။ ကျမက ကျောင်းသား အစ်ကို တယောက်ကို သွားပြီး ကျမ အ. ထ. က (၄) တာမွေက (၇)တန်းကျောင်းသူပါ၊ ဦးသန့်ဈာပနဖြစ်မြောက်ရေးအတွက် ပါဝင်ချင်လို့ပါ သွားပြောတော့၊ သူကကျမကို ကလေးမလေး ဘာတွေ လာပြောနေတာလဲ ဆိုတဲ့ပုံစံနဲ့ စိတ်ဝင်တစားခေါ်မယ့်သူ မရှိတာကြောင့် ကျမအပေါက်ဝ ပြန်ထွက် လာတဲ့ အခါမှာ အပေါက်ဝစင်မြင့်ပေါ်မှာ ဘုန်းကြီးတပါး တရားဟောပြီးဆင်း အလာ ကျမက စင်မြင့်ပေါ်တက်ပြီး ကျမဟာ (၇)တန်းကျောင်းသူ တယောက်ဖြစ်ကြောင်း။ ဦးသန့်လို ပုဂ္ဂိုလ်တယောက်ဟာ ဂုဏ်ပြုထိုက်သူ တယောက် ဖြစ်ကြောင်း၊ နေဝင်းဟာ သူ့ထက်သာလို့ မနာလိုဖြစ်ပြီး နေရာမပေးကြောင်း စတာတွေလို ကျမသိတာတွေကို တရားဟောပြောတဲ့အခါမှာ လူထုက တော်တော်လေးသဘောကျပါတယ်။ အဲဒါနဲ့ ကျမဟာ အဝတ်တထည် ကိုယ်တခုနဲ့ကျောင်းဝင်းထဲမှာနေပြီး နေဝင်းအစိုးရမကောင်းကြောင်းတရားကို ရက်ဆက် ဟောနေတာ (၁၀)ရက်နေ့မှာ မေမေနဲ့အစ်မတွေက ကျမတို့ကို ဖမ်းတော့မယ်ဆိုတာသိလို့ လာခေါ်တယ်။ ဂိတ်မှာတာဝန်ကျတဲ့ အစ်ကို

တယောက်က ဌေးဌေး၊ နင့်အမေနဲ့ အစ်မလို့ပြောတယ်၊ သွားတွေ့မလားလို့ လာခေါ်တယ်။ ကျမက အမေမရှိ အစ်မမရှိ။ ဘဘနဲ့ပဲနေတာ၊ ဒါထောက်လှမ်းရေးက လိမ်ပြီးခေါ်ခိုင်းတာဖြစ်မယ်လို့ လိမ်လိုက်တယ်။ မိခင်နဲ့အစ်မကို ခေါ်သွားလိုက်လို့ ကျမ အဲဒီညမှာပဲအဖမ်းခံခဲ့ရပါတယ်။

ဦးသန့်ဂူဘေးမှာဝိုင်းပြီး ကျမတို့ကျောင်းသားများဟာ မျက်ရည်ယိုဗုံးဒဏ်ကြောင့် မေ့လဲသွားခဲ့တယ်။ သတိရတဲ့အချိန်မှာ တန်းစီပြီး ကားပေါ်တက်ဖို့ စောင့်နေရပါတယ်။ အဲဒီအချိန်မှာ ဂူကို ကရိန်းနဲ့ ဆွဲတင်နေတာတွေ့ရပါတယ်။ မနက် (၅း၅၀)နာရီမှာ အင်းစိန်ထောင်ကို ရောက်ရှိခဲ့ပါတယ်။

ကျမတို့နဲ့ ဘဝတူ ကျောင်းသား ကျောင်းသူ၊ ပြည်သူ ဈေးရောင်းသူက အစ အမျိုးသမီး (၁၆၇)ယောက် အဖမ်းခံခဲ့ရတယ်။ (၁၂)ရက်နေ့ မနက် (၉)နာရီလောက်မှာ ထောင်ပိုင်နဲ့ စစ်ထောက်လှမ်းရေး (၄-၅ )ဦးခန့်က ကျောင်းသူတွေ ထွက်ခဲ့လို့ ပြောတော့ ကျမ အခန်းထဲကနေ ထချိန်မှာ အတူတူလုပ်ခဲ့တဲ့ စုစုမာ ငိုတယ်၊ သူကြောက်တယ်တဲ့၊ ကျမကိုမထွက်ပါနဲ့တဲ့။ ကျမကလုပ်ရဲတယ် ခံရဲတယ်။ ထွက်မယ်ဆိုပြီး ထွက်ခဲ့တော့ ကျောင်းသူ (၇) ယောက်လောက်ရှိမယ်။ ကျမတို့ ထွက်တဲ့ လူတွေထဲမှာ ထောက်လှမ်းရေးတယောက်က နင်တို့ထဲမှာ နော်ကူးမဆိုတာ ဘယ်သူလဲ လို့မေးတဲ့အခါ ကျမက ထပြီး ကျမပဲလို့ ပြောလိုက်တော့ နောက်ကနေ ခြေထောက်ကို ဖြတ်ရိုက်လိုက်တာ ရှေ့ကိုလဲကျတော့ မျက်နှာကို စောင်နဲ့အုပ်ပြီး စစ်ကြောရေး ရုံးခန်းထဲမှာ ပုံစံအမျိုးမျိုးနဲ့ အစစ်ဆေးခံခဲ့ရပါတယ်။

ထောင်ဆိုတာ နိဗ္ဗာန်မဟုတ်မှန်းသိပေမဲ့ ကျမလုံးဝမကြောက်ခဲ့ပါဘူး။ အစကထဲက သူတို့ကိုတော်လှန်ရင် ဒီလိုဖြစ်မယ်ဆိုတာကျမရဲ့ဘဘက နမူနာရှိပြီးသားပဲ။ မကြောက်လို့လုပ်ခဲ့တဲ့အတွက် သေသည့်အထိ ကျမ နောင်တမရဘူး။

နာရီနဲ့နေ့ရက်တွေမှာ ကျမဘယ်မှာရှိတယ်။ ဘာတွေလုပ်တယ်။ နေ့စဉ် မကောင်းကြောင်းတွေ ဟောခဲ့တယ်လို့ အစစ်ခံခဲ့တယ်။ ကျမ ဒီလိုတွေဟောပြောတာ ဘယ်သူမြှောက်ပေးလို့လဲတဲ့။ ကျမက ဘယ်သူမှမြှောက်ပေးတာမဟုတ်ဘူး၊ ကျမစိတ်နဲ့ကျမလုပ်တာ လို့ပြောခဲ့တယ်။ ဒါအမှန်ပဲ၊ (၁၉၇၅) နှစ်ထဲမှာ ဘဘကို (၄)လ ခေါ်ဖမ်းခဲ့သေးတယ်။

(၇-၄-၇၅) ခုနှစ် အင်းစိန်စစ်ခုံရုံး (၁)မှာ ဗိုလ်မှူးလှိုင်ဘွား (ရေတပ်) တဦးစီးပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၅) နှစ်ချခဲ့တယ်။ အမျိုးသမီး (၁၆၇) ယောက်ထဲမှာ (၁၆၆)ယောက်လွှတ်ပြီး ကျမတယောက်ထဲ ထောင်ကျခဲ့တယ်။

ကျမတို့ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ခြောက်လုံးပြူး တလက်နဲ့ လှည်းတန်းမှာ ဖမ်းဆီးခဲ့တယ်။ သူ့ကို လူသတ်လက်နက်ကိုင်ဆောင်မှုနဲ့ သေမချင်းကြိုးကွင်းစွပ်၍ သတ်စေ ဆိုပြီး သတ်မိန့်ပေးခဲ့တယ်။ (၁၉၇၆) ဇွန် (၂၆)ရက်နေ့ မနက် (၅)နာရီမှာ ကျမတို့နောက်ဖက် လူသတ်စင်မှာ ကြေးစည်တီးပြီးခေါ် သွားတဲ့နေ့ဟာ ကျမထောင်ထဲမှာ အကြေကွဲဆုံး နေ့တနေ့ ပါပဲ။

ထောင်ထဲမှာ (၃)နှစ် (၄)လနေခဲ့ပြီး (၇-၄-၇၈) ရက်နေ့မှာ ထောင်က လွှတ်ခဲ့ပါတယ်။ ထောင်ကထွက်တုန်းက ကျမ တိုက်ပိတ်ခံနေရတဲ့အခန်းက ထွက်ခဲ့ရပါတယ်။

ထောင်ကထွက်လို့ ကျောင်းအပ်ဖို့ ကျောင်းကိုရောက်တော့ ရာသက်ပန် ကျောင်းကထုတ်လိုက်ပြီတဲ့။ နေဝင်းအစိုးရ ကြေညာတဲ့ကျောင်းသား (၅၂) ယောက်မှာ ကျမတယောက်ပဲ မိန်းကလေး၊ အသက်အငယ်ဆုံး၊ နံပတ် (၅၂) ဖြစ်လို့ပါပဲ။

(၁၉၈၈) ခုနှစ်၊ အရေးအခင်းဖြစ်လာတဲ့ အချိန်မှာ ကျမတို့ (၁၉၇၄) ဦးသန့်၊ (၁၉၇၅) ရွှေတိဂုံသပိတ်၊ (၁၉၇၆) သခင်ကိုယ်တော်မှိုင်းသပိတ်မှာ ပါဝင်ထောင်ကျခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေဟာ တခန်းကဏ္ဍ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ ခါးသီးတဲ့ထောင်ကျဘဝကို ရင်ဆိုင်ခဲ့ဖူးပေမဲ့ နောက်ဆုတ်မသွားပါဘူး။ ဘယ်လိုအခြေအနေတွေ အချိန်တွေ ပြောင်းပြောင်း စစ်အာဏာရှင်တွေကိုမုန်းတီးတဲ့ ကျမရဲ့စိတ်က ဒုတိယအကြိမ် သား(၃) ယောက်နဲ့အတူ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ရန်ကင်းမြို့နယ်၊ ကွမ်းခြံကုန်း၊ အမေရိကန်သံရုံးရှေ့၊ ရန်ကုန်မြို့အနှံ့ လိုက်လံတရားဟောခဲ့ပါတယ်။

ဒီတကြိမ်ပြောရတဲ့စကားတွေဟာ ကျမရဲ့ရင်တွင်းခံစားချက်တွေ အစစ်ပဲ။ နေဝင်းအစိုးရဟာ အာဏာနဲ့ပတ်သက်လာရင် ကျမလို ငယ်ရွယ်တဲ့ မိန်းမသားတယောက်ကိုတောင် ရက်ရက်စက်စက် ထောင်ချခဲ့သလို ကျမတို့ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ခြောက်လုံးပြူးသေနတ်တလက်နဲ့ လှည်းတန်းမှာဖမ်းမိတာကို လူသတ်လက်နက်ကိုင်ဆောင်မှုနဲ့ မသေမချင်း

ငြိမ်းချမ်းစွာ သတ်စေဆိုတဲ့အမိန့်ကို ပေးခဲ့တယ်။ သေနတ် ကိုင်ဆောင်တဲ့ လူသိုင်း ဒီလိုအသတ်ခံရင် ဒီနေ့တိုင်းပြည်နဲ့ လူမျိုးကို နည်းမျိုးစုံနဲ့ သတ်နေတဲ့ ဒေသကို ကျမတို့ ဘယ်လိုအရေးယူကြမလဲလို့ ပြောဆိုတဲ့ကျမကို လူထုတွေက တအားသဘောကျခဲ့ပါတယ်။ ကိုဇာဂနာတို့ မိခင် ဒေါ်ကြည်ဦးနဲ့ ဘဘ နန်းသွန့်ဆွေတို့နဲ့အတူ လှုပ်ရှားခဲ့တယ်။

အရေးအခင်းပြီးတဲ့အချိန်မှာ ကျမကိုလာဖမ်းဖို့ ည(၂)နာရီလောက် တံခါးလာခေါက်တယ်။ ဒီအချိန် လာခေါ်တဲ့သူဟာ မုန့်ကျွေးဖို့ မဟုတ်ဘူးဆိုတာကို သိလို့ ခပ်တည်တည်နဲ့တံခါးဖွင့်ပေးလိုက်တယ်။ ဒေါ်ငွေးငွေးဝင်း တွေ့ချင်လို့တဲ့၊ ကျမက သူပြန်မလာတာ (၃) ရက်ရှိပြီ။ ဘာကိစ္စရှိလို့လဲ၊ လာရင်ဘာပြောရမလဲ မေးတော့ ဘယ်သွားလဲတဲ့။ ကျမမသိဘူး။ ကျမနဲ့ စကားမပြောတာကြာနေပြီ၊ ကျမကပြောတော့ ပြန်သွားကြတယ်။ ခင်ပွန်းဟာ ကျန်းမာရေးဝန်ကြီး ဦးသန့်ဇင်ရဲ့ညီ ဖြစ်လို့သူတို့အသိုင်းအဝိုင်းထဲမှာပဲ လှုပ်ရှားပြီး နေလိုက်ထွက်ပြေးပုန်းရှောင်လိုက်နဲ့ ကျမရပ်တည်ခဲ့ပါတယ်။

ငွေးငွေးဝင်း

မှတ်ချက်။ ။ ၂၀၀၆ ခုနှစ်တွင် ရဝံစာပေမှ ထုတ်ဝေသည့် **"အရေးတော်ပုံ (၄) စောင်တွဲ"** စာအုပ်မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

# ကျွန်တော်ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ဦးသန့်အရေးအခင်း

ကျော်စိုး

ဦးသန့်အရေးအရေးအခင်းမှာ ပါဝင်ခဲ့ပုံကို ကျွန်တော်သတိရသမျှ တင်ပြ ခြင်းသာဖြစ်ပါသည်။ (၁၉၇၄)ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ (၁၉၇၄)ခုနှစ်၊ ဇွန်လတွင် အလုပ်သမားအရေးအခင်း ဖြစ်ခဲ့ပါသည်။ ပင်းယဆောင်တွင် နောက်ဆုံးနှစ် ကျောင်းသားအဖြစ်နှင့် ရှိခဲ့ပါသည်။ အတန်းတင်စာမေးပွဲ ဖြေဆိုနေရသော အချိန်လည်းဖြစ်သည်။

အလုပ်သမားအရေးဖြစ်နေသော ညတစ်ညတွင် ပင်းယဆောင်ရှေ့သို့ အလုပ်သမားများဟု ယူဆရသော လူတစ်စုရောက်လာပြီး ကျောင်းသားများအား သူတို့နှင့်ပူးပေါင်းဖို့ ဖိတ်ခေါ်ပါသည်။ ကျောင်းသားများကလည်း စာမေးပွဲပြီး တာနှင့် ပါဝင်မည်ဖြစ်ကြောင်း ပြန်ပြောသောအခါ လာခေါ်သူလူတစ်စုက မကျေမနပ်နှင့် ပြန်သွားကြပါသည်။

တက္ကသိုလ်ကျောင်းသားများနှင့်ပတ်သက်၍ ထိုအချိန်က ဗိုလ်မှူး မြင့်ရွှေ (ကာကွယ်ရေးဝန်ကြီးဆန္ဒနယ်)က **"တက္ကသိုလ်ကျောင်းသားများအပါအဝင် ကျောင်းသားထုကို အလုပ်သမားများ ဆန္ဒပြတိုက်ပွဲဝင်ရာမှာ ပါဝင်လာအောင် ဆွဲဆောင်တဲ့ လုပ်ဆောင်ချက်ကိုလည်းတွေ့ရပါတယ်။ အလံကိုင်အလုပ်သမား (၂၀၀)ခန့် တက္ကသိုလ်နယ်မြေကိုဝင်ခဲ့ပြီး ကျောင်းသားတွေကို စည်းရုံးဖို့စီစဉ်တာဟာ အလွန်ကြီးမားတဲ့ မဟာအကြံအစည်ဖြစ်ကြောင်း-**

သို့သော်လည်းပဲ ယနေ့ ကျောင်းတော် သားတွေဟာ ဆိုရှယ်လစ်ဘက် တော်သားတွေအဖြစ်ပြောင်းလဲ နေပြီကို မသိသေးလို့သာ အဖျက်သမားတွေ ခံသွားရခြင်းဖြစ်ပါတယ်"ဟု အဲဒီအချိန်က တစ်ပါတီအာဏာရှင် စနစ်အောက်က လွှတ်တော်မှာ တင်ပြခဲ့ပါသည်။အဲဒီလူ အဲဒီအချိန်က စာရွက်ကိုင်ပြီး ဖတ်ခဲ့ရတဲ့ တစ်တိုင်းပြည်လုံးကို နှိပ်ကွပ်မည့် အလိမ်အညာစကားများမှန်၊ မမှန်ဆိုသည်ကို ဦးသန့်အရေးအခင်းနှင့်(၇၄-၇၆)နိုင်ငံရေးအင်အားစုများက သက်သေပြခဲ့ပါသည်။ ဒီနောက်တော့ စာမေးပွဲတွေလည်းပြီး၊ အလုပ်သမားသပိတ်လည်း ဖြိုခွဲခံလိုက်ရပါသည်။ စာမေး ပွဲအောင်စာရင်းထွက်ပြီး နောက်ဆုံးနှစ်အောင်မှန်း သိသော်လည်း အပြင်ဆောင် သူငယ်ချင်းများ၏ သံယောဇဉ်နှင့်အိမ်မပြန်နိုင်ဘဲ ကျောင်းအနီးတစ်ဝိုက်မှာပင် ရှိနေခဲ့ပါသည်။

ဦးသန့်အရေးအခင်းဖြစ်လိမ့်မည်ဟု မျှော်မှန်းမထားပါ။ (၁၉၇၄)ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့ ညနေမှာတော့ ဦးသန့်ရုပ်အလောင်းအား ပို့ဆောင်သူတစ်ယောက်အနေနှင့် ကျိုက္ကဆံကွင်းသို့ သွားခဲ့ပါသည်။ သူငယ်ချင်းတချို့လည်းပါပါသည်။

ကျိုက္ကဆံကွင်းအတွင်း ဖြစ်ပျက်ခဲ့သည်များကို ကျွန်တော်မသိပါ။ ဒါပေမဲ့ ပြည်သူလူထု (သံဃ'အလုပ်သမား'ကျောင်းသားများ)မှ ဦးသန့်၏ ရုပ်အလောင်းကို ကြံတောသင်္ချိုင်းသို့ မပို့ဆောင်လိုကြောင်းနှင့် သီးသန့်နေရာတစ်ခုတွင် မြှုပ်နှံ သင်္ဂြိုဟ်လိုကြောင်း ကြားသိလိုက်ရပါသည်။ ကျွန်တော်သဘောတူလိုက်ပါသည်။

ဘာလုပ်ရင်ကောင်းမလဲဟု ရုတ်တရက်စဉ်းစားလိုက်ပါသည်။ ဦးသန့်ရုပ်ကလာပ်ကို ရယူထားဖို့ အဓိကဖြစ်ပါသည်။ ကျိုက္ကဆံကွင်းမှ ထွက်လာသောကားများ ဟာမစ်တစ်မီးပွိုင့်မရောက်မီ အလောင်းတင်ထားသောကား၏ ယာဉ်မောင်းဘက်ခြမ်းခြေနင်းခုံသို့ တွယ်တက်လိုက်ပြီး ယာဉ်မောင်းအား စည်းရုံးပါတော့သည်။ ယာဉ်မောင်းသည် ကြံတောသုသာန်သို့သွားမည်ဟု ထင်နေပါသည်။ ကုက္ကိုင်းဘက်သို့ချိုး၍ ထိုမှတစ်ဆင့်ကမာရွတ်ဘက်သို့ ပတ်မောင်းပေးပါရန်နှင့် တက္ကသိုလ်ကျောင်းရှေ့တွင် ကျောင်းသားများ ဂါဝရပြုရန်စောင့်ဆိုင်းနေကြောင်း မေတ္တာရပ်ခံပြီးခေါ်လာခဲ့ပါသည်။

ရုပ်ကလာပ်တင်ဆောင်ထားသော ယာဉ်နောက်မှ အသုဘပို့ဆောင်

သော သူများသည် **"ဦးသန့်ဈာပနဖြစ်မြောက်ရေး. . ဒို့အရေး" "အလုပ်သမား ကျောင်းသားညီညွတ်ရေး. . ဒို့အရေး" "ကျောင်းသား သံဃာ ညီညွတ်ရေး. . ဒို့အရေး"** စသည့် ကြွေးကြော်သံများတိုင်ပြီးလိုက်လာကြပါသည်။ ကုက္ကိုင်း ထိုမှတဆင့် ကမာရွတ်ဘက်သို့ သွားသည်အထိ ကားဆရာအား ပြောစရာမလို တော့ပါ။ ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၏ အဓိပတိလမ်းထိပ်ရောက်တော့ တစ်မျိုးထပ် ပြောရပါသည်။ အဲဒီစကားကလည်း အဲဒီ ယာဉ်မောင်းကြီးအား ကျေးဇူးတင်စွာ နှင့်နောက်ဆုံးပြောလိုက်သော စကားဖြစ်ပါသည်။ **"ဆရာကြီးရယ်. . ကျောင်း ထဲဝင်ပြီး ဘွဲ့နှင်းသဘင် ခန်းမရှေ့သာ ချထားပေးခဲ့ပါ တော့ဗျာ". .** ပေါ့။

မှောင်ရီသန်းလာသောအခါ ဘွဲ့နှင်းသဘင်ခန်းမရှေ့မှ ဘွဲ့ယူရာ စင်မြင့်ထက်သို့ အလောင်းအား သယ်ယူ၍ ဂါဝရပြုသောအစီအစဉ်စပါ တော့သည်။

ထို့နေ့ထိုအချိန်မှစ၍ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တစ်ခုလုံး လူပင်လယ်ကြီး ဖြစ် နေပါတော့သည်။ အဲဒီညမှာပဲ ဈာပန ဖြစ်မြောက်ရေးကော်မတီဖွဲ့သည်။ ကျွန်တော်နှင့်ကျွန်တော့်သူငယ်ချင်း များမပါပါ။ နောက်နေ့မှာ တစ်ခါပြင်ဆင်၍ ထပ်ဖွဲ့ပါသည်။ အဲဒီမှာလည်း မပါပါ။ ရှုတ်တရက်ကြီးထဖြစ်တဲ့ ကိစ္စဆိုတော့ ကိုယ်နှင့်သိကျွမ်းတဲ့သူကိုပဲ အသိပေးပြီး ကိုယ့်စိတ်ထဲရှိတာကို လုပ်နေရပါ သည်။ ကျောင်းသို့ရောက်ကတည်းက ဖြစ်ခဲ့သမျှ အရေးအခင်းတွေ (ကျွန်းဆွယ်၊ (၁၉၆၉)ခုနှစ်၊ ဒီဇင်ဘာလ၊ (ကမာရွတ်ဂါတ်တဲ မီးရှို့မှု- (၁၉၇၄) မတ်လ ထက်သာပြီ ဆိုတာတော့နားလည်လိုက်ပြီ။

ဈာပနဖြစ်မြောက်ရေးအတွက် အလှူခံခြင်းကိစ္စ၊ ရက်ကြာသည်နှင့် အမျှ ကျောင်းထဲမှာ လှုပ်ရှားနေသော ပုဂ္ဂိုလ်ပေါင်းစုံတို့၏ စားသောက်ရေး အတွက် ရိက္ခာအလှူခံခြင်းကိစ္စမှန်သမျှ ဘယ်ပုံဘယ်နည်း ဘယ်သူစီစဉ်နေမှန်း မသိဘဲ အဆင်ပြေပြီးရင်း ပြေနေပါတော့သည်။

ကျွန်တော်ဆိုလိုသည်မှာ စလုပ်ကတည်းက တစ်ယောက်နှင့် တစ်ယောက် နဂိုသိပြီးသားလူတွေက လုပ်သင့်တာ လုပ်လိုက်ပြီး လူကိုမသိ သော်လည်း သူလုပ် တာကို ကူညီနိုင်ရင် ကူညီလိုက်ခြင်းကို ဆိုလိုပါသည်။

သိကြတဲ့အတိုင်း အဲဒီအချိန်က နာမည်ဘယ်သူဘယ်ဝါ အသိမပေးဘဲ လုပ်နေရခြင်းဖြစ်ပါသည်။ ဒါကြောင့်လည်း ကျွန်တော်တို့ကို ဖမ်းခေါ်သွားပြီး

တော်တော်ကြာကြာ စစ်ဆေးပြီးမှ ကျောင်းသား (၄၆)ယောက်၊ ကျောင်းသူ (၂) ယောက်နှင့် သံဃာ (၆)ပါး၊ စုစုပေါင်း (၅၂)ဦးသာ ထောင်ချနိုင်ပါသည်။

ကျွန်တော်သည် အရေးအခင်းဖြစ်ကတည်းက အပြင်သို့မထွက်ဘဲ ဘွဲ့နှင်းသဘင်ခန်းမပတ်ဝန်းကျင်လောက်သာ လှုပ်ရှားနေတော့ မန္တလေးဆောင်တွင် ဗျာပနကော်မတီတစ်ခု ပေါ်နေသည်ကိုလည်း မသိပါ။ နောက်တော့မှ သိပါသည်။

ကျွန်တော်၏ တစ်ယောက်တည်းစိတ်သည် ဒီအရေးအခင်းကြီး ကြာကြာ ဖြစ်နေဖို့ပဲ လိုသည်ဟု ယူဆထားပါသည်။ ဒါကြောင့် ကြုံလာသော ကိစ္စမှန်သမျှ အဆင်ပြေအောင်ပြောရပါသည်။

အသံချဲ့စက်မှ တရားဟောခြင်းအလုပ်ကိုတော့ မည်သူဟောသည်ဖြစ်စေ၊ ရေးသားချက်ကို စစ်ဆေးပြီးမှ ဟောစေပါတော့သည်။ ထိုအချိန်မှစ၍ ကျောင်းသားများ၏ လုပ်ဆောင်ချက်အား ယဉ်ကျေးသိမ်မွေ့လာသည်ဟု ထင်မြင်လာကြပါသည်။ သံဃာနှင့် ပုဂ္ဂိုလ်အတော်များများလည်း ပြောကြ ဟောကြပါသည်။

လုပ်နေရင်း ဘွဲ့နှင်းသဘင်ခန်းမနှင့် မန္တလေးဆောင် ဗျာပနကော်မတီအကြား အယူအဆအချို့ကွဲလွဲနေသည်ဟု ထင်ပါသည်။ ထိုအချိန်တွင် မန္တလေးဆောင် ဗျာပနကော်မတီမှာလည်း ကျွန်တော်သိတာ တစ်ယောက်မျှမရှိပါ။ သူတို့ အားလုံး ကျောင်းတက်နေဆဲ ကျောင်းသားများဖြစ်ပါသည်။

ဘွဲ့နှင်းသဘင်ခန်းမမှာလည်း ကိုယ်သိသောသူလောက်ကိုသာ လုပ်ပုံကိုင်ပုံပြော၍ မသိသောသူကို မသိယောင်ဆောင်ပြီး လုပ်နေရပါသည်။ သို့သော် အားလုံးကိုတော့ အင်အားလို့သာပဲ ယုံကြည်ထားပါသည်။

ဗျာပနကော်မတီနှင့် ရန်ကုန်တိုင်းကောင်စီတို့ အချိတ်အဆက်လုပ်ကြပါသည်။ ရန်ကုန်တိုင်းကောင်စီမှ ကျောင်းသားများ တောင်းဆိုထားသော နေရာတစ်ခုအနက် တစ်ခုဖြစ်သော ကန်တော်မင်ပန်းခြံနေရာကိုပေးပါသည်။ ကျောင်းသားများအပါဝင် ပြည်သူအများစုကလည်း ကျောင်းသားသမဂ္ဂမြေနေရာမှာ ဂူသွင်း သင်္ဂြိုဟ်လိုကြပါသည်။ ၎င်းနေရာမှာလည်း ဗိသုကာကျောင်းသားများ၏ စုပေါင်းလက်စွမ်းဖြင့် အလွန်လှပသော ဂူတစ်ခုပြုလုပ်ပြီးစီးနေပေပြီ။ ခက်ပြီ။ ဘယ်မှာချမလဲ၊ လွယ်ပါသည်။ ကျွန်တော်တစ်ယောက်တည်းဆန္ဒအရတော့ ကျောင်းထဲမှာပဲချမည်။ ဂူလည်းလုပ်ပြီးပြီ။ အဲဒီအချိန်တုန်းက ကျွန်တော်

ရေဆန်လမ်းကို ကြိုက်နေသည်။

ကိုကြည်ဝင်းနှင့် သူ့လူတစ်ချို့ကတော့ အစိုးရပေးတဲ့အတိုင်း ပို့လိုက်ရင် ကျောင်းသားများရော ပါဝင်ပတ်သက်သူအားလုံး အရေးယူခံရမှာမဟုတ်ဘူးလို့ ယုံကြည်နေပါသည်။ သူ့ကို ဘာမှပြန်မပြောဘဲလုပ်စရာရှိတာသာ ဆက်လုပ်နေသည်။ (၇. ၁၂. ၁၉၇၄)နေ့ညမှာတော့ မန္တလေးဆောင်သို့သွားပြီး စနည်းနာကြည့်သည်။ သူတို့လည်း ကျွန်တော်နှင့်အကြံတူနေပါသည်။

ဒီဇင်ဘာ (၈)ရက်နေ့မှာတော့ အလောင်းကိုပို့ရတော့သည်။ ကိုယ့်စိတ်ကူး နှင့်ကိုယ်ပို့ရတော့မည်။ ဘယ်သူမှ အတိအကျမပြောနိုင်သေး။ ကျွန်တော်ကတော့ မိမိဘာသာတိကျနေပါသည်။ အလာတုန်းကလိုပဲ အလောင်းတင်သွားမည့်ကား၏ ယာဉ်မောင်းကို စည်းရုံးရပြန်သည်။ ကိုယ့်ဘက်ပါသည်။ ကြိုတင်ကြံစည်ထားတော့ လွယ်သွားသည်။ ကျွန်တော် တို့ပြန်ကြားရေးဌာနမှ စကားပြော ကောင်းသော မဌေးဌေးဝင်းကို ဘွဲ့နှင်းသဘင် ခန်းမမှ ထွက်ကတည်းက ရှာပနပို့ ဆောင်ခြင်းနှင့်ဆိုင်သော အကြောင်းအရာ များကို ဟောပြောစေပါသည်။ တက္ကသိုလ်ကျောင်းသူမဟုတ်ပေမယ့် စကားပြောအတော်ကောင်းပါသည်။ အေးအေးဆေးဆေး တရွေ့ရွေ့ရှာပန ယာဉ်ထွက်ခွာနေပါသည်။ အဓိပတိလမ်းထိပ် တက္ကသိုလ်သမဂ္ဂ အဆောက်အဦးနေရာဟောင်းရောက်တော့ ဦးသန့်တို့ မိသားစုနှင့်ကျောင်းသား များအား ထိပ်တိုက်ဆုံပေးပြီး ကန်တော်မင်ပန်းခြံသို့ ပို့ဆောင်ပေးဖို့ပြောပါသည်။ မရတော့ပါ။ အားလုံးရဲ့ဆန္ဒနှင့်အညီ သဘောတူ ကြောင်းကြေညာ၍ အလောင်းအားဂါဝ ရပြုပြီး ဂူထဲသို့ထည့်၍ ပိတ်လိုက်ပါသည်။ အဲဒီနေ့ညမှာပဲ လုပ်ဖော်ကိုင်ဖက်ရှိ သလောက်ကို ကျွန်တော် အစည်းအဝေးခေါ် လိုက်ပြီး ယခု ဒီမှာ မြှုပ်နှံလိုက်လို့ သဘောမတူကြရင်လည်း ဒီလောက်နဲ့ပဲပြန်ကြဖို့ပြောပါသည်။ ကျွန်တော်တို့ကတော့ ဆန္ဒရှိတဲ့လူတွေ တိုင်ပင်ပြီး ဦးသန့် ဗိမာန်တည်ဆောက်ရေးဆိုတဲ့ ကြွေးကြော်သံအသစ်ပြောင်းပြီး ဆက်လုပ်ဖို့ ဆုံးဖြတ်ကြပါတယ်။

ဒီဇင်ဘာ (၈)ရက်နေ့ ညရောက်တော့ ဆက်လက်လုပ်ဆောင်မယ့် လူတွေလည်း အတော်နည်းသွားပါပြီ။ ဘွဲ့နှင်းသဘင်မှ ပြန်ကြားရေးဌာနကို လည်း အားကစားရုံကို ရွှေ့ပြီး ဆက်လက်စခန်းသွားပါတော့သည်။ ဒီဇင်ဘာ (၉)ရက်နေ့ည၊ (၁၀)ရက်နေ့ညတွေမှာလည်း ဦးသန့်ဗိမာန်တည်ဆောက်ရေးကိုပဲ ရှေ့တန်း

တင်ပြီး အခြားအကြောင်းရာများနှင့်တွဲ၍ ဟောပြောရပါသည်။

အစိုးရမှာလည်း ဒီနေရာမှဆုတ်ခွာပေးဖို့ တောက်လျှောက်သတိပေးနေပါတော့သည်။ ကျောင်းသားများဘက်မှလည်း **"တစ်လက်မမျှ နောက်ဆုတ်ပေးလိမ့်မယ်မဟုတ်"** ဟူသော တုံ့ပြန်ချက်မှလွဲ၍ အခြားဘာမှမပြောတော့ပါ။ ပြန်ကြားရေးဌာနကတော့စကတည်းက ဆုံးသည့်အထိအုပ်ချုပ်သူတွေရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုတွေကို သံဃာအသီးသီး၊ ပုဂ္ဂိုလ်အသီးသီး၊ ကျောင်းသားအသီးသီးတို့အား ဟောပြောစေခဲ့သည်။ လာရောက်အားပေးသည့်ပြည်သူလူထုကလည်း ထောက်ခံကြပါသည်။ ပြည်သူလူထုထောက်ခံမှုမပါရင်လည်း ကျွန်တော်တို့လုပ်ဆောင်တာ မအောင်မြင်နိုင်ပါဘူး။

တက္ကသိုလ်ဂိတ်ဝအသီးသီးကို ညဘက်မှာ လုံခြုံရေးတွေပို့ချ။ တရားဟောကောင်းတဲ့ ပုဂ္ဂိုလ်တွေတရားဟောဖို့ဖိတ်ခေါ် (ရွှေနေကြီး ဦးကျော်လင်းတို့လိုပေါ့ဗျာ)။ အဲဒီလိုနဲ့ပဲ အချိန်ဖြုန်းနေရပါသည်။ အစိုးရက ဒီအတိုင်းမထားဘူးဆိုတာ သိနေပါသည်။ ကျွန်တော်တို့ကလည်း (၈)ရက်နေ့က တည်းက ကိုကြည်ဝင်းတို့ကို ပြောခဲ့တဲ့အတိုင်း ဒီအလောင်းကြီးကိုတော့ ဒီအတိုင်းမထားခဲ့ဘူးပေါ့။ နောက်ဆုံး အထိတာဝန်ယူသွားရမှာပါ။ ဒီဇင်ဘာ (၁၀)ရက်နေ့မှာတော့ လှုပ်ရှားမှုက ပြောင်းလာပါပြီ။ ညဘက်တရားဟောတာ နားထောင်နေတဲ့လူတွေကလည်း အဲဒီညမှာ ပိုပြီးပြန်ကြပါသည်။ လူတွေကပါးသထက်ပါးလာသည်။ ကျွန်တော်တို့ကလည်း ဂိတ်တွေမှာ သော့တွေဝယ်ခတ်တဲ့အထိလုပ်ကြတယ်။ ပြန်တဲ့ ပရိသတ်တွေ ကိုတော့ **"ခဏလေးနေကြပါဦး၊ အစီအစဉ်တွေရှိလို့ပါ"** ဆိုပြီး ဘာလုပ်ရမှန်းမသိသည့် အစီအစဉ်တွေကိုပြောပြီး လူတွေမပြန်ဖို့ မေတ္တာရပ်ခံ၏။။ ဒါပေမယ့် ပြန်တဲ့ လူတွေကလည်း ခွတ်ပြန်ကြတာပါပဲ။ ဒီဇင်ဘာ (၁၁)ရက်နေ့ နံနက်(၂)နာရီ လောက်မှာတော့ စစ်တပ် ပတ်ဝိုင်း၊ မျက်ရည်ယိုဗုံးတွေနဲ့ပစ်ခတ်။ ကျွန်တော် အသက်ရှုကျပ်တော့ ပြေးတယ်။ အင်းဝဆောင်ပေါ် ရောက်တယ်။ မျက်ရည်ယိုဗုံးတွေနဲ့ ဆက်ထုတယ်။ အသက်ရှုကျပ်တော့ လွယ်လွယ်လေးနဲ့အဖမ်းခံလိုက်ရသည်။ စစ်ထရပ်ကားကြီး တွေပေါ်တက်ခိုင်းပြီး ထောင်အသီးသီးကို ပို့တော့တာပါပဲ။

ထောင်ထဲရောက်တော့လည်း အပြင်မှာအတိုင်းလူပင်လယ်ကြီးပါပဲ။ ကြောက်ရ ရွံ့ရမှန်းမသိကြသေးပါ။ စစ်ကြောရေးကာလ (၄)လပြီးတော့ သံဃာ

(၆)ပါး ကျောင်းသား/သူနှင့် အလုပ်သမား (၄၆)ယောက်ထောင်ကျပါသည်။

"သံဃာ (၆)ပါး"

၁။ ဦးသီလစာရ
၂။ ဦးပရမဝဏ္ဏသိဒ္ဓိ
၃။ဦး----------( မကွေးဆရာတော် )
၄။ ------------
၅။ ------------
၆။ ------------

အလုပ်သမားနှင့် ကျောင်းသား/သူနှင့် (၄၆)ယောက်

| | | |
|---|---|---|
| ၁။ | ဦးရဲထွန်း (ရွှေနေ) | (၁၀)နှစ် |
| ၂။ | ဦးဘထွန်း (ချင်း) | (၇)နှစ် |
| ၃။ | ကိုသက်ဦး (စစ်ကိုင်း) | (၆)နှစ် |
| ၄။ | ကိုသိန်းဝင်း (ပြည် R.I.T.) | (၇)နှစ် (ကွယ်လွန်) |
| ၅။ | ကိုရဲထွန်း (ခ)ရဲမြင့်သန်း | (၇)နှစ် |
| ၆။ | ကိုစံမင်း (ပန်းချီ) | (၄)နှစ် |
| ၇။ | ကိုရဲမြင့် (ပန်းချီ) | (၄)နှစ် |
| ၈။ | ကိုရာကျော် (ပန်းချီ) | (၄)နှစ် |
| ၉။ | ဒေါ်လဖင် တင့်ဆွေ | (၅)နှစ် (ကွယ်လွန်) |
| ၁၀။ | ကျားကြီးတင့်ဆွေ | (၃)နှစ် (ကွယ်လွန်) |
| ၁၁။ | ကိုဝင်းနောင် | (၁၀)နှစ် (ကွယ်လွန်) |
| ၁၂။ | ကိုထွန်းသိန်း | (၅)နှစ် (ကွယ်လွန်) |
| ၁၃။ | ကိုထွန်းထွန်း | (၅)နှစ် (ကွယ်လွန်) |
| ၁၄။ | ကိုဇော်ငြိမ်းလတ် | (၇)နှစ် |
| ၁၅။ | ကိုငြိမ်းဝေသစ် | (မသိ) |
| ၁၆။ | ကိုသန်းမြင့် (ဒါးကြီး) | (၁၀)နှစ် |
| ၁၇။ | ကိုမြင့်ကြူ (ရေတပ်) | (၃)နှစ် |

| | | |
|---|---|---|
| ၁၈။ | ကိုရာဇာမင်း (ပန်းရံဆရာ) | (၃)နှစ် |
| ၁၉။ | ကိုစိုင်းသိုက်နန်း | (၆)နှစ် |
| ၂၀။ | ကိုစိုးတင့် (ဥက္ကဌ) | (၇)နှစ် (ပြည်ပ) |
| ၂၁။ | ကိုသောင်းအေး (မအူပင် NLD) | (၇)နှစ် |
| ၂၂။ | ကိုလှမြင့် (ဆေးနောက်ဆုံး) | မသိ |
| ၂၃။ | ကိုထွန်းကျော်ငြိမ်း (ဆေး)ပြည်ပ | (၇)နှစ် |
| ၂၄။ | ကိုဘိုဘိုကျော်ငြိမ်း (RIT) (ပြည်ပ) | (၇)နှစ် |
| ၂၅။ | ကိုသန်းလွင် (ဘုန်းကြီး) | (၇)နှစ် |
| ၂၆။ | ကိုငွေအောင် (သူရဲလေး) (ကွယ်လွန်) | (၇)နှစ် |
| ၂၇။ | ကိုသက်လှိုင် (RIT) | (၇)နှစ် |
| ၂၈။ | ကိုကြည်ဝင်း (ဒု-ဥက္ကဌ)(ကွယ်လွန်) | (၇)နှစ် |
| ၂၉။ | ကိုကျော်စိုး (သက္ကလ) | (၅)နှစ် |
| ၃၀။ | ကိုကြည်လွင် (မန္တလေး) | (၅)နှစ် |
| ၃၁။ | ကိုစိုးညွန့် (ပြောင်းကြီး) (ပြည်ပ) | (၇)နှစ် |
| ၃၂။ | ကိုလှအောင်(ခ)ကိုဂိုရှယ် (ပြည်ပ) | (၇)နှစ် |
| ၃၃။ | ကိုစံသာ (RIT) | (၆)နှစ် |
| ၃၄။ | ဦးကျော်လင်း (ရွှေနေ) | (၇)နှစ် |
| ၃၅။ | ဦးသိန်းဝင်း (တွံတွေး) (ရွှေနေ) | (၇)နှစ် |
| ၃၆။ | ကိုသောင်းတင် (ဗိုလ်တောက်) | (၇)နှစ် |
| ၃၇။ | ကိုမြင့်ဟန် | (၅)နှစ် |
| ၃၈။ | ကိုသောင်းဟန် | (၇)နှစ် |
| ၃၉။ | ကိုတင်စိုး (ဠ) | (၇)နှစ် |
| ၄၀။ | ကိုတင်စိုး (ချူတေး) | (၅)နှစ် |
| ၄၁။ | ကိုစောလှငွေ(KNU) | (၇)နှစ် |
| ၄၂။ | ကိုတိတ် (ခေါ်)မောင်တိတ်(ပြည်ပ) | (၇)နှစ် |
| ၄၃။ | ကိုစောအောင်ဒန္ဓ (ပန်းချီ) (ကွယ်လွန်) | (၄)နှစ် |
| ၄၄။ | ကိုတင်မောင်ဦး(ခ)ဇလ(ပန်းချီ)(ကွယ်လွန်) | (၄)နှစ် |
| ၄၅။ | မငွေငွေဝင်း | (၅)နှစ် |

၄၆။ မသိင်္ဂီမြင့် (၄)နှစ်

ဒါပါပဲဗျာ . .။ ဒီအကြောင်းတွေကို ကျွန်တော်မှတ်မိသလောက် (၁၉. ၁၁. ၂၀၁၂)မှာ ရေးပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ (၁၂. ၁၁. ၂၀၁၂) ညပိုင်း (RFA) မှာ သူရဦးတင်ဦးရဲ့ပြည့်သူ့ဘက်က ဗိုလ်ချုပ်ကြီး အစီအစဉ်မှာ ပြောသွားတာက နောက်တစ်နေ့ (၁၁. ၁၂. ၁၉၇၄)မှာ ဦးသန့်နှင့်ပတ်သက်သည့် မိသားစုကိုဖိတ်ခေါ်ပြီး ယခု ဦးသန့်အလောင်းကို မြှုပ်နှံထားရာ ရွှေတိဂုံဘုရား တောင်ဘက်မုခ် လမ်းမဘေးမှာ အခေါင်းကိုဖွင့်၊ ကန့်တော့ခိုင်းပြီး တိုးတိုးတိတ်တိတ်သင်္ဂြိုလ်ရလိုက်လို့ သူတောင်စိတ်ထဲမှာ အတော်ထိခိုက်သွားသည်တဲ့။

ကျွန်တော်တို့ရှေ့မှာ အလောင်းကြီးကို ဖြိုဖျက်ယူသွားပြီး မနက်ကျတော့မှ မိသားစုခေါ်၍ သင်္ဂြိုလ်လိုက်ပုံကို ယခုမှပဲသိရပါတော့သည်. .။

တကယ်တော့ ထောင်ထဲကျတဲ့သူတွေသာလျှင်မက ရက်ရှည်တိုက်ပွဲဖြစ် တော့ ရပ်ဝေးရပ်နီးပြည်သူအားလုံး ညီညွတ်လို့သာ အောင်မြင်တာပါ။ ယခု ကျွန်တော်မှတ်မိသ၍ တင်ပြခဲ့သည့်ထောင်ကျစာရင်းအပြင် ထောင်မှ (လှူပင်လယ်ကြီးထဲမှ) လွတ်မြောက်သွားကြသူများအပေါင်းကိုလည်း ကျွန်တော်အပါအဝင် ထောင်ကျခဲ့သူများမှ အမှတ်ရလျက်ဂုဏ်ယူပါကြောင်း တင်ပြလိုက်ပါသည်။

ကျန်းမာချမ်းသာကြပါစေ. .

ကျော်စိုး
သတ္တုလအသင်းကျေးရွာ
ကဝမြို့နယ်၊ ပဲခူးတိုင်း

# သတင်းမှတ်တမ်း

၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်းနှင့် ပတ်သက်၍

မ. ဆ. လ စစ်အာဏာရှင်တို့၏ ကြေးမုံ၊ လုပ်သားသတင်းစာများမှ တစ်ဖက်သတ် ဝါဒဖြန့်ဖော်ပြခဲ့သည့် သတင်းများ-

# ဦးသန့် ဈာပန အစီအစဉ် ပျက်

## ကျောင်းသားများကဂွဲ့နှင်းခန်းမသယ်

## ဦးသန့်ကား ဓလောင်းပေနံ့သင် သညြိုး ရေ

### ကျောင်းသားသစ်

### ဦးသန့်ရုပ်ကလာပ်ယနေ့ ၁၀ နာရီတွင် ...

### ဦးသန့်မိသားစုနှင့် သံဃာ-ကျောင်းသားဆန္ဒနှင့်အညီ

### ... အစိုးရ လိုက်လျောဆောင်ရွက်ပေးမည်

## ရုပ်ကလာပ်မပျက်စီးရန် ထိန်းသိမ်းပေးပါ

# ဦးသန့် ရုပ်ကလာပ် အကြမ်းဖက် ဂူသွင်းခဲ့မှု

# ဦးသန့်၏ မိသားစုက သမ္မတကြီးထံ စာတင်



ကြေးမုံ

ရန်ကုန်တိုင်း အတွင်း အရေးပေါ် အခြေအနေ ကြေညာ

စစ်အုပ်ချုပ်ရေး အာဏာ အောက်တွင် ရောက်ရှိစေရမည်

ရန်ကုန်တွင် ပုဒ်မ ၁၄၄ ထုတ်

ဦးသန့်ရုပ်ကလာပ် ကန်တော်မင်း၌ သင်္ဂြိုဟ်ပြီး



## ၁၉၇၅ ဇွန် နှစ်ပတ်လည် (ခေါ်)
## ရွှေတိဂုံအရေးအခင်း

**၇၄–၇၅–၇၆ နိုင်ငံရေးအခင်းအကျင်း**

# " ၁၉၇၅-ဇွန် နှစ်ပတ်လည် အရေးအခင်း(ခေါ်) ရွှေတိဂုံအရေးအခင်း "

သပိတ်မှောက်ကျောင်းသားတစ်ဦး

၁၉၇၅- ဇွန် (၆)ရက်မတိုင်မီ

(၁၉၇၄) ဒီဇင်ဘာ ဦးသန့်အရေးအခင်းတွင် ရန်ကုန်တက္ကသိုလ်အား စစ်တပ်ဖြင့် ဝိုင်းပိတ်ကာ လူပေါင်းထောင်ချီ ဖမ်းဆီးပြီး လက်နက်အားကိုးဖြင့် ပြဿနာကို ဖြေရှင်းခဲ့သည်။ ကျောင်းသားများ၊ အလုပ်သမားများ၊ ရဟန်းသံဃာများကို စစ်ခုံရုံးဖြင့် ထောင်ချခဲ့သည်။ တက္ကသိုလ်ကောလိပ်များအားလုံးကို အကန့်အသတ်မရှိ ပိတ်ခဲ့သည်။

(၁၉၇၅) မေလဆန်းတွင် တက္ကသိုလ်များ ပြန်ဖွင့်ခဲ့သည်။ ကျောင်းသားထုရင်ထဲတွင် ဝေဒနာများလောင်ကျွမ်းနေဆဲ။ ဒဏ်ရာများမပျောက်နိုင်သေး၊ တမြေ့မြေ့ခံစားနေရဆဲ။

ဇွန်လဆန်းလာသည်။ (၁၉၇၄)ဇွန် အထွေထွေအလုပ်သမားသပိတ်ကြီး၏ တစ်နှစ်ပြည့်နီးလာသည်။ တိုးတက်သော ကျောင်းသားများအကြားတွင် ဆွေးနွေးမှုများ၊ နိုးကြားမှုများရှိလာသည်။ အင်းစိန်မီးရထားစက်ရုံ၊ အုတ်ကျင်းချည်မျှင်စက်ရုံသပိတ်များတွင် (RIT) ကျောင်းသားများနှင့် သမိုင်းကျောင်းဆောင်များမှ (Eco) ကျောင်းသားများ ပါဝင်ပတ်သက်ခဲ့ကြသည်။ ကူညီတိုက်ပွဲဝင်ခဲ့ကြသည်။ ဇွန် (၃)၊ ဇွန် (၄)တွင် (RIT) (Eco) နှင့် (RASU) ကျောင်းသားများ ချိတ်ဆက်မိကြသည်။ ဦးသန့်အရေးအခင်းတွင် လွတ်မြောက်ကျန်ခဲ့သော ကျောင်းသားရဲဘော်အများစုဖြစ်သည်။ ဇွန် (၆)နှစ်ပတ်လည်အတွက် ရည်ရွယ် ၍ စည်းရုံးလှုပ်ရှားမှုများ စတင်ခဲ့ကြသည်။

ဇွန် (၅)ရက်နေ့တွင် ဒေါက်တာလှဟန်၊ ဒေါက်တာခင်မောင်ဝင်း အစရှိသော ပညာရေးအာဏာပိုင်များ တိ-မွေးကု တက္ကသိုလ်တွင် ကျောင်းသားများနှင့်တွေ့ဆုံသည်။

ဇွန်လ(၆)ရက် သောကြာနေ့

နံနက်ပိုင်းတွင် အလုပ်သမားတိုက်ပွဲ အထိမ်းအမှတ်ပြု ကြေညာစာတမ်းနှင့် လူထုတိုက်ပွဲဖော်ဆောင်ရေး ကြေညာချက်များ ထွက်လာသည်။ (RIT) (Eco) နှင့် (RASU) တွင် ကျောင်းသားများ စိတ်လှုပ်ရှား နိုးကြားနေကြသည်။ (RIT) သို့ ဒေါက်တာလှဟန် ဦးဆောင်သည့် ပညာရေးအာဏာပိုင်အဖွဲ့ရောက်လာသည်။ ဗဟိုခန်းမကြီးထဲတွင် ကျောင်းသားများနှင့်တွေ့ဆုံသည်။ ကျောင်းသားထု၏ တင်ပြချက်၊ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားနိုင်စွမ်းမရှိ ကျောင်းသားများပေါက်ကွဲသည်။ ပွဲကို အမြန်ရုပ်သိမ်းလိုက်ပြီး ကားပေါ် ခတ်သုတ်သုတ် ဒရောသောပါးတက်ကြရသည်။ ကျောင်းသားများက ကားများပေါ် အမှိုက်များ၊ဖိနပ်များပစ်တင်ကြသည်။ ဆရာကြီးဒေါက်တာအောင်ကြီး မျက်ရည်ကျသည်။

ထိုအချိန်၌ စီးပွားရေးတက္ကသိုလ်ဘက်တွင် ကျောင်းသားများ လှုပ်ရှားမှုစတင်နေပြီ။ စာသင်ခန်းများအတွင်း သပိတ်မှောက်ရန် လိုက်လံစည်းရုံးဟောပြောခြင်း၊စာသင်ခန်းနံရံများ၊ သစ်ပင်များတွင် ပိုစတာများ လိုက်လံကပ်ခြင်း၊ ကြွေးကြော်သံများတိုင်ပြီး ကျောင်းရှေ့မြက်ခင်းပြင်တွင် ထိုင်သပိတ် မှောက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ပိုစတာများပေါ် မှ ရေးသားချက်များနှင့် ကြွေးကြော်သံများမှာ **"အဖမ်းခံကျောင်းသားများ ပြန်လွှတ်ရေး (ဒို့အရေး-ဒို့အရေး)"** ၊ **"အဖမ်းခံအလုပ်သမားများ ပြန်လွှတ်ရေး (ဒို့အရေး-ဒို့အရေး)"**၊ **"ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး (ဒို့အရေး-ဒို့အရေး)"**၊ **"ကုန်ဈေးနှုန်းကျဆင်းရေး (ဒို့အရေး-ဒို့အရေး)"** ၊ **"သပိတ် - သပိတ် (မှောက် မှောက်) "** ၊ **"အရေးတော်ပုံ (အောင်ရမည် အောင်ရမည်)"**။ ဤသို့ဖြင့် ထိုနေ့နံနက်ပိုင်းက စီးပွားရေးတက္ကသိုလ်တွင် ဇွန် (၆)နှစ်ပတ်လည် သပိတ်တိုက်ပွဲကို စတင်ခဲ့ပြီး နေ့လယ်ပိုင်းတွင် သမိုင်း ကျောင်းဆောင်ဘက်သို့ သပိတ်မီး ကူးစက်ထွန်းညှိလိုက်ကြသည်။

ဒေါက်တာလှဟန်တို့အဖွဲ့ သမိုင်းဝင်း အားကစားရုံတွင် ဆွေးနွေးပွဲဆက် ရှိသည်ဟု သိရသဖြင့် သမိုင်းသို့ ကျောင်းသားများ စုဝေးရောက်ရှိလာကြသည်။ ဆွေးနွေးပွဲ မလုပ်ဖြစ်သဖြင့် ကျောင်းသားများကို ဒေါသဖြစ်အောင် ဆွပေးလိုက် သကဲ့သို့ဖြစ်သွားသည်။ အော်ဟစ်ဆူပူမှုများ ဖြစ်လာသည်။ ထိုအချိန်တွင် ဆလိုင်းတင်မောင်ဦး ထွက်၍စကားပြောသည်။ သပိတ်မှောက်ရန် အချက်ပေး လိုက်သည်။ အားလုံးသဘောတူ ထောက်ခံကြသည်။ ထို့နောက် ကြွေးကြော်သံ များတိုင်ပြီး သမိုင်း အားကစားရုံဝန်းကျင်နှင့် သမိုင်းအဆောင်များ

တွင် ကြေးကြော်သံ ပိုစတာများ လိုက်ကပ်ကြသည်။

ညနေပိုင်းတွင် စီးပွားရေးတက္ကသိုလ် မေခဆောင်နောက်ဘက်ရှိ ချည်စက်ရိပ်သာ လူနေရပ်ကွက်နှင့် ကျောင်းသားအဆောင်များကို ခွဲခြားကာဆီးထားသည့် အုတ်တံတိုင်းအား သပိတ်မှောက် ကျောင်းသားများက ဖြိုချလိုက်သည်။ ဤသို့ဖြင့် နံနက်ပိုင်းကစခဲ့သော သပိတ်တိုက်ပွဲလေးသည် သပိတ်တိုက်ပွဲကြီးအသွင်ဆောင် လာသည်။ ကျောင်းသားအင်အား (၅၀၀)ခန့် ရှိလာသည်။

(RIT) (Eco) နှင့် (RASU) မှ ကျောင်းသားများ စုပေါင်း၍ သမိုင်း ချည်စက်ဘက်သို့ ချီတက်ကြသည်။ (RIT) သို့ ချီတက်ကြသည်။ ကျောင်းသား၊ အလုပ်သမား၊ အရပ်သား၊ပြည်သူ အင်အား (၉၀၀-၁၀၀၀)ခန့်ရှိသည်။ ထိုမှတစ်ဖန် (RASU) နှင့် (Eco) ရှိရာ ပင်မတက္ကသိုလ်နယ်မြေသို့ ချီတက်ကာ ဘွဲ့နှင်းသဘင်ခန်းမကိုသိမ်းပြီး သပိတ်စခန်းဖွင့်လိုက်ကြသည်။

ဘွဲ့နှင်းသဘင်ခန်းမအောက်ခန်းတွင် လက်နှိပ်စက်များ၊ ဖူးစကက် စာရွက် များ အပြည့်အစုံရှိသည်။ ဤနေရာသည် သပိတ်ကာလတစ်လျှောက် သပိတ်ကော်မီတီ၏ ပြန်ကြားရေးဌာနဖြစ်လာသည်။ သဘောထားများ၊ ကြေညာချက်များကို ရေးသားထုတ်ဝေရာနေရာဖြစ်ခဲ့သည်။

ထိုနေ့ညတွင် သပိတ်တိုက်ပွဲ ဦးစီးကော်မီတီနှင့် စည်းရုံးရေး၊ ပြန်ကြားရေး ကော်မီတီများဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မီတီအသီးသီးတွင် တက္ကသိုလ်အစုံ ပါဝင်သည်။ တိုင်းရင်းသားလူမျိုးစုံပါဝင်သည်။

__ဇွန်လ(၇)ရက် စနေနေ့__

ဘွဲ့နှင်းသဘင်ခန်းမတွင် သပိတ်စခန်းဖွင့်ပြီး ဆက်လက်တိုက်ပွဲဝင်ကြသည်။ တက္ကသိုလ်ပေါင်းစုံမှ အဆောင်ကျောင်းသား၊ ကျောင်းသူများ ၊ နေကျောင်းသား၊ ကျောင်းသူများ အပြင် အထက်တန်းကျောင်းသား ကျောင်းသူများ၊ အလုပ်သမားများ၊ အရပ်သားပြည်သူများ လာရောက် ထောက်ခံအားပေးကြသည်။ ဘွဲ့နှင်းသဘင်ခန်းမအပြည့်ဖြစ်သည်။ ခန်းမစင့်မြင့်ကို အသုံးချပြီး နိုင်ငံရေးတရားပွဲများ ပြုလုပ်ခဲ့ကြသည်။ ဦးသန့်အရေးအခင်းတုန်းက ကဲ့သို့ပင် ကျောင်းသားများရော ပြည်သူများပါ တစ်ယောက်ပြီး တစ်ယောက် စင်မြင့်ထက်သို့တက်၍ တရားဟောကြသည်။ လက်ခုပ်သံများ သောသော ညံခဲ့သည်။

ပြည်သူလူထုထံမှ စားစရာများ၊ ရိက္ခာများလည်း ရောက်လာကြရာ ဘွဲ့နှင်းသဘင်ခန်းမတွင် ပြည်သူ့ ရိက္ခာထမင်းထုပ်များ အလျှံပယ်ဖြစ်နေသည်။

ပြန်ကြားရေးအဖွဲ့မှလည်း "တပ်လှန့်သံ" "ပြည်သူသို့မေတ္တာရပ်ခံချက်" စသော ကြေညာချက်များ အဆက်မပြတ်ထုတ်ဝေဖြန့်ချိကြသည်။ အချို့ကလည်း ကြွေးကြော်သံပိုစတာများကို ဘွဲ့နှင်းသဘင်ခန်းမ ပတ်လည်နှင့် ပင်မတက္ကသိုလ် နယ်မြေအနှံ့ လိုက်ကပ်ကြသည်။

ကြေညာချက်တွင် ပါဝင်သည့် အဓိကတောင်းဆိုချက်ငါးရပ်မှာ -

(၁) ကျောင်းသားသမဂ္ဂကို တရားဝင်ရပ်တည်ခွင့်ပေးရန်။

(၂) ပညာတတ် အလုပ်လက်မဲ့ပြဿနာဖြေရှင်းပေးရန်။

(၃) ကုန်ဈေးနှုန်းကျဆင်းရေးဆောင်ရွက်ပေးရန်။

(၄) မတရားဖမ်းဆီးထောင်ချထားသည့် ကျောင်းသားအလုပ်သမား၊ ရဟန်းသံဃာများကို ပြန်လွှတ်ပေးရန်။

(၅) ဆန္ဒပြကျောင်းသားများကို ဖမ်းဆီးအရေးယူခြင်း၊ ကျောင်းထုတ်ခြင်းများ မပြုရန်။

ထို့နေ့တွင် မြို့ထဲသို့ ချီတက်ဆန္ဒပြကြသည်။ ဘွဲ့နှင်းသဘင်ခန်းမ၊ တက္ကသိုလ်နယ်မြေမှ ပုဂံလမ်းအတိုင်း ပညာရေးတက္ကသိုလ်ကိုဖြတ်ကာ ပြည်လမ်း အတိုင်း ဟံသာဝတီအဝိုင်းအထိ ထိုမှတစ်ဆင့် ဆင်မလိုက်ဘက်သို့ဆင်းကာ အောက်ကြည့်မြင်တိုင်ကမ်းနားလမ်းအတိုင်း မြို့တွင်းသို့ လှည့်လည်ချီတက် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ပထမ စထွက်စဉ်က ကျောင်းသားအင်အား ၅၀၀ခန့်သာရှိခဲ့ပြီး လမ်းတွင် နောက်ထပ်ကျောင်းသားနှင့် အရပ်သား ပြည်သူ ပူးပေါင်း၍ အင်အား၂၀၀၀ မှ ၃၀၀၀ အထိ ရှိသွားခဲ့သည်။လမ်းဘေး ဝဲယာမှ လည်း ပြည်သူများက လက်ခုပ်ဩဘာပေး၍ လိုက်လှဲစွာအားပေး ထောက်ခံ ခဲ့ကြသည်။ မြို့တော်ခန်းမရှေ့အရောက်တွင် **"နေဝင်း" "စန်းယု"** နာမည်ထိုး ထားသည့် အခေါင်းနှစ်ခုကို မီးရှို့ခဲ့ကြသည်။ ပြည်သူလူထုအား တရားဟောခဲ့ကြ သည်။

<u>ဇွန်လ (၈)ရက်</u>

ဘွဲ့နှင်းသဘင်ခန်းမ သပိတ်စခန်းသို့ ယမန်နေ့ကကဲ့သို့ပင် တက္ကသိုလ် ကောလိပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများ၊ အထက်တန်းကျောင်းသား ကျောင်းသူများ၊ အလုပ်သမားများ၊ အများပြည်သူများ ခန်းလုံးပြည့် လာအားပေး ကြသည်။ ထူးခြားချက်မှာ ဆေး(၂)ကျောင်းသားများ၊ ပညာရေးတက္ကသိုလ် ကျောင်းသားများ၊ (GTI) ကျောင်းသားများ ၎င်းတို့ကျောင်းများမှ သပိတ်မှောက်ထွက်ခွာလာပြီး ဘွဲ့နှင်းသဘင် ပင်မသပိတ်စခန်းတွင် လာရောက်

ပူးပေါင်းကြခြင်းဖြစ် သည်။

ထို့နေ့တွင် ဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်ပါမောက္ခချုပ်နှင့် စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်တို့ပါဝင်သော ပညာရေးဌာနတာဝန်ရှိ ပုဂ္ဂိုလ်များက သပိတ်ကော်မီတီဝင်များနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း တိကျသော အဖြေမထွက်။

ညနေဘက်တွင် (RIT) ကျောင်းသားများနှင့်ပတ်သက်၍ သတင်းစာ ဖော်ပြချက်များကို မကျေနပ်သော ကျောင်းသားများ သတင်းစာတိုက်များသို့ သွားရောက်အရေးဆိုခဲ့ကြသည်။

<u>ဩဂုတ်လ (၉)ရက်၊ တနင်္လာနေ့</u>

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် စုဝေးရောက်ရှိလာကြ သည့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများ၊ အထကများမှ ကျောင်းသား၊ ကျောင်းသူများ၊ အလုပ်သမားများ၊ ပြည်သူလူထုများပူးပေါင်းလျှက် အင်းစိန် ထောင်သို့ ချီတက်ဆန္ဒပြကြသည်။ အင်းစိန်လမ်းမကြီးတစ်လျှောက် အလုပ် သမားရပ်ကွက်များ၊ လူနေရပ်ကွက်များကို ဖြတ်၍ ချီတက်ဆန္ဒပြခဲ့ရာ ပထမတွင် ကျောင်းသားအင်အား ၁၀၀၀ ခန့်နှင့် စတင်ချီတက်ခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းသား၊ အလုပ်သမားနှင့် ပြည်သူအင်အားမှာ ၅၀၀၀ ကျော်မှသည် ၁၀၀၀၀ ဝန်းကျင်အထိရှိလာခဲ့သည်။ အင်းစိန်လမ်းမကြီး လမ်းလုံးပြည့်မှုဖြစ်ခဲ့သည်။ လမ်းဘေး ဝဲယာမှ ထောင်သောင်းမကသော ပြည်သူလူထုကလည်း တစ်ခဲနက် ထောက်ခံအားပေးကြသည်။

ကြွေးကြော်သံများမှာ ယခင်ကြွေးကြော်သံများအတိုင်းဖြစ်ပြီး အင်းစိန် ထောင်နားအရောက်တွင် ထပ်တိုးလာသည့် ကြွေးကြော်သံများမှာ **"အင်းစိန်ထောင်ကြီး (ဝိုင်း - ဝိုင်း)"၊ ' အင်းစိန်ထောင်ကြီး (ထပ်ချဲ့ -ထပ်ချဲ့)" အမေကမွေး-(ထောင်ကကြွေး -ထောင်ကကြွေး )**ဟူ၍ ဖြစ်သည်။အချို့ကလည်း **"နေဝင်း၊စန်းယု စစ်အုပ်စု (အလိုမရှိ-အလို မရှိ)" "မဆလစစ်အာဏာရှင်စနစ် (ကျဆုံးပါစေ-ကျဆုံးပါစေ)"၊ "ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်ကြီးတင်ဦး (သက်တော်ရာကျော်ရှည်ပါစေ)"** ဟူ၍လည်း ကြွေးကြော်ကြသည်။

ဘွဲ့နှင်းသဘင်ခန်းမ သပိတ်စခန်းတွင်လည်း တရားပွဲများ ဆက်လက် ကျင်းပနေကြသည်။ သပိတ်ပြန်ကြားရေးဌာနမှလည်း **ဖွင့်ချချက် (၁) (၂) (၃) (၄) (၅)**ဟူ၍ အစိုးရပေါ်လစီများအပေါ် ဝေဖန်ချက်များ ဆက်တိုက်ထွက်နေ သည်။ လူထုကြားထဲ ပျံ့နှံ့အောင် နည်းမျိုးစုံဖြင့် ဖြန့်ဝေကြသည်။ ရန်ကုန်မြို့

ထဲသို့သာမက ကားဂိတ်များ၊ မီးရထားဘူတာရုံများမှတစ်ဆင့် နယ်သို့ပျံ့နှံ့အောင်လည်း ဖြန့်ဝေခဲ့ကြသည်။ ထိုအတောအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့အသံမှ ကျောင်းသားတိုက်ပွဲကို ထောက်ခံသော ဗဟိုကော်မီတီကြေညာချက်ကို ထုတ်ပြန်သည်။

နေ့လယ်ဘက်တွင် တက္ကသိုလ်ကော်လိပ်များအားလုံး ပိတ်လိုက်ပြီဖြစ်ကြောင်းကြေညာသည်။ အဆောင်နေကျောင်းသားများကို အဆောင်များမှ အမြန်ဆုံးထွက်ခွာခိုင်းသည်။ ကားများ၊ မီးရထားနှင့် လေယာဉ်များစီစဉ်ပေးကာ နယ်ကျောင်းသားများကို အတင်းအဓမ္မပြန်လွှတ်သည်။ အချို့ဆရာများကို ဖိအားပေးကာ ကျောင်းသားများကို အတင်းပြန်လွှတ်ခိုင်းသည်။ မိဘများကိုလည်း ဖိအားပေးကာ ပြန်ခေါ်ခိုင်းသည်။ (၉)ရက်နေ့ညမှစ၍ တက္ကသိုလ်နယ်မြေနှင့် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းသားအင်အားလျော့နည်းလာသည်။

__ဇွန်လ (၁၀)ရက်၊ အင်္ဂါနေ့__

မြို့ထဲသို့ဒုတိယအကြိမ် ချီတက်ဆန္ဒပြကြသည်။လူထုတစ်ရပ်လုံးပါဝင်လာရေး၊အထွေထွေသပိတ်ကြီးဖြစ်လာရေးအတွက် ကျောင်းသားများဦးဆောင်မှုနှင့် မလုံလောက်ဟု သပိတ်ကော်မတီက သုံးသပ်ကာ ဘွဲ့နှင်းသဘင်ခန်းမမှ ထွက်ခွာပြီး သင့်တော်သော နေရာရွှေ့ရန်ဆုံးဖြတ်ခဲ့သည်။

မြို့ထဲတွင် လှည့်လည်ကြွေးကြော်ကာ အတွင်းဝန်ရုံးကို ဝိုင်း၍ ဆန္ဒပြခဲ့ကြသည်။ အထွေထွေ သပိတ်ဆင်နွှဲရန် လူထုအား တရားဟော တိုက်တွန်းသည်။ ထို့နောက် ပြန်ကြားရေးဌာနကို ရှင်းလင်းကာ လိုအပ်သောပစ္စည်းများကို ရွှေတိဂုံ ဘုရားရင်ပြင်သို့ ရွှေ့ပြောင်းလိုက်သည်။ သပိတ်လူအုပ်ကြီး ရွှေတိဂုံရင်ပြင်တော်သို့ ချီတက်ခဲ့ကြသည်။

ရွှေတိဂုံဘုရား ရာဟုထောင့်တွင် နေရာယူကာ သပိတ်စခန်းဖွင့်လိုက်သည်။ နိုင်ငံရေးတရားပွဲများ ပြုလုပ်သည်။ နှစ်ပတ်လည် သပိတ်မှောက်လျှက်ရှိသော ကြို့ကုန်း (BPI) စက်ရုံ၊ သမိုင်းချည်စက်၊ အင်းစိန် မီးရထားစက်ရုံတို့အပြင် အခြားစက်ရုံ ၊ အလုပ်ရုံများကို ဆက်သွယ်ကာ နောက်တစ်နေ့တွင် ကျောင်းသားအလုပ်သမားများနှင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် အထွေထွေသပိတ် တိုက်ပွဲကြီးဆင်နွှဲရန် ပြင်ဆင်ကြသည်။

__ဇွန် (၁၁)ရက် ဗုဒ္ဓဟူးနေ့__

ညသန်းခေါင်ယံအချိန်တွင် ရွှေတိဂုံဘုရားလေးဘက်လေးတန်မှ စစ်တပ်က ဝိုင်းဝန်းပိတ်ဆို့လိုက်သည်။ နံနက် (၃း၀၀) နာရီ ခန့်မှစ၍ မုခ်လေးခုမှ

စစ်အင် အားဖြန့်လျှက် ဘုရားရင်ပြင်ပေါ်သို့ တရွေ့ရွေ့တစ်လှမ်းချင်းတက် ရောက်လာကြသည်။ သပိတ်သမားများက စိတ်လှုပ်ရှားမှု ပေါက်ကွဲမှု၊ ရုန်းရင်း ဆန့်ခတ်မှုမဖြစ်ဘဲ ငြိမ်းချမ်းစွာအဖမ်းခံကြသည်။ ရင်ပြင်ပေါ်တွင် စုစုပေါင်းအဖမ်းခံရသူ (၂၁၃)ဦး ဖြစ်သည်။ ထိုအထဲ တွင် ကျောင်းသူ မိန်းကလေး(၁၁)ဦးအပြင် (၁၃-၁၄)နှစ်အရွယ် (၅)တန်း (၆)တန်း ကျောင်းသားလေးများလည်း ပါဝင်သည်။ အဖမ်းခံရသူများကို အင်းစိန်ထောင်သို့ အချုပ်ကားများ စစ်ကားများဖြင့် ပို့သည်။ လမ်းတစ်လျှောက် ကမ္ဘာမကြေသီချင်း ဆိုလျှက် ကြွေးကြော်သံများတိုင်ပြီး လိုက်ပါသွားခဲ့ကြသည်။

ဤအရေးအခင်းမှာ မူလက ဇွန်လအလုပ်သမားအရေးအခင်း နှစ်ပတ် လည်အဖြစ်တက္ကသိုလ်ကျောင်းသားတို့စတင်သပိတ်မှောက်ဆန္ဒပြခဲ့ပြီး နောက်ပိုင်းတွင် သပိတ်စခန်းကိုရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမမှ ရွှေတိဂုံဘုရားသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပြီးနောက် ဘုရားပေါ်တွင် စစ်တပ်၏ အင်အားသုံး၍ ဖြိုခွဲခံလိုက်ရခြင်း ကို အကြောင်းပြု၍ **"ရွှေတိဂုံအရေးအခင်း"** ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

**<u>ဇွန်လ (၁၁)ရက် နောက်ပိုင်း သပိတ်ဖြိုခွဲခံရပြီးနောက်</u>**

ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှ အဖမ်းခံရသူ (၂၁၃)ဦးအား အင်းစိန် ထောင်ပို့ကာ စစ်ကြောရေးတွင် တစ်လကျော်ခန့် ထားရှိစစ်ဆေးပြီးနောက် သပိတ်ထဲတွင် ၎င်းတို့ ကြိုတင်ထည့်သွင်းမြုပ်နှံထားခဲ့သည့် သတင်းပေး (Informer)များနှင့် သစ္စာဖောက်သွားသူ အချို့မှလွဲ၍ ၁၃-၄ နှစ်အရွယ် (၅)တန်း (၆)တန်းကျောင်းသားလေးများပါမကျန် အားလုံးစုစုပေါင်း (၂၀၃)ဦး**အား စစ်ခုံရုံးများအား နှစ်သုတ်ခွဲပြီး (၉)နှစ်၊ (၇)နှစ်၊ (၅)နှစ်၊ (၄)နှစ်** ဟူ၍ ထောင် ဒဏ်များ အသီးသီးချမှတ်လိုက်သည်။

ဘုရားပေါ်မှမဟုတ်ဘဲ နောက်ထပ်အပြင်မှ ထပ်မံဖမ်းဆီးခံရသူ **(၅၀)ခန့် ကိုလည်း ထောင်ဒဏ် (၈)နှစ်နှင့် (၆)နှစ်** ပြစ်ဒဏ်များချမှတ်ခဲ့သည်။ ထို့အပြင် အဆိုပါအရေးအခင်းနှင့် **ဆက်စပ်ဖမ်းဆီးခံရသူ** (၃၀)ကျော်တို့ အားလည်း ပြစ်ဒဏ်မချမှတ်ဘဲ ထောင်ထဲတွင် တစ်နှစ်ကျော် နှစ်နှစ်ခန့်ဖမ်းဆီး ချုပ်နှောင်ထားခဲ့သည်။

ရွှေတိဂုံဘုရားပေါ်မှ ဖမ်းဆီးခံရသူ၊ အပြင်မှ နောက်ဆက်တွဲ ဖမ်းဆီးခံရ သူ သပိတ်မှောက် အရေးအခင်းတိုက်ပွဲဝင် ရဲဘော်အားလုံးနီးပါးသည် စစ်အာ ဏာရှင်တို့၏ အကျဉ်းထောင်ထဲတွင် ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကို ကြုံကြုံခံ

လျှက် ထောင်တွင်းတိုက်ပွဲအဆင့်ဆင့်ကို ဖြတ်သန်းကာ မိမိတို့ ယုံကြည်ချက်ကို ခိုင်မြဲစွာ ဆက်လက်ဆုပ်ကိုင် ထားခဲ့ကြသည်။ ၎င်းတို့အနက် အချို့ကို (၁၉၇၈) ခုနှစ်တွင် တစ်သုတ် လွှတ်ပေးခဲ့ပြီး အချို့မှာ နှစ်စေ့မှ လွတ်ကာ ကျန်သူများမှာ ထောင်ထဲတွင် (၅)နှစ် နီးပါးနေခဲ့ရပြီး (၁၉၈၀)ပြည့်နှစ်၊ အထွေထွေ လွတ်ငြိမ်းချမ်းသာ ခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။

(၁၉၇၅-ခုနှစ်) နှစ်ပတ်လည် အရေးအခင်း(ခေါ်) ရွှေတိဂုံအရေးအခင်းတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပြီး ထောင်ဒဏ်အသီးသီးချမှတ်ခံခဲ့ကြရသူများကို မှတ်မိ သလောက်စာရင်းပြုစုဖော်ပြလိုက်ပါသည်။

**ထောင်ဒဏ်(၉)နှစ်ကျခံရသူများ**

၁။ကိုမြင့်ဆွေ (R.I.T)
၂။ကိုစိန်ရွှေမိုး(RASU)
၃။ကိုဦးလှစော(R.I.T)
၄။ကိုမြင့်အောင်ကြည် (R.I.T)
၅။ကိုကျော်အောင် (Eco)
၆။ကိုနေဝင်းအောင်(လုပ်သားကောလိပ်)
၇။ကိုစိန်မြင့်
၈။ကိုစံနု

**ထောင်ဒဏ်(၈)နှစ်ကျခံရသူများ**

၁။ကိုဌေးအောင် (RASU)
၂။ကိုမြင့်ထွန်း (RASU)
၃။ကိုခင်ဝင်း(RASU)
၄။ကိုဟံရှင်ဝင်း(RASU)
၅။ကိုမြင့်သိန်း (ဆေး-၂)
၆။ကိုခင်မောင်ဌေး(RASU)

**ထောင်ဒဏ်(၇)နှစ်ကျခံရသူများ**

၁။ကိုခင်မောင်လင်း(RASU) (ယခင်ဦးသန့်အရေးအခင်းကြွေးကျန် ၇နှစ်နှင့် ပေါင်း၍ ၁၀နှစ်)
၂။ကိုနေအောင်(ခ)ဒေပါရပ်စ်(RASU) (ယခင်ဦးသန့်အရေးအခင်းကြွေးကျန် ၇ နှစ်နှင့်ပေါင်း၍ ၁၀ နှစ်)
၃။ဦးအောင်သန်းတင်
၄။ကိုဗဟိန်းအောင်(Eco)
၅။ကိုဘလှိုင်(RIT)
၆။ကိုကျော်ဇော(တိ-မွေး)
၇။ကိုစောနိုင်(RIT)
၈။ကိုထိန်ဝင်းအောင် (RASU)
၉။ကိုတင်အောင်(ပလောင်)(RASU)
၁၀။ကိုအောင်တင်သိန်း(RASU)
၁၁။ကိုအောင်သန်းမြင့် (Eco)
၁၂။ကိုစိုးဝင်း (RASU)
၁၃။ကိုအောင်သန်းဦး (GTI)
၁၄။ကိုသန်းနိုင်(ပုဂံ)
၁၅။ကိုထွန်းကြည်(နာဂ)
၁၆။ကိုသောင်းစိန်
၁၇။မသန်းသန်းနွယ်(ခ)မနွယ်
၁၈။ကိုဖေငြိမ်း (BEd)

## ထောင်ဒဏ်(၆)နှစ်ကျခံရသူများ

၁။ကိုအောင်ထိုက်(ဆေး-၂)
၂။ကိုအေးကြည်(ဆေး-၂)
၃။ကိုသက်ဝင်းအောင်(ဆေး-၂)
၄။ကိုအောင်နိုင်(ဆေး-၂)
၅။ကိုဝင်းလွင်(ဆေး-၂)
၆။ကိုအောင်ဇင်(ဆေး-၂)
၇။ကိုသိန်းလွင်(တာနီ)(ဆေး-၂)
၈။ကိုသိန်းထွန်း(ဆေး-၂)
၁၇။ကိုမြင့်စိုး(ဆေး-၂)
၁၈။ကိုတင်မြင့်(ခ)မာရှယ်(ဆေး-၂)
၁၉ကိုသန်းထွဋ်(ဆေး-၂)
၂၀။ကိုစိုးအောင်(ဆေး-၂)
၂၁။ကိုခင်မောင်သိန်း (BEd)
၂၂။ကိုဇော်မင်း (BEd)
၂၃။ကိုမောင်မာင်လွင်(BEd)

၁၉။ကိုဝင်းအောင် (Eco)
၉။ကိုတင်လှ(ဆေး-၂)
၁၀။ကိုအေးမြင့်(ဆေး-၂)
၁၁။ကိုဇော်ဝင်း(ဆေး-၂)
၁၂။ကိုထွန်းသန်း(ဆေး-၂)
၁၃။ကိုစန်းလွင် (BED)
၁၄။ကိုချစ်ကြိုင် (RASU)
၁၅။ကိုခင်မောင်ဆေး (RASU)
၁၆။ကိုသန်းထွန်း(RASU)
၂၄။ကိုမောင်မောင်လတ်(RASU)
၂၅။နန်းခင်ထွေးမြင့် (Eco)
၂၆။နန်းရွှက်နု (Eco)
၂၇။နန်းလှသိန်း(Eco)
၂၈။ကိုစိုးလှမြင့် (BEd)
၂၉။ကိုမျိုးလွင်(BEd)
၃၀။ကိုမောင်မောင်ကြည်(BEd)
၃၁။ကိုသန့်ဇင်(BEd)

## ထောင်ဒဏ်(၅)နှစ်၊ (၄)နှစ်ကျခံရသူများ

၁။ကိုကျော်ကျော်(တောင်ငူ)
၂။ကိုကျော်ကျော်(မင်းဘူး)
၃။ကိုကျော်ရင်
၄။ကိုကျော်လွင်
၅။ကိုကျော်ဦး
၆။ကိုကျော်ထူး
၇။ကိုကျော်မြင့်
၈။ကိုကြည်စိုး
၉။ကိုကံချား
၁၀။ကိုကို(ခ)လာလူး
၁၁။ကိုခင်စိုး(ဗိုလ်တထောင်)
၁၂။ကိုခင်စိုး
၁၃။ကိုခင်ဇော်လင်း
၁၄။ကိုခင်မောင်လွင်
၁၅။ကိုခင်မောင်သန်း
၁၆။ကိုခင်မောင်သန့်
၁၇။ကိုခင်ဝင်း(ဘိုးတော်)
၁၈။ကိုခင်ဝင်း(ဆိတ်ဖြူ)
၁၉။ကိုခင်သိန်း
၂၀။ကိုချစ်ဆွေ
၂၁။ကိုချစ်ထွန်း
၂၂။ကိုချစ်မောင်
၂၃။ကိုဂျော်နီ
၂၄။ကိုငွေထွန်း
၂၅။ကိုငွေသိန်း
၂၆။ကိုစောလှမြင့်
၂၇။ကိုစောရဲလှ
၂၈။ကိုစောရန်နိုင်
၂၉။ကိုစိန်ဝင်း(Eco)
၃၀။ကိုခင်မောင်သိန်း

၃၁။ကိုစန်းမြင့်
(ကြည့်မြင်တိုင်)
၃၂။ကိုစိုးဝင်
၃၃။ကိုစိုးသိန်း(ဆရာလေး)
၃၄။ကိုစန်းမြင့်
၃၅။ကိုစန်းဦး
၃၆။ကိုစိုင်းခန့်ချော
၃၇။ကိုဇော်မျိုးသန့်
၃၈။ကိုဇော်ဝင်း
၃၉။ကိုဇော်ဝင်း
၄၀။ကိုဇော်မိုး(ခ)ကိုမင်းဇံ
၄၁။ကိုဇင်မင်း(ခ)ကိုဇင်ဝင်း
၄၂။ကိုဇင်အောင်(ခ)သံလုံး
၄၃။ကိုဉာဏ်အေး( Eco )
၄၄။ကိုညီပု
၄၅။ကိုဌေးကြည်(ဆရာစံ)
၄၆။ကိုတင်ရွှေ(ပန်းပု)
၄၇။ကိုတင်ရွှေ(ဆမ်ဆမ်)
၄၈။ကိုတင်ဝင်း(ဘိုကလေး)
၄၉။ကိုတင်ဝင်း
၅၀။ကိုတင်လှ
၅၁။ကိုတင်ဖုန်းမြင့်
၅၂။ကိုထင်အောင်
၅၃။ကိုထွေးအောင်
၅၄။ကိုခင်မောင်ဌေး
၅၅။ကိုထွန်းရီ
၅၆။ကိုထွန်းအောင်
၅၇။ကိုမောင်မောင်ထွေး(ခ)
Francis(RASU)
၅၈။ကိုနေမင်းဗဆွေ
၅၉။ကိုစိုးလွင်(ခ)
ကိုမှတ်ကြီး
၆၀။ကိုပြုံးမြင့်
၆၁။ကိုဖိုးလစ်
၆၂။ကိုမိုးမြင့် (RASU)
၆၃။ကိုမိုးဝင်း(Eco)
၆၄။ကိုမင်းအောင်
(ခ)ဂိုရှယ်
၆၅။ကိုမော်ကြီး(ခ)
ကိုခင်မော်-ဆေး(၁)
၆၆။ကိုမျိုးမြင့်မောင်(ခ)
ပါနီမောင်မောင်
၆၇။ကိုမျိုးလွင်
၆၈။ကိုမျိုးသိန်း(ကျဆုံး)
၆၉။ကိုဖိုးအေး
၇၀။ကိုမျိုးလွင်
၇၁။ကိုမင်းမောင်လှ
၇၂။ကိုမင်းသွင်
၇၃။ကိုကျော်စိုး
၇၄။ကိုမြင့်သိန်း
၇၅။ကိုမြင့်အေး(RASU)
၇၆။ကိုမြင့်ဦး
၇၇။ကိုမြင့်သန်း
၇၈။ကိုမြင့်ရွှေ
၇၉။ကိုမောင်ကြည်(ရွှီတီ)
၈၀။ကိုမောင်လှ
၈၁။ကိုမောင်မောင်စိန်
၈၂။ကိုမောင်မောင်မြင့်
၈၃။ကိုမောင်မောင်အေး
၈၄။ကိုမျိုးမြင့်
၈၅။ကိုမြင့်သိန်း(အာရဖတ်)
၈၆။ကိုမောင်မောင်
၈၇။ကိုမြတ်သာထွန်း
၈၈။ကိုဘမောင်
၈၉။ကိုဘုန်းမြင့်
(RASU)
၉၀။ကိုရော်နီဆိုင်
၉၁။ကိုလှမြင့်
၉၂။ကိုလှမင်း
၉၃။ကိုလှထွန်း
၉၄။ကိုလှဌေး
(ကြောင်ကတိုး)
၉၅။ကိုဌေးအောင်
၉၆။ကိုလှဦး
၉၇။ကိုလူမော်
၉၈။ကိုလှသန်း
၉၉။ကိုလှဇော်
၁၀၀။ကိုလှသောင်း
၁၀၁။ကိုလှဝင်း
၁၀၂။ကိုရာဂျူး
၁၀၃။ကိုဝေလွင်
၁၀၄။ကိုဝင်းနိုင်
၁၀၅။ကိုဝင်းဆွေ
၁၀၆။ကိုဝင်းမြင့်
၁၀၇။ကိုဝင်းတင့်
၁၀၈။ကိုဝင်းဦး
၁၀၉။ကိုဝင်းဇော်ဦး
၁၁၀။ကိုဝင်းထိန်
၁၁၁။ဦးသာဝင်း
၁၁၂။ကိုသိန်းမြဝင်း
၁၁၃။ကိုသိန်းဌေး
၁၁၄။ကိုသန်းထွန်း
(ခ)တာတူး

၁၁၅။ကိုသန်းထွန်း
(ခ)မိုးဖြိုး
၁၁၆။ကိုသက်ဝင်း
၁၁၇။ကိုသိန်းမြင့်
၁၁၈။ကိုသိန်းတန်(ခ)
ကိုညို
၁၁၉။ကိုသန့်ဇင်(ခ)
တရုတ်ကြီး
၁၂၀။ကိုအောင်လင်း
၁၂၁။ကိုအောင်ကျော်သိန်း
၁၂၂။ကိုအောင်ကို
၁၂၃။ကိုအောင်သိန်း
၁၂၄။ကိုအောင်ကျော်ဦး
၁၂၅။ကိုအောင်ကျော်ဦး
၁၂၆။ကိုအောင်မင်း
၁၂၇။ကိုအောင်ကျော်ဇော
၁၂၈။ကိုအောင်ကြည်
၁၂၉။ကိုအောင်သန်းထွန်း
(ဗြိုဟ်သား)
၁၃၀။ကိုအတွတ်
၁၃၁။ကိုအောင်ကြည်သိန်း
၁၃၂။ကိုအောင်သန်း (ကုလား)
၁၃၃။ကိုအေးအောင်(ဆေး-၁)
၁၃၄။ကိုအောင်သန်း(ခ)
အောင်ငွေလာ
၁၃၅။မနေရီဗဆွေ (Eco)
၁၃၆။မနေကြည်ဗဆွေ
(RASU)
၁၃၇။မဂလိုရီယယ်
၁၃၈။မနေစီဗဆွေ
၁၃၉။မဘေဘီကြည်ဝင်း
၁၄၀။မစိန်အေး

၁၄၁။မစုစုမာ
(ယခင်ဦးသန့်အရေးအခင်းကြွေးကျန် ၂ နှစ်နှင့်ပေါင်းလျက် ၇ နှစ်)

**၁၉၇၅ခွန်နှစ်ပတ်လည်အရေးအခင်း** နောက်ပိုင်းတွင် **ဒီမိုကရေစီတော်လှန်ရေးပြည်သူ့တပ်ဦး** အမည်ဖြင့် မဆလ စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သဖြင့် ၁၉၇၅ ခုနှစ် စက်တင်ဘာလ တွင် ဖမ်းဆီးခံရပြီး စစ်ခုံရုံးအမှတ်(၄) က **ထောင် (၁၀)နှစ်** ၊ **(၈) ယောက်၊ ထောင်(၇)နှစ် (၈)ယောက် ပေါင်း (၁၆) ယောက်** ထောင်ချခဲ့သည်။ **ထောင် (၁၀) နှစ်**ကျသူတို့မှာ-

ကိုသောင်းအေး (ပခုက္ကူ)၊ ကိုမြင့်ရွှေ (ကနေဒါ)၊ ကိုမြင့်အောင် (RIT)၊ကိုကျော်ခိုင် (ကွယ်လွန်)၊ ကိုဝင်းရွှေ (ရွှေနေ)၊ ကိုရဲထွဋ် (ရွှေနေ-ကွယ်လွန်)၊ ကိုစောဝင်း (ရွှေနေ)၊ ကိုဝင်းတင် (သယ်နီးကျွန်း)၊

**ထောင်(၇)နှစ်** ကျသူတို့မှာ ကိုသန်းထွန်းအောင် (RIT)၊ ကိုအောင်ကျော်ဦး(ဖဆပလ)၊ကိုကျော်ဝင်း (သာကေတ)၊ ကိုသိုက်စိန် (ကွယ်လွန်)၊ ကိုအေးသိန်း (ကွယ်လွန်)၊ကိုထွန်းအောင်(ကွယ် လွန်)၊ ကိုချစ်ဆွေ (တ/ဥက္ကလာ)၊ ကိုခင်မောင်ညွှန့် (သာကေတ)တို့ဖြစ်ကြပါသည်။ ။

သပိတ်မှောက်ကျောင်းသားတစ်ဦး

## " အတိတ်ကပုံရိပ်များ "

နောင်ဘဖူး

ကျွန်တော်တက္ကသိုလ်ရောက်တော့ စနစ်သစ်ပညာရေးနဲ့တိုးတယ်။ ကျောင်းသားတွေဟာ ခါတ်ခွဲခန်းကပူးလေးတွေ ယုန်လေးတွေလိုအစမ်းသပ်ခံဘဝရောက်သွားပါတယ်။တစ်ချိန်ကအရှေ့တောင်အာရှမှာသာမက အာရှမှာတောင်နာမည်ကြီးခဲ့တဲ့ရန်ကုန်တက္ကသိုလ်ဟာ ဘက်ပေါင်းစုံကချွတ်ခြုံကျ နိမ့်ပါးသွားခဲ့ရတယ်။ပညာသင်ကြားရေးအထောက်အကူပစ္စည်းမပြည့်စုံမလုံလောက်မှု၊စာသင်ဆောင်နဲ့ကျောင်းဆောင်တွေမလုံလောက်မှု၊အဆောင်တွေမှာအစားအသောက်ညံ့ဖျင်းမှုတွေ၊ကျောင်းကြိုဖယ်ရီကားတွေ အဆင်မပြေအောင်စီစဉ်ဆောင်ရွက်မပေးမှုတွေဟာ ကျောင်းသားတွေရဲ့မကျေနပ်မှုကို ဖြစ်ပေါ်တိုးပွားစေပါတယ်။အဆိုးဆုံးကတော့ကျောင်းသားတွေအတွက် ကျောင်းပညာရေးကအာမခံချက်မပေးနိုင်တာပဲဖြစ်တယ်။ကျောင်းပြီးသွားလို့ဘွဲ့တစ်ခုရပြီးတာနဲ့ ကျောင်းသားတစ် ယောက်ဟာအလုပ်လက်မဲ့ပြဿနာကို ရင်ဆိုင်ရတော့တာပါပဲ။အလုပ်ရပြန်တော့လည်း ကိုယ်သင်ကြားခဲ့တဲ့ဘာသာရပ်နဲ့ မဆိုင်တဲ့အလုပ်ကိုလုပ်ရပါတယ်။ဘူမိဗေဒဘာသာရပ်နဲ့ကျောင်းပြီးတဲ့ကျောင်းသားက သမဝါယမဆိုင်မှာ အလုပ်ဝင်လုပ်ရတာမျိုး၊ဓါတုဗေဒနဲ့အောင်ခဲ့တဲ့ကျောင်းသားကရပ်ကွက်ကောင်စီရုံးမှာစာရေးဝင်လုပ်ရတာမျိုး၊ဆရာဝန်တွေတောင်ဆ/မလက်မှတ်ရပြီးရင် ပြည်သူ့ဆေးဆိုင်က ဆေးထုတ်ပြီး မှောင်ခိုပြန်ရောင်းစားရတဲ့ဘဝမျိုးတွေ ရောက်ကုန်ကြရတာပါ။

ဒီလိုမကျေနပ်ချက်တွေ ရှိနေပေမယ့်ကျောင်းသား အရေးဆောင်ရွက်ပေးတဲ့၊ရှေ့ဆောင်ကာကွယ်ပေးတဲ့ ကျောင်းသားသမဂ္ဂက ဖျက်သိမ်းခံထားရတော့ ကျောင်းသားတွေရဲ့မကျေနပ်မှုတွေဟာ စုပေါင်းဆန္ဒကျင်လှုပ်ရှားမှုအဖြစ်ပေါ်ထွက်မလာဘဲ ကာလတစ်ခုအထိ ကျောင်းသားလှုပ်ရှားမှုတွေ ငြိမ်သက်ခဲ့ရတယ်။ ဒါပေမယ့် ကာလတစ်ခုအထိပဲဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့မကျေနပ်မှုကို လှုပ်ရှားမှုအဖြစ် ပြောင်းလဲစေတဲ့ ဖြစ်ရပ်တစ်ခု (၁၉၆၉) ကျွန်းဆွယ်အရေး အခင်းအဖြစ် ပေါ်ပေါက်လာခဲ့တယ်။ ကျွန်းဆွယ်အားကစားပြိုင်ပွဲကျင်းပတဲ့ အစိုးရရဲ့စီစဉ်ဆောင်ရွက်မှု အပေါ် အကြောင်းပြုလို့ ကျောင်းသားတွေစုစည်းမိသွားပြီး ကျောင်းသားဆန္ဒပြပွဲဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကိုအာဏာပိုင်တွေက ကျောင်းသားတွေကျေနပ်အောင် ဖြေရှင်းမပေးဘဲ တစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ်ကောလိပ်အားလုံးကို ပိတ်ပစ်ပြီး အဆောင်နေကျောင်းသားတွေကို အတင်းအဓမ္မအိမ်ပြန်စေခဲ့တဲ့ နည်းနဲ့ဖြေရှင်းခဲ့ပါတယ်။

ကျောင်းတွေ နှစ်လပိတ်ပြီး ပြန်ဖွင့်တာနဲ့ ရန်ကုန်တက္ကသိုလ်မှာ စာမေးပွဲတွေစစ်ပါတယ်။ကျွန်တော်တို့လည်း ကျောင်းသားဆန္ဒပြပွဲဖြစ်အောင် လုပ်ဖို့ စီစဉ်ကြပါတယ်။ ပထမတစ်ရက် စာမေးပွဲသွားဖြေပါတယ်။ စာမေးပွဲကတစ်ချို့အတန်းတွေက မနက်ပိုင်းဖြေရပြီး တစ်ချို့ကညနေဖြေရပါတယ်။ ဒုတိယနေ့မနက်ပိုင်း စာမေးပွဲတွေဖြေအပြီးမှာ လှုပ်ရှားမှု စတင်ဖို့စီစဉ်ကြပါတယ်။ မနက်ပိုင်းစာမေးပွဲဖြေအပြီး ၁၂နာရီခွဲလောက်မှာ ပုဂံလမ်းထဲကနေဝင်း နာမည်ထိုးထားတဲ့ခေါင်းကိုထမ်းပြီး ကျောင်းသား တစ်ချို့ထွက်လာမယ်။ သိပ္ပံ စားသောက်ဆိုင်တွေနားမှာ ကြိုတင်နေရာချထားတဲ့ ကျောင်းသားတွေက မိမိတို့ရှေ့အခေါင်းရောက်လာရင် ဝင်ရောက်ပူးပေါင်းမယ်။ အဲဒီလိုပူးပေါင်းပြီးရင် ကြွေးကြော်သံတွေ တိုင်ပြီး RCဘက်ကိုချီတက်မယ်။RCမှာ ကြိုတင်တာဝန်ချထားတဲ့ ကျောင်းသားတွေက မိမိတို့ရှေ့ရောက်လာရင် ဝင်ရောက်ပူးပေါင်းမယ်။ အဲဒီကမှ ကြွေးကြော်သံတိုင်ပြီး ဘွဲ့နှင်းသဘင်ခန်းမဘက် ချီတက်မယ်။ ဘွဲ့နှင်းသဘင်ရှေ့မှာ အသင့်စောင့်နေ တဲ့ ကျောင်းသားတွေက ဝင်ရောက်ပူးပေါင်းမယ်။ အဲဒီကနေ Eco ဘက်ချီတက် မယ်။ Eco ကျောင်းသားတွေနဲ့ ပေါင်းပြီး Eco ပေါက်ကထွက်၊ ကမာရွတ်အဝိုင်း ဆီချီတက်၊ ကမာရွတ်အဝိုင်းမှာ ကြွေးကြော်သံတွေတိုင်၊ တရားဟော၊ အခေါင်းမီးရှို့ အဲဒီလိုစီစဉ်ထားပါတယ်။

ဒါပေမယ့် အကြောင်းကြောင်းတွေကြောင့် စီစဉ်ထားတဲ့အတိုင်း မဖြစ်လိုက်ပါဘူး။ အဓိကအကြောင်းကတော့ မိမိတို့ရဲ့စီစဉ်ဆောင်ရွက်မှုတွေ စနစ်မကျတာ၊ အကွက်မစေ့တာ ၊မသေချာ မသပ်ရပ်တာတွေကြောင့် ဖြစ်ပါတယ်။ပထမအစီ အစဉ်ဖြစ်တဲ့ ပုဂံလမ်းထဲကနေ ကျောင်းသားလေးယောက် အခေါင်းကိုထမ်းပြီး ထွက်လာပါတယ်။ Science ကန်တင်းရှေ့ရောက်တော့ ကျွန်တော်လည်း နဂို ပြောထားတဲ့အစီအစဉ်အတိုင်း ထွက်ပြီးပူးပေါင်းလိုက်တယ်။ ဒါပေမယ့် ကျွန်တော်နဲ့အတူ နောက်ထပ်ကျောင်းသားတစ်ယောက်သာ ထွက်ပြီး ပူးပေါင်းပါတယ်။ နောက်ကများ ထွက်လာဦးမလားဆိုပြီး ရှေ့ကိုဆက်လျှောက်ပြီး နောက်လှည့် ကြည့်တဲ့အခါမှာ ဘယ်သူမှနောက်ထပ်ထွက်လိုက်လာတာ မတွေ့ရတော့ပါဘူး၊ စီစဉ်ထားတဲ့အတိုင်း ဖြစ်မလာတော့ ကျွန်တော်တို့ ၆ ယောက်လည်း ထူပူသွားပါတယ်၊ အစီအစဉ်အတိုင်း ကြွေးကြော်သံတွေ မတိုင်နိုင်တော့ဘူး၊ ဒါပေမယ့် RC ရှေ့ရောက်ရင် လာပေါင်းကြမှာပဲဆိုပြီး ဆက်ချီတက်ကြ ပါတယ်။ RC နား ရောက်ခါနီးတော့ RC ရှေ့မှာ ကျောင်းသားတွေကို လှမ်းမြင်ရပါပြီ။ သူတို့လည်း အခေါင်းထမ်းပြီး ချီတက်လာတဲ့ ကျွန်တော်တို့ (၆) ယောက်ကို လှမ်းကြည့်နေကြပါတယ်။ ကျွန်တော်တို့လည်း မျှော်လင့်ချက်နဲ့ ဆက်ချီတက်ကြပါတယ်။ နီးလာ ပါပြီ။ ဘာလှုပ်ရှားမှုမှ မတွေ့ရသေးပါဘူး၊ ကျွန်တော်တို့လည်း တထိတ်ထိတ်နဲ့ ဆက်ချီတက်ပါတယ်။ ရှေ့ကိုရောက်ပါပြီ။ ဘယ်သူမှထွက်မလာကြပါဘူး။ ကျွန်တော်တို့လည်း ပျာသွားပါတယ်၊ ဒါပေမယ့်ကျော်သွားရင် နောက်က လိုက်လာမလားဆိုတဲ့မျှော်လင့်ချက်နဲ့ ဆက်လျှောက်ပါတယ်။ တော်တော် ကျော်သွားပါပြီ။ ဘယ်သူမှထွက်လိုက်မလာကြပါဘူး။ ကျွန်တော်တို့လည်း ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ဖြစ်သွားပါတယ်။ ဆက်လည်းချီတက်ဖို့ မရဲတော့ ပါဘူး။ဒါနဲ့ RCအကျော် အဓိပတိလမ်းပေါ်မှာပဲ အခေါင်းကိုချ ၊ ခါတ်ဆီလောင်း ၊ မီးရှို့ပြီးအမြန်လူစုခွဲရပါတော့တယ်။

ဒါကတော့ စီစဉ်ထားတဲ့အတိုင်း မဖြစ်လိုက်တဲ့ ကျွန်တော့်ရဲ့ပထမဆုံး ဆန္ဒပြပွဲအတွေ့အကြုံပါ။ အဲဒီတုန်းက သေချာပေါက်အဖမ်းခံရပြီလို့ တွက်ထားပါတယ်။ ဒါပေမယ့် ဘာကြောင့်လဲတော့မသိပါ။ ကျွန်တော်တို့

ဘယ်သူမှအဖမ်းမခံလိုက်ရပါဘူး။

၁၉၇၀ ရန်ကုန်တက္ကသိုလ်ရွှေရတုသဘင်အခမ်းအနား ကျင်းပတော့ ကျွန်တော်ကျောင်းသားဘဝပဲရှိပါသေးတယ်။ ရွှေရတုသဘင်နောက်ဆုံးရက်မှာ မော်လမြိုင်တက္ကသိုလ်ကျောင်းသားတွေက ရန်ကုန်ရွှေရတုသဘင်ကို အကြောင်းပြုလို့ ဆန္ဒပြကြပါတယ်။ မော်လမြိုင်မှာ ကျောင်းသားတွေ ဆန္ဒပြတာနဲ့ ချက်ချင်းပဲ တော်လှန်ရေးကောင်စီအစိုးရဟာ ကျင်းပနေတဲ့ ရွှေရတုသဘင် အခမ်းအနားကို ချက်ချင်းရပ်၊ ဈေးဆိုင်တွေပိတ်ပစ်ပြီး ကျင်းပနေ တဲ့ပွဲကို ပျက်အောင်လုပ်ပြီး ပိတ်ပစ်လိုက်ပါတယ်။ အစိုးရလက်ဦးတာကြောင့် ရန်ကုန်မှာတော့ ဆန္ဒပြပွဲမဖြစ် လိုက်ပါဘူး၊ မော်လမြိုင်ကျောင်းသားတွေတော့ ဖမ်းဆီးထိန်းသိမ်းတာခံလိုက်ရပါတယ်။

(၁၉၇၀)ရွှေရတုသဘင်အရေးအခင်းဖြစ်ပြီးတဲ့နောက် လှုပ်ရှားမှုတွေ နည်းနည်းငြိမ်ကျသွားပါတယ်။ ဒါပေမယ့် ဒါဟာ ယာယီသာဖြစ်တယ်။ (၁၉၇၄) ဇွန်မှာ ကြီးမားတဲ့အုံကြွမှုကြီးတစ်ခု ပေါ်ပေါက်လာပါတယ်။ ဒီအရေးအခင်းကြီး ကိုတော့ အလုပ်သမားတွေက ဦးဆောင်တိုက်ပွဲဝင်ခဲ့တာဖြစ်တယ်။ တော်လှန်ရေး ကောင်စီလက်ထက်ကစလို့ တရိပ်ရိပ်တိုးတက်လာခဲ့တဲ့ ကုန်ဈေးနှုန်းတွေကို အလုပ်သမားတွေရဲ့လုပ်ခလစာက လိုက်လို့မမီဖြစ်လာပါ တယ်။အလုပ်သမား တွေဟာ သမဝါယမဆိုင်က ရောင်းချပေးတဲ့ ပစ္စည်းတွေ ပေါ်မှာ မှီခိုနေရတာပါ။ ကြီးမြင့်တဲ့အပြင်ကုန်ဈေးနှုန်းကို သူတို့လက်လှမ်းမမီ ပါဘူး။ (၇၄) ခုနှစ် လယ် ပိုင်းရောက်တော့ အလုပ်သမားတွေကို ရောင်းချပေးနေတဲ့ သမဝါယမဆန်ကို အစိုးရက ဖြတ်တောက်လျှော့ချပါတယ်။ အပြင်ဈေးနဲ့ အလုပ်သမားတွေ ဆန် ဝယ်မစားနိုင်ပါဘူး။ တစ်ပြည်လုံးက အလုပ်သမားတွေ ဒုက္ခရောက်ကုန်ပါတယ်။ ထမင်းငတ်ကုန်ကြပါတယ်။ ဒါကိုမကျေနပ်လို့ မြစ်ငယ်မီးရထားအလုပ်သမားတွေက စတင်သပိတ် မှောက်ပါတယ်။ မြစ်ငယ်အလုပ်သမားတွေကစလိုက်တဲ့ သပိတ် ဟာ ရန်ကုန်စက်ရုံအလုပ်ရုံတွေကို ကူးစက်ပြီး ဇွန်လဆန်းမှာ ရန်ကုန်စက်ရုံ အလုပ်ရုံအားလုံးလိုလို သပိတ်မှောက်ကြပါတယ်။ သူတို့တောင်းဆိုချက်က ရိုးရှင်းပါတယ်။ ဆန်လုံလောက်စွာရရှိရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ နေအိမ်ရရှိရေး၊ လုပ်ခလစာတိုးမြှင့်ရေးဆိုတဲ့ တောင်းဆိုချက်တွေပါ။ တရားတဲ့

ရသင့်ရထိုက်တဲ့ တောင်းဆိုချက်တွေပါ။

ဒီလိုအလုပ်သမားတွေရဲ့ တရားတဲ့ တောင်းဆိုတိုက်ပွဲဝင်မှုကို ကျောင်းသားတွေကလည်း ထောက်ခံပါတယ်။ ပြည်သူတွေကလည်း အားပေးပါတယ်။ ရန်ကုန်မှာအလုပ်သမားသပိတ်ဖြစ်တော့ ကျွန်တော်ရန်ကုန်ကိုပြန်ရောက်စပဲ ရှိပါသေးတယ်။ ကချင်ပြည်နယ်ဘက် အလုပ်သွားလုပ်ရာက ပြန်လာစပါ။ မ. ဆ. လအစိုးရက အလုပ်သမားတွေရဲ့ သပိတ်တိုက်ပွဲကို အကြမ်းဖက်နှိပ်ကွပ်ဖြိုခွင်းပါတယ်။ သမိုင်းချည်မျှင်နဲ့အထည်စက်ရုံရှေ့မှာ အလုပ်သမားနဲ့ကျောင်းသားပြည်သူတွေကို ရက်ရက်စက်စက်ပစ်ခတ်သတ်ဖြတ်နှိမ်နင်းပါတယ်။ ဆင်မလိုက်သဘော်ာကျင်း အလုပ်သမားတွေကို ပစ်ခတ်ဖမ်းဆီးပါတယ်။ ကျွန်တော် သမိုင်းချည်မျှင်စက်ရုံရှေ့ရောက်သွားတော့ ပစ်ခတ်ဖမ်းဆီးပြီးသွားပါပြီ။ သွေးကွက်တွေ ၊ အုတ်ကျိုးအုတ်ပဲ့တွေ ၊ ကျွတ်ကျန်ခဲ့တဲ့ဖိနပ်တွေပဲ တွေ့ရပါတော့တယ်။ စိတ်မှာနာကြည်းသွားပါတယ်။

အစိုးရရဲ့ အလုပ်သမားအရေးအခင်းအပေါ် အကြမ်းဖက်ကိုင်တွယ်မှုဟာ ပြည်သူတွေ၊ ကျောင်းသားတွေရဲ့ အစိုးရအပေါ် ဘက်ပေါင်းစုံကမကျေနပ်မှုကို တိုးပွားလာစေခဲ့ပါတယ်။ အဲဒီလိုအစိုးရအပေါ် မကျေနပ်မှု၊ မုန်းတီးမှုကို နောက်ထပ် ထပ်လောင်းတိုးပွားစေတဲ့အကြောင်းကတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် ဈာပနကိစ္စနဲ့ပတ်သက်ပြီး အစိုးရရဲ့ စီစဉ်ဆောင်ရွက်ပုံပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ ကွယ်လွန်သွားခဲ့တဲ့ ဦးသန့်ရဲ့ ရုပ်အလောင်းဟာ ကာယကံရှင်ရဲ့ဆန္ဒအရ ဗမာပြည်ကို (၇၄) ဒီဇင်ဘာလဆန်းမှာ ရောက်လာပါတယ်။ မဆလအစိုးရက ဦးသန့်ရုပ် အလောင်းကို ကြံတောသုသာန်မှာမြှုပ်နှံဖို့ ဖြစ်ကတတ်ဆန်း စီစဉ်ပါတယ်။ အစိုးရအစီအစဉ်ကို လက်မခံတဲ့ ကျောင်းသားတွေကဦးဆောင်ပြီး ဦးသန့်ရုပ် အလောင်းကို ရန်ကုန်တက္ကသိုလ်ကို သယ်ဆောင်ပါတယ်။ ထိုက်တန်တဲ့ သင့်လျော်တဲ့ ဈာပနဖြစ်အောင် စီစဉ်ဆောင်ရွက်ကြပါတယ်။

ကျွန်တော်လည်း ဦးသန့်အရေးအခင်းမှာ တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကျိုက္ကဆံမှာစတင်လှုပ်ရှားရာက ဒီဇင်ဘာ (၁၁)ရက် တက္ကသိုလ်ဝင်းထဲမှာ ဖမ်းဆီးခံရတဲ့အချိန်ထိ အိမ်ကိုပြန်မရောက်ခဲ့ဘူးပါဘူး။ ထောက်လှမ်းရေးအစစ်ခံရတော့ ကျိုက္ကဆံကွင်းမှာ ကျွန်တော်ပါဝင်လှုပ်ရှားခဲ့တဲ့

ကိစ္စတွေကို လုံးဝဖုံးကွယ်အစစ်ခံခဲ့ပါတယ်။ အဲဒီမှာ တရားဟောတာ၊ အလောင်းသယ်တာ၊ အလောင်းကားပေါ်ကနေလိုက်ခဲ့တာ ဒါတွေအားလုံးကို ဖုံးကွယ်ပြီး တက္ကသိုလ်ဝင်းထဲပဲရောက်ပြီး အဖမ်းခံခဲ့ရတယ်လို့ အစစ်ခံခဲ့ပါတယ်။ ထောင်ထဲမှာ ၄လလောက်ပဲနေခဲ့ရပြီး လွတ်မြောက်ခဲ့ပါတယ်။ ကျွန်တော်ထောင်ထဲမှာရှိစဉ် ငယ်သူငယ်ချင်းဗိုလ်အောင်မြင့်ဆွေ (ဗကပဥက္ကဋ္ဌ၊ သခင်ဇင်ကိုတိုက်ပွဲမှာ ပစ်သတ်ခဲ့သူ) ဟာ မြို့နယ်အလိုက်ချထားတဲ့ လုံခြုံရေးရုံးတစ်ရုံးမှာ တာဝန်ကျပါတယ်၊ အဲဒီမှာ အရေးအခင်းကာလက ထောက်လှမ်းရေးတွေရိုက်ထားတဲ့ ဓါတ်ပုံတွေကို လျှောက်ကြည့်တော့ ကျွန်တော့်ပုံ တော်တော်များများကိုတွေ့ရတယ်လို့ ပြောပါတယ်။ ကျိုက္ကဆံကွင်း မှာရိုက်ထားတဲ့ပုံတွေ၊ ကျိုက္ကဆံကွင်းကနေ တက္ကသိုလ်ကို သွားရာလမ်းမှာ အလောင်းတင်ထားတဲ့ ကားပေါ်က ပုံတွေကို တွေ့ရတယ်လို့ ပြောပါတယ်။ ကျွန်တော့်တခြားသူငယ်ချင်းတွေကို " ဒီကောင့်ပုံ တော်တော်များများကိုတွေ့ရတယ်။ လွတ်ဖို့မလွယ်ဘူး " လို့ပြောတယ်လို့ဆိုပါတယ်။ ဒါပေမယ့် လူပေါင်း ခုနစ်ထောင်ကျော်ရှစ်ထောင်လောက်ဖမ်းထားတဲ့ အထဲကနေ ထောက်လှမ်းရေးတွေက လူနဲ့ဓါတ်ပုံတိုက်စစ်ဖို့ဆိုတာ လွယ်တဲ့ အလုပ်မှမဟုတ်ပဲ။ ကိုယ့်ဘက်က မပြောရင်သူတို့ ဘယ်လိုမှမသိနိုင်ပါဘူး။

ကျွန်တော်လွတ်တာ (၇၅) မေပြီ၊ သင်္ကြန်မကျခင်မှာပါ။ အလုပ်သမားအရေး အခင်း နှစ်ပတ်လည်နဲ့ လည်းနီးနေပါပြီ။ ကျောင်းက (၇၂) မှာ ပြီးတော့ RASUမှာ လက်ရှိတက်နေတဲ့ ကျောင်းသားတွေနဲ့တော့ သိပ်ပြီးဆက်စပ်ရင်းနှီးမှုမရှိတော့ဘူး။ ဒါပေမယ့် RIT မှာတက်နေတဲ့ ကျောင်းသားတွေနဲ့တော့ ရင်းနှီးဆက်ဆံမှုရှိသေးတယ်။ မေလကုန်ခါနီးမှာတော့ ကျောင်းသားတွေဆီကနေ အလုပ်သမားနှစ်ပတ်လည် အခမ်းအနား ဖြစ်အောင်လုပ်မယ်ဆိုတဲ့ အသံတွေကြားလာရပါတယ်။ စာရွက်စာတမ်း တွေဖြန့်ဝေဖို့ စီစဉ်နေကြတယ်ဆိုတာလည်း သိလာရပါတယ်။ ကျွန်တော်လည်း ဒီလှုပ်ရှားမှုမှာပါဝင်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့် အရင်တစ်ခေါက်အဖမ်းခံရပြီး ထောင်ထဲရောက်ခဲ့ရတယ်ဆိုတော့ ဒီတစ်ခေါက်အဖမ်းမခံရအောင် လှုပ်ရှားမယ်။ ပေါ်ပေါ်လွင်လွင်လှုပ်ရှားတာတွေကို တတ်နိုင်သလောက် ရှောင်မယ်လို့ စဉ်းစားဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီအချိန်က ကျွန်တော်ကအိမ်မှာသိပ်မနေဘဲ RIT နားက အရှေ့ကြို့

ကုန်း ညီဝမ်းကွဲတွေအိမ်မှာ အနေများပါတယ်။ RIT ထဲအရောက်အပေါက် များတယ်။ ညဖက်ဆို RIT ကင်တင်းမှာ ထိုင်လေ့ရှိပါတယ်။တစ်ရက်တော့ အဲဒီ့တုန်းက နိုင်ငံတော်ကောင်စီဝင်ဗိုလ်မှူးကြီးဒေါက်တာလှဟန်နဲ့ ပညာရေး ဝန်ကြီး ဦးခင်မောင်ဝင်းတို့အဖွဲ့ တက္ကသိုလ်တွေလှည့်ပြီး ကျောင်းသားတွေနဲ့ တွေ့ဆုံရှင်းလင်းတာတွေ လုပ်မယ်ဆိုတဲ့ သတင်းကြားရပါတယ်။RITကိုလည်း လာမယ်လို့သိရတယ်။ အဲဒီ သတင်းကို ကျောင်းသားတွေ အသေအချာ လေ့လာစုံစမ်းတော့ လမ်းစဉ်လူငယ် ကျောင်းသားတွေနဲ့ လက်ဝါးချင်းရိုက်ပြီး လုပ်ပွဲတစ်ခုအဖြစ်လုပ်မယ့် သူတို့အစီအစဉ်ကို သိလာရပါတယ်။ သူတို့နဲ့ လက်ဝါးချင်းရိုက်ထားတဲ့ လမ်းစဉ်လူငယ် ကျောင်းသားတွေကမေး၊ သူတို့ကဖြေ၊ ကျောင်းသားတွေကို အချိုသတ်မယ်ဆိုတဲ့ အစီအစဉ်ပါ။ အဲဒီလို လုပ်ပွဲအစီ အစဉ်ဆိုတာ သိရတော့ တစ်ချို့ ကျောင်းသားတွေက လုပ်ပွဲကြီးပါကွာ၊ သွားတက် လည်းအပိုပဲဆိုပြီး စိတ်မဝင်စားကြပါဘူး။ ကျွန်တော်အဲဒီ့အကြောင်း ပြောတဲ့ စကားဝိုင်းတွေမှာ လုပ်ပွဲဆိုပြီးမတက်ဘဲ မနေသင့်ကြောင်း၊ ကျောင်းသား တိုင်းတက်သင့်ကြောင်း၊ သူတို့လုပ်ပွဲအစီအစဉ်ကို ပြောင်းပြန်ပြောင်းလဲသွား အောင် လုပ်ဖို့လိုကြောင်း၊ ကျောင်းသားတွေရဲ့ နစ်နာချက်တွေကို ဖော်ထုတ် ဆွေးနွေးတောင်းဆိုဖို့လိုကြောင်း၊ ကိုယ့်ဘက်က တွေ့ဆုံပွဲအတွက် ပြင်ဆင်စရာ ရှိတာတွေကို ပြင်ဆင်ထားဖို့လိုကြောင်း မသိမသာ ဝင်ပြီး ပြောဆိုဆွေး နွေးပါတယ်။

အဲဒီလိုနဲ့ ၄နှ (၅) ရက်နေ့ကို ရောက်လာပါတယ်။ ဒေါက်တာလှဟန် နဲ့ ဦးခင်မောင်ဝင်းတို့အဖွဲ့ဟာ အဲဒီ့မနက်က တိမ္မေးကု တက္ကသိုလ်ကို အရင်သွား ပါတယ်။ အဲဒီမှာ သူတို့အစီအစဉ်အတိုင်း ကျောင်းသားတွေနဲ့ဆွေးနွေးတယ်။ တိမ္မေးကုတက္ကသိုလ်ဟာ ကျောင်းသားအင်အား နည်းပါးတဲ့အတွက် ဘာပြဿနာ မှမဖြစ်ဘဲ ပြီးဆုံးသွားပါတယ်။နောက်တစ်နေ့မှာ RITကိုရောက်လာပါတယ်။ အစည်း အဝေးခန်းမမှာ ကျောင်းသားတွေနဲ့ ဆွေးနွေးပါတယ်။ ကျောင်းသားတွေ ကို အထင်သေးတဲ့ ဒေါက်တာလှဟန်တို့အဖွဲ့ဟာ RITကျောင်းသားတွေနဲ့ တွေ့တော့ ကွဲတော့တာပါပဲ။ သူတို့စီစဉ်ထားသလို ဖြစ်မလာ ဘဲ ကျောင်းသား တွေရဲ့ မကြောက်မရွံ့ ရဲရဲတောက် ပြောဆိုဆွေးနွေးမေးမြန်းတာ တွေနဲ့ တိုးပါတော့တယ်။ ကျောင်းသားတွေက အစိုးရရဲ့ ကျောင်းသားနဲ့ပညာရေးအပေါ်

တာဝန်ယူမှု ပျက်ကွက်တဲ့ကိစ္စတွေကို ဆွေးနွေးကြပါတယ်။ ကျောင်းသား သမဂ္ဂဖွဲ့စည်းပေးရေး တောင်းဆိုကြပါတယ်။ အလုပ်သမားအရေးအခင်းနဲ့ ဦးသန့် အရေးအခင်းကို အစိုးရအကြမ်းဖက်နှိမ်နင်းတာနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်ကြတယ်။ ကျောင်းသားတစ်ယောက်ကဆို ၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ဆန္ဒခံယူပွဲမှာ မဲခိုးညစ်ပတ်တာကို ဖွင့်ချပါ တယ်။ ကျောင်းသားတွေရဲ့ ထိုးစစ်အောက်မှာ နိုင်ငံတော်ကောင်စီဝင်တွေ အလူး အလဲခံနေရပါတယ်။ မျက်စိပျက် မျက်နှာပျက်နဲ့ မရှုနိုင်မကယ်နိုင် ဖြစ်ကုန်ကြ ပါတယ်။ နောက်ဆုံးတော့ သူတို့လည်း ကျောင်းသားတွေ ဆွေးနွေးတာကို တတ် နိုင်သလောက် ဖြေရှင်း ဆောင်ရွက်ပေးပါမယ်။ တခြားနေရာတွေကို ဆက် ဆွေးနွေးရအုံးမှာဖြစ်တဲ့ အတွက်ဆွေးနွေးပွဲရပ်နားဖို့ပြောပြီး ထပြန် ကုန်ကြပါ တယ်။ ဒါတောင် ကျောင်းသားတွေက ပြန်ခွင့် မပေးလို့ ပါချုပ်နဲ့ဆရာတွေက ကျောင်းသားတွေကို ချော့မော့ပြောဆို ထိန်းသိမ်းပေးရပါသေးတယ်။

မူလအစီအစဉ်အရဆိုရင် ဒေါက်တာလှဟန်တို့အဖွဲ့ဟာ RIT တွေ့ဆုံပွဲပြီး ရင် သမိုင်းကျောင်းဆောင်ဝင်းထဲမှာ ကျောင်းသားတွေနဲ့တွေ့မယ့် အစီအစဉ်ပါ။ ဒါကြောင့် RIT ကျောင်းသားတစ်ချို့ဟာ ဒေါက်တာလှဟန်တို့ ထွက်သွားပြီး နောက်မှာ သမိုင်းကျောင်းဆောင်တွေဆီ လိုက်သွားကြပါတယ်။ ကျွန်တော်လည်း လိုက်သွားခဲ့ပါတယ်။ ဒါပေမယ့် ဒေါက်တာလှဟန်တို့ သမိုင်းကျောင်းဆောင် ဝင်းကို ရောက် မလာကြတော့ပါဘူး။ RIT ကျောင်းသားတွေနဲ့ တွေ့ဆုံပွဲမှာ နဖူးကွဲ ၊ ဒူးပြဲဖြစ်သွားတဲ့ နိုင်ငံတော် ကောင်စီဝင်တွေဟာ သမိုင်းကျောင်းသားတွေနဲ့ တွေ့ဆုံရဲတဲ့ သတ္တိ မရှိကြတော့ပါဘူး။ တကယ်လို့ ရောက်လာခဲ့မယ်ဆိုရင်လဲ RIT မှာ ရင်ဆိုင်ခဲ့ရတာအောက် မနိမ့်တဲ့တိုက်ပွဲနဲ့ ထိပ်တိုက်တိုးမှာပဲဖြစ်ပါတယ်။ သမိုင်းကျောင်းဆောင်က ကျောင်းသားတစ်ချို့က တွေ့ဆုံပွဲအတွက် ပြင်ဆင် ထားတဲ့အားကစားရုံကို သိမ်းပိုက်ပြီး မိန့်ခွန်းတွေ ပြောနေကြပါတယ်။ တစ်ယောက်ပြီးတစ်ယောက် အစိုးရအပေါ် မကျေနပ်ချက်တွေကို ရင်ဖွင့် နေကြပါပြီ။

နောက်တော့ သမိုင်းကကျောင်းသားတွေလည်း RASU ကိုချီတက်ပြီး အဲဒီ မှာရှိတဲ့ကျောင်းသားတွေနဲ့ ပေါင်းလိုက်ကြပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမမှာ

သပိတ်စခန်းဖွင့်ပါတယ်။ ကြေညာချက်တွေကိုလည်း ဝေကြပါတယ်။ ကြေညာချက်တွေကို သပိတ်မတိုင်ခင်ကတည်းက ကျောင်းသားတစ်ချို့က ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်လည်း သပိတ်တိုက်ပွဲကော်မတီက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး ကျွန်တော့်အမြင်တွေပြောတာ၊ ဆွေးနွေးတာ၊ အကြံပြုတာ လုပ်ပါတယ်။ သပိတ်စခန်းမှာ ညမအိပ်ဖို့ နဂိုကတည်းက စဉ်းစားဆုံးဖြတ်ထားတဲ့အတိုင်း မိုးချုပ်တော့ ကျွန်တော်အိမ်ပြန်အိပ်ပါတယ်။

နောက်တစ်ရက် မနက်သပိတ်စခန်းကိုပြန်သွားပါတယ်။ သပိတ်စခန်းဖွင့်ထားတဲ့ ရန်ကုန်တက္ကသိုလ်ကို တခြားတက္ကသိုလ်က ကျောင်းသားတွေလည်း လာ ရောက်ပူးပေါင်းလာကြတာကို တွေ့ရပါတယ်။ လူအင်အား အတော်များနေပါပြီ။ စုရုံးစုရုံးနဲ့ ဘာဆက်လုပ်ကြမလဲဆိုတာ ဆွေးနွေးပြောဆိုကြပါတယ်။ သူ့အမြင် ကိုယ့်အမြင်ပြောကြပါတယ်။ ကျွန်တော်က အလုပ်သမားနှစ်ပတ်လည် အထိမ်း အမှတ်အနေနဲ့ ကျောင်းသားတွေ သပိတ်မှောက်နေတာကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိလာအောင် လုပ်ဖို့လိုကြောင်း၊ ပြည်သူ့ထောက်ခံမှုရအောင် လုပ်ဖို့လိုကြောင်း၊ ဒါကြောင့် မြို့ထဲကိုချီတက်သင့်ကြောင်း အကြံပေးတိုက်တွန်း လိုက်ပါတယ်။ အားလုံးက လက်ခံကြတဲ့အတွက် မြို့ထဲကိုချီတက်ဆန္ဒပြဖို့ ဆုံး ဖြတ်လိုက်ကြပါတယ်။ အဲဒီနောက် တက္ကသိုလ်ဝင်းထဲကထွက်ပြီး မြို့ထဲကို ချီတက်ကြပါတယ်။ လမ်းတလျှောက်ကြွေးကြော်သံတွေ တိုင်ပြီးချီတက်ကြပါတယ်။ လမ်းတလျှောက်လုံး ပြည်သူတွေက လမ်းဘေးက ရပ်ကြည့်ပြီး လက်ခုပ်လက်ဝါးတီး အားပေးထောက်ခံကြပါတယ်။ လမ်းမှာ ခေါင်းရောင်းတဲ့ဆိုင် တွေတော့ ဝင်ပြီးခေါင်းနှစ်လုံးကို အလှူခံပါတယ်။ ဆိုင်ပိုင်ရှင် ကလည်း လိုလိုလားလား ပေးလှူပါတယ်။ မဟာဗန္ဓုလပန်းခြံရောက်တော့ မိန့်ခွန်းတွေ ပြောကြပါတယ်။ လာ ရောက်ကြည့်ရှု့အားပေးတဲ့ ပြည်သူတွေကလည်း အများကြီးပါ။ မိန့်ခွန်းတွေ ပြောပြီးတဲ့နောက်မှာတော့ နေဝင်း၊ စန်းယု ခေါင်းနှစ်လုံးကို မီးရှို့လိုက်ပါတယ်။ ဒီနောက်မှာတော့ သပိတ်စခန်းရှိရာ ကျောင်းဝင်းထဲကို ပြန်ခဲ့ကြပါတယ်။ ကျွန်တော်လည်း ညပိုင်းအထိ သပိတ်စခန်းမှာနေပြီး ညရောက်တော့ အိမ်ပြန်အိပ်လိုက်ပါတယ်။

နောက်တစ်ရက် သပိတ်စခန်းကို ပြန်သွားပါတယ်။ သပိတ်စခန်းမသွား

ခင် သပိတ်အပေါ် ပြည်သူတွေဘယ်လိုသဘောထားကြသလဲ ၊ ဘယ်လိုမြင်ကြသလဲဆိုတာကို မြို့ထဲမှာ လေ့လာစနည်းနာကြည့်ပါတယ်။ တက္ကသိုလ်ဝင်းထဲရောက်တော့ သပိတ်စခန်းမှာကျောင်းသားတွေတင်မကဘဲ တစ်ချို့ပြည်သူတွေလည်း လာရောက်အားပေးနေတာတွေ့ရတယ်။ သပိတ်စခန်းမှာရှိတဲ့ ကျောင်းသားတွေ ရဲ့အသံ၊ ပြည်သူတွေရဲ့အသံကိုလည်း နားထောင်လေ့လာပါတယ်။ ဒီနေရာမှာ သပိတ်ကော်မတီပြန်ကြားရေးဌာနက ထုတ်ပြန်တဲ့ ကြေညာချက်တွေအကြောင်း ပြောဖို့လိုပါတယ်။ ကြေညာချက်တွေကို သပိတ်မစခင်ကတည်းက ကျောင်းသားတစ်ချို့က ကြိုတင်ပြင်ဆင်ထားကြပါတယ်။ သပိတ်စခန်းဖွင့်တော့ ဘွဲ့နှင်းသဘင်မြေအောက်စက်ခန်းထဲမှာ စာကူးစက်တွေနဲ့ကူးပြီး ဖြန့်ချိကြပါတယ်။အဲဒီလုပ်ငန်းကို ရခိုင်ကျောင်းသားတစ်စုက အဓိကတာဝန်ယူ လုပ်ဆောင်သွားတာဖြစ်ပါတယ်။ တစ်ချို့က တစ်ပါတီအာဏာရှင်စနစ် တိုက်ဖျက်ဖြိုချဖို့ တောင်းဆိုတဲ့ကြေညာချက်တွေဖြစ်ပါတယ်။ ရဲရဲတောက် ကြေညာချက်တွေဖြစ်လာပါတယ်။ကွန်မြူနစ်ပါတီက ထုတ်ပြန်တဲ့ ကြေညာချက်တွေ အလား အရေးအသား အသုံးအနှုန်းတွေက ပြောင်မြောက်လှပါတယ်။ တစ်ပါတီအာဏာရှင်စနစ်ကို ပြောင်စိန်ခေါ် တိုက်ခိုက်တဲ့ ကြေညာချက်မျိုး မထုတ်သင့်ဘူးလို့ ဝေဖန်လာကြတယ်။ တစ်ချို့ပြည်သူ တွေဆိုရင် စိုးရိမ်ပြီး သပိတ်စခန်းမလာရဲတော့တာတွေ ဖြစ်လာ တယ်။ ဒီအခြေအနေမှာ ကျွန်တော် သပိတ်ကော်မတီဝင်တစ်ချို့ပန်းဖလက်ထုတ်ဝေရေး တာဝန်ယူတဲ့သူတစ်ချို့နဲ့ သွားတွေ့ပြီး အခြေအနေကို ပြောပြဆွေးနွေးပါတယ်။ ကျွန်တော်သွား ဆွေးနွေးတဲ့ အထဲမှာ ကိုမြွေးအောင် (ယခုကယန်းပြည်သစ် ပါတီတွဲဖက် အတွင်းရေးမှူး)၊ ကိုဦးလှစော (RNDP အတွင်းရေးမှူး) နဲ့ တီမွေးကု က မောင်ကျော်ဇော (ရခိုင်မင်းပြား) တို့ပါဝင်တာကို မှတ်မိပါတယ်။ ဆွေးနွေးချက်ကို အားလုံးက လက်ခံပြီး ကြေညာချက်တွေကို ကျောင်းသားအများစုနဲ့ ပြည်သူအများစုကို စည်းရုံး ရေးအတွက် ဦးတည်ထုတ်ပြန်ဖို့ တိုက်ပွဲအရှိန်မြင့် ရင်မြင့်သလို အသုံးအနှုန်းကအစ မြင့်တင်သွားဖို့သဘောတူကြပါတယ်။ ဒါကြောင့် နောက်ထုတ်တဲ့ ကြေညာချက်လက်ကမ်းစာစောင်တွေ ပျော့ပျောင်းလာတာကို တွေ့ရမှာပါ။ သပိတ်ကော်မတီနဲ့တခြားကိစ္စတွေကိုလည်း ပြောဆိုဆွေးနွေးဖြစ်ကြပါတယ်။ အထူးသဖြင့်ကတော့ ပြန်ကြားရေးဌာနကို ကိုယ့်လူတွေကပဲကိုင်ထားဖို့ မိုက်ကရို

ဖုံးကို တွေ့ရာလူစကားပြောခွင့်မပေးဖို့ကိစ္စတွေပါ။ဒါဟာလည်း အရင်အရေး အခင်း အတွေ့အကြုံပေါ် မူတည်ပြီး အကြံပေးရတာဖြစ်ပါတယ်။ သပိတ်ကော်မတီမှာပါတဲ့ ကျောင်းသားတွေက ကျွန်တော့်ကို သပိတ်ကော်မတီမှာ ဝင်ရောက်တာဝန်ယူလုပ်ကိုင်ဖို့ တိုက်တွန်းဖိတ်ခေါ်တာကိုတော့ ကြည့်ကောင်းအောင်အကြောင်းပြပြီး ဖွတ်ငြင်းခဲ့ပါတယ်။သပိတ်စခန်းမှာလည်း ညမအိပ်ပါဘူး။ ညပိုင်း ရောက်တော့ အိမ်ပြန်ပါတယ်။

နောက်ရက်တွေမှာလည်း သပိတ်စခန်းကို နေ့တိုင်းရောက်ဖြစ်ပါတယ်။ တစ် ချို့ချီတက်ပွဲတွေမှာလည်း လိုက်ပါချီတက်ခဲ့တယ်။ အင်းစိန်ထောင်ဝိုင်းတဲ့ရက်ကတော့ လိုက်မသွားခဲ့ဘူး။ RIT ကျောင်းသားတွေနဲ့ပတ်သက်ပြီး မမှန်သတင်း ရေးသားတဲ့ သတင်းစာတိုက်ကို ကန့်ကွက်ပြီး ဖြေရှင်းချက် ထုတ်ပြန်ပေးဖို့ RIT ကျောင်းသားတွေနဲ့အတူ ကားတွေနဲ့ သတင်းစာတိုက်ကို ချီတက်တောင်းဆိုခဲ့ရပါသေးတယ်။

ဒီလိုနဲ့ (၁၀) ရက်နေ့ကို ရောက်လာပါပြီ။ အင်းစိန်ထောင်ဝိုင်းတဲ့နေ့ကစပြီး အစိုးရက ကျောင်းတွေကိုလည်း ပိတ်ပစ်လိုက်ပါပြီ။ (၉) ရက်နေ့ညမှာ ကျွန် တော်သပိတ်စခန်းက ပြန်လာခဲ့ပါတယ်။ အိမ်ကိုမပြန်ဘဲ RIT နောက်က ညီဝမ်းကွဲ အိမ်မှာသွားအိပ်ပါတယ်။ နောက်တစ်နေ့မနက် ကျွန်တော် ဘီပီအိုင်စက်ရုံကို သွားပါတယ်။ အဲဒီအချိန်က သပိတ်မှောက်အလုပ်သမားတွေ ကျောင်းသားသပိတ် စခန်းကို လာရောက်ပူးပေါင်းတာမရှိသေးပေမယ့် မိမိတို့ စက်ရုံအလိုက် ဆန္ဒပြဖို့ စီစဉ်နေကြပါပြီ။ စက်ရုံတစ်ချို့လည်း ဆန္ဒပြသပိတ် မှောက်နေကြပါပြီ။ ဘီပီအိုင်စက်ရုံမှာ သပိတ်မှောက်အလုပ်သမားတစ်ချို့နဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ စက်ရုံ တစ်ရုံနဲ့တစ်ရုံ အချိတ်အဆက်ကောင်းအောင် လုပ်ထားကြဖို့၊ တောင်းဆိုချက်တွေ တညီတညာတည်းရှိကြဖို့ နောက်ရက်တွေမှာ ကျောင်းသားသပိတ်စခန်းနဲ့ လာရောက်ပူးပေါင်းကြဖို့နဲ့ အထွေထွေသပိတ်အဖြစ် ဦးတည်သွားဖို့ ကိစ္စတွေ ဆွေးနွေးပါတယ်။ ဘီပီအိုင်စက်ရုံအလုပ်သမားတွေကလည်း တက်တက်ကြွကြွဆွေးနွေးပါတယ်။ (အဲဒီ ဘီပီအိုင်သွားဆွေးနွေးတဲ့ကိစ္စနဲ့ စက်ရုံသပိတ်အခြေအနေကို ရွှေတိဂုံဘုရားသပိတ်စခန်းမှာ တရားဟောတော့ ကျွန်တော်ထည့်ဟော လိုက်ပါတယ်။ အဖမ်းခံရပြီး ထောက်လှမ်းရေးကစစ်တော့ အဲဒီကိစ္စကို လုံးဝမပြောဘဲ ထားပါတယ်။ ဒါပေမယ့် (၁၁) ကြိမ်မြောက်လားမသိ

အစစ်ခံရတဲ့နေ့က စစ်တဲ့ ထောက်လှမ်းရေးတပ်ကြပ်ကြီးဟာ ကျွန်တော်တရားဟောတုန်းက ရှေ့ဆုံးကနား ထောင်နေသူဖြစ်နေတယ်။ သူ့ကိုမြင်လိုက်တာနဲ့ ကျွန်တော်မှတ်မိလိုက်တယ်။ အဲဒီနေ့က သူ့မိသားစုနဲ့အတူ လာနားထောင်နေတာပါ။ အဲဒီတုန်းကတော့ သာမန်ပြည်သူထဲက ပြည်သူတစ်ယောက်လို့ ထင်ခဲ့တာပါ။ သူစစ်ကြောရေးလုပ်တော့ ဘီပီအိုင်ကိစ္စမေးပါတော့တယ်။ ကျွန်တော့်အနေနဲ့ ထောင်ကျမယ်ဆိုတာ တွက်ပြီးသားပါ။ ဘီပီအိုင်ကိစ္စပြောလိုက်လို့လည်း ထူးပြီးထောင်ပိုကျစရာအကြောင်း မရှိပါဘူး။ ဒါပေမယ့် အမှန်အတိုင်း ပြောလိုက်ရင် ဘီပီအိုင်မှာ ဘယ်သူတွေနဲ့ တွေ့သလဲ တွေ့ဖို့ကိစ္စဘယ်သူက စီစဉ်ပေးသလဲ၊ ဆွေးနွေးပွဲမှာ ဘယ်သူတွေပါသလဲ၊ ဘာတွေဆွေးနွေးလဲ၊ ဘယ်စက်ရုံတွေနဲ့ဆွေးနွေးတာတွေရှိသေးလဲ စသည် ဖြင့် မီးခိုးကြွက်လျှောက် ပေရှုပ်ကုန်တော့မှာပါ။အစတစ်စထွက်သွားရင် ဆွဲ ထုတ်ပြီးဇာတ်လမ်းတွေ ရှည်ပြီး ရှုပ်ကုန်မှာပါ။ ကွင်းဆက်ဖြတ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်ဘီပီအိုင်ကို မရောက်တဲ့အကြောင်း၊ သပိတ်စခန်းကိုလာတော့ RIT ရှေ့က ဘီပီအိုင်မှတ်တိုင်မှာကားစီးကြောင်း၊ မှတ်တိုင်မှာ ခရီးသည်တွေက ဘီပီအိုင်စက်ရုံမှာ သပိတ်မှောက်နေပြီလို့ ပြောဆိုတာ ကြားခဲ့ရကြောင်း၊ တရား ဟောတော့ ဘီပီအိုင်စက်ရုံတော့ သပိတ်မှောက်နေပြီ ၊ ကျောင်းသားနဲ့ လာပူးပေါင်းတော့မယ်လို့ ကားမှတ်တိုင်မှာ ကြားခဲ့ရတယ်ဆိုပြီး ပြောရင် ပရိသတ်က မိမိကို အထင်ကြီးလာအောင် ကားဂိတ်ကကြားလာတဲ့သတင်းကို ဘီပီအိုင်ရောက်ပြီး ဆွေးနွေးခဲ့သလို ပြောဆိုခဲ့တာဖြစ်ကြောင်း အစစ်ခံပါတယ်။ စစ်ဆေးတဲ့ထောက်လှမ်းရေးက သိပ်မကျေနပ်ပေမယ့် အဲဒီလိုပဲ ဖွတ်မှတ်အစစ်ခံခဲ့ပါတယ်။

အဲဒီနေ့က သပိတ်စခန်းကို ရန်ကုန်တက္ကသိုလ်ဝင်းထဲကနေ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်ကို ရွှေ့ပြောင်းကြပါတယ်။ ရွှေတိဂုံဘုရားပေါ်ရောက်တော့ သပိတ်စခန်းက ပိုပြီးစည်ကားသွားပါတယ်။ ပြည်သူတွေ တဖွဲဖွဲလာရောက်ကြည့်ရှုအားပေးကြတယ်။အလှူငွေတွေလည်းထည့်ဝင်ကြပါတယ်။ သပိတ်ကော်မတီတွေကလဲ ပရိသတ်ကို တရားဟောတာ၊ လက်ကမ်းစာစောင်ဝေတာတွေလုပ်ပါတယ်။ အဲဒီအချိန်ထိ ကျွန်တော်သပိတ်ကော်မတီထဲမပါသေးပါဘူး။ သပိတ်ကော်မတီမှာ တာဝန်မယူဘူး၊ လူရှေ့သူရှေ့မှာ ပေါ်ပေါ်လွင်လွင်

မလှုပ်ရှားဘူး သပိတ်စခန်းမှာ ညမအိပ်ဘူးလို့ ဆုံးဖြတ်ထားတာပါ။ ဒါပေမယ့် ဖြစ်ချင်တော့ ညပိုင်းရောက်လာတော့ လမ်းစဉ်လူငယ်တက္ကသိုလ် ကျောင်းသား တစ်စုရောက်လာပြီး သပိတ်ကော်မတီကို အပိုင်စီးဖို့ ကြိုးပမ်းပါတော့တယ်။ သူတို့က အကွက် စေ့စေ့ပြင်ဆင်လာပုံပါပဲ။လက်ကမ်းစာစောင်စာတမ်းတွေ ပါလာတယ်။ ကြေညာချက်တွေမှာတော့ ကျောင်းသားအရေးသက်သက်ပဲ တောင်းဆိုထားပါတယ်။ နောက်ပြီး လက်ကမ်းစာစောင်မှာ ရိုက်နှိပ်ထားတဲ့ တံဆိပ်တုံးက လူရည်ချွန်တံဆိပ်တုံးကို ပြုပြင်ပြီး ခွပ်ဒေါင်းပုံထည့်ထား တာဖြစ်ပါတယ်။ သူတို့ဟာ သူတို့လက်ကမ်း စာစောင်တွေကို သူတို့ဘာသာ ပြည်သူတွေကို ဝေငှတာတွေ လုပ်လာပါတယ်။ မိုက်ခွက် ကိုယူပြီး တရားဟောဖို့ ကြိုးပမ်းလာကြပါတယ်။ အဲဒီမှာတင် ကျွန်တော်လည်းမနေ သာတော့ဘဲ ဝင်ရောက်ဖြေရှင်းရပါတော့တယ်။ အခြေအနေက အတော်တင်းမာ လာတယ်။ နှစ်ဖက်စလုံး တင်းတင်းမာမာရပ်ခံနေကြလို့ ပြဿနာက တော်တော် နဲ့ဖြေရှင်းလို့ မရဘူး။ အချိန်အတော်ကြာသွားပါတယ်။ နောက်ဆုံးမှာ ကျွန်တော်တို့ အဲဒီလမ်းစဉ်လူငယ်တစ်စုကို မောင်းထုတ်လိုက်နိုင်ပါတယ်။

အဲဒီပြဿနာပြီးသွားတော့ သပိတ်ကော်မတီကို ပြန်လည်တိုးချဲ့ဖွဲ့စည်း တာလုပ်ကြတော့ ကျွန်တော့်ကို သပိတ်ကော်မတီထဲ ထည့်ကြပါတယ်။ ကျွန်တော်ကလည်း ငြင်းခဲ့ဘူး ... ဒါပေမယ့် နောက်ဆုံး ဘယ်လိုမှ ငြင်းလို့မရတော့ဘဲ သပိတ်ကော်မတီမှာပါလိုက်ရပါတယ်။စောစောက လမ်းစဉ်လူငယ်တွေ လာရှုပ်သွားလို့ ပရိသတ်ကိုလည်း ပြန်ထိန်းဖို့လိုအပ်နေတာ။ ဒါကြောင့် ပရိသတ်ရှေ့ ပေါ်ပေါ်လွင်လွင်မ လှုပ်ရှား ဘူးလို့ဆုံးဖြတ်ထား တဲ့ကြားက မတတ်သာတော့ဘဲ ပရိသတ်ကို တရားဟော ရပါတော့တယ်။သပိတ် ကော်မတီနဲ့ အလုပ်ကိစ္စဆွေးနွေး၊ နောက်တစ်နေ့ စက်ရုံ အလုပ်ရုံတွေက လာရောက် ပူးပေါင်း မယ့်ကိစ္စတွေ ၊ဘဏ္ဍာရေးကိစ္စတွေ ဆက် ဆွေးနွေးရပါ တယ်။ ကျွန်တော်ကတော့ သပိတ်ကော်မတီမှာ ပါလိုက်ရပေမဲ့ ညမအိပ်ဘဲ ပြန်ဖို့ဆုံးဖြတ်ထားပါတယ်။ ဒါပေမယ့် ဆွေးနွေးပွဲတွေပြီးလို့ ပြန်ဖို့ လုပ်တော့ ပြန်လို့မရတော့ပါဘူး။ ရွှေတိဂုံဘုရား အဆင်းတံခါးတွေအားလုံး ပိတ် ကုန်ပါပြီ။ မတတ်နိုင်တော့ပါဘူး။ပြန်ဖို့အစီအစဉ်ကို လက်လျှော့လိုက်ရပါတယ်။

ပရိသတ်တွေလည်း ပြန်ကုန်ကြပါပြီ။ ညနက်လာတော့ အိပ်တဲ့သူတွေ

လည်း အိပ်ကုန်ကြပါပြီ။ တချို့လည်း ဇရပ်ထဲမှာအိပ်ကြ၊ တချို့လည်း ရင်ပြင်တော်ပေါ်မှာ အိပ်ကြပါတယ်။ အမျိုးသမီးကျောင်းသူတွေလည်း မပြန်ကြပါဘူး။ ရင်ပြင်ပေါ်မှာပဲအိပ်ကြပါတယ်။ ညတစ်ချက်တီးလောက်ရောက်တော့ စစ်တပ်က ရွှေတိဂုံဘုရားကို ဝိုင်းထားပြီးဆိုတဲ့သတင်း ကြားရပါတယ်။ ဒီသတင်း ကြောင့် အိပ်နေသူ တွေအားလုံးနိုးလာပြီး ရုတ်ရုတ်သဲ သဲဖြစ်သွားပါတယ်။ သပိတ်စခန်းမှာ အထက်တန်းကျောင်းသားလေးတွေနဲ့ အလယ်တန်းကျောင်းသားလေးတွေလဲ ရှိနေပါတယ်။ တစ်ချို့လည်း ဟိုပြေး ဒီပြေးဖြစ်နေကြပါတယ်။ ကျွန်တော်တို့လဲ ရုတ်ရုတ်သဲသဲ ဟိုပြေးဒီပြေးဖြစ် နေတာတွေကို လိုက်ထိန်းရပါတယ်။ ရုတ်ရုတ်သဲသဲမလုပ်ဖို့ တည်တည်ငြိမ်ငြိမ် စဉ်းစားဆုံးဖြတ်ကြဖို့ ဆွေးနွေးရပါတယ်။ တန်ဆောင်းထဲမှာ အားလုံးကို စုစေပါတယ်။ ကျွန်တော်တို့သပိတ်ကော်မတီက ဘာလုပ်မလဲဆိုတာ အမြန် ဆွေးနွေးဆုံးဖြတ်ရပါတယ်။ တစ်ယောက်တစ်ပေါက် ပြေးကြရင်လည်း လွတ်မှာ မဟုတ်ဘူး။တကယ့်အနည်းစုလွတ်ချင်လွတ်မယ်၊ အားလုံးပြန်ဖမ်းခံရနိုင်တယ်၊ ပိုနာနိုင်တယ်၊ ဒါကြောင့်အားလုံးအဖမ်းခံမယ်၊ သပိတ်မလှန်ဘူးလို့ဆုံးဖြတ်လိုက်ကြပါတယ်။ သပိတ်ကော်မတီရဲ့ ဆုံးဖြတ်ချက်ကို အားလုံးကသဘောတူကြပါတယ်။သပိတ်မလှန်ဘူး၊အဖမ်းခံမယ်။

ဒီအချိန်မှာ ဘဏ္ဍာရေးမှူးတာဝန်ယူထားတဲ့ ခင်သန်းနွယ်ဆိုတဲ့ကျောင်းသူ ကအလှူငွေတွေထည့်ထားတဲ့လွယ်အိတ်ကို ကျွန်တော့်ဆီလာထိုးအပ်ပါတယ်။ ပြည်သူတွေ သပိတ်အတွက်လှူထားတဲ့ငွေတွေပါ။ ကျွန်တော်တို့လည်း အဲဒီငွေတွေကိုဘယ်လိုလုပ်မလဲဆိုတာဝိုင်းဆွေးနွေးကြပါတယ်။ တစ်ချို့က အဖမ်းခံရပြီးရင် ထောင်ထဲရောက်မယ်။ ထောင်ထဲမှာသုံးရအောင် ငွေတွေကို ခွဲဝေပစ်လိုက်ဖို့ အကြံပေးတယ်။ တချို့ကလည်း ဘုရားအလှူခံပုံးတွေထဲထည့်လှူလိုက်ဖို့ အကြံပြုတယ်၊ ကျွန်တော်နဲ့တစ်ချို့က ပြည်သူတွေက အလှူငွေထည့်ဝင်ကြတာကို မဆလအစိုးရသိပြီးဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ ငွေတွေမတွေ့ရင် ပြည်သူလှူထားတဲ့ငွေတွေကို ကျောင်းသားတွေ သုံးတယ်ဆိုပြီး နာမည်ဖျက်လိမ့်မယ်။ ဦးသန့်အရေးအခင်းတုန်းက ကျောင်းသား အယောင်ဆောင်ထားသူ တစ်ယောက်က အလှူငွေတွေသုံးသွားတာကို ကျောင်းသားတွေသုံးတယ်ဆိုပြီး မဆလအစိုးရက နာမည်ဖျက်ပြီး ပြီ။ဒါကြောင့် ကျွန်တော်တို့

အလှူငွေတွေကို လာဖမ်းတဲ့တာဝန်ရှိသူကို စနစ်တကျအပ်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်ဆိုပြီး တိုက်တွန်းဆွေး နွေးပါတယ်။ နောက်ဆုံး ငွေအပ်ရေးသဘောတူဆုံးဖြတ်ကြပါတယ်။

ကျွန်တော်တို့လည်း တန်ဆောင်းထဲမှာစနစ်တကျအားလုံးစုပြီးထိုင်စောင့်နေကြပါတယ်။ နာရီပြန် (၂)ချက်လောက်မှာ စစ်သားတွေတက်လာတာကို မြင်ရပါပြီ။ သေနတ်တွေကိုင်ပြီး တရွေ့ရွေ့ ကျွန်တော်တို့ရှိရာကို ချီတက်လာကြပါတယ်။ အတော်နီးလာတဲ့အချိန်မှာ ကျွန်တော်စားပွဲခုံတစ်ခုပေါ်တက်ပြီး ချီတက်လာတဲ့ စစ်သားတွေကို လှမ်းစကားပြောပါတယ်။ လက်တစ်ဖက်က အလှူငွေတွေထည့်ထားတဲ့ လွယ်အိတ်ကို ကိုင်လျက်ပါ။ ကျွန်တော်တို့ မိမိတို့ယုံကြည်ချက် အတိုင်း သပိတ်မှောက်ဆန္ဒပြတာဖြစ်ကြောင်း အေးအေးဆေးဆေးအဖမ်းခံမှာ ဖြစ်တဲ့အကြောင်း သပိတ်တော့ လှန်မှာမဟုတ်တဲ့အကြောင်းဟောပြောပါတယ်။စစ်သားတွေကလည်း ချီတက်တာမပျက်ဆက်ချီတက်လာကြတယ်။ကျွန်တော်လည်းအေးအေးဆေးဆေး အဖမ်းခံမှာဖြစ်တဲ့အကြောင်း၊သပိတ်တော့လှန်မှာမဟုတ်ကြောင်းကိုပဲ ထပ်တလဲလဲလှမ်းပြောပါတယ်။နောက်ဆုံးစစ်သားတွေတန်ဆောင်းထဲရောက်လာပါတယ်။ သူတို့တန်ဆောင်းထဲရောက်တာနဲ့ထိပ်ဆုံးမှာထိုင်နေတဲ့ ကျောင်းသားတွေကိုဖမ်းဆွဲပါတော့တယ်။ဒီမှာတင်ရှုတ်ရှုတ်သဲသဲဖြစ်သွားပါတယ်။ ကျွန်တော်လည်းစားပွဲခုံပေါ်က အမြန်ခုန်ဆင်းပြီး ဦးဆောင်လာတဲ့ဗိုလ်မှူးကြီးဆီကိုသွားပါတယ်။ အဲဒီဗိုလ်မှူးကြီးကို ကျွန်တော်တို့အေးအေးဆေး ဆေးအဖမ်းခံမှာဖြစ်ကြောင်း၊ အဲဒီလိုအကြမ်း ဖက်တာမျိုးမလုပ်စေ လိုကြောင်းပြောတော့ သူက သူ့စစ်သားတွေကိုဖမ်းချုပ်ထားတဲ့ ကျောင်းသားတွေကိုပြန်လွှတ်ပေးဖို့ အမိန့်ပေးပါတယ်။ ကျွန်တော်လဲမိမိတို့ဟာဆူပူသောင်းကျန်းသူတွေ မဟုတ်ကြောင်း မိမိတို့ယုံကြည်တာကို အေးအေးချမ်းချမ်းလုပ်ကြတာသာ ဖြစ်ကြောင်း၊အခု စနစ်တကျအဖမ်းခံကြောင်း၊သပိတ်တော့ မလှန်နိုင်ကြောင်းပြောပြပါတယ်၊ဆက်ပြီးတော့အရင် ဦးသန့်အရေးအခင်းကအဖမ်းခံရတဲ့ကျောင်းသားတွေဟာ အဖမ်းခံရစဉ်မှာရော စစ်ကြောရေး ကာလမှာပါအကြမ်းဖက်နှိပ်စက်ခံရတယ်လို့ကြားသိရကြောင်း၊မိမိတို့လည်း မိမိတို့ယုံကြည်ချက်အရလုပ်တာသာဖြစ် ကြောင်း၊ယခုအေးဆေးသက်သာအဖမ်းခံပြီးဖြစ်ကြောင်း၊ဗိုလ်မှူးကြီးတို့ တာဝန်အရလုပ်ရတာကို

မိမိတို့နားလည်ကြောင်း ဗိုလ်မှူးကြီး အနေနဲ့ ဖမ်းဆီးရာ မှာရော၊ စစ်ကြောရေး ကာလမှာပါ အကြမ်းဖက် နှိပ်စက်တာမျိုးမဖြစ်အောင် တာဝန်ယူပေးစေလိုကြောင်း ပြောလိုက်ပါတယ်။ သူကလည်းအတတ်နိုင်ဆုံး ဆောင်ရွက်ပေးမယ်လို့ ပြောပါတယ်။ နောက်မှသိရတာက သူဟာ ဗိုလ်မှူးကြီး ရန်နောင်စိုး (နောင်မီးသတ် ဦးစီးညွှန်ကြားရေးမှူးချုပ်) ဖြစ်တယ်ဆိုတာ သိရပါတယ်။

ဒီနောက်မှာတော့ ကျွန်တော်လည်း အလှူငွေတွေကို အဲဒီဗိုလ်မှူးကြီးဆီကို တရားဝင်လွှဲပြောင်းအပ်နှံလိုက်ပါတယ်။မနက် (၄) နာရီလောက်မှာတော့ ကျွန်တော်တို့ ၂ ယောက်တစ်တွဲတွဲပြီး ရွှေတိဂုံကုန်းတော်ပေါ်ကနေ စစ်သားတွေ ခြံရံပြီး ဆင်းလာရပါတယ်။ ကုန်းတော်ခြေရင်းရောက်တော့ အသင့်စောင့် နေတဲ့ စစ်ကားတွေပေါ် တက်ပြီး အင်းစိန်ထောင်ဆီ ခေါ်ဆောင်သွားခြင်း ခံကြရပါတယ်။

ရွှေတိဂုံအရေးအခင်းလို့လည်း လူသိများတဲ့ (၁၉၇၅) ခုနှစ်အလုပ်သမားအရေးအခင်းနှစ်ပတ်လည်ကတော့ ရည်မှန်းထားသလို စက်ရုံအလုပ်ရုံ အလုပ်သမားတွေနဲ့ ပူးပေါင်းပြီး အထွေထွေသပိတ်အဖြစ် မပြောင်းလဲနိုင်ဘဲ မဆလရဲ့တပ်လက်ဦးမှုကြောင့် ဖြိုခွဲခံခဲ့ရပါတယ်။ သပိတ်ဖြိုခွဲခံခဲ့ရပေမယ့် သပိတ်တော့ မလှန်ခဲ့ကြပါဘူး။ ဒီလို အရှုံးမပေး သပိတ်မလှန်တဲ့စိတ်ဓါတ်ဟာ ကျွန်တော်တို့ရင်ထဲမှာ စွဲစွဲမြဲမြဲ ကိန်းအောင်းနေခဲ့ပါတယ်။ ဒီစိတ်ဓါတ်နဲ့ပဲ ထောင်ထဲမှာ မတရားတဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေကို ငုံ့မခံဘဲ တွန်းလှန်ခဲ့ကြတာပါ။ ရောက်တဲ့နေရာမှာ ဒီစိတ်ဓါတ်ကိုကိုင်စွဲပြီး စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့ကြတာပါ။ အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားကြမှာလည်းဖြစ်ပါတယ်။

နောင်ဘဖူး

## " ဖွန်လှိုင်းတို့ရဲ့ အနိမ့်အမြင့်တွေကြားမှာ "

မောင်လွင်မွန် (ကသာ)

ပုဒ်မ-၅(ည)နဲ့ ထောင်ခုနစ်နှစ်ကျပြီး အထီးကျန်နေ့ရက်တွေကို ကာလ ရှည်ဖြတ်သန်းရတဲ့အခါတွေမှာ စိတ်အားလူအား ဖြစ်နေတာနဲ့အမျှ အတိတ်ရဲ့အရိပ်တွေဟာ အတွေးရုပ်ရှင်အဖြစ် တစ်ကွက်ပြီးတစ်ကွက် ပေါ်လာ တတ်ပါတယ်။ ဘဝကို သိုသိုသိပ်သိပ် ဖြတ်သန်းပြီး ကိုယ့်ဘဝအောင်မြင်မှုလမ်းဆီ သာမန်လူတစ်ဦးလို ရိုးရိုးလေးလျှောက်သွားချင်တဲ့ကိုယ်ဟာ ဘာဖြစ်လို့ အများနဲ့ စုပေါင်းလုပ်ဆောင်ပြီး အများအတွက် ကာလရှည်ရင်းနှီးမြှုပ်နှံရတဲ့နိုင်ငံ ရေးဘဝထဲ ဘယ်လိုများရောက်လာပါလိမ့်။ ဒါကိုပြန်တွေးကြည့်တဲ့အခါ 'ဖွန်ဆစ်ခ်စ်'လို့ ခေါ်တဲ့ ဖွန်လခြောက်ရက်နေ့များက ကိုယ့်ဘဝကိုပြောင်းလဲစေခဲ့တဲ့ မြင်ကွင်းတွေကို တရိပ်ရိပ် မြင်ယောင်မိစေပါတယ်။

အခုလို အခါအခွင့်သင့်လို့ ပြန်တမ်းတပုံဖော်ကြည့်တော့လည်း ဖွန်လရဲ့ လှိုင်းအနိမ့်အမြင့်တွေက ကိုယ့်ရင်ကို ခုန်နေစေလျက်ပါပဲ။

ပထမ ဖွန်လခြောက်ရက်နေ့ကတော့ ၁၉၇၄ခု ဖွန်လခြောက်ရက်နေ့ပါ။ အဲဒီ့နေ့မတိုင်ခင်ကလေးမှာတင် စတင်ခဲ့တဲ့ မဆလအာဏာရှင်စနစ်ကို ပထမဆုံးလူတန်းစားလှုပ်ရှားမှုအဖြစ် စိန်ခေါ်သလိုဖြစ်ခဲ့တဲ့ အလုပ်သမားဆန္ဒပြပွဲတွေဟာ ရန်ကုန်မြို့ကအလုပ်ရုံစက်ရုံတွေကို ကူးစက်ပျံ့နှံ့ပြီး ဖွန်လခြောက်ရက်နေ့မှာတော့ အတော်လေးအရှိန်ရလာတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီ့အချိန်တုန်းက ကိုယ်ဟာ စီးပွားရေးတက္ကသိုလ်ကျောင်းသားအနေနဲ့ ရန်ကုန်၊ သမိုင်းဆောင်တွေထဲက ဇွဲကပင်ဆောင်မှာ ရှိနေခဲ့ပါတယ်။ ကိုယ့်အဆောင်ဝန်း

ကျင်မှာရှိတဲ့ ဂုံနီစက်ရုံ၊ ချည်မျှင်နဲ့အထည်စက်ရုံနဲ့ စက်ပစ္စည်းစက်ရုံများက အလုပ်သမားသပိတ်သံတွေဟာ ကိုယ်တို့ကျောင်းသားတွေဆီကိုပါရိုက်ခတ်လာပါတယ်။ အများစုက လူလတ်တန်းစားနဲ့ဝန်ထမ်းများရဲ့ သားသမီးများအဖြစ်နဲ့ တက္ကသိုလ်ပညာကို ခဲခဲယဉ်းယဉ်း ရှန်းကန်သင်ကြားနေရတဲ့ ကိုယ်တို့ရဲ့ရင်ထဲက ခံစားချက်က အလုပ်သမားတွေရဲ့လှုပ်ရှားမှုကို နားလည်စွာနဲ့ ထောက်ခံနေပါတယ်။ ဒါပေမဲ့ အဲဒီ့အချိန်က ကိုယ့်အမြင်ကိုယ့်ယုံကြည်ချက်ကို ဒီနေ့ သတိတရပြန်ကြည့်မိလိုက်တော့ အဲဒီ့ကာလမှာ သူတို့ကိုယ်သူတို့ ဆိုရှယ်လစ် အစိုးရလို့အမည်ခံထားတဲ့ မဆလအစိုးရဟာ အာဏာသိမ်းအစိုးရဘဝကနေ ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရအသွင်နဲ့ပုံဖော်ပြီး စစ်အစိုးရ အဖြစ်ကနေ ပြည်သူ့အစိုးရအဖြစ်ကို အသွင်ပြောင်းလာစ ဖြစ်လေတော့ တကယ့်ဆိုရှယ်လစ်အင်အားစုများက နိုင်ငံရေး ဦးဆောင်မှု အခန်းကိုယူလာနိုင်ပြီး နိုင်ငံကိုကောင်းအောင် လုပ်လာမလားလို့ မျှော်လင့်ချက်ရေးရေးထားမိနေတဲ့ အခါလည်း ဖြစ်ပါတယ်။အဲဒီ့ကာလမှာ အလုပ်သမားသပိတ်က ပေါ်လာပါတယ်။ အလုပ်သမားများရဲ့စက်ရုံများက အသံချဲ့စက်နဲ့ ကြေညာပြောကြားရင်း သံပြိုင် အော်ဟစ်နေတဲ့ ဆန္ဒပြသပိတ် မှောက်သံတွေက ကိုယ်တို့အဆောင်များဆီ ရိုက်ခတ်လာပြီး စိတ်ဝင်စားမှုနဲ့အတူ လိုအပ်သလို ပူးပေါင်း ပါဝင်နိုင်ဖို့ ကိုယ်တို့ ကျောင်းသားတစ်တွေ အဆောင်အနောက်ဖက် လမ်းကနေ စက်ရုံအလုပ်ရုံတွေဆီ ကို ထွက်လာခဲ့ကြတယ်။ အလုပ်သမားတွေက တော့ တကတ်ကြွကြွအော်ဟစ်နေပါတယ်။ 'စစ်အစိုးရပြုတ်ကျရေး တို့အရေး'လား၊ 'အလုပ်သမားထုတိုက်ပွဲအောင်ရမည်လား'လား။အဲဒီ့လိုတွေ မဟုတ်ပါဘူး။

သူတို့အော်နေတဲ့အထဲကတစ်ခုကို ကိုယ်မှတ်မိနေခဲ့တာကတော့ "ကျွန်တော်တို့ အလုပ်သမားများဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဦးဆောင်မှုနဲ့ ဆိုရှယ်လစ်လောကသစ်ကြီးဆီ ချီတက်ရာမှာ ကာယဉာဏလုပ်သားများ၊ တောင်သူလယ်သမားများ၊ အသိပညာရှင် အတတ်ပညာရှင်များနဲ့အတူ ပူးပေါင်း ပါဝင်လျက်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒီနေ့ ရနေတဲ့လုပ်ခဟာ ကျွန်တော်တို့ မိသားစုအတွက် ဆန်ဖိုးကိုတောင် ကာမိခြင်းမရှိပါဘူး။ ဒါကြောင့် အခုလိုဆန္ဒပြ တောင်းဆိုရတာပါ။ ဒါဟာ နိုင်ငံရေးလှုပ်ရှားမှု မဟုတ်သလို နိုင်ငံရေးပြဿနာ လည်းမဟုတ်ပါဘူး။ စီးပွားရေးပြဿနာသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့

တောင်းဆိုသလို လုပ်ခတွေတိုးမြှင့်ပေးတာနဲ့အမျှ ကျွန်တော်တို့ သပိတ်က လည်းပြီးဆုံးသွားမှာပါ။ ကျွန်တော်တို့ဟာ မြန်မာဆိုရှယ်လစ် လမ်းစဉ်ကိုလည်း ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီး ဦးနေဝင်းကိုလည်း လေးစား ပါတယ်။ ဥက္ကဋ္ဌကြီး ဦးနေဝင်းလည်း ကျန်းမာပါစေ" ဆိုပြီး ဆန္ဒပြရခြင်း အကြောင်းကို အသံချဲ့စက်နဲ့ ပြည်သူနဲ့အစိုးရ နားလည်အောင်ရှင်းပြပါတယ်။ ပြီးတော့ လုပ်ခတိုးမြှင့်ရရှိရေး တို့အရေးဆိုတဲ့ ကြွေးကြော်သံများနဲ့အတူ အချို့စက်ရုံများမှာဆို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အောင်ရမည်ဆိုတာမျိုးတောင် ပါပါသေးတယ်။

ဒီတော့ ကိုယ်ကတော့ အလုပ်သမားတွေရဲ့ လှုပ်ရှားမှုပုံသဏ္ဌာန်ကို သဘောကျမိတယ်။ သူတို့ပြောတာကရှင်းတယ်။ အာဏာရှင်အစိုးရတွေပြောနေကျ ပြည်ပဩဇာခံတို့ သွေးထိုးလှုံ့ဆော်တာတို့ ဝဲယာအဖျက်သမားတို့ မပြောပါနဲ့၊ ကျွန်တော်တို့ဟာ ခင်ဗျားတို့ရဲ့နိုင်ငံရေးဦးဆောင်မှုကို ယုံကြည်တယ်။ ဒါပေမဲ့ လုပ်ခမလောက်လို့တောင်းတာ။ဒါကို ဖြေရှင်းပေးရင် သပိတ်လှန်မယ်ဆိုတာပါပဲ။ ဒါဟာ သူတို့ကိုယ်သူတို့ အလုပ်သမား လယ်သမားအကျိုးဆောင်နေတဲ့ ဆိုရှယ် လစ်တွေပါလို့ ပြောနေတဲ့ မဆလအစိုးရကို ပါးပါးနပ်နပ်စိန်ခေါ် လိုက်တာပါပဲ။ သူတို့ ဘယ်လိုဖြေရှင်းမှာပါလဲ။ သူတို့အစိုးရသက်တမ်းကလည်း အလွန်နု သေးတယ်။ ၁၉၇၄ ဧပြီလ ၁ရက်နေ့ကမှ ပြည်သူ့ဆန္ဒနဲ့ရွေးချယ်တင်မြှောက် တာပါဆိုတဲ့ ပုံသဏ္ဌာန်နဲ့ ဘောင်းဘီချွတ်ပြီး တောင်ရှည်ပုဆိုးဝတ်လို့ တက်လာတဲ့အစိုးရ ဖြစ်နေတော့ ဒီစိန်ခေါ် ချက်က စိတ်ဝင်စားစရာ ကောင်း နေတယ်။ ဒါဟာ ဆိုရှယ်လစ်အတုလား အစစ်လားဆိုတာကို စမ်းသပ်တဲ့ပွဲပဲလို့ ကိုယ်က လူငယ်တစ်ယောက်အနေနဲ့ ရှုမြင်ကြည့်မိတယ်။တစ်ဖက်ကလည်း ဒီလို ပါးပါးနပ်နပ် ကြွေးကြော်သပိတ်မှောက်နေတဲ့ အလုပ်သမားတွေကို ဆိုရှယ်လစ်လို့ ဆိုနေတဲ့ အစိုးရအနေနဲ့ ဧစပ်ဖြေရှင်းရမှာပဲလို့ မျှော်လင့်နေခဲ့မိတာ အမှန်ပဲ။ ဒါပေမဲ့ ကိုယ်မျှော်လင့်တာရော အလုပ်သမားထု မျှော်လင့်တာပါ မဖြစ်ခဲ့ပါဘူး။ အလုပ်သမားထုကို စစ်တပ်အင်အားနဲ့ ဝိုင်းဝန်းပိတ်ဆို့ပြီး မကြာခင်မှာပဲ မင်းတို့က ဆီဆန်တောင်းတယ်၊ ငါတို့က ကျည်ဆံ ပဲပေးမယ်ဆိုပြီး ပစ်ခတ်နှိမ်နင်းခဲ့ပါ တော့တယ်။သေနတ်သံတွေနဲ့အတူ 'ဟာ၊ ပစ်နေပြီ၊ ပြေးပြေး'ဆိုပြီး အဆောင်ဖက်ကို ပြန်ဆုတ်ခွာ ထွက်ပြေးလာရတဲ့ ကျောင်းသားတွေထဲမှာ ကိုယ်လည်းပါပါတယ်။ ကိုယ်တို့ရဲ့နောက်မှာ "အခု ကျွန်တော်တို့ကို စစ်တပ်က ပစ်နေပါပြီ၊ ကျွန်တော်တို့မှာ အပ်တိုတစ်ချောင်းတောင်မရှိပါဘူး ပြည်သူတွေ

ကျွန်တော်တို့ကို ကယ်ကြပါ၊ ကြည့်မနေပါနဲ့”ဆိုတဲ့ အသံတွေကို ကြားနေရပါတယ်။ကိုယ်ဟာ ရက်စက်တဲ့သူတို့ကိုရော ဘာမှမလုပ်နိုင်ဘဲ သရဲဘောကြောင်စွာ ဆုတ်ခွာထွက်ပြေးလာရတဲ့ ကိုယ့်ကိုယ်ကိုယ်ပါအရမ်း ရွံရှာစိတ်ပျက်မိပါတယ်။ အလုပ်သမားတွေရဲ့ တစာစာ အကူအညီတောင်းနေမှုတွေကို ဘာမှလုပ်မပေးနိုင်တဲ့အတွက် ကြေကွဲစွာမျက်ရည်ကျခဲ့မိပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့ညသတင်းကြေညာအပြီးမှာ ပုပ္ပနွေးနွေးဖွေးကောက်ခံအစိုးရရဲ့ ဝန်ကြီးချုပ်ဦးဝိန်ဝင်းက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ထားဝယ်သံဝဲဝဲနဲ့ သူကိုယ်တိုင်ထုတ်ပြန်တဲ့ကြေငြာချက်မှာ ပါခဲ့တာတွေထဲက ကိုယ်မမေ့နိုင်တာကတော့ ရန်ကုန်မြို့မှာ လက်ဝဲလက်ျာ အဖျက်သမားများရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် စက်ရုံအလုပ်ရုံအချို့မှ အလုပ်သမားများ ဆူပူဆန္ဒပြလျက်ရှိကြောင်း အစချီပြီး ‘သို့ဖြစ်ရာ မိမိတို့ အစိုးရအနေဖြင့် ပြည်သူက အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုအသုံးပြုလျက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့အတွက် လိုအပ်သလို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ရလိမ့်မည် ဖြစ်ကြောင်း သတိပေးလိုက်သည်’ ဆိုတာပါပဲ။ ဒါကို ဘာလို့ မမေ့နိုင်တာလဲဆိုတော့ အဲဒီလိုကြေညာတာကို တစ်ပြည်လုံးက ပြည်သူ အများစုက ရန်ကုန်က အလုပ်သမားတွေ ဆန္ဒပြနေတာကိုတော့ အစိုးရက မကြာခင် ထိထိရောက်ရောက် အရေးယူတော့မယ်လို့ သတိပေး နေပြီပဲလို့ ထင်ကြမှာဖြစ်ပေမယ့် အဲဒီအချိန်မှာ ဘာတရားဝင် သတိပေးမှုမှမရှိပဲ လက်နက်မဲ့အလုပ်သမားတွေကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ပြီးဖြစ်နေလို့ပါပဲ။ ဒီလူကြီးတွေဟာ ရက်စက်ရုံတင်မကဘဲ လိမ်လည်းလိမ်တတ်ပါလားဆိုတာ ကိုယ်နာနာကြည်းကြည်း သဘောပေါက်ပြီး သူတို့နဲ့ကိုယ်နဲ့ ကမ္ဘာရန်စဖြစ်တော့တယ်လို့ ဆိုရမှာပါပဲ။ အစိုးရက မကြာခင် အလုပ်သမားနဲ့ ကျောင်းသား ပူးပေါင်းလှုပ်ရှားမှု ပေါ်ပေါက် တော့မယ်ဆိုတာ သဘောပေါက်တဲ့အတွက် ဖြေရှင်းနေကျ နည်းလမ်းအတိုင်း ကျောင်းတွေကို ပိတ်လိုက်ပြီး သမိုင်းဆောင်များနဲ့ အလုပ်သမားရပ်ကွက်ဖြစ်တဲ့ (အဲဒီကာလက) အင်းစိန်လမ်းပေါ်မှာ ပန်းပဲဖိုမှတ်တိုင်ဘက်ကို ထွက်တဲ့လမ်းကို အုတ်တံတိုင်းနဲ့ ပိတ်ပြီးကာလိုက်ပါတယ်။ သမိုင်းဆောင်ထဲကိုလာတဲ့ ဘတ်စ်ကား ရှစ်(အနီ) ဆိုတာက အရမ်းရှားတာမို့အင်းစိန်လမ်းပေါ်ထွက်စီးနေကျ ကိုယ်တို့ တစ်တွေ အဲဒီနောက်ပိုင်း အုတ်တံတိုင်းအမြင့်ကြီးကို ကျော်တက်တဲ့ပညာတတ်လာ

၄၄–၄၅–၄၆ နိုင်ငံရေးအင်အားစု

ကြရပါတယ်။ပြော်၊ ရယ်စရာကောင်းတာ တစ်ခုရှိသေးတယ်။ သူတို့တစ်တွေကို အောက်ခြေအဆင့်ဆင့်က လိမ်လည်နေလို့ သူတို့အမှန်မသိဘဲ ဆုံးဖြတ်ချက်တွေ မှားနေတာလားလို့ ကိုယ်တွေးကြည့်ခဲ့ဖူးပါသေးတာကိုပါ။ ပြီးတော့ သူတို့က နောက်ပိုင်းမှာ အလုပ်သမားအရေးအခင်းနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့ပေးခဲ့တဲ့အတွက် အဲဒီကနေလည်း အဖြေမှန်ထွက်လာနိုင်တယ်လို့ မျှော်လင့်ချက်ထားဖြစ်ခဲ့ပါသေးတယ်။ ပထမအတွေးအတွက် ကိုယ့်ဖါသာတစ်ယောက်တည်း လုပ်လို့ရတာတစ်ခုကို ကိုယ်လုပ်ကြည့်ခဲ့သေးတယ်။ အဲဒါကတော့ အလုပ်သမားအရေးအခင်းဟာ သူတို့စွပ်စွဲသလို အဖျက်သမားတွေ သွေးထိုးမှုကြောင့်ဖြစ်တဲ့ နိုင်ငံရေးပြဿနာမဟုတ်ဘဲ အလုပ်သမားတွေ တကယ်မလောက်ငလို့ဖြစ်တာသာဖြစ်ပြီး အစိုးရအနေနဲ့ ယခုလို ပစ်ခတ်နှိပ်နင်းမယ့်အစား ညှိနှိုင်းအဖြေရှာသင့်ကြောင်း၊ယခုလို မဆင်မခြင် ရက်ရက်စက်စက် အရေးယူခြင်းကသာ အစိုးရအပေါ်ကို ပြည်သူ့ထောက်ခံမှုကျဆင်းစေကြောင်း ကိုယ့်ရဲ့ ထင်မြင်ချက်ကို အချက်အလက် အထောက်အထားအချို့နဲ့ ရေးပြီး ပါတီဥက္ကဋ္ဌ ဦးနေဝင်း၊ အတွင်းရေးမှူးနဲ့ အစိုးရဝန်ကြီးချုပ် ဦးစိန်ဝင်းတို့ လိပ်စာတပ်ပြီး စာတိုက်ကနေ ကိုယ့်အဆောင်လိပ်စာအပြည့်အစုံနဲ့ မှတ်ပုံတင်လုပ်ပြီး ပို့ပေးလိုက်တာပါပဲ။ ဒီလိုရေးတာကို သူတို့ကြိုက်မှာမဟုတ်တဲ့အပြင် အခန့်မသင့်ရင် ထောင်တောင်ကျနိုင်တယ်ဆိုတာ ကိုယ်သိပါတယ်။ဒါပေမဲ့ အလုပ်သမားတွေ တစာစာအကူအညီ တောင်းတာကို ဘာမှလုပ်မပေးနိုင်ခဲ့တဲ့အတွက် ကိုယ့်ဖါသာ မကျေမနပ်ဖြစ်ရင်း ကိုယ်လုပ်သင့်တယ်ထင်တာကို လုပ်ပေးလိုက်တဲ့သဘောပါပဲ။ ဒါပေမဲ့ အဲဒီစာဟာ အကောင်းရော အဆိုးပါ ဘာသက်ရောက်မှုမှ မဖြစ်လာပါဘူး။ ကိုယ့်ဆီလည်း ဘယ်သူကမှ ပြန်ပြီး ဆက်သွယ်တာရော စစ်ဆေးမေးမြန်းတာပါ မရှိပါဘူး။ တကယ်တော့အာဏာရှင်အစိုးရမျိုးမှာ ဒီလို တရားဝင်ဆက်သွယ် တင်ပြနိုင်တဲ့ လမ်းကြောင်းမျိုး မရှိနိုင်ဘူးဆိုတာ အဲဒီတုန်းက ၁၉နှစ်သာ ရှိသေးတဲ့ ကိုယ်တောင်းတောင်းနားမလည်ခဲ့ဘူးလေ။ တကယ်တော့ ကိုယ့်စာဟာ သက်ဆိုင်ရာလူကြီးမင်းတွေဆီ မရောက်ပဲ တစ်နေရာမှာပဲ ပျောက်ပျက်သွားတာ ဖြစ်ဖို့များတယ်။ တစ်နည်းအားဖြင့် ကိုယ်လိုမလိမ်မိုးမလိမ်မာ ကျောင်းသားတစ်ယောက် ဒုက္ခမရောက်ရအောင် ကျန်လူကြီးတွေက ဆက်မတင်ပြပဲ ဖျောက်ဖျက်ပစ်လိုက်တာ ဖြစ်မှာပေါ့။ ဒီလိုပဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာဟာလည်း ဗဟုပရဲ့

သွေးထိုးမှုကြောင့် ဆိုတဲ့အဖြေပဲ ထွက်တယ်လို့ အကြမ်းဖျဉ်းပဲသိခဲ့ရတယ်။ နောင်နှစ်ပေါင်းနှစ်ဆယ်လောက်ကြာမှ အဲဒီစုံစမ်းစစ်ဆေးရေးကော်မတီ အစီရင်ခံစာကို အသေးစိတ်ဖတ်ခွင့်ရတော့တကယ့်ကို လေးလေးနက်နက် စုံစမ်းဖော်ထုတ်ပြီး အလုပ်သမားများ မလောက်ငှပုံကို ပေါ်လွင်အောင် စုံစမ်းထားပေမယ့် နောက်ဆုံးသုံးသပ်ချက်မှာသာ အစိုးရအကြိုက် လိုက်ရေးထားရတယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအရေးအခင်းကြောင့် အစိုးရဝန်ထမ်းနဲ့ အလုပ်သမားများကို တစ်လကို ဆန်ခြောက်ပြည်နှုန်း အစိုးရရောင်းဈေးနဲ့ ရောင်းချပေးခဲ့တာဖြင့် ၁၉၈၈ခုနှစ် အရေးအခင်းတိုင်အောင်ပါပဲ။ ကိုယ်ကတော့ ဝန်ထမ်းဘဝမှာ အဲဒီဆန်ခြောက်ပြည်ကို ထုတ်တိုင်း ဒါ အလုပ်သမားတွေရဲ့သွေးနဲ့လဲထားတာဆိုတာ မကြာခဏ သတိတရပြောမိပါတယ်။ အဲဒီဆန်ခြောက်ပြည်က သွေးနဲ့ရင်းပြီးတောင်းတဲ့ အလုပ်သမားတွေသာမက သူတို့ကို သတ်ဖြတ်ဖမ်းဆီးနှိပ်စက်ခဲ့တဲ့ ဝန်ထမ်းတွေပါ ခံစားခွင့်ရခဲ့တာကတော့ လောကကြီးရဲ့ သရော်လှောင်ပြောင်ချက်တစ်ရပ်ပါပဲ။ တကယ်ဆို အလုပ်သမားတွေကို သတ်ဖြတ်ဖြေရှင်းမယ့်အစား မင်းတို့ကို ဆန်သုံးပြည်စီလစဉ် ရောင်းပေးမယ်၊ သပိတ်လှန်မလားဆိုတာမျိုးတောင် ညှိနှိုင်းမှုမရှိခဲ့တာကတော့ ဝမ်းနည်းစရာ သမိုင်းအမည်းစက်တစ်ခုပါပဲ။ဒါပေမဲ့ အာဏာရှင်ဆိုတာ ဘယ်တော့မှ ညှိနှိုင်းဖြေရှင်းဖို့မစဉ်းစား၊ ဖိနှိပ်ဖို့နဲ့ ညစ်ပတ်တဲ့နည်းနဲ့ ဖြေရှင်းဖို့ပဲ စဉ်းစားတယ်ဆိုတာ နောင် ကိုယ်တိုင်ထပ်ခါထပ်ခါ ကြုံရတဲ့ အရေးအခင်းတွေမှာ ကိုယ်တွေ့ကြုံလာရပါတယ်။ အလုပ်သမားအရေးအခင်း အပြီး နောက်ခြောက်လအကြာမှာကြုံရတဲ့ဦးသန့်အရေးအခင်းမှာဆို ဦးသန့်ရဲ့ရုပ် အလောင်းကျောင်းသားတွေ လက်ထဲရောက်သွားပြီး ကျောင်းထဲမှာ အုတ်ဂူဆောက်တဲ့ အခြေ အနေရောက်ခဲ့ပြီး ကျောင်းသားတွေမြေနေရာ တောင်းတာကို ပေးလိုက်ရင် ပြီးပြတ်သွားမှာဖြစ်ပေမယ့် အာဏာရှင်ဆိုတာက လိုက်လျောတဲ့အစဉ်အလာထက် သတ်ရဲဖြတ်ရဲတယ်ဆိုတဲ့ အစဉ်အလာဆိုးကိုသာ ကိုင်စွဲလိုတာကြောင့်သွေးစွန်းတဲ့ အရေးအခင်းတစ်ခု ထပ်ဖြစ်ခဲ့ပြီး ကျောင်းသားတွေထောင်ကျသူကျ အဝေးကိုထွက်ပြေးတိမ်းရှောင်သူရှောင် ဖြစ်ခဲ့ရပါတယ်။ ဒီလိုအမှားတွေထပ်ခါ ထပ်ခါ ကျူးလွန်ခဲ့တဲ့ အစိုးရဟာ အလုပ်သမား အရေးအခင်းနှစ်ပတ်လည်နေ့ဖြစ်တဲ့ ၁၉၇၅ခု ဇွန်လ ၆ရက်နီးလာတဲ့အခါမှာ တော့ ကျောင်းသားများက အလုပ်သမားနေ့နှစ်ပတ်လည် လှုပ်ရှားမှုလုပ်လိမ့်မယ်ဆိုတဲ့

သတင်းကြောင့် ကျောင်းသားထုအတွင်းကို စည်းရုံးရေးဆင်းဖို့ ကြိုးစားပါတော့တယ်။ ကျောင်းသားတွေအတွင်းမှာ ဖြစ်ပေါ်နေတဲ့အခက်အခဲတွေ ပြဿနာတွေကိုဖြေရှင်းပေးမယ့်အကြောင်း ဝန်ကြီးများနဲ့ နိုင်ငံတော်ကောင်စီဝင်များ ကိုယ်တိုင်တက္ကသိုလ်တွေကို ကွင်းဆင်းပြီး စည်းရုံးတာပါ။ ပထမဆုံး ကျောင်းသား သိပ်မများတဲ့ တိ-မွေး-ကု တက္ကသိုလ်မှာ သူတို့အစီအစဉ် ချောချောမောမောဖြစ်ခဲ့ပေမယ့် စက်မှု တက္ကသိုလ်ကို ရောက်တဲ့အခါ ကျောင်းသားတွေကို လွတ်လွတ်လပ်လပ်တင်ပြခွင့်ပြုတာနဲ့အမျှ သူတို့ဖြေရှင်းရခက်တဲ့ မေးခွန်းတွေကို ကြုံလာရပါတယ်။ မိဘက သားသမီးကို လာကြည့်သလိုမျိုး လိုအပ်တာလုပ်ပေးဖို့ လာတာဖြစ်ကြောင်းပြောတဲ့ နိုင်ငံတော်ကောင်စီဝင် ဒေါက်တာလှဟန်၊ ပညာရေးဝန်ကြီးဒေါက်တာခင်မောင်ဝင်းတို့ ဦးဆောင်တဲ့အဖွဲ့ကို ကျောင်းသားတွေက တစ်ဦးချင်းတင်ပြကြရာမှာ မိဘကသားသမီးကိုကြည့်သလို လာကြည့်တာဆိုတဲ့ အတွက်မကျေနပ်လျှင်လည်း မိဘက ဆုံးမသလို ဆုံးမနိုင်ကြောင်း၊ ကြိမ်နဲ့ရိုက် ဆုံးမလို့အားမရရင် သေနတ်နဲ့ပစ်ပြီးလည်း ဆုံးမလို့ရကြောင်း ပြောသူတွေရှိလာသလိုမိဘနဲ့သားသမီးလို သဘောထားတယ်ဆိုပေမယ့် တကယ်တမ်းမှာအစိုးရက ကျောင်းသား တွေကို အတိုက်အခံနိုင်ငံရေးအုပ်စုလို သဘောထားတာဖြစ်ပြီးကျောင်းသားထဲမှာလည်း သတင်းပေးတွေလာထည့်ထားကြောင်း ခြောင်စွပ်စွဲပြောတာတွေရှိလာပါတယ်။ သူတို့က ဒါတွေဟာ အဖျက်သမားတွေက ကျောင်းသားတွေကို အစိုးရအပေါ် အထင်လွဲအောင်လုပ်ထားတာဖြစ်ပြီး အဲဒီလိုမဟုတ်ကြောင်း ဖြေရှင်းပါ တယ်။ အဲဒီတော့ ဘာလို့မဟုတ်ရမလဲ။ ဘယ်အဆောင်မှာ နောက်ဝင်တဲ့ ထမင်း ချက်၊ ကျောင်းထဲမှာ ဘယ်နားမှာဖွင့်တဲ့ ကွမ်းယာဆိုင်သစ်ဆိုတာ သတင်းပေးတွေဖြစ်ကြောင်း ပြောကြသလို ကျောင်းသားထဲမှာလည်း ဘယ်သူတွေကဖြင့် အင်ဖော်မာတွေဆိုတာသိကြောင်း နာမည်နဲ့ပြောတာလည်း ရှိပါတယ်။အဲဒီနောက်တော့ သတင်းပေးအင်ဖော်မာလို့ (အဲဒီကာလက အမ်အိုင်လို့ပဲ သုံးပါတယ်) နာမည်နဲ့စွပ်စွဲခံရတဲ့ ကျောင်းသားတစ်ယောက်က 'ကျွန်တော်က အမ်အိုင်လို့ စွပ်စွဲခံရတဲ့ '........ ' ပါ'လို့ကိုယ့်ဖါသာ မိတ်ဆက်ပြီး 'ကျွန်တော်က အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေမှာတက်တက်ကြွကြွပါခဲ့ပါတယ်၊ ဒါပေမဲ့ ဒီနေ့အထိ တစ်ခါမှအဖမ်းမခံရဘူး၊ ဘာဖြစ်လို့လဲဆိုတာ ကျွန်တော်လည်းမသိဘူး၊ ဒီလိုဆို ဘာဖြစ်လို့ ဒီလိုပါရတာလဲလို့မေးမယ်ဆိုရင်တော့ အစိုးရကို ကျွန်တော်မကြိုက်လို့ပါပဲ၊ ကဲဒီထဲမှာ

အစိုးရကို ကြိုက်တဲ့သူပါရင် မတ်တပ်ရပ်စမ်းပါဗျာ'လို့ပြောတော့ ဟောလ်ထဲက လူတွေတစ်ယောက်မှ မတ်တပ်မရပ်တဲ့အပြင် ဟောလ်အပြင် ဘက်က နေရာမရလို့ မတ်တပ်ရပ်နေသူတွေအားလုံး တိုးဝှေ့ပြီးထိုင်ကုန်ကြသတဲ့။ ကိုယ့်ကို အဲဒီအကြောင်းပြောပြတဲ့ အာအိုင်တီက သူငယ်ချင်း အဆိုအရ 'မတ်တပ် ရပ်စမ်းပါ'လို့ စိန်ခေါ်လိုက်တဲ့ ကျောင်းသားက အားလုံးထိုင်ကုန် တဲ့အခါ စင်ပေါ် ကုလားထိုင်ပေါ်က ဝန်ကြီးများနဲ့ အာဏာပိုင်အုပ်စုကို လက်ညှိုးထိုးပြီး 'ခင်ဗျားတို့လည်း ထိုင်နေတာပဲ'လို့ ပြောလိုက်တယ်ဆိုပါတယ်။ အဲဒီနေ့က ကျောင်းသားတွေက ဝန်ကြီးတွေကို 'ဆိုရှယ်လစ်ပညာရေး စနစ်သစ်'ဆိုတာ တကယ်တော့ စီမံကိန်းမဲ့ပညာရေး စနစ်ဖြစ်ကြောင်းပြောပြီး 'လူကြီးမင်းတို့ဟာ ဆရာဝန်ဘယ်နှစ်ယောက်ဘွဲ့ရမယ်ဆိုတာ ခုနစ်နှစ်ကြိုသိတယ်၊ အင်ဂျင် နီယာဘယ်နှစ်ယောက်ဘွဲ့ရမယ်ဆိုတာ ခြောက်နှစ်ကြိုသိတယ်၊ ဒီအတွက် အစိုးရက ဘာများပြင်ဆင်ထားဖူးပါသလဲ'ဆိုတာမျိုးတွေ၊ 'လူကြီးမင်းတို့ရဲ့ သတင်းစာဆိုတာက ပြည်သူတွေ ဘာဖြစ်နေတယ်၊ ဘာခံစားနေရတယ် ဆိုတာ တော့ မဖော်ပြဘဲ ဝန်ကြီးတွေ ဘယ်သွားတယ်၊ ဘယ်လာတယ်၊ ဘာပြောတယ် ဆိုတာပဲ ဖော်ပြနေတော့ သတင်းစာလို့ မခေါ်ဘဲ 'ဝန်ကြီးများ ပဒေသာစာ စောင်'လို့ ခေါ်ဖို့ကောင်းတယ် ဆိုတာမျိုးတွေ ဝေဖန်ပြောကြားလာတဲ့ အခါမေး ခွန်းတွေကို ဖြေနေတဲ့ လူကြီးမင်းတွေဟာ ဖြေစရာမရှိတော့ဘဲ အခမ်းအနား ရုပ်သိမ်းပြီး ပုံပျက်ပန်းပျက် ကားနဲ့ ထွက်ပြေးရတဲ့အဖြစ် ရောက်သွားပါတယ်။ အာအိုင်တီပြီးရင် ရာဇူးနဲ့အီးကိုကိုလာ မယ်ဆိုတာလည်း မလာဖြစ်တော့ဘဲ ပျက်သွားပြီး သူတို့ရဲ့ ကျောင်းသားများရဲ့ မကျေလည်မှုများကို ဖြေရှင်းပေးမယ်လို့ စည်းရုံးရေးဆင်းလာတဲ့ ခရီးက ကျောင်းသားတွေကို ဆွပေးလိုက်သလိုပဲ ဖြစ်သွား ခဲ့ပါတယ်။

ဒီလိုနဲ့ (၁၉၇၅) ခု ဇွန်လ (၆) ရက်နေ့မှာတော့ မမေ့နိုင်စရာ ဒုတိယ ဇွန်ဆစ်ခ်ကို ကြုံရပြီး သမိုင်းဝင်းထဲမှာ လွန်ခဲ့တဲ့တစ်နှစ်ကအလုပ်သမားတွေနဲ့ ကျောင်းသားတွေကို စည်းခြားထားတဲ့ အုတ်တံတိုင်းကြီးကို ကျောင်းသားထုအားနဲ့ ဖြိုဖျက်ပစ်ခြင်းဖြင့် အလုပ်သမားအရေးအခင်း နှစ်ပတ်လည်လှုပ်ရှားမှုကို စတင်ခဲ့ကြပါတယ်။ ဦးသန့်အရေးအခင်းမှာ နိုင်ငံရေးလှုပ်ရှားမှုထဲ ထဲထဲဝင်ဝင် စပါဝင်ဖြစ်ခဲ့တဲ့ကိုယ်ဟာ အလုပ်သမားနှစ်ပတ်လည် ( ဒုတိယဇွန်ဆစ်ခ်)မှာ တက်တက်ကြွကြွပါဝင်ခဲ့ပါတယ်။အဲဒီမှာ အုတ်တံတိုင်းကြီးပြိုသွားပြီး

နောက်တစ်ရက်မှာပဲ ရာဇူးမှာ ကျောင်းသားလှုပ်ရှားမှုတွေစတင်လာပြီး အဲဒီညနေမှာ သမိုင်း ဆောင်ကျောင်းဝင်းတွေထဲမှာ တစ်ဆောင်ဝင်တစ်ဆောင် ထွက် လူလိုက်စုလိုက် တာ လူအုပ်စုလိုက်ကြီး အုတ်တံတိုင်းဖြိုထား တဲ့လမ်းအတိုင်း ပန်းပဲဖို့မှတ်တိုင်ဘက် (ယခု ဘတ်တာနဲ့အုတ်ကျင်းကြား) အင်းစိန်လမ်းဘက်ကို ထွက်ပြီး အဲဒီကနေ မိန်း(ရာဇူး)ရှိရာဘက်ကို ညကြီးမင်းကြီး ချီတက်လာကြပါတယ်။ မှတ်မှတ်ရရ အဲဒီညက ကိုယ်နဲ့အတူ သမိုင်းကနေ အင်းစိန်လမ်း အတိုင်း ရာဇူးဝင်းထဲက အမိပတိလမ်းပေါ်အထိ ချီတက်ကြတဲ့ အထဲမှာ နောင်ကျမှ ဗန်းမော်တင်အောင်ရဲ့သားလို့ သိရတဲ့ ကိုဗဟိန်းအောင် လည်းပါတယ်။ သူနဲ့ကိုယ် နဲ့ တွဲရက်ရင်ထဲက ပေါက်ကွဲမှုတွေကို အော်သံအဖြစ် ထုတ်လွှင့်ပြီး ချီတက်လာ လိုက်တာ လှည်းတန်း လမ်းဆုံနားရောက်တော့ လူအုပ်စုဟာ မူလထွက်လာတာရဲ့ သုံးပုံတစ်ပုံလောက်ဘဲ ရှိတော့တာ တွေ့ရတယ်။ ဒါပေမဲ့ ကိုယ်တို့ အများစုက သမိုင်းဆောင်ကျောင်း သားတွေဆိုတော့ ရာဇူး အမိပတိလမ်းဘက်ကိုအရောက်သွားဖို့ ဆုံးဖြတ်ထား တဲ့အတိုင်း ဆက်သွားကြတယ်။ ကိုယ်တို့မျှော်လင့်ထားတာက လွန်ခဲ့တဲ့ခြောက်လ က ကြုံခဲ့တဲ့ ဦးသန့်အရေးအခင်းလိုပဲ အခိုင်အမာလှုပ်ရှားမှုတစ်ခုခု၊ ဒါမှမဟုတ် ဟောပြောတာတို့ စာရွက်စာတမ်းဝေငှတာတို့ ရှိမယ်လို့ ထင်တာပါပဲ။
ဒါပေမဲ့ ကျောင်းကိုရောက်တော့ ဘာမှမရှိပဲ အစီအစဉ်ပြီးသွားခဲ့ပါတယ်။ သမိုင်း ကနေ ခြေကျင်လိုက်လာခဲ့တဲ့ ကိုယ်တို့လည်း သမိုင်းလည်း ပြန်လို့မရ၊ ဘယ်မှာ အိပ်ရမှန်းမသိ၊ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်တာပါပဲ။

ကိုယ်လည်း ဒီအခြေအနေကို မကျေမနပ်ဖြစ်ပြီး ဦးဆောင် ကျောင်းသားတွေရှိရာ ဘွဲ့နှင်းသဘင်ခန်းမထဲကို ဝင်သွားလိုက်ပါတယ်။ အဲဒီမှာ အလုပ်ရှုပ်နေတဲ့ ကျောင်းသားတစ်ယောက်ကို ကိုယ်က အီကိုက ဖြစ်ကြောင်း၊ သမိုင်းကနေ ညကြီးမင်းကြီးလမ်းလျှောက် ချီတက်လာတဲ့အုပ်စုဖြစ်ကြောင်း ပြောပြတော့ သူက ရည်ရည်မွန်မွန်ပဲ ကိုယ့်ကိုလှိုက်လှိုက်လှဲလှဲ လက်ခံစကား ပြောပါတယ်။ သူက သူကိုယ်သူ မိတ်ဆက်ပါတယ်။ 'ကျွန်တော်တင်မောင် ဦးပါတဲ့'။ နောင်မှာ ကျောင်းသားသူရဲကောင်းအဖြစ် ကြိုးစင်ပေါ်မှာကျဆုံးခဲ့ရတဲ့ ကိုတင်မောင်ဦးပါပဲ။ သူ့ကို ကျောင်းသားခေါင်းဆောင်တစ်ယောက်အနေနဲ့ ကိုယ်က အခုဖြစ်နေတာတွေကို ဝေဖန်ပါတယ်။ အခု သမိုင်းကလူတွေကို ခေါ်လာတယ်။ လမ်းမှာ လူသုံးပုံတစ်ပုံလောက်ပဲကျန်တာတောင် ဆက်ပြီး

ချီတက်လာခဲ့ပေမယ့် ဒီမှာဘာအစီအစဉ်မှ မရှိ၊ သမိုင်းကလူတွေခေါ်ပြီး ဘာလုပ်မယ်ဆိုတာလည်း မရှိဘဲ ခေါ်လာတာ အဆင်မပြေကြောင်း၊ ပြီးတော့ ကျောင်းသားအရေးအခင်းများမှာ တစ်ဆင့်ပြီးတစ်ဆင့် ဘာဖြစ်မယ်ဆိုတာ အစဉ်အလာအရ သိပြီးဖြစ်လျက်နဲ့ ဘာမှ ပြင်ဆင်ထားတာ မရှိကြောင်း၊ မကြာခင် ကျောင်းတွေပိတ်ပြီး လူစုခွဲမှာဖြစ်ကြောင်း၊ ပြီးတော့ ကျောင်းဆောင်တွေကို ချေပြတ်မီးဖြတ် လုပ်ပြီး ကျောင်းသားတွေကို မပြန်ပြန်အောင် လုပ်မှာဖြစ်ကြောင်း၊ လေးလေးနက်နက် ယုံကြည်ချက်မခိုင်မာဘဲ အပျော်လုပ်သလို ဝင်လုပ်တဲ့ ကျောင်းသားတွေက အလွယ်တကူအိမ်ပြန်သွားပြီး လေးလေးနက်နက်လုပ်သူတွေ ခေါင်းဆောင်လုပ်သူတွေ ကျန်ခဲ့ပြီး ထောင်ကျကြ၊ တောခိုကြရ ဖြစ်မှာပဲဖြစ်ကြောင်း၊ ဒါပေမဲ့ ပြန်သွားရတဲ့ ကျောင်းသားတိုင်းကို ပေါ့ပေါ့ဆဆလို့တော့ ပြောမရဘဲ တကယ်လို့သာ စီမံချက်အခိုင်အမာနဲ့ ညီညီညွတ်ညွတ်လုပ်ရင် ပူးပေါင်းပါဝင်မယ့်သူများရှိကြောင်း၊ ဒါကြောင့် ကျောင်းသားတွေမပြန်အောင် စည်းရုံးပြီးတစ်ပတ်နှစ်ပတ် တစ်လနှစ်လဆိုသလို ထိန်းထားနိုင်ရင် အားလုံးလိုလားတဲ့ နိုင်ငံရေးအပြောင်းအလဲ ဖိအားကို ရရှိနိုင်ကြောင်း၊ဒီကာလမှာ ကျောင်းသားတွေကို ကျွေးဖို့မွေးဖို့ကအစ၊ အဆောင်စားဖိုရိက္ခာများ စုဆောင်းထိန်းသိမ်းထားရေးကအစ ပြင်ဆင်ရမှာဖြစ်ကြောင်း၊ ပထမအဆင့်အနေနဲ့ ကျောင်းပိတ်လိုက်ချိန်မှာ ကျောင်းသားအများစု မပြန်အောင် ထိန်းထားဖို့ ဖြစ်ကြောင်း စသဖြင့် အတော်လေး ရှည်ရှည်လျားလျား ဆွေးနွေးပေးဖြစ်ပါတယ်။ ကိုတင်မောင်ဦးက ကိုယ်ပြောသမျှတွေကို စိတ်ရှည်လက်ရှည် နားထောင်ပေးတယ်။ ပြီးတော့ ကိုယ်ပြောတာတွေကမှန်ကြောင်း၊ သို့ပေမယ့် အခက်အခဲက စနစ်တကျ ဖွဲ့စည်းလုပ်ဆောင်ထားတာမဟုတ်တဲ့အတွက် အားနည်းချက်တွေ အများတွေ ဖြစ်တာဖြစ်ကြောင်း၊ ယခုကိစ္စမှာ သမိုင်းကလူတွေကို သွားခေါ်တာ သူမသိကြောင်း၊ ဘာအတွက်ဆိုတာလည်း မသိရကြောင်း၊ အင်အားပြဖို့ ရည်ရွယ်တာလည်း ဖြစ်နိုင်ကြောင်း၊ အဖွဲ့အစည်းနဲ့ ဆုံးဖြတ်လုပ်ကိုင်ကြတာမဟုတ်ဘဲ ကောင်းမယ်ထင်တာကို တစ်ယောက် တစ်ပေါက်လုပ်နေရတာမို့ ယခုလို ဖြစ်ရတာဖြစ်ကြောင်း၊ ကိုယ်ဆွေးနွေးတဲ့ အကြောင်းအရာများကို သူအလွန်စိတ်ဝင်စားကြောင်း၊ ဒါကြောင့်သူနဲ့အတူတူ အလုပ်လုပ်ဖို့ ဖိတ်ခေါ်ကြောင်း၊ ကျောင်းသားအများစုမှာ စိတ်ဓာတ်ရှိသော်လည်း ကြိုတင်ပြင်ဆင်မှု၊ စုပေါင်းလုပ်ဆောင်မှုများ အားနည်းကြောင်း၊ ကိုယ်ဆွေးနွေးတဲ့ အကြောင်းအရာများကို

စုပေါင်းဆွေးနွေးအဖြေရှာမယ်ဆိုရင် အလားအလာ ကောင်းတွေရမယ်လို့ သူထင်ကြောင်း၊ ဒါကြောင့် ကိုယ့်ကို အတူတူအလုပ် လုပ်ဖို့ ဖိတ်ခေါ် ကြောင်း ပြောပါတယ်။ကိုယ်က စဉ်းစားပါရစေဆိုပြီး ပြန်လာခဲ့တယ်။ ကိုယ်ပြန်လာလာချင်းမှာ ဘာပဲဖြစ်ဖြစ် သူနဲ့လက်တွဲလုပ်ဖို့ ဆုံးဖြတ်မိနေပါတယ်။ သူ့မှာလည်း မိသားစုနဲ့၊ သူ့မှာလည်း အနာဂတ်နဲ့ပဲ။ သူတောင် စွန့်လွှတ်ပြီး လုပ်နိုင်ရင် ကိုယ်ဘာလို့ မလုပ်နိုင်ရမလဲလို့စဉ်းစားတာပါ။ အဲဒီညမှာ ကိုယ် သမိုင်းကိုပြန်ဖို့ မဖြစ်နိုင်တာမို့ ရွှေဘိုဆောင်က သူငယ်ချင်းဆီမှာအိပ်တယ်။ အိပ်ရင်း သူ့ကို ကိုတင်မောင်ဦးနဲ့ တွေ့ခဲ့ပုံကို ပြောပြပါတယ်။ သူက ကိုယ့်ကို ရက်ပိုင်းတော့ စောင့်ကြည့်ပါဦးလို့ တားပါတယ်။ ကိုယ်ပြောတဲ့ဘာကြောင့်မစွန့်လွှတ်နိုင်ရမလဲဆိုတာ သူကလည်း သဘောတူပေမယ့် စွန့်လွှတ်ပြီး အကျိုးတစ်ခုခုရမှ ဖြစ်မယ်တဲ့။ ရမယ်ဆိုရင် သူလည်းပါမယ်။ဒါပေမဲ့ ကျောင်းသားလှုပ်ရှားမှုရဲ့ အရှိန်ကို တစ်ရက်နှစ်ရက်တော့ စောင့်ကြည့်ဖို့တားတယ်။ သူက မန္တလေးသားအိုကို ကျောင်းသားတစ်ယောက်ပါ။ သူတားတာကို ကိုယ်လက်မခံနိုင်သေးတော့ သူနဲ့ကိုယ်နဲ့ ကိုယ့်မြို့က ကျောင်း နေဖက်သူငယ်ချင်းဥပဒေကျောင်းသားဆီ သွားတိုင်ပင်ဖြစ်ပါသေးတယ်။ အင်းဝဆောင်ကိုပေါ့။ သူကလည်း ကိုယ့်ကို တစ်ရက်လောက်တော့ စောင့်ကြည့်ဖို့ ပြောပါတယ်။ စိတ်လိုက်မာန်ပါ မဆုံးဖြတ်နဲ့။ ခေါင်းဆောင်အုပ်စုနဲ့ တွဲလုပ်ပြီးရင်တော့ အိမ်ပြန်ဖို့ မစဉ်းစားနဲ့တော့။ ထောင်ထဲသွားချင် သွား၊ တောထဲသွား ချင်သွား။ အဲဒါအတွက် အသင့်ဖြစ်ပြီဆိုရင်တောင် မတန်ရင် မလုပ်စေချင်သေးကြောင်း၊ ခဏစောင့်ကြည့်ပါလို့ သူငယ်ချင်းနှစ်ယောက် စလုံးက တားပါတယ်။နောက်နေ့မှာတော့ ကျောင်းသားလှုပ်ရှားမှုအရှိန်က ပိုတက်လာပါတယ်။ ဝန်ကြီးများရုံးကို ပတ်ပြီး ဆန္ဒပြတာတို့၊ အင်းစိန်ထောင်ကို ပတ်ပြီး ဆန္ဒပြတာတို့၊ ထောင်ထဲက ကျောင်းသားတွေကို အော်ဟစ်အားပေးတာတို့ ရှိလာပါတယ်။ အစိုးရက ထုံးစံအတိုင်း ကျောင်းတွေကိုပိတ်လိုက်ပြန်ပါတယ်။ ကိုယ်က နောက်ရက်မှာ သမိုင်းဝင်းက ကိုယ့်အဆောင်ကိုယ် ပြန်ရောက်နေပါပြီ။ အဲဒီမှာ ကိုယ်တို့ သမိုင်းဆောင်က ကျောင်းသားတွေ လှုပ်ရှားမှုကို ထိန်းထားဖို့ အစည်းအဝေးတစ်ခုကို သမိုင်းအားကစားရုံမှာလုပ်ဖြစ်ပါတယ်။ အဲဒီမှာ စက်မှု တက္ကသိုလ်ကျောင်းသား တစ်ယောက်က ဦးဆောင်ပြီး အဆောင်တွေအားလုံး ဆက်သွယ်နိုင်ဖို့ ကိုယ်စားလှယ်တစ်ဦးစီ နာမည်ပေးဖို့ပြောပါတယ်။ ကိုယ်လည်း ဇွဲကပင် ဆောင်ကိုတာဝန်ယူပြီး နာမည်ပေးလိုက်တယ်။ အဲဒီကျောင်းသားက

သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။

သူက 'ကိုဖေအောင်လင်း'ပါ။ အဲဒီကာလက အာအိုင်တီမှာ ကျောင်းသားလှုပ်ရှားမှုတွေထဲ တက်တက်ကြွကြွပါခဲ့ပြီး အဖမ်းမခံရလို့ဆိုပြီး ကျောင်းသားတွေ မယုံဘူးဆိုတဲ့ထဲက တစ်ယောက်ပါ။ အထက်မှာဖော်ပြခဲ့တဲ့ 'အစိုးရကို ကြိုက်တဲ့သူ မတ်တပ်ရပ်စမ်းပါ' လို့စိန်ခေါ်တာ သူပါပဲ။ သူနဲ့အတူတူ အလုပ်တွဲလုပ်ဖို့ စာရင်းပေးလိုက်ပေမယ့် အဖွဲ့အစည်းအနေနဲ့တော့ မလုပ်ဖြစ်ပါဘူး။ အဆောင်ကျောင်းသားတွေ မပြန်အောင် ထိန်းသိမ်းရေးကိုတော့ ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ဖြစ်ပါတယ်။သူ့ဆီမှာ နာမည်စာရင်းပေးခဲ့တာနဲ့ ပတ်သက်ပြီးမင်းတော့ သူနဲ့တွဲလုပ်ရင် သွားပြီ၊ အိပ်ရာသာလိပ်ထားပေတော့လို့ ပြောခဲ့ တဲ့ အာအိုင်တီကျောင်းသား သူငယ်ချင်းတစ်ယောက်ရှိခဲ့ပါတယ်။ တကယ်တမ်းကျတော့ ကိုဖေအောင်လင်းဟာ ဒီနေ့ နိုင်ငံရေးလှုပ်ရှားမှုများအထိ ထိစပ်ပတ်သက်နေသူဖြစ်ပြီး (၁၉၉၀) ရွေးကောက်ပွဲအပြီး ကိုယ်ထောင်ထဲရောက်သွားချိန်မှာ သူကလည်း တောခိုမယ့်အမတ်တစ်ယောက်ကို ငွေကြေး အကူအညီပေးလို့ ထောင်ကျပါတယ်။ သူနဲ့တွဲလုပ်ရင် ဒုက္ခရောက်ဖို့ သေချာပြီလို့ သတိပေးခဲ့တဲ့ သူငယ်ချင်းကတော့ အခုအခါမှာ တိုင်းအဆင့် အင်ဂျင်နီယာကြီး တစ်ဦးအဖြစ် ပြည်နယ်ဝန်ကြီးချုပ်ရဲ့ အထူးယုံကြည်စိတ်ချရတဲ့ ဂေါက်ရိုက်ဖော် ရိုက်ဖက်ဖြစ်နေတယ်လို့ ကြားရပါတယ်။ အင်း- ဘဝဆိုတာကတော့ ဒီလိုပဲ ထင်ပါရဲ့။

အဲဒီကာလမှာ ကိုယ် ကိုတင်မောင်ဦးကို အကြံပေးခဲ့တဲ့အတိုင်း ကျောင်းသားတွေ ကျောင်းပိတ်ရင် မပြန်ရေးကို ကြိုးစားစည်းရုံး လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ လူမှန်းတာပဲ အဖတ်တင်ပြီး မအောင်မြင်ပါဘူး။ ပြန်ဖို့ကားငှားလာပြီးမှ ကားကို ခွတ်အတင်းပြန်လွှတ်ရတဲ့အတွက် ကားသမားကရော ပြန်ချင်တဲ့ကျောင်းသားကပါ မကြည်ပါဘူး။ 'တစ်ရက်နှစ်ရက်လောက်တော့ နေပါ၊ ကျွန်တော်တို့ ပြန်သွားရင် ခေါင်းဆောင်လုပ်ရင်း ကျန်ခဲ့တဲ့ကျောင်းသားတွေက ဘယ်ပြေးရမှန်းမသိဖြစ်မှာ ကျွန်တော်တို့ သိနေတာပဲ၊စာနာသော အားဖြင့် တစ်ရက်နှစ်ရက်နေလိုက်ပါ' ဆိုပြီး ချော့ရ စည်းရုံးရ ကိုယ့်အဆောင်ကမဟုတ်ဘဲ သမိုင်းဝင်းထဲ ဝင်လာသမျှ ပြန်ထွက်သမျှ ကားတွေကို ခွတ်တားရ စည်းရုံးရနဲ့ တစ်နေ့လုံးမောနေတာပါပဲ။ ဒါပေမဲ့ ညကျတော့ ကိုယ်တို့လည်း တစ်နေ့လုံးမောပြီး သမိုင်းတစ်ဝင်းလုံးပတ်ပြီး ကင်းမစောင့်နိုင်။ ညကျတော့ ခိုးပြန်တဲ့သူနဲ့ အိမ်တွေ ဆွေမျိုးတွေက လာခေါ်ကြတာနဲ့ နောက်ရက်မှာ ထုံးစံအတိုင်း လူအတော်

လျော့သွားပြီ။ နောက်တစ်ရက်လောက်ကျတော့ လူမရှိတော့ဘူး။ ကိုယ်တိုင်တောင် အန္တရာယ်သိပ်မကင်းတော့လို့ ဘယ်ပြေးရမှန်းမသိဆိုတဲ့ စာရင်းထဲရောက်နေပြီလေ။ ကိုယ်ကတော့ အိမ်ပဲ ပြန်လိုက်တယ်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး။ အဲဒီမှာ ဖြစ်ချင်တော့ ကိုယ်ပြန်တဲ့နေ့မှာ ကိုယ်တားလို့ မပြန်ရဘဲ နောက်မှ ညဖက်ခိုးထွက်ပြီး မြို့ထဲက အိမ်တစ်အိမ်မှာ နေနေရာကနေ သူ့မြို့ကိုပြန်တဲ့ အဆောင်ကျောင်းသားတစ်ယောက်နဲ့ ရထားပေါ်မှာ ခုံချင်းကပ်လျက်ကျတယ်။ ဘာပြောကောင်းမလဲ။ ကိုယ့်ကို အရှူးထရကောင်းလားဆိုပြီးနှိပ်ကွပ်တော့တာပေါ့။ 'ငါကတော့ နိုင်ငံရေးစိတ်မဝင်စားဘူး။ မင်းတို့ စိတ်ဝင်စားတဲ့ကောင်တွေလည်း သနားတယ်၊ အချိန်တန်တော့ သူတက်ချင်တဲ့ အစိုးရတက်မှာပဲ။ မင်းတို့လုပ်ပေးလို့ နောက်အစိုးရတက်လည်း မင်းတို့ကို သူတို့က ကျေးဇူးတင်မှာမဟုတ်ဘူး။ အခု မင်းအရူးထတာနဲ့ ငါအိမ်ပြန်နောက်ကျပြီ။ နောက်ဆုံးတော့ မင်းတို့လည်း ပြန်ရတာပဲ။ မင်းနာမည်စာရင်းပေါက်နေတော့ မင်းကံဆိုးရင်ထောင်ကျဦးမယ်၊ ကိုယ့်ဖါသာ အေးအေး ပညာသင်၊ ဆော်လေးဘာလေးလိုက်၊ ပျော်ပျော်နေစမ်းပါကွာ၊ အရူးမထစမ်းပါနဲ့'ဆိုပြီး အပြတ်နှိပ်ကွပ်တာ။ ကိုယ်လည်း တစ်ဆောင်တည်းသားချင်းဖြစ်တော့ ရန်ဖြစ်ရလည်းခက်၊ ငုံ့ခံရလည်းခက်ပေါ့။ ရင်ထဲမှာတော့ အတော်နာတယ်။ အခုတော့ ကိုယ်တို့ဘဝတွေနဲ့ ရင်းပြီး လုပ်ခဲ့ကြလို့ မဆလအာဏာ ရှင်ပြုတ်ကျပြီး ပုဂ္ဂလိက စီးပွားရေးလုပ်ပိုင်ခွင့်တွေ ကျယ်ကျယ်ပြန့်ပြန့်ရကြတဲ့အခါ အဲဒီနိုင်ငံရေး စိတ်မဝင်စားဘူးဆိုတဲ့ သူငယ်ချင်းက နိုင်ငံခြားကုမ္ပဏီကြီးတစ်ခုရဲ့ အဝယ်ကိုယ်စားလှယ်တော်ကြီးအဖြစ် ကြီးပွား ချမ်းသာနေတယ်လို့ ကြားရပါတယ်။

ကိုယ်ကတော့ သူပြောတာတွေကို ငြင်းမနေတော့ဘဲ ကိုယ်မှန်တယ်လို့ ပြောခွင့်ရမယ့် တစ်နေ့ ရောက်ရဦးမယ်လို့ကြိတ်ပြီး ကြုံးဝါးရင်း နောင်နှစ်ပေါင်းများစွာကြာတဲ့အခါ ထောက်လှမ်းရေးစခန်းများကို အကြိမ်ကြိမ်ရောက်၊ ထောင်ထဲကို နှစ်ကြိမ်ရောက်ပြီးတဲ့အခါ အနည်းဆုံးတော့ ၈၈စစ်ခံ အရေးအခင်းဆိုတာ ဘာလဲလို့ နောက်မျိုးဆက်တွေကို ပြောပြခွင့်ရတဲ့အထိ လွတ်လပ်ခွင့်မျိုးတော့ ရလာခဲ့ပါပြီ။ ဒီလောက်ရရင်ပဲ ကိုယ်လုပ်ခဲ့တာ တန်တယ်လို့ ထင်ပါတယ်။ ကိုယ်တို့ထက် ပိုပြီး ရင်းနှီးပေးဆပ်ခဲ့ရသူတွေ အများကြီးထဲမှာ ကိုယ်တို့က မပြောပလောက်တဲ့ စာရင်းထဲ ရှိနေမှာပါ။ဘာပဲ ဖြစ်ဖြစ် (၁၉၈၈)ခုနှစ် အရေးအခင်းကြီးကို ကြုံတဲ့အခါ ကိုယ်ဟာ သင့်တင့်လျောက်ပတ်တဲ့ ရာထူးနဲ့

အာမခံချက်အပြည့်အဝရှိတဲ့ အနာဂတ် ဘဝကို ပိုင်ပိုင်ရထားလျက်နဲ့ အဲဒီဘဝကို စွန့်လွှတ်ကျော်ခိုင်းပြီး အပြောင်းအလဲတစ်ခုအတွက် ရင်းနှီးပေးဆပ်ရဲတဲ့ခွန်အား သတ္တိမျိုး ရှိလာတာဟာ ငယ်ဘဝ (၁၉)နှစ် သားမှာ ကြုံခဲ့ဖူးတဲ့ ငှက်ခြောက်ရက်နေ့ အရေးအခင်းကြီးနှစ်ခုက ဝေမျှပေးလိုက်တဲ့ အတွေ့အကြုံနဲ့ စွန့်ရဲခြင်း တို့ကြောင့်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ငှက်ခြောက်ရက်နေ့ အရေး အခင်းကြီးနှစ်ခုဟာ ကိုယ်တို့ရဲ့လူ့ဘောင်အဖွဲ့ အစည်းမှာ အရေးပါတဲ့ အပြောင်းအလဲကြီးတွေ သန္ဓေတည် မွေးဖွားပေးခဲ့တဲ့ မျိုးစေ့ကောင်းတွေလို့ ယုံကြည်ရင်း ဒီအရေး အခင်းကြီးများ အပါအဝင် အပြောင်းအလဲ လှုပ်ရှားမှုများမှာ အသက်သွေး တွေရင်းနှီးပေးဆပ်ခဲ့ကြတဲ့ ကိုတင်မောင်ဦး အပါအဝင်သူရဲကောင်းများကို ဦးညွှတ်ဂုဏ်ပြု မှတ်တမ်းတင်လိုက်ပါတယ်။

မောင်လွင်မွန် (ကသာ)

## " ကျွန်တော်ဖြတ်သန်းခဲ့ရသော မှတ်မိသမျှ ၄၁နှစ်-၇၅ "

မောင်စံနု (ရမ်းဗြဲ)

၇၄ ခုနှစ် အလုပ်သမားများရဲ့ဆန္ဒပြသပိတ်မှောက်ပြီးနောက် ၇၅ ခုနှစ် ၆ အကြောင်းရေးမယ်၊ပြောမယ်ဆိုရင် ကိုတင်မောင်ဦးဟာ ခုနှစ်ရဲ့အဓိက ခေါင်းဆောင်ဖောက်ခွဲသူပါဘဲ။ကိုတင်မောင်ဦး မပါရင် မပြီးမပြည့်စုံ၊ ၇၄ ဦးသန့်အရေးအခင်း၊ ၇၅ ခုနှစ်အရေးအခင်းများဟာ ဆက်တိုက် ပေါ်ပေါက်လာခဲ့ပါတယ်။ မဆလတပါတီအာဏာရှင်စနစ်အောက်မှာ အထွေထွေ မကျေနပ်ချက်တွေဟာ သဏ္ဌာန်အမျိုးမျိုးနဲ့ ဆက်တိုက်ပေါ်ပေါက်လာခဲ့တာပါ။ဘယ်လောက်ဘဲလက်နက်အားကိုးမှုနဲ့ နှိပ်ကွပ်ဖိနှိပ်ထားပေမယ့် ပြည်သူတွေရဲ့ပကတိလက်တွေ့ဘဝက တောင်းဆိုချက်တွေဟာ ပွင့်အန်ထွက်လာခဲ့ပါတယ်။ ဘယ်သူမှတားဆီးမရနိုင်ပါ။ တစ်ရစ်ရစ်တက်လာနေတဲ့ ကုန်ဈေးနှုန်းနဲ့ တစ်နေ့ ရတဲ့ လုပ်ခလစာနဲ့ ဘယ်လိုမှ လိုက်မမှီနိုင်အောင် ဆင်းရဲကြပ်တည်းလာ ခဲ့ကြရတယ်၊ မြို့ပြလဲမြို့ပြရဲ့ ဘဝအခြေအနေ လုံးလည်ခြာလည်လိုက်နေကြရတယ်၊ တောလဲတောအလျောက် ကျေးလက် အခြေအနေတွေ ဆင်းရဲတွင်း နက်လာ၊ မဆလ တစ်ပါတီအာဏာရှင်စနစ် အောက် ဖိနှိပ်ရေး ယန္တရားတွေက မရှုနိုင်မကယ်နိုင်အောင် ချုပ်ချယ်ကန့်သတ်ဖိနှိပ်ခံနေကြရတယ်။

၇၅ ခုနှစ်လ ကျောင်းတွေပြန်ဖွင့်တော့ ၇၄ ဒီဇင်ဘာ၊ ဦးသန့်ဈာပန အရေးအခင်းရဲ့ အရှိန်ဟာ တငွေ့ငွေ့ လောင်မြိုက်ခံစားနေကြရဆဲ၊ လူထုရဲ့ခံစား ချက်တွေဟာ နောက်ထပ် တစ်ကြိမ်ပွင့်အန်ထွက်လာတာ တိုက်ပွဲတစ်ခုအရေး အခင်းတစ်ခုဖြစ်လာမယ့် အရိပ်အရောင်ကိုပြသနေတယ်၊ အုပ်စိုးတဲ့ မဆလ စစ်တပ်တစ်ပါတီ အာဏာရှင်အစိုးရဟာလဲ အခြေအနေကို ရိပ်စားမိပုံရတယ်၊ ကြိုတင်တားဆီးလို တဲ့အစီအမံတွေနဲ့ အလုပ်ရုံစက်ရုံတွေဆီ တက္ကသိုလ်ကျောင်း များဆီသို့ သူတို့ရဲ့ နိုင်ငံတော်တောင်စီဝင်တွေနဲ့ ဝန်ကြီးတွေကို အကြံဉာဏ်ယူတောင်းခံတဲ့ ဆွေးနွေးပွဲတွေလိုက်လုပ်နေကြတယ်။ ဆွေးသိပ် နှစ်သိမ့်စကားတွေနဲ့ အုံကြွပေါက်ကွဲမှုတွေ ဖြစ်မလာအောင် ရှောင်လွှဲဖို့

ဒေါက်တာလှဟန် (ကျန်းမာရေးဝန်ကြီး)၊ ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီး) တို့ဟာ မဆလပါတီရဲ့ အထူးအစီအစဉ်နဲ့ လိုက်လံဆွေးနွေးနေကြတယ်။

စက်မှုတက္ကသိုလ်မှာ ဒေါက်တာလှဟန်လာဆွေးနွေးတယ်၊ ဒေါက်တာလှဟန်ကို တုံ့ပြန်ကာ မကျေနပ်ချက်တွေကို ထပြောကြရာမှာ ဒေါက်တာလှဟန်နှင့်ပါလာကြတဲ့ လုံခြုံရေးနှင့်အဖွဲ့များက အခြေအနေကို ရိပ်စားမိပြီး ၊ စက်မှုတက္ကသိုလ်ကနေ ဒရောသောပါး ပြန်လည်ထွက်ခွာရာမှာ ဒေါက်တာလှဟန်စီးတဲ့ ကော်ရော်လာ ကာအနီးထိ ကျောင်းသားများက လိုက်လံ၍ မကျေနပ်ချက်တွေ ထုတ်ဖော်ခဲ့ကြတယ်။ ဒေါက်တာ လှဟန်စီးတဲ့ကားထဲထိ မြက်ခြောက်တွေ ဖိနပ်စုတ်တွေနဲ့ ပစ်ပေါက်ဆန္ဒပြခဲ့ကြပါတယ်။ ကျောင်းသားထုတစ်ရပ်လုံး ရှုတ်ချတ်သံသံနဲ့ ပေါက်ကွဲသွားခဲ့ပါတယ်။

ရန်ကုန်စက်မှုတက္ကသိုလ်မှာ အဲဒီလိုဖြစ်ခဲ့သလို Eco ဘက်မှာလည်း အဲဒီ့နေ့ မနက်ပိုင်းကကိုကျော်အောင်တို့ ဦးဆောင်တဲ့အုပ်စုက စာသင်ခန်းများအတွင်း လှည့်လည်စည်းရုံးရင်း ကြွေးကြော်သံတွေဟစ်ကြွေးပြီး ငြိမ်းချမ်းစွာ ဆန္ဒပြ ခဲ့ကြသေးတယ်လို့ သိရပါတယ်၊ နေ့လည်ပိုင်းမှာတော့ စက်မှုတက္ကသိုလ်ကျောင်းမှ ကျောင်းသားများ။ ရန်ကုန်သမိုင်းကျောင်းဆောင်ဝင်း အားကစားရုံဘက်သို့ ချီတက်လာခဲ့ကြပါတယ်။ အဲဒီမှာ ကိုကျော်အောင်တို့ Eco ကျောင်းသား အုပ်စုတွေ၊ ကိုတင်မောင်ဦး ဦးဆောင်တဲ့ ရန်ကုန်ဝိဇ္ဇာသိပ္ပံအုပ်စု ကျောင်းသား အုပ်စုတွေနဲ့ပူးပေါင်းမိကြပြီး သပိတ်တိုက်ပွဲ စလိုက်ကြတယ်။

ညနေဘက်မှာ Eco ကျောင်းသားတွေနေတဲ့ မေခနဲ့ ဖွဲ့ကပင်ဆောင်နောက်က အုတ်တံတိုင်းကို ဖြိုဖျက်ပြီး သမိုင်းချည်စက်နဲ့RITကို ချီတက်ခဲ့ကြတယ်။အဲဒီကနေ ရန်ကုန်တက္ကသိုလ်ပင်မသို့ ပူးပေါင်းချီတက်ကာ လမ်းလျှောက်ကြွေးကြော် ဆန္ဒပြခဲ့ကြပါတယ်။ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်အားသိမ်းပိုက်ပြီး သပိတ်စခန်းဖွင့်လိုက်ကြပါတယ်။ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်မြေအောက်ခန်းကို ပြန်ကြားရေးဌာန ဖွင့်လှစ်ကာ လက် ကမ်းစာစောင်တွေ ထုတ်ဝေခဲ့ကြပါတယ်။ ပြည်သူလူထုထံပန်ကြားချက်၊ ရန်ကုန်တက္ကသိုလ်တကသသီချင်း၊ အင်တာနယ်ရှင်နယ်သီချင်း ၊ ဗမာပြည်ကွန်မြူနစ်ပါတီအသံလွှင့်ဌာန မီတာ-၆ဝမှ ထုတ်လွှင့်သော သီချင်းများ၊ ထုတ်ဝေဖြန့်ချိခဲ့ကြပါတယ်။ ဖွင့်ချချက် (၁)၊ ဖွင့်ချချက် (၂-၃-၄-၅) မဆလတစ်ပါတီအာဏာရှင်စနစ်ဆန့်ကျင်တဲ့ ကြွေးကြော်သံတွေ ထုတ်ဝေခဲ့ကြတယ်၊ အဖမ်းခံ

ကျောင်းသား၊အလုပ်သမား၊ ရဟန်းသံဃာတော်များ ပြန်လွှတ်ရေး ဒို့အရေး ၊ ကုန်ဈေးနှုန်းကျဆင်းရေး ဒို့အရေး၊ ကျောင်းသားသမဂ္ဂတည်ဆောက်ရေး ဒို့အရေး၊ မဆလ တစ်ပါတီအာဏာရှင်စနစ် အလိုမရှိ အဓိကကြွေးကြော်သံတွေပါ ၆-၇ ရက်နေ့မှာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်တာဝန်အပ်နှင်းကာ ခေတ်တာလ အခြေအနေတောင်း ဆိုချက် ဒီမိုကရေစီရေစီးကြောင်း လူထုတိုက်ပွဲကြား စီးမျောလိုက်ပါခဲ့ရတယ်။ (ရခိုင်ကျောင်းသားများအုပ်စုတွေဖြစ်တဲ့ ဦးလှစော ၊ ကိုစောနိုင် (R.I.T) ၊ဘလှိုင် (R.I.T)၊မောင်ကျော်ဇော(တိမ္မေး)၊ အောင်တင်သိန်း (ဥပဒေ)၊ စိန်ရွှေမိုး (ပထဝီ) စတဲ့သူတွေ ကိုစောနိုင်နဲ့တော့သူနေတဲ့ စဥ့်ကူဆောင် အလည်အပတ် ရောက်ရင်း နဲ့သိကျွမ်းဖူးပါတယ်။ ကျန်ကျောင်းသားရဲဘော်များ သိကျွမ်းမှုမရှိသော်လည်း တဆင့်ခံ အသိအကျွမ်းများဖြစ်နေကြပါတယ်။ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်း သဘင်မြေအောက်ခန်းပြန်ကြားရေးဌာနကို အဓိကပါဝင်လှုပ်ရှားခဲ့တဲ့ အုပ်စု ဖြစ်ပါတယ်။ ကိုဒေပါရတ်(ချ်) ကိုခင်မောင်လင်း၊ ကိုဌေးအောင်(သံလျှင်)၊ကိုအောင်သန်းမြင့် (ကလလတ) တွင် ယခုဗဟိုရုံးအုပ်ကြီး ၊ ကိုမြင့်အောင်ကြည် (ရွှေဘို)(R.IIT)ကွယ်လွန်၊ ကိုနေဝင်းအောင် (လုပ်သား) ယခုကွယ်လွန်၊ ကိုခင်မောင်ဌေး (ရွှေနေကြီး)၊ ကိုကျော်အောင် ယခု (NLDပုဇွန်တောင်)အတူတကွ၊ ဘွဲ့နှင်းသဘင်ခန်းမမှ ရွှေတိဂုံရင်ပြင်ရာဟုထောင့် မရွှေပြောင်းမီထိ လက်တွဲ လုပ်ကိုင်ခဲ့ရတဲ့ တိုက်ဖော်တိုက်ဖက်တွေပါ။

မှတ်မိသရွေ့သတိရဘွယ်၊ မျက်ဝါး ထင်ထင်ခေါင်းထဲရှိနေ ကျန်နေတဲ့ မြင်ကွင်း တွေကတော့ ကျွန်တော်ကိုအောင် သန်းမြင့်၊ညစ်ကြယ် (ခင်မောင်ဌေး) ရွှေနေကြီး ၊ စီးပွားရေးတက္ကသိုလ်မြေအောက်ထပ် (တက္ကသိုလ်များဗဟိုပုံနှိပ်တိုက် ကိုသွားပြီး ဖောက်ကြတာ ၊ စာရွက်စာတမ်း၊ မှင်ဘူး ၊ စက်တွေသွားယူကြတာ ၊ စီးပွားရေး တက္ကသိုလ် အပေါ်ထပ် ဝီလျံပေါလ် အခန်းမြေညီထပ် မော်ကွန်းထိန်း အခန်းတွေ လျှောက်တက်မွှေကြတာ မှတ်မိနေတယ်၊ ကိုဌေးအောင် (သံလျှင်) ၈ ရက်နေ့မနက်ခင်းပိုင်း ၊ ဘွဲ့နှင်းသဘင်မြက်ခင်း ရှေ့ သူ့အမေလာခေါ် နေ တဲ့မြင်ကွင်း၊ စကားပြောနေကြတဲ့မြင်ကွင်း ၊ ကိုဦးလှ စော၊ ရခိုင်လုံချည်မရမ်း ရောင်အကွက်ဖောက်၊ ပုဆိုးတက်ထွန်လက်ရှည်၊ လက် ခေါက်တင်ထားပြီး သုတ်သုတ်ပြာပြာဖြစ်နေတဲ့မြင်ကွင်း ၊ တွေတော့ယနေ့တိုင် မျက်စိထဲရှိနေတုန်းဘဲ (၈ ရက်နေ့ မနက်အစောကြီး ကိုအောင်သန်းမြင့်နှင့် ကျွန်တော်တမျှည်သူ အသံမိတာ ၆ဝ၊ဘွဲ့နှင်းသဘင်စင်မြင့်မှာ (အိုင်ဖိုင်) ရေဒီယို ကြီးနှင့် ဖမ်းကြတာ ဆောင်းဘောက်နဲ့ဂျိုင်းပြီးအများနားထောင်ရအောင် ဖွင့်ပေး နေကြတာတွေ

အမှတ်ရနေတုံးဘဲ ဗမာပြည်ကွန်မြူနစ်ပါတီက- ၈ ချက်ပါ) ယခုကျောင်းသား လှုပ်ရှားမှုကို ထောက်ခံကြောင်း ကြေငြာပါတယ်။ စစ်အစိုးရက ဗကပပြည်ဖျက်ကျောင်းသားတွေရဲ့လှုပ်ရှားမှု သဘောစွပ်စွဲတာကို ထမင်းရေပူ လျာလွှဲ လုပ်ကြောင်း မီတာ ၆၀မှ တုံ့ပြန်ချေပ အသံလွှင့်သွားပါတယ်။ မှတ်မိတာ (ဇွန် ၈) ရက်နေ့ ဖြစ်ပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမသို့ တက္ကသိုလ် အသီးသီးမှ ပြည်သူလူထုစီတန်းလှည့်လည် စစ်ကြောင်းနှင့် သူလာရောက်အင် အားဖြည့် ပူးပေါင်းပါဝင်ခဲ့ကြတဲ့နေ့လည်း ဖြစ်ပါတယ်။ G.T.I ဆေးတက္ကသိုလ် (၂) တက္ကသိုလ်အသီးသီးအစုံဆိုသလိုပါဘဲ၊ မျက်စိထဲမြင်ယောင် မိနေသေးတဲ့ မြင်ကွင်းတစ်ခုကတော့ ဆေးတက္ကသိုလ် (၂)မှ ဘွဲ့နှင်းသဘင်ခန်းမ သို့ရောက်ရှိလာတဲ့အချိန် ဘွဲ့နှင်းသဘင်စင်မြင့်မှာ အလံ ဆိုင်းဘုတ်စိုက်ထူရင်း ကိုယ်ခံစားချက်တွေကျောင်း သားထုပရိတ်သတ်တွေကို ပြောကြားကြပါတယ်။ (မောင်မောင်စိုး(ခ) အောင်ကြီး) ဆေးတက္ကသိုလ်-၂ ၊ ကျွန်တော်တို့တွေ ဒေါက်တာ ချေဂွေဘားရားလို ဆရာဝန်မျိုး နော်မန်ဗက်သွန်းလို ဆရာဝန် မျိုးဖြစ်အောင် ကြိုးစားကြဖို့ ပြောသွားတာ ကြားလိုက်ရပါတယ်။

ဇွန် (၇) ရက်နေ့ မြို့ထဲစီတန်း လှည့်လည်ခဲ့ကြတယ်။မဆလတစ်ပါတီ အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ကြွေးကြော်သံများနဲ့အတူ ပြည်သူလူထု တစ်ရပ်လုံးအား လှုံ့ဆော်ပါဝင်လာအောင် သိမ်းသွင်း ခေါ်ဆောင်ခဲ့ ချီတက်ရာ လမ်းတလျှောက် ကျောင်းသားများ၊ မြို့နေဆင်းရဲသားများ ၊ လူတန်းစား အလွှာပေါင်းစုံမှ ပူးပေါင်း ပါဝင်ချီတက်ခဲ့ကြပါတယ်။မဟာဗန္ဓုလပန်းခြံရှေ့ ဗိုလ်ချုပ်နေဝင်းနဲ့ဗိုလ်စန်းယု အလောင်းခေါင်းမီးသဂြိုဟ်လ် ၊ ၉ ရက်နေ့ အင်းစိန်ထောင်ဝိုင်းဝန်း၍ ဆန္ဒပြစီတန်း လှည့်လည် ကြွေးကြော်သံတိုင်တိုင်ခဲ့ကြပါတယ်။ လူထုပရိတ်သတ်အင်အားမှာလဲ တစ်နေ့တစ်ခြား ပိုမိုများပြားလာခဲ့ကြပါ တယ်။ ကိုစံရွှေမောင် (ဂျပု)၊ (ယခုဦးစန္ဒိမာ)၊ ကိုသိန်းထွန်း ၊ ကိုရွှေအောင် တို့ ချည်စက်မှလာရောက်ပူးပေါင်းခဲ့ကြပါတယ်။ (၁၀) ရက်ဇွန် ရန်ကုန်တက္ကသိုလ် ဝင်းကို ဦးသန့်ရှာပနတုံးကလို ဝိုင်းဝန်းဖမ်းဆီးတော့မယ့်အသံများထွက်နေပါတယ်။ ဘွဲ့နှင်းသဘင်မှ သပိတ်စခန်းပြောင်းရွှေ့ဖို့ဆုံးဖြတ်ခဲ့ကြရပါတယ်။ ပစ္စည်း ပစ္စယများ၊ ရိက္ခာဆန်များ၊ တကူးစက်၊ စက္ကူ၊ မှင်ဘူးများ အလုံအလောက် ယူ၍ ကားပေါ်တင်ကြရပါတယ်။ မြို့ထဲစီတန်းလှည့်လည်ပြီးသည်နှင့် ရွှေတိဂုံဘုရားရာဟုဒေါင့် အောင်မြင်စခန်းဖွင့်၍ တပြည်လုံးအထွေထွေသပိတ်ဆင်နွှဲကြဖို့ လှုံ့ဆော်ရန် ပြင်ဆင်ခဲ့ကြပါတယ်။ ကားပေါ်မှာရိုက်ပြီးစာရွက်များ၊ ကြွေး

ကြော်သံများ ၊ ဘတ်စ်ကားကြီးတစ်စီးပါဘဲ မြို့ထဲလှည့်လည်နိုးတက်ကြပါတယ်။ လမ်းတစ်လျှောက်လူထုအင်အား ၊ ပူးပေါင်းပါဝင်လာကြလို့ ပိုမိုများပြားခဲ့ပါတယ်။ လူအုပ်ကြီးအရှေ့က ကားသွားရင်း စာရွက်စာတန်းများဖြန့်ဝေပေးခဲ့ကြပါတယ်။ သိမ်ကြီးဈေး၊ ဆူးလေ၊ ပန်းဆိုးတန်းတဝိုက် ပတ်ပြီးကားနှင့်လှည့်၊ စာရွက်များ ဖြန့်ကြဲချကြပါတယ်။ ပန်းဆိုးတန်းဘဏ်ရှေ့မှာ စစ်တပ် တပ်စိပ်တစိပ်ခန့်က ဝိုင်းဝန်းတားဆီး၍ ကားဘီးကို ဘက်နက်မှိုင့်ထိုးဖောက်ပစ်ခံရပါတယ်။ ကားထိုးရပ်သွားတယ်၊ စိန်မြင့် အလုံသစ်စက်အလုပ်သမားကို စစ်တပ်က ခဏဖမ်းထားပါတယ်။ ပန်းဆိုးတန်း ၊ ရုံးအများစုရှိရာနေရာဆိုတော့ လူထုက စစ်တပ်ကိုအင်အားပြပြီး ဝိုင်းရံထားကြတယ်။ လူစုလူဝေးလူအုပ်ကြီးလည်း ပိုများလာပါတယ်။ လူအုပ်ကြီးကြားရောက်နေတဲ့ စစ်တပ်ကလည်းဘဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုံး ၊ စိန်မြင့်ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်။ ဘီးထိုးဖောက်ခံရတဲ့ဘတ်စ်ကားကို လူထုပရိတ်သတ်ကြီးကဘဲ ကားတစ်စီးတား၍ ချောဆွဲလိုက်ကြတာ၊ ကားချင်းလဲ ပစ္စည်းတွေပြန်တင်ခဲ့ကြရပါတယ်။ ကားပေါ်မှာ ကျွန်တော်ရယ်၊ အောင်တင်သိန်း (ဗဟိုတရားရုံးချုပ်ရှေ့နေ) သံတွဲ၊ ကိုနေဝင်းအောင် ၊ ကိုဌေးအောင် (မော်တာ) ကွယ်လွန် ၊ စိန်မြင့် လိုက်ပါလာကြပြီး သိမ်ကြီးဈေး အလွန်အလံပြဘုရားလမ်းရောက်တော့မှ လူအုပ်ကြီးနှင့်ပြန်ဆုံဆည်းမိပါတယ်။ ရွှေတိဂုံဘုရားရာဟုဒေါင့်ဆီဦးတည်နိုးတက်၍ စခန်းချနေရာယူ လိုက်ကြပါတယ်။

ညအချိန် သန်းခေါင်ကျော်ရောက်လာတော့ လူဦးရေ-၂၀၀ကျော်ခန့်သာ ရှိပါတော့တယ်။ ဘုရားတံခါးပိတ်လိုက်ပါတယ်။ စစ်တပ်က တပ်ရင်းတပ်ဖွဲ့ အများအပြား ဝိုင်းထားပြီး ရန်ကုန်တိုင်းမှူးဗိုလ်မှူးကြီးအေးကိုနဲ့ ဗိုလ်မှူးကြီး ရန်နောင်စိုး တပ်မ ၇၇ တပ်မမှူး ဦးစီး၍ ဖမ်းဆီးခံကြရပါတယ်) မြောက်ဘက်မုဒ်မှာ အချုပ်ထောင် ကားတွေတန်းစီထားပြီး ဘုရားပေါ်မှ ခေါ်ချလာကားပေါ်တက်ခိုင်းပြီး အင်းစိန်ထောင်တောက်လျှောက်မောင်းပါတယ်၊ ကားပေါ်မှာ ကမ္ဘာမကြေသီချင်းဟစ် ကြွေးသီဆိုလာခဲ့ကြပါတယ်။ ထောင်ဗူးဝရောက် ကားပေါ်က ဆင်းလျှင်ဆင်းချင်း ဝဲယာနှစ်ဖက် ထောင်ဝါတာ သုံးရာခန့်ဝိုင်းရံထားပါတယ်။ ခေါင်းပေါ်လက်တင် ခိုင်းပြီး (စစ်သုံ့ပန်းတွေလိုခေါ်လာကာ ၂ကိုက်ကြိုးတိုက် ၄-၅တိုက်လမ်းခွဲက ၅ ယောက်တစ်ခန်း ၄ ယောက် တစ်ခန်း အသီးသီးခွဲထည့်လိုက်ပါတယ်။ ညဖက်ဆိုရင် နာမည်စာရင်းနဲ့ ခေါ်ထုတ်ပြီး စစ်ကြောရေးလုပ်ပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့မှာ ရုံးထုတ် အကျဉ်းရုံးစစ်ဆေးပါတယ်။(အမှတ် (၂) စစ်တရား ခုံရုံး၊ဒုတိယ ဗိုလ်မှူးကြီး

ခင်မောင်ညွန့် (ရေ) နာယက အဖြစ်ဆောင်ရွက်တယ်၊ လိုပြ သက်သေ စွပ်စွဲချက်တွေတင် ပုဒ်မ-၆ ခု ပါပါတယ်။ ၆/၁ ပိုင်နက် ကျူးလွန်/နိုင်ငံ ပိုင်ပြည်သူပိုင်ပစ္စည်းများ ခိုးယူမှု အကြီးဆုံးပုဒ်မကတော့ ပုဒ်မ (၁၂၄/က) နိုင်ငံတော်ခေါင်းဆောင်ကြီးများ အကြည်အညိုပျက်အောင် လှုံ့ဆော် ဝါဒဖြန့်ချိမှုပါဘဲ၊ မြင့်ဆွေ(ခ) မို့ပေါင်း(R.I.T)(ကွယ်လွန်)၊ဦးလှစော (R.I.T)၊ စိန်ရွှေမိုး (ပထဝီ)၊ ကျော်အောင် (စီးပွားရေးတက္ကသိုလ် )မြင့်အောင် ကြည် (R.I.T) ၊နေဝင်းအောင် (လုပ်သားကောလိပ်-ကွယ်လွန်) စိန်မြင့်၊ စံနု၊ တရားရုံးတော်မှ အမိန့်မချမှတ်ခင် အပြစ်ရှိလား မရှိဘူးလား၊ တစ်ယောက်ချင်း မတ်တပ်ထရပ်ခိုင်းပြီး မေးပါတယ်။ တစ်ယောက်ချင်းစီက ညှိမထားဘဲနှင့် "မရှိပါဘူး"လို့ဖြေကြတယ်။ **ကိုကျော်အောင်အလှည့်ရောက်တော့ "ကျွန်တော်တို့မှာအပြစ်မရှိဘူး ၊ ကျွန်တော်တို့တရားခံလည်းမဟုတ်ဘူး ခင်ဗျားတို့သာ ပြည်သူ လူထုကို ဖိနှိပ် သတ်ဖြတ်တဲ့တိုင်းပြည်ချောက်ထဲကျအောင်လုပ်တဲ့ တရားခံတွေဖြစ်တယ်၊ တစ်နေ့ သမိုင်းဘီး တစ်ပတ်လည်လာတဲ့အခါ ခင်ဗျားတို့သာ ပြည်သူ့ခုံရုံးတင်ခံရမယ့် တရားခံစစ်စစ်တွေဖြစ်တယ်"** ဆိုတာတွေ ပြောပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ရင်ထဲမှာ ရှိနေတဲ့ ခံစားချက်နဲ့အမှန်တရားကို ကျွန်တော် တို့ ကိုယ်စားတရားရုံးမှာရင်ကော့ပြီး သတ္တိရှိရှိပြောခဲ့တဲ့ ကိုကျော်အောင်ရဲ့ ရဲရင့် တဲ့ဟန်၊ အဲဒီလို ကိုကျော်အောင်ရဲ့ မမျှော်လင့်ဘဲ တုံ့ပြန်ပြောစကားတွေကြောင့် ကြောင်ပြီးငိုင်သွားတဲ့ တရားသူကြီးတွေ၊ ရှုံ့ရှုံ့ရှားရှားဖြစ်သွားတဲ့ ဘေးက ရပ်ကြည့်နေတဲ့ ထောက်လှမ်းရေးတွေ၊ အစောင့်တွေရဲ့အမူအရာကို ယနေ့တိုင်မြင်ယောင်နေဆဲပါ။

အားလုံးကို တရားရုံးက မှတ်ချက်ယူထားပါတယ်။ မြင့်ဆွေ အပေါင်းပါ (၈)ဦးအား အလုပ်နဲ့ထောင်ဒဏ် (၉)နှစ်ချလိုက်သည်ဟု အမိန့်ချ မှတ်လိုက် ပါတယ်။ ချမှတ်ပြီးချင်းဘဲ ထောင်ထဲပြန်သွင်း ၊ သူ့အဆောင် သူပြန်ပို့ ပါတယ်။ အဆောင်များထဲ ရက်အတော်ကြာပိတ်လှောင်ထားပြီးမှ အသက် (၂၀)အောက် များ ရွေးထုတ်ပြီး၊ ဇူလိုင် (၂၁)ရက်နေ့မှ တွဲဘက်အကျဉ်းထောင် အဆောင် နံပါတ်(၂)အပေါ်ထပ်အောက် ထပ်ထားပါတယ်။ အလုပ်ကြမ်းတောင် ယာလုပ် ခိုင်းရန် ၊ အကျဉ်းထောင်ဖွဲ့စည်းပုံ၊ တံစည်း၊ ဘုတ်ကိုင် ၊ ထမင်းဘုတ်၊ မိလ္လာဘုတ်၊ ရေကန်ဘုတ်၊ အခန်းလူကြီး အခန်းစာရေး၊ အချင်းချင်း သွေးခွဲ အုပ်ချုပ်စေ ပါတယ်။ ထမင်း တစ်ပန်းကန်တစ် ပုံစာ၊ပဲဟင်းတစ်ခွက် ၊ ရေချိုး (၈)ခွက်နှင့်

မဝရေစာကျွေးပြီး တောင်ယာလုပ်ခိုင်းပါတယ်။ မြေကြီးပေါက် ဘောင်ဖော်၊ ချဉ်ပေါင်ရွက် ၊ မုံလာရွက် ၊ ပဲရွက် ၊ ထောင်ပုံစံဟင်း နိုင်လွန် ဟင်းချက်ရန် ကိုယ့်ဟာကိုလုပ်ကိုင်ပေးရပါတယ်။ ကိုယ်ထူကိုယ်ထ ဆင်းဆင်းရဲရဲ အလုပ် ဆင်းကြရပါတယ်၊ ပုံစံအကျႌ၊ ပုဆိုးတစ်စုံ ထုတ်ပေးတာနဲ့ မိုးရွာရွာနေပူပူ အဝတ်ရေစိုဖြင့် အလုပ်ဆင်းကြရတယ်၊ နောင် ကြဉ်သွားအောင် နောက်နောင် ဆန္ဒပြ ၊ နိုင်ငံရေးမလုပ်ရဲအောင် ကျွတ်သွားအောင်ချုတ်တဲ့သဘောနဲ့ ခိုင်းစေ ဖိနှိပ်ပါတော့တယ်။ နေ့လည်အလုပ်ခဏနား ချိန်မှာလဲဘဲ အဆောင်ခန်းမကြီးထဲ ခဏနားနေချိန် ၊ စကားသံကျယ်ကျယ် လောင်လောင် ဆူညံလာတာနဲ့ အကုန်ထွက်အောင် ဆင်းခိုင်းပြီးနှစ်ယောက်တစ် တွဲပုံစံထိုင်ခိုင်းပြီး မြေကြီး ပေါ်နေလှမ်းခံကြရတယ်။

မှတ်မိပါသေးတယ်၊ အဆောင်မှူး ထောင်ဝါဒာ တပ်ကြပ်ဦးတင်လတ် အဆိုးဆုံးဝန်ထမ်းပါဘဲ လူမဆန်အောင်ခိုင်း ရက်ရက် စက်စက်ဖိနှိပ်ပါတယ်။ ဂိုရှယ်(ခ)မင်းအောင်တို့ သက်ဝင်း တို့ တစ်ချို့လူငယ်တွေ မျက်ရည်ကျရတယ်။ နဲနဲအသက် (၁၉)နှစ်လောက်ရှိတဲ့ လူငယ်တွေ အံကြိတ် ခံကြရတယ်။ စက်တင်ဘာ၊ ဩဂုတ်လတွေ မချိမဆန့်ညှင်း ပန်းခံနေကြရတယ်။ လူကြီးပိုင်း အသက် (၂၀)အထက်တွေ အဆောင်(၁)သို့ အင်းစိန်ထောင်ကြီး ဘက်မှ ရောက်လာခဲ့တယ်။ လူငယ်ပိုင်းတွေ အလုပ်ခိုင်းသလို လုပ်ဖို့ တန်းစီ ဘုတ်ကိုင်တယ်။ မနက်ခင်းပိုင်း အလုပ်ဘုတ် (၁၀)ယောက် တသုတ်ပေါက်တူး ကိုယ်စီကိုင်ခိုင်းပြီး၊ အဆောင်အပြင်ဘက်တောင်ယာလုပ်ဖို့ ထွက်ကြရမယ်။ ထွက်ခိုင်းတော့ လူကြီးဆောင်နိုင်ငံရေးအကျဉ်းသားများ စတင် ၍ မလုပ်ဖူးကွ ၊ **မလုပ်ဖူး** ဟုသံပြိုင်အော်ဟစ်ကြပြီး အဆောင်ပေါ်ပြန်တက်ကြတယ်။ ကိုယ့်အိပ်ယာကိုပြန်နေကြတယ်။ ထောင်ဝါဒာ တပ်စိပ် ၂ စိပ်နဲ့ပါတ်တုတ်တွေ သေနတ် ကိုယ်စီကိုင်ပြီး ဗူးဝကနေဝင်လာကြတယ်။ နောက်မှတပ်ကြပ်ကြီး တင်မောင်၊ အရာခံဗိုလ်လှရွှေတို့ နောက်ကလိုက်လာခဲ့ကြတယ်။ အဆောင် အပေါ်ထပ်၊ အောက်ထပ်၊ ဝရံတာပတ်လမ်းတိုင်း လမ်းလျှောက်ပြီး ဆဲဆို ကြိမ်းမောင်းသံတွေ ကြားနေရတယ်။ လူကြီးဆောင်က တုတ်တုတ်မလှုပ်ငြိမ် နေကြတယ်။အတော် ကြာတော့ ဗူးဝဘက်ဆီပြန်ထွက်သွားကြတယ်။ ဗူးဝရုံးခန်းမှာ တာဝန်ခံလှရွှေ တင်မောင်(တပ်ကြပ်ကြီး)တို့ ထောင်မကြီးဘက်မှ အင်းစိန်ထောင်ကြီး တစ်ခုလုံး ထောင်ပိုင်ကြီး ၊ မဏ္ဍနားနှင့် တိုင်ပင်ညှိနှိုင်းလိုက်ပြီး ၊ လူကြီးဆောင် ဘက်မှ အလုပ်ကြမ်းမလုပ်နိုင်ကြောင်း ဆွေးနွေးရန် ကိုယ်စား

လှယ် (၈) ယောက်၊ ၁၀ ယောက်ခန့် ကိုမိုးဝင်း၊ ကိုခင်မောင်လင်း၊ ကိုကျော်စိုး၊ ကိုသက်တင်လာခေါ်သွားတယ်။ ထောင်ပိုင်ရုံးခန်းမှာ ဆွေးနွေးလိုက်ကြပြီး အလုပ်မခိုင်းရေးကိစ္စ ညှိနှိုင်း ဆွေးနွေးအဆင်ပြေသွားကြတယ်။ ကျွန်တော်တို့ လူငယ်ဆောင်ကတော့ ဆက်အလုပ်ဆင်းခိုင်းပါတယ်။ မနက်ပိုင်းတစ်ကြိမ် အလုပ်ဆင်းလိုက်ပါ သေးတယ်။ နေ့လည်ထမင်းစားချိန်နားပြီး ပြန်ဆင်းရမယ့် အချိန်ရောက်တော့မှ လူတဝက် ကျော်ကျော်ခန့် သဘောဆန္ဒတူညီစုစည်းမိပြီး၊ မလုပ်ဖူး မလုပ်ဖူးကွ အော်ဟစ်ကာ လူကြီးဆောင် အဆောင် (၁) ဘက်သို့ ပြေးဝင်ပူးပေါင်း လိုက်ကြတယ်။ မကြာမီ အဆောင်မှူးတွေရောက်လာပြီး (၁) အဆောင်အောက်ထပ်မှာ တန်းစီခိုင်းပါတယ်။ ကိုယ့်အဆောင်ကိုပြန်ပါ။ မလုပ်နိုင်ယင် မလုပ်ကြနဲ့ အေးအေး ဆေးဆေးစည်းကမ်းအတိုင်း နေကြဖို့လာ ပြောပါတယ်။ အဆောင်(၁) ကနေ အဆောင် (၂) သို့ ပြန်လာကြပါတယ်။

အဆောင်အုပ်ချုပ်ရေးမှူးကို ယခင်တံစည်း ဘုတ်ကိုင် ၊ ထမင်းဘုတ်၊ ရေကန်ဘုတ် ၊ တောင်ယာဘုတ် ၊ ခွဲခြားအုပ်ချုပ် ပုံစံမဟုတ်တော့ဘဲ အများဆန္ဒနှင့် အဆောင်အုပ်ချုပ် ရေးကိုယ်စားလှယ်တွေ ရွေးချယ်လိုက်ကြပါတယ်။ အောက်ထပ်၊ ကိုစံနု ၊ ဝင်းဆွေ (ပါရမီ) ကိုမိုးမြင့် ၊အပေါ်ထပ် ကိုအောင်သန်းမြင့် ၊ကျော်ထူး၊ကိုစောနိုင် အပေါ် ကိုယ်စားလှယ် (၃)ယောက် အောက်ကိုယ်စားလှယ် (၃) ယောက်နဲ့အုပ်ချုပ်ကြပါတယ်။ အဆောင်ရဲ့သန့်ရှင်း ရေး၊ မိလ္လာ၊ ထမင်း ၊ ရေကိစ္စတွေကို တစ်နေ့တာဝန် (၁၀) ယောက်စီ တာဝန်ယူခွဲ၍ လုပ်ကြရပါတယ်။

တစ်လလောက်ကြာတော့ လူကြီးဆောင်ဘက်ကရော လူငယ်ဆောင်ဘက်ကရော အလုပ်မလုပ်ရေးဆန္ဒပြကြရာမှ ခေါင်းဆောင်ဟု ထောင်အာဏာပိုင်တွေ မှတ်ချက်ရှိနေတဲ့လူတွေကို ထောင်ဝင်စာထွက်တွေ့တဲ့ နေ့မှာဘဲ အဆောင်ပြန်လာခွင့်မပေးတော့ဘဲ ထောင်မကြီးဘက် အဆောင်နံပါတ် (၃) သို့ လူခွဲပို့ခဲ့ပါတယ်။ ကျွန်တော်တို့ အဆောင် (၃) ၊အခန်း ၂/ကမှာ ကိုစံနု၊ ဝင်းဆွေ (ပါရမီ) ၊ ကိုမိုးမြင့် (ပြည်သူ့တိုးတက်ရေးပါတီတွဲဘက်အတွင်းရေးမှူး)၊ ကျော်ထူး (စမ်းချောင်း)၊ လှမော် (ဘောက်ထော်)၊ကိုတင်ရွှေ (ဆမ်ဆမ်)၊ ဂျမားလမ်း ၊ ကိုအောင်သန်းမြင့် (ကလလတ-ဗဟိုရုံးအုပ်ကြီး)၊ကိုမောင်ဝင်း ၊ ကိုခင်ဇော်လင်း (ရှမ်းပြည်နယ်တောင်ပိုင်းတော်လှန်ရေးကျောင်းသား)၊ ကိုစောနိုင် (မာန်အောင်ကျူရှင်ဆရာ)၊ ထားပါတယ်၊ အဆောင်(၃) အခန်း (၁)မှာ ဦးထွေးမြင့် ပါလီမင်ဒီမိုကရေစီပါတီ ပြဲ ၊ ဦးထွေးမြင့် ၊ ဦးထွန်းမြင့်ကြူ (ဗမာမူဆလင်အဖွဲ့ချုပ်)၊ (ကျော်

ကျော်)ရခိုင်လွတ်မြောက်ရေး တပ်မတော် ၊နောက်ရေကျော်မှ အဖိုးကြီး တစ်ယောက် မမှတ်မိတော့ပါ ရှိကြပါတယ်။ အခန်း ၁/ခမှာတော့ ကိုအောင်မြင့် (လမ်းစဉ် လူငယ်စည်းရုံးရေးမှူး)၊ မြောက်ဥက္ကလာပ၊ ကိုသိန်းထွန်းတို့နဲ့ သုံး လေးယောက်ရှိပါတယ်။ ၂/ခ မှာတော့ ထိုင်ဝန်ငါးခိုး ဖမ်းသဘော်သား ၃/၄ ယောက်ရှိပါတယ်။ ၂/၈ အခန်းမှာ ထွန်းကျော်ငြိမ်း၊ ဘိုဘိုကျော်ငြိမ်း ၊ ဦးရဲထွန်းတို့ ရှိပါတယ်။ပြည်ထဲရေးဝန်ကြီး ဟောင်းသား များဖြစ်လို့ အထူးထောင်ဝင်စာ၊ အခြား နိုင်ငံရေးအကျဉ်းသား များထက်ပို၍ အချိန်ကြာကြာတွေ့ခွင့်ရကြတယ်။ စာအုပ်စာတမ်းသွင်းခွင့်ရတယ်။ အခန်း (၃) သုံးခန်းတော့ အလွတ်ဖြစ်နေတယ်။ အပေါ်အစွန်းဆုံးအခန်း (၄)မှာ ကိုအေးသာအောင် (ယခုရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်)၊ ကိုစံရွှေမောင်(ဂျပု) ချည်မျှင်စက် -ယခုအဝေရာတောရ ကျောင်းထိုင်ဘုန်းကြီး ဦးစန္ဒိမာ၊ ဒေါက်တာစံရွှေမောင် (မြောက်ဦး)၊ ကိုလှထွန်း ၊ ကိုမောင်မောင်ဝင်း ၊ ကိုသိန်းတန်၊ ကိုမျိုးနိုင် (ပြည်)၊ ကိုစိုးဝင်း (စမ်းချောင်း)၊ ကိုဝင်းဇော် (စမ်းချောင်း)၊ ကိုခင်မောင်စိုး (ယခု- RFA အသံလွှင့်ဌာန) တို့ ပုဒ်မ (၁၀/က)နဲ့ချုပ်ထားတဲ့ လူတွေရှိပါတယ်။အောက်အခန်း (၁)မှာဦးတင်ငွေ(ဂုံနီ အလုပ်သမား) ၊ကိုဖိုးကျော့ ကိုနေဝင်း (ဂုံနီစက်)၊ ကိုစောဦး (ဂုံနီစက်ရုံ)၊ အလုပ်သမားများ ပုဒ်မ-၁၅/၁၊ အလုပ်သမားသပိတ်ရဲဘော်များရှိကြပါတယ်။ အခန်း(၂)မှာ ကိုကျော်စိန် (ချည်စက်)၊ ကိုဘဆွေ (ချည်စက်)၊ ဦးလှသိန်း (ကွယ်လွန်ချည်စက်)၊ ဦးချစ်ထွန်း (ချည်စက်ကွယ်လွန်)၊ ချည်မျှင်နှင့်အထည်စက် ၊သမိုင်း၊ အုပ်စု ရုံးထုတ်ဆဲ တရား ရင်ဆိုင်နေရဆဲ၊ ဂုံနီစက်ရုံအလုပ်သွားအတိုင်း ရုံးထုတ်ဆဲပါ။ အောက် (၃)မှာ ကိုတင်စိုး(ဠ) (ဦးသန့်)၊ ကိုကျော်အောင် (ဠန်)၊ ကိုသက်တင် (မန္တလေး) ဦးသန့်၊ ကိုစန်းလွင် (လက်ပံတန်း)၊ ကိုငွေအောင် (တညင်-ရှူ)၊ ညစ်ကြယ်ခင်မောင်ငွေး (ဗဟို တရားရုံးချုပ်ရှေ့နေကြီး)၊ ကိုထွန်းရီ၊ ကိုနေဝင်းအောင် (ယခုကွယ်လွန်) ၊ကိုအောင်မင်း (ယခုတက္ကစီမောင်း)၊ ကိုအေးအောင်(ခ)ကိုအောင်စိုး (ရလလဖ ရှမ်းပြည်လူမျိုး ပေါင်းစုံလွတ်မြောက် ရေးတပ်ဖွဲ့) (စာရေးဆရာ ဂါမဏိ)၊ ကိုဗဟိန်းအောင် (ဆရာဗန်းမော်တင် အောင်သား) ထွန်းမြင့်ဝင်း-မုံရွာ၊ကိုသတ္တိ၊ ကိုသိန်းလွင်၊ ကိုအေးကြည် (စိတ်တိုင်းကျ)အစရှိသည့် ဆေး-၂ ကျောင်းသားအုပ်စု များ အင်အားစုစုပေါင်း လူ ၃၀ယောက်ခန့်ရှိကြပါတယ်။

ဧပြီလဆန်း၈/၉ ရက်နေ့ နေ့လည် ထမင်းစားပြီးချိန် ကိုတင်စိုး၊ ကိုသန်းလွင် ၊ပစ္စည်း တွေသိမ်းခိုင်းပြီး ခေါ်ထုတ် သွားပါတယ်။ ဘာမှန်းမသိရ။

အဆောင်ပြောင်းရန် လာခေါ်ပါတယ်။ မဆလတပါတီအာဏာရှင်စစ်အစိုးရဟာ သူ့ခေတ်မှာ နိုင်ငံရေး အကျဉ်းသားမရှိ၊ နိုင်ငံရေးဆောင်လဲမထား၊ လက်ကျန် နိုင်ငံရေးဆောင် အဆောင် ၄/၅/ရာဇဝတ် ဆောင်လုပ်ထားပြီးပြီ။ (၃)ဆောင် တဆောင်တည်းသာလျှင် ကျောင်းသား အလုပ်သမား၊ ပြည်ချစ်ပါလီမံ ဒီမိုကရေစီပါတီ ဦးထွေးမြင့်တို့လို ပုဂ္ဂိုလ်တွေကိုသာ ခေတ္တ(စပါယ်ရှယ်) ပုံစံနဲ့ ခဏထားတာပါ။ အထူးဆောင်ဖျက်သိမ်းရေးပေါ်လစီ ကို တစိုက်မတ်မတ် လုပ်နေခဲ့ပါတယ်၊ လက်ကျန်ရှိနေတဲ့ (၃) ဆောင်ကိုလည်း လူတွေ တစ်ယောက် ချင်း နှစ်ယောက်ချင်း ခေါ်ထုတ်ကာ ရာဇဝတ် ဆောင်တွေဆီပြောင်းပစ်ဖို့ အစီအမံလုပ်လာတာပါ။ အဆောင် (၂) ရာဇဝတ် ဆောင်ပို့ခံရတဲ့ ကိုတင်စိုးနဲ့ ကိုသန်းလွင် ၊ သူတို့အထုပ် အပိုးတွေ အဆောင်ပေါက်ဝမှာ ပစ်ချထားခဲ့ပြီး (၃)ဆောင် ကိုယ့်နိုင်ငံရေး အကျဉ်းသား ရဲဘော်တွေရှိတဲ့အခန်း ဆီပြေးလာ ခဲ့ကြပါတယ်။ ထောင်ဝန်ထမ်း ၊ အဆောင်မှူးတွေ လာခေါ်ပေမဲ့ မထွက်ကြ တော့ဘဲ ဆန့်ကျင်ပြီး၊ အထူးဆောင်မဖျက်သိမ်းရေး၊ နိုင်ငံရေးအကျဉ်းသား အခွင့်အရေးတို့ အခန်းတွင်း အခြားရဲဘော်များ ညှိနှိုင်းဆွေးနွေးကာ ပေါ်လစီတိုက်ပွဲတစ်ခုအတွက် တဆောင်လုံးနိုင်ငံရေးအကျဉ်းသားများထံ တပ်လှန့်နှိုးဆော်လိုက်ပါတယ်။ တစ်ခန်းချင်းစီ သို့ အိမ်သာသုံးစက္ကူတွင် စာရေး၍ ညှိနှိုင်းဆွေးနွေးကြပါတယ်။ အပေါ်အောက်လူ ရှိနေတဲ့အခန်းများမှ ကြမ်းခင်းပျဉ်ပြားအပေါ်မှကြိုးဖြင့် စာလိပ်ချည်ကာ ဆက်သွယ်ကြရပါတယ်။ တဆောင်လုံးသဘောထား ညှိကြရပါတယ်။ အောက် (၃)ခန်းဟာ ဧပြီ (၁၀)ရက် တိုက်ပွဲရဲ့ပင်မ ဗဟိုအခန်း လိုဖြစ်နေပါတယ်။ သူတို့အခန်းက တိုက်ပွဲအစီအစဉ် အတိုင်း ဆက်တိုက်ကြရန် ဆုံးဖြတ်ခဲ့ကြပါ တယ်။ တိုက်ပွဲအစီအစဉ်- အထူးဆောင် နိုင်ငံရေးဆောင် ဆက်လက်ထားရှိရေး၊ နိုင်ငံရေးအကျဉ်းသား အခွင့်အရေး၊ စာရေး စာဖတ် အစားအသောက်ကောင်း မွန်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုကောင်းမွန်ရေး၊ တောင်းဆိုချက်များနှင့် ပထမတင်ပြတောင်းဆို ဆွေးနွေးညှိနှိုင်းကြပါတယ်။ အကယ်၍ ထောင်အာဏာပိုင် ဘက်မှ မလိုက်လျောပါက အစာငတ်ခံဆန္ဒပြပွဲ အဆင့်ထိ တိုးမြှင့်ရန် သဘောတူ ကြပါတယ်။ တညအိပ်ပြီးသော်လည်း ဘာမှအကြောင်းပြန်ကြားခြင်း တစုံတရာ မရှိပါ။ ထောင်အာဏာပိုင်များဘက်မှအကြမ်း ဖက်နှိမ်နင်းဖြိုခွဲရန် အစီအစဉ် လုပ်နေပုံရပါတယ်။ ဒုတိယည (ဧပြီလ ၁၁ရက် နေ့) မှာ အင်းစိန်ထောင် သမိုင်းမကြုံစဖူး ၊ စစ်တပ်အင်အား ထောင်ဝန်ထမ်း အင်အားသုံးပြီး

ဝင်လာပါတယ်။ စစ်တပ်က တပ်စိပ်တစိပ်ခန့် အရင်ဝင်၍ အဆောင်အရှေ့ဘက်အနောက်ဘက် သရက်ပင်ကြီးတွေ အောက်မှာ နေရာယူပါတယ်။ မိနစ်ပိုင်းအတွင်း ထောင်ဝန်ထမ်းတွေ ဘယ်/ညာ အော်ဟစ်အမိန့် ပေးကာ ချီတက်လာပါတယ်။ တုတ်တွေကိုယ်စီကိုင်ဆောင်ထားကြပါတယ်။ အပေါ်ထပ်၊ အောက်ထပ် အခန်းရှေ့တွေမှာ နေရာယူထားကြတယ်။ ကျွန်တော်တို့ မှတ်မိသရွေ့စစ်တပ်ဝင်နေရာယူပြီးတာနဲ့ ကြွေးကြော်သံစတင်ကြပါတယ်။ **"သပိတ်သပိတ် မှောက်-မှောက်" " နိုင်ငံရေးအကျဉ်းသား အခွင့်အရေး ချက်ချင်းပေးချက်ချင်းပေး" "မတရားဖိနှိပ်မှု အလိုမရှိ အလိုမရှိ"** ထောင်ထဲမှာ ကြွေးကြော်သံတိုင်ပြီး တိုက်ပွဲဝင်ဆန္ဒပြတာ ဒီတကြိမ်ဘဲရှိခဲ့ဖူးတယ်လို့ အာဏာပိုင်များ မှတ်ချက်ပြုကြသံကြားပါတယ်။

အခန်း(၃) အောက်ခန်းကိုအဓိကဦးတည်ပစ်မှတ်ထားဖြိုပါတယ်။ အခန်း (၃)ရဲဘော်များမှ ရမိရာတုတ်တို့ တုတ်စ ၊ သရက်သီးသနပ်ဖန်ပုလင်း၊ အုတ်ခဲကျိုး ၊ ကုတင်တိုင်များနဲ့ တံခါးလာဖွင့်တဲ့ ဝါတာတွေကိုပစ်ပေါက်ကြတယ်။ ဝါတာတွေတစ်ချို့ ထိပ်ပေါက် ခေါင်းပြဲနဲ့ နောက်ဆုတ်ပြေးကြပါတယ်။ အဆောင်တံခါးပေါက်မှာ ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးတွေ စောင့်ကြပ်အမိန့် ပေးနေတယ်၊ ဆက်ဝင်ခိုင်း၊ဖြိုခွဲခိုင်းပြန်တယ်၊ လူအင်အားအလုံးအရင်းနှင့် တုတ် ကိုယ်စီနဲ့ ဝင်ရိုက်ခွဲစီးနင်းခံလိုက်ကြရပါတယ်။ ဒဏ်ရာဗလပွနဲ့ စစ်ခွေးတိုက်ထိ ဆွဲခေါ်သွားပါတယ်။ ပထမ ရဲဘော်တစ်ချို့ သေကြေ၊ ဒဏ်ရာရတယ်လို့ ကြားသိရတယ်။ အောင်ငါးအောင်(ကိုငွေအောင်၊ကိုကျော်အောင်၊ ကိုအေးအောင်၊ ကိုဗဟိန်းအောင်နဲ့ကိုသက်ဝင်းအောင်)တို့ ကျသွားတယ်လို့လည်း သတင်းထွက် လာခဲ့တယ်။ နောက်တော့ အဲဒီ ရဲဘော်တွေ ကျဆုံးသွားတာ မဟုတ်ပဲ အပြင်းအထန်ဒဏ်ရာရသွားခဲ့တာလို့ ပြန်သိရတယ်။ ကိုထွန်းရီ (လက်ကျိုး)၊ ကိုအောင်စိုး(ခ)ကိုအေးအောင် (နှားခေါင်းပွဲ)၊ ကိုသက်တင် (လက်ညှိုးပြတ်)၊ ကိုအောင်မင်း ၊ ကိုကျော်အောင် (လက်သန်းကျိုးပြတ်)၊ ကိုဖုံးမြင့် (အင်းစိန်) ၊ ကိုသက်ဝင်းအောင် (အင်းစိန်)၊ ကိုထိန်ဝင်းအောင် ၊ ကိုနေဝင်းအောင်၊ ကိုအောင်ကိုကို၊ ကိုဆန်းလွင်၊ ကိုဗဟိန်းအောင်နဲ့ကိုသိန်းလွင်၊ ကိုသတ္တိ၊ ကိုအေးကြည်(စိတ်တိုင်းကျ)၊ အစရှိတဲ့ဆေး(၂)ကျောင်းသားများ အားလုံး ဒဏ်ရာကိုယ်စီနှင့် စစ်ခွေးများသားစပ်မျိုးဖော်တဲ့ အလုပ်ကြီးနှင့်အပြင် အုတ်နံရံဘေး (စစ်ခွေးတိုက်မဲဇာ) ပို့ခံလိုက်ကြရပါတယ်။ ဒဏ်ရာတွေကို မနက်လင်းတော့မှဆေးမှူးတွေက အစိမ်းသက်သက်ဘာထုံဆေးမှမပါ ၊ လာချုပ်ပေးကြ

တယ်။ အဖြစ် သဘောတာဝန်ကျေဆေးကုပေးပါတယ်။

မြန်မာ့ဆိုရှယ်လစ်ပါတီ၊ မဆလပါတီ အာဏာရှင်စနစ်အောက်မှာ သတင်းမီဒီယာဘာမှမရှိ အမှောင် ခေတ်၊ ဒီမိုကရေ စီဆိတ်သုန်းနေတဲ့ခေတ်မှာ နိုင်ငံတကာ အဖွဲ့အစည်းတွေ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေ ဘက်က ရပ်ခံမယ့်သူမရှိ။ (CRC) မရှိ ဘီဘီစီ ၊ ဘီအိုအေ ၊ အာအက်ဖ်အေ မရှိတဲ့ ကာလကြီးအောက်မှာ ပြည်သူလူထုကို အလုပ်အကျွေးပြုကြ ၊ မဆလတ ပါတီ အာဏာရှင် စစ်အစိုးရ အပြုတ်တိုက်ကြရမယ်ဆိုတဲ့အမြင် သူရဲကောင်း တွေရဲ့ ဘာမထီစိတ်ဓါတ်နဲ့ အံကြိတ်ရပ်ခံခဲ့ကြရတာပါ။ ဘာထောင်ဝင်စာမှ မတွေ့ရ တော့ဘူး၊ တိုက်ပိတ်တစပြင်ပို့ထားလိုက်တယ်။ အဆောင်ကျန်နေခဲ့တဲ့ ကျွန်တော် တို့ (၉) ယောက်ခန်းက ရဲဘော်တွေနဲ့ ချည်စက်၊ ဂုံနီစက်၊ အခန်း (၄) ၁၀/က တွေလဲ ရေချိုးမထွက်ရတော့ပါ။ ထမင်းတော့ လာကျွေးတယ်၊ ကျွန်တော်တို့ (၉) ယောက်ခန်း ထမင်းမစားအစာငတ်ခံဆန္ဒပြတာ (၃)ရက်ကြာ သွားတယ်။ ထမင်းတော့လာထိုးတယ်။ စားမလားမေးတယ်၊ ပြန်သွားတယ်။ နောက်တော့ အဆောင်မှူး (ဒုတိယလက်ထောက်) လာတယ်။ ထမင်းစားဖို့ တိုက်တွန်း တယ်ပြောတယ်။ ကျွန်တော်တို့က အနိမ့်ဆုံးအဆင့်အဆောင်ကို နဂိုမူလရှိနေတဲ့ ဗိုလ်နေမြကျားနေမြဲ ပြန်ဖွင့်ပေး ရေချိုးချပေးဖို့ တောင်းဆိုယင်း လိုက်လျောပြီး တော့မှ အစာငတ်ခံရပ်လိုက်တယ်။ ထမင်းပြန်မကျွေးခင် ဆန်ပြုတ် (၂)ရက် လာတိုက်တယ်။ ပြီးမှထမင်း ကျွေးပါတယ်။

မဆလခေတ်တလျောက်လုံး(၁၉၆၂) ဇူလိုင်လ (၇) ရက်ကနေ ဆိုရှယ်လစ်မျက်နှာဖုံး အတုအယောင်ဆိုရှယ်လစ်ကို အသက်တွေပေးဖွင့်ချ ဆုတ်ဖြုပစ်ခဲ့ကြပါတယ်။ ပထမဦးဆုံးဗိုလ်နေဝင်းရဲ့ အာဏာကုလား ထိုင်ကိုကိုင် လှုပ်ခဲ့ကြတယ်။ (၁၉၆၇)ခု စစ်တွေ ဆန်လုပွဲ၊ စစ်အစိုးရ ဆန်မပေးဘဲ ကျည်ဆံ ပေးခဲ့တယ်။ ရခိုင် တိုင်းရင်းသားတွေ အသက်စတေးခံ တိုက်ပွဲဝင်ခဲ့ကြတယ်။ (၁၉၆၉) ကျွန်းဆွယ်ပွဲ အစိုးရမဆလ ၊ မဆလအစိုးရကို ဆန့်ကျင်ဆန္ဒပြတဲ့ ကျွန်းဆွယ်ပွဲအရေးအခင်းမှာ အချုပ်နှောင်ခံအဖမ်းဆီးခံ၊ ကျောင်းထုတ် ခံကြရတယ်။ (၁၉၇၀) ကျောင်းသား ပွဲတော်၊ အောင်ဆန်းကွင်းထဲ ကျောင်းသား ပွဲတော် ဒို့ပွဲတော်သီချင်းနှင့်ဘင်ခရာ တီးဗိုင်းတီးခတ်လှည့်ပတ်နေ တယ်၊ အထူး တန်းပွဲကြည့်စင်မှာ ဗိုလ်ချုပ်တွေ ရွှေရောင်တလက်လက် အပွင့်ခက်တွေ နေရာယူထားကြတယ်။ ကျောင်းသားတွေ ပွဲကြည့်ပရိတ်သတ် တွေအတွက်

လက်မှတ်မရှိတော့ဘူး၊ အပြင်ဘက်မှာ လူထုနဲ့ ကျောင်းသားထု တွေ မကျေမနပ်နဲ့ ဆန့်ကျင်ဆန္ဒပြခဲ့ကြတယ်။ ဆူးလေထိပ် (ယခုကုန်သည်ကြီးများ ဟိုတယ်) နေရာ ဗိုလ်နေဝင်းဇနီး ခင်မေသန်းမုန့်တိုက်ဟု လူသိများခဲ့တယ်၊ မုန့်တိုက်မှန်တစစီဖြစ်သွားခဲ့ရတယ်။ (၁၉၇၃)ကမာရွတ်ဂတ်တဲ မီးတင်ရှို့ပစ်ကြတယ်။ သူတို့ရဲ့စခန်းက လက်သပ်မွေးသပ်ထားတဲ့ ခါးပိုက်နှိုက် တွေ၊ ဖမ်းပြီးဆွဲခေါ် ချုပ်ထားတာ လူထုက ထွက်ခိုင်းတာ ဒေါသပေါက်ကွဲပြီး ကမာရွတ်ဂတ်တဲ မီးရှို့မှုလို့ နာမည်ကြီးခဲ့တာလည်း လူထုမကျေနပ်ချက်တွေ ထုတ်ဖော်ပြသကြတာပါဘဲ။

(၁၉၇၄) ခု ဖွဲ့အုပ်ချုပ်ပုံအခြေခံဥပဒေ ၉၉. . . . %နဲ့ ရာခိုင်နှုန်းနဲ့ လူထုဆန္ဒခံယူပွဲကျင်းပပြီးခါစမှာဘဲ အထက်ဗမာ ပြည်မြစ်ငယ် မီးရထားစက်ခေါင်းပြင်စက်ရုံက စလိုက်တဲ့ အလုပ်သမား တိုက်ပွဲဟာ ဗမာပြည်တစ်ပြည်လုံးအနှံ့အလုပ်သမားတွေက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အာခံဆန့်ကျင်ဆန္ဒပြခဲ့ကြပါတယ်။ ဆင်မလိုက်သဘော်ာကျင်း အလုပ်သမားတွေ အသက်ပေးစတေးခံခဲ့ကြတယ်၊ သမိုင်းချည်မျှင်နဲ့အ ထည်စက်မှာ သေကြေဒဏ်ရာရခဲ့ကြရတယ်၊ အလုပ်သမား မိသားစုတွေ ရာချီ ဘဝပျက် ထောင်နှစ်ရှည်ကျခံရင်းနူနယ်ပျို့မြစ်တဲ့ ဘဝတွေ ပေးဆပ်ခဲ့ကြရတယ်။

(၁၉၇၅) ဇွန် (၆) အလုပ်သမားအရေးအခင်းနှစ်ပတ်လည် ၊ ဦးသန့် (၆)လပြည့် အထိမ်းအမှတ် (ရွှေတိဂုံအရေးအခင်းလို့ လူသိများခဲ့ပါတယ်)။ (၁၉၇၆) သခင်ကိုယ်တော် မှိုင်းရာပြည့်အထိမ်းအမှတ်ပွဲများဟာ လူထုလှုပ်ရှားမှုသဏ္ဌာန်ဆောင်ခဲ့ပါတယ်။ ရာနဲ့ချီတဲ့ကျောင်းသားတွေ ကျောင်းထုတ်ခံထောင်ကျတောထဲရောက်ဖြစ်ခဲ့ကြရတယ်။ (၇၇-၇၈) နှစ်တွေမှာလည်း ငြိမ်မနေခဲ့ဘဲ ဇူလိုင်(၇) ကျောင်းသား လှုပ်မှုရှားဖော်ဖို့ ကြိုးစားကြတဲ့ အထက်ဗမာပြည် အောက်ဗမာပြည် လူတွေရာချီအဖမ်းခံ ထောင်ကျခဲ့ကြ။ (၁၉၈၀-၈၁-၈၂) ကာလတွေမှာ ဧရာဝတီတိုင်းမှာ လက်နက်ကိုင် တိုက်ပွဲတွေနဲ့ မဆလစစ်အစိုးရကို တိုက်ဖို့စီစဉ်ခဲ့ကြသူတွေ ဧရာဝတီတိုင်းတစ်တိုင်းလုံး (၂၇) မြို့နယ် ရာချီသောရဲဘော်တွေ ထောင်သွင်း အကျဉ်းချခံခဲ့ကြရတယ် (၁၉၈၄-၈၅ -၈၆) ခုနှစ်တွေမှာ ကျောင်းသားနဲ့ ပြည်သူတွေရဲ့ လှုပ်ရှားမှုတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်ခဲ့တယ်။

ဗမာပြည်လယ်သမားများဟာလဲပုတ်လှန်ကျည်လန် စပါး အဝယ်ခံရ

လို့ စစ်အစိုးရကို ခါးခါးသီးသီး ဆန့်ကျင်ခံလာရတဲ့ အခြေအနေ ရောက်လာရတယ်။ စစ်အစိုးရမဆလစစ်အစိုးရဟာ ပြည်တွင်းရော ပြည်ပပါ အထီးကျန်ဖြစ် လာပါတယ်။ နိုင်ငံတကာရဲ့ ဒီမိုကရေစီရေး လှိုင်းတပိုးကလည်း ပိုမိုမြင့်မားလာခဲ့ပါတယ်။ (၈၈) အရေးတော်ပုံကြီးအတွက် အခြေအနေအချက် အလက်တွေ ရင့်မှည့်လာပါတော့တယ်။ (၈၈) အရေးတော်ပုံကြီးဟာ ကြီးမားကျယ်ပြန့် နက်ရှိုင်းပြီး ဗမာပြည်ရဲ့ သမိုင်းစာမျက်နှာအသစ်တွေမှာ အသက်သွေး ပေါင်းမြောက်များစွာ စတေးခဲ့ရတယ်။ မျိုးဆက်အဟောင်း အသစ်နှစ်မျိုးစလုံးဟာ ကျရာ အခန်းကဏ္ဍကနေ ကိုယ့်ကိုယ်ကိုတစ်ဦးချင်းရော အစုအဖွဲ့အမျိုးမျိုး အင်အားစုအမျိုးမျိုးဟာ ဘုံတူညီချက်နှင့် ဟန်ချက်ညီပေါင်းစပ်ခဲ့ကြလို့ (၈) လေးလုံးအရေးတော်ပုံဆိုတဲ့ မြင့်မြတ်ကြီးကျယ်တဲ့ အလှည့်အပြောင်းကြီး ပေါ်ပေါက်လာခဲ့ရတာပါ။

ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲသမိုင်းတလျှောက်မှာ အစ အလယ် အဆုံး မျိုးဆက်အသီးသီး လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသလိုပါဘဲ၊ (၈၈) အရေးတော်ပုံကြီးမှသည် မျက်မှောက်ကာလထိ ပြည်သူ ရဟန်းသံဃာတော်တွေဟာ အဆက်မပြတ် တိုက်ပွဲဝင်လာခဲ့ကြလို့ ဒီမိုကရေစီ အခင်း အကျင်းတွေ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

မောင်စံနု (ရမ်းဗြဲ) ၃၅-၄၆

# “ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခ ”

မြင့်ဦး (Eco)

အကျိုး (ဖြစ်ထွန်းမှု) သည် အကြောင်းတရားများနှင့် ကင်းလွတ်ဖြစ်ပေါ်လာသည်မရှိ ဆိုးကျိုးသော်လည်းကောင်း၊ ကောင်းကျိုးသော်လည်းကောင်း အခြေအနေတစ်ခု၊ အချိန်အခါတစ်ခုအတွင်း၌ လူတို့၏လှုပ်ရှားအားထုတ်မှုမပါဘဲ ဖြစ်ပေါ်တတ်သော အကျိုးဆက်များရှိသကဲ့သို့ လူတို့၏အကျိုးမျှော်၍ အားစိုက်မှုဟူသော အကြောင်းတရားများပေါ်၌ အကျိုးဖြစ်ထွန်းမှုတို့လည်းရှိခဲ့သည်သာ။

ကမ္ဘာ့သမိုင်း တစ်လျှောက်လုံး အုပ်စိုးသူနှင့်အုပ်ချုပ်ခံဟူ၍ရှိသည်။ ကျေးပိုင် ၊ ကျွန်ပိုင်စနစ်မှစ၍ အရင်းရှင်စနစ် (ဘူဇွာတော်လှန်ရေး) ကြီးဖြစ်ပေါ်လာသော လစ်ဘရယ်ဒီမိုကရက်တစ်စနစ် နယ်ချဲ့စနစ်တို့ပါ ယခုအချိန်ထိ အုပ်စိုးသူသည် ပြည်သူလူထုတစ်ရပ်လုံးအား ဖိနှိပ်အုပ်ချုပ်ခဲ့သည်မှာ မငြင်းနိုင်၊ ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့သော အုပ်စိုးခံပြည်သူတို့၏ ဆန့်ကျင်တော်လှန်မှုများသည်လည်း ဖိနှိပ်မှုကို တွန်းလှန်ခြင်းသာဖြစ်ပေသည်။ ဖိနှိပ်မှုတိုင်းတွင် တူညီသော တွန်းလှန်မှုရှိသည်။ အချိန်တိုင်းအတွက် အုပ်စိုးသူက အုပ်စိုးခံတို့ မတွန်းလှန်နိုင်အောင် အမြဲဖိနှိပ်ရန် ကြိုးပမ်းနေသည်။

အဖိနှိပ်ခံများမှာလည်း တွန်းလှန်ရန် ရုပ်ဝတ္ထုအင်အားအရ အားနည်းချက်ရှိသော်လည်း မတရားမှုများကို မခံနိုင်၊ မရပ်နိုင်ဖြစ်သည်အခါ၌လည်းကောင်း၊ မတရားမှုတို့ကို နက်နက်ရှိုင်းရှိုင်းသိလာသောအခါ၌လည်းကောင်း၊ အလွန်ကြီးမားသော ဒေါသစိတ်ကို အရင်းခံ၍ တော်လှန်မှုများ အကြိမ်ကြိမ်ဖြစ်ပေါ်နေသည်မှာ သဘာဝတရား။ ဖိနှိပ်ခံတော်လှန်သူတို့၏ စိတ်ဓွမ်းအားမှာ အလွန်အားကောင်းပြီး မည်မျှကြီးသော ဖောက်ပြန်ဖိနှိပ်မှုကိုမဆို အောင်နိုင်ရမည် မုချအောင်ရမည်ဟူသော ယုံကြည်ချက်တို့သည် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးကအသိအမှတ်မပြုဘဲနေ၍ မရခဲ့ပေ။

ကျွန်ုပ်ယခုအသက်(၆၀)ရှိပြီး ကျောင်းသားထုကြီးမှာ (၇၄) ဖွဲ့စည်းပုံအတည်ပြုပြီးနောက် ဖြစ်ပေါ်လာသော (၁၉၇၄) မေ-ဇွန်တိုက်ပွဲ အလုပ်သမားအရေးအခင်းကိုလည်း ထောက်ခံအားပေးကူညီခဲ့ကြသည်၊ ပါဝင်၍ ကူညီခဲ့ကြသည်။

ဆိုရှယ်လစ် အရေးခြုံ စစ်အစိုးရကိုလည်း အရေးခွဲ့နွှာချရန် ကြိုးပမ်းခဲ့

ကြသည်။ (၁၉၇၄) ဒီဇင်ဘာ ဦးသန့်ရှာပုန်၌ ကျွန်တော်နှင့် တင်မောင်ဦး ဦးဆောင်၍ အလောင်းကို သယ်ထုတ်ခဲ့ကြသည်။ စကားစပ်မိ၍ ပြောရဦး မည်။ ကျွန်တော်နှင့်တင်မောင်ဦး ကျိုက္ကဆံတွင် အလောင်းလုရန် အချက်ပေးနှိုး ဆော်ချိန်၌ မ. ဆ. လ ဖွဲ့ထားသော လမ်းစဉ်လူငယ်မှ စီစဉ်ထားသည့် အသံ ချဲ့စက်အသင့်တပ်ဆင်ပြီးဖြစ်သော ဒေါ့ဂျစ်ကားက ကျွန်ုပ်တို့နား မောင်းလာပြီး စကားပြောခွက်ပေး၍ လူအုပ်အားမိန့်ခွန်းပြောရန် အလွန်အဆင်ပြေခဲ့သည်။ ၎င်းလမ်းစဉ်လူငယ်ကျောင်းသားများကိုလည်း ကျေးဇူးတင်ပါသည်။

(၁၉၇၄) ခုနှစ်လတွင် ဖြစ်ခဲ့သော အလုပ်သမားနှင့် အလုပ်ရှင် (အစိုးရ ပိုင်စက်ရုံ) အစိုးရတို့၏ ပဋိပက္ခကို အကြမ်းဖက်နှိမ်နင်းမှု (၆)လပြည့်သောအခါ ထပ်မံ၍ရုန်းကန်သော လူထုလှုပ်ရှားမှုပင်ဖြစ်သည်။ စစ်အစိုးရနှင့်ပြည်သူ ကြား ကျွန်ုပ်တွေ့ကြုံခဲ့ရသော ဒုတိယအကြိမ်အကြမ်းဖက်မှုမှာ။

ထို ဦးသန့်အရေးအခင်းကိုလည်း ဒီဇင်ဘာ (၁၁)ရက်နေ့ည ညဉ့်နက် သန်းခေါင်ကျော်မှာ တင့်ကား၊ စစ်ကား၊ စစ်သားတွေနှင့် ဝင်ရောက်ဖြိုခွဲဖျက်ဆီး ပြီး လူ (၈၀၀၀)ကျော်ကို အင်းစိန်အကျဉ်းထောင်တွင် ပို့၍ နှိပ်ကွပ်ခဲ့ပြန်ပါသည်။

ဦးသန့်အရေးအခင်းမှ သမိုင်းပေးတာဝန်တစ်ရပ်အနေနှင့် ကျောင်း သား များက တော်လှန်စိတ်ဓာတ်မွေးခဲ့၍ ဆိုရှယ်လစ်အရေခြုံ မ. ဆ. လ စစ်အစိုးရကို လက်နက်မဲ့ဆန္ဒဖော်ထုတ်သည်နည်းနှင့် ဆက်လက်တိုက်ပွဲဝင် ခြင်းဖြစ်သည်။

(၁၉၇၅)ခုနှစ် (၆)ရက်နေ့မှာ **သမိုင်းအားကစားရုံ** သို့ပညာရေးဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့်ဝန်ကြီးအဖွဲ့မှ အချို့လာ၍ ဆွေးနွေးပွဲကျင်းပရန် နေ့ခင်း (၁)နာရီမှာ ချိန်းဆိုထားခဲ့တယ်။ အဲဒီနေ့မနက် ရန်ကုန်စက်မှုတက္ကသိုလ်ဆွေးနွေးပွဲ မှာ သူတို့လိုသလိုမဖြစ်တဲ့အတွက် ဝန်ကြီးများအဖွဲ့မလာဘဲ လိမ်ခဲ့ကြသည်။

ညနေ (၄)နာရီလောက်မှာ ဆွေးနွေးပွဲတက်ရောက်ခဲ့ကြတဲ့ စောင့်ခဲ့ရသူ ကျောင်းသားများ (၇၄) ခုနှစ် (၆) အမှတ်တရအောက်မေ့ဘွယ် အခမ်းအနားနှင့် ကျဆုံးသွားခဲ့သော အလုပ်သမားပြည်သူများအား အမှတ်တရဂုဏ်ပြုစကား ပြောကြား၍ (၇၄)အလုပ်သမားအရေးအခင်းနှစ်ပတ်လည်ကို ကျွန်တော်၊ ကိုတင်မောင်ဦး၊ ကိုတင်ဝင်း၊ ကိုခင်မောင်မြင့်တို့ ဦးဆောင်၍ ကျောင်းသား (၁၀၀) ကျော်နှင့်စတင်သပိတ်မှောက်ခဲ့ကြပါသည်။

မေခဆောင်နောက် အလုပ်သမားရပ်ကွက်နဲ့စည်းခြားထားသည့် အုတ်ရိုးကို ဖြိုခဲ့ကြသည်။ ၎င်းအုတ်ရိုးအကြောင်းပြောရလျှင် (ယခင်က သံကြိုး

ဝန်းထရံသာရှိခဲ့သည်။(၇၄)အလုပ်သမားအရေးအခင်းပြီးမှ အလုပ်သမားများနှင့် ကျောင်းသားများ မနီးစေရန် အစိုးရမှ အသစ်တည်ဆောက်ထားသော အုတ်နံရံဖြစ်သည်။)

(စားဝတ်နေရေး အဆင်မပြေကြသည့် အလုပ်သမားမိသားစုများ အဆောင်လာ၍ ဈေးရောင်းခြင်း၊ အဆောင်နေကျောင်းသားများ ညအချိန် အဆာပြေစားသောက်ရန် ဈေးရောင်းခြင်းများ ထိုအုတ်နံရံကာထားသည့် (၈)လအတွင်း အဆင်မပြေခဲ့ကြ)

အုတ်နံရံဖြိုပြီး အလုပ်သမားရပ်ကွက်သို့ ဖြတ်သန်းချိန်၌ သပိတ်မှောက် အလုပ်သမား ကျောင်းသားများ (၃၀၀၀)နှင့် (၅၀၀၀) ကြားလောက် ကြီးထွားလာခဲ့သည်။ (RIT)ကို ချီတက်ခဲ့ပြီး (RIT)မှ ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ဘွဲ့နှင်းသဘင်ကို ည (၁၀)နာရီလောက်မှာ ရောက်ပြီး သပိတ်စခန်းဖွင့်ခဲ့သည်။ (RIT)က အပြန် ကိုတင်မောင်ဦးမရှိတော့ပါ။

(၁၉၇၅) ဇွန်လ (၇)ရက်နေ့ မနက်မှာ သပိတ်စခန်း၌ လူစုပြီး ကျောင်းဝင်းထဲကနေ ကျောင်းပြင်ထိ ထွက်ပြီး စီတန်းလှည့်လည်ဆန္ဒပြပွဲ လုပ်ခဲ့ကြသည်။ (နေဝင်း၊ စန်းယု)လို့ စာရေးထားတဲ့ ခေါင်းတလားအတုတွေကို ကြိုးနဲ့ဆွဲပြီး ဗန္ဓုလပန်းခြံထိ ချီတက်ခဲ့ကြသည်။ ကြွေးကြော်သံထဲမှာတော့ ပြည်သူ့ဒီမိုကရေစီရေး၊ ကျောင်းသားသမဂ္ဂတရားဝင် ဖွဲ့စည်းရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးတို့အပြင်၊ နေဝင်း၊ စန်းယု စစ်အုပ်စုအလိုမရှိဆိုတဲ့ စစ်အစိုးရဆန့်ကျင်ရေးတို့ပါ ပြည်သူလူထုအတွင်းမှ ကြွေးကြော်သံတွေ ဆူညံသွားခဲ့သည်။

ဇွန် (၁၀) ရက်နေ့မှာ ကျောင်းတွေပိတ်လိုက်တော့ ကျောင်းသားတွေက သပိတ်စခန်းကို ရွှေတိဂုံကိုပြောင်းခဲ့ကြသည်။

ဇွန် (၁၁)ရက်နေ့ နံနက်လင်းအားကြီးအချိန်မှာ စစ်အစိုးရရဲ့စစ်တပ်ဟာ ဗုဒ္ဓဘာသာဝင်များအထွဋ်အမြတ်ထားရာ ရွှေတိဂုံ ကုန်းတော်ပေါ်ကို စစ်ဖိနပ်မချွတ်ဘဲ ဒရကြမ်းတက်ဝိုင်းပြီး ဖမ်းခဲ့ကြသည်။

(၁၉၇၆)မှာတော့ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း အသက်(၁၀၀)ပြည့်ဖြစ်တဲ့အတွက် ရာပြည့်ကော်မတီ ဖွဲ့စည်းခဲ့သည်။ ရာပြည့်ကော်မတီမှာ ဦးနေဝင်းပါဝင်ခဲ့သည်။ ထိုရာပြည့် ကော်မတီက လုပ်ဆောင်ခွင့် ကန့်သတ်မှုတွေ များပြားလွန်း၍ မလုပ်ဖြစ်တော့ပါ။

စာပေသမားများ၊ နိုင်ငံရေးသမားဟောင်းများက ဘဝင်မကျကြပါ။ ကျောင်းသားအများစုက မှိုင်းရာပြည့်အခမ်းအနားကို နိုင်ငံရေးအစီအစဉ်ရှိရှိ

ကျင်းပကြဖို့ စစ်အာဏာရှင် ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့ကို ဦးတည်ပြီး ပြင်ဆင်ထားခဲ့ကြသည်။

မတ်လ (၂၂)ရက်နေ့မှာ ကျွန်တော်နဲ့ကိုတင်မောင်ဦး လှိုင်မြို့နယ် ဘာတာ တိုက်ခန်းမှာ အဖမ်းခံရသည်။ကျွန်တော်နေတဲ့ပြည်လမ်း ၅မိုင်ခွဲက ပတ္တမြားခြံမှာ အလံနဲ့နဖူးစီး စာတမ်းစတာတွေကို ထောက်လှမ်းရေးတွေ ရသွားခဲ့သည်။

ကိုတင်မောင်ဦးအဖမ်းခံပြီး (၂၆. ၆. ၇၆)မှာ သေဒဏ်ချမှတ်ပြီး အင်းစိန်ထောင်ထဲမှာဘဲ ကြိုးမိန့်ပေးခဲ့သည်။ ကျွန်တော်က ထောင် (၁၅)နှစ်ကျခဲ့သည်။ ကျောင်းသား အများစုထောင် (၉)နှစ်၊ (၇)နှစ်နဲ့ကြမ်းခင်းဈေး (၅)နှစ်နဲ့ ကျောင်းသားတွေ ထောင်ထဲနေသွားခဲ့ကြသည်။

(၇၄)မှ စ၍ (၇၆)မတ်လအထိ ကျောင်းသားပေါင်း (၆၀၀)ကျော်မျှ ရန်ကုန်အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်၊ သရက်ထောင်တို့ အနှံ့ ရောက်ခဲ့ကြသည်။ (၈၀)ခုနှစ်မှ လွတ်ခဲ့ကြသည်။

(၇၄)မှ (၇၆)မတ်လအတွင်း စစ်အစိုးရဆန့်ကျင်မှုကို အကြမ်းဖက် နှိပ်ကွပ်မှု၊ ထောင်ချအပြစ်ပေးမှု ၊ ဖိနှိပ်မှုများ ကျောင်းသားလှုပ်ရှား မှုပျောက်ကွယ်သွားသည်ဟု ထင်ကောင်းထင်နိုင်သည်။ လှုပ်ရှားမှုများ ငြိမ်သက် နေခဲ့သည်။

သို့သော် (၁၉၈၈)ခုနှစ်၊ မတ်လ (၁၃)ရက်နေ့မှစ၍ ကျောင်းသားလှုပ် ရှားမှု ပြန်လည်ပေါ်ပေါက်လာသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝ အကျပ် အတည်းများကြောင့် ဖိနှိပ်မှုကို တွန်းလှန်ရန်ဆန္ဒ၊ စိတ်ဓာတ်ကို ဖြစ်ပေါ်စေသော အကြောင်းများ အားကောင်းလာပြီး အကျိုးဆက်အဖြစ် (၁၉၈၈) အရေးတော်ပုံ ကြီးဖြစ်ပေါ်လာခဲ့သည်။ သင်ခန်းစာယူရန်မှာ မည်မျှပင် ဖိနှိပ်ပါစေ ဆန့်ကျင် တော်လှန်သော စိတ်ဓာတ်ကိုမူ အသေမသတ်နိုင်ပေ။ လှုပ်ရှားမှုကိုတော့ ခေတ္တ တားထားနိုင်လိမ့်မည်။

ခေတ်အဆက်ဆက်နိုင်ငံတကာ အစိုးရနှင့်ပြည်သူတို့ကြား မရှိပဋိပက္ခ များသည် တိုင်းပြည်ရှိသဘာဝအရင်းအမြစ်များဖြစ်ကြသည့် လူစွမ်းအား အရင်းအမြစ်၊ သဘာဝသစ်တော၊ ရေမြေတောတောင်နှင့် မြေအောက် အဖိုး တန်သယံဇာတကို ပြည်သူလူထုအတွက် (ကျန်းမာရေး၊ ပညာရေး) စသည်တို့နှင့် လူမှုစီးပွားအထောက်အကူပြုရေးတွင် သုံးစွဲမှုအချို့နှင့် အုပ်စိုးသူ လူတန်းစား အာဏာ ခိုင်မြဲရေးနှင့် ၎င်းတို့လူတန်းစာ ၎င်းတို့နှင့် အကျိုးတူ ပူးပေါင်း သော

လက်တစ်ဆုပ်စာ မနေရှင်လူတန်းစားတို့အကျိုးခွဲဝေမှု အချိုးအစားမညီမျှမှု တစ်ဖက်စောင်းနင်းဖြစ် မှုကြောင့်သာ ဖြစ်ပေါ်ခြင်းပင်။

ယနေ့ ကျွန်ုပ်တို့နိုင်ငံ၌လည်း လက်ရှိကုန်ယာများ၌ တွေ့နေကြရသော လယ်သမားများ၊ ဆန္ဒထုတ်ဖော်မှုများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ တပ်များ တိုက်ပွဲဖြစ်မှု၊ ကချင် (KIO) လက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းမှအစ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့တို့ စကားပြော နေခြင်းများပင် ပြုလုပ်ရန်စတင်နေကြပါသည်။

လက်နက်ကိုင်အဖွဲ့များထံ ရောက်သွားကြသည့်မြေပေါ်မှ ပညာတတ် ကျောင်းသားများ၊ အရပ်သားများသည် ဖော်ပြခဲ့သော ကျောင်းသားလှုပ်ရှားမှု၊ အလုပ်သမားလှုပ်ရှားမှု၊ လယ်သမားလှုပ်ရှားမှုတို့မှ အကြမ်းဖက်နှိမ်နင်းမှုကို မခံနိုင်၍ လက်နက်ကိုင်ကြခြင်းများဖြစ်သည်။ အကြမ်းဖက်နည်းသုံးလျှင် ပဋိ ပက္ခပို၍ ကြီးထွားလာမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပဋိပက္ခများကို အကြမ်းမဖက်သော တွေ့ဆုံ ဆွေးနွေးသောနည်းနှင့် သူမနာ ကိုယ်မနာညှိနှိုင်းသင့်သည်။ ဖြေရှင်း၍ ရနိုင်သော ပဋိပက္ခများဖြစ်သည်။ ပဋိပက္ခတွင် အင်အားကြီးသူက စိတ်ရှည်သည်းခံ၍ အလျှော့ပေးဖြေရှင်းကြရမည်။ အင်အားကြီးသူက ကိုယ်နှင့် ကိုယ့်အသိုင်းအဝိုင်း အကျိုးအနည်းအပါး အပွန်းပဲ့ခံ၍ ညှိနှိုင်းသင့်သည်။

အတ္တအတွေးအခေါ်ကြီးသော ပြုမူဆောင်ရွက်ပြောဆိုမှုများကို ရှောင် ကြည်၍ ကိုယ်ကျိုးစွန့် အနစ်နာခံသော စိတ်ထား၊ အများအကျိုး တိုင်းပြည် အကျိုးဦးထိပ်ထားသော အတွေးအခေါ်မွေး၍သာ ငြိမ်းချမ်းသာယာသော ဘဝ နှင့်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အတ္တအတွေးအခေါ်အောက်မှ လှုပ်ရှားမှုအားလုံးသည် ပဋိပက္ခကို ဖြစ်စေသော အကြောင်းဖြစ်ပြီး ၎င်း၏ အကျိုးမှာ လူသားအချင်းချင်း သတ်ဖြတ် အနိုင်ယူမှုဟူသော အကြောင်းကို ဖြစ်စေသည်။

ငါ့အိမ်၊ ငါ့ယာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့လူတန်းစား ငါ့မိတ်ဆွေဟူသော ငါနှင့်ငါ့ပတ်ဝန်းကျင် ကောင်းစားရေးဝါဒ (အတ္တဝါဒ) ဆုံးခန်းတိုင် သင့်သော အချိန်မှာ အလွန်ပင်နောက်ကျနေပါပြီ။

မြင့်ဦး (Eco)ရေနံချောင်း

## သတင်းမှတ်တမ်း

### ၁၉၇၅ ခုနှစ် နှစ်ပတ်လည် (ခေါ်) ရွှေတိဂုံအရေးအခင်း နှင့် ပတ်သက်၍

မ. ဆ. လ စစ်အာဏာရှင်တို့၏ ကြေးမုံ၊ လုပ်သား စသည့် သတင်းစာများမှ တစ်ဖက်သက် ဝါဒဖြန့်ဖော်ပြခဲ့သည့် သတင်းများ-



ကြေးမုံ

ကျောင်းသား အချို့ ဆူပူ လှုံ့ဆော် ဆန္ဒ ပြမှုများလုပ်

ပါတီသည်ပြည်

ဆန့်တိုးဖြန့်ဝေ

ကုန်ခြောက်ရေ



ပကပ ဩဇာခံ ဆူပူရေးကျောင်းသားမင်းမဲ့ရိုက်ကျူးလွန်

ကျောင်းသားနှင့် အလုပ်သမား ဆူပူရန်သွေးထိုး လှုံ့ဆော်မှု

တက္ကသိုလ် စာမေးပွဲ မူလအတိုင်း ကျင်းပမည်

ဆန္ဒပြကျောင်းသား အေးချမ်းစွာပညာသင်

...းသောက်ကုန် တိုးမြှင့်ဖြန့်

...ချောင်ချိရေး စီစဉ် ပေးမည်

ဈေးပိုထောင်း လူထုနည်း...

မူးချုပ်သောင်းဒန် ဆွေး...

၄၇–၄၅–၄၆ နိုင်ငံရေးအင်အားစု



# အဖျက်သမားဗကပနှင့်ဆူပူရေးကျောင်းသား ဆက်စပ်လှုပ်ရှားမှုအထောက်ထားများတင်ပြ

## ဗကပဗဟိုအသံလွှင့်ချက်နှင့်လှုံ့ဆော်ရေးကြေညာချက်ထပ်တူ





၄၄–၄၅–၄၆ နိုင်ငံရေးအခင်းအကျင်း



ကြေးမုံ

ရန်ကုန်မှ ဆူပူဆန္ဒပြမှုများ ပြီးဆုံးအေးချမ်း

ဆန္ဒပြလုပ်သားများ လုပ်ငန်းခွင်ပြန်ဝင်မည်

တက္ကသိုလ်ကောလိပ် ကျောင်းသားတို့အိမ်ပြန်

ရန်ကုန်မြို့နယ်နိမိတ်အတွင်း စုဝေးဆန္ဒပြခြင်းမပြုလုပ်ရ

ဘီပီအိုင်ဆူပူရေး လုပ်သား ၂၂ ဦးအလုပ်ရပ်စဲအရေးယူ

ရေနံတိုးထုတ်ရေးကုန်ဈေးနှုန်းကျရေးအကြံ

ဦးမောင်မောင်ခအဖွဲ့ရေနံလုပ်သားများတွေ့

**၃၄–၃၅–၃၆ နိုင်ငံရေးဆောင်အားစု**

ဒီဇယ်ဆီယိုကျ၍လုယက်ခံယူ
အားမရသဖြင့်ရထားတွဲဖြုတ်

ရပေါင်းရွာ
တပ်မတော်





ဝဲယာဩဇာခံကျောင်းသား ခေါင်းဆောင် ဦး

ဆူပူမှုဖန်တီးရန်ပုံငွေများယူ၍ထွက်ပြေးသွား

ဖမ်းဆီး အရေးယူရာတွင် ကူညီကြရန် ဖန်ကြား

# ၁၉၇၆ မတ်လ မှိုင်းရာပြည့်အရေးအခင်း

## " ၇၆-မှိုင်းရာပြည့် အမှတ်တရများ "

**ဘိုဇင်ကော့**

၇၅-ခွန်အရေးအခင်း (ရွှေတိဂုံအရေးအခင်းမှ) ယနေ့ ၂၀၁၃ ခွန်လလောက်ကစပြီး လွန်ခဲ့သော (၃၈)နှစ်မှ အကြောင်းတွေ ပြန်စဉ်းစားမိပါတယ်။ သူငယ်ချင်း ကျောင်းသားရဲဘော်တွေ၊ အခြားသော အလုပ်သမားရဲဘော်ကြီးများ ဝန်ထမ်းများကို ပြန်လည်အမှတ်ရပါတယ်။ သူတို့ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို သမိုင်းမှတ်တမ်းမှာ ဖုံးကွယ်ထား လို့မရပါဘူး။ ကျွန်တော်ပါဝင်ခဲ့ရတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရာပြည့်မှ အကြောင်းအရာဖြစ်စဉ်တွေ သူငယ်ချင်းကျောင်းသားတွေအားလုံးကို သတိရမိပါတယ်။ လေးစားစွာ နဲ့လည်း ဂုဏ်ပြုလိုက်ပါတယ်။

၇၆-မတ်လ (၂၂)နေ့မှာ ကိုတင်မောင်ဦးနဲ့ကိုမြင့်ဦးတို့နှစ်ယောက်ကို စစ်ထောက်လှန်ရေးမှ သမိုင်းကောလိပ်အနီးဘာတာတိုက်ခန်းမှာ ဖမ်းဆီးသွားခဲ့ပါတယ်။ ကိုတင်မောင်ဦးဟာ (၇၄-၇၅)ကျောင်းသားအရေးအခင်းများမှာ ခေါင်းဆောင်ပါဝင်ခဲ့သူဖြစ်ပါတယ်။ မှိုင်းရာပြည့်ပွဲကိုလည်း ပါဝင်ဖို့ရောက်လာခဲ့တယ်။ မတ်လ (၂၂)နံနက်ပိုင်း ဖမ်းသွားပြီးနောက် ညဘက် ရေဒီယိုသတင်းမှာလည်း ကြေညာတယ်။ မတ် (၂၃)ရက်နေ့ နိုင်ငံတော်ပိုင်သတင်းစာများမှာလည်း ထည့်သွင်းဖော်ပြပြီး မှိုင်းရာပြည့်ပွဲကို ရပ်တန့်အောင် ဟန့်တားဖို့အစိုးရကကြိုးစားခဲ့တယ်။ သို့သော် မှိုင်းရာပြည့် ချီတက်ပွဲနဲ့ အခမ်းအနားအစီအစဉ်အောင်မြင်စွာပြီးဆုံး သွားခဲ့တယ်။

၇၆-ခုနှစ်၊ မတ်လ (၂၃)ရက်နေ့မတိုင်မီနဲ့အဲဒီနောက်ပိုင်းမှာ ချီတက်ပွဲနဲ့ရန်ကုန် တက္ကသိုလ်နဲ့ ကောလိပ်များကျောင်းတွေ အင်ကြင်းမဂ္ဂဇင်း၊ အရှေ့လေစာစောင်၊ တပေါင်းစာစောင်၊ ရေပူစီးကြောင်း စာစောင်၊

မီးမောင်းစာစောင်များ ပြန်နှံ့နေပါတယ်။ ရင်ဖွင့်သံနိဒါန်းစာစောင်မှာ လည်း မှိုင်းရာပြည့်အစီအစဉ်နှင့် ချီတက်ရာလမ်းကြောင်းများကိုလည်း ဖော်ပြထားတယ်။ မှိုင်းရာပြည့်အကြောင်းကို ရှုဒေါင့်မျိုးစုံမှ ပါဝင်ပတ်သက်ခဲ့ကြတဲ့ မိတ်ဆွေတွေရဲ့ ရေးသားဖော်ပြချက်တွေလည်း ပြည့်စုံသလောက်ရှိနေပါပြီ။ ၇၆-မတ် (၂၃)ရက်နေ့ (RIT) မှ ကိုတင်အေးကြူ၊ ကိုဝင်းမြင့်၊ ကိုသန်းလင်းနဲ့ ကျောင်းသားရဲဘော်များ ဦးစီးကျင်းပခဲ့တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း အုတ်ဂူရှေ့မှ မှိုင်းရာပြည့်အစီအစဉ်ဟာ မြန်မာ့သမိုင်းမှာ ပယ်ဖျက်မရတဲ့ မှတ်တမ်းတစ်ခုအနေနဲ့ ရေးထိုးခဲ့ပြီး ဖြစ်ပါ တယ်။

မ. ဆ. လ စစ်အစိုးရက မတ် (၂၄-၂၅)မှာ အပြီးသတ်နှိပ်ကွပ်ဖြိုခွဲပြီး အရေးအခင်းနဲ့ပတ်သက်ခဲ့သူများကို လိုက်ဖမ်းပါတယ်။ ကျောင်းသားဆိုးတွေလို့ သမိုင်းမှာအရုပ်ဆိုးအောင်ဖော်ပြခဲ့ပေမယ့် အစိုးရဆိုးတွေကတော့ ဒီနေ့ ပြိုလဲပြုတ်ကျပျက်စီးသွားခဲ့တာဟာ မြန်မာ့သမိုင်းမှာ ထင်ရှားတဲ့ မှတ်တမ်းအနေနဲ့ တည်ရှိနေပါတယ်။

ယခုအချိန်မှာ (၃၈)နှစ်ကြာခဲ့ပါပြီ၊ သူငယ်ချင်းတွေနဲ့အားလုံးပြန်လည်ဆုံတွေ့နိုင်ဖို့မလွယ်ကူတော့ပါ။ အသက်အရွယ်တွေ (၆၀)ကျော်လာကြပြီး ဇရာရဲ့ ဖိစီးမှုကို ရင်ဆိုင်နေကြရပါပြီ။ တချို့လည်း ကွယ်လွန်သွားကြပြီ။ ကျွန်တော် မှတ်မိသမျှ တက္ကသိုလ်ကောလိပ်အထက်တန်းကျောင်းတွေက ကျောင်းသားရဲဘော်မိတ်ဆွေများ၊ ရပ်ကွက်ရှင်လူမိဘပြည်သူများထဲမှ မှိုင်းရာပြည့်အရေးအခင်းနဲ့ ပတ်သက်ပြီး မ. ဆ. လစစ်အာဏာရှင်အစိုးရက ထောင်ဒဏ်အပြစ်ပေးခံခဲ့ကြရတဲ့ လူပုဂ္ဂိုလ်အားလုံးကို ဤ (၇၄-၇၅-၇၆)အရေးအခင်းအထိမ်းအမှတ်စာအုပ်မှာ မှတ်တမ်းတင် ရေးသားဂုဏ်ပြုလိုက်ပါတယ်။ "အကြောင်းအမျိုးမျိုးကြောင့် နာမည် စာရင်းကျန်နေခဲ့ပါက နာလည်ခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံပါသည်"

**<u>၁၉၇၆-မတ် (၂၃) ဆရာကြီးသခင်ကိုယ်တော်မှိုင်းရာပြည့်အရေးအခင်းနှင့်ပတ်သက်သော မ. ဆ. လ စစ်အာဏာရှင်အစိုးရက စစ်ခုံရုံးဖြင့် ထောင်ဒဏ် အပြစ်ပေးခံခဲ့ကြရသော ရဲဘော်များစာရင်း</u>**

၁။ ကိုတင်အေးကြူ(မောင်မှိုင်းလွင်-အင်း၀)
၂။ ကိုဝင်းမြင့်(တေးရေး ဝင်းမင်းထွေး)
၃။ ကိုသန်းလင်း(ကဗျာဆရာ ဘုန်းနေလင်း)
၄။ ကိုမြင့်လွင်(စာရေးဆရာ စိုးအုပ်)
၇။ ကိုခင်မောင်ညွန့် (ရွှေနေ)
၈။ ကိုမြတ်ကိုကို
၉။ ကိုလေးမြင့် (ကွယ်လွန်)
၁၀။ ကိုမိုးနွား

၅။ ကိုအေးကျော်
၆။ မြတ်ခိုင်(လျှပ်တပြက် အယ်ဒီတာချုပ်)
၁၃။ မလှမြိုင်(ကိုတင်မောင်ဦး ညီမ)
၁၄။ ကိုလှရွှေ
၁၅။ ကိုမြဒင်
၁၆။ ကိုစိန်ဝင်း(ပွားလေး စီပီဘီ)
၂၁။ ကိုမြင့်အောင်
၂၂။ ကိုခင်မောင်လေး (Eco မိတ္ထီလာ)
၂၃။ စောထွန်းကျော်
၂၄။ ကိုခင်မောင်ချို ( R.I.T မန္တလေး)
၂၉။ ကိုဝင်းနွယ် (သံတွဲ)
၃၀။ ကိုတင်မောင် (သံတွဲ)
၃၁။ ကိုဇော်ဝင်း (မြောင်းမြ)
၃၂။ ကိုရဲငွေး (ပုသိမ်)

၁၁။ ကိုအောင်မြတ်ဦး
၁၂။ ကိုအောင်ကြည်
၁၇။ ကိုတင်စိုး
၁၈။ ကိုစောလှိုင် (အင်းတော်)
၁၉။ ကိုမြင့်လှိုင် (အင်းတော်)
၂၀။ကိုဇော် (ခ) လူမင်း (လက်ပံတန်း)
၂၅။ ကိုခင်မောင်ဝင်း
၂၆။ ကိုစိန်လှအောင်
၂၇။ ကိုစိန်မြင့်မောင်
၂၈။ ကိုဖေငြိမ်း
၃၃။ ပန်းချီတင်ဝင်း (ကျောက်ဖြူ)
၃၄။ ကိုဟန်ထွန်းဦး ( R.I.T ဖြူး)
၃၅။ ကိုကျော်မင်း (R.I.T မန္တလေး)
၃၆။ ကိုဇော်လွန်း

**မှိုင်းရာပြည့်ရင်ဖွင့်သံနိဒါန်းစာစောင်မှ ရဲဘော်များ**

၁။ ကိုစိုးရင် (ဆေး-၁)
၂။ ကိုမြဝင်း (ဆေး-၁) (USA)
၃။ ကိုမိုးဝင်း(ဆေး-၁ တောင်ငူ)
၄။ ကိုမျိုးထွန်း(ခ)ခွန်ဆိုင်း(ဆေး-၁)
၅။ ကိုမိုးမြင့် (ဆေး-၁)ပျဉ်းမနား
၆။ ကိုကျော်ဝင်း (R.I.T ရန်ကုန်)
၇။ ကိုငွေးဝင်း (R.I.T ဂျာမဏီ)
၈။ ကိုသန်းတင့်အောင်(R.I.T)ကချင်ပြည်နယ်)
၉။ ကိုတင်မြတ် (R.I.T အင်းစိန်)
၁၀။ ကိုအေးဝင်း (လမင်းတရာ)
၁၁။ ကိုမြင့်အောင် (R.I.T မုံရွာ)

၁၂။ ကိုဆန်းလှိုင်(R.I.T မန္တလေး)
၁၃။ ကိုသာဒွန်းအောင်
၁၄။ ကိုနေဒွန်းအောင်
၁၅။ ကိုမြင့်ဦး (ရေနံချောင်း)
၁၆။ ကိုခင်မောင်မြင့်(ရေနံချောင်း -ကွယ်လွန်)
၁၇။ ကိုစိုးဝင်း (ငသိုင်းချောင်း)
၁၈။ ကိုတင်ဝင်း (ရေကြည်)
၁၉။ ကိုတင်လှ ( Eco အက်စမာ)
၂၀။ ကိုစံရွှေအောင် (R.A.S.U)
၂၁။ စန္ဒာထူးမင်းဝင်း (R.A.S.U)
၂၂။ ကိုအောင်စောဦး (ပုသိမ်)
၂၃။ ကိုဉာဏ်ဝင်း(တောင်ငူ)

**၇၆-မှိုင်းရာပြည့် အင်းစိန် (G.T.I) မှ ရဲဘော်များ**

၁။ ကိုထွန်းထွန်းဦး (မော်ကျွန်း)
၆။ ကိုအေးကို

၂။ ကိုကျော်ကျော်ဦး (ငြိမ်အေးအိမ်)
၃။ ကိုခင်မောင်သော်
၄။ ကိုတင်ထူးလွင်
၅။ ကိုတင်ရှိန် (ကျောက်တန်း)
၇။ ကိုခင်မောင်မြင့် (ရက်ဖီ)
၈။ ကိုတင်ချစ်
၉။ ကိုညာဏ်ဝင်း
၁၀။ ကိုသန်းထွေး
၁၁။ ကိုမြင့်အေး (မြိတ်)
၁၂။ ကိုမြင့်သိန်း (ဆိုးပေ)
၁၃။ ကိုကျော်စိန်ဦး(ပန်းတနော်)
၁၄။ ကိုသောင်းညွန့်
၁၅။ ကိုဝင်းမြင့် (ပဲခူး)
၁၆။ ကိုသိန်းထွန်း
၁၇။ ကိုအောင်မြင့်သောင်း(ကွယ်လွန်)
၁၈။ ကိုအိုင်ဗင်(ခ)(မျိုးနိုင် - ကွယ်လွန်)
၁၉။ ကိုဝင်းနောင်(တောင်ငူ)
၂၀။ မခင်သန်းနွယ်(ခုံဖိနပ်စိန်)

## ၇၆-မှိုင်းရာပြည့် အင်းကြင်း+ရေပူစီးကြောင်းစာစောင်မှ ရဲဘော်များ

၁။ ကိုကျော်ဝင်းမောင်(ကွယ်လွန်)
၂။ ကိုကျော်မင်းမောင်(ပန်းချီ ဒီဇိုင်း)
၃။ ကိုမျိုးလှိုင်(မှဲ့မဲ့-ကြံခင်း)
၄။ ကိုသန်းမြင့်(မောင်မောင်သာမြတ်-ကွယ်လွန်)
၅။ ကိုထိန်ဝင်း (အနီမောင်)

## မှိုင်းရာပြည့် အရှေ့လေစာစောင်မှ ရဲဘော်များ

၁။ ကိုသိန်းသန်းဦး (ရွှေနေ -မန္တလေး)
၂။ ကိုဇော်သန်းစိန် (ကွယ်လွန်)
၃။ ကိုငြိမ်းဝင်း
၄။ ကိုတင်သိန်းလွင်
၅။ ကိုလှဦး
၆။ ကိုတင်ဝင်းမောင်
၇။ ကိုတင်ထွဋ်

## ၇၆-မီးမောင်းစာစောင်မှ ရဲဘော်များ

၁။ ကိုထွန်းအောင်ကျော်(ကွယ်လွန်)
၂။ ကိုမြအေး( (NLD လက်ပံတန်း)
၃။ ကိုမောင်စိန်(ကွယ်လွန်)
၄။ ကိုမောင်မောင်အေး (ပေဒါ)
၅။ ဒေါက်တာလှမြင့်
၆။ ကိုထွန်းကြည်
၇။ ကိုဇော်ကြီး
၈။ ကိုကျော်ခင်
၉။ ကိုဟန်လွင်
၁၄။ ကိုနေဝင်း
၁၅။ ကိုရန်ရှင်း(ကွယ်လွန်)
၁၆။ ကိုတင့်လှိုင်(ကွယ်လွန်)
၁၇။ ကိုမျိုးထွန်း (ကွယ်လွန်)
၁၈။ ကိုအေးလှ (ကွယ်လွန်)
၁၉။ ကိုမြင့်အောင်(မြစ်ကြီးနား ကွယ်လွန်)
၂၀။ ကိုချစ်ဆွေ
၂၁။ ကိုကျော်ဟိုး
၂၂။ ကိုခင်ဇော်

၁၀။ ကိုစိန်ဝင်း(ခ)ကိုစိမ်းမော်
၁၁။ ကိုစိုင်းသန်းထွန်း
၁၂။ ကိုစိန်ဝင်း
၁၃။ ကိုရဲခိုင်
၂၇။ ကိုမောင်မောင်အေး(ကွယ်လွန်)
၂၈။ ကိုအောင်ကျင် (ကွယ်လွန်)
၂၉။ ကိုဘဆွေ (ကွယ်လွန်)
၃၀။ ကိုအောင်ကျော် (ကျူရှင်ဆရာ)
၂၃။ ကိုအေးကြည်
၂၄။ ကိုသန်းထွန်း
၂၅။ ကိုမြင့်အောင်
၂၆။ ကိုကျော်မိုး
၃၁။ ကိုတင်မောင်ဝင်း (လေးကိုတင်)
၃၂။ ကိုအောင်ညွန့်
၃၃။ ကိုဟန်စိန်
၃၄။ ကိုကျော်လွင် (မလှိုင်)

ဘိုဇင်ကော
(စီးပွားရေးတက္ကသိုလ်)

# " ရင်ဖွင့်သံ "

အောင်စောဦး (သွား-ဆေး)

၁၉၇၃ ခုနှစ် ဒီဇင်ဘာလထဲမှာ မဆလရဲ့ ၁၉၇၄ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဆန္ဒခံယူပွဲလုပ်ပြီး ခါးမိုးအတည်ပြုခဲ့တယ်၊ မကြာလိုက်ပါဘူး၊ ၁၉၇၄ ခုနှစ် မတ်လထဲမှာ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အနီးရှိတဲ့ ကမာရွတ်ဂါတ်တဲ မီးရှို့မှုဖြစ်ပေါ်ခဲ့တယ်၊အဆောင်နေ ကျောင်းသားတဦးကို ခါးပိုက်နှိုက်နဲ့ မှားဖမ်းပြီး ဂါတ်တဲရဲများက ကျောင်းသားကို ရိုက်နှက်ညှဉ်းပန်းမှုတွေလုပ်တယ်၊ ဒါကို ကျောင်းသားတွေက မခံနိုင်ဖြစ်ပြီး ဂါတ်တဲကိုဝိုင်း။ တာဝန်ရှိတဲ့ရဲသားကို ဖော်ထုတ်အရေးယူဖို့ တောင်းဆိုဆန္ဒခဲ့ကြတယ်၊ တာဝန်ရှိအာဏာပိုင် တွေက အရေးယူဆောင်ရွက်တာ မလုပ်တဲ့အပြင် မချေမင် ဆက်ဆံလို့ ကျောင်းသား ထုက ဂါတ်တဲကို မီးရှို့ဖျက်ဆီးလိုက်တယ်၊

၁၉၇၄ ခုနှစ် ဇွန်လထဲမှာ မြစ်ငယ်မီးရထားစက်ခေါင်းရုံကစလိုက်တဲ့ အလုပ်သမားသပိတ်ဟာ တပြည်လုံးကိုပြန့်နှံ့သွားပြီး အထွေထွေအလုပ်သမား သပိတ်ကြီး ဖြစ်လာတော့တာပါပဲ၊ မန္တလေး မြစ်ငယ်အစ။ ချောက် ရေနံချောင်း စစ်ကိုင်းအလယ်။ ရန်ကုန် သံလျှင်အဆုံး တပြည်လုံးရှိ စက်ရုံအလုပ်ရုံပေါင်း ၁၂၈ ခု ပါဝင်ဆန္ဒပြခဲ့ကြတယ်၊ မဆလရဲ့ အတည်ပြုပြီးစ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို စတင် စိန်ခေါ် အံတုလိုက်တဲ့ပွဲကြီးပါ။ အဲဒီအလုပ်သမား သပိတ်ကြီးကို မဆလ စစ်အုပ်စုက အကြမ်းဖက် ဖိနှိပ်ခဲ့တယ်၊ သမိုင်းချည်မျှင်နဲ့ အထည်စက်ရုံ။ ဆင်မလိုက်သင်္ဘောကျင်းက အလုပ်သမားအချို့ သေကြေရာ ရခဲ့ကြတယ်၊ မဆလရဲ့ ထုတ်ပြန်ချက်အရ ၂၃ ဦး သေဆုံးပြီး ၆၄ ဦး ဒဏ်ရာ ရတယ်၊ အလုပ်သမား သပိတ်ခေါင်းဆောင်တော်တော်များများ အလုပ်ပြန်ပိတ်။ ဖမ်းဆီး ထောင်ချခံလိုက်ကြရတယ်၊ အလုပ်သမားခေါင်းဆောင် ၁၄၇ ဦးကို ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မအက်ဥပဒေပုဒ်မ ၁၅၁ နဲ့တရားစွဲဆိုပြီး ၇ နှစ် ကနေ ၁၅ နှစ်အထိ နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်ခဲ့ကြတယ်၊ စုံစမ်း စစ်ဆေးရေးကော်မရှင်ဆိုတာကို ဖွဲ့ခိုင်းပြီး နိုင်ငံတော်ကောင်စီကို အစီရင်ခံစာ တင်သွင်းခိုင်းတယ်။

ကော်မရှင်ကလည်းတွေ့ရှိတဲ့အတိုင်း အလုပ်သမားတွေရဲ့ လက်တွေ့ဘဝ လိုအပ်ချက်အရ ဆန္ဒပြတောင်းဆိုခဲ့ကြတာလို့ဖော်ပြခဲ့တယ်၊ ဒါပေမဲ့ မဆလရဲ့လွှတ်တော်မှာ တိုင်းပြည်ကိုတင်ပြတော့ မြေပေါ် မြေအောက် အဖျက်သမားများရဲ့ ပယောဂနဲ့ ဗကပရဲ့ မြေဒက်ထိုးပင့်တော်လုပ်ပေးတာ

တွေကြောင့် အဲဒီအလုပ်သမားသပိတ်ကြီး ဖြစ်ရတာပါလို့မယောင်ရာ ဆီလူးပြခဲ့တယ်လေ၊

အဲဒီနှစ် ဒီဇင်ဘာလပထမအတွင်း ဦးသန့်ဈာပန အရေးအခင်း ဖြစ်ပြန်ပါရော၊ ဖြစ်ပုံကတော့ ရှင်းရှင်းလေးပါ၊ ဗိုလ်နေဝင်းက ဦးသန့်ကို အငြိုးအာဃာတနဲ့ ဦးသန့်ရဲ့ရုပ်အလောင်းကို ထိုက်တန်တဲ့နေရာမှာ ဂူဗိမာန်ဆောက်လုပ်မပေးဘူး၊ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဟောင်းတယောက်ရဲ့ရုပ်ကလာပ်ကို ကြံတောသချိုင်းလို နေရာမျိုးမှာပဲ ဂူသွင်းခွင့်ပြုတယ်၊ ပြီးတော့ ဦးသန့် ရုပ်ကလာပ်ကို ကျိုက္ကဆံကွင်းမှာပဲ ကြက်ခြေနီလေးအနည်းငယ်နဲ့ အစောင့်ချပြီးထားတယ်၊ ဗိုလ်နေဝင်းက သူ့မယား ခင်မေသန်း သေတော့ နိုင်ငံတော်ဈာပန နီးနီးလုပ်ပြီး မြန်မာ့အသံကနေ ဇာတ်မင်းသား ရှုံးလောက်တဲ့ အဆိုအပြောတွေနဲ့ ယောဉ်ကျူး အလွမ်းသယ်ပြတယ်လေ၊ မဆလရဲ့ အာဏာပိုင်အဖွဲ့အစည်းမှန်သမျှ ဦးသန့်ရုပ်ကလာပ်ကို **"မကြိုဆိုရ သွားရောက်ဂါရဝ မပြုရ"** လို့ အမိန့် ကန့်သတ်တယ်၊ ဦးသန့်ရဲ့တပည့်ဟောင်းဖြစ်ခဲ့ဖူးတဲ့ အဲဒီတုန်းက ဒုဝန်ကြီး ဦးမြင့်အောင်ဟာ ဦးသန့်ရုပ်ကလာပ်ကို လေယာဉ်ကွင်းမှာ သွားကြိုမိတဲ့အတွက် အလုပ် အဖြုတ်ခံလိုက်ရတယ်။

ဘာပဲဖြစ်ဖြစ် ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေကတော့ ဦးသန့်ရုပ်ကလာပ်ကို ဘယ်မှာပဲ ထားထား သွားရောက်ဂါရဝပြုဖို့ ထက်ထက်သန်သန်နဲ့ စိတ်စောနေခဲ့ကြတယ်၊ ၁၉၇၄ ဒီဇင်ဘာ ၅ ရက်နေ့ မနက်မှာတော့ တမြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြပါပြီ၊ တက္ကသိုလ် ကောလိပ်သိပ္ပံ အသီးသီးရှိစာသင်ခန်း တွေမှာတော့ ခြောက်ကပ်ကပ်ပဲ၊ နေ့မွန်းတည့်ချိန်မှာတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ကျိုက္ကဆံကွင်းကို သွားရောက် ဂါရဝပြုနေကြပါပြီ။ တချို့ကတော့ ကျိုက္ကဆံကွင်းမှာ လူကျပ်မှာသိလို့ ကြံတောသုသာန်ကို ကြိုတင်သွားနှင့်ပြီး စောင့်နေကြလေရဲ့။

နေ့လယ်နှစ်နာရီ သာသာလောက်မှာ ဈာပနကို နောက်ဆုံး ဂါရဝ ပြုပြီး ရုပ်ကလာပ်ကို သယ်ယူသွားဖို့ပါပဲ၊ ရုပ်ကလာပ်သယ်လာပြီးတဲ့အခါ မဆလ သတ်မှတ်ပေးထားတဲ့ နိဗ္ဗာန်ယာဉ်ပေါ်မတင်ဘဲ ကျောင်းသားတွေက ဒေါ့ဂျစ်ကားပေါ် တင်ယူလိုက်ကြတယ်၊ ဒီမှာတင် တိုက်ပွဲစတော့တာပါပဲ၊ ဂါရဝလာပြုတဲ့ ကျောင်းသားကျောင်းသူတွေဟာ ငါးယောက်တတန်း လက်တွဲကြပြီး ဘေးကအဖျက်လူများ မဝင်နိုင်အောင် ဘေးတိုက်ယှဉ်လက်တွဲပြီး ချီတက်သွားကြတယ်၊ နောက်ပိုင်းက လိုက်ကြရတဲ့သူတွေကတော့ ကြံတောကိုပဲ

သွားကြမှာလို့ ထင်နေကြတာပါ၊

ရုပ်ကလာပ်သယ်လာတဲ့ ဒေါ့ဂျ်စ်ကားဟာ လှည်းလမ်းမြှောက်နှုန်းအတိုင်း ဖြေးဖြေးမောင်းပြီး ဝွတ္တလစ်လမ်း။ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လာခဲ့တယ်၊ နောက်တက္ကသိုလ်ခြံသေ့တံခါးအရောက်မှာ အဓိပတိလမ်းအတိုင်း ချိုးကွေ့ လိုက်ပြီး ဘွဲ့နှင်းသဘင် ရှေ့မှာ ရုပ်ကလာပ်ကို ချထားလိုက်တယ်၊ နောက်က သယ်လာတဲ့ လွမ်းသူ့ပန်းခွေတွေကို ရုပ်ကလာပ်ပေါ် ပုံထည့်လိုက်တာ ဘေးက ခါတ်တိုင် အထိလောက် မြင့်မားနေခဲ့တယ်၊ ခဏအကြာမှာ ဘွဲ့နှင်းသဘင် တံခါးတွေကိုဖွင့်ပြီး ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမ စင်မြင့်ပေါ်တင် ထား လိုက်ကြတယ်၊ ဒီနေရာမှာ ရဟန်းသံဃာတွေကလည်း လာရောက်ပူးပေါင်း ပါဝင်ကြတယ်၊ စီစဉ်သူတွေက ဈာပနကော်မီတီကို ဖွဲ့လိုက်ပြီး ဦးသန့် ရုပ်ကလာပ်ကို ကြံတောမှာမဟုတ်ဘဲ သင့်တော်တဲ့နေရာမှာ စီစဉ်ပေးဖို့ ၆-၁၂-၇၄ ညနေ ၄ နာရီအထိ ရုံးချိန်အတွင်း အကြောင်းပြန်ဖို့ မြို့နယ် ကောင်စီရုံးကို စာပို့ခဲ့တယ်၊ နောက်နေ့တွေမှာတော့ စားသောက်စရာတွေ ထမင်းထုပ်တွေ ဆန်အိတ်တွေ စုပုံရောက်လာတယ်၊ တက္ကသိုလ်နယ်မြေ အနီးမှာ ရှိကြတဲ့ ပြင်ပဆောင်နေ ကျောင်းသူများကလည်း ဈာပနလိုက်ပို့ကြတဲ့ သူတွေကို သူတို့အဆောင်တွေဆီ ခေါ်သွားပြီး ထမင်းတွေကျွေး။အချိုရည်တွေ တိုက်။ အိမ်တွေကို တယ်လီဖုန်းနဲ့ ဆက်သွယ် အကြောင်းကြားပေးကြတယ်၊

ဘွဲ့နှင်းသဘင်ခန်းမရဲ့ လက်ျာဘက် အုတ်ခုံလေးမှာတော့ သံဃာတော် တွေ အပါအဝင် တဦးပြီးတဦး မဆလ ဆန့်ကျင်ရေးတရားတွေ ဟောကြပြီပေါ့၊ ပရိသတ်က များသထက်များလာတယ်၊ ဟောပြောသူတွေကလည်း အချက် အလက် ကောင်းကောင်း။ နားထောင်သူတွေကလည်း လက်ခုပ်သံ တဖြောင်း ဖြောင်း၊ စင်ပေါ်နဲ့ စင်အောက် ဟန်ချက်ကိုညီလို့၊ ဆောင်းဥတုရဲ့အအေး ဓါတ် ဟာ မဆလဆန့်ကျင်ရေးတရားပွဲအောက်မှာ ဓာတ်ပြယ်ကုန်တော့တာပါပဲ၊

နောက်တနေ့ ၆-၁၂-၇၄ ရက် ညနေ ၄ နာရီ ရုံးဆင်းချိန်ရောက်တဲ့ အထိ သက်ဆိုင်ရာအာဏာပိုင်တွေက ဘာတခုမျှ အရေးယူအကြောင်းမပြန်ခဲ့ဘူး၊ ဒါကြောင့် ဈာပနကော်မီတီက ထပ်ပြီး ရန်ကုန်တိုင်းကောင်စီကို ၇-၁၂-၇၄ ရက် ညနေ ၄ နာရီ ရုံးဆင်းချိန်အတွင်း အကြောင်းပြန်ဖို့ ထပ်ပြီး စာတင်ခဲ့တယ်၊ ဒါပေမဲ့ ညနေ ၄ နာရီသာထိုးသွားရော ဘာတခုမျှအရေးတယူအကြောင်းပြန်တာ မရှိခဲ့ဘူး၊ ဒါနဲ့ပဲ ဈာပနကော်မီတီက ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေအတွင်း ဗိုလ်နေဝင်း စစ်အုပ်စုက ဒိုင်းနမိုက်နဲ့ ဖြိုခွဲခံလိုက်ရတဲ့ တကသ အဆောက်အဦး

ဟောင်းနေရာမှာ ဂူဗိမ္ဗာန်ဆောက်ပြီး ထားရှိဖို့ ပရိသတ်ကို ကြေညာလိုက်တယ်၊ အားလုံးက ဝမ်းသာအားရ လက်ခုပ်ဩဘာပေးကြပြီး ဂူဗိမာန်ဆောက်လုပ်ဖို့ စတင်လုပ်ဆောင်ကြတော့တယ်၊ အဲဒီအချိန်က တက္ကသိုလ်ဝင်း သိပ္ပံခန်းမ ဘက်မှာ တက္ကသိုလ်စာကြည့်တိုက်ဆောက်လုပ်ဖို့အတွက် ဘိလပ်မြေအိတ်တွေ။ အုတ်ခဲပိုင်းတွေ စုပုံထားတာ ဖြစ်တယ်၊ ကျောင်းသူကျောင်းသားတွေက အဲဒါ တွေကို ဂူဗိမာန်ဆောက်လုပ်မဲ့ နေရာအထိ တယောက်ချင်း လက်ဆင့်ကမ်း သယ်ဆောင်ကြတယ်၊ စက်မှုတက္ကသိုလ် ကျောင်းသားတွေက ဦးစီးပြီး ဆောက် လုပ်လိုက်တာ ညတွင်းချင်းပဲ ပြီးစီးသွားတယ်၊ အားလုံး တက်ညီလက်ညီပါပဲ၊

ဒီကြားထဲမှာ ဦးသန့်မိသားစုကချာပနကော်မီတီနဲ့ လာရောက် တွေ့ဆုံညှိနှိုင်း ကြတယ်၊ စစ်အစိုးရက ကန်တော်မင်ပန်းခြံမှာ ဂူဗိမာန်ဆောက် လုပ်ပေးဖို့ သ ဘောတူကြောင်းနဲ့ ရုပ်ကလာပ်ကို မိသားစုကတဆင့် ကန်တော် မင်ပန်းခြံကို ယူဆောင်သွားဖို့ပြောဆို ဆွေးနွေးကြတယ်၊ ချာပနကော်မီတီ အတွင်းမှာ ရုပ်ကလာပ်ကို တကသ အဆောက်အဦးဟောင်းမြေနေရာရှိ ဆောက်လုပ်ပြီးသား ဂူမှာပဲထားရှိဖို့နဲ့။ ကန်တော်မင်ပန်းခြံမှာ စစ်အစိုးရက ဆောက်လုပ်ပေးမဲ့ဂူ မှာထားဖို့ ဆိုတဲ့ သဘောထား နှစ်ခုကွဲလွဲကြတယ်၊ မဲခွဲဆုံး ဖြတ်ရာမှာ ကန်တော်မင်ပန်းခြံမှာ ထားလိုတဲ့ဘက်က အနိုင်ရသွားခဲ့တယ်၊ဒီကြား ထဲမှာရုပ်ကလာပ်ကို လာရောက် ဂါရဝပြုသူတွေ။ ရုံပုံငွေလှူဒါန်းသူတွေ တနေ့ တခြား များပြားလာတယ်၊ တရားပွဲတွေကလည်း တခြိမ့်ခြိမ့်၊ ဒီလိုနဲ့ ၄-၁၂- ၇၄ ရက် မနက်မှာ ရဟန်း သံဃာတော်တွေကို ဆွမ်းကပ်။ သရဏဂုံတင်ပြီး ရုပ်ကလာပ်ကိုမန္တလေးဆောင်ရှေ့ တကသအဆောက်အဦးဟောင်း မြေနေရာမှာ ဆောက်လုပ်ထားတဲ့ ဂူဗိမာန်ဆီ သယ်လာခဲ့ကြတယ်။ နောက် ရုပ်ကလာပ်ကို ဂူနားမှာချပြီး ထပ်မံသရဏဂုံတင်ကြပြန်တယ်၊ ပြီးရင်တော့ ရုပ်ကလာပ်ကို ကန်တော်မင်ကို သယ်သွားဖို့ပါပဲ။

ဦးသန့်ရဲ့မိသားစုကတော့ မန္တလေးဆောင်အပေါ်ထပ်မှာရှိတဲ့ ပြန်ကြား ရေး ဌာနမှာရှိနေတယ်၊ တကသ အဆောက်အဦးဟောင်းဝင်း အတွင်းမှာတော့ ရုပ်ကလာပ်ကို ကျောင်းသူကျောင်းသားတွေက လက်ချင်းချိတ်ပြီး သုံးထပ်ကာရံ ထားတယ်၊ဦးသန့်ရဲ့ညီ ဦးခန့်က အသံချဲ့စက်ကနေ ရုပ်ကလာပ်ကို ကန်တော် မင်ပန်းခြံသယ်ဖို့ ပရိသတ်ကိုလမ်းဖယ်ပေးဖို့။ လူရှင်းပေးဖို့ပန်ကြားတယ်၊ အဲဒီ လို ပြောတဲ့အခါတိုင်းမှာ အောက်ကပရိသတ်က ဝိုင်းပြီးအော်ဟစ် ကန့်ကွက်ကြ တယ်၊ နောက်ဆုံးမှာ အဲဒီတုန်းက တကသ အဆောက်အဦးဟောင်းဝင်း အတွင်း

မှာရှိနေတဲ့ ကိုတင်မောင်ဦးက မန္တလေးဆောင်အပေါ် ထပ်အထိ တက်သွားပြီး အသံချဲ့စက်ကနေ ရုပ်ကလာပ်ကို ဘယ်မှယူမသွားဘဲ ဒီတကသ အဆောက်အဦး ဟောင်းနေရာမှာဆောက်ပြီးသားဖြစ်တဲ့ ဂူဗိမာန်မှာပဲ မြှုပ်နှံထားရှိမယ်လို့ ပြောချလိုက်တော့တယ်၊

ပရိသတ်ကြီးက ရှည်လျားတဲ့ ဩဘာလက်ခုပ်သံတွေပေးပြီးရုပ်ကလာပ်ကို ဂူသွင်းမြှုပ်နှံလိုက်ကြတယ်၊ အားလုံးပြီးစီးသွားတဲ့အခါ နိုင်ငံတော်သီချင်းဖြစ်တဲ့ ကမ္ဘာမကျေ ဗမာပြေ အစချီတဲ့သီချင်းကို သံပြိုင်သီဆိုလိုက်ကြပြီး အရေးတော်ပုံအောင်ရမည် သုံးကြိမ် ကြွေးကြော်သံနဲ့ ဂူသွင်းတဲ့ကိစ္စ အောင်မြင်သွားခဲ့တယ်၊ ၁၁-၁၂-၇၄ ရက် မနက်လင်းအားကြီးအချိန်မှာ မဆလစစ်အုပ်စုက အင်အားသုံးပြီး ရုပ်အလောင်းကို ဘူဒိုဇာမြေတူးစက်နဲ့ ထိုးခွဲ ဖြိုဖျက်ပြီး သယ်ယူသွားကြတယ်၊ အသုံးပြုတဲ့တပ်ဖွဲ့ကတော့ အနောက်တောင်တိုင်း စစ်ဌာနချုပ်ချင်းသေနတ်ကိုင်တပ်ရင်း (၂) ကို ညတွင်းချင်း လေယာဉ်နဲ့ သယ်ယူခဲ့ပြီး အကြမ်းဖက် ဖြေရှင်းခိုင်းတာဖြစ်တယ်။

ရုပ်ကလာပ်ကို အကြမ်းဖက် လုယူသွားကြပေမဲ့ ကျန်ရှိနေသေးတဲ့ ကျောင်းသားနဲ့ပြည်သူတွေဟာ လှည်းတန်းကနေ မြို့ထဲကိုချီတက်ကြတယ်၊ လမ်းတလျှောက် လမ်းမေတ်မီးတိုင်။ မီးပွိုင့်။ ပြည်သူ့ဆိုင်။ သမဆိုင်။ မဆလပိုင် အဆောက်အဦ။ အစိုးရပိုင်ယာဉ်နဲ့ တော်ဝင် ရုပ်ရှင်ရုံ စတာတွေကို ရိုက်ခွဲမီးရှို့ဖျက်ဆီးပစ်ကြတယ်၊ အဲဒီနေ့ညနေမှာပဲ စစ်အုပ်ချုပ်ရေး ကြေညာလိုက်တယ်၊ ၁၂-၁၂-၇၄ နေ့မှာလည်း ကျောင်းသားနဲ့ပြည်သူတွေဟာ ဆူးလေဘုရားနားမှာ လူစုပြီး ထပ်ချပြန်တယ်၊ ဒီတခါတော့ ရန်ကုန်မြို့ထဲမှာ စစ်သားတွေနေရာချထားပြီးဖြစ်လို့ ကြာရှည်တိုက်ပွဲမဝင်လိုက်ရဘဲ ပစ်ခတ်သတ်ဖြတ်ခံရပြီး ငြိမ်သွားတယ်၊ စစ်အုပ်စုရဲ့ ထုတ်ပြန်ချက်အရ ၁၁ ယောက်သေတယ်လို့ဆိုတယ်၊

ရဟန်းသံဃာတော်များအပါအဝင် ကျောင်းသားပြည်သူ ၇၀၀၀ (ခုနစ်ထောင်) ကျော်အဖမ်းခံရတယ်၊ စစ်ခုံရုံးနဲ့ အကျဉ်းရုံးအမှုတင်စစ်ဆေးပြီး ကြမ်းခင်းဈေး သုံးနှစ်ကနေ ခုနှစ်နှစ်အထိ ထောင်ချပစ်လိုက်ကြတယ်၊ နောက်ပိုင်းမှာတော့ ခံဝန်ကတိတွေကို လက်မှတ်ထိုးခိုင်းပြီး ပြန်လွှတ်ပေးလိုက်တယ်၊ နောက်ဆုံး ခေါင်းဆောင်ပိုင်းလို့ ယူဆရသူ ၆၀ ကျော်လောက်ကိုပဲ ချန်ထားခဲ့တယ်၊ ဒါကတော့ ဦးသန့်အရေးအခင်းဖြစ်စဉ်အကျဉ်းလေးပါပဲ၊

၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလဆန်းမှာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဆေးတက္ကသိုလ်တွေပြန်ဖွင့်ပြီး အခြားအသက်မွေးဝမ်း

ကျောင်း တက္ကသိုလ်တွေကတော့ မေလလယ်မှာ ပြန်ဖွင့်တယ်၊ မကြာလိုက်ပါဘူး၊ မေလကုန်ပိုင်းလောက်မှာ ပညာရေး တက္ကသိုလ်ကျောင်းသားတွေရဲ့ နိုင်ငံတော်ကောင်စီရုံးခဲပေါက်မှု ခေါ် ဝင်ဒါမီယာ ခဲပေါက်မှု အရေးအခင်းတခုဖြစ်ခဲ့သေးတယ်၊ အဲဒါကတော့ ပညာရေးတက္ကသိုလ်ကျောင်းသားတွေ မြို့ထဲကနေ ကျောင်းကို ညဘက်အပြန်မှာ ဟံသာဝတီအဝိုင်း အနားမှာရှိတဲ့ နိုင်ငံတော် ကောင်စီရုံး ဂိတ်စောင့်စစ်တပ်က မိုက်မိုက်ရိုင်းရိုင်း ရန်စစော်ကားပြီး ပြဿနာရှာလို့ ကျောင်းသားတွေ မကျေမနပ်ဖြစ်ရာကနေ အဆောင်မှာ လူပြန်စု နိုင်ငံတော်ကောင်စီရုံး ဂိတ်တံခါးနဲ့ ကင်းတဲကို ခဲနဲ့ ဝိုင်းထုတဲ့အမှုဖြစ်ပါတယ်၊ အဲဒီကိစ္စကြောင့် ပညာရေးတက္ကသိုလ်ကျောင်းသား ၁၀ ယောက်ကျော်ကို ၇၅ ရွှေတိဂုံသပိတ် အပြီးမှာဖမ်းဆီး ထောင်ချခံကြရတယ်၊

နောက် ၁၉၇၅ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ ၇၄ ခုနှစ် မေ ဇွန် အလုပ်သမားအရေးအခင်းရဲ့ နှစ်ပတ်လည်အဖြစ် အလုပ်သမား ကျောင်းသား ပူးပေါင်းပြီး လပ်ရှားတဲ့သပိတ်ဖြစ်ခဲ့တယ်၊ သပိတ်အစမှာ ဘွဲ့နှင်းသဘင်ခန်းမ။ နောက်ပိုင်းမှာ ရွှေတိဂုံဘုရားမှာသပိတ် စခန်းဖွင့်ခဲ့ပြီး နောက်ဆုံးရွှေတိဂုံဘုရားပေါ်မှာပဲ ဖြိုခွဲ ဖမ်းဆီးခံခဲ့ရလို့ ရွှေတိဂုံသပိတ် လို့လည်း ခေါ်ဝေါ်ခဲ့ကြတယ်၊အလုပ်သမားတွေကတော့ သူတို့စက်ရုံအလုပ်ရုံအလိုက် သပိတ်စခန်းတွေဖွင့်ခဲ့ကြပြီး အဲဒီကနေပဲ ဖြိုခွဲဖမ်းဆီးခံကြရတယ်၊ ၇၄ ခုနှစ် အလုပ်သမားအရေးအခင်းလောက် စက်ရုံအလုပ်ရုံမများခဲ့ဘဲ ရန်ကုန်မှာရှိတဲ့ အင်းစိန် မီးရထားစက်ခေါင်းအလုပ်ရုံ၊ဘီပီအိုင်ဆေးဝါး စက်ရုံ၊ရွာမသံမဏိစက်ရုံ၊ အလုံသစ်စက်နဲ့ မီးခြစ်စက်တို့လောက်ပဲ ပါဝင်ခဲ့ကြတယ်၊

မဆလ စစ်အုပ်စုက ၁၉၇၄ ခုနှစ် မေ ဇွန် အလုပ်သမား အရေးအခင်းကြီးပြီးတော့ သမိုင်းမှာရှိတဲ့ အလုပ်ရုံစက်ရုံတွေနဲ့သမိုင်းဝင်း တက္ကသိုလ်အဆောင်တွေဘက် သွားတဲ့လမ်းမှာ အုတ်တံတိုင်းခတ်ပြီး တားဆီးပိတ်ဆို့ထားခဲ့တယ်၊ ဒါကို ၁၉၇၅ဇွန် ၆ (၇၄ နှစ်ပတ်လည်အရေးအခင်း)မှာ ကိုတင်မောင်ဦး ဦးဆောင်တဲ့ ကျောင်းသားထုက အင်အားနဲ့ ဖြိုချဖျက်ဆီး လမ်းဖွင့်ပစ်လိုက်တယ်၊ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နဲ့ ကိုကျော်အောင် ဦးဆောင်တဲ့ စီးပွားရေးတက္ကသိုလ် ကျောင်းသားတွေက စာသင်ခန်းတွေကို သွားရောက်စည်းရုံး။ အဓိပတိလမ်းမှာ လူစုပြီးတော့ တကသ အဆောက်အဦးဟောင်းရှေ့ ခြသေ့်တံခါးအုတ်ခုံပေါ်ကို ကိုခင်မောင်လင်း (ဝ-သ တက္ကသိုလ်) က

တက်တရားဟော။ နောက်ကျောင်းသားထုကို ဦးဆောင်ပြီး **"နေဝင်း စန်းယု အလိုမရှိ-"** **"လူသတ်အစိုးရ အလိုမရှိ"** **"မဆလပါတီ အလိုမရှိ-"** စတဲ့ကြွေးကြော်သံတွေနဲ့ တက္ကသိုလ်အဓိပတိလမ်းကနေ စတင်လို့ တမြို့လုံး လှည့်လည် ချီတက်အင်အားပြခဲ့ကြတယ်၊ ကြေးတေသချိုး အဝင်နားရောက်တော့ သချိုင်းဝကယူလာတဲ့ ခေါင်းနှစ်လုံး။ တလုံးပေါ်မှာ နေဝင်း ၊ တလုံးပေါ်မှာ စန်းယု ၊ စာတန်းတခုစီ ထိုးထားပြီး **"ဟော့ လူသတ်ကောင်တွေ၊ အပယ်ငရဲ သွားကြလော့"** အမိန့်တွေပြန်။ မဟာဗန္ဓုလပန်းခြံဝင်း လွတ်လပ်ရေး ကျောက်တိုင်ကြီးရဲ့ ရှေ့တည့်တည့်မှာ အဲဒီအခေါင်း နှစ်လုံးကို မီးရှို့ပြာချ ဆန္ဒပြခဲ့ကြတယ်၊ နောက်သပိတ်စခန်းလုပ်ဖို့ ဘွဲ့နှင်းသဘင်ခန်းမကို ပြန်လာကြတယ်၊ ထုံးစံအတိုင်းပေါ့၊ တက္ကသိုလ်ဆရာ ဆရာမတွေကအေးအေးဆေးဆေးနေဖို့၊ ကိုယ့်အဆောင်ကိုယ်ပြန်သွားကြဖို့ ချော့မော့တားဆီးကြတယ်၊ ကျောင်းသားတွေကလည်း ဆရာ၊ဆရာမတွေကို မိမိတို့တပည့်တွေက ဆရာ၊ဆရာမတွေကို အစဉ်ရိုသေလေးစားကြကြောင်း။ ယခုကိစ္စဟာ ဆရာ၊ဆရာမတွေကို အာခံ ဆန္ဒပြခြင်း မဟုတ်ကြောင်း ပြန်လည်တောင်းပန်ပြီး ဘွဲ့နှင်းသဘင်ခန်းမကို နေရာယူခဲ့ကြတယ်။ ဘွဲ့နှင်းသဘင်ခန်းမရဲ့ နံရံမှာ ခန့်ခန့်ကြီးချိတ်ဆွဲထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ဗိုလ်နေဝင်းဆိုသူရဲ့ပုံ နှစ်ပုံရှိရာမှာ ဗိုလ်ချုပ်အောင်ဆန်းပုံကို ချန်ထားပြီး ဘေးတိုက်လှည့်နေတဲ့ အဲဒီသူရဲ့ပုံကို ကျောင်းသားတွေက ခဲတွေနဲ့ ပစ်ခတ် ဖေါက်ခွဲလိုက်ကြတယ်၊ဖြစ်ချင်တော့ အဲဒီပုံက မှန်တွေသာကွဲသွားတယ်။ ပုံက အောက်ပြုတ်ကျမလာဘူး၊ သွပ်နန်းကြိုးနဲ့ သံမှိုမှာ ချည်တုပ်ထားတာဖြစ်လို့ နံရံမှာ တန်းလန်းကြီးဖြစ်နေတယ်၊ အောက်ကနေ တုတ်နဲ့ အမျိုးမျိုးထိုးချလည်း ပြုတ်ကျမလာဘူး။ ဒါနဲ့ ကျောင်းသားတယောက်က ဘွဲ့နှင်းသဘင်ခန်းမထဲက ခုံတွေကို တလုံးပြီးတလုံးဆင့်တက်။ ဓါတ်ပုံကိုရအောင် သွပ်နန်းကြိုးကိုဖြေ၊ ရတော့မှ ဓါတ်ပုံကို လက်နှစ်ဘက်နဲ့ကိုင်မြှောက်ပြီး အောက်ကိုပစ်ချလိုက်တယ်၊ လက်ခုတ်သံတွေ တသောသောညံသွားပါရောလား၊ နောက်ဓါတ်ပုံကို လက်လှမ်းမှီတဲ့သူတွေက ဝိုင်းဆုတ်ဖြဲကြတော့ လား လား လား ဓာတ်ပုံစက္ကူမှမဟုတ်ဘဲ၊ တရုပ်ပြည်က လက်ဆောင်ပေးထားတဲ့ ပိုးချည်နဲ့ ထိုးထားတဲ့ပုံဖြစ်နေတယ်၊ ကျောင်းသားတွေက ဝိုင်းဆွဲဖြဲကြပြီး အမှတ်တရအဖြစ် အပိုင်းအစလေးတွေကို ယူသွားကြတယ်၊ အဲဒီဓါတ်ပုံကို တက်ဖြုတ်တဲ့သူက တခြားသူမဟုတ်၊ ကျနော်ကိုယ်တိုင်ပါပဲ၊ ကျနော်မှန်းသိတဲ့သူ ၃ ယောက်ပဲရှိတယ်၊

ထောင်သာ နှစ်ကြိမ်ကျလိုက်တယ်၊ ဘယ်ထောက်လှမ်းရေးမှ ဒီအကြောင်းကို မသိလိုက်ကြဘူး၊ သိတဲ့ ၃ ယောက်ထဲမှာ ၂ ယောက်က ဒီကနေ့အထိ မြည်တွင်းမှာ၊ တယောက်ကတော့ ကိုတင်မောင်ဦး၊ နောက်တရက်မှာ ကျောင်းသား တွေဆက်လက်စုစည်း။ အင်းစိန်ထောင်ကြီးကိုပါ လှည့်လည်ဝိုင်းပတ်ပြီး ဆန္ဒပြကြွေးကြော်ခဲ့ကြတယ်၊ အင်းစိန်ထောင်ကြီး ကျယ်တယ်ဆို (ထပ်ချဲ့လိုက်။ ထပ်ချဲ့လိုက်) အဖမ်းခံကျောင်းသား အလုပ်သမားပြန်လွှတ်ရေး ( ဒို့အရေး။ ဒို့အရေး) စတဲ့ ကြွေကြော်သံတွေနဲ့ပေါ့။

ဘွဲ့နှင်းသဘင်ခန်းမကြီးကို သပိတ် စခန်းလုပ်ပြီး ကြေညာချက်တွေထုတ်ပြန်။ တရားတွေဟောကြပေါ့၊ နောက်တော့ မဆလအစိုးရက ကျောင်းတွေအကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ကြေညာလိုက်တယ်၊ ပြန်တဲ့သူပြန် ကျန်တဲ့သူကျန်ပေါ့၊နောက်တော့ သပိတ်စခန်းက ပထမကျောင်းသားသပိတ်ကြီး စတင်ခဲ့တဲ့နေရာ ရွှေတိဂုံစေတီတော်ရင်ပြင် သပိတ်မှောက်ကျောက်တိုင်ကြီးဆီ ပြောင်းရွှေ့စခန်းချခဲ့ကြတယ်၊ နောက်ဆုံးတော့ ဒီသပိတ်ကြီးကိုလည်း ရွှေတိဂုံစေတီတော်ကြီးရဲ့ ဂုဏ်ကျက်သရေကိုမှ မထောက် ကျောင်းသားတွေကို ရိုက်နှက်ဖမ်းဆီးခဲ့ကြပြီး အချုပ်ကားတွေနဲ့ အင်းစိန်ထောင်ကို တန်းပို့လိုက်ကြတယ်၊ အဖမ်းခံလိုက်ရတဲ့ ကျောင်းသားတွေထဲမှာ အလယ်တန်းနဲ့အထက်တန်း ကျောင်းသားတွေကများတယ်၊အငယ်ဆုံးက ၁၄နှစ် ကျောင်းသားတွေဖြစ်ပြီး ပညာအားဖြင့် ၆တန်း ကျောင်းသားတွေဖြစ်တယ်၊ ၈တန်း ကျောင်းသား ၄၀နီးပါးနဲ့ ကျန်တာ ၇တန်း။ ၉တန်း။ ၁၀တန်း ကျောင်းသားတွေဖြစ်တယ်၊ အသက်အားဖြင့် ၁၈နှစ် မပြည့်သေးတာ အများစုဖြစ်ပြီး ၁၆နှစ် မပြည့်သေးတာ တဝက်နီးပါရှိတယ်၊

ကျောင်းသားတွေကတော့ ခပ်ပျော်ပျော် ဘာမှမမှုကြပါဘူး၊" အမေတာမွေး ထောင်တကျွေး " **"အင်းစိန်ထောင်ကြီး ကျယ်တယ်ဆို (ထပ်ချဲ့လိုက်။ ထပ်ချဲ့လိုက်)-"-" နေဝင်းကြီးကို ဘယ့်နှယ်လုပ်မယ် ခုတ်မယ် ထစ်မယ် ပါးပါးလှီးမယ်-" " စန်းယုကြီးကို ဘယ့်နှယ်လုပ်မယ် ခုတ်မယ် ထစ်မယ် ပါးပါးလှီးမယ်-"** နဲ့ ကြွေးကြော်သံမပျက်ပါပဲ၊ အဲဒီ ၇၅ ခုနှစ် ၆ ရွှေတိဂုံအရေးအခင်းမှာ ကျောင်းသား ၂၈၀ ခန့် အဖမ်းခံကြရပြီး စစ်ခုံရုံးနဲ့ ကြမ်းခင်းဈေး ၄ နှစ်ကနေ ၉ နှစ်အထိထောင်ချခံလိုက်ကြရတယ်၊ ၇၅ ခုနှစ် အရေးအခင်းဟာ ရန်ကုန်မှာ သာမကဘဲ မန္တလေးတက္ကသိုလ်။ မကွေးနဲ့

မော်လမြိုင်ကောလိပ်တို့မှာလည်း ဖြစ်ပေါ်ခဲ့တယ်၊

ကျောင်းတွေပိတ်လိုက်တာ ၆ လကျော် ၇ လနီးပါးပဲ၊ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ တက္ကသိုလ် ကောလိပ်သိပ္ပံအားလုံး ပြန်ဖွင့်တယ်၊ ကျောင်းတွေပြန်ဖွင့်တယ်ဆိုရင်ပဲ မဆလအစိုးရနဲ့ ကျောင်းသားထုရဲ့ ဆက်ဆံရေးကတော့ ခပ်တင်းတင်းပဲ၊ ပိုဆိုးတာက ကျောင်းလခနဲ့ အဆောင်နေစရိတ်တွေ အရင်ကထက် နှစ်ဆတိုး သတ်မှတ်လိုက်တယ်၊ ကျောင်းသားထုအတွင်းမှာတော့ မကျေမနပ်နဲ့လှုပ်လှုပ်ရွရွပဲ၊ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နယ်မြေအတွင်းမှာ အစိုးရဆန့်ကျင်ရေး ကဗျာစာအုပ်လေးတွေ စတင်ထွက်လာတယ်၊ တပေါင်းရေစီးကြောင်း အရှေ့လေ စတဲ့ ကဗျာစာအုပ်လေးတွေဟာ မတ်လ ၂၃ မှိုင်းရာပြည့် အရေးတော်ပုံ မတိုင်မီမှာနဲ့ မတ် ၂၃ နောက်ပိုင်းမှာ ထွက်ခဲ့တယ်၊

၁၉၇၆ ခုနှစ် မတ်လထဲရောက်လာပြီဆိုတော့ ဆရာကြီးမှိုင်းရဲ့ နှစ်တစ်ရာပြည့် မွေးနေ့ နီးလာပြီလေ၊ အဲဒီမတ်လထဲမှာ အရင်ကဖွဲ့ထားတဲ့ ရာပြည့်ကော်မီတီအဖွဲ့ဝင်လူကြီးတချို့ နှုတ်ထွက်သွားခဲ့ကြတယ်၊ သွေးရိုးသားရိုးတော့ မဟုတ်ဘူး၊ အာဏာပိုင်တွေရဲ့ ဖိအားပေး တင်းကြပ်မှုတွေကြောင့်ပဲ၊ မူလစီစဉ်ထားတဲ့ ရာပြည့်ကော်မီတီရဲ့ လုပ်ငန်းစဉ်တွေဟာ လက်တွေ့အကောင်အထည်ဖော်ဖို့ ခက်လာတယ်၊ ဒါပေမဲ့ ရှိနေတဲ့ကျောင်းသားတွေကတော့ ဆရာကြီးရဲ့ ရာပြည့် မွေးနေ့အခမ်းအနားကို မဖြစ်ဖြစ်အောင်လုပ်ဖို့ စီစဉ်ကြတယ်၊ ကျနော်တို့တတွေ မှိုင်းရာပြည့် နေ့လုပ်ဖို့တိုင်ပင်စီစဉ်ကြတယ်၊ ဆရာကြီးရဲ့ ရာပြည့်မွေးနေ့ ရက်သတ္တပတ်ကို ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့ကစပြီး တပတ်သတ်မှတ်လိုက်တယ်၊

ပုံနှိပ်စက္ကူရဲ့ တဖက်မှာ ဆရာကြီးရဲ့ ဂုဏ်ဝမာန်ကို ချီတက်မဲ့လမ်းကြောင်းပြမြေပုံနဲ့ အခြားဘက်မှာတော့ ရင်ဖွင့်သံနှိုးနိုးဆိုတဲ့ လှုံ့ဆော်စာ ရေးထားတယ်၊ လူငယ်တွေဟာ အမှန်တရားကိုသိတယ်။ တရားမဲ့မှုကိုမုန်းတယ်။ စွန့်လွှတ်စွန့်စားလိုတယ်။လူငယ်တွေမှာ အားမာန်တွေ ယုံကြည်ချက်တွေ ရှိတယ်၊ အာဏာပိုင်တွေ စွပ်စွဲပြောဆိုသလို ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ဟန့်တားနှောက်ယှက် ဖျက်ဆီးနေတဲ့သူ။ အဖျက်သမား ဩဇာခံ စည်းကမ်းပျက် ကျောင်းသားဆိုးတွေ မဟုတ်ဘူးနောက် မဆလပါတီရဲ့ ပညာရေးမူဝါဒတွေကို ထောက်ပြဝေဖန်ထားတယ်၊ ပြီးရင် ၁၉၇၆ ခုနှစ် မတ်လ ၂၃ရက်နေ့ကစပြီး တပြည်လုံးမှာရှိကြတဲ့ တက္ကသိုလ် ကောလိပ် သိပ္ပံ အသီးသီးက ကျောင်းသား

တွေကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့မှာလာရောက်စုရုံးဖို့ မိမိတို့ရဲ့ဘဝ။ ကျောင်းသားအခွင့်အရေး နစ်နာချက်တွေကို ရင်ဖွင့်ကြဖို့ ရေးသားထားတယ်၊

အဲဒီ ရင်ဖွင့်သံနိဒါန်း လက်ကမ်းစာစောင်ကို ကျောင်းသားတွေ အုပ်စုခွဲ တာဝန်ယူ။ ရေးသား။ မိတ္တူကူး။ စာလိုမ့်ဖြန့်ဝေကြတယ်၊ ရန်ကုန်တွင် သာမကဘဲ အခြားနယ်တွေကိုလည်း လိုက်လံဖြန့်ဝေခဲ့ကြတယ်၊ မှိုင်းရာပြည့်နေ့ မှဲ့ ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက် မတိုင်မီရက်ပိုင်းလေးမှာ ရန်ကုန်တက္က သိုလ်ဝင်းထဲမှာ အဆောင်လခ တိုးမြှင့်လာတာနဲ့ပတ်သက်ပြီး အရေးအခင်းငယ် လေး တချုဖြစ်ခဲ့သေးတယ်၊ သူတို့က ကျောင်းဝင်းထဲ တစ်ညလောက် အဆောင် တွေရှေ့ ကြွေးကြော်သံအော် လှုပ်ရှားပေမဲ့ ကျောင်းသားအများစုကြီးက မှိုင်းရာပြည့် အတွက် စီစဉ်ပြင်ဆင်ထားပြီးဖြစ်နေလို့ အဲဒီလပ်ရှားမှုမှာ မပါဝင်နိုင်ခဲ့ကြဘူး၊

မတ်လ ၂၃ ရက်မတိုင်မီ ၃-၄ ရက်အလို ၁၉ ရက်မှာ ကျောင်းသား တချို့အဖမ်းခံလိုက်ကြရတယ်၊ ဖြစ်ပုံကဒီလို၊ ၇၄-၇၅ လှုပ်ရှားမှုတွေမှာ တက်ကြွစွာပါဝင်ခဲ့တဲ့ ကိုတင်မောင်ဦးဟာ ၇၅ ရွှေတိဂုံသပိတ်အပြီး တောခိုသွား ခဲ့တယ်၊ နောက် ၇၆ ခုနှစ်မတ်လ မတိုင်မီ မြို့ပေါ် ပြန်ဝင်လာခဲ့တယ်၊ ဒါကို ထောက်လှမ်းရေးက အနံ့ရပြီး သူ့ကို လိုက်ဖမ်းရင်းနဲ့ သူတည်းတဲ့ သူ့သူငယ်ချင်း စီးပွားရေး တက္ကသိုလ်က ကိုမြင့်ဦး ရှိရာအဆောင်။ ကမာရွတ်ပတ္တမြားခြံမှာ ဖမ်းမိသွားတယ်၊ ယုံထောင်ကြောင်မိဖြစ်သွားတာပါ၊ ဒီမှာတင် ရာပြည့်ပွဲ အတွက်လုပ်မဲ့ အလံတွေ။ နဖူးစီးစာတမ်းတွေ။ လက်ကမ်းစာစောင်တွေပါ မိသွားတယ်၊ဒါကြောင့် စလုပ်ခဲ့တဲ့ ကျောင်းသား အချို့လည်း နောက်တွန့် သွားခဲ့တယ်၊ ဒါပေမဲ့ မတ်လ ၂၃ ရက်နေ့မှာတော့ မှိုင်းရာပြည့်ပွဲကို လုပ်ဖြစ် အောင် လုပ်ခဲ့ကြပါတယ်။

စက်မှုတက္ကသိုလ်ကျောင်းသားတွေဖြစ်ကြတဲ့ ကိုတင်အေးကြူ (မောင်မှိုင်းလွင်-အင်းဝ) ကိုသန်းလင်း၊ ကိုဝင်းမြင့် (နောင်-တေးရေး ဝင်းမင်းထွေး) တို့က စက်မှုတက္ကသိုလ်က ကျောင်းသားတွေကို စုစည်းပြီး အမှတ် ၈ ဟီးနိုး ဘတ်စ်ကားကြီးတွေနဲ့ ဘွဲ့နှင်းသဘင်ခန်းမရှေ့မှာ လာရောက်စုရုံးကြတယ်၊ ဆေး။ စီးပွားရေး။ ဝိဇ္ဇာသိပ္ပံ။ ပညာရေး။ တိမ္မေးကုကျောင်းသားကျောင်းသူများ ပူးပေါင်းပါဝင်လာခဲ့ကြတယ်၊ ဘွဲ့နှင်းသဘင်ခန်းမကမှ ဆရာကြီးရဲ့ ဂူဗိမာန် ရှိရာကို ချီတက်သွားကြတယ်၊ ကိုတင်မောင်ဦးရဲ့ နှမ မလှမြိုင် (ခေါ်) မိုင်ပိုပိုဒင် လည်း ပါဝင်လာတယ်၊ နောက်ပိုင်းမှာ သူမရဲ့အမေကလွဲလို့ အကိုတွေနဲ့

အမေဖြစ်တဲ့ ဦးလှဒင်ပါအားလုံး အဖမ်းခံထားရတယ်၊ ချီတက်ရာလမ်းတလျှောက်မှာတော့ ကြွေးကြော်သံတွေကို ကြိုတင်ရိုက်နှိပ်ထားတဲ့ စက္ကူပိုင်းလေးတွေ ဝေပေးထားပြီးတိုင်စေခဲ့တယ်၊ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး ( ဒို့အရေး။ ဒို့အရေး) နဲ့ မှိုင်းဂုဏ်ပုဒ်တွေ ဖော်ကျူးရေး ( ဒို့အရေး။ဒို့အရေး) ဆိုတဲ့ ကြွေးကြော်သံ နှစ်ခုပါပဲ၊ ကျောင်းသားတွေစတင် ချီတက်လာကြပြီး ကမာရွတ်မီးပွိုင့်ကျော်က စလို့ မဆလစစ်သားတွေဟာ လမ်းဘေးဝဲယာမှာရှိတဲ့ ခြံစည်းရိုးသံတိုင် နောက်ကနေ လက်နက်တွေနဲ့ စောင့်ကြပ်နေကြတယ်၊ရန်ကုန်ပြည်လမ်းအတိုင်း လိုင်းပေါက်၊ဆေး ၁၊ ပညာရေးတက္ကသိုလ်နဲ့ မြန်မာ့အသံ၊ အားလုံးစည်းကမ်းရှိရှိပါပဲ၊

ဟံသာဝတီအဝိုင်းရောက်တော့ မူလစီစဉ်ထားတဲ့ ရန်ကုန်-ပြည်လမ်း လမ်းကြောင်းတခုကို စစ်တပ်က သွပ်ဆူးသံကြိုးတွေနဲ့ ပိတ်ထားပြီး နောက်လမ်းတကြောင်းဖြစ်တဲ့ ဦးဝိစာရလမ်းကိုပဲ ဖွင့်ပေးထားတယ်၊ အဲဒီတုန်းက ရန်ကုန်တိုင်းတိုင်းမှူးအေးကိုဆိုသူက အဝိုင်းထိပ်မှာ ခါးထောက်ပြီး မျက်ထောင့်နီနီ စူပုတ်ပုတ်မျက်နှာပေးနဲ့ ကြည့်နေတယ်လေ၊ ဂျီသရီးသေနတ်ကိုင်စစ်သားတွေ ကလည်း သူ့ဘေးမှာ ရံလို့ပေါ့၊ ကိုတင်အေးကြူက သူတို့ကို ကျောပေး ကျောင်းသားထုဘက်ကို မျက်နှာမူပြီး ငြိမ်းချမ်းရေးကို ဖျက်ဆီးသူ လို့ ကျောင်းသားထု ဘာတခုမှ ညှိမထားဘဲ ( ဒို့ရန်သူ။ ဒို့ရန်သူ) လို့ သံပြိုင်တိုင်လိုက်ကြတယ်၊ အားလုံးရဲ့ ရင်ထဲမှာ ငြိမ်းချမ်းရေးကို လိုချင်တာ ဘယ်သူတွေလဲ၊ ငြိမ်းချမ်းရေးကို ဖျက်ဆီးနေတာ ဘယ်သူတွေလဲ ဆိုတာ ဖွင့်မပြောကြပေမဲ့ သိနေ ကြတယ်လေ၊ ကျောင်းသားတွေဟာ သူတို့ဖွင့်ပေးထားတဲ့လမ်းအတိုင်းပဲ အေးချမ်းတည်ငြိမ်စွာနဲ့ ဆရာကြီးရဲ့ ဂူဗိမာန်ရှေ့ အရောက် ချီတက်ခဲ့ကြပါတယ်၊

အဲဒီတုန်းက ကျောင်းသားတွေကို ဦးဆောင်ချီတက်သွားကြတဲ့ ကိုတင်အေးကြူ။ ကိုဝင်းမြင့် တို့ဟာ ဆံပင်အရှည်တွေနဲ့ပါ၊ ပုခုံးအထက်နား ထိလောက်ရှည်ကြပါတယ်၊ ဒါပေမဲ့ သူတို့တွေဟာ ပေတေ လေလွင့်နေတဲ့သူတွေ။ လမ်းသူရဲတွေ မဟုတ်ကြပါဘူး၊ အဲဒီခေတ်က မဆလပါတီရဲ့ လူကြီးလူကောင်း ဂိုက်နဲ့ ကြောင်သူတော်ကြွက်သူခိုးပုံကို တမင်တကာ ဆန့်ကျင်ပြီး ဆံပင်အရှည်ထားကြတာပါ။ )

စစ်ထောက်လှမ်းရေးတွေကတော့ လမ်းတလျှောက် ကြံ့ရင်ကြံ့သလို။ လစ်ရင်လစ်သလို ဓါတ်ပုံတွေတဖျတ်ဖျတ်နဲ့ ရိုက်ကြပေါ့၊

ဆရာကြီးရဲ့ဂူရှေ့ရောက်တော့ ကိုတင်အေးကြူက ဆရာကြီးကို ကဗျာနဲ့ လှုပ်နှိုးလိုက်တယ်၊ မျက်မှောက်ခေတ်မှာဖြစ်ပျက်နေတဲ့ မဆလရဲ့ ခြစား လောက်ကိုက်

ဒုစရိုက်အပေါင်းကို ထကြည့်ပါဦး ဆရာကြီးလို့တိုင်တည် ဖိတ်ခေါ်လိုက်တာပါ၊ နောက်ဆရာကြီးရဲ့ ယနေ့တိုင် ခေတ်မီဆဲ။ လတ်ဆတ်ဆဲ။ အံကိုက်ဆဲဖြစ်တဲ့ လေးချိုးဒွေးချိုးတွေကို ကိုတင်အေးကြူက ဟန်နဲ့။ မာန်နဲ့အသံအောင်အောင် စည်းချက်မှန်စွာနဲ့ ဂုဏ်ပြုရွတ်ဆိုပါတယ်၊

"အရေးကောင်း ဒိန်းဒေါင်းဖျက်" ဆိုသလိုပါပဲ၊ အဲဒီလို လို ဆရာကြီးရဲ့ဂုဏ်ပုဒ်တွေကို ခိုးကျူးနေတုန်း ဖြုံးဆို။ ရွှေတိဂုံဘုရားလမ်းတောင်ဘက်ကနေ မြောက်ဘက်ကို စစ်ဒေါ့ဂျစ်ကားတစီး ကျောင်းသားတွေကြားကို အရှိန်နဲ့ မောင်းဝင်လာတယ်၊ ပြီးတော့ထိုးရပ်လိုက်တယ်၊ တချို့က မခံမရပ်ဖြစ်ကြပြီး တန်ပြန်အကြမ်းဖက်ဖို့ ပြင်ဆင်ကြပေမဲ့ ငြိမ်းချမ်းရေးဖခင်ကြီးရဲ့ ဂူရှေ့မှာ ငြိမ်းငြိမ်း ချမ်းချမ်းပဲ ဖြစ်စေချင်ကြတဲ့ ကျောင်းသားထုရဲ့ အသိစိတ်ဓါတ်အရ အားလုံးက ပိုင်းထိန်းလိုက်နိုင်ခဲ့ကြတယ်၊ကားလည်း ပြန်မောင်းထွက်သွားတယ်၊ အဲဒီလို ဆရာကြီးကို ဂုဏ်ပြုအပြီးမှာ ကိုတင်အေးကြူက ဆရာကြီး ခုနေအခါ ရှိနေလည်း ကိုလိုနီခေတ်လောက်တောင် လွတ်လပ်မမရှိတဲ့အတွက် ဂူထဲမှာပဲ အေးအေးဆေးဆေး နေခဲ့ပါတော့လို့ ပန်ကြားကန်တော့တဲ့ ကဗျာနဲ့ နိဂုံးချုပ် လူစုခွဲလိုက်ကြတယ်၊

အဲဒီအချိန်မှာပဲ တပြည်လုံးမှာရှိတဲ့ တက္ကသိုလ်ကောလိပ်သိပ္ပံအားလုံး ရက်အကန့်အသတ်မရှိပိတ်လိုက်ပြီး အဆောင်နေ ကျောင်းသားကျောင်းသူ တွေဟာ ၂၄ နာရီအတွင်းပစ္စည်းအားလုံး ယူဆင်းပေးရမယ်လို့ မဆလအစိုးရက ကြေညာလိုက်တယ်၊ ကိုတင်အေးကြူတို့ကတော့ ဆက်လက်ပြီး ဘွဲ့နှင်း သဘင်ခန်းမကိုချိတက်။ နောက် သပိတ်စခန်း လုပ်လိုက်ကြတယ်၊ ဒါပေမဲ့ နောက်တနေ့မှာ ဘွဲ့နှင်းသဘင်ခန်းမကို စစ်တပ်ကဝင်စီးပြီး အားလုံးကို ဖမ်း လိုက်ကြတယ်၊ ကိုတင်မောင်ဦးကိုတော့ရက်ပိုင်းအတွင်း စစ်ခုံရုံးနဲ့ အကျဉ်း နည်းစစ်ပြီး သေဒဏ်ပေးလိုက်တယ်၊ လှုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေကို သက်ဆိုင်ရာမြို့တွေမှာ လိုက်ဖမ်းပြီး ၁၉၇၆ ခုနှစ် ဩဂုတ်လထဲမှာ စစ်ခုံရုံးနဲ့ ကြမ်းခင်းဈေး ၅ နှစ်ကနေ ၁၅ နှစ်အထိ ထောင်ချလိုက်ကြတယ်၊

မှိုင်းရာပြည့်နဲ့ ပတ်သက်ပြီး ကျောင်းသား ၂၀၀ နီးပါးအဖမ်းခံရတယ်၊ အင်းစိန်ထောင်မှာတင် ကျောင်းသား ၁၃၀ ကျော်ထောင်ချခံရတယ်၊ တပြည်လုံး ကျောင်းသူ ကျောင်းသား တော်တော်များများ ကျောင်းထုတ်ခံကြရတယ်၊မှိုင်းရာ ပြည့်အရေးအခင်းဟာ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်၊ မကွေးကောလိပ်တွေအပြင် အင်းစိန်၊ ကလော၊ ချောက် ဂျီတီအိုင်တွေမှာပါ

ဖြစ်ပေါ်ခဲ့ပြီး ကျောင်းသားတွေ ကျောင်းထုတ်ခံ ထောင်ချခံခဲ့ကြရတယ်၊ ကိုတင်မောင်ဦးကိုတော့ ၁၉၇၆ ခုနှစ် ဇွန်လ ၂၆ ရက် အင်းစိန်ထောင်မှာပဲ ကြိုးပေးသတ်ပစ်ခဲ့တယ်၊ မဆလစစ်အုပ်စုဟာ သူတို့ရဲ့ကြိုးစင်မှာကျောင်းသား၊ နိုင်ငံရေးသမား၊ လူမျိုးစုတော်လှန်ရေးသမားများရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးခဲ့ကြတယ်လေ၊

အောင်စောဦး (မှိုင်းရာပြည့်)

မှတ်ချက်။ ။ ၂၀၀၆ ခုနှစ်တွင် ရှုဝံစာပေမှ ထုတ်ဝေသည့် "အရေးတော်ပုံ (၄) စောင်တွဲ" စာအုပ်မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

## မဆလခေတ် အစိုးရ အကြောက်ဆုံး
## လူငယ်တစ်ဦး (သို့မဟုတ်)
## ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး

ဝင်းမောင်

မဆလ အာဏာရှင်အစိုးရ အတုန်လှုပ်ဆုံးလူငယ်တစ်ဦးကို ပြပါဆိုလျှင် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးကို ပြရမည်သာ။ အသက် (၂၅) သာရှိသေးသော လူငယ်အား အချိန်တိုတိုအတွင်း လက်ဦးမှုယူကြိုးပေးသတ် ပစ်ခြင်းမှာ သူ၏ သတ္တိ၊ သူ့ထက်မြက်မှု၊ သူ့ ဦးဆောင်နိုင်မှုများကို ကြောက်ရွံ့ လွန်ခြင်းကြောင့်မှ တပါးအခြားအကြောင်းမရှိနိုင်။

ကိုတင်မောင်ဦးသည် (၁၉၇၄) ခုနှစ်၊ (၁၉၇၆)ခုနှစ်အတွင်း ဆက်တိုက်ဆက်တိုက် ဖြစ်ပွားခဲ့တဲ့ ကျောင်းသား အရေးအခင်းတွေ အထူးသဖြင့် နိုင်ငံတကာမျက်နှာစာမှာ အာဏာရှင် ဦးနေဝင်း အစိုးရကို အရှက်ရသွားစေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရုပ်ကလာပ်အရေးအခင်းကို အဓိကဦးဆောင်သူတစ်ဦး ဖြစ်ပါတယ်။ (၁၉၇၅)ခုနှစ်၊ ဇွန်လ (၆)ရက်နေ့၊ (၁၉၇၄) ခုနှစ်၊ အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နေ့ အရေးအခင်းကာလ သူ့ဦးဆောင်မှု၊ သတ္တိရှိမှုကို ကျွန်နော် အမြဲမြင်ယောင်နေမိပါတယ်။ အဲဒီနေ့ဟာ မဆလ အစိုးရက ကျောင်းသားများကို သွေးတိုးစမ်းတဲ့နေ့လည်းဖြစ်တယ်။

### အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နေ့

(၁၉၇၅) ခုနှစ်၊ ဇွန်လ (၆)ရက်နေ့ကို ထိုနှစ်မတိုင်မီဖြစ်ပွားခဲ့တဲ့ အရေးအခင်းမှာ သေဆုံးကြရရှာတဲ့ အလုပ်သမားများနဲ့ ကျောင်းသားများကို လေးစားတဲ့ အမှတ်တရဂုဏ်ပြုတဲ့အနေနဲ့ ကျောင်းမတက်ကြဖို့ မတ်လ အစောပိုင်းကတည်းက ဆော်ဩထားကြပါတယ်။ အဲဒီနေ့မှာကို ရွေးပြီး ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်းက မနက်ပိုင်းမှာ စက်မှုတက္ကသိုလ်ကျောင်းသားများနဲ့ နေ့ခင်းပိုင်းမှာ သဘာဝသိပ္ပံတက္ကသိုလ်က ကျောင်းသားများနဲ့ တွေ့ဆုံဆွေးနွေးပွဲ စီစဉ်လိုက်ပါတယ်။

အဲဒီနေ့က ရန်ကုန်တက္ကသိုလ်ပင်မ (RASU) နဲ့ စီးပွားရေး

တက္ကသိုလ်မှာတော့ စာသင်ခန်းများမှာ စာသင်သားတွေ ကင်းမယ့်ကာ ဟောင်းလောင်းဖြစ်နေပါတယ်။ စာသင်ဆောင်အပြင်ဘက် ကော်ရီတာများ၊ လမ်းဘေးအုတ်ခုံများနှင့် ကဲန်တင်းများမှာတော့ ကျောင်းသားအစုဖွဲ့လေးတွေနဲ့ စည်ကားနေကြပါတယ်။ တချို့ကတော့ မနှစ်ကအရေးအခင်းကစွက်ကို ပြန်ပြန်နေကြသလို တချို့က နောက်နာရီပိုင်းအတွင်း ဖြစ်ရှိလာနိုင်ဘွယ်ရာ တွေကို နားစွင့်နေကြပါတယ်။ သည်လိုနှင့် (၁၁)နာရီခွဲခန့်မှာ စက်မှုတက္ကသိုလ် ဆွေးနွေးပွဲ၌ ပညာရေးဝန်ကြီး ပြဿနာတက်နေကြောင်း တီးတိုးသတင်း တစ်ခုကြားရပါတယ်။ (၁၂)နာရီခန့်မှာ ကျွန်တော် သမိုင်းအဆောင်ကို ပြန်လာတော့ ကျောင်းသားအများအပြားဟာ သမိုင်းအားကစားရုံထိပ်ဘက်ကနေ၊ သဘာဝသိပ္ပံတက္ကသိုလ်ဘက်ဆီကို သွားနေကြ တာမြင်လို့ ကျွန်တော်တို့လည်း လိုက်သွားကြပါတယ်။ . . . ကျောင်းသားများက ပညာရေးဝန်ကြီး လာရောက် ဆွေးနွေးမည့် စာသင်ဆောင်ခန်းမနှင့် မဆန့်လောက် အောင်များပြားလွန်းနေ ပါသည်။ အချိန်တန်သော်လည်း ဝန်ကြီးကမလာ၊ ခန်းမ ပြင်ပ နေပူကျဲကျဲ အောက်တွင်လည်း ကျောင်းသားများ ဇွဲရှိရှိဖြင့် ဝန်ကြီးအလာကို စောင့်ဆိုင်းခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာ သမိုင်းအားကစားရုံထဲသို့ရွှေ့ပေးဖို့ ကျောင်းသား တချို့က တောင်းဆိုကြပါတယ်။ ကျောင်းသားအများအပြားလာ ရောက်ကြခြင်း မှာ စက်မှုတက္ကသိုလ် ဆွေးနွေးပွဲတွင် ဝန်ကြီးပြဿနာတက်ခဲ့သည် ဆိုသော သတင်းစကားကြောင့် စိတ်ဝင်စားလာ၍ လာကြခြင်းဖြစ်ပုံရပါတယ်။ (ကျွန်တော်တို့လည်း ထိုနည်းလည်းကောင်းပါ)

ဆရာ-ဆရာမများက သမိုင်းအားကစားရုံကို ရွှေ့ဖို့ခွင့်ပြုလိုက်တဲ့ အခါမှာတော့၊ ကျောင်းသားအုပ်ကြီးမှာ ထိုခန်းမမှ သမိုင်းအားကစားရုံဆီသို့ ချီတက်ကြပါတော့တယ်။ အမြင်ရှိတဲ့၊ အတွေ့အကြုံရှိပုံရတဲ့ ကျောင်းသား တစ်စုက အဲဒီမှာ တပ်ဆင်ထားတဲ့ အမ်လီဖာယာများ၊ စကားပြောမိုက်ခွက်များ၊ ဆောင်းဘောက်များကို၊ ဖြုတ်ပြီး သမိုင်းအားကစားရုံဆီသို့ သယ်ဆောင်လာ ကြပါတယ်။ ဖျတ်တစ်ပေ၊ အရှည်လေးပေခန့်ရှိတဲ့ ဆောင်းဘောက်ကို တိုက်ပုံအနက်ဝတ်၊ အရပ်မနိမ့်မမြင့် ကိုယ်လုံး ကိုယ်ထည်ရှိတဲ့ကျောင်းသား တစ်ယောက်က နေပူကျဲကျဲထဲမှာ တက်ကြွစွာဘဲ ကျွန်တော့်ရှေ့ကနေ ထမ်းသွားနေသည်ကို တက်ကြွသူများက အမ်လီဖာယာများ၊ စကားပြောခွက်များကို သမိုင်း အားကစားရုံထဲမှာ တပ်ဆင်ကြတယ်။ စပီကာ အသံထွက်သည်နှင့် လက်ခုပ်သံများလည်း

ဆူဆူညံညံထွက်လာပါတော့တယ်။ တစ်ပြိုင်နက်တည်းမှာ ဝန်ကြီး ရုတ်တရက်နေမကောင်းဖြစ်လာလို့ ဒီဆွေးနွေးပွဲသို့မလာရောက်နိုင်ကြောင်း ကျောင်းသားတစ်ဦးက ကြေညာပါတယ်။ တကယ်တော့ စက်မှုတက္ကသိုလ်မှာ ဆွေးနွေးစဉ်၊ ပြဿနာတက်လို့ ဒါမျိုးကို သမိုင်းရှိ သဘာဝသိပ္ပံ တက္ကသိုလ် ကျောင်းသားများနှင့် ဆွေးနွေးလျှင်လည်း မလွဲမသွေကြုံရဘွယ်ရှိကြောင်း ခန့်မှန်း မိသော ဝန်ကြီးက ခေါင်းကိုက်သွားပုံရ၏။ ဒါကြောင့် ပြန်ပြေးသွားတယ်လို့ ခန့်မှန်း ကြပါတယ်။

ဝန်ကြီးမလာတော့ဘူးဆိုတဲ့သတင်းကြောင့် ကျောင်းသားများမကြေ မလည်ဖြစ်ပါတော့တယ်။ ကျွန်တော် သတိထားမိတဲ့ ဆောင်းဘောက်သယ်လာသူ (ကိုတင်မောင်ဦး)က **"ဒါ. . . ဝန်ကြီးက ကျောင်းသားတွေကို လိမ်တာဘဲ"၊ "ဝန်ကြီးကတိမတည်ဘူး" "စက်မှုတက္ကသိုလ်မှာ ပြဿနာတက်လို့ . . . ဒီဘက် က ဆွေးနွေးပွဲအစီအစဉ်ဖျက်တာ အဓိပ္ပါယ်မရှိပါဘူး". . .** စသည်ဖြင့် စတင်ပါ တော့သည်။ ကျောင်းသားတွေရဲ့အခက်အခဲကို လစ်လျူရှုထားတဲ့ အစိုးရကို အပြစ်တင်သံ၊ ဟော်ဟစ်သံများ ဆူညံလာပါတယ်။ **"ဝိုချင်လျှက်၊ လက်တို့"** ဆိုတာမျိုးပါ။ ဒီလိုနဲ့ သမိုင်းအားကစားရုံထဲမှာ ကျောင်းသားလှုပ်ရှားမှု ဟောပြော ပွဲစပါတော့တယ်။ ကြွရောက်လာတဲ့ ကျောင်းသားထုကလည်း ဟောပြောပွဲကို အင်တိုက် အားတိုက်အားပေးကြပါတယ်။ ဒီလိုနဲ့ဝန်ကြီးနဲ့ ဆွေးနွေးပွဲအစီအစဉ် မှသည် ကျောင်းသားနိုင်ငံရေးလှုပ်ရှားမှု အရေးအခင်းဘက်သို့လှည့်ပြောင်း သွားပါတော့တယ်။

ညနေ (၄)နာရီထိုးလောက်မှာတော့ အားကစားရုံတွင်းမှာ ပရိသတ် အတော်လေးနည်းသွားပါတယ်။ ရန်ကုန်မြို့တွင်းနေ(ဒေး) ကျောင်းသားအချို့ လည်း ပြန်သွားကြလေတယ်။ အဆောင်နေ ကျောင်းသားကလည်း ညနေစာ ပြန်စားကြတယ်။ ကျွန်တော်တို့က ညနေစာစားပြီးနောက် သမိုင်း အားကစားရုံဆီ သို့ ပြန်လာ ကြတယ်။ ညနေ (၆)နာရီထိုး လောက်ရှိမယ်ထင်ပါတယ်။

မြင်ကွင်းက လွန်ခဲ့တဲ့ (၁)နာရီခွဲလောက်ကနဲ့မတူပါ။ မိုက်ခွက်နဲ့ ဆောင်းဘောက်များကို အားကစားရုံရှေ့ စိမ်းလန်းနေတဲ့မြက်ခင်းပြင်ပေါ်မှာ ဆင်ထား တာကိုတွေ့ရတယ်။ လူကလဲ ကျိုးတိုကျဲတဲနဲ့ပါ။ ကျွန်တော်တို့ အပါအဝင် လူနှစ် ဆယ်သာသာခန့်သာရှိတယ်။ ခေါင်းဆောင်လုပ်သူ (၄) (၅)ခန့်က တစ်ယောက် တလှည့် ဖွဲကောင်းကောင်းနဲ့ဟောပြောကြနေပါတယ်။

အထိုအထဲမှ တစ်ယောက်မှာ နေ့ခင်းက ဆောင်းဘောက်သယ်လာသူဖြစ်ကြောင်း ကျွန်တော်မှတ်မိနေပါတယ်။ သူက အလုပ်သမားအရေးအခင်းနှင့် ဦးသန့် ဈာပန အရေးအခင်းတုန်းက အစိုးရရဲ့ မတရားသည့် လုပ်ရပ်များကို စိတ်ဝင်တစား ဟောပြောနေပါတယ်။ ကျွန်တော်တို့က အားပေးပွဲပို့ သည့်အခန်းကသာ ပါဝင်သူများဖြစ်သည့် အလျှောက် သူတို့ဟောပြောနေတာကို ဝိုင်းထောက်ခံပေးတယ်၊ လက်ခုပ်တီးပေးတယ်။ သည်လိုနှင့် အော်သံ၊ ဆူသံ၊ လက်ခုပ်သံတွေကြောင့် တဖြည်းဖြည်းနှင့် လူ (၅၀) (၁၀၀) (၁၅၀) (၂၀၀) ခန့်ရှိလာပါတယ်။

လူများလာစဉ်မှာတော့ ကိုတင်မောင်ဦးက **"ရဲဘော် ကျောင်းသားအပေါင်း တို့ ကျွန်တော်တို့ သမိုင်းဝိုင်းတစ်ပတ် ပတ်ပြီး အင်းအားပြဖို့ အစီအစဉ်ရှိတယ်။ သဘောတူကြပါသလား"** လို့မေးတယ်။ တချို့ကျောင်းသားတွေက **"သွားသင့် ပါတယ်ဗျို့"**လို့ လှမ်းအော်တယ်။ ကျွန်တော်တို့တွေက လက်ခုပ်ဝိုင်းတီးပေးတယ်။ သို့နှင့် သွားသင့်ကြောင်း ထောက်ခံသည့်အသံက တဖြည်းဖြည်းများလာတယ်။ ဒါကြောင့် (၅)ယောက် တစ်ခန်းတန်းစီ၍ မေခဆောင် နောက်ဘက် အပေါက်ကထွက်ကြတယ်။ ကျွန်တော်တို့က ဆဋ္ဌမအတန်းတွင်စီတယ်။ မေခဆောင်နဲ့လူနေရပ်ကွက်အကြား ကာထားသော (ကျောင်းသားနှင့်အလုပ်သမား သွေးစည်းမှုကို စည်းခြားခြင်းလို့ မြင်တဲ့) အုတ်တံတိုင်းကို တွန်းဖြိုကြတယ်။ (ထိုအုတ်တံတိုင်းမှာ ဦးသန့်အရေး အခင်းပြီးမှ ကာခြင်းဖြစ်ပြီး လူတစ်ယောက်ဝင်စာ သံတံပေါက် တစ်ပေါက်ဖေါက်ထားပေးပါတယ်)။ ကျောင်းသားများ မေခအဆောင်နောက်ရှိ (လှိုင်ရတနာမွန်) လမ်းအတိုင်း အင်းစိန်လမ်းမသို့ ဆင်းလာကြတယ်။

တဖန် အင်းစိန်လမ်းအတိုင်း သမိုင်းချည်စက်ကို တစ်ပတ်ပတ်ရန် ချီတက်လာကြတယ်။ ထုံးစံအတိုင်း **"သပိတ်. . . သပိတ်. . . မှောက် မှောက်၊ မီးဒုတ်. . မီးဒုတ်. . ရှို့ရှို့"** ဟူသည့် ကြွေးကြော်သံများ၊ **"အင်းစိန်ထောင်ကြီး. . . ထပ်ချဲ့. . ထပ်ချဲ့". . . "ရေကြည်အိုင်လည်း ထပ်ချဲ့. . ထပ်ချဲ့". . "အမေကမွေး. . ထောင်ကကြွေး" "အရေးတော်ပုံ. . . အောင်ရမည်"** စသည့်

ကြွေးကြော်သံများ ကြွေးကြော်ကြတယ်။ သမိုင်းချည်စက်ရှေ့ရောက်တဲ့ အခါမှာတော့၊ အချို့က စက်ရုံထဲဝင်ရန် တောင်းဆိုတယ်။ ကိုတင်မောင်ဦးနှင့် အချို့က မဝင်ဖို့ပြောပါတယ်။ လာရင်းမှာ ချည်စက်ရုံထဲ

ဝင်ရန် ရည်ရွယ်ချက် မပါပါ။ မိမိတို့ ဆန္ဒပြနေကြောင်း၊ မနှစ်က ဤချည်စက်ရုံ ဝန်းကျင်မှာ ရက်စက်စွာ အသတ်ခံခဲ့ရသော အလုပ်သမားများ၊ ကျောင်းသားများ အား လေးစားဂုဏ်ပြု သောအားဖြင့် ဆန္ဒပြနေကြကြောင်း၊ အလုပ်သမားတို့ကို အသိပေးရန်လာခြင်း သာဖြစ်ကြောင်း ခေါင်းဆောင်တစ်ဦး (ကိုတင်မောင်ဦး)က ရှင်းပြတယ်။ သို့သော် အများတောင်းဆိုမှုက ချည်စက်ဝိုင်းထဲသို့ ဝင်ဖြစ်ခဲ့ကြ တယ်။ ချည်စက်ဝိုင်းတွင် ဒုတိယတံခါးပေါက် နားရောက်တဲ့အခါ (စက်ရုံတွင်း သို့မရောက်သေး)အလုပ် သမားများ နောက်ဖေးပေါက်ကနေ အိမ်ပြန်ကြဖို့ အပြေးအလွှားလုပ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုတင်မောင်ဦးနဲ့ဦး ဆောင်သူများက (၂)မိနစ်၊ (၃)မိနစ်ခန့် တိုင်ပင် ကြပြီး ပါးနပ်စွာ နောက်ပြန် လှည့်ဖို့တိုက်တွန်းပါတယ်။ ချည်စက်ရုံအတွင်းဝင်လို့ အဖျက်အဆီးများဖြစ် လာခဲ့ပါက ခေါင်းဆောင်များ ၎င်းတို့ရည်ရွယ်ချက် လွဲသွားနိုင်တယ်။ ဒါကြောင့် ပြန်လှည့်ခိုင်းခြင်းဖြစ်ပါတယ်။

သမိုင်းချည်စက်မှထွက်ကာ စက်မှုတက္ကသိုလ်ဘက်သို့ ချီတက်ကြပါ တယ်။ စက်မှုတက္ကသိုလ်ကျောင်းအား ဗဟိုသပိတ်စခန်းဖွင့်ရန် စက်မှုကျောင်း သားခေါင်းဆောင်များနှင့် ဆွေးနွေးသည်လို့ဆိုတယ်။ စက်မှုကျောင်းသားများက သဘောမတူကြောင်းသိရတယ်။ ဒါကြောင့် (RASU Main) ဘက်သို့ပြန်လည် ချီတက်လာကြတယ်။ ဒါပေမယ့် ကျောင်းဝိုင်းထဲသို့ မဝင်သေးဘဲ မြေနီကုန်းဘက် သို့ပတ်သွားပြန်တယ်။ ည (၁၂)နာရီလောက်မှ ဘွဲ့နှင်းသဘင်ခန်းမဆီသို့ရောက် လာတယ်။ ဘွဲ့နှင်းသဘင်ခန်းမအစောင့်ထံမှ သော့တောင်းတယ်။ တော်တော်နှင့် မရ၊ အစောင့်ကလည်း သော့ပေးလိုက်ရမလားလို့ အထက်အရာရှိထံသို့ ခွင့်ပြု ချက်တောင်းနေတယ်လို့ဆိုတယ်။ စိတ်မရှည်သော အချို့ကျောင်းသားများက ဘွဲ့နှင်းသဘင်ခန်းမရဲ့လက်ျာဘက် ဘာဂျာတံခါးကို ဆွဲဖျက်လိုက်တော့မှ အစောင့်က သော့လာပေးတယ်။ သို့နှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးအား သပိတ် စခန်းအဖြစ်ဖွင့်လှစ်လိုက်ပါတော့တယ်။ ကျောင်းသား(၅၀၀)ကျော်ခန့် ရှိမယ် ထင်ပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမ ဘွဲ့အပ်နှင်းရာ စင်မြင့်ပေါ်မှနေ ကိုတင်မောင်ဦးက စတင်ဟောပြောလေတယ်။ နေ့ခင်း (၁၂)နာရီကျော်လောက် ကတည်းက သပိတ်ကိစ္စ တောက်လျှောက်လှုပ်ရှား ဆောင်ရွက်လာတဲ့ ကိုတင်မောင်ဦးသည် ည (၁)နာရီနီးပါးရှိလာပြီဖြစ်သော်လည်း ပင်ပန်းနေပုံ လုံးဝ မပေါ်ပါ။ ကျွန်တော်တို့မှာမူ ကြွေးကြော်သံအော်ရင်း အသံလည်းဝင်ကုန်ကြ

တယ်။ ဖလက်လည်းပြနေပြီဖြစ်လို့ သူပြောနေတာကိုလည်း အာရုံလည်း မစိုက်နိုင်တော့ပါ။ ကျွန်တော်နှင့် ကိုကိုလေး ကုလားထိုင်ပေါ်မှာ အိပ်ပျော်သွားကြတယ်။

နံနက်(၃)နာရီ ထိုးခါနီးလောက်မှာ တစ်စုံတစ်ယောက်က ကျွန်တော်တို့ကို လာနှိုးတယ်။ အိပ်မှုံစုံဖွားနဲ့မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးက **"မိတ်ဆွေတို့ ဒီမှာနေရင် ထောက်လှမ်းရေးက အချိန်မရွေးလာကုတ်သွားနိုင်တယ်၊ သူတို့လာကုတ်သွားရင် ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး။ အဆောင်တစ်ခုခုမှာ သွားနေကြရင်တော့ လုံခြုံမယ်ထင်တယ်၊ ထ . . ထ . . သွားကြစို့"**လို့ပြောတယ်။ ဘယ်သူ ဘယ်ဝါဆိုသည်(အမည်)ကိုတော့ ကျွန်တော်မသိ၊ ကျွန်တော်တို့ အားလုံး (ကိုတင်မောင်ဦး) နောက်ကို လိုက်သွားတယ်။

ပဲခူးဆောင်ရောက်တော့ အောက်ထပ်မှာ တချို့က လက်ဖက်ရည်ဖျော်တိုက်တယ်။ ခနအတွင်းမှာဘဲ မမျှော်လင့်ဘဲ ကျွန်တော် ကိုခင်မောင်ဖြူနှင့် တွေ့လိုက်ရတယ်။ လဖက်ရည်သောက်ရင်း ကိုခင်မောင်ဖြူက ကျွန်တော့်ကို ကိုတင်မောင်ဦးနဲ့ မိတ်ဆက်ပေးပါတယ်။ ကိုတင်မောင်ဦးနဲ့စကား တစ်ခွန်း နှစ်ခွန်းသာပြောဖြစ်တယ်။ အထူးသဖြင့် သူက အခုအရေးအခင်းကြီးကို အောင်မြင်အောင် တက်ညီလက်ညီလုပ်ဖို့လိုကြောင်းပြောပြီး တစ်နေရာကို သွားလိုက်တယ်။ (ကိုခင်မောင်ဖြူဆိုသူမှာ ကျွန်တော်နှင့်တစ်မြို့ (တောင်ကြီး)တည်းသား၊ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်၊ ကျွန်တော်က ပထမနှစ် (၁၉၇၈)ခုနှစ်လောက်က သူ့အား ထောက်လှန်းရေးက လိုက်ဖမ်း၍ ဗကပထဲ တောခိုသွားပါတယ်။ စာရေးဆရာ နိုင်ဝင်းဆွေထံမှလည်းကောင်း ကိုခင်မောင်ဖြူ (ကိုဇော်ထွန်း) မှာ တိုက်ပွဲတွင် ကျဆုံးသွားကြောင်း စိတ်မကောင်းစွာ သိရှိလိုက်ရပါတယ်။ )

ကျွန်တော်နှင့် ကိုကိုလေးမှာလည်း လက်ဖက်ရည်သောက်ပြီးသည်နှင့် အပေါ်ထပ်သို့တက်ကာ သူများအခန်းရှေ့တွင်လိုက်ကြတယ်။ မနက်စောစောမှ ကိုယ့်အဆောင်ကို ပြန်လာခဲ့ကြတယ်။

(၁၀)နာရီကျော်လောက်မှာ ကျောင်းကိုပြန်လာပါတယ်၊ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ဟောပြောပွဲနှင့်စည်ကားနေတယ်။ ကိုတင်မောင်ဦး အားကြိုးမာန်တက်ဟောပြောနေတာလည်းတွေ့ရတယ်။ နေ့ခင်းပိုင်းမှာ မြို့ထဲ မဟာဗန္ဓုလပန်းခြံအထိ ချီတက်ကြတယ်။ ကိုတင်မောင်ဦးနှင့် ကျောင်းသားခေါင်းဆောင်များ

တင်ပြနေတာက အစိုးရအနေနဲ့ မနှစ်က အရေးအခင်းမှာ သေဆုံးသွားသူများရဲ့ စာရင်းများထုတ်ပြန်ပေးဖို့၊ ဖမ်းဆီးခံထားရသူများ စာရင်းထုတ်ပြန်ပေးပြီး ပြန်လွတ် ပေးဖို့၊ ကုန်ပစ္စည်းရှားပါးလာမှု၊ ကုန်ဈေးနှုန်းတက်နေမှုများကို ဖြေရှင်းပေးဖို့၊ စာ အုပ်စာပေများ မလုံလောက်မှု၊ ကျောင်းသားများ ကြုံတွေ့နေရတဲ့ အခက်အခဲ များကို ဖြေရှင်းပေးဖို့ တောင်းဆိုနေတာဖြစ်တယ်။ ကျောင်းသားသမဂ္ဂဖွဲ့စည်းပေး ရေးဟာလည်း အဓိကတောင်းဆို ချက်တစ်ခုဖြစ်တယ်၊ အစိုးရအနေနဲ့ ဒီတောင်း ဆိုချက်တွေကို ဖြေရှင်းပေးဖို့စိတ်ကူး လုံးဝမရှိပါ။ အရေးအခင်းဖြစ်ရင် ကျောင်း သားတွေကိုပိတ်၊ အဆောင်တွေကို ပိတ်၊ ကျောင်းသားထုကို လူစုခွဲ၊ ခေါင်းဆောင် တွေကိုဖမ်းဆီး၊ ထောင်ချလုပ်ဖို့သာ စိတ်ထက်သန်ဖြစ်တယ်။ ကျောင်းတွေပိတ်လိုက်ပြီးဆိုရင် အရေးအခင်းမှာ လိုက်ပါအားပေးနေကြတဲ့ အဆောင်နေ ကျောင်း သားအများစုက မပြန်မဖြစ် အိမ်ပြန်ကြရတော့တယ်။ ကျောင်းသားခေါင်းဆောင်များလည်း ရှောင်တိမ်းသူ ရှောင်ကြ၊ အဖမ်းခံရသူခံကြရပါတယ်။

### ဆလိုင်းတင်မောင်ဦး အဖမ်းခံရခြင်း။

(၁၉၇၆)ခုနှစ်၊ နှစ်စပိုင်းတွင် ကျောင်းများပြန်ဖွင့်ပါတယ်။ ဖေဖော်ဝါရီ လကုန်ခန့်တွင် သခင်ကိုယ်တော်မှိုင်းရာပြည့် ချီတက်ပွဲကျင်းပရန်ရှိကြောင်း တီးတိုးသတင်းကြားလာရတယ်။ ကိုတင်မောင်ဦး ရှောင်တိမ်းနေရာမှ ပြန်ရောက် နေကြောင်း၊ မှိုင်းရာပြည့်အတွက် စီစဉ်နေကြကြောင်းလည်း ကြားရပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း အုတ်ဂူရှိရာသို့ လမ်းကြောင်းနှစ်သွယ်ဖြင့် ချီတက် မည့် စာနှစ်မျက်နှာပါ လက်ကမ်းစာစောင်ကို (၂၁)နေ့ မနက် အဆောင်ကျောင်း သားများ လက်ဝယ်အရောက် ပို့ကြပါတယ်။

မတ်လ (၂၂)ရက်နေ့ ညနေပိုင်းတွင် ကိုတင်မောင်ဦး အဖမ်းခံလိုက်ရ ကြောင်း သတင်းစကားကြားရတယ်။ ဖြစ်နိုင်ချေမရှိဟုလည်း တွက်ကြတယ်။ ည (၈)နာရီ သတင်းကြေညာသည့်အခါမှ ကိုတင်မောင်ဦး အမှန်ပင် အဖမ်းခံ လိုက်ရကြောင်းသေချာသွားပြီးဖြစ်တယ်။ တချို့က မှိုင်းရာပြည့်မဖြစ်တော့ဘူးလို့ ထင်ကြတယ်။ ဒါပေမယ့် ဖြစ်ခဲ့ပါတယ်။ ကိုတင်အေးကြူ၊ ကိုသန်းလင်း၊ ကိုဝင်းမြင့် နှင့် (၉)တန်းကျောင်းသူ မလှမြိုင် (ကိုတင်မောင်ဦးညီမ) အပါအဝင် အခြားခေါင်း ဆောင်များ၏ တက်တက်ကြွကြွ ဦးဆောင်မှုကြောင့် ဖြစ်ခဲ့ပါတယ်။ ထိုချီတက် ပွဲကနေ အစိုးရဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုအဖြစ်

ဦးတည်သွားခဲ့ပါတယ်။ အစိုးရက ၎င်းတို့၏ သုံးနေကြနည်းဗျူဟာအတိုင်း ကျောင်းများပိတ်၊ အဆောင် ပိတ်ပြီး ကျောင်းသားများအား အတင်း အိမ်ပြန်ခိုင်းတယ်။ လူစုခွဲလိုက်ပြန် ပါတယ်။

**မြန်မာအနာဂတ်ကြယ်တစ်ပါင့်ကြွေလွင့်သွားခြင်း၊**

ပြည်တွင်းမှာ မဆလတပါတီ အာဏာရှင်စနစ်အရှိန်အဝါတက်နေချိန် အဲဒီ စနစ်ကို ဆန့်ကျင်လိုတဲ့ နိုင်ငံရေးခေါင်းဆောင်များ ပြားပြားဝပ်နေရချိန် ဆလိုင်းတင်မောင်ဦးဟာ အသက်အားဖြင့် (၂၅)နှစ်ခန့်သာ ရှိသေးပေမယ့် မဆလစနစ်ရဲ့ မှားယွင်းနေမှု၊ မတရားမှုများကို သတ္တိရှိရှိ ဆန့်ကျင်ရဲတယ်။ ကျောင်းသားထု၊ အလုပ်သမားထုကို စည်းရုံးနိုင်စွမ်းရှိတယ် ဆိုတာ မဆလ အစိုးရက မျက်ဝါးထင်ထင်တွေ့မြင်ရတဲ့အတွက် ဒီကျောင်းသားလူငယ်သည် ၎င်းတို့၏ (မဆလတပါတီ)စနစ်အား အန္တရာယ်အပေးနိုင်ဆုံးသူ၊ ၎င်းတို့၏ ကုလားထိုင်ကို အပြီးအပိုင်ရိုက်ချိုးမယ့်သူ (အကြောက်ရဆုံးသူ)အဖြစ် သဘော ပေါက်ထားပုံရတယ်။ ဒါကြောင့်လည်း ဆလိုင်းတင်မောင်ဦးကို မတ်လ (၂၁)ရက် နေ့မှာ ဖမ်းဆီးခဲ့ပြီး အင်းစိန်ထောင်မှာ အကြမ်းနည်းစစ်ဆေးကာ သုံးလခန့် အတွင်းမှာဘဲ ကြိုးပေးကွပ်မျက်လိုက်ပါတယ်။ မြန်မာနိုင်ငံရဲ့အားမာန်အပြည့်နဲ့ ထွန်းလင်းမယ့် ကြယ်တစ်ပွင့်၊ အာဏာရှင်လက်ချက်နဲ့ကြွေလွင့်ခဲ့ရလေပြီ။

ကိုတင်မောင်ဦးအား ကြိုးပေးကွပ်မျက်ရန် ခေါ်ထုတ်သွားစဉ် **"ရဲဘော်တို့ ငါတော့သွားပြီ မင်းတို့ဆက်တိုက်ကြ"**လို့ ရဲရဲစွာအော်ပြောသွားခဲ့ကြောင်း၊ (၇၄)ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုမောင်မောင်တိတ် (ABSDF) က ကျွန်တော့်ကို ပြောပြခဲ့ဖူးပါတယ်။ သူ့ရဲ့ ရဲစွမ်းသတ္တိရှိမှုနဲ့ မဟုတ်မခံစိတ်၊ မတရားမှုကို ဆန့်ကျင်တဲ့စိတ်ဓါတ်အကြောင်းကို သူ့ရဲ့သူငယ်ချင်းဖြစ်သူ ကိုအောင်ထူးက ပြောပြဖူးပါတယ်။ အဲဒါတွေကြားရတော့ သူ့ကို ကျွန်တော် နဂိုလေးစားနေတာထက် ပိုပြီးလေးစားမိပါတယ်။ ပို၍နှမြောတသ ယူကြုံမရ ဖြစ်မိပါတယ်။

**သူ့ရဲ့ကောင်းတို့မည်သည် သေရှိုးထုံးစံမရှိ**

အာဏာရှင် ဦးနေဝင်း အစိုးရအနေနဲ့ ကျောင်းသားခေါင်းဆောင် (ခေါင်းကို) ကိုဖြိုလိုက်ရင်၊ အားလုံးငြိမ်သွားပြီး ၎င်းတို့ရဲ့ (မှားယွင်းတဲ့) စနစ်ကြီး ရေရှည်တည်တံ့လိမ့်မယ်လို့ မျှော်လင့်ခဲ့ပုံရပေမယ့် (၁၉၈၈)မှာတော့ ကျောင်းသား များ ဦးဆောင်ကာ ဦးနေဝင်းရဲ့ မဆလ စနစ်ကြီးကို ရာသက်ပန် ဖြိုဖျက်ပစ်လိုက်

ကြတာကို ဦးနေဝင်း မျက်ဝါးထင်ထင်တွေ့မြင်သွားရပါတယ်။ ကျောင်းသားမျိုးဆက်များက ဆလိုင်းတင်မောင်ဦး မှာခဲ့သလို ဆက်တိုက်ကြခြင်းဖြစ်ပါတယ်။ ကမ္ဘာတည်သရွေ့ကျောင်းသားနဲ့ကျောင်းဆိုတာ ရှိနေမှာပါဘဲ။ ကျောင်းရှိနေသမျှ၊ သတ္တိပြောင်မြောက်သော၊ လေးစားထိုက်သော၊ ကျောင်းသားခေါင်းဆောင်ဆလိုင်းတင်မောင်ဦးတစ်ယောက် ကျောင်းသားလှုပ်ရှားမှုသမိုင်းမှာ အာဇာနည်သူရဲကောင်းအဖြစ်၊ ရာသက်ပန် အမည်တွင်ကျန် ရှင်သန်လျှက်ရှိနေမည်သာ။ (၃၅) နှစ်မြောက် ဆလိုင်းဦးတင်မောင်ဦး အမှတ်တရနေ့ ဆလိုင်းတင်မောင်ဦးနှင့်တကွ အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီတိုက်ပွဲတွင် အသက်ပေးလှူသွားကြသူများ အား အလေးပြုလျှက် .....။

ဝင်းမောင်

# " ၇၄-၇၅-၇၆ သတင်း "

စောလှိုင် (အင်းတော်)

**မိတ်ဆွေအပေါင်းတို့**

၁။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးဖခင်ကြီး သခင်ကိုယ်တော်မှိုင်းကို လေးစားဂုဏ်ပြုသောအားဖြင့် ၁၉၇၆ ခုနှစ်၊မတ်လ ၂၃ ရက်နေ့တွင် သခင်ကိုယ်တော်မှိုင်း၏ဂူဗိမာန်သို့ သွားရောက်၍ ငြိမ်းချမ်းစွာ စုရုံးဂါရဝပြုခဲ့ကြသည်။

၂။ စစ်အာဏာရှင်စနစ်ဆိုးအောက်တွင် ချေမှုန်းခံခဲ့ရသည်။ အကျဉ်းထောင်၏ သွေးပုတ်ရောင်နံရံ၊ ခက်ထန်တဲ့သံတိုင်တွေ ၊ သွေးအိုင်ထွန်းနေတဲ့မြေကြီး ၊ အားလုံးကိုတိုင်တည်ပြီး ဖက်ဆစ်ဝါဒ မုချပျက်သုန်းရမည်ဟု ကျွန်ုပ်တို့တိုင်တည်နိုင်ခဲ့ကြသည်။ စစ်အာဏာရှင်စနစ်ဆိုးကို အံတုနိုင်ခဲ့ကြသည်။ဤသည်ကားကျွန်ုပ်တို့၏ သမိုင်းတည်း။

၃။ လွတ်လပ်ရေးကြိုးပမ်းကာလကပင် ကျောင်းသားသမဂ္ဂအလံကိုမြင့်မြင့်မားမားလွှင့်ထူထားနိုင်ခဲ့သော အစဉ်အလာကောင်းကို ဆက်လက်ဖော်ဆောင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ် ကျောင်းသားသမဂ္ဂအဆောက်အဦးအား ဖြိုဖျက်ခဲ့ခြင်းကို ကန့်ကွက်နိုင်ခဲ့ကြသည်။ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်းကို ထောက်ခံ၍ ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများအား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုနိုင်ခဲ့ကြသည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၅ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ ရုပ်ကလာပ်အား တကသနေရာဟောင်းတွင် ထိုက်တန်စွာ ဂုဏ်ပြုနိုင်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ် ဇွန်လအတွင်း အဖမ်းအဆီးခံအလုပ်သမားများ၊ ကျောင်းသားများ၊ လွတ်မြောက်ရေးအတွက် အင်းစိန်အကျဉ်းထောင်သို့ ငြိမ်းချမ်းစွာစုရုံးရောက်ရှိပြီး စုပေါင်းတောင်းဆိုနိုင်ခဲ့ကြသည်။ သို့သော်ရွှေတိဂုံဘုရားပေါ်ရှိ သပိတ်စခန်းကို ဖျက်သိမ်းခံရသည်။ ကျောင်းသားများရာနှင့်ချီ၍ အဖမ်းခံခဲ့ကြရသည်။သို့သော် ကျွန်ုပ်တို့ ကျောင်းသားများ၏သံမဏိစိတ်ဓါတ်ဖြင့် သခင်ကိုယ်တော်မှိုင်း နှစ် ၁၀၀ပြည့် မွေးနေ့အခမ်းအနားကိုညီညာစွာ ကျင်းပနိုင်ခဲ့ကြသည်။ဤသည်ကား ကျွန်ုပ်တို့၏သမိုင်းတည်း။

၄။ သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရပါ။ ခေတ်အဆက်ဆက် နောင်တော်ကြီးများ၏ ကောင်းသောဂုဏ်သတင်းကိုလေးစားဂုဏ်ပြုသောအားဖြင့် သခင်ကိုယ်တော်မှိုင်း၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဂုဏ်ပြုခဲ့ကြခြင်းဖြစ်သည်။ ရေသည်အရည်အခြေအနေမှ ၁၀၀°C အထိ အငွေ့အခြေအနေသို့ စတင်

ပြောင်းလဲသည်မှန်သော်လည်း ၉၉° C အထိ အပူမြှင့်တင်ပြီးမှသာလျှင် ၎င်းကို နောက်ထပ် ၁° C ထပ်မံအပူပေးခြင်းဖြင့် Turning Point သို့ရောက်ရှိလာခြင်း ဖြစ်သည်။ နောက်ဆုံး +၁° သည်အရေးကြီးပါသည်။ သို့သော် ၉၉° C အထိ ဘဝစွန့်လွှတ်မြှင့်တင်ပေးခဲ့ကြသော သူရဲကောင်းအပေါင်းအားလည်း မမေ့အပ်ပေ။ ၁၉၇၆ ခုနှစ် မှိုင်းရာပြည့်အရေးအခင်းနှင့်ပတ်သက်၍ ကျောင်းသားခေါင်းဆောင်ဆလိုင်းတင်မောင်ဦးသည် အင်းစိန်ထောင်ကြိုးစင်ပေါ်တွင် အသက်ပေးခဲ့သည်။

ထို့အတူ ကျွန်ုပ်တို့သည် စစ်အာဏာရှင်စနစ်ဆိုးကို အံတုလျက် စစ်ဆေးတိုက် ခြောက်တိုက်၊ငါးတိုက်၊လေးတိုက်၊ရင်ခွဲတိုက်၊တွဲဖက်တိုက်၊ဆေးရုံတိုက် အသီးသီးတွင် ကျွန်ုပ်တို့သည် ကျောင်းသားသမဂ္ဂသီချင်းများကို သီဆို၍ ကျောင်းသားသမဂ္ဂအလံတော်ကို မြှင့်တင်နိုင်ခဲ့ကြသည်။ စစ်အာဏာရှင်စနစ်ဆိုးကို အံတုနိုင်ခဲ့ကြသည်။ ဒူးမထောက်လက်မမြှောက်ခဲ့ကြ။ ထို့အတူ သမိုင်းဝင် ၈၈ အရေးတော်ပုံကြီးကို မိမိရောက်ရာအရပ်တွင် ဦးဆောင်နိုင်ခဲ့ကြသည်။ ၈၈ အရေးအခင်းကြီးသည် ပြည်သူလူထုတစ်ရပ်လုံးက တခဲနက်ထောက်ခံ၍ ကျောင်းသားလူငယ်များ၏ဦးဆောင်မှုဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုသမိုင်းဝင်အရေးအခင်းကြီးပေါ်ပေါက်ရေးအတွက် ကျရာတာဝန်ကို ကျွန်ုပ်တို့ ကျေပွန်ခဲ့ကြသည်။ အကြီးမားဆုံး လှိုင်းကြီးမပေါ်ပေါက်မှီ လှိုင်းငယ်များအကြိမ်ကြိမ်ပေါ်ပေါက်ခဲ့ရသည်။ Turning Point တစ်ခုသို့ရောက်ရှိရန် ကျွန်ုပ်တို့၏ဘဝပေါင်းများစွာကို စွန့်လွှတ်အနစ်နာ ခံခဲ့ကြရသည်။

အရေးတော်ပုံအသီးသီးတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော ကျွန်ုပ်တို့၏မိတ်ဆွေများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၈၈ဒီမိုကရေစီအရေးတော်ပုံကြီးမှစတင်၍ ယခုအချိန်ထိ အသက်ပေးဆောင်ရွက်သွားကြသော၊ဆောင်ရွက်ဆဲဖြစ်သော သူရဲကောင်းအပေါင်းအားလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

စောလှိုင် (အင်းတော်)
မှိုင်းရာပြည့်အရေးအခင်း

# သတင်းမှတ်တမ်း

**မှိုင်းရာပြည့်အရေးအခင်းနှင့် ပတ်သက်၍**

မ. ဆ. လ စစ်အာဏာရှင်တို့၏ ကြေးမုံ၊ လုပ်သား စသည့် သတင်းစာများမှ တစ်ဖက်သက် ဝါဒဖြန့်ဖော်ပြခဲ့သည့် သတင်းများ-

**၃၃–၃၅–၃၆ နိုင်ငံရေးအင်အားစု**

# လက်ဝဲစွန်းပြည်ပြေးကျောင်းသားဖမ်းမိ

## ဆူပူမှုပြုလုပ်ရေး လက်နက်နှင့်အလံပါရရှိ

### ကြေငြာစာတန်းဖြန့်ဝေထိမ်းချောင်းသူများနှင့်ခေါင်းလျက်ရှိ



#### မကွေးကောလိပ် လမ်းစဉ်လူငယ် တာဝန်ပေးအပ်



## လက်ဝဲစွန်းပြည်မြေကျောင်းသားဖမ်း

## ဘုရားပြုပြင်ရန် အလှူငွေကောက်

## ကျူးကျော်နေသူ အရေးယူ

## မြို့နယ်ကောင်စီ တာမွေဖွဲ့စည်းပေး

## သက်နီးချုပ်ရန် ပေါ်ပေါက်ထုတ်ပေး

## ဆူပူကျောင်းသား ဘွဲ့နှင်းအခန်းမ ဖျက်ဆီး

### ဓာတ်ပုံတိုက်ဖျက်ဆီး

### အစိုးရဆန့်ကျင်

### ပုံနှိပ်တိုက်ဖျက်ဆီး

## ချုံမျိုးစေ့များ ပြီးတိုက်ပျက်စီး


## သမဝါယမဆိုင် ဥက္ကဋ္ဌပိုး ပျောက်ဆုံးမှု

# တက္ကသိုလ်မှ ဆူပူ ကျောင်းသားတို့ မြို့ကွဲ ခေါင်းဆောင်တို့ပြေးကြရာရန်ပုံငွေဖြင့်မိ









## တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများ မတ် ၂၃ ရက်နေ့မှစတင်ပိတ်

## ကျောင်းဆောင် စားသောက်ကြေး ကပ်ငွေများကို ပြန်လည် ပေးအပ်



## ဆူပူကျောင်းသား ဘွဲ့နှင်းခန်းမ ဖျက်ဝင်
## တက္ကသိုလ်ပုံနှိပ်တိုက် ဖျက်၍ ပစ္စည်းကိုယူ

ဖြည့်စွက်ပြီး တက်ရောက်သူ ... ဦးသောင်း ...

## ညောင်ပင်သာယာရေးအ...
## ၂၄၄ ပွဲဖြင့် လုပ်ကိုင်...

# ဆူပူကျောင်းသား နိုင်ငံရေး ပယောဂပူး
# ငြိမ်းချမ်းစွာ ပညာ သင်ရေးကို ဖျက်ဆီး

ဆရာ–ဆရာမများကိုရန်စရင်းခကားတို့ဖြစ်ခဲ့ .. ခြိမ်းခြောက်ခြင်း

၇၄–၇၅–၇၆ နိုင်ငံရေးအခင်းအားစု



တမျိုးသား လုံ


ဆူပူကျောင်းသူ
ရှောင်နေရာမှ
ချင်းကျောင်းသား
LEADER ILLUDES
INTELLIGENCE

# ထောင်တွင်းအတွေ့အကြုံများ

# " အရက်ဦးကို ကြိုခဲ့သည် "

ဒွေးအောင်

## အရက်ဦးကို ကြိုခဲ့သည်၊ (၁)

(၁)

မှောင်မိုက်သောညဖြစ်သည်။ လရောင်ပျို့ ကောင်းကင်အပြည့် ကြယ်တို့ကလည်း အဝေးတွင် မှုတ်မှုံမြင့် တံတိုင်မြင့်ကြီးများပင်လျှင် အမှောင်ထုတွင် ပျော်ဝင်ရောစပ်နေသည်။ ပြီးတော့ တိတ်ဆိတ်ခြင်း။ သံချောင်းခေါက်သံတို့ဖြင့် အချိန်မှန်ပိုင်းခြားထားသော ပကတိ တိတ်ဆိတ်ခြင်း။အမှောင်နှင့် တိတ်ဆိတ်ခြင်း ဩဇာအောက်ခံညသည် သန်းခေါင်ယံသို့ ကျိုးနွံစွာချဉ်းကပ်နေသည်။ သံချောင်းခေါက်သံများပေါ် လာပြန်သည်။ တစ်ဆယ့်နှစ်ချက်စီ။ အမှောင်၏ အထွတ်အထိပ် တိတ်ဆိတ်ခြင်း၏ အနက်ရှိုင်းဆုံးကာလ၊ သို့သော်ဖြစ်မြဲအစဉ်နှင့် ဆန့်ကျင်လျှက် ထိုကာလ၏ သက်တမ်းမှာ စက္ကန့်ပိုင်းအတွင်း ကုန်ဆုံးသွားသည်။ ရုတ်တရက်ပေါက်ကွဲထွက်လာသော၊ **"ကျောင်းသား မထိနဲ့မီးပွင့်သွားမယ်"** **"မတရားဖိနှိပ်မှုအလိုမရှိ" "စစ်အစိုးရ ကျဆုံးပါစေ"** ဟူသည့် ကြွေးကြော်သံများက ချေဖျက်လိုက်၍ဖြစ်သည်။ ပြေးဝင်လာသော စစ်ဖိနပ်သံများ၊ ကြွေးကြော်သံများ၊ ရိုက်နှက်သံများ၊ ကွဲရှသံများ၊ စစ်ခွေး ဟောင်သံများ၊ ငေါက်ကနဲအသက်ဝင်လာသော မီးမောင်းအလင်းတန်းများ။ အားလုံးပင် ဝရုန်းသုံးကားဖြစ်နေတော့ သည်။

ထို့နောက် မြေပြင်မှ ဒရွတ်တိုက်ဆွဲသွားသံများ၊ ဆဲဆိုသံများ၊ ရိုက်နှက်သံများ၊သံတံခါး တစ်ခုပြီးတစ်ခုဆောင့်ပိတ်သံများ။ ဤအသံများ၏ရွေ့လျားမှုများ၊ အလင်းတန်းများ၏ပေါင်းစုံမှုနှင့်ပြင်ပ တွန်းအားကြောင့် အမှောင်ထုနှင့် တိတ်ဆိတ်ခြင်းမှာ နောက်သို့သာ ဆုတ်ပြီးရင်း ဆုတ်နေရသည်။ ခဏအကြာတွင် မလှမ်းမကမ်းမှ သကြဲန်တေးသံတစ်စပျံ့လွင့်လာသည်။ သကြဲန်အကြိုနေ့၊ ကျိုး

ပွဲနှာကျင်နေသော လက်များဖြင့် ဦးခေါင်းတို့ထက်မှ စီးကျလာသော သွေးကြောင်းများကို သုတ်ကာ သံတိုင်များကို အနိုင်နိုင်ဆုပ်ကိုင်ရင်း လှမ်းကြည့်မိကြသည်။ တံတိုင်းအထက် အရှေ့တစ်နေရာ၌ အနီရောင်ပွင့်ဖတ်များဖြင့် အရုဏ်ဖူးပွင့်နေလေပြီ။

(၂)

(၁၉၇၄-၇၅-၇၆) ထိုသုံးနှစ်သည် တက္ကသိုလ်ကောလိပ် သိပ္ပံနယ်မြေတို့၌ တိုက်ပွဲခေါ်သံများ ညံခဲ့သော ကာလဖြစ်သည်။ (၇၄) ဒီဇင်ဘာ ဦးသန့်ရှာပနတိုက်ပွဲ၊ (၇၅) ဇွန် ကျောင်းသား၊ အလုပ်သမားသပိတ်တိုက်ပွဲ၊ (၇၆) မတ်၊ မှိုင်းရာပြည့် တိုက်ပွဲစသည်ဖြင့် စစ်အစိုးရဆန့်ကျင်ရေးတိုက်ပွဲများ တစ်ခုပြီးတစ်ခု ဖော်ထုတ် ဆင်နွှဲခဲ့သော ကာလဖြစ်သည်။ ဦးမည္ဘတ်စတမ်း တစ်ပိုလ်ဆင်းတစ်ဗိုလ်တကျ ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ကျောင်းသားအချို့ အသေခံရ ရာပေါင်းများစွာ အဖမ်းခံရ ထောင်နှင့်ချီ ကျောင်းထုတ်ခံရခြင်းများဖြင့် တိုက်ပွဲဆင် ခဲ့ကြခြင်းဖြစ်သည်။ အင်းစိန်ထောင်၊ မော်လမြိုင်ထောင်၊ သရက်ထောင်၊ မန္တလေးထောင်၊ ဟသ်ာတထောင်များမှာ ကျောင်းသားတို့ဖြင့် စည်ကားနေသည်။

စစ်ခုံရုံးများမှာလည်း မအားလပ်နိုင်အောင် ထောင်ဒဏ်များကို တွင်တွင်ကြီး ချမှတ်နေရသည်။ (၄)နှစ်၊ (၅)နှစ်၊ (၆)နှစ်၊ (၇)နှစ်၊ (၈)နှစ်၊ (၉)နှစ်၊ (၁၀)နှစ်၊ တစ်သက်တစ်ကျွန်း။ ကျောင်းသားတို့ကလည်း အသနားမခံ။ ကြွေးကြော်သံများ၊ တိုက်ပွဲဝင် သီချင်းများ ရဲရဲတောက်မိန့်ခွန်းစွမ်းအားများဖြင့် ခုံရုံးထိုင် စစ်ဗိုလ်ကြီးများအား အရှက်ရစေခဲ့သည်။ ကျောင်းသားအများစုကို ချုပ်နှောင်သောနေရာကား အင်းစိန်ထောင်။ စံပြအကျဉ်းထောင်။ မျက်နှာစာမှာ "**စားဝတ်နေမှုလုံအောင် ပြု. . . လူရေးလူမှု ဒို့ ရှေ့ရှု** "ဟူသော ဧရာမဆိုင်းဘုတ်ကြီး ခန့်ညားစွာ ချိတ်ဆွဲထားသော အင်းစိန်ဗဟိုစံပြ အကျဉ်းထောင်။

(၃)

(၁၉၇၅)ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့ နောက်ပိုင်း အင်းစိန်ထောင်၌ ကျောင်းသား (၅၀၀)ခန့် အကျဉ်းကျခံနေရသည်။ ဦးသန့်ရှာပနတိုက်ပွဲမှ (၈၀)ခန့် (၇၅) ဇွန် သပိတ်တိုက်ပွဲမှ (၄၀၀)ကျော်၊ အင်းစိန်ထောင်မကြီးရှိ အဆောင်(၃)၊ အဆောင်(၄)နှင့် အဆောင်(၅)တို့တွင် ခွဲထားသည်။ ဖမ်းဆီးထားသော ကျောင်းသားများအား ကိုယ်ကာယ စိတ်ဓာတ်ကိုပါ ဖျက်ဆီးပစ်ရန် ချိုးနှိမ်ရေး

ပေါ်လစီတစ်ရပ်ကို စစ်အစိုးရက စနစ်တကျ ချမှတ်ခဲ့သည်။ ဤတွင် ကျောင်းသားတို့၏ ထောင်တွင်းတိုက်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ ပြီ (၁၁)ရက်၊ ထောင်တွင်းတိုက်ပွဲကား အပြင်းထန်ဆုံးပင်။

(၄)

ယင်း ချိုးနှိမ်ရေးပေါ်လစီကို အင်းစိန်ထောင်အာဏာပိုင်တို့က (၁၉၇၅) ခုနှစ်၊ ဩဂုတ်လဆန်း (၁)ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ရှေ့ဦးစွာ (၇၅)ခုနှစ် သပိတ်တိုက်ပွဲကြောင့် ဖမ်းဆီးထားသူများထဲမှ အသက် (၂၀) အောက် ကျောင်းသား (၁၂၃)ဦးကို ရွေးထုတ်ပြီး တွဲဖက်ထောင်သို့ပို့ခဲ့သည်။ တွဲဖက် ထောင်မှာ ထောင်မကြီးနှင့် ကပ်လျက်ရှိ ထောင်ငယ်တစ်ခုဖြစ်သည်။ ၎င်းကျောင်း သားငယ်များအား အုတ်နှစ်ထပ် ဆောင်အမှတ်(၂)၌ထားခဲ့သည်။ ထို့နောက် ကျေးကျွန်များသဖွယ်အလုပ်ကြမ်းများလုပ်ခိုင်းခဲ့သည်။ စိုက်ခင်းများ၌တစ်နေ့ကုန် အလုပ်လုပ်ကြရသည်။ အလုပ်ကြမ်း (တန်းစီး)များအဖြစ် ရာဇဝတ် အကျဉ်းသားများအား ခန့်ထားပြီး ကျောင်းသားငယ်တို့အား ရက်ရက်စက်စက် ညှဉ်းပန်းအုပ်ချုပ်စေခဲ့သည်။ အနာရောဂါ သို့မဟုတ် ပင်ပန်းအားကုန်မှုကြောင့် အလုပ်ကောင်းစွာမလုပ်နိုင်လျှင် ကျွဲ နွားများပမာ ရိုက်နှက်စေခိုင်းခြင်းခံရသည်။ ထမင်းလည်း ဝအောင်မစားရ မသေရုံတစ်မယ်ပုံစံဖြင့်သာ စားရသည်။ ရေချိုးလျှင် ပေါက်နေသော သစ်သားခွက်ဖြင့် လေးခွက်သာလောင်းရသည်။ လေမချွန်ရ၊ သီချင်းမဆိုရ၊ စကားကျယ် ကျယ်မပြောရ၊ တီးတိုးတိုင်ပင်ခြင်းမပြုရ၊ ကြမ်းပိုးမသတ်ရ စသည်ဖြင့် ပြစ်ဒဏ် များ ကလည်း လူမဆန်။ ခွေးလိုအူရသည်။ လေးဘက်ထောက်ပြီး အမှိုက်ကို ပါးစပ်ဖြင့် ကောက်ရသည်။ မညှာမတာ အရိုက်ခံရသည်။တချို့ပြစ်ဒဏ်များမှာဖော်ပြ၍မဖြစ်နိုင်အောက်အောင် ယုတ်ညံ့လှသည်။ ဤသို့ဖြင့် ကျောင်းသားငယ်တို့မှာ ကျိုးတို့ကျဲတဲ ဆံပင်၊ သွေးပြည်တို့ယိုထွက် ယောင်ကိုင်းနေသော ခြေလက်များ နေလောင်မွဲခြောက်နေသော အသားအရေ၊ အဝတ်အစားအစုတ်အပြဲအတိပြီးသော ခန္ဓာကိုယ်များဖြင့် လူရုပ်မပေါ်တော့ပေ။

(၅)

ထိုသို့ ကျောင်းသားငယ်များအား ဖိနှိပ်ချိုးနှိမ်ပြီး တစ်လကျော်အကြာ စက်တင်ဘာ ဒုတိယအပတ်ထဲတွင် တစ်ဆင့်တက်လာသည်။ ထောင်မကြီး အဆောင်(၃)မှ အသက် (၂၀)အထက် ကျောင်းသား (၅၁)ယောက်အား

တွဲဘက်ထောင် အဆောင်(၁)အောက်ဘက်သို့ပြောင်းရွှေ့ခဲ့သည်။ အများစုမှာ ဦးသန့် ရုပ်အလောင်းကိစ္စမှဖြစ်သည်။၎င်းတို့ထဲမှအချို့ကိုဘုတ်ကိုင်ကာ တန်းစီ၊ ဘာယာစ သော ဖိနှိပ်ရေးရာထူးများပေးအပ်ကာ ပုံစံသွင်းချုပ်ကိုင်ခဲ့သည်။ နောက်တစ်နေ့ တွင် အင်းစိန်ထောင်မကြီး အဆောင်(၃)နှင့် (၅)တို့မှ အသက် (၂၀)အထက် ကျောင်းသား (၇၆)ဦးကို တွဲဘက်ထောင် အဆောင်(၁)အပေါ်ဘက်သို့ပြောင်း ရွှေ့ခဲ့သည်။ အများစုမှာ (၁၉၇၅) ခုနှစ်ကျောင်းသားအလုပ်သမားသပိတ်တိုက်ပွဲ မှဖြစ်သည်။

ထိုကျောင်းသား (၇၆)ဦးသည် တွဲဘက်ထောင်သို့ စရောက်သည့်နေ့ ညဘက်တွင်ပင် လျှို့ဝှက်တိုင်ပင်ပြီး စစ်အစိုးရ၏ ချိုးနှိမ်ရေးပေါ်လစီကို ဆန့် ကျင်တိုက်ပွဲဝင်ရန်ဆုံးဖြတ်ခဲ့ကြသည်။

(၆)

နောက်တစ်နေ့ နံနက်တွင် အပေါ်ထပ်မှဆင်းကာ အဆောင်ရှေ့၌ တန်းစီ ကြရသည်။ ထောင်အမှုထမ်း (ထောင်အခေါ် ဝါဒါ)တစ်ဦးက ခက်ထန် သော မျက်နှာထားဖြင့် ကြိမ်လုံးတစ်ချောင်းကို ဝင့်ကာ ဝင့်ကာ ဟန်ရေးပြလျှက် အလုပ် စည်းကမ်းများကို ရှင်းပြသည်။ ထို့နောက် စိုက်ခင်းဝင်ရန်အတွက် အဆောင်ဝင်း ပြင်ပသို့ထွက်ရန် အမိန့်ပေးသည်။ ကျောင်းသား (၇၆)ဦးက "မတရားဖိနှိပ်မှုအလို မရှိ"ဟု ကြွေးကြော်ပြီး အဆောင်အပေါ်ထပ်သို့ ပြန်တက်သွားကြသည်။

ကြိမ်တဝင့်ဝင့်ဖြင့် မောက်မာနေသော အမှုထမ်းမှာ ပါးစပ်အဟောင်း ဖြင့် မျက်စိမျက်နှာအပျက်ပျက်ဖြင့် ထောင်ဘူးဝဘက်သို့ ပြန်ပြေးသွား တော့သည်။

(၇)

ကျောင်းသားများသည် အဆောင်အပေါ်ထပ်သို့ရောက်သောအခါ အေးဆေးစွာထိုင်နေခဲ့ကြသည်။ခဏအကြာတွင် စစ်ထောက်လှမ်းရေး တပ်ကြပ်ကြီး (၃)ဦးနှင့် ထောင်ဝါဒါများ ပြေးတက်လာသည်။ တချို့က အပေါ်ထပ်အပြင်ဘက် စင်္ကြံလမ်း၊ ထောင်အခေါ် ဘာယာတန်း၌ နေရာယူ လိုက်သည်။ သံတိုင်များကြားထဲမှ သေနတ်ပြောင်းများ ထိုးသွင်းကာ ချိန်ရွယ်ထား သည်။ တပ်ကြပ်ကြီးများနှင့် တုတ်ကိုင် ထောင်ဝါဒါ များက အခန်းတွင်းသို့ ဒေါသတကြီးဝင်လာသည်။ တပ်ကြပ်ကြီးတစ်ဦးက "**အစိုးရကို ပုန်ကန်တဲ့**

ကောင်တွေသေဖို့ပြင်ထား" ဟု ကြိမ်းမောင်းသည်။ ကျောင်းသားများက ဘာမျှပြန်မပြော၊ **"မင်းတို့ခေါင်း ဆောင်ဘယ်သူလဲ"**။ ပြန်မဖြေကြ၊ အခန်း တံခါးအနီး၌ ထိုင်နေသော ကျောင်းသား တစ်ဦးကို အတင်းဝင်ဆွဲသည်။ ကျောင်း သားအားလုံး ဝုန်းကနဲထလိုက်ပြီး ထိုကျောင်းသားထံပြေးသွားကြသည်။ **"မင်းတို့ကဒီလိုလား သိကြသေးတာပေါ့ကွာ"** ဟု ကြိမ်းမောင်းဆဲဆိုပြီး ပြန်ဆင်း သွားကြသည်။

(၈)

(၁၀)မိနစ်ခန့် ကြာသွားသည်။ ထို့နောက် ဗိုလ်ကြီးတစ်ဦးရောက်လာ သည်။ **"ငါ့ညီတို့ဘာဖြစ်ကြတာလဲ ပြောစမ်းပါဦး"** ချော့လာ သည်။ **"မတရားဖိနှိပ်တဲ့စည်းကမ်းတွေကို လက်မခံနိုင်ဘူး။ အလုပ်မလုပ်နိုင်ဘူး ဒါပါပဲ"** လို့ရင်းကိုပြောပြီး ဖြေလိုက်ကြသည်။ **"အေး ဒါဆိုရင် ကိုယ်စားလှယ် ရွေးကြကွာ ဆွေးနွေးကြတာပေါ့"** ဟုပြောပြီး ဗိုလ်ကြီးပြန်သွားသည်။

ကျောင်းသားများက ကိုယ်စားလှယ် (၅)ဦးရွေးသည်။ (၇၅)နှစ် သပိတ် တိုက်ပွဲမှ (၄)ဦး၊ ဦးသန့် ဈာပနတိုက်ပွဲမှ (၁)ဦး၊ တွဲဘက် ထောင်ပိုင်ဝန်ထောင် မှူးရုံးခန်းသို့သွားရောက်ဆွေးနွေးရသည်။ ကျောင်းသားများကအခိုင်အမာရပ်တည် ဆွေးနွေးသဖြင့် ထောင်အာဏာပိုင်များ လိုက်လျောရတော့သည်။ ဖိနှိပ်မှုစည်း ကမ်းများကို ရုပ်သိမ်းပေးသည်။ အချင်းချင်းဖိနှိပ်အုပ်ချုပ်စေသော စနစ်ကို ဖျက် သိမ်းပေးသည်။ အလုပ်လုပ်စရာလည်းမလိုတော့။ အနိုင်ရပြီးပြန်လာသော ကိုယ်စားလှယ်များကို အဆောင်(၁)မှ ကျောင်းသားများက ဝမ်းသာအားရကြိုဆို ကြသည်။ အောက်ထပ်ရှိ ကျောင်းသားများကလည်း အာဏာပိုင်တို့ စိတ်ကြိုက်ခန့် ထားသော လူကြီးများကို ဖြုတ်ချပစ်ပြီး ၎င်းတို့စိတ်ကြိုက် ကိုယ်စားလှယ်တစ်ဦး ကို ရွေးချယ်လိုက်ကြသည်။

(၉)

တိုက်ပွဲနိုင်ပြီး (၃)ရက်ခန့်အကြာတွင် ထောင်ဝင်စာတွေ့ရသည်။ နှစ်ပတ် တစ်ကြိမ် တနင်္ဂနွေနေ့၌ ထောင်ဝင်စာတွေ့ရသည်။ မလင်းတလင်း အခန်းငယ်တစ်ခု၌ သံဇကာနှစ်ထပ်ခြားကာ မိဘဆွေမျိုးများကို တွေ့ရခြင်းဖြစ် သည်၊ တွေ့ရသည့်အချိန်က (၁၅)မိနစ်သာ၊နှစ်ပတ်တစ်ခါ ထောင်ဝင်စာတွေ့ရန် ထောင်မကြီးသို့သွားရာတွင် ကျောင်းသားကြီးများနှင့် ကျောင်းသားငယ်များအတူ သွားကြရသည်။ ထိုအချက်ကို အခွင့်ကောင်းယူပြီး ကျောင်းသားကြီးများက

ကျောင်းသားငယ်များအတွက် တိုက်ပွဲဝင်ရေး စီစဉ်နိုင်ခဲ့သည်။

(၁၀)

နောက်တစ်နေ့ တနင်္လာနေ့တွင် ကျောင်းသားငယ်များ စိုက်ခင်း ဆင်းရသည်။ အလုပ်ကြမ်းလုပ်နေခိုက် မိုးဖွဲလေးများကျလာသည်။ ကျောင်းသားငယ်များက ထမင်းဟင်းချက်ရာ ဖိုကြီး၌မိုးခိုကြသည်။ ထိုအခါ အလုပ်ကြပ်ရာဇဝတ်အကျဉ်းသားများက ဆဲဆိုပြီး တုတ်ကိုင်ကာ ပြေးလာသည်။ ကျောင်းသားငယ်များသည် ကျောင်းသားကြီးများရှိရာ အဆောင် (၁)ဝင်း အတွင်းသို့ ချတ်တရက်ပြေးဝင်လိုက်ကြသည်။ ၎င်းတို့အား အောက်ထပ်သို့သွင်းကာ ကျောင်းသားကြီးများက အဆောင် ဝင်းတံခါးတွင် စုရုံးနေရာယူလိုက်ကြသည်။ တပ်ကြပ်ကြီးများ သုတ်သုတ်ပျာပျာ ရောက်လာသည်။ **"ဘာဖြစ်ကြတာလဲကွ"** ကျောင်းသားကြီးများက ပြန်ဖြေသည်။ **"ကလေးတွေလည်း အလုပ်မလုပ်နိုင်တော့ဘူး"**။ ကျောင်းသားငယ်များက ဝိုင်းအော်သည်။ **"ဟုတ်တယ်. . . ဟုတ်တယ်. . . " "ငါတို့အလုပ်မလုပ်နိုင်တော့ ဘူး"** တပ်ကြပ်ကြီးများ စိတ်ပျက်သွားသည်။ **"မင်းတို့ကလည်း အေးအေး ဆေးဆေး ပြောရောပေါ့ကွာ"** ဤမျှသာ ပြောပြီးပြန်သွားသည်။ စစ်အစိုးရ၏ ချိုးနှိမ်ရေး ပေါ်လစီကို ကျောင်းသားများက ဤသို့ တိုက်ပွဲဖြင့် ရိုက်ချိုးပစ်ခဲ့ကြသည်။

(၁၁)

ထောင်နံရံတံတိုင်းများ ကြားတွင် ပိတ်လှောင်ထားပြီး ဖိနှိပ်ညှဉ်းပန်းခြင်းဖြင့် ကျောင်းသားတို့၏ ယုံကြည်ချက်ကို နင်းချေနိုင်မည်ဟု စစ်အစိုးရက အထင် ရောက်ခဲ့သည်။ ကျောင်းသားတို့က အညံ့မခံဘဲ ဆန့်ကျင်တိုက်ခိုက်ပြီး အောင် ပွဲယူလိုက်သောအခါ မတတ်သာဘဲ အလျှော့ပေးခဲ့ရသော်လည်း ဒေါသ အမျက်ချောင်းချောင်းထွက်ခဲ့သည်။ ကိုယ်စားလှယ်(၅)ဦးအပါအဝင် ကျောင်းသား (၁၂)ဦးတို့ အား တိုက်ပိတ်ခြင်းဖြင့် အရှက်ဖြေခဲ့သည်။ ချိုးနှိမ်ရေးပေါ်လစီကို ထပ်မံကျင့်သုံးရန် အစဉ်တစိုက်ချောင်းမြောင်းနေခဲ့သည်။ (၁၉၇၆)ခုနှစ် မတ်လကုန်ခန့်တွင် သတင်းတစ်ခု ထွက်လာသည်။ကျောင်းသားများကို လူစုခွဲကာ ရာဇဝတ်အကျဉ်းသားများ ကြားခံထားပြီး မဖြစ်မနေ အလုပ်ခိုင်း မည်။

**အရှက်ဦးကို ကြိုခဲ့သည် (၂)**

(၁၂)

ယခုတစ်ကြိမ် တိုက်ပွဲနယ်မြေကား အင်းစိန်ထောင်မကြီးဖြစ်သည်။

အဆောင်(၁)မှာ အုတ်နှစ်ထပ်ဆောင်ဖြစ်သည်။ အပေါ်ထပ်တွင် ပေ(၁၀၀)ခန့် ရှည်သော အခန်း (၄)ခန်း၊ အောက်ထပ်တွင် (၄)ခန်း၊ အုတ်နံရံများတွင် သံတိုင်ပြတင်းပေါက်များရှိသည်။ အုတ်နံရံတစ်ဖက် အတွင်း၌ အခန်းအသီးသီးသို့ သွားနိုင်သော တောက်လျှောက်ဘာယာတန်းရှိသည်။ ဘာယာတန်းနှင့် အခန်းများကို လေးနှစ်ပျဉ်းကတိုးတိုင်များ တန်းစီရိုက်၍ခြားထားသည်။ အခန်းနှင့် တစ်ခုအကြား၌ အုတ်နံရံရှိသည်။ အခန်းတစ်ခန်းလျှင် သစ်သား တံခါးမ နှစ်ခုစီရှိသည်။ နေ့ခင်းဘက်တွင် အဆောင်ဝင်းတံခါးမကြီး အပေါ်ထပ်သို့ ဝင်သောတံခါးနှင့် အောက်ထပ်သို့ ဝင်သော တံခါးများကို ဖွင့်ထားသည်။ အခန်းတံခါးများကို အပြင်မှ ကလန့်ထိုး ကာ ပိတ်ထားသည်။ သော့များ ခတ်ထားခြင်းမရှိ။

(၁၃)

(၁၉၇၆)ခုနှစ်၊ ဧပြီလ (၁၀)ရက်၊ နံနက် (၁၁)နာရီခန့်တွင် ကျောင်းသား (၃)ဦး ကို ထောင်အမှုထမ်းများလာခေါ်သည်။ အောက်ထပ် အခန်း(၁)မှ တစ်ဦး၊ အခန်း (၄)မှ (၂)ဦး၊ အားလုံး ဦးသန့်ဈာပနတိုက်ပွဲမှဖြစ်သည်။ မည်သည့်နေရာ သို့ပို့ မည်ကို မပြော၊ ထို့ကြောင့် ရာဇဝတ်ဆောင်များသို့ပို့လျှင် ပြန်ပြေးလာရန် အခြေအနေမပေးပါက ဖြစ်သည့်နည်းနှင့်အကြောင်းကြားရန် မှာလိုက်ရသည်။ ထို့နောက် သံတိုင်ပေါက်မှ လက်ထုပ်၍ မှန်တစ်ချပ်ထောင်ကာ အဆောင်တံခါး မကြီးကို စောင့်ကြည့်နေသည်။ ကျောင်းသား (၃)ဦး အဆောင်ဝင်းပြင်ပသို့ ထွက်သွားသည်။ မကြာမီ ကျောင်းသားနှစ်ဦး ပြန်ပြေးဝင်လာသည်။ ကျောင်းသားတစ်ဦးက အောက်ထပ်အခန်း(၂)တံခါးကို ဆွဲဖွင့်လိုက်သည်။အခန်း (၂)မှ ကျောင်းသား (၃)ဦးပြေးထွက်လာသည်။ ထို့နောက် (၅)ဦးလုံး အခန်း(၃)အတွင်းသို့ဝင်လာသည်။ အောက်ထပ်အခန်း(၃)၌ ကျောင်းသား (၃၂)ဦးဖြစ်သွားသည်။ မဧ ဇွန်သပိတ်တိုက်ပွဲမှ (၃၀)နှင့် ဦးသန့် ဈာပနတိုက်ပွဲမှ(၂)ဦး။ ချက်ချင်းပင် ထောင်မှူးနှင့် ထောင်ဝါဒါများရောက်လာသည်။ ထောင်ပိုင်အားခေါ်ပေးရန် ကျောင်းသားများက တောင်းဆိုသည်။ ထောင်မှူးက ၎င်းနှင့်ဆွေးနွေးရန် တောင်းဆိုသည်။ ကျောင်းသားများက လက်မခံ၊ ယခုကဲ့သို့ မတရားဖိနှိပ်မှုများကို ဆန့်ကျင်ကြောင်း ထောင်ပိုင်နှင့်သာဆွေးနွေးလိုကြောင်း ထပ်ပြောသည်။ ထောင်မှူးတို့ပြန်သွားကြသည်။ အခန်း(၃)ရှိ ကျောင်းသားများက ကျန်အခန်းများ ရှိကျောင်းသားများ၊ အလုပ်သမားများ၊ အခြားနိုင်ငံရေးအကျဉ်းသားများနှင့်

ဆက်သွယ်သည်။ တိုက်ပွဲဝင်ရန်အတွက် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။ ညဘက်တွင် အလှည့်ကျကင်းစောင့်၍ အိပ်ကြရသည်။

(၁၄)

(၁၉၇၆)ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ ထောင်ဝင်စာတွေ့ရမည့်ရက် နံနက် (၈)နာရီခန့်တွင် ရေချိုးရန် တံခါးလာဖွင့်ပေးသည်။ ကျောင်းသားများက သုံးစုခွဲကာ တစ်လှည့်စီရေချိုးသည်။ (၉)နာရီလောက်တွင် ကျောင်းသားအချို့အား ထောင်ဝင်စာ တွေ့ရန်လာခေါ်သည်။ ကျောင်းသားများကမလိုက်၊ ထောင်ဝင်စာသွားတွေ့ပြီး အပြန်၌ အဆောင်ပြန်မပို့ဘဲ တိုက်ပိတ်လိုက်လျှင် တိုက်ပွဲပြိုကွဲသွားမည်။ ပြင်ပမှ စောင့်နေရှာမည့် မိဘဆွေမျိုးများအတွက် စိတ်မကောင်းဖြစ်ကြရသော်လည်း မတတ်နိုင် ငြင်းလိုက်ရသည်။ ထိုအခါ ထောင်အာဏာပိုင်များ ပြဿနာတက်တော့သည်။ မိဘဆွေမျိုးများက ကျောင်းသားများအား ခေါ်ပြရန် အရေးဆိုသည်။ မိမိတို့သားသမီးများ မရှိတော့၍သာ သို့မဟုတ် ဒဏ်ရာအပြင်းအထန် ရနေ၍သာ ထွက်မတွေ့နိုင်ဟု ယူဆကြသည်။ တိုက်ပွဲသတင်းကလည်း ထောင်ပြင်ပအထိ ပျံ့ထွက်နေသည်။ မိဘအချို့ ငိုယိုကြသည်။ ထောင်အာဏာပိုင်များ၏ ပြောစကားကိုမယုံကြ၊အခက်တွေ့နေကြသောအာဏာပိုင်များက အကြိမ်ကြိမ်လာခေါ်သည်။ ကျောင်းသားတို့က ငြင်းမြဲငြင်းသည်။ ညနေ (၆)နာရီခန့်တွင် လူထွက်မတွေ့လိုက ပစ္စည်းယူရန်နှင့် ပစ္စည်းရရှိကြောင်း လက်မှတ်ထိုးပေးရန် လာရောက်ညှိနှိုင်းသည်။ ကျောင်းသားများက သဘောတူလက်ခံခဲ့သည်။ ပစ္စည်းများ ရရှိပြီးသည့်အခါ အခန်းတံခါးနှစ်ခုကို အတွင်းဘက်မှ အသေပိတ်ရန် စီစဉ်သည်။ တစ်ပေါက်သာ ပိတ်နိုင်ခဲ့သည်။ မကျိုး မပဲ့စေရန် ရော်ဘာဖိနပ်များကို လက်ဖျံများ၌ ကပ်စည်းထားကြသည်။ အင်္ကျီသုံးလေးထည်ထပ်ဝတ်ကြသည်။ ပစ္စည်းများ အဆင်သင့်ထုပ်ပိုးထားသည်။ ရသမျှအုတ်ခဲပိုင်းများကို စုထားသည်။ ည(၁၀)နာရီခန့်တွင် ကင်းစောင့်အလှည့်ကျသူများအပ အိပ်ကြသည်။

(၁၅)

ထ . . ထ လာနေကြပြီ။

ကင်းစောင့်နေသူများက လိုက်နှိုးသည်။ အိပ်ရာမှ ကမန်းကတန်းထပြီး တံခါးပေါက်များတွင် လူခွဲကာ နေရာယူလိုက်သည်။ ဒေါက် ဒေါက် ဒေါက် ဖိနပ်သံများနှင့်အတူ ထောင်ပိုင် ထောင်မှူးများ၊ ထောင်ဝါဒါများ၊ ဘာယာလမ်း

အတိုင်း ဝင်ရောက်လာကြသည်။ အုတ်နံရံ သံတိုင်များဘက်သို့ ကြည့်လိုက်သောအခါ စစ်ခွေးများ၊ ထောင်ဝါဒါများ နောက်ဖက်တွင် လုံ့စွပ်တပ် ဂျီသနီးသေနတ်ကိုင်စစ်သားများ၊ အရက်နံ့တထောင်းထောင်းဖြင့်၊ ဆယ်ရက်နေ့ကစပြီး ထောင်ဝါဒါများအား အိမ်ပြန်ခွင့် မပေးဘဲစုထားသည်။ ထို့နောက် အရက်မူးအောင်တိုက်ကာ နံပါတ်တုတ်များထုတ်ပေးသည်။ အိမ်မပြန်ရ၍ ဒေါသထွက်နေကြသော၊ မူးရူးနေသော၊ တုတ်ကိုယ်စီကိုင်ထားသော ထောင်ဝါဒါများ စုစုပေါင်း (၃၀၀)ကျော်။ ထောင်ဗူးများမှ သံချောင်းခေါက်သံ တစ်ဆယ့်နှစ်ချက် ထွက်ပေါ် လာသည်။

(၁၆)

ဘာယာလမ်းတစ်လျှောက်တွင် ထောင်ဝါဒါများ ပြည့်ကျပ်နေသည်။ အချို့က အခန်းတံခါးကို ဆွဲဖွင့်နေကြသည်။ ဖွင့်၍မရ။ တံခါးမဖွင့်နဲ့ အေးအေးဆေးဆေးဆွေးနွေးပါ။ ကျောင်းသားများက မေတ္တာရပ်ခံသည်။ လက်မခံ၊ တဒုန်းဒုန်း တဒိုင်းဒိုင်းထုရိုက်ကာ ဆက်ဖွင့်နေကြသည်။ **"ခင်ဗျားတို့ တံခါးမဖွင့်နဲ့နော်၊ ကျွန်တော်တို့က သေလူပဲ၊ ခင်ဗျားတို့ဝင်လာရင် ခုခံရလိမ့်မယ်"** ကျောင်းသားများက သတိပေးသည်။ မရ။ တံခါးများကိုသာ အတင်းဖွင့်နေကြသည်။ ထိုအခါ ကျောင်းသားများက ကြွေးကြော်သံများကို တိုင်လိုက်ကြသည်။ **"ကျောင်းသားမထိနဲ့ မီးပွင့်သွားမယ်" "မတရား ဖိနှိပ်မှု အလိုမရှိ" "စစ်အစိုးရ ကျဆုံးပါစေ"** အခြားအခန်းများကလည်း ထိုကြွေးကြော်သံများအတိုင်း လိုက်အော်သည်။ အဆောင် (၃)တစ်ခုလုံးမှာ ကြွေးကြော်သံများဖြင့် တုန်ခါနေသည်။ ထိုအခိုက် တံခါးတစ်ချပ် ဝုန်းကနဲပွင့်သွားသည်။

(၁၇)

တံခါးပွင့်သွားသည်နှင့် ထောင်ဝါဒါတစ်ဦးဝင်လာသည်။ နဖူးကို အုတ်ခဲပိုင်းထိပြီး ခွေကျသွားသည်။ နောက်ထပ်ဝင်လာကြပြန်သည်။ ကျောင်းသားများက ရှိသမျှ အုတ်ခဲကျိုးများ ပုလင်းများဖြင့် ပစ်ပေါက်ကြသည်။ အခန်းဝတွင် ထောင်ဝါဒါ တစ်ဦးပြီး တစ်ဦး လဲကျသွားသည်။ အခန်းတစ်ခုလုံးမှာ ဖုန်မှုန့် သဲမှုန့်များဖြင့် မှိုင်းမှုန်နေသည်။ ကြွေးကြော်သံများကလည်း အဆက်မပြတ်ပေါ်ထွက်နေဆဲ၊ ကျောင်းသားများ၌ ပစ်ပေါက်စရာဘာမှမရှိတော့။ ထောင်ဝါဒါများ အလုံးအရင်းဖြင့် ပြေးဝင်လာပြီး ရိုက်နှက်ကြတော့သည်။ ကျောင်းသားတစ်ဦးပြီးတစ်ဦးလဲကျသွားသည်။ ထောင်ဝါဒါများက လဲကျနေသော

ကျောင်းသားများပေါ်သို့ တက်ခုန်သူကခုန်၊ သိမ်းကြုံးကန်သူကကန်၊ ငါးဖယ်တွေ သကဲ့သို့ တုတ်ဖြင့် ရိုက်သူကရိုက်၊ အလူးလူးအလိမ့်လိမ့်ဖြစ်နေသော ကျောင်းသားတို့၏သွေးများဖြင့် အခန်းကြမ်းပြင်မှာ နီရဲနေသည်။

(၁၈)

ထို့နောက် သတိလစ်နေသော ကျောင်းသားများအား ခြေထောက်မှကိုင်ကာ ဒရွတ်တိုက်ဆွဲထုတ်ကြသည်။ ဘာယာလမ်း၌ သွေးစွန်းကြောင်းကြီးပေါ်လာသည်။ အပေါ်ထပ်ရှိကျောင်းသားများကကြွေးကြော်သံတိုင်နေကြဆဲ။ ကျောင်းသားများကို စစ်ခွေးတိုက်အထိ ဆွဲသွားသည်။ စစ်ခွေးတိုက်မှာ အဆောင်(၃)နှင့် ကိုက် (၄၀၀)ခန့်ဝေးသည်။ အင်းစိန်ထောင်အတွင်းချောင်ကျသော အစွန်းတစ်နေရာ၌ရှိ သည်။ စစ်ခွေးများ သားဖောက်သော အခန်း(၁၀)ခန်းပါ တိုက်ဖြစ်ပြီး ယခင်က လူမထားဖူးပေ။ စစ်ခွေးတိုက်သို့သွားသော လမ်းတစ်လျှောက် ဘယ်ညာတွင် ထောင်ဝါဒါများ တန်းစီစောင့်နေသည်။ အလယ်မှ ဖြတ်ဆွဲသွားသော ကျောင်းသားများအား ကန်ကြ၊ ရိုက်ကြ၊ ထိုးကြိတ်ကြဖြင့် စိတ်ကြိုက်နှိပ်စက်နေကြသည်။ ကျောင်းသားတို့၏ ဦးခေါင်းများ၊ နဖူးများ၊ မေးများကွဲကုန်သည်။ လက်များ၊ နှာခေါင်းများ ကျိုးကြေသွားသည်။

စစ်ခွေးတိုက်သို့ရောက်သွားသောအခါ အောက်ခံဘောင်းဘီပါမကျန် အဝတ်အစားအကုန်ဆွဲချွတ်ပြီး တိုက်ခန်းများထဲကန်ထည့်သည်။ အခန်းထဲ၌ ဖျာမရှိ၊ သောက်ရေအိုးမရှိ၊ ဒဏ်ရာအပြင်းအထန်ရထားသောကျောင်းသားများမှာ ခွေးအမွေးများဖြင့် ညစ်ပေနေသော သံမံတလင်းပေါ်တွင် သတိရတစ်ချက် မရတစ်ချက်။သို့သော် တောင်းပန်းတိုးလျှိုးသံမကြားရညည်းညူအော်ဟစ်သံမထွက်။ အံကြိတ်ခံခဲ့ကြသည်။ အားလုံးခေါင်းထဲတွင် အတွေးတစ်ခုသာရှိသည်။ **"ငါတို့ နိုင်တယ်၊သေသွားရင်လည်း နိုင်တာပဲ သေတဲ့လူကို ဘယ်လို အလုပ်ခိုင်းမလဲ"။**

(၁၉)

ဤတိုက်ပွဲတွင် ကျောင်းသား (၃၂)ဦးအနက် (၂၄)ဦး အပြင်းအထန် ဒဏ်ရာရသည်။ အသက်ပြင်းလွန်း၍သာ မသေကြခြင်းဖြစ်သည်။ နောက်ဆုံးတော့ စစ်အစိုးရက သူ၏ချိုးနှိမ်ရေး ပေါ်လစီကို ရုပ်သိမ်းလိုက်ရသည်။ အင်းစိန်ထောင်ကဲ့သို့သော ဖိနှိပ်ရက်စက်မှု ပြင်းထန်လွန်းလှသည်။ နေရာ၌အလွန်ပင် ဆိုးဝါးလှသော အခြေအနေတွင် ကျောင်းသားတို့ ပြတ်သားစွာ တိုက်ပွဲဆင်နိုင်

ခဲ့ကြသည်မှာ မည်သည့်အတွက် ဖြစ်သနည်း။ စစ်အစိုးရလက်အောက်၌ မြန်မာနိုင်ငံရှိ နေရာတိုင်းသည် စစ်မြေပြင်ဖြစ်သည်။ ရောက်ရာအရပ်၌ တိုက်ပွဲရှိသည်။ တိုက်ပွဲဝင်ရမည်။ ကျောင်းတက်နေလျှင် ကျောင်းထဲ၌ စစ်ခုံရုံးသို့ ရောက်လျှင် ခုံရုံးရှေ့၌၊ ထောင်ကျလျှင် ထောင်တွင်း၌ ထပ်ကာထပ်ကာ တိုက်ပွဲဝင်ရမည်။ နောက်ဆုံးထွက်သက်အထိ တိုက်ဝင်ဝင်ရမည်။ ဤသို့ ခံယူခဲ့ကြသည်။ ထို့ပြင် ပြည်သူကို ယုံကြည်ခဲ့သည်။ အနာဂတ်ကို ယုံကြည်ခဲ့ကြသည်။စစ်အစိုးရ၌ လက်နက်ကိုင်ကြေးစား မည်မျှရှိစေကာမူ ၎င်း၏ အားကောင်းမှုမှာ ယာယီသာဖြစ်သည်။ စစ်အစိုးရ၌ အနာဂတ်မရှိ။ ရေရှည်၌ အနာဂတ်၌ နောက်ဆုံး၌ ပြည်သူတို့သာ အောင်ပွဲခံရမည်။ သေရမှာကို တွေးပူစရာမလို။ ရောက်ရာအရပ်၌ တာဝန်ကျေပွန်ရေးသာ အဓိကဖြစ်သည်။ မိမိတို့သေသွားသည့်တိုင် ကောင်းသော အစဉ်အလာများကို ထိန်းသိမ်းရင်း တော်လှန်ရေးက ရှေ့သို့သာချီတက်သွားလိမ့်မည်။ စစ်အစိုးရကို ပြည်သူလူထုက လက်စားချေလိမ့်မည်။ မိမိတို့ အသက်သွေးဖြင့် ပြည်သူ့ခေတ်အရုဏ်ဦးကို ကြိုရမည်။ ခေတ်ရှေ့ဆောင်ကျောင်းသားများက ဤသို့ ယုံကြည်ခဲ့ကြသည်။

ဤယုံကြည်ချက်ဖြင့် ရန်သူကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ဤယုံကြည်ချက်ကြောင့်ပင် တိုက်ပွဲများနိုင်ခဲ့သည်။

(၂၀)

အင်းစိန်ထောင်သည် အမှောင်နှင့်တိတ်ဆိတ်မှုအောက်၌ ဝပ်စင်းနေသည်။ အမှောင်နှင့် တိတ်ဆိတ်ခြင်း။ဤသံသရာသည် ထာဝရ သဘောဆောင်တော့မယောင် ဖြစ်နေသည်။ အမှောင်နှင့်တိတ်ဆိတ်ခြင်း၊ သံချောင်းခေါက်သံများ။ယခုအကြိမ်၌ တစ်ဆယ့်နှစ်ချက်စီ၊ သို့သော် အမှောင်နှင့်တိတ်ဆိတ်ခြင်းမလာတော့၊ ကြွေးကြော်သံများက တိတ်ဆိတ်ခြင်းကို မောင်းထုတ်လိုက်သည်။ အမှောင်ထုအောက်၌ သွေးစီးကြောင်းများပေါ်လာသည်။ အလင်းတန်းများ မီးရောင်များ ဟိုဒီ လှုပ်ရှားနေသည်။

အတန်ကြာသောအခါ သကြိန်တေးသံက ပျံ့လွင့်လာသည်။ သကြိန်အကြိုနေ့ပါလား၊ သကြိန်ကို ကြိုခွင့်မရ၊ နှစ်သစ်ကိုလည်း ကြိုခွင့်မရ၊ သံတိုင်များကို အနိုင်နိုင်ဆုပ်ကိုင်ရင်းလှမ်းကြည့်မိကြသည်။ တံတိုင်းအထက် အရှေ့တစ်နေရာ၌ အနီရောင်ပွင့်ဖတ်များဖြင့် အရုဏ်ဖူးပွင့်နေသည်။ အရုဏ်ဦးကိုတော့ ကြိုနိုင်ခဲ့သည်။

ဌေးအောင်

## " အင်းစိန်ထောင်မှ ငရဲခန်းများ "

ကိုဗေဒါ

စစ်ခုံရုံးက မှိုင်းရာပြည့်အရေးအခင်းနဲ့ မီးမောင်းစာစောင် ထုတ်ဝေဖြန့်ချိမှုအတွက် အပြစ်ရှိတယ်ဆိုပြီး အပြစ်ချပါတယ်။ ပြီးတော့ တိုက် (၄)ရှည် (၁)ခန်းမှ (၆)ခန်းထိ စုထည့်လိုက်ပါတယ်။ စစ်ကြောရေးကာလက တစ်ယောက်နဲ့တစ်ယောက်မတွေ့ကြတာရယ်၊ ပြင်ဆင်ချက်တင်ဖို့ ညှိနှိုင်းကြရတာရယ်ကြောင့် တိုက်ထဲမှာ အတော်လေးဆူညံသွားပါတယ်။ အားပေးကြ၊ နှုတ်ဆက်ကြ၊ ရယ်မောကြနဲ့ပေါ့။ မကြာပါ၊ ကျွန်တော်ရယ်၊ ကိုမြအေးရယ်၊ ကိုဟံလွင်ရယ်၊ ကိုစိန်ဝင်းရယ်၊ ပြင်ဆင်ချက်မတင်ဖို့ စည်းရုံးတယ်ဆိုပြီး ခြောက်တိုက် နှစ်ပတ်ပိတ်လိုက်ပါတယ်။

တိုက်က ပြန်ထုတ်တော့ (၅)တိုက်မှာ လူစုခွဲထည့်လိုက်ပါတယ်။ တချို့ကျောင်းသားခေါင်းတွေနဲ့အတူနေရပါတယ်။ ကျွန်တော်ကတော့ အခန်း(၁၇)မှာ ကိုဟံလွင်၊ ကိုတင်လှိုင်၊ ကိုဇော်ကြီးတို့နဲ့နေရပါတယ်။ အချင်းချင်းမို့ အတွေ့အကြုံဖလှယ်ကြ အားပေးကြနဲ့ပေါ့။ စစ်ခုံရုံးကို ပြင်ဆင်ချက်တင်လိုက်ပါတယ်။ တင်တဲ့သူ မတင်တဲ့သူ ကွဲပါတယ်။ ပြင်ဆင်ချက်မတင်တဲ့တက်ကြွလွန်းတဲ့ ကျောင်းသားခေါင်းဆောင်အချို့က ကိုထွန်းအောင်ကျော်ကို လူရှောက်ချိ၊ ကျွန်တော့်ကို တိန်ရှောက်ဖိန်လို အမည်တပ်ပြီး ဝေဖန်တိုက်ခိုက်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေအကြောင်းအရအပြစ်မရှိကြောင်း ပြန်လည်ထုချေဖို့ လိုတယ်လို့ ထင်ပါတယ်။ ပြင်ဆင်ချက်ကြောင့် ပြစ်ဒဏ် (၂)နှစ်လျှော့

လိုက်ပါတယ်။

ကိုဝင်းမြင့်တို့ဦးဆောင်ပြီးမိလ္လာစက္ကူပေါ်မှာ ဝှက်ထားတဲ့ဘောလ်ပင်နဲ့ ရေးပြီး ကဗျာစာအုပ်ထုတ်ပါတယ်။ ကျွန်တော်လည်း ကဗျာရှည်တစ်ပုဒ် ရေးပေးလိုက်ပါတယ်။ တံငါတွေရဲ့ဘဝကဗျာမို့ အတော်ကြိုက်နှစ်သက်ကြပါတယ်။ အဲဒီကဗျာရှည်ကို (၁၉၉၄)ခုနှစ်၊ သယ်နိကျွန်းမြို့နယ် မဂ္ဂဇင်းမှာ ထပ်ထည့်ပါတယ်။ ကဗျာအပြင် တော်လှန်ရေးသီချင်း (၅၀)လောက် ထမင်းစားပန်းကန်ဖင်မှာ သွားတိုက်ဆေးဗူးအခွံနဲ့ရေးပြီးသံစဉ်ရှာပါတယ်။ အခန်းနေသူများက ပါးစပ်နဲ့ တီးလုံးလိုက်ပေးပါတယ်။ ဂီတဆည်းဆာမှာ ကျွန်တော်တင်ဆက်ပါတယ်။

**"သံတိုင်တွေနဲ့ အုတ်တံတိုင်းတွေ**
**ဝိုင်းပတ်ကာထား မှောင်မိုက်တဲ့ညများ**
**သူတို့နှလုံးသားမှာ ကြင်နာမှုကင်း**
**ရက်စက်ခြင်းများစွာ**
**ထောင်ဆိုတာ. . . ထောင်ဆိုတာ. .**
**သူရဲကောင်းတို့ရဲ့ ပြတိုက်တစ်နေရာ"**

အဲဒီအပုဒ်ကို ကိုအောင် (တင်ဝင်း၊ တင်မာလာ)က ကြိုက်လို့ အော်အော်ဆိုပါတယ်။ သူရဲကောင်းတို့ရဲ့ ပြတိုက်တစ်နေရာက ပြန့်သွားပါတယ်။ ရေးသူက ကျွန်တော်ဆိုတာ အခုမှ ဖော်ထုတ်တာပါ။ အခု အင်တာနက်မှာ ရောက်နေမလားပဲ။

(၇၇)ခုနှစ် နှစ်ဦးပိုင်းမှာ (၃)ဆောင်ကို ပြောင်းရပါတယ်။ ကျွန်တော်က အောက်တစ်ခန်းမှာပါ။ စုစုပေါင်း (၂၉)ယောက်ရှိပါတယ်။ အထူးဆောင်မို့ တစ်ယောက်ကုတင်လေးတွေနဲ့အိပ်ရပါတယ်။ စောင်တွေကို ခြင်ထောင်သဘောလုပ်ပြီးထောင်အိပ်တယ်။ တန်းစီလူရေရင် ထိုင်မပေးရပါဘူး။ တစုံတရာလွတ်လပ်ပါတယ်။ ကျွန်တော်တို့အများစုက စုပေါင်းစားကြပါတယ်။ ထောင်ဝင်စာကို အလှည့်ကျစီမံခန့်ခွဲဖို့လူရွေးထားပါတယ်။ ထောင်ဝင်စာက အများအားဖြင့်မလာနိုင်ကြပါဘူး။ တချို့ခရီးဝေးကာ တချို့အဆင်မပြေတာကြောင့်ပါ။ လာနိုင်တဲ့သူတွေက မငြီးငြူကြပါဘူး။ တကိုက်တဖဲ့စားပြီး ဘဝတူအကျဉ်းသား အချင်းချင်း ရိုင်းပင်းကြပါတယ်။ ကျွန်တော့်အိမ်က နှစ်ပတ်တစ်ကြိမ် ပုံမှန်လာပါတယ်။ ယောက်ဖတော်တူနဲ့အညီအမျှပို့ပေးပါတယ်။ ကျွန်တော့်ယောက္ခမက ပုံမှန်တာဝန်ယူရတာပါ။ ဇနီးနဲ့သမီးကိုလည်း စောင့်ရှောက်ကျွေးမွေးထားရတာပါ။

အခန်းထဲမှာ ဇွန်အရေးအခင်းနဲ့ထောင်ကျနေတဲ့လူငယ်တွေရှိတယ်။ မောင်မျိုးလွင်၊ ကြည့်စိုး၊ အောင်ကျော်သိန်း၊ ကျော်မြင့်၊ ခင်မောင်လွင်၊ အောင်ကျော်ဦးတို့ပါ။ သူတို့ကို ကျွန်တော်တို့က ပညာပိုင်းသင်ပေးပါတယ်။ ကျွန်တော်တို့မရောက်မီ အဆောင်အခြေအနေသိပ်မကောင်းပါ။ လက်ျာ ကျောင်းသားနဲ့ လက်ဝဲကျောင်းသားအချို့ တွဲဘက်ထောင်မှာ တိုက်ပွဲဖြစ်ခဲ့ကြလို့ အချင်းချင်းမကျေမနပ်နဲ့ အပြန်အလှန်စွပ်စွဲအပြစ်တင်နေကြချိန်ပါ။ ကျွန်တော်တို့ကတော့ ဘဝတူအကျဉ်းသားအချင်းချင်း ညီညွတ်ဖို့တိုက်တွန်းရပါတယ်။

ထောက်လှမ်းရေးက အုပ်ချုပ်ရေးကို တိုက်ရိုက်ကိုင်တွယ်ချိန်မို့ တိုက်မှာဆို တပ်ကြပ်ကြီးသိန်းမြိုင်၊ သုံးဆောင်ကို တပ်ကြပ်ကြီးလှရွှေ၊ ထောင်မှူးဗိုလ်နီ ထောင်မှူး(၃)ရစ် ဦးကျော်ရင်ပါ။ ထောင်ပိုင်ကတော့ နာမည်ကြီး မဂ္ဂနားပါ။ ပုံစံဆောင်မပြောင်းခင် တစုံတရာလွတ်လပ်ခွင့်ပေးထားပါတယ်။ အစားအသောက်နဲ့ပတ်သက်လို့ မကောင်းရင် ပြန်လဲပေးပါတယ်။ ရေချိုးချိန် တစ်နာရီချပေးပြီး လွတ်လွတ်လပ်လပ်ရေးချိုး အဝတ်လျှော်၊ အားကစားလုပ်နိုင်ပါတယ်။

သင်္ကြန်မှာ ကျွန်တော်တို့အခန်းက သံချပ်စုပေါင်းရေးပြီး အခန်းတွေဆီလိုက်တိုင်ဖို့ ကြိုးစားပါတယ်။ အရင်ဆုံးရုံးခန်းရှေ့မှာ တိုင်ပြရပါတယ်။ သူတို့ခွင့်မပြုနိုင်တဲ့အချက်အချို့ တိုင်မပြပါဘူး။ အခန်းတွေရောက်မှ ထည့်တိုင်ပါတယ်။ နောက်က ဝန်ထမ်းထည့်ပေးပေမယ့် အရေးယူမခံရပါဘူး။ အခန်းတွေကသဘောကျလို့ အစားအစာ၊ မုန့်မျိုးစုံပေးကျွေးပါတယ်။ အချို့အခန်းတွေကလည်း ဖိုးသူတော်ယိမ်း၊ ဗိုက်ကြီးသည်ယိမ်း၊ ဟာသအကတွေနဲ့လိုက်ဖျော်ဖြေပါတယ်။ အပြန်အလှန်ရေခပ်ပြီး လောင်းကြပါတယ်။ ညဘက်မှာ ကျွန်တော်တို့အခန်းက ပြဇာတ်ကပါတယ်။ အမှုထမ်းတွေလည်း လာကြည့်တယ်။ အပေါ်ထပ်ကလည်း ပျဉ်တွေခွာပြီးကြည့်ကြတယ်။ **'နွေဦးညီလာသဘင်'**လို့ အမည်တပ်ထားပါတယ်။ ဒါရိုက်တာကတော့ ကျွန်တော်ပေါ့။ တစ်ခန်းရပ်ပြဇာတ်ကတော့ အီကြာကွေးရဲ့ ကုန်ဈေးနှုန်း သရော်ထားတဲ့ဆီလုံ၊ ဒေဗစ်ဆား၊ ငရုတ်စလီတို့ ထိုးပွဲပြီးတော့ ပရိသတ်ကို ဆင်းထိုးကြတဲ့ပြကွက်။ နောက် ဒေါက်တာအားလူး၊ ကိုအောင်ညွန့် (မီးမောင်း)၊ ကိုစိုးသန်းထွန်း (မီးမောင်း)၊ ကိုအောင်ဝေလာ (ဇွန်)တို့ ပီပြင်အောင် သရုပ်ဆောင်နိုင်ကြပါတယ်။

သင်္ကြန်ကို ထောင်တွင်းမှာ ပျော်ရွှင်စွာနဲ့ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ မုန်တိုင်းမကျမီ လေပြေလေညင်းလေးတိုက်ခတ်တဲ့သဘောပေါ့။ နောက်ပိုင်း

အထူးဆောင်ကနေ ပုံစံပြောင်းတော့ သွေးချင်းချင်းခဲကြရတာပါ။ ထောင်ထဲမှာ နိုင်ငံရေးသမားမရှိ အပြစ်ကျနေတဲ့ ရာဇဝတ်သားပဲလို့ ဦးနေဝင်းက စီမံချက်ချပြီး နှိပ်ကွပ်ခိုင်းတာပါ။ ကျွန်တော်တို့ကလည်း နိုင်ငံရေးအရ အရေးယူ ခံခဲ့ရတာမို့ အလျှော့မပေးနိုင်ပါ။ ကျွန်တော်တို့ (၃)ဆောင်မရောက်မီ (၇၆)ဧပြီလ (၁၁) ရက်မှာ ကျောင်းသားတွေကို စစ်ခွေးတိုက်ပို့ပြီး နှိပ်စက်ထားပြီးလို့ ယာယီ အားဖြင့် ကျွန်တော်တို့ကို အလျှော့ပေးထားတာပါ။ ထောင်ထဲမှာ သိပ်လျှော့ရင် လည်း အန္တရာယ်ရှိသလို သိပ်တင်းရင်လည်း အန္တရာယ်ပါ။

**မီလ္လာခချရေးတိုက်ပွဲ (၇၇-ခုနှစ် ၊ ဩဂုတ်လ)**

တိုက်ပွဲပုံစံက အစာငတ်ခံဆန္ဒပြဖို့၊ ကျွန်တော်က သိပ်မကြိုက်၊ နောက်ဆုံးမှ ဖြစ်စေချင်၊ အစာငတ်ခံသူအချို့ စစ်ခွေးတိုက်သို့ ခေါ်ထုတ်သွား တယ်။ ကျွန်တော်တို့လည်း ခေါ်ထုတ်သွားသူတွေ သီးခြားဖြစ်သွားသလို ဖြစ်မှာ စိုးလို့ အစားမစားပဲနေပါတယ်။ အာဏာပိုင်တွေက ထမင်းတို့၊ ပဲဟင်းတို့ကို ပြန်ထမ်းသွားရပါတယ်။ လာမဆွေးနွေးဘဲ ရိုးရိုးအကျဉ်းသားတွေနဲ့မီလ္လာချတာ၊ အခန်းတွေပြင်တာ လုပ်ရပါတယ်။ ကျွန်တော်တို့က စစ်ခွေးတိုက်ပို့သူတွေကို ပြန်ပို့ပေးဖို့တောင်းဆိုပါတယ်။ ညနေပိုင်းမှာ နှစ်ကြီးသမားတွေရွှေ့ပြီး ကျွန်တော် တို့အခန်းတွေထဲထည့်ပြီး တန်းစီထိုင်ခိုင်းပါတယ်။ ကျွန်တော်တို့ကိုလည်း ထိုင်ဖို့ ပြောပါတယ်။ ကျွန်တော်တို့အခန်းက အောက်ထပ်ဆိုတော့ ရှေ့တန်းလိုဖြစ်နေ တယ်။ ကျွန်တော်က ပုံစံထိုင်တစ်ခန်းနေတဲ့ ရိုးရိုးအကျဉ်းသား (၁၀၀)ကျော်ကို တရားစဟောပါတယ်။ ခင်ဗျားတို့နဲ့တူတူမထိုင်ချင်လို့မဟုတ်ကြောင်း၊ ကျွန်တော် တို့ရသင့်ရထိုက်တဲ့အခွင့်အရေးကို တောင်းဆိုတာဖြစ်ကြောင်း ကျွန်တော်တို့ အကျဉ်းသားအားလုံးဟာ ဘဝတူတွေဖြစ်ကြောင်း၊ သူတို့သွေးခွဲတိုင်း နားမယောင် ဖို့လိုကြောင်း ပြောပါတယ်။ ဝါဒါတွေလာပြီး ထိုင်မလား၊ မထိုင်ဘူးလား လာမေး ပါတယ်။ ကျွန်တော်တို့က မထိုင်နိုင်ကြောင်း၊ နိုင်ငံရေးသမားတွေမို့ အခွင့်အရေး ရသင့်ကြောင်း၊ မပေးနိုင်ရင် တိုက်ကို ပြန်ပို့နိုင်ကြောင်းပြောပါတယ်။ သူတို့ ထောင်ပိုင်ကို သွားတင်ပြပုံရတယ်။ မကြာပါ၊ ဝါဒါတွေ လိုမ့်ဝင်လာပါတယ်။ တချို့သေနတ်တွေနဲ့၊ တချို့ဒိုင်းတွေနဲ့၊ တချို့တုတ်တွေနဲ့ ကျွန်တော်တို့လည်း လူငယ်တချို့ကို ဝိုင်းကာပြီး ရင်ဆိုင်လိုက်ပါတယ်။ တဆောင်လုံး ဆူညံသံတွေ ပွတ်လောရိုက်သွားပါတယ်။ ကျွန်တော်တို့အားလုံးသွေးအိုင်ထဲမှာ အလဲလဲ အပြို ပြိုဖြစ်သွားပါတယ်။ တစ်ယောက်စီ တန်းကျောက်ရိုက်နှက်ပြီး ထိုင်ခိုင်းပါတယ်။

ဘယ်လိုမှ ထုမတ်လို့မရတော့ပါ။ ကျွန်တော်က ခေါင်းကွဲပြီး လက်ကျိုးသွားပါတယ်။ အမှောင်ထဲမှာ အောက်လင်းမီးတွေထွန်းပြီး ဆေးထိုး ဆေးထည့်လုပ်ပါတယ်။ မနက်ကျတော့ အားလုံးရှုပ်ပျက်ဆင်းပျက်နဲ့ပါ။ တစ်ဆောင်လုံး နိုင်ငံရေးအကျဉ်းသား (၂၀၀)ကျော်လောက်ကို ရိုးရိုးအကျဉ်းသား တစ်ထောင်ကျော်နဲ့ပုံစံပြောင်းလိုက်တာပါ။

နောက်ရက်မှာ ပုံစံထိုင်ခိုင်းပါတယ်။ ကျွန်တော်ရယ်၊ ကိုချစ်ဆွေ (မီးမောင်း)၊ ကိုချစ်ကြိုင် (ဗွန်ကျောင်းသား)၊ ကိုအောင်ညွန့် (မီးမောင်း)၊ ကိုအောင်ကျော် (မီးမောင်း)တို့ အာခံပြီး မထိုင်ကြပါဘူး။ ဝိုင်းရိုက်ပါတယ်။ ဝါဒါတွေကလည်း ဆဲဆိုကြပါတယ်။ နောက်ရက်မှာ သူတို့ (၄)ယောက် ပြုတ်သွားပြီး ကျွန်တော်ပဲကျန်ပါတယ်။ တစ်ဆောင်လုံးမှာ ကျွန်တော်ပဲကျန်နေတာမသိပါ။ ဆက်ပြီးအာခံနေပါတယ်။ ရိုးရိုးအကျဉ်းသားတွေကို တန်းစီးမောင်မောင်က ဝိုင်းရိုက်ခိုင်းပါတယ်။ ကျွန်တော်သိပ်မလှုပ်နိုင်တော့ပါ။ အစာငတ်ခံထားတာတွေရော၊ အရိုက်ခံရတာရော ကြိတ်မှိတ်ခံနေရပါတယ်။ ကျွန်တော့်ကို ဘယ်သူမှ မတွဲရ ဖေးကူတွဲတာမလုပ်ရလို့ အမိန့်ထုတ်ပြီး တုတ်တွေနဲ့ဝိုင်းထားပါတယ်။ ကျွန်တော် မထနိုင်တော့ပါ။ ထောင်ပိုင် မဂ္ဂနားနဲ့ထောင်ပိုင်ဆရာဝန်လာကြည့်ပါတယ်။ ထောင်ဆရာဝန်က ဆေးရုံတင်ရမယ်လို့ ပြောတာ သဲ့သဲ့ကြားရပါတယ်။ မဂ္ဂနာက အဆောင်မှာပဲ ဆေးရုံတက်ပြဖို့ပြောပါတယ်။ ဆေးရုံကို ရွှေ့ရင် သူတို့ နှိပ်စက်တာတွေ အခြားအဆောင်တွေ၊ တိုက်တွေအပြင် မိသားစုတွေသိမှာ စိုးရိမ်လို့ပါ။ ဆေးကျွေးဆေးထိုးလုပ်ပါတယ်။ နို့နဲ့ပေါင်မုန့်ကိုတော့ ကျွန်တော်မစားပါ။ ပါးစပ်အတင်းစိထားပါတယ်။ နောက်ရက်မှာ ဝန်ထမ်းတွေ၊ အကျဉ်းသားတွေ ဝိုင်းချုပ်ပြီး ပါးစပ်ထဲနို့နဲ့ပေါင်မုန့်ထိုးထည့်ကြပါတယ်။ ကိုချစ်ကြိုင်ကလည်း ဘေးနားမှာ အားလျှော့လိုက်ဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်လည်း မတတ်နိုင်တော့ပါ။ လက်လျှော့လိုက်ရပါတယ်။

ကျန်းမာလာတော့ ကျွန်တော့်ကို ဘယ်သူနဲ့မှ ထမင်းပေါင်းစား ခွင့်မပြုပါ။ ဘေးမှာ အကျဉ်းသား ဘော်ဒီဂတ်နှစ်ယောက်ထားပြီး သွားစေ လာစေပြုပါတယ်။ နိုင်ငံရေးသမားအချင်းချင်း စကားပြောခွင့်မပေးပါ။ နေစဉ် ကျွန်တော့်အခြေအနေကို အထက်ကို အစီရင်ခံရတယ်လို့ဆိုတယ်။ တစ်ဆောင်လုံးရဲ့ခေါင်းဆောင်ဟာ ကျွန်တော်လို့စွပ်စွဲပြီး အလွတ်မပေးတော့ပါ။ အစာငတ်ခံဆန္ဒပြလို့ စစ်ခွေးတိုက် ကို ပို့ထားရသူတွေကိုလည်း တဖြည်းဖြည်းနဲ့ပြန်ပို့ပါတယ်။

ပြန်အာခံရင် ဝိုင်းရိုက်ကြပါတယ်။

တစ်နေ့ ငှက်ဖျားမိလို့ ကျွန်တော်ဆေးရုံတက်ရပါတယ်။ ဆေးရုံမှာ သိပ်မကြာလိုက်ပါ။ တွဲဘက်ထောင်က ကိုစိန်မြင့်က ဆေးရုံလိုက်ရင်း လာမိတ်ဆက်ပြီး နှုတ်ဆက်ပါတယ်။ တွဲဘက်ထောင်မှာရှိတဲ့ ရဲဘော်တွေက သတိရကြောင်း ပြောပါတယ်။ ကျွန်တော်ကလည်း အားပေးနှုတ်ဆက်လိုက်ပါတယ်။ သတင်းပေးတွေက သတင်းပို့လို့ ဆေးရုံအတင်းဆင်းခိုင်းပြီး (၃)ဆောင်အပေါ် (၃)ကို ရွှေ့ပါတယ်။ အခန်းလူကြီးက မောင်ပိုင်ပါ။ ညနေဘက်တန်းစီခိုက် ကျွန်တော့်ကို တန်းစီးနဲ့အဖွဲ့က ဆေးရုံမှာ ဘယ်သူနဲ့တွေ့ခဲ့လဲ၊ ဘာတွေပြောခဲ့လဲမေးပြီး ဝိုင်းရိုက်တာပါ။ ကျွန်တော်က ငြင်းပါတယ်။ မကျေမနပ်ရိုက်ကြပြန်တယ်။ နောက်တော့ တွဲဘက်ဆောင်က ကိုစိန်မြင့် (၃)ဆောင် ပြောင်းခိုင်းလိုက်ပြီး စည်းကမ်းထိန်းသိမ်းရေး လုပ်ခိုင်းလိုက်ပါတယ်။

ဒီလိုနဲ့အထီးကျန်နေရပြန်တယ်။ တိုက်တော့မပိတ်ပါ။ ရိုးရိုးအကျဉ်း သားတွေကို ဆုမှတ်ရက်ပို့ပေးမယ်ဆိုပြီး ကျွန်တော့်ကို စောင့်ကြည့်သတင်းပေး ခိုင်းပါတယ်။

တစ်ရက် ဘာယာတန်းမှာ ကျောင်းသား ကိုပြည်ကျော်ဖြတ်သွားလို့ လှမ်းပြီး နှုတ်ဆက်လိုက်ပါတယ်။ ညကျတော့ ကျွန်တော့်ကို အခန်းရွှေ့ပါတယ်။ အခန်းလူကြီးက ကုလားအောင်မြင့်ပါ။ ကျွန်တော့်ကို မိလ္လာချောင်မှာ ထိုင်ခိုင်းပြီး ဝိုင်းရိုက်ကြပြန်တယ်။ ကျွန်တော့်ကို ရိုက်နေတုန်းမှာ ကျန်နိုင်ငံရေးသမားတွေကို သံတုတ်နဲ့ဝိုင်းထားပါတယ်။ ကျွန်တော့်အတွက် မခံနိုင်လို့ ဆန့်ကျင်ကြရင် ရိုက်ဖို့ပေါ့။ ကျွန်တော်ကတော့ မင်းတို့မတရားမလုပ်နဲ့၊ အကျဉ်းသားအချင်းချင်း ရက်စက်ကြမလို့လား၊ ငါ့ကို ရိုက်သတ်လို့ မင်းတို့ဘဝ ကောင်းစားမှာလား၊ အာဏာပိုင်ခိုင်းတိုင်း မျက်နှာလိုအားရ မလုပ်နဲ့လို့ အော်လိုက်ပါတယ်။ သံတိုင်တွေ အုတ်တံတိုင်းတွေကတဆင့် အသံလှိုင်းတွေရိုက်ခတ်သွားပြီထင့်။ ငြီးငြူသံတွေလည်း ရောယှက်လို့ပေါ့။ တစ်ဆောင်လုံး တိတ်ဆိတ်သွားတယ်။

(၇၈)ခုနှစ်မှာ ထပ်ဖမ်းထားတဲ့သူတွေ တိုက်ထဲကနေ အဆောင်ပို့လို့ ကျွန်တော့်ကို အောက်လေးခန်းကို ရွှေ့လိုက်ပါတယ်။ မကြာပါ။ ကျွန်တော်ရယ် ကိုတင်လှိုင်၊ ကိုရန်ရှင်း၊ ကိုကျော်ဟိုး၊ စိုင်းသန်းထွန်းနဲ့ မြေဖွန့်အလုပ်သမားကိုတင်ငွေ၊ ကိုအောင်နု၊ ကိုဖိုးကျော့တို့ (၈)ယောက်ကို (၄)ဆောင်အောက် (၁)ပုံစံအခန်းကို ဝါဒါအစောင့်တွေနဲ့ပြောင်းလိုက်တယ်။ ပုံစံခန်းမှာ ပုံစံသွင်းတယ်။

နောက်လေဘာချတယ်။ ကျွန်တော်၊ စိုင်းသန်းထွန်း၊ ကိုရန်ရှင်းတို့ ဖိနပ်ချုပ်ကျ ပြီး ကျန်တဲ့သူတွေက လက်သမားဘုတ်ကျတယ်။ မနက်စောစောအလုပ်ဆင်းဖို့ တန်းစီရတယ်။ အလုပ်ကြီးဘက်သွားရတယ်။ (၄)ဆောင်ရှိ နိုင်ငံရေးအကျဉ်းသား တွေက ကျွန်တော်တို့အလုပ်ဆင်းရမလားလို့ ဝေဖန်အပြစ်တင်ကြပါတယ်။ (၃) ဆောင်မှာ လူနည်းစုနဲ့တိုက်လို့မရပါ။ (၇၈)နှစ်ကုန်မှာ ကိုသိန်းသန်းဦး၊ ကိုနေဝင်း၊ ကိုအေးကြည်၊ ကိုစိန်ဝင်း၊ ကိုစိန်၊ ကိုကျော်အောင်တို့က လေဘာမဆင်းရေး ပန်းကန်ပြားနဲ့ရေချိုးရတာ ဆန့်ကျင်ရေးအတွက် နှိုးဆော်ကြပါတယ်။ ကျွန်တော့် ကိုလည်း အလုပ်ဆင်းနေလို့ အမြင်မကြည်ပါ။ မကြာပါ။ သူတို့ကို တိုက်ပိတ် လိုက်ပါတယ်။ ကျွန်တော့်ကိုလည်း အလုပ်ကြီးမှာ သံသယနဲ့စောင်အုပ်ပြီး လာခေါ်သွားပါတယ်။ ခြောက်တိုက်(၁)ခန်းထဲမှာ သွင်းလိုက်တော့ ရခိုင်ကျောင်း သား ကိုသာထွန်းအောင်ကို တွေ့ရပါတယ်။ ကျွန်တော်က ဘာလို့တိုက်ပိတ်လာ လဲမေး တော့ သူလည်းမသိဘူးတဲ့။

ည (၈)နာရီလောက်မှာ သူ့ကို စောင်အုပ်ပြီး တပ်ကြပ်သိန်းမြိုင်နဲ့ အဖွဲ့က လာခေါ်ထုတ်သွားပါးတယ်။ ည (၂)နာရီလောက် ပြန်ရောက်လာတော့ ကိုသာထွန်းအောင်ခမျာ မမှတ်မိနိုင်လောက်အောင်ဖြစ်သွား ပါတယ်။ အဝတ် တွေ စုတ်ပြတ်သတ်၊ အရှိုးရာကြီးတွေ အမျှောင်းမျှောင်း၊ သွေးအလူးလူးနဲ့အတော် စိတ်မကောင်းပါ။ ကျွန်တော်က မေးတော့ ရခိုင်သံကြီးနဲ့ကျွန်တော့်ကို ပိုင်းရိုက် ကြတယ်လို့ပြောပါတယ်။ သူလည်း အိပ်မရ။ ကျွန်တော်လည်း အိပ်မရ။ အလုပ် ကြီးစခန်းမှ ငရဲခန်းများ။ ကျွန်တော့်အလှည့်ဘယ်တော့လာမလဲ။ မကြောက် တရားနဲ့တိုက်ပွဲဝင်ရုံသာ။ ဗုံးဝက နာရီသံချောင်းက လှုံ့ဆော်နေ။

မနက်ကျတော့ တပ်ကြပ်ကြီးသိန်းမြိုင်နဲ့အဖွဲ့တံခါးလာဖွင့်ပါတယ်။ ကျွန်တော့်ကို ထွက်ခိုင်းတယ်။ တံခါးပိတ်ပြီး အပြင်မှာထိုင်ခိုင်းတယ်။ ပြီးတော့ ကန်ကြောက်ပြီး နံဘေးတွေကို အုတ်ခဲနဲ့ထုပါတယ်။ ကျွန်တော်က ဘာအတွက် ရိုက်တာလဲမေးတော့ မင်း ညက သာထွန်းအောင်ကို ဘာတွေပြောခဲ့လဲတဲ့။ ကျွန်တော်က ခင်ဗျားတို့ မတရားရိုက်လိုက်လို့ မေးနေတာလို့ပြောလိုက်တော့ စစ်ဖိနပ်နဲ့ရင်ဝကို တအားစောင့်ကန်လိုက်ပါတယ်။ နောက်ပြန်လဲကျသွားတော့ ကိုယ်ပေါ်တက်နင်းကြတယ်။ ကျွန်တော်က အံကြိတ်ပြီး ခံလိုက်တယ်။ နောက် အခန်းထဲပြန်ထည့်ပါတယ်။ ကိုသာထွန်းအောင်မရှိတော့ပါ။

ညကျတော့ ကျွန်တော့်အလှည့် စောင်အုပ်ပြီး အလုပ်ကြီးဘက်ခေါ်လာ

ပါတယ်။ ဘယ်ချိုးကွေ့ပြီး အလုပ်ရုံတစ်ခုထဲခေါ်လာပြီး စောင်အုပ်ထားတာ ဖယ်လိုက်တော့ သိန်းမြိုင်နဲ့ထောင်မှူးတွေ (၁၅)ယောက်လောက် တွေ့ရပါတယ်။ ကျွန်တော့်ကို လက်ပြန်ကြိုးချည်လိုက်တယ်။ ဒုံးထောက်ခိုင်းတယ်။ (၃)ဆောင်မှာ ခေါင်းဆောင်လုပ်ခဲ့တယ်။ အခုလည်း ထောင်ဆူဖို့လုပ်တယ်ဆိုပြီး မတရားစွပ်စွဲ ချက်နဲ့သိန်းမြိုင်က ပေးလိုက်တယ်။ ထောင်မှူးတွေ ဝါဒါတွေက ဝိုင်းရိုက်ကြပါ တယ်။ ဝါးရင်းတုန်း၊ ရာဘာပိုက်လုံး တဝုန်းဝုန်းနဲ့၊ ကျွန်တော် သတိလစ်သွားပါ တယ်။ ရေလောင်း၊ ဆံပင်ဆွဲထူ၊ ရိုက်၊ လဲသွား။ သိန်းမြိုင်က စစ်ဖိနပ်နဲ့လည်ပင်း နင်းထား။ ကျွန်တော်က သတ်ပစ်လိုက်လို့ အော်လိုက်တယ်။ ထောင်မှူး ချိုစန်းအောင်က အေး. . . မင်းသေစေရမယ်၊ သတ်မယ်ဆိုပြီး အတက်ကြွဆုံး နှိပ်စက်ပါတယ်။ တိုက်ထဲ ဘယ်အချိန်ပြန်ရောက်မှန်းမသိ။ ကျွန်တော့်ဘဝမှာ အပြင်းဆုံးပေါ့။

ခြောက်တိုက်မှာ တစ်ပတ်လောက် ဆေးတိုက် ဆေးထည့် ကြိုးတိုက်ဆီ ရွှေ့ပါတယ်။ (၁၅)ယောက်ကို အခန်း (၄)ခန်းခွဲထားပြီး ရှေ့က ဖျာကာလိုက်ပါ တယ်။ ဘယ်သူမှ စကားလှမ်းမပြောရလို့ အမိန့်ထုတ်ပါတယ်။ ထောင်ဝင်စာ လည်း တစ်နှစ်ပိတ်ပါတယ်။ ကြိုးသမားတွေက လမ်းလျှောက်ရင်း ငပိကြော်လေး တွေ ဝန်ထမ်းအလစ်မှာ လှမ်းပစ်ပေးပါတယ်။ မီးလှာကိုတော့ ထောင်ကျမိန်မလျှာ တွေက ချပေးပါတယ်။ ဆရာတော် ဦးလာဘကတော့ သူတို့တားဆီးမိန့်ကို ဆန့်ကျင်ပြီး ကျွန်တော်တို့ကို လမ်းလျှောက်တိုင်း လာလာအားပေးပါတယ်။ ဆရာတော်ကို လူသားစားတယ်ဆိုပြီး သေဒဏ်ပေးထားတာပါ။ ဆရာတော်က ငြင်းပါတယ်။ ငါ့ကို သက်သက်မဲ့စွပ်စွဲတာလို့ပြောပါတယ်။ သက်န်းနဲ့မုတ်ဆိတ် နဲ့ဆိုတော့ တကယ့် ဆာမူရိုင်းကြီးပမာ။ တက္ကသိုလ်ကျောင်းသားကို ခါးပိုက်နှိုက် ပြီး သတ်ပစ်မှုနဲ့ခါးပိုက်နှိုက်သိန်းဝင်းတို့ (၁၃)ယောက်လည်း သေဒဏ်ကျနေပါ တယ်။ ကျွန်တော်တို့ ရှိခိုက် ခါးပိုက်နှိုက်မုန်တိုင်း အဝင်ဝသံတံခါးဘောင်ကို စောင်နဲ့ပတ်ပြီးကြိုးဆွဲချခဲ့ပါတယ်။ အမှုထမ်းတွေ့လို့ မသေပေမယ့် လည်ပင်းမှာ အညိုအမဲစွဲသွားပါတယ်။ သံလျင်ဘက်မှာ လုယက် လူသတ်ခဲ့တဲ့ အောင်ဘုနဲ့ မောင်မြင့်ကို ကြိုးပေးတော့ ကျွန်တော်တို့စိတ်မကောင်းပါ။ ရက်လည်တော့ ဆရာတော်ဦးလာဘက တရားပေးပြီး ကျွန်တော်တို့က အခန်းတွေထဲက နာကြရပါတယ်။ ဒီလိုနဲ့ နွေ မိုး ဆောင်း ပြောင်းသွားခဲ့ပေါ့။

(၈၀)ခုနှစ်၊ နှစ်ဦးမှာ ကျွန်တော်တို့ကို တိုက်ကပြန်ထုတ်ပါတယ်။

ကျွန်တော်က (၁) ဆောင်ရောက်ပါတယ်။ ထောင်ဝင်စာပြန်တွေ့ရပါတယ်။ ကျွန်တော် အတော်ပိန်ကျသွားတယ်လို့ ပြောပါတယ်။ ဟုတ်ပါတယ်။ စိတ်ပန်းလူပန်းနဲ့တိုက်ထဲက ပြန်ထွက်လာရတာမဟုတ်လား။ အဆောင်ပြန်ရောက်တော့ ကျွန်တော်ထိုးနေကျ တယောလေးကို ကိုမှိုင်းက လှမ်းပို့ပေးပါတယ်။ တယောသံလေးလည်း ပြန်ပြီး ငြိမ့်ညောင်းလို့။ ခွန်အားအပြည့်နဲ့ ထောင်နံရံကြီးကို ကျော်ကြည့်လိုက်ပါတယ်။ မေလ(၂၈) ရက်နေ့ကျတော့ သံယာ့ဂိုဏ်ပေါင်းစုံ အစည်းအဝေးအထိမ်းအမှတ်နဲ့လွတ်ငြိမ်းချမ်းသာ ကြေညာပါတယ်။ (၂၉)ရက်နေ့မှာ ကျွန်တော်တို့ စုပေါင်းလွှတ်ပါတယ်။ ထောင်ပိုင်က ကျွန်တော့်ကို စူးစူးရဲရဲကြည့်ပြီး နောက်ပြန်ဝင်မလာနဲ့တဲ့။ ကျွန်တော်ပြုံးလိုက်ပါတယ်။ ကောင်းကင်မှာ ငှက်အုပ်တစ်အုပ် အရှေ့ဘက်ကို ပြန်သွားတယ်။ ထောင်အပြင်ဘက်မှာ လေနုအေးက လတ်ဆတ်လို့. . .။

ကိုဗေဒါ

# " ကျွန်တော့်ရဲ့ခုဝံကြယ်များ "

စိုးအုပ်

မှိုင်းရာပြည့်ချီတက်ဆန္ဒပြပွဲနဲ့ ဆက်စပ်ဖမ်းဆီးထားတဲ့သူအားလုံးကို (၁၉၇၆)စက်တင်ဘာလထဲ (နှစ်ဆယ့်တစ်ရက်နေ့လို့ ကျွန်တော်ထင်ပါတယ်) မှာ စစ်ခုံရုံး (အင်းစိန်ထောင်ပူဇော်ခုံရုံး)တွေက ထောင်ဒဏ်အသီးသီးချ မှတ်လိုက်ပါတယ်။ ကိုတင်အေးကြူ (မောင်မှိုင်းလွင် အင်း၀)အမှုပြုပြီး (၃၂)ယောက်ပါ ဝင်တဲ့ ကျွန်တော်တို့အုပ်စုအတွက် ထောင်ဒဏ်ခွဲတမ်း သုံးမျိုးက (၉)နှစ်၊ (၇)နှစ်၊ (၅)နှစ်ပါ။ ကျွန်တော်က (၉)နှစ် အုပ်စုထဲမှာပါပါတယ်။

ထောင်ဒဏ်ချမှတ်ခံရပြီးတဲ့နောက် ကျွန်တော်ဟာ ထောင်မကျခင်က နေခဲ့ရတဲ့အမှတ်(၄)တိုက်ကို ပြန်မသွားရတော့ဘဲ ထောက်လှမ်းရေးစခန်းဝင်းနဲ့ကပ်နေတဲ့တိုက်သစ်ခေါ် အထူးတိုက်ကိုရောက်သွားပါတယ်။ ဆယ်ခန်းတွဲ တိုက်ဖြစ်ပြီး ရေလောင်းအိမ်သာနဲ့ရေချိုးခန်းနဲ့မို့ အရင်နေခဲ့ရဖူးတဲ့တိုက်တွေနဲ့ဘာမှမဆိုင်ပါဘူး။ အင်းစိန်ထောင်အဆင့်အတန်းအရပြောရင် 'ရှယ်' လို့ဆိုနိုင်ပါတယ်။ ကျွန်တော်နေတဲ့အခန်းမှာ နိုင်ငံရေးအကျဉ်းသား (၁၃)ယောက် ရှိပါတယ်။

အဲဒီမှာ (နှိုင်းယှဉ်ချက်အရ) အတော်ကလေးကောင်းတဲ့လွတ်လပ်ပေါ့ ပါးမှုကို အားလုံးခံစားနေကြရတုန်း ရက်အနည်းငယ်အကြာမှာ စိန်ခေါ်မှုအသစ် တစ်ခုနဲ့ရင်ဆိုင်ကြရပြန်ပါတယ်။ အဲဒါကတော့ ပြင်ဆင်ချက်ကိစ္စပါ။ ချမှတ် လိုက်တဲ့ထောင်ဒဏ်က မမျှတဘူး။ ဒါကြောင့် ပြန်လည်ပြင်ဆင်ပေးပါဆိုပြီး ရေးတင်ရမယ့်ကိစ္စပါ။ ဒါကို **"ဒူးထောက်အသနားခံခိုင်းတာဖြစ်တယ်၊ ငါတို့**

ဘာမှအများမလုပ်ခဲ့တဲ့အတွက် ဘာပြင်ဆင်ချက် အသနားခံစာမှ တင်စရာမလို ဘူး"လို့ ယူဆသူတွေ အဲဒီရုပ်တည်ချက်ကြောင့် အမှောင်တိုက် (၆-တိုက်) ထဲ ရောက်သွားကြပြန်ပါတယ်။ အဲဒီသူတွေထဲမှာ ကျွန်တော်လည်း ပါပါတယ်။ ဒီတစ်ခါ အေးအေးဆေးဆေးဝင်ရတာမဟုတ်ပါဘူး။ အဲဒီတိုက်ရှိတဲ့ဝင်းထဲက ထောင်ဝါဒါတွေ နားနေစခန်းမှာ ဝါဒါတွေရဲ့လက်ပါးစေ (နှစ်ကြီးထောင်ကျ ရာဇဝတ်သားတွေ)ရဲ့ ဒုတ်တဘောင်လက်သီးနဲ့ သားရေပြားစာတွေ အကျွေးခံရ ပြီးမှဝင်ရတာပါ။

အဲဒီအမှောင်တိုက်ရဲ့ အခန်းတစ်ခန်းထဲကျွန်တော်ရောက်သွားတော့ အရင်ရောက်နှင့်နေတဲ့အခန်းပိုင်ရှင်တွေက ကိုဝင်းမြင့်(ဝင်းမင်းထွေး)၊ ကိုမိုးမြင့် (ဆေး-၁)၊ ကိုမြင့်အောင် (ဗကပဗိုလ်ပုသား)အပါအဝင်(၅)ယောက်ပါ။ ဒီတစ် ခေါက်က မိုးကျနေပြီမို့ အရင်တစ်ခေါက်လောက်ကော့ပျံနေအောင် မပူပေမယ့် အခန်းကျဉ်းလေးထဲ(၆)ယောက်နေရတာမို့ ခြေညောင်းလက်ဆန့်လမ်း လျှောက်လို့တောင်မရသလောက်ပါပဲ။ အချိန်အများစုကို လူတိုင်းလိုလိုထိုင်နေ ဒါမှမဟုတ်လဲ လျောင်းနေရပါတယ်။ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့အသက်ရှူလို့ တောင်မဝဘူးလို့ တစ်ခါတစ်ခါခံစားရတဲ့အဲဒီအခန်းထဲမှာ ရက်သတ္တနှစ်ပတ် လောက်နေခဲ့ရစဉ်ကာလအတွင်း ရခဲ့တဲ့အမြတ်တစ်ခုကတော့ အဆိုရော အသံ ပါအင်မတန်ကောင်းတဲ့ ပျဉ်းမနားက ကိုမိုးမြင့်ဆီက **'တစ်ဆောင်းသစ်ပြန် ပြီ'**အပါအဝင် ကိုသန်းလှိုင်ရဲ့ခံစားချက်သီချင်းအတော်များများကို နှုတ်တိုက် သင်ယူရရှိခဲ့ခြင်းပါပဲ။ (ကိုမိုးမြင့်က အဆိုရော အသံပါကောင်းရုံမက ရုပ်လည်း ချောပါတယ်။ ဒီလိုရုပ်ချောအသံကောင်း၊ အဆိုကောင်း ဆရာဝန်လောင်း တစ်ဦး ခက်ထန်ကြမ်းတမ်းတဲ့ နိုင်ငံရေးနယ်ပယ်ထဲ ဘယ်လိုကြောင့်များ ရောက်လာတာ လဲလို့ အဲဒီတုန်းက ကျွန်တော်တစ်ခါတစ်ခါတွေးမိခဲ့တာကို အခု ပြန်သတိရနေ မိပါတယ်။)

အမှောင်တိုက်မှာ နှစ်ပတ်လောက်နေရပြီးတော့ အလင်းတိုက်တစ် တိုက်တစ်တိုက်ဖြစ်တဲ့(၅)တိုက်က အခန်းတစ်ခန်းထဲ ကျွန်တော်ရောက်သွား ပါတယ်။ အဲဒီမှာရောက်နှင့်နေသူနှစ်ဦးရှိပါတယ်။ နှစ်ယောက်စလုံးက အင်းစိန်ဂျီတီအိုင်က မှိုင်းရာပြည့်သပိတ်ကျောင်းသားတွေပါ။ တစ်ယောက် က အင်းစိန်ဂျီတီအိုင်သပိတ်ခေါင်းဆောင် ကိုထွန်းထွန်းဦးပါ။သူက မော်ကျွန်း မြို့ကဖြစ်ပြီး အခုတော့ ဖေမြိုင်ကလောင်အမည်နဲ့ ဘာသာရေးဆောင်းပါးတွေ

ရှေးနေပါတယ်။ နောက်တစ်ယောက်က ဇီးကုန်းမြို့က ကိုခင်မောင်သော်ပါ။ အခုတော့ ရှစ်လေးလုံးအရေးတော်ပုံ ဖြိုခွဲခံရအပြီး ပြည်ပကို ထွက်ခွာသွားခဲ့ပြီးတဲ့နောက် တော်လှန်ရေးနယ်မြေမှာပဲ ကျဆုံးသွားခဲ့ပြီလို့သိရှိရပါတယ်။ သူ့ဖခင်ကလည်း ရှစ်လေးလုံးနဲ့ဆက်စပ်ကာ အဖမ်းခံရပြီး အင်းစိန်ထောင်ထဲမှာ ကျဆုံးသွားခဲ့ရတဲ့ ဗိုလ်စကော်ရောင်ပါ။ ကိုထွန်းထွန်းဦးနဲ့ကိုခင်မောင်သော်တို့နှစ်ယောက်စလုံးချမှတ်ခံထားရတဲ့ထောင်ဒဏ်တွေကလည်း (၉)နှစ်စီပဲဖြစ်ပါတယ်။

ကျွန်တော်တို့(၃)ယောက် (၅)တိုက်ကနေ (၄)တိုက်အတို အဲဒီကနေ ကျွန်တော်စီရင်ချက်ချမှတ်ခြင်းမခံရခင်က နေခဲ့ဖူးတဲ့ (၄)တိုက် အရှည်ကို အဆင့်ဆင့်ပြောင်းခဲ့ကြရပါတယ်။ အဲဒီတိုက်မှာ ကျွန်တော်တို့ (၄)ယောက်ဖြစ်သွားပါတယ်။ နောက်တစ်ယောက်က ဦးသန့်အရေးအခင်းမှာ ပါဝင်မှုနဲ့ ထောင်ဒဏ် (၇)နှစ်ချမှတ်ခံထားရတဲ့ဒေါ်လ်ဖင်တင့်ဆွေပါ။ သူကတွဲဘက်ထောင်မှာ ကျောင်းသားအုပ်စုအချင်းချင်းဖြစ်တဲ့ ရန်ပွဲတစ်ပွဲမှာ အရိုက်ခံရပြီးတဲ့နောက် ဒီကိုရောက်နေတာလို့ သိရပါတယ်။

ဒီလိုနဲ့နေလာကြရင်း အင်းစိန်ထောင်နေသားတစ်နှစ်လောက်ရှိတဲ့အခါ တစ်နေ့မှာ တိုက်ပေါင်းစုံက ကျွန်တော်အပါအဝင် နိုင်ငံရေးအကျဉ်းသား(၁၀)ကို ကားတစ်စီးနဲ့တင်ခေါ်သွားပြီး အင်းစိန်ထောင်မကြီးနဲ့ကပ် လျက်မှာရှိတဲ့ တွဲဘက် ထောင်ကို ပို့ပါတယ်။ အဲဒီရောက်တဲ့နေ့မှာပဲ မိသားစုတွေနဲ့ထောင်ဝင်စာတွေ့ ကြရပါတယ်။ ထောင်ဝင်စာတွေ့ရပုံက အင်းစိန်ထောင်မှာတွေ့ရတုန်းကနဲ့တ ခြားစီပါပဲ။ ဘာမှမဆိုင်ပါဘူး။ အင်းစိန်ထောင်မှာတုန်းက သံဆန်ခါနှစ်ထပ်ခြား ပြီး တွေ့ရတာဖြစ်ပြီး တွေ့ချိန်က (၁၅)မိနစ်ထဲပါ။ ဒါ့အပြင် ထောင်ဝင်စာမှာ ပြောသမျှအားလုံးကိုလည်း အနားက ထောက်လှမ်းရေးက လိုက်မှတ်နေပါသေးတယ်။ အခု တွဲဘက်ထောင်မှာ တွေ့ရတဲ့ထောင်ဝင်စာကတော့ အဲဒီအခြေအနေတွေနဲ့နှိုင်းယှဉ်လိုက်ရင် ကောင်းကင်ဘုံရောက်နေသလိုပါပဲ။ သံဆန်ခါလည်းမ ရှိ အနားမှာ ထောက်လှမ်းရေးလည်းမရှိ ထောင်ကျနေတဲ့သားတွေ၊ မောင်တွေ၊ ခင်ပွန်းတွေနဲ့ မိခင်တွေ၊ နှမတွေ၊ ဇနီးတွေ ပွေ့ကြဖက်ကြငိုကြယိုကြ၊ ထမင်းခွံ့ ကျွေးကြနဲ့ပါ။ တွေ့ချိန်ကလည်း နေ့တစ်ဝက်လောက်ကြာပါတယ်။ ကျွန်တော်တို့ အဖို့ ငရဲပြည်ကနေ နတ်ပြည်ကို ရုတ်တရက်ရောက်လာသလိုပါပဲ။

တွဲဘက်ထောင်မှာ အနေအစားက အင်းစိန်ထောင်မှာတုန်းကနဲ့ အများကြီးကွာပါတယ်။ အဲဒီတုန်းက တွဲဘက်ထောင်မှာ စီးပွားရေးအမှုနဲ့ကျနေတဲ့ ကုလားသူဌေးရော့ဖ်ိနဲ့မူးယစ်ဆေးမှုနဲ့ကျ နေတဲ့ရှပ်ရှင်မင်းသားဇော်ဝမ်းတို့လည်း ရှိနေကြတယ်လို့သိရပါတယ်။ သူတို့နေရတဲ့အခြေအနေကလည်း ထောင်ထဲမှာနေရတာတစ်ခုကလွဲပြီး ကျန်တာအားလုံးအပြင်မှာနေရတဲ့အတိုင်းပဲလို့ ကျွန်တော်တို့အရင်ရောက်နှင့်နေတဲ့ ကျောင်းသားတွေက ပြောပြလို့သိရပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေလည်း သူတို့လောက် **'အိုမကောပေမယ့် အင်းစိန်ထောင်မှာတုန်းကထက်တော့ အများကြီးပိုပြီးစိုပြည်'**တယ်ဆိုတာ ကျွန်တော်တို့ရောက်ပြီးနှစ်ရက်သုံးရက်လောက်အကြာမှာပဲသိလာရပါတယ်။

ဒါပေမယ့် အဲဒီ **'နတ်ဘုံနတ်နန်း'**မှာ ကျွန်တော်တို့ကြာကြာမနေလိုက်လိုက်ရပါဘူး။ တစ်ပတ်ပဲနေလိုက်ရပါတယ်။ နိုင်ငံတော်အလံကို အလေးမပြုတဲ့ကိစ္စနဲ့ ကျွန်တော်အပါအဝင် (၁၀)ယောက်ကို အင်းစိန်ထောင် ဘက်ပြန်ပို့လိုက်လို့ပါ။ အဲဒီတုန်းက ကျွန်တော်တို့ခံယူချက်က ကြယ် (၁၄)ပွင့်နဲ့ ခွေးသွားစိတ်စပါးနှံ ပုံပါတဲ့အလံကို နိုင်ငံတော်အလံလို့မသတ်မှတ်ပါဘူး။ (မ. ဆ. လ) အလံလို့ပဲ သတ်မှတ်ပါတယ်။ ဒါကြောင့် (မ. ဆ. လ)ကို ဆန့်ကျင်ဆန္ဒပြပြီး ထောင်ထဲ ရောက်လာတဲ့ ကျွန်တော်တို့အဖို့ (မ. ဆ. လ)အလံကို အလေးပြုစရာအကြောင်း မရှိပါဘူး။ အဲဒီခံယူချက်နဲ့ကျွန်တော်တို့(၁၀)ယောက် အင်းစိန်ထောင်ထဲက တိုက်သစ်ကို ပြန်ရောက်လာကြပါတယ်။ အဲဒီ (၁၀)ယောက်မှာ ကျွန်တော်မှတ်မိတာက မီးမောင်းစာစောင်ကိစ္စနဲ့ထောင်(၉)နှစ်ကျလာတဲ့ အခု မ/ဥက္ကလာဘုန်းကြီးလမ်းမှာ **'နှလုံးလှ'** နာမည်နဲ့ဆေးခန်းဖွင့်ထားတဲ့ ဒေါက်တာလှမြင့်၊ မီးမောင်းကိစ္စနဲ့ပဲထောင်(၉)နှစ်ကျထားတဲ့ လက်ပံတန်းခမုံက ကျွန်းပြန် ကိုမြအေး၊ ဇွန် (၆) နှစ်ပတ်လည် ရွှေတိဂုံသပိတ်နဲ့ထောင်ကျနေတဲ့ဆေးတက္ကသိုလ်(၂)က ကျောင်းသားကိုသက်ဝင်းအောင်(အခုအင်းစိန်မှာ ကျူရှင်သင်နေတယ်လို့သိရ) မီးမောင်းကိစ္စနဲ့ထောင် (၇)နှစ်ကျထားတဲ့ ကိုကျော်ဝင်း (အခု သတင်းမရ) မှိုင်းရာပြည့်အရေးအခင်းနဲ့ထောင် (၉)နှစ်ကျထားတဲ့ ဥမြို့က ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကျောင်းသား ကိုအေးကျော် (အခု စော်ဘွားကြီးကုန်း)တို့ ဖြစ်ပါတယ်။ ကျန်တဲ့သူတွေကို မမှတ်မိတော့ပါဘူး။ တစ်ခန်းမှာ တစ်ယောက် နှစ်ယောက် သုံးယောက်စသဖြင့်နေကြရပါတယ်။

တိုတိုပြောရရင် အဲဒီမှာ (၆)လလောက်နေရပါတယ်။ အဲဒီကာလ အတွင်း

ကြီးမားထူးခြားတဲ့ဘာကိစ္စတစ်ခုမှ မဖြစ်ခဲ့ပါဘူး။ ဒီလိုနဲ့တစ်နေ့ညနေ မှာတော့ ကျွန်တော်တို့မမြင်ဖူးတဲ့ထောင်ဝါဒါတွေတစ်ခန်းကို ဆယ့်လေးငါး ယောက်လောက် မျက်နှာထားတင်းတင်းနဲ့ဝင်လာကြပြီး ကျွန်တော်တို့အားလုံးကို ပစ္စည်းတွေသိမ်းခိုင်းပါတယ်။ ပြီးတော့ အပြင်မှာ ခေါင်းငုံ့ဆောင့်ကြောင့် ထိုင်ခိုင်းထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့အခန်းက ကိုသက်ဝင်းအောင်နဲ့ ဘယ်လိုပြဿနာဖြစ်ကြတယ်မသိပါဘူး။ သူ့ကို ဝါဒါသုံးလေးယောက် ဝိုင်းရိုက် ဝိုင်းကန်ကြပါတယ်။ ဝါဒါတွေ မျက်နှာထားတင်းတင်းနဲ့ဝင်လာကတည်းက တစ်ခုခုတော့ဖြစ် တော့မယ်ဆိုတာကိုသိနေတာမို့ ကျွန်တော်တို့အားလုံး စိတ်တွေ လှုပ်ရှားနေကြပြီး ကျွန်တော်ကိုယ်တိုင်စိုးရိမ်ပူပန်စိတ်နဲ့ကတုန်ကရီဖြစ်နေပေမယ့် ကိုသက်ဝင်းအောင်အရိုက်ခံနေရတဲ့အချိန်မှာတော့ ကျွန်တော့်ရင်ထဲက ကြောက်စိတ်တွေပျောက်သွားပြီး ဝမ်းနည်းစိတ်၊ မခံချင်စိတ်တွေထိပ်တက်လာခဲ့ပါတော့တယ်။ သည်းမခံနိုင်တော့တဲ့အဆုံး **"ဟေ့လူတွေ ခင်ဗျားတို့ မတရားမလုပ်နဲ့၊ခင်ဗျားတို့ခွေးတွေ"**လို့အော်ပစ်လိုက်ပါတယ်။ တခြားလည်း ဘာတွေအော်မိမှန်းမမှတ်မိတော့ပါဘူး။ ကျွန်တော့်အော်သံထွက်လာတဲ့အခါ ကိုသက်ဝင်းအောင်ကို ရိုက်နေတဲ့ဝါဒါတွေ ကျွန်တော့်ဆီရောက်လာပြီး ကျွန်တော့်ကိုဝိုင်းရိုက်ကြ၊ကန်ကြ၊ ထိုးကြပါတယ်။ ဝါဒါတစ်ယောက်က ကျွန်တော့်မျက်နှာကို ဒူးနဲ့တိုက်လိုက်တဲ့အချိန်မှာ ကျွန်တော်ပက်လက်လန်လဲကျသွားပြီး တပ်ထားတဲ့မျက်မှန်လွင့်ကျသွားပါတယ်။ အဲဒီအချိန်မှာ ဝါဒါတွေထဲက အသက်ကြီးကြီးတစ်ယောက်က **"ဟေ့ တော်ပါ တော့ကွာ ကလေးတွေ တော်တော်နာနေပါပြီ တော်ပါတော့"**လို့ ပြောလိုက်တဲ့ အသံကို ကြားလိုက်ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံးထူပူပြီး နာလို့နာမှန်းလည်း မသိတော့ပါဘူး။ နောက်စေ့နေရာက အတော်ကလေးနာနေတာကိုတော့ သိနေပါတယ်။ ကြည့်ရတာ ခါးပတ်ခေါင်းစာမိပြီး ကွဲသွားတယ်နဲ့တူပါတယ်။

တိုက်သစ်က ကျွန်တော်တို့အားလုံး ဒီလိုနဲ့စစ်ခွေးတွေသားစပ်တဲ့ တိုက်ကိုရောက်သွားပါတယ်။ အခန်းတွေက နံစော်ညစ်ပတ်နေတာပါပဲ။ အခန်းထဲရောက်လို့ ကိုယ့်ကိုယ်ကိုယ်စစ်ဆေးကြည့်လိုက်တော့ နောက်စေ့က တစ်လက်မလောက်ကွဲသွားပြီး ဝတ်ထားတဲ့ကျီနောက်ကျော တစ်ပြင်လုံးသွေး တွေရွှဲနေပါတယ်။ ကျွန်တော်က အဲဒီအကျီကို ချွတ်ပြီးတခြားအကျီတစ်ထည် ဝတ်လိုက်ပါတယ်။ အဲဒီအချိန်မှာ ဝါဒါတစ်ယောက်ကျွန်တော့်နာမည်လာ ခေါ်တာနဲ့ထွက်လိုက်သွား

ရပါတယ်။ တိုက်အပြင်ဘက်က ဝါဒါစခန်းမှာ ဆရာဝန်တစ်ယောက်က ကျွန်တော့်ခေါင်းက ဒဏ်ရာကို ချုပ်ပြီးဆေးထည့်ပေး ကာ တိုက်ထဲကို ပြန်ထည့်လိုက်ပါတယ်။

အဲဒီ စစ်ခွေးတိုက်မှာ တစ်လလောက်နေရပါတယ်။ ကျွန်တော့်ဒဏ်ရာလည်း သုံးလေးခါလောက်ဆေးလာထည့်ပေးလို့ ပျောက်သွားပါတယ်။ ရောက်စမှာ အားလုံးစိတ်တွေနည်းနည်းလှုပ်ရှားပြီး (အားလုံးနာလည်း နာထားကြတာမို့) သတိနဲ့နေနေကြပေမယ့် နှစ်ရက်သုံးရက်လောက်ကြာတော့လည်း ထုံးစံအတိုင်း အေးအေးဆေးဆေးဖြစ်သွားပြီး သီချင်းတွေ တကြော်ကြော်ဆိုကြ တစ်ခန်းနဲ့တစ်ခန်း လှမ်းအော်ပြီး ရွှေဟောင်းနှောင်းဖြစ်တွေပြန်ပြောင်းပြောဖြစ်ကြပါတယ်။ ထောင်ဝင်စာတော့ လုံးဝမတွေ့ရပါဘူး။ ပါဆယ်ပဲရပါတယ်။ တစ်လလောက်အကြာမှာ အပြောင်းအလဲတစ်ခုနဲ့ကြုံရပြန်ပါတယ်။ ဝါဒါတွေရောက်လာပြီး ကျွန်တော်တို့အားလုံးကို ပစ္စည်းတွေသိမ်းခိုင်းပြန်ပါတယ်။ ကျွန်တော်က ကျောတစ်ပြင်လုံးသွေးတွေပေနေတဲ့အကျီကို အခွင့်သာရင် အပြင်ကိုထုတ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့သေးသေးလေးဖြစ်သွားအောင်ခေါက်ပြီး အဝတ်တွေကြားထဲ ညှပ်ကာအိပ်ထဲထည့်ထားလိုက်ပါတယ်။

ဒီတစ်ခါ ကျွန်တော်တို့ ရောက်သွားတာက (၄)ဆောင်နဲ့(၅)ဆောင်က ပုံစံခန်းတွေပါ။ အဆောင်ဝမှာ ကျွန်တော်တို့ပစ္စည်းတွေအားလုံး ထားခဲ့ကြ ရပါတယ်။ (အိတ်တွေပြန်ရတော့ သွေးပေနေတဲ့အကျီ ပြန်ပါမလာတော့ပါဘူး) ကျွန်တော်တို့ (ကျွန်တော့်စိတ်ထင် (၂၄)ယောက်) က (၄)ဆောင်ထဲရောက်သွားပါတယ်။ ပုံစံခန်းထဲရောက်တော့ ကျွန်တော်တို့ကို တစ်ယောက်နဲ့တစ်ယောက် တစ်လံလောက်စီခြားပြီး တင်ပလ္လင်ခွေထိုင်ခိုင်းထားပါတယ်။ အဲဒီပုံစံနဲ့နာရီဝက်လောက်နေရပါတယ်။ တစ်ဆောင်လုံး တိတ်ဆိတ်နေပါတယ်။ နောက်တော့ ထောင်ဝါဒါတွေရဲ့လက်ပါးစေနှစ်ကြိမ်ရာဇဝတ်အကျဉ်းသား လူမိုက်တွေဝင်လာပြီး ဘာမပြော ညာမပြောနဲ့ကျွန်တော်တို့ကို ဝင်ရိုက်၊ ဝင်ကန်၊ ဒူးနဲ့တိုက်လုပ်ပါ တော့တယ်။ ပါးစပ်ကလည်း မကြားဝံ့မနာသာစရာ အယုတ္တအနတ္တတွေ ဆဲနေကြပါတယ်။ ရိုက်လို့ ဝတော့မှ အာဏာပါးကွက်သား ခေါင်းဆောင်လို့ထင်ရ သူက ထောင်ထဲမှာ လိုက်နာရမယ့်စည်းကမ်းဆိုတာတွေ တစ်ချက်ချင်း ရွတ်ပြပြီး ကျွန်တော်တို့ကို ပြန်ရွတ်ခိုင်းပါတယ်။ အသံအကျယ်ကြီးအော်ပြီးရွတ်ပြရပါတယ်။ အဲဒီ့အချိန်မှာ အငိုက်မိသလိုဖြစ်သွားပြီး ကြောက်ရွံ့ထိတ်လန့်နေကြတဲ့ ကျွန်တော်

တို့အားလုံး အသံကုန်အော်ပြီး ရွတ်ပြကြပေမယ့် အသံတိုးတယ်ဆိုပြီး အရိုက်ခံကြရပါတယ်။ အချက်အလက်မှားတယ်ဆိုပြီးအရိုက် ခံကြရပါတယ်။ အဲဒီပုံစံမျိုးနဲ့ **'ပုံစံကိုင်'** တာ နှစ်နာရီလောက်ကြာပါတယ်။ တခြားသူတွေ တော့မပြောတတ်ဘူး။ ကျွန်တော့်တစ်ကိုယ်လုံးကတော့ ထုံထိုင်းပြီးဘာမှမသိတော့ ပါဘူး။ မတ်တပ်ရပ်ခိုင်းတဲ့အခါ ခြေထောက်တွေက ထုံကျဉ်နေတဲ့အတွက် ရပ်လို့မရပါဘူး၊ ကျန်တဲ့သူတွေ လည်း ဒီလိုပါပဲ။ ကျွန်တော်တို့အားလုံး ကိုယ့်ကိုယ်ရိုက်နေတဲ့သူတွေရဲ့ အကူအညီ နဲ့မတ်တပ်ရပ်ပြီး အာဏာပါးကွက် သားခေါင်းဆောင်လို့ထင်ရတဲ့သူရဲ့ **'ထောင်ဆို တာ'**မိန့်ခွန်းကို နားထောင်ကြရပါတယ်။

အဲဒီပုံစံနဲ့သုံးလေးရက်လောက်နေပြီးတဲ့နောက် တစ်နေ့တော့ မနက်(၉)နာရီလောက် တစ်ထောင်လုံးကကျန်တဲ့ အကျဉ်းသားတွေ အလုပ်သွားကြတဲ့အချိန်မှာ ကျွန်တော်တို့ (၂၄)ယောက်ကို ထောင်မှူးတစ်ယောက်က ဦးစီးပြီး **'အလုပ်ကြီးချ'**ပါတယ်။ အုန်းဆံထု၊ စက်ချုပ်၊ လက်သမား၊ တောင်ယာ စတဲ့အလုပ်တွေရဲ့အမည်နဲ့ ကျွန်တော်တို့တစ်ယောက်ချင်းနာမည်ကို တွဲဖတ်ပြတာပါ။ ဒါဟာ ကျွန်တော်တို့ကို ထောင်ဒဏ်စီရင်ချက် ချမှတ်စဉ်ကပါဝင်တဲ့ **'အလုပ်ကြမ်းနဲ့ထောင်ဒဏ်'**ဆိုတဲ့ စကားရပ်ကို အကောင်အထည်ဖော်တာဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့အုပ်စုထဲက အများစုက စိတ်ဓာတ်ရေးရာအရ ဦးချိုးတာကို အတော်ကလေးခံထားကြရမှုရဲ့အကျိုးဆက်အဖြစ် အလုပ်ကြီးချတာကို မဆန့်ကျင်ကြတော့ပေမယ့် ကမ္ဘာတည်သရွေ့ ထာဝရကမ္ပည်းထိုးမော်ကွန်းတင်ထားရမယ့် သူရဲကောင်း အာဇာနည် (၄)ယောက် ကျွန်တော်တို့ (၄)ဆောင်အုပ်စုထဲက ပေါ်ထွက်လာခဲ့ပါ တယ်။ သူတို့ကတော့ ဦးသန့်အရေးအခင်းက ရှေ့နေကြီး ဦးကျော်လင်း၊ ဦးသန့် အရေးအခင်းကပဲလား၊ ရွှေတိဂုံအရေးအခင်းကလား သေသေချာချာမမှတ်မိတော့တဲ့ စက်မှုတက္ကသိုလ်ကျောင်းသား ကိုသက်လှိုင်၊ ရွှေတိဂုံအရေးအခင်းက နဝမတန်းကျောင်းသားလေး ဇော်မျိုးသန့်နဲ့ဆလိုင်းကိုတင်မောင်ဦးနဲ့အတူ အဖမ်းခံခဲ့ရတဲ့ရေနံချောင်းက စီးပွားရေးတက္ကသိုလ်ကျောင်းသား ကိုမြင့်ဦးတို့ပဲ ဖြစ်ကြပါတယ်။

သူတို့က စစ်အာဏာရှင်ခေတ် တစ်လျှောက်လုံးနိုင်ငံရေးအကျဉ်းသားတွေ ကို ဦးချိုးနှိပ်ကွပ်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့စစ် အစိုးရအဆက်ဆက်ချမှတ်ကျင့်သုံး ခဲ့တဲ့နိုင်ငံရေးအကျဉ်းသားမရှိ အကြောင်းပြ ဘီကလယ်မရှိ၊အားလုံးရာဇဝတ်

သား ချည်းပဲမို့ ထောင်ထဲရောက်ရင် အားလုံးအလုပ်ကြမ်း လုပ်ကြရမယ်ဆိုတဲ့ မူဝါဒကို ပြတ်ပြတ်သားသားရဲရဲဝံ့ဝံ့ဆန့်ကျင်ဖီဆန်ပြီး "ကျုပ်တို့ကို အလုပ်ကြီးချ တာ လက်မခံနိုင်ဘူး"လို့ ထပြောလိုက်ကြပါတယ်။

အဲဒီမှာ ကျွန်တော်တို့မယုံကြည်နိုင်လောက်စရာ ဇရဲခန်းတစ်ခုကို မျက် ဝါးထင်ထင်မြင်တွေ့လိုက်ကြရတော့တာပါပဲ။ ကျန်တဲ့ကျွန်တော်တို့လူ (၂၀)ကို ပုံစံထိုင်ခိုင်းထားပြီး ထောင်အာဏာပိုင်တွေရဲ့လက်ပါးစေအကျဉ်းသား တွေက ဝိုင်းထားလိုက်ကြတယ်။ သူတို့အားလုံးလက်ထဲမှာလည်း သားရေပတ်ပြားတွေ စစ်ခါးပတ် တွေကိုယ်စီကိုင်လို့။အဲဒီအချိန်မှာ ကျန်တဲ့လက်ပါးစေတွေက ကျွန်တော် တို့ရဲ့ မျက်စိရှေ့မှောက်မှာ ကျွန်တော်တို့ရဲ့သူရဲကောင်း(၄)ယောက်ကို တစ်နေရာစီ ခွဲလိုက်ပါတယ်။ အဲဒီနောက်မှာတော့ ပါးစပ်က မကြားဝံ့မနာသာ ဆဲဆို ကြိမ်းမောင်းရင်း ဘဝအဆက်ဆက်က ငြိုးသူရန်ဘက်ဖြစ်လာတဲ့သူတွေလို အားရပါးရ ကန်ကျောက် ထိုးကြိတ်ရိုက်နှက် နှိပ်စက်ကြပါတော့တယ်။ တစ်ယောက်ကို ဆယ်ယောက်လောက်က ဝိုင်းပြီးနှိပ်စက်ကြတာပါ။ တချို့သော ထောင် အာဏာ ပိုင်လက်ပါးစေတွေဆိုရင် နေရာ(၄)ခုကို လှည့်ပြီး လက်သီးစွမ်း၊ ခြေထောက်စွမ်း၊ ဒူးစွမ်းပြကြပါတယ်။

ရဲဘော်(၄)ယောက် အဲသလို လူမဆန်စွာ ရိုက်နှက် ထိုးကြိတ် ကန်ကျောက်ခံနေကြရချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး (ကြောက်စိတ်ကြောင့်ရော နာကြည်းစိတ်ကြောင့်ပါ)တဆတ်ဆတ်တုန်ပြီး မျက်လုံးထဲကလည်း မျက်ရည်တွေ စီးကျလာပါတယ်။ ထိုင်နေတဲ့ရဲဘော်တချို့လည်း အဲသလို ဖြစ်နေတာကို ကျွန်တော်မြင်ရပါတယ်။

နာရီဝက်လောက် စိတ်ရှိလက်ရှိ နှိပ်စက်ညည်းပန်းပြီးတော့မှမျက်နှာတစ် ခုလုံးသွေးချင်းချင်းရဲနေပြီးကြမ်းပြင်ပေါ်မှာ ပုံလျက်လဲကျနေတဲ့အဲဒီရဲဘော်(၄) ယောက်ကို လက်ပါးစေတွေက ဒရွတ်တိုက်ဆွဲခေါ်ထုတ်သွားကြပါတယ်။ ဘယ်ကိုခေါ်သွားမှန်းမသိရပါဘူး။ သူတို့အားလုံးတိုက်ထဲရောက်သွားကြတယ်။ ဦးကျော်လင်းက နံရိုးနှစ်ချောင်းကျိုးသွားပြီး ကိုမြင့်ဦးက ရှေ့အပေါ်သွား (၃)ချောင်းကျွတ်ထွက်သွားတယ်။ ကိုသက်လွင်နဲ့ဇော်မျိုးသန့်တို့လည်း သေရာပါ ဒဏ်ရာတွေရသွားကြတယ်ဆိုတာ နောက်မှသိရပါတယ်။ ဒါပေမယ့် မတရားမှု ကို အာခံဖီဆန်မှုရဲ့အကျိုးဆက်ရလဒ်အဖြစ် သူတို့ (၄)ဦးစလုံး ထောင်ကလွတ်တဲ့ အထိ အလုပ်ကြီးချတာမခံကြရတော့ပါဘူး။

အခုဆိုရင် အဲဒီအဖြစ်အပျက်ဖြစ်ပျက်ခဲ့တာ နှစ်ပေါင်းလေးဆယ်နီးပါး ရှိသွားခဲ့ပါပြီ။ ဒါပေမယ့် အခုအထိ ပြန်စဉ်းစားကြည့်လိုက်ရင် ကျွန်တော့်စိတ်မျက်စိထဲမှာ ရုပ်ရှင်အနေးပြသလို ရှင်းရှင်းလင်းလင်းပြန်မြင်နေရတုန်းပါပဲ။ လက်ပါးစေတစ်ယောက်ရဲ့ ဒူးချက်ကြောင့် ကိုမြင့်ဦးခေါင်းနောက်ကိုလန်ထွက်သွားတာ၊ ဦးကျော်လင်းခွေကျသွားတာ၊ ကိုသက်လှိုင်ဘေးတိုက်လဲကျသွားတာ၊ ဇော်မျိုးသန့်လက်တစ်ဖက်တွဲလဲကျသွားတာ။ မြင်ကွင်းအားလုံးက ကျွန်တော့်စိတ်မျက်လုံးထဲမှာ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေတုန်းပါပဲ။

အဲဒီအချိန်ကစလို့ အခုအထိ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးတိုက်ပွဲအတွင်း ကျွန်တော်လမ်းပျောက်ချင်သလိုလို၊ လမ်းကောက်ချင်သလိုလို၊ လမ်းမလျှောက်ချင်သလိုလိုဖြစ်တဲ့အခါမျိုးတွေမှာ ကျွန်တော့်ကို လမ်းမပျောက်အောင်၊ လမ်းမကောက်အောင်၊ လမ်းဆက်လျှောက်အောင်သတိပေး လမ်းပြတိုက်တွန်းနှိုးဆော်ခဲ့တာ အဲဒီအဖြစ်အပျက်ပါပဲ။ ကျွန်တော် တွေတွေဝေဝေ ယိမ်းယိမ်းယိုင်ယိုင်တွေဖြစ်တိုင်း အဲဒီရဲဘော်(၄)ယောက်နဲ့တကွသော လူသိသူသိ လူမသိသူမသိ ဒီမိုကရေစီသူရဲကောင်းအာဇာနည်အထောင်အသောင်းတို့ရဲ့ဘဝအသက်သွေးစက်မျက်ရည်တွေက ကျွန်တော့်ကို လမ်းညွှန်သွန်သင်ဆုံးမကြပါတယ်။ ကျွန်တော်အခုအထိ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့တာဝန်ကို သဲတစ်မှုန်ခဲတစ်လုံးအဖြစ် ထမ်းဆောင်နေတာဟာ အဲဒီသူရဲကောင်းအာဇာနည်တို့ရဲ့ကျေးဇူးကို နိုင်သလောက်ဆပ်နေတာဖြစ်ပါတယ်။ သူတို့ဟာ ကျွန်တော့်အတွက်တော့ မြောက်ပိုင်းကောင်းကင်ယံက ဓူဝံကြယ်များပါပဲ။

စိုးအုပ်

# " ၁၉၇၅ ခုနှစ် သပိတ်သမားတစ်ဦး၏ ထောင်တွင်းဖြစ်သန်းမှုများ"

ကိုနီ (မီးရထား)

၁၉၆၀ မဲရုံများ ကျူဖျာများဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ရ၊ ပါတီကြီး ၂ ခု တည်မြဲအဖွဲ့အနီနှင့် သန့်ရှင်းအဖွဲ့အဝါတို့ဖြစ်၊ ကြံ့ခိုင်ရေး လူနည်းစုပါတီ အစိမ်းရောင်ဖြစ်၊ ဒံပေါက်ကြွေးမယ် ဝမ်းဆက်ပေး မယ် မဲဆွယ်ကြ၊ ရေတိုရေရှည်မက်လုံးပေးကြ၊ သန့်ရှင်းဦးနု ဘာသာရေးသမားပုံစံနေ စိတ်ပုတီးအမြဲဆောင် သူနိုင် ဒီမိုကရေစီခေါင်း ဆောင်များ လူထုကြားဆင်း။ သကြံန်ရေကစား၊ မီးဘေးကူ၊ သဘာဝဘေးကူ၊ လူနှင့်ရင်းနှီးစွာတွေ့ရ၊ သမ္မတ မန်းဝင်းမောင်နှင့် ဝန်ကြီးချုပ်ဦးနုထံမှ စစ်အာဏာရှင်နေဝင်း အာဏာလုယူ၊ ၁၉၆၂ မတ် (၂)ရက်ဖြစ်၊ တက်တက်ချင်းစစ်အာဏာရှင် ဇာတိပြ၊ တုတ်တုတ် ချင်း ခါးခါးချင်းစိန်ခေါ်၊ ပထမဦးဆုံးတော်လှန်ရဲသူ တက္ကသိုလ်ကျောင်းသား များကို သတ်ပြ၊ သမဂ္ဂအဆောက်အဦးဖျက်စီးပြ၊ ကျွန်တော် ၄တန်းဘဝကမှ ယခုထိမကျေမနပ်ဖြစ်၊ နောက်တော့ အိမ်ခြံမြေ စက်ရုံအလုပ်ရုံ သယံဇာတများသိမ်းငွေစက္ကူ (၂)ကြိမ် သိမ်း အားလုံးနှင့်သက်ဆိုင်ပြီး စားဝတ်နေရေးကြပ်လာကာ အလုပ်သမားများ စတင်ဆန္ဒပြ ကုန်ဈေးနှုန်းကျ ဆင်းရေး လစာတိုးမြှင့်ရေး အခမ်းစီးခံများ ပြန်လွှတ် ရေး တောင်းဆို၊ ကျောင်းသားများလည်း ပါဝင်လာ၊ ပြည်သူများ ခါးစီးခံစားနေရသော စီးပွားရေးလူမှုရေး ဒုက္ခများကို ဦးသန့်အရေးအခင်း၊ ရွှေတိဂုံအရေးအခင်း၊ မှိုင်းရာပြည့်တို့မှ အရှိန်အဟုန်မြင့်မြင့် လာကာ (၈. ၈. ၈၈) အရေးတော်ပုံကြီး ဖြစ်လာခဲ့ပါသည်။ ကျွန်တော်အရေး အခင်းအတော်များများ တွေ့ခဲ့ရပြီး ၁၉၇၅ အလုပ်သမားသပိတ်ဖြင့် ထောင်ဒဏ် (၁၃) နှစ်ကျ (၅)နှစ်နေကာ လွတ်ငြိမ်းချမ်းသာဖြင့် လွတ်မြောက်ခဲ့ပါသည်။

## ထောင်တွင်းဖြတ်သန်းမှု

ကြီး-ရေ-လေ ဝိုလ်မှူးကြီးများသည် မင်းတို့အပြစ်ရှိလားမေးသည်။ဆန္ဒပြတာ အပြစ်မရှိကြောင်း ပြောသော်လည်း ပါတာဖက်၍ ထောင်ဒဏ် အသီးသီးချသည်။ကျွန်တော့်ကို ထောင်ဒဏ်ကြေညာလျှင် လက်ခုပ်ဝိုင်းတီးပေးဖို့

ဘဝတူချင်းများကို တောင်းပန်ထားသည်။ကျောင်းသားများလည်း (၇)နှစ်မှ (၉)နှစ်ချခံရသည်။ လက်ခုပ်တဖြောင်းဖြောင်းအသံကြားနေရသည်။ အပြင်မှ မိဘများက နားစွင့်နေပြီး လွတ်သည်ဟုထင်နေကြသည်။ ကမ္ဘာမကြေဆို၍ ထောင်ထဲသို့ဝင်ကြသည်။ အရှက်ခွဲသည်ဆိုကာ တိုက်ပိတ်၍ ထောင်ဝင်စာဖြတ်လိုက်သည်။ အပ်တိုတစ်ချောင်းမရှိသော ကျောင်းသားနှင့် လုပ်သားကြီးများကို ထောင်ချသော ဗိုလ်မှူးကြီးများလည်း သူ့ရဲကောင်းသဖွယ် ရာထူးများ တက်သွားကြသည်။ ကျွန်တော်တို့အဖွဲ့အား အလုပ်ကြီးဆင်းခိုင်းသည်။ ပင်ပင်ပန်းပန်းပြန်လာသောအခါ ရေငါးခွက်တောင်ပြည့်အောင် မချိုးရ။အမှုထမ်းနဲ့လိုင်းဝင်ထားသူတွေ ရေကြိုက်သလောက်ချိုးနေသည်။ ဒါကြောင့်မို့ ရေကန်ကိုင်သူကို ဆွဲထိုး၍ တိုက်(ပထမ) အကြိမ်ပိတ်ခံရ။ ထောင်ညွှန်ကြားရေးမှူး ဦးဘခင်အား ခင်ဗျားလာတာ အကျဉ်းသားအခွင့်အရေးဘာမှ မရတဲ့အပြင် အနေကျုံ့ကြောင်းသာပြော၍ တိုက် (ဒုတိယအကြိမ်) ပိတ်ခံရ။ ထောင်တွင်းသရဲခြောက်ဆူပူမှုတွင် တိုက်(တတိယအကြိမ်) ပိတ်ခံရ။ ထောင်တွင်းပူလောင်ခြောက်သွေ့ပြီး ရေရှားပါးပြတ်လပ်မှုကို ဖြေရှင်း ရေးကို တောင်းဆိုခဲ့တဲ့ ကိုသိန်းသန်းဦး၊ ကိုနေဝင်း၊ ကိုကျော်အောင် အစရှိတဲ့ ကျောင်းသားတွေနဲ့အတူ (စတုတ္ထအကြိမ်) တိုက်ပိတ်ခံရပြီး အပြင်းအထန်နှိပ်စက်ညှင်းပန်းခံရ။ ကျွန်တော်ကျောင်းသားများနှင့် အလုပ်ကြီးမဆင်းရန် ဆန္ဒကျင် (ပဉ္စမအကြိမ်) ပိတ်ခံရ။ ရှမ်းထောင်ကျများ ထမင်းတောင်းသည်ကို ရိုက်၍ ဟန့်တားဝင်ထိုး၍ (ဆဋ္ဌမအကြိမ်)တိုက်ပိတ်ခံရ။ ခဏခဏတိုက်ပိတ်ခံရသည်ကို ထောက်လှမ်းရေးသိသွားပြီး နိုင်ငံရေးသမားများနှိပ်ကွပ်သော အဆောင်(၃)သို့ ပို့ရန်လုပ်၊ တိုက်ပိတ်ပြီးမှ ပို့ရမည်ဆိုပြီးတိုက်ပြန်ပိတ်၍ (သတ္တမအကြိမ်) ပိတ်ခံရ။ ကျွန်တော်ရောက်ခဲ့သော တိုက်များမှာ ရင်ခွဲတိုက် ၊ ကြိုးတိုက်ခေါ် (၅)တိုက်၊ အလုံတိုက်ခေါ် (၆)တိုက် ၊ စစ်ခွေးတိုက် ၊ ထောက်လှမ်းရေးဝင်း စစ်ကြောရေး တိုက်သစ်တို့ ပိတ်ခံခဲ့ရသည်။

ကျန်းမာရေးအရ သွားဖုံးများအထိုးခံထား၍ ညိုမဲပြည်တည်နေသည်။ အပြင်ရောက်လို့ထုတ်သွားများကျွတ်ကုန်၊ နှာရိုးကျိုးသည်။ နံရိုးတစ်ချောင်းကျိုးသည်။

**ရဲဘော်ရဲဘက်များအခြေအနေ**

၁၉၇၆ (၄)လပိုင်းလောက် (၃) ဆောင် ကျောင်းသားများ ဆန္ဒပြ

ရိုက်နှက်စစ်ဆေးတိုက်ပိတ်၊ တွဲဘက်ဆောင် ကျောင်းသားချင်း သွေးခွဲ အမှုထမ်းနဲ့အလွမ်းတည့်အုပ်စုနှင့် အလွမ်းမတည့်အုပ်စုတို့ရိုက် တိုက်ပိတ်။နောက်ဆုံး (၃) ဆောင်ကို ပုံစံမထိုင်၍ ရာဇဝတ်ကောင်အမှုကြီးများ လက်ရွေးစင်ခေါ်ပြီး ကျောင်းသားများကိုရိုက်။အချို့ (၄)ဆောင်မှာရိုက်။ဘာအမှုလဲမေး နိုင်ငံရေးမှုလို့ပြောရင်ရိုက်။ရခိုင်ဘာသာပြန်သန်းရွှေ ရိုက်သတ်ခံရ။ ကျွန်တော့်အား အဆီပိတ်သေသည်ဟု အာဏာပိုင်မှ လက်မှတ်ထိုးခိုင်း၊ မထိုးနိုင်ဘူးပြော၊ အင်္ဂလိပ်က နိုင်ငံရေးသမားများကို A.B.C ကလပ်များခွဲ၍ ကောင်းကောင်းထားသည်။ သခင်ပေါက်စမှ ထောင် (၆)လပဲချသည်။ စစ်အာဏာရှင်များက ရက်စက်လွန်းသည်။

## ဝင်ဆိုတာလည်တယ် ကိုယ်တွေ့

ထောက်လှမ်းရေး (မျက်မှန်) လန်ဘားတင်ဦးနှင့် ပြည်ထဲရေးဘိုနီတို့ အာဏာအလွန်ထက်ချိန်၊နိုင်ငံရေးသမားများကျိုးကန်းသွေးအန်၊ အချို့သေအောင် နှိပ်စက်ခံရ။ ထောက်လှမ်းရေးဦးတင်ဦး ဝင်လည်ပြီး အကျိုးတို့အကန်းတို့မွေး၊ သူ့ခေတ်မှာပဲသူ ထောင်ပြန်ကျ၊ ပြည်ထဲရေးဝန်ကြီး ဘိုနီကအချင်း ၆လက်မသံကွင်းဝိုင်းတစ်ခုထဲမှာ အကျဉ်းသား (၂၅)ယောက်ရဲ့ ခြေချင်းတွေစုပေါင်းပြီး ခြေချင်းပဒေသာဟု တီထွင်ကာ အလုပ်ကြမ်းခိုင်း၊ ထိုခြေချင်းသမားများမှာ ဝမ်းကိုက်ဝမ်းလျှောပြီး အကြိမ်ပေါင်းများစွာအိမ်သာတက်၊ အားလုံးအိပ်မရ အာဟာရနှင့် ကျန်းမာရေးချို့ယွင်းပြီး (၂၅) ယောက်လုံးသေ။ လူ(၂၅)ယောက်မှာ တစ်တွဲ၊ အတွဲ (၁၀)မှာ တစ်ယောက်သာအသက်ရှင်။ (၁)ယောက်ပဲကျန်မှ ထောင်ထဲအဝင်ခံသည်။တစ်ယောက်ကျန်သူက သူနဲ့တွဲထားသော သေသူများ၏ခြေချင်းကိုထမ်းလာရသည်။ သူ့ကို ကိုသက်ပြင်းဟုခေါ်ကြသည်။အဲဒီ ဘိုနီကိုယ်တိုင်လဲ ဝင်လည်ပြီး ထောင်ထဲ ရောက်လာရသည်။ ခင်ညွန့်လည်းထိုနည်းလည်းကောင်းပင်၊ ထို့ကြောင့်မို့ တင်ဦး၊ ဘိုနီ၊ ခင်ညွန့်တို့အဖွဲ့ ဝင်လည်ကြသည်။

## တစ်ဖတ်သတ်သေဒဏ်များ

သခင်စိုးနှင့် လောစစ်ဟန် (ဘိန်းဘုရင်)တို့သည် နေဝင်းနှင့်ပတ်သက်သူများဖြစ်၍ သေဒဏ်မှလွတ်ရန် အကွက်ရွှေ့လိုက်သည်။

ခရမ်းလူသတ်မှုတရားခံ အောင်ဒင်၊ ဒလတပ်စိတ်တစ်ခုလုံးသတ်မှုတရားခံ၊ တပ်ကြပ်ကြီးတင်ဝင်း ၊ ကျောင်းသားကိုသတ်ခဲ့တဲ့ တာမွေခါးပိုက်နှိုက်

သိန်းဝင်းတို့ ၉ ယောက်အဖွဲ့ ရှေ့မှာရှိထားသည်။ သေဒဏ်သမား (၁၃)ယောက်မှာ စီနီယာအရ တစ်နှစ်ကျော်ရှိနေသော်လည်း ကျောင်းသားတင်မောင်ဦးနှင့် ဗိုလ်ကြီးအုန်းကျော်မြင့်တို့မှာ ၂လ ၃လအတွင်း အမြန်သတ်ပစ်ခြင်းမှာ လွန်စွာယုတ် မာရက်စက်ခြင်းကို ပြသည်။ ဦးနုရဲ့ ပြည်ချစ်ပါတီမှ နိုင်ငံရေးသမား ညွန့်တင်၊ စောလှဝင်း၊ ဘဆွေလေး၊ နန်းသိမ်းမောင်တို့မှာလည်း လူငယ်လေးများဖြစ်ကြ သော် လည်း သတ်ပစ်ခြင်းခံလိုက်ရသည်။ ရာဇဝတ်မှုသေဒဏ်သမားများ မသေ ပါ။ လွတ်ငြိမ်းဖြင့် လွတ်ကြပါသည်။ ကျွန်တော်ထောင်တွင်း၌ ကြိုးသမားညွန့် တင်၊ အောင်ဒင်၊ တင်ဝင်း၊ စောလှဝင်း၊ ဘဆွေလေး၊ နန်းသိမ်းမောင်တို့နှင့် စကားပြောရပါသည်။ ကျောင်းသားတင်မောင်ဦးနှင့်မတွေ့ရ။ သတ်မည့်နေ့ မအိပ်ပဲစောင့်နေ၏။ စစ်အစိုးရကို ဘယ်တော့မှဒူးမထောက်ကြနဲ့လို့ အော်သံ ကြားလိုက်ရသည်။ဗိုလ်ကြီးအုန်းကျော်မြင့်မှာ သနားစရာအကောင်းဆုံးဖြစ် သည်။သတ်ချိန်ကို နားထောင်နေစဉ် ဘာတစ်ခွန်းမှမပြောဘဲ ကြိုးစင်ကိုရင်ကော့ ၍တတ်သွားသည်ဟု ကြားသိလိုက်ရပါသည်။

သားသုံးသား ဘုရားသား၊ကျောင်းသား၊စစ်သား၊အနက်၊ဘုရားသား သံဃာမှာ မိမိကိုယ်မိမိကြိုးပေးစီရင်သွားသည်ကို ဘေးချင်းကပ်မို့ သိလိုက်ရ ပါသည်။သင်္ကန်းချွတ်ခိုင်းသည်ကို မချွတ်ဘဲ တစ်ရက်အချိန်တောင်းသည်။ ကျွန်တော်အား အချိန်တိုအတွင်း လာမေးသည်။ စောင်ကိုကြိုးကျစ်၍ရကြောင်း ပြောပြသည်။တင်ပလ္လင်ခွေကြိုးတုတ်ပြီး လည်ပင်းကိုသံပန်းနဲ့ ကြိုးဆွဲချ ပျံလွန် တော်မူသွားသည်။မနက်သိသိချင်း လာထုတ်သွား၊နံရံတွင် သွေးဖြင့်ရေးခဲ့၊ သံဃာ ကိုဘာမှတ်လို့လဲ၊၁၉၇၆လောက်ကဖြစ်။သံဃာများ သင်္ကန်း ရိုက်ချွတ်ကာလဖြစ်၊ ဘုရားသားနှင့်ကျောင်းသားက မှတ်ချက်ပေးသွားသည်။ စစ်အစိုးရကို ဘယ် တော့မှဒူးမထောက်၊ သံဃာကိုဘာမှတ်လို့လဲဟု မှတ်ချက်ပေးသွားသည်။ သား သုံးသားအနက် ဘုရားသားသံဃာမှာ လူသိအနည်းဆုံးနှင့်အစွန့်စားဆုံးဖြစ်၊ သံဃာတစ်ရပ်လုံးအပေါ် ဘယ်တော့မှသင်္ကန်းမချွတ်ရန်အသက်ပေးသွားပါသည်။ ဒါကို ထောင်ရာဇဝင်ပြန်လှန်၍ ဂုဏ်ပြုသင့်ပါသည်။

ကိုနီ (မီးရထား)
(၁၉၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု)

---

**၇၄–၇၅–၇၆ နိုင်ငံရေးအင်အားစု**

## "အမှတ်တရနိဒါန်းများ"

ရွှန်းသစ်ဝေ

အင်းစိန်ထောင်ရောက်သွားတဲ့အချိန်မှာ ကျွန်တော့်အရင်ရောက်နေတဲ့ ဆင်မလိုက်သဘော်ကျောင်း၊ သမိုင်းချည်မျှင်နဲ့ အထည်စက်၊ မလွှကုန်းမီးရထား စက်ရုံနဲ့ အခြားသော အလုပ်သမားရဲဘော်များက အဆောင်မှာ အသားကျ နေကြပြီဖြစ်ပါတယ်။ အဆောင်ကို ကျွန်တော်ရောက်တဲ့အခါ အလုပ်သမား ရဲဘော်များနဲ့ ဗကပမှ ဗိုလ်သိန်းလွင်တို့ဟာ ကျွန်တော်နဲ့အနေ နီးစပ်ပါတယ်။ အထူးသဖြင့် ဆင်မလိုက်အလုပ်သမားသပိတ်က ရဲဘော်တင်မြင့် နဲ့ ပိုခင်မင်ပါ တယ်။ သူကဝ္ဂတ္တလစ်သားဖြစ်ပြီး ကျောင်းသားလှုပ်ရှားမှု အဆင့်ဆင့်ကို ဖြတ်သန်းပြီး နိုင်ငံရေးအတွေ့အကြုံရှိသူတစ်ဦးဖြစ်ပါတယ်။ သူက အလုပ်သမား ခေါင်းဆောင်ဖြစ်တဲ့ ဆင်မလိုက်က ကိုဝင်းထိန်ကို ကျွန်တော်နဲ့မိတ်ဆက်ပေး ပါတယ်။ ကိုဝင်းထိန်က အသားကခပ်မဲမဲ မျက်မှန်တပ်ထားပြီး ကုတ်အင်္ကျီ အနက်ကိုဝတ်ထားလေ့ရှိပါတယ်။ လက်ကိုကားပြီးစတိုင်နဲ့ လမ်းလျှောက်တတ်ပါ တယ်။ အမြင်အရ တောသူကြီးသားပုံပေါက်ပြီး ဒေါင့်မကျိုးတဲ့ပုံပါ။ ကိုနီက ကုလားဆင်ဖြစ်ပြီး ပြုံးနေတတ်ပါတယ်။ ကိုဖိုးကျော့က ကျွန်တော်နဲ့အနေမနီးပါ။ အဆောင်မှာ နေ့စဉ်တွေ့ရပေမယ့် အလုပ်သမားရဲဘော်၊ စာရေးဆရာတစ်ဦး အဖြစ်သာ သိခွင့်ရပါတယ်။ မီးရထားက ကိုအောင်ကြည်က ခပ်ပြုံးပြုံးနဲ့နေတတ် ပြီး အတွေးအခေါ် အယူအဆများကို ဆွေးနွေးလေ့မရှိပါ။ သို့ပေမယ့် မဆလပါတီ ကို လူထုကို ဖိနှိပ်တဲ့ပါတီအဖြစ် ခိုင်မာစွာ ယုံကြည်ထားသူဖြစ်ပါတယ်။ ဦးသန့်

အရေးအခင်းက ရဲဘော်များကတော့ စုစုစည်းစည်းနဲ့ နေတတ်ကြပါတယ်။

ကိုဝင်းထိန်နဲ့ ကျွန်တော်က အသက်နဲ့ဝါစဉ်အရလည်း ကွာပါတယ်။ ဆင်မလိုက် အလုပ်သမားရဲဘော်အားလုံးနဲ့ အခြားနိုင်ငံရေး အင်အားစုများကပါ သူ့ကို လေးစားကြပါတယ်။ ကျွန်တော်နဲ့သူအကြိမ်ပေါင်းများစွာ တွေ့ပါတယ်။ အပြင်ပန်းပုံသဏ္ဍာန်အရ သူ့ကိုကြည့်ရတာ အပေါင်းရခက်တဲ့ အိုက်တင်နဲ့ ဟန်ပန်အပြည့်ရှိသူတစ်ဦးလို တွေ့ရပါတယ်။ ရဲဘော်တင်မြင့်က မိတ်ဆက်ပေးမှ သိကျွမ်းခွင့် ရပေမယ့် ပေါင်းကြည့်တဲ့အခါ အလွန်ခင်စရာကောင်းသူ တစ်ဦးဖြစ်ပါတယ်။ ထောင်ဝင်စာလာရင် သူ့အထုပ်ကိုအားလုံးကိုအပ်ပြီး ဝေစားတဲ့သူပါ။ ကိုဝင်းထိန်နဲ့ တွေ့တဲ့အချိန်မှာ ကျွန်တော်က နိုင်ငံရေးစံချိန်မမီသေးပါ။ သူ့ရဲ့ လက်သုံးစကားကတော့ " နွားမွေးရင်မြက်ကျွေးရမယ်၊ လူမွေးရင် ထမင်းကျွေးရမယ်တဲ့ " သူ့နေထိုင်စားသောက်မှုပုံစံတွေထဲမှာ အလုပ်သမားတွေရဲ့ ဘဝအတွေးအမြင်နဲ့ ကင်းကွာတဲ့ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုကို ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ဖူးပါ။ ကိုဖိုးကျော့ကတော့ လူရည်သန့်ပြီး ကျွန်တော်နဲ့နိုင်ငံရေးအကြောင်း မဆွေးနွေးဖူးပါ။ ကိုဝင်းကျော်က အမြဲပြုံးနေတတ်ပြီး ရဲဘော်များရဲ့ နေရေးစားရေးကို ဂရုတစိုက်မေးတတ်သူပါ။ ကျွန်တော်က မိရိုးဖလာ ယုံကြည်မှုထက် ဗုဒ္ဓဘာသာကိုကြည်ညိုပါတယ်။ အဖိုးကမွေ့စကြာကို အလွတ်ကျက်ခိုင်းပြီး ဘာသာရေးကို ပုံသွင်းခံရသူပါ။ ဒါပေမယ့် ထောင်ထဲရောက်တော့ ဗကပက ဗိုလ်သိန်းလွင်နဲ့ ညီအစ်ကိုလို ရဲဘော်လို အမျိုးတစ်ယောက်လို ခင်မင်ပါတယ်။ သူကအမြဲပြုံးပြီး ကျွန်တော်တို့လူငယ်လေးတွေကို ဂရုတစိုက်စောင့်ရှောက်ပါတယ်။ ကျွန်တော်က ဘာသာရေးအယူသည်းတော့ လူချင်းခင်တာကလွဲလို့ နိုင်ငံ ရေးမဆွေးနွေးဖြစ်ပါ။ သိပ်မကြာခင်မှာပဲ ဘာသာရေးလွတ်လပ်ခွင့်အပေါ် ကွန်မြူနစ်တွေ ဘယ်လိုသဘောထားသလဲဆိုတာ တွေ့ရပါတယ်။ သူက ဘာသာရေးကို မပုတ်ခတ်တဲ့အပြင် ဗုဒ္ဓဘာသာဟာ လွတ်လပ်စွာယူဆတွေးခေါ်ခွင့်ရှိတဲ့ ဘာသာ ဖြစ်ကြောင်း၊ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးပေးပြီး ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးပေးတာကို လက်ခံယုံကြည်ကြောင်း ဆွေးနွေးဖြစ်ပါတယ်။ ကျွန်တော်အလွန်အံ့သြရပါတယ်။ ကွန်မြူနစ်တွေဟာ ဘာသာမဲ့ဖြစ်ပြီး ဓမ္မ အန္တရာယ် ဟုတ်/မဟုတ်ဆိုတာကို သူနဲ့တွေ့မှ ပြန်ဆန်းစစ်ရတဲ့ ကိစ္စဖြစ်လာပါတယ်။ သူနဲ့ကျွန်တော်ကြားမှာ

ဘာသာကိုးကွယ်ယုံကြည်မှုကြောင့် အငြင်းပွားဖို့ မရှိကြောင်း သိလာရပါတယ်။ သူက လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို လက်ခံပြီး ဘယ်ဘာသာကိုမှ ပုတ်ခတ်တိုက်ခိုက်ခြင်းလည်းမရှိပါ။ ဒါကြောင့် ကွန်မြူနစ်တွေနဲ့ ကျွန်တော်ယဉ်ပါးလာခြင်းဖြစ်ပါတယ်။ သူက စစ်ရေးအမြင်ကဲပြီး နိုင်ငံရေးအမြင်မှာတော့ ရှင်းအောင်ရှင်းပြနိုင်စွမ်းမရှိပါ။ သမိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းပြတဲ့အခါ သာယာဝတီထောင်က ကျွန်တော်နဲ့ရင်းနှီးတဲ့ ဗကပ ခရိုင်ကော်မတီဝင် ရဲဘော်ကြီးလောက် ရှင်းလင်းနိုင်စွမ်းမရှိပါ။ လူတန်းစားအမြင်မှာတော့ ပြတ်သားစွာရပ်တည်တဲ့ သစ္စာတရားကို ကိုင်စွဲနိုင်သူဖြစ်ပါတယ်။

ဆင်မလိုက်သဘော်ကျင်းက ကိုတင်မြင့်နဲ့ကျွန်တော်က သာယာဝတီထောင်သို့ အတူပြောင်းရွှေ့ခံခဲ့ရသူဖြစ်လို့ ပိုခင်မင်ရင်းနှီးပါတယ်။ သူက သမိုင်းနဲ့နိုင်ငံရေးအမြင် ကြွယ်ဝပြီးဖျတ်လတ်ပါတယ်။ မျက်လုံးတစ်ဖက်သာမြင်ရပေမယ့် လောကကို ရှင်းလင်းစွာ မြင်တတ်၊ ဆွေးနွေးတတ်ပါတယ်။ သာယာဝတီထောင်ကို ကျွန်တော်နဲ့အတူ ပြောင်းရွှေ့ခံရသူတွေက အလုပ်သမားရဲဘော်များဖြစ်တဲ့ ကိုတင်မြင့်၊ ကိုအောင်ကြည်၊ ကိုချစ်ဆွေတို့ဖြစ်ပါတယ်။ သာယာဝတီထောင်မှာ လယ်သမားတွေ အများအပြားတွေ့ရပါတယ်။ ကျွန်တော်တို့က အင်းစိန်ထောင်မှာ (၁)နှစ်နဲ့ (၈) လလောက်ပဲနေရပြီး သာယာဝတီထောင်ကို ပြောင်းရွှေ့ခံခဲ့ကြရတာဖြစ်ပါတယ်။

သာယာဝတီထောင်က လယ်သမားအများစုဟာ အကြောင်းအမျိုးမျိုး နဲ့ ပြစ်ဒဏ်ပေးခြင်းခံခဲ့ရသူတွေဖြစ်ပြီး အင်းစိန်ထောင်က ပြောင်းလာတာက အလုပ်သမားဖြစ်ပါတယ်။ ဒါကြောင့် သာယာဝတီထောင်မှာ အလုပ်သမား၊ လယ်သမားတွေရဲ့ ဘဝဒုက္ခကို ပေါင်းစပ်တွေ့ မြင်ရပါတယ်။ ဒီစာစုမှာ လယ်သမား၊အလုပ်သမား ရဲဘော်များရဲ့ ဘဝပုံရိပ်လွှာများကို အကုန်အစင် ဖော်ပြနိုင်စွမ်းမရှိပါ။ အဲဒီအချိန်က ကျွန်တော်ဟာ ငယ်ရွယ်သူတစ်ဦးသာဖြစ်ပါတယ်။ သူတို့ရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ရဲရင့်မှုတွေကတစ်ဆင့် ကျွန်တော်တို့တစ်တွေဟာ နှောင်ကြိုးမှတစ်ပါး ဆုံးရှုံးစရာမရှိဆိုတဲ့ လူတန်းစား သဘောတရားကို အခိုင်အမာသိရှိလာခဲ့ပါတယ်။သူတို့ရဲ့ ဘဝကသွေးဖိမှုမရှိတဲ့ အတွေးအခေါ်တွေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ကုန်လွန်ခဲ့တဲ့အချိန်က (၃၈)နှစ်ကျော်သွားခဲ့ပါပြီ။ အဲဒီတုန်းက

ကျွမ်းဝင်ကြားသိခဲ့ရတဲ့ အလုပ်သမားရဲဘော်တွေ နိုင်ငံရေးသမားတွေ ၊ အနုပညာရှင်နဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေ ဘယ်ရောက်နေတယ် ဆိုတာ မသိရတော့ပါ။ တစ်ချို့ကအသက်အရွယ်အရ ကြွေလွင့်သွားခဲ့ကြပြီဖြစ်ပါတယ်။ ကျွန် တော့်ရဲ့ အမှုတွဲထဲက ရဲဘော် (၆) ယောက်လောက် ကြွေလွင့်သွားပြီဖြစ်ပါ တယ်။ ကျွန်တော်တို့တစ်တွေဟာ ထိုစဉ်က အဘက်ဘက်က ကြီးမားတဲ့ ဖိနှိပ်မှု တွေကို ရှုမှန်းသိလျက်နဲ့ အကျဉ်းစခန်းကို အမှန်တရားအတွက် ရောက်ရှိခဲ့ကြခြင်းဖြစ်ပါ တယ်။ ဇွန်လ အလုပ်သမားအရေးအခင်းအပါအဝင် အရေးအခင်းပေါင်းစုံက ရဲဘော်များဟာ ဒီမိုကရေစီရေး၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးအတွက် အမှန်တကယ် တိုက်ပွဲဝင်ခဲ့ကြသူတွေ ပါ။ အလုပ်သမားရဲဘော်တွေ သွေးမြေကျ တိုက်ပွဲဝင်ခဲ့ပြီး အပြင်လောကကို ရောက်တဲ့အခါ အခုလို ပေါ်ပြူလာပုံစံတွေနဲ့ ကြုံဆိုခြင်းမခံခဲ့ကြရပါ။ သူတို့ဟာ ခေတ်တစ်ခေတ်မှာ မိမိတို့ရဲ့ တာဝန်ကို ဘဝနဲ့ရင်းပြီး ထမ်းဆောင်ခဲ့ကြတာသာ ဖြစ်တယ်ဆိုတဲ့ အချက်က သမိုင်းမှာ အငြင်းပွားစရာမရှိပါ။

မဆလအုပ်စိုးသူတွေက သူတို့ကို ဆန့်ကျင်သူတွေကို လွတ်လွတ် လပ်လပ်နှိပ်ကွပ်နေတာကို ဘယ်နိုင်ငံကမှ လူ့အခွင့်အရေး၊ ဒီမိုကရေစီဆိုပြီး ကန့်ကွက်ဟန့်တားခဲ့ခြင်းမရှိပါ။ အလုပ်သမားရဲဘော်တွေနဲ့ ကျွန်တော်တို့ တစ်တွေဟာ မဆလရဲ့ ပြိုင်ဘက်မရှိနှိပ်ကွပ်ခြင်းကို ခံကြရတာပါ။ ကျွန်တော်နဲ့ အလုပ်သမားရဲဘော်များ သာယာဝတီထောင်ကိုရောက်တော့ ကြိုးစင်ကို မျက်နှာပြုတဲ့တိုက်မှာ (၆) လလောက် ခြေကျဉ်းနဲ့ထားပါတယ်။ နောက်မှ အဆောင်ကိုပို့ခြင်းဖြစ်ပါတယ်။ အဆောင်မှာ သာယာဝတီသားနဲ့ ရန်ကုန်ရယ်လို့ ဒေသစွဲတွေကြီးပြီး ဖြစ်ရတဲ့ အကျဉ်းသားတစ်ချို့ သေဆုံးခဲ့တဲ့ အမိကရုဏ်းပြီး စအခြေအနေပါ။ မဆလ အာဏာပိုင်တွေဟာ သူတို့ရဲ့ နေမဝင် အင်ပါယာကို ထူထောင်ပြီး အကျဉ်းသားအချင်းချင်း သွေးခွဲရက်ရက်စက်စက်အပြစ်ပေးပြီး စံပြထောင်အဖြစ် ပြန်လည်ထူထောင်နေချိန်ပါ။

သည်စာစုဟာ (၁၉၇၄/၇၅/၇၆) ကာလ ငြိမ်းချမ်းရေး ၊ဒီမိုကရေစီ ရေး၊ ညီညွတ်ရေးများအတွက် တိုက်ပွဲဆင်နွှဲခဲ့တဲ့ အလုပ်သမားရဲဘော်များရဲ့ ပုံရိပ်လွှာတစ်ချို့ကို နိဒါန်းမျှသာ ရည်ညွှန်းနိုင်ပါတယ်။

ကျွန်တော်တို့ အကျဉ်းထောင်အတွင်း ဖြတ်သန်းခဲ့ရတဲ့ အချိန်မှာ ရဲဘော်များဟာ နိုင်ငံရေး ရေချိန်ကိုမြင့်တင်ခြင်း၊ နိုင်ငံတကာအရေးကိစ္စများကို

ဝေဖန်သုံးသပ်ခြင်း၊ မြန်မာနိုင်ငံသမိုင်းနဲ့ အုပ်ချုပ်သူ လူတန်းစားအသီးသီးရဲ့ စရိုက်လက္ခဏာကို အတွေးအခေါ် ဒဿနအမြင်ရှုထောင့်က လေ့လာခြင်းတို့ဖြင့်သာ အချိန်ကုန်ဆုံးဖြတ်သန်းကြပါတယ်။ အရည်အချင်းမီ နိုင်ငံရေးသမားဖြစ်ရေးနဲ့ အပြင် လောကရောက်တဲ့အခါ မိမိကိုယ်ကို စောင့်ထိန်းပြီး၊ လိမ်လည်လှည့်ဖြားထားတဲ့ အတုအပတွေ၊ စကားလုံး ဝေါဟာရတွေနောက်မလိုက်ဘဲ သန့်သန့်ရှင်းရှင်းရပ်တည်၊ တွေးခေါ်နိုင်ဖို့ အတွက် အတွေးအခေါ်ဒဿနတွေ သင်ကြားပေးတဲ့ ဘဝတက္ကသိုလ်အဖြစ် ပုံလောင်းကြပါတယ်။ ကျွန်တော်လည်း ဒီလိုလေ့လာသင်ယူရင်း ကနေ့အထိ ရပ်တည်နိုင်ခဲ့ပါတယ်။

မျက်မှောက်ကာလမှာ အကျဉ်းစခန်းက လွတ်လာတဲ့ ဒီမိုကရေစီရေး လှုပ်ရှားသူများဟာ နိုင်ငံရေးအတွေးအခေါ်လေ့လာမှုနဲ့ မြန်မာနိုင်ငံရေးသမိုင်းကို ဆန်းစစ်ဖို့ ပစ္စုပ္ပန်လူထုတိုက်ပွဲတွေရဲ့ လားရာနဲ့ အနှစ်သာရတွေကို လေ့လာသုံးသပ် ကြိုးစားသင်ကြားပြီး ရေရှည်အမြင် ချမှတ်ဖို့ အလွန်အားနည်းနေတယ်ဆိုတဲ့ ကျွန်တော့်အမြင်ကို ဖော်ထုတ်လိုက်ပါတယ်။

အတိတ်ကာလရဲ့တန်ဖိုးများနဲ့ ပတ်သက်လို့ ငြင်းခုံမှုများဟာ မကြာခင်မှာ တိတ်သွားတတ်ပါတယ်။ အချို့ကိစ္စရပ်တွေကတော့ ပစ္စုပ္ပန်အကျိုး အတွက် ညွှန်ပြတဲ့ မှတ်သားဖွယ်များအဖြစ် ပေါ်ထွက်နေတတ်ပါတယ်။ အတိတ်ထဲကနေပြီး အလားအလာအသစ်တွေကို တောင်းဆိုနေပါတယ်။

၁၉၇၄/၇၅/၇၆ က စက်ရုံစုံက အလုပ်သမားများရဲ့ ပုံရိပ်လွှာက ကနေ့ထိ ကျွန်တော့်အမြင်မှာ ရှင်သန်နေဆဲပါ။ မှောင်လွှမ်းတဲ့ညများကို ကျော်ဖြတ်ပြီး သူတို့ရဲ့ တိုက်ပွဲသံတွေဟာ ရပ်စဲခြင်းမရှိသေးပါ။ ကျွန်တော် သူတို့ကို အမှတ်ရတမ်းတနေဆဲပါ။ မဆလ အုပ်စိုးသူတွေကို အံတုဖီဆန်ခဲ့တဲ့ လုပ်ရပ်တွေကတော့ သမိုင်းဂုဏ်ရောင်ပြောင်နေလျှက်ပါ။

အတိတ်ရဲ့ဒီမိုကရေစီညီညွတ်ရေးငြိမ်းချမ်းရေးဆိုတဲ့ တိုက်ပွဲတွေကြား က အစစ်အမှန်မျက်နှာသစ်တွေကို လူထုက တောင်းဆိုလျက် ရှိနေပါတယ်။

ယနေ့လူထုဟာ အဟောင်းတွေကို ငြီးငွေ့ငြင်းပယ်ပြီး ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးအတွက် ခေါင်းဆောင်အသစ်အတိုက်အခံအသစ်ကို အလိုရှိနေပါတယ်။

ယနေ့ စက်ရုံ၊ အလုပ်ရုံက အလုပ်သမားများရဲ့ လုပ်ခလစာတိုးမြှင့်ရေး

အလုပ်ချိန် လျော့နည်းရေး လူမှုဘဝတိုးတက်ရေးအတွက် ဆန္ဒပြတောင်းဆိုမှုများနဲ့ မြေသိမ်းခံရတဲ့ လယ်သမားတွေရဲ့ မြေယာပြန်ရရေးတောင်းဆိုမှုများဟာ တရားတဲ့တိုက်ပွဲတွေပါ။ ဒီတိုက်ပွဲတွေမှာ ကြားရပ်တည်ချက်မရှိပါ။ ရှည်လျားတဲ့ သမိုင်းတစ်လျှောက် ဖိနှိပ်ခံနေရတဲ့ လူထုတိုက်ပွဲတွေမှာ ပြတ်ပြတ်သားသားရပ်တည်ပြီး ခေါင်းဆောင်မှုပေးနိုင်ရေးဟာ ကနေ့မြန်မာပြည်ရဲ့ အဓိကတိမ်းညွတ်မှုပါပဲ။

ဇွန်လအလုပ်သမားနှစ်ပတ်လည်အရေးတော်ပုံဟာ ယနေ့အလုပ်သမားဆန္ဒပြပွဲတွေနဲ့ လယ်သမားလှုပ်ရှားမှုများအတွက် အတိတ်ရဲ့လင်းလက်ရှင်သန်နေတဲ့ လမ်းညွှန်မှုဖြစ်ပါတယ်။

ဇွန်အလုပ်သမား အရေးတော်ပုံက ကိုဝင်းထိန်၊ ကိုတင်မြင့်၊ ကိုအောင်ကြည်၊ ကိုနီ၊ ကိုဝင်းကျော်၊ ကိုချစ်ဆွေ ၊ ဦးသန့်အရေးအခင်းက ရဲဘော်များ၊ အလုပ်သမား ရဲဘော်များ၊ အညာတမာနဲ့ ပီတောက်တစ္ဆေသကြိန်သံချပ်အဖွဲ့က ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေး ဟစ်တိုင်ကိုအနုပညာရှင်များကို အတွေးအမြင်သစ်တွေကို ဆောင်ကြဉ်းလာသူတွေအဖြစ် သတိရနေဆဲပါ။ သူတို့ရဲ့အနုပညာဖန်တီးမှုတွေကို မျိုးဆက်သစ်တွေက ဆက်လက်ဖန်တီးသယ်ဆောင်ကြပါ့မလားလို့ တွေးတော ဆင်ခြင်နေလျက်ပါ။ ကျွန်တော့်အမှုတွဲရဲဘော်တွေရဲ့ မိုးသားသန့်ရှင်းပြီး ထောင်တွင်းရပ်တည်ဖြတ်သန်းခဲ့တဲ့ပုံရိပ်လွှာတွေက အတုတွေ ပေါ်လွန်းတဲ့ကနေ့ခေတ်မှာ သူတို့ကိုပိုပြီး သတိရစေပါတယ်။

ရွှန်းသစ်ဝေ
၃၄/၃၅/၃၆ နိုင်ငံရေးအင်အားစု

# သတင်းမှတ်တမ်း

၇၄-၇၅-၇၆ အရေးအခင်းများတွင် ပါဝင်လှုပ်ရှားခဲ့သည့်
ကျောင်းသားခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူ
ကျောင်းသား ကျောင်းသူများအား ကျောင်းသားဆိုးများအဖြစ်
ကင်ပွန်းတပ်လျှက် ရာဇဝတ်ပြစ်မှုအမျိုးမျိုးဖြင့် ပြစ်ဒဏ်များချမှတ်
ခဲ့ပုံနှင့် နောက်ဆုံးတွင် နိုင်ငံရေးအကျဉ်းသားအဖြစ်
သတ်မှတ်လျှက် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် (၂/၈၀) ဖြင့်
လွှတ်ပေးခဲ့ပုံသတင်းမှတ်တမ်း

# ဆူပူကျောင်းသား ၂၀၃ဦး

## ထောင်ဒဏ် ၄နှစ်မှ ၉နှစ်ထိ ချမှတ်

## တက္ကသိုလ် စာမေးပွဲ အချိန်ဇယားကပ်

ထောင်ဒဏ် ၉ နှစ်



# လက်ဝဲစွန်း-ပြည်ဖြေး သေဒဏ်ချမှတ်

## ခေါင်းဆောင် လုပ်ကြံ ရန်နှင့် ဆူပူရေး ဦးဆောင်ခဲ့သူ

နေ့ကျွန်းစဦး။ လက်ဝဲစွန်း ကျောင်းသား ... ပြည်ဖြေး တင်မောင်ဦး(ခ) လှဦး(ခ) ဖြေး [illegible]

### မြည်ထဲရေးဝန်ကြီး သာယာဝတီရောက်

သာယာဝတီ ဇူလိုင် ၂၂ ။ [illegible] (မှ) (၂၀၂)

[illegible] (၁) ခုမြောက် ... (၁)မှ ... (၁)အရ ... မြန်မာ နိုင်ငံတော်ကို [illegible]



ပြည်ဖြေး တင်မောင်ဦး အား အမြဲတမ်းချုပ်ထားစဉ် ... (သတင်းစဉ်)

[illegible]

### ထိန်းသိမ်းခံရ

တင်မောင်ဦး (ခေါ်) ... (ခေါ်) ... (ခေါ်) ... ၅-၁၂-၇၂ နေ့မှ ၃-၁-၇၃ ... [illegible]

### ဆူပူမှုခေါင်းဆောင်

[illegible] ... ၁၉၇၄ ခုနှစ် [illegible]



ဦးသန့်ရှာပန ... [illegible]

### တရားခံဖြေးအဖြစ်

[illegible] ... (၂၆-၇၅) ... ဝေမျက်နှာ ၇ ကော်လံ ၂ ○

# စက်ရုံနှင့် အ...

## ဗဟိုလုပ်သား ကြိုး...

ရန်ကုန် ဇူလိုင် ၃၊ ၁၉၇၆ ... [illegible]

### လူသောင်းကျော်

[illegible]

[illegible]

ကိုယ်တိုင်ပါဝင်

[illegible]

(သတင်းစဉ်)

R 488 [illegible]

[illegible]

(သတင်းစဉ်)

[illegible]

28-5-80

## ဂိုဏ်းဂေါင်းစုသဲယာ့အစည်းဝေးကြီး အောင်မြင်မှု ဂုဏ်ပြုသောအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်

ရန်ကုန်မြို့၊ ၁၇၅၂ ခုနှစ်၊ နယု...

(၁၉၈၀ ပြည့်နှစ်၊ မေလ...

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ကို ...

မြန်မာ့ သမိုင်း၌ ခေတ် အဆက် ဆက် ...တွင် နိုင်ငံတော်အကျိုးအတွက် ကိုယ်ကျိုးမငဲ့ အနစ်နာခံ၍ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များရှိကြပါသည်။ ထိုသို့ နိုင်ငံတော် အတွက် ... ဆောင်ရွက် ခဲ့ကြသော ပုဂ္ဂိုလ် များ အနက် ...

၂၈-၅-၈၀

(၃)ခုနစ်

## နိုင်ငံ့ဂုဏ်ရည်ဘွဲ့ထူးမြင့်ပြန်အမိန့်နှင့်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်

# အထွေထွေဖြတ်သန်းမှု
# နှင့်
# အတွေးအမြင်များ

၄၄-၄၅-၄၆ နိုင်ငံရေးအင်အားစု

## “ ၁၉၇၄-၇၅ ကျောင်းသားအရေးအခင်းများကို ပြန်လည်သတိရခြင်း ”

ဒေါက်တာသိန်းလွင်

စောလှငွေ မဲဆောက်ကနေ ကျနော့်ကိုဖုန်းဆက်ပါတယ်၊ ဦးသန့်အရေးအခင်း နှစ်ပတ်လည်မှာ စာစောင်တစ်ခုထုတ်ချင်တယ်တဲ့၊ကျနော့်ကို ရေးဖို့ပြောပါတယ်၊ ကျနော်က ချင်းမိုင်မှာနေပြီးကျောင်းဆရာ၊ ဆရာမတွေနဲ့မြန်မာပြည်က အလုပ်လာလုပ်ကြသူတွေကို သင်တန်းပေးနေပါတယ်၊ စောလှငွေကို ကျနော်တို့ ကျောင်းသားဘဝ ကျောင်းသားအရေးအခင်းကာလမှာ ရင်းနှီးခဲ့ပါတယ်၊ သူငယ်ချင်းတွေအဖမ်းခံရပြီး ကျနော် ဝရမ်းပြေးဖြစ်တော့ စောလှငွေက သူ့ဇာတိမြို့ကလေးကိုပို့ပြီး ကျနော့်ကို စောင့်ရှောက်ပါတယ်၊ အနှစ် ၂၀ကျော်အကြာမှာ စောလှငွေရဲ့အသံကို ပထမဆုံး ပြန်ကြားရတော့ ကျောင်းသား ဘဝက ဖြစ်ရပ်တွေနဲ့ ပြေးလွှား ပုန်းအောင်းရင်း မာနယ်ပလောစခန်းကို လာခဲ့ရတဲ့ ခရီးစဉ်တွေကို ပြန်လည်သတိရမိပါတယ်၊

ကျနော်က စက်မှုတက္ကသိုလ်ကျောင်းသားဖြစ်ပါတယ်၊ သမိုင်းဝင်းထဲက ဒူးယား ကျောင်းဆောင်တွေမှာ နေရပါတယ်၊ ကျနော် တက္ကသိုလ် ဒုတိယနှစ် ၁၉၇၄ ဇွန်လမှာ ဂုန်နီစက်ရုံနဲ့ ချည်စက်က အလုပ်သမားတွေ ဆန္ဒပြပါတယ်၊ ကျနော်တို့ ကျောင်းဆောင်နဲ့ နီးတော့ သွားကြည့်ပါတယ်၊ ဆန်ရရှိရေး။ လစာတိုးမြှင့်ရေး။ လုပ်ငန်းခွင်သာယာရေး စတာတွေကိုတောင်းဆိုကြပါတယ်၊ ဆန္ဒပြတဲ့ လူအုပ် ကြီးကို စစ်တပ်က ပစ်ခတ်တာ ကိုယ်တိုင်တွေ့မြင်ရပါတယ်၊ ဒီဇင်ဘာလကျတော့ဦးသန့်အရေးအခင်း ဖြစ်ပါတယ်၊ ဦးသန့် ဈာပနကို ကျနော်တို့ကျောင်းသားတွေ သွားကြပါတယ်၊ ဈာပနကို ကျိုက္ကဆံကွင်းကနေ တက္ကသိုလ်ဝင်းထဲ သယ်ယူလာတော့ ကျနော်လည်း လိုက်ပါလာခဲ့ပါတယ်၊

နောက်တစ်နေ့မှာ ကျနော်တို့ ပဲခူးမြို့ က ကျောင်းသားတွေ အိမ်ပြန်ကြတော့ ကျနော်လည်း ပဲခူးကိုပြန်ခဲ့ပါတယ်။ ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်တွေ ရင်မှာစွဲကျန်ခဲ့ပါတယ်၊ အလုပ်သမားတွေ ပစ်သတ်ခံရတာ၊ ကျောင်းသားတွေ အဖမ်းခံ ကြရတာ မမေ့နိုင်စရာဖြစ်ခဲ့ပါတယ်။

၁၉၇၅ မှာ ကျောင်းပြန်ဖွင့်တော့ တက္ကသိုလ်ကို ပြန်လာခဲ့ပါတယ်၊ ဇွန်လမှာ ပညာရေးဝန်ကြီးနဲ့ အစိုးရတာဝန်ရှိသူတွေဟာ စက်မှုတက္ကသိုလ်ကို လာပြီး ကျောင်းသားတွေကို ဟောပြောပါတယ်၊ သူတို့ရဲ့ဟောပြောချက်မှာ တိုင်းပြည်စီးပွားရေး ကျဆင်းရတာ အလုပ်သမားတွေ အလုပ်မလုပ်ဘဲ ဆူဆူပူပူ လုပ်လို့ဖြစ်တယ်၊ လယ်သမားတွေ စပါးအပြည့်အဝ မရောင်းလို့ဖြစ်တယ်လို့ ပြောပါတယ်၊ ကျနော်ဟာ လယ်သမားသားတဦးဖြစ်ပါတယ်၊ ကျနော် မိဘနဲ့ ဆွေမျိုးတွေ ရွာမှာ ဘယ်လို ခက်ခဲကြတယ်ဆိုတာ ကျနော် သိတယ်၊ မနှစ်က အလုပ်သမားတွေ ကျနော့်မျက်စေ့ရှေ့မှာ သတ်ဖြတ်ခံရတယ်၊ ကျနော့်စိတ်တွေ နိုးကြားလာပြီး ပြန်ပြောခဲ့ပါတယ်၊ **"အလုပ်သမားတွေ ထမင်းမဝလို့ ဆန်တောင်း တာ ခင်ဗျားတို့က ကျည်ဆံတွေပဲပေးခဲ့တယ်၊ လယ်သမားတွေ ဝမ်းစာပါ မကျန် အောင် အစိုးရကိုသွင်းရတာ ကျနော်သိတယ်၊ မတရားတာ ခင်ဗျားတို့ပဲဖြစ် တယ်၊"** ဒီစကားဟာ ကျနော့်ကို ကျောင်းထုတ်ဖို့ဖြစ်လာပါတယ်၊ ၁၉၇၆ ခုနှစ် မတ်လမှာ သခင်ကိုယ်တော်မှိုင်းရာပြည့်ပွဲကို ကျောင်းသားတွေ ဦးဆောင်ပြီး ကျင်းပပါတယ်၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးက သခင်ကိုယ်တော်မှိုင်းရဲ့ ဂူဗိမာန်ရှေ့မှာ ကျင်းပကြပါတယ်၊ ကျနော်က ပရိသတ်အဖြစ် ပါဝင်တက်ရောက် ခဲ့ပါတယ်၊ မှိုင်းရာပြည့်ပွဲအပြီးမှာ တက္ကသိုလ်တွေ ပိတ်လိုက်ပြီး အစိုးရက ကျောင်းသားဆိုးများကို တက္ကသိုလ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ကြေညာပါတယ်၊ ပဲခူးမြို့နယ်ကောင်စီက ကျနော့်ကို ခေါ်ပြီး ကျောင်းထုတ်တဲ့စာ ပေးပါတယ်၊ ကျနော် အမေက **"-ငါ့သားမိုက်တယ်"** လို့ ပြောပါတယ်၊ ကျနော် မိုက်တာ မဟုတ်ပါ၊ ကျောင်းသားတယောက်ဟာ စာသင်ခန်းပြင်ပမှာ ဖြစ်ပျက်နေတဲ့ အရာကိစ္စတွေနဲ့ဆက်စပ်နေပါတယ်၊ ပတ်ဝန်းကျင်သာယာရင် စာသင်ခန်းလည်း သာယာပါတယ်၊ ပတ်ဝန်းကျင်ကို သာယာအောင်လုပ်ဖို့ ကျနော်တို့လည်း တာဝန်ရှိပါတယ်။

ကျောင်းထုတ်ခံရပြီးတဲ့အခါ နိုင်ငံရေးလပ်ရှားမှုတွေနဲ့ ကျနော်ပိုပြီး

နီးကပ်လာပါတယ်၊ ၁၉၇၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ ကျနော်တို့သူငယ်ချင်းတွေ ဆဲဗင်းဇူလိုင် အထိမ်းအမှတ်အခမ်းအနားကို ကျောင်းသားသမဂ္ဂအဆောက်အဦးရှိခဲ့တဲ့နေရာမှာလုပ်ဖို့ စိုင်းပြင်းခဲ့ကြပါတယ်၊ (၆၂) ခုနှစ်က ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေ ပြောပြတဲ့ ဇူလိုင် (၇)ရက်အဖြစ်အပျက်တွေကို ပြန်ရေး မိတ္တူပွားပြီး ကျောင်းဆောင်တွေမှာ ဖြန့်ဝေပါတယ်၊ အကြောင်းကြောင်းကြောင့် (၇၇၇၇) အခမ်းအနားမဖြစ်ခဲ့ပါ၊ ဇူလိုင် (၇) ရက်မနက်မှာ မိုးအကြီးအကျယ် ရွာနေတာ။ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်က ကျောင်းသားတွေကို ဆရာတွေက အတန်းမရှိဘူးလို့ ပြောလိုက်တဲ့အတွက် မြို့ထဲက ကျောင်းသားတွေ ကျောင်းမလာတာ။ အဆောင်နေ ကျောင်းသားအချို့အရေးအခင်းဖြစ်တော့မယ်ထင်ပြီး အိမ်ပြန်သွားကြတာတွေကြောင့် ကျနော်တို့အခမ်းအနား မကျင်းပဖြစ်ခဲ့တာပါ၊ (၁၉၇၈) မှာတော့ ကြိုတင်လှုံ့ဆော်ခြင်းမပြုဘဲ ဇူလိုင် (၇) ရက်နေ့ စက်မှုတက္ကသိုလ်မှာ အရေးအခင်းကို စတင်ပါတယ်၊ ရည်ရွယ်ချက်က ကျောင်းသားအရေးအခင်း အရှိန်ရလာရင် ဇူလိုင် ၇ရက်နေ့မှာ အထိမ်းအမှတ်အခမ်းအနား ကျင်းပမှာဖြစ်ပါတယ်၊ မမျှော်လင့်ဘဲ အရေးအခင်းကိုစတင်ခဲ့တဲ့ ကျောင်းသားတစု ဖမ်းဆီးခံရပါတယ်၊ ကျနော်တိမ်းရှောင်ခဲ့ပြီး ဝရမ်းပြေးဖြစ်ခဲ့ပါတယ်၊ စောလှငွေတို့ ညီအစ်ကိုတွေက ကျနော့်ကို ညောင်တုန်းမြို့မှာရှိတဲ့ သူတို့ရဲ့ မိဘအိမ်ကို ပို့ထားပါတယ်၊ ညောင်တုန်းနဲ့ ပန်းတနော်ကား ရောဝတီမြစ်ကမ်းဘေးက ရွာသာအေးရွာကလေးက တွဲဖက်ကျောင်းမှာ ကျောင်းဆရာလိုတော့ ကျနော်ကျောင်းဆရာသွားလုပ်ပါတယ်၊ ကျနော့်ရဲ့ကျောင်းဆရာဘဝဟာ ရွာသာအေးရွာမှာ စတင်ခဲ့ပါတယ်၊ ကျောင်းဆရာဘဝမှာ ပျော်ပေမဲ့ ကျနော့်ရဲ့ရည်ရွယ်ချက်က စာသင်ဖို့ လာခဲ့တာမဟုတ်ဘဲ နိုင်ငံရေးအရ ခေတ္တတိမ်းရှောင်နေခြင်းသာ ဖြစ်ပါတယ်၊စောလှငွေရဲ့စီစဉ်ပေးချက်အရ တတိယနှစ် စာသင်နှစ်မှာ မာနယ်ပလော စခန်းကို ထွက်ခွာခဲ့ရပါတယ်၊ ကျိုက်ထီးရိုးဘုရားတောင်ခြေကနေ သောင်းရင်းမြစ်ကမ်းရောက်တဲ့အထိ (၁၂) ရက်တိတိ တောင်တွေ၊တောတွေဖြတ်ပြီး ခြေလျင်လျှောက်ခဲ့ရပါတယ်။ မာနယ်ပလောစခန်းရောက်တော့ ဗိုလ်ချုပ်မြစောသန်းအောင်၊ ဖူးစကောလယ်တော၊ ဗိုလ်ချုပ်မြမောင်၊စောတာအယ်၊ စောစံလင်း၊ ဦးစိုးအောင် တို့နဲ့ တွေ့ဆုံစကားပြောခွင့်ရပါတယ်၊ သန္နီးထုးစာစောင်မှာလည်း မြန်မာပြည်ပညာရေးစနစ်နဲ့ ကျောင်းသားအရေးအခင်း

ဆောင်းပါးတွေ ရေးခဲ့ပါတယ်၊ ကျနော့်ရည်ရွယ်ချက်က လက်နက်ကိုင်တိုက်ပွဲမှာ ပါဝင်ဖို့မဟုတ်ဘဲ လူထု လှုပ်ရှားမှုကို ဦးတည်တဲ့အတွက် ပြည်တွင်းကို ပြန်ခဲ့ပါတယ်၊ ကျောင်းဆရာ လုပ်ရင်း လူထုလှုပ်ရှားမှု၊ ကျောင်းသား လှုပ်ရှားမှုတွေမှာပါဝင်ဖို့ အခွင့်အခါ စောင့်နေ ခဲ့ပါတယ်၊

(၁၉၈၀) မှာ အစိုးရက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကြေညာတော့ ကျနော် ရန်ကုန်ပြန်လာခဲ့ပါတယ်၊ ရန်ကုန်မှာ ကျူရှင်ပြရင်း စာပေးစာယူ တက္ကသိုလ် တက်ရောက်ခဲ့ပါတယ်။ (၁၉၈၂) မှာ မမျှော်လင့်ဘဲ ကျနော်အဖမ်းခံရ ပါတယ်၊ သူငယ်ချင်းတွေ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်ကြပြီးမှ ကျနော်က ထောင်ထဲပြန်ဝင်ရပါတယ်၊ နှစ်နှစ်အကြာ ထောင်ကလွတ်ပြီး စာပေးစာယူ တက္ကသိုလ် ပြန်ဖြေပါတယ်၊ မဟာသိပ္ပံစတက်တဲ့နှစ် ၁၉၈၈ မှာ အရေးအခင်း တွေဖြစ်တော့ ကျနော်ပါဝင်ခဲ့ပါတယ်၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ထူထောင်တော့ ကျနော် ပဲခူးတိုင်း စည်းရုံးရေး လုပ်ငန်းမှာ ပါဝင်ခဲ့ပါတယ်၊ ၁၉၉၀ ရွေးကောက်ပွဲ အပြီးမှာ ထပ်မံဖမ်းဆီးခံရပါတယ်၊ ထောင်ကပြန်လွတ်လာပြီး ၁၉၉၃ မှာကျနော်မြန်မာပြည်က ထွက်ခွာလာခဲ့ ပါတယ်၊ ကျနော့်အတွေးများကို ပြန်လည်အဆုံးသတ်ရရင် ကျောင်းသားဆိုး တယောက်ဟာ ကျောင်းဆရာဖြစ်လာခဲ့ပါတယ်၊ အခုအခါ ကျောင်းဆရာများကို သင်တန်းပို့ချတဲ့ဆရာ ဖြစ်နေပါပြီ၊ ကျနော်တို့တွေဟာ ပညာမလိုလားလို့ စာမသင်ချင်လို့ ဆူပူခဲ့ကြတာ မဟုတ်ပါ၊ ကျနော်တို့ပတ်ဝန်းကျင် ငြိမ်းချမ်း သာယာဖို့၊ တရားမျှတဖို့ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းသာ ဖြစ်ပါတယ်၊ ဒီမိုက ရေစီဝါဒ ထွန်းကားလာဖို့ တစိတ်တပိုင်း ပါဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ခေတ် အဆက်ဆက် ကျောင်းသားအရေးအခင်းတွေမှာ ပါဝင်ခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုရင်း ကျနော့်အတွေးကို နိဂုံးချုပ်လိုက်ပါတယ်။

**ဒေါက်တာသိန်းလွင်**

**ဇီဖင်ဘာ (၂၀၀၅)**

## "အာဇာနည်ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးနှင့် မြန်မာပြည်နိုင်ငံရေးအကျဉ်းသားများနေ့"

၁၄-၁၅-၁၆ အင်အားစု

"မင်းတို့ငါ့ခန္ဓာကိုယ်ကိုသာ သတ်လို့ရမယ်၊ ငါ့ရဲ့ ယုံကြည်ချက်နဲ့ ရပ်တည်ချက်တွေကိုတော့ ဘယ်တော့မှ သတ်လို့ရမှာ မဟုတ်ဘူး။ မင်းတို့စစ်ဖိနပ်အောက်မှာ ငါဘယ်တောမှဒူးထောက်မှာ မဟုတ်ဘူးကွ"

-ဆလိုင်းတင်မောင်ဦး

ကမ္ဘာ့ ဘယ်နိုင်ငံ ဘယ်ပြည်သူ ဘယ်လူမျိုးမှာမဆို ကမ္ဘာပေါ်မှာ တည်ရှိနေသရွေ့ မမေ့ကောင်း မမေ့အပ်ဘူးလို့ သူတို့ကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ တစ်ညီတစ်ညွတ်တည်း သတ်မှတ်ထားကြတဲ့ နေ့ထူးတွေရှိတယ်။ ဥပမာ လွတ်လပ်ရေးနေ့ အမျိုးသားနေ့စသဖြင့်။

အားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံမှာလည်း အဲသလိုနေ့ထူး တွေရှိတယ်။ အဲဒီထဲမှာ အမျိုးသားအောင်ပွဲနေ့၊တော်လှန်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့၊ လွတ်လပ်ရေးနေ့တွေကတော့ သူတို့နဲ့ အတူတွဲနေတဲ့ ပြည့်ဝနက်ရှိုင်းတဲ့သမိုင်းအဓိပ္ပါယ်တွေကြောင့် ပေါ်လွင် ထင်ရှားလူသိများတယ်။

ဦးနေဝင်းက သူအာဏာသိမ်းခဲ့တဲ့ မတ်လ(၂)ရက်နေ့ကို တောင်သူလယ်သမားနေ့ဆိုပြီး သတ်မှတ်ခဲ့ပေမယ့်ရည်ရွယ်ချက်က ရိုးဖြောင့်မှန်ကန်ခြင်း မရှိတဲ့အတွက် အဲဒီနေ့ကို တောင်သူလယ်သမားနေ့အဖြစ် တောင်သူလယ်သမားကြီးတွေ ကိုယ်တိုင်မပြောနဲ့ သူထူထောင်ခဲ့တဲ့ ဖ ဆ လ ပါတီဝင် အများစုကတောင် မသိကြသေးဘူး။ပြည်သူလူထု အများစုကြီးကတော့ ဝေးစွခြောက်ပါးပဲ။

ရှစ်ဆယ့်ရှစ် အရေးတော်ပုံ ဒီဘက်ပိုင်းမှာ လူထုခေါင်းဆောင်တွေက မြန်မာပြည်သူတွေမမေ့ကောင်း မမေ့အပ်တဲ့နေ့အဖြစ် အသစ် ထပ်မံ သတ်မှတ်ခဲ့ကြတဲ့ နေ့ထူးတွေ ပေါ်ထွက်လာခဲ့တယ်။ (မ. ဆ. လ)လုံထိန်းတွေလက်ချက်

နဲ့ စက်မှုတက္ကသိုလ် ကျောင်းသားကိုဘုန်းမော် ကျဆုံးတဲ့ မတ်လ(၁၃)ရက်နေ့ကို မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ကာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ကို မြန်မာနိုင်ငံ အမျိုးသမီးများနေ့အဖြစ် သတ်မှတ်တာ စသဖြင့် ဖြစ်တယ်။

အဲဒီနေ့ထူးသတ်မှတ်မှု အသစ်တွေဟာ သူတို့ရဲ့ရင်ထဲမှာ **"အောင်းပုံ"** ဖြစ်နေတဲ့ ဆန္ဒတွေကို အပြည့်အဝထင်ဟပ်ကိုယ်စားပြုမှုရှိတဲ့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲလက်ခံအသိအမှတ်ပြုခဲ့ကြတယ်။ ဒါကြောင့် လူထုခေါင်းဆောင်တွေဟာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို မမေ့မလျော့ လုပ်ခဲ့ကြတယ်လို့ ဆိုရမယ်။

အခုလည်း မြန်မာပြည်သူတွေအတွက် အထူးသဖြင့် မြန်မာ့နိုင်ငံရေးလောကအတွက် အထိမ်းအမှတ်နေ့ တစ်နေ့ကို မဖြစ်မနေသတ်မှတ်ဖို့ လိုအပ်နေပါပြီ၊ အဲဒီနေ့ကတော့ " **မြန်မာပြည်နိုင်ငံရေးအကျဉ်းသားများနေ့**"ပါပဲ။ ဘာကြောင့် **"မြန်မာပြည်နိုင်ငံရေးအကျဉ်းသားများနေ့"** သတ်မှတ်သင့်ပါသလဲ။ လူထုထောက်ခံမှုမရှိတဲ့ အမျိုးသားညီလာခံ၊ လူထုထောက်ခံမှုမရှိတဲ့ (၂၀၀၈) အခြေခံဥပဒေ၊ လူထုထောက်ခံမှုမရှိတဲ့ (၂၀၁၀) ရွေးကောက်ပွဲတို့ရဲ့ ပေါင်းစည်း ထုတ်ကုန် တစ်ခုဖြစ်တဲ့ လူထုထောက်ခံမှုမရှိတဲ့ အရေခွံလဲ ကြံ့ဖွံ့စစ်အစိုးရက ကုလသမဂ္ဂ အပါအဝင် မြန်မာပြည်သူ တစ်ရပ်လုံးကိုရော နိုင်ငံတကာ အသိုင်းအဝိုင်း တစ်ခုလုံးကိုယ်ပါ ဆန့်ကျင် ဗီဆန်အာခံပြီး မြန်မာပြည်မှာ နိုင်ငံရေးပြဿနာ မရှိတဲ့ ပုံမျိုးဖမ်းနိုင်ဖို့အတွက် **"မြန်မာပြည်မှာ နိုင်ငံရေး အကျဉ်းသား မရှိဘူး"** လို့ ငယ်သံပါအောင် အော်ဟစ်နေတဲ့ အခုလိုအချိန်မျိုးမှာ လူထုခေါင်း ဆောင်တွေ အနေနဲ့ မြန်မာပြည်မှာနိုင်ငံရေး အကျဉ်းသားတွေ အမှန်တကယ်ပဲ ရှိနေတယ်ဆိုတဲ့ ပကတိအရှိတရားတစ်ခုကို တရားဝင်ရဲရဲရင့်ရင့် ထုတ်ဖော်ဖို့ အတွက် ထူးခြားတဲ့ နေ့တစ်နေ့ကို " **မြန်မာပြည် နိုင်ငံရေးအကျဉ်းသားများနေ့**" အဖြစ်သတ်မှတ်ကြေညာခြင်းသာလျှင် အကောင်းဆုံးနည်းလမ်း ဖြစ်တယ်လို့ ယူဆတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားများနေ့ ဘာကြောင့်ရှိသင့်သလဲ။ ရှင်းပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေဟာ မြန်မာပြည်သူတွေ မမေ့ကောင်း မမေ့အပ်တဲ့ ဂုဏ်ပြု ဦးညွတ်သင့်တဲ့သူတွေ ဖြစ်တဲ့ အတွက် သူတို့ရဲ့ ကျေးဇူးကို

အမြဲအောက်မေ့ဆင်ခြင်မိကြစေဖို့ သူတို့အတွက် အမှတ်တရ နေ့တစ်နေ့ သတ်သတ်မှတ်မှတ်ရှိဖို့လိုအပ်လို့ပါပဲ။

တကယ်တော့မြန်မာပြည်ခေတ်အဆက်ဆက်မှာ အကျဉ်းကျခံခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားမှန်သမျှဟာ မတူညီတဲ့ယုံကြည်ချက်အသီးသီးကို ဘယ်လိုပဲ ကိုင်စွဲခဲ့ ကိုင်စွဲခဲ့ မိမိရဲ့ယုံကြည်မှုအတွက် မတရားမှုကို ခေါင်းငုံ့မခံ အာခံဖီဆန် ခဲ့ကြတဲ့သူတွေ အများအကျိုးအတွက် ကိုယ်ကျိုးကို စွန့်ရဲသာမက ဘဝတွေ အသက်တွေကိုပါ စတေးပြီး တော်လှန်တိုက်ပွဲဝင်ခဲ့ကြတဲ့ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။ မတရားမှုကို ခေါင်းငုံ့မခံတတ်ကြတဲ့ စိတ်ဓါတ်နဲ့အများအကျိုးကို သယ်ပိုးလိုတဲ့ စိတ်ဓါတ်တွေရဲ့ အကျိုးဆက်အဖြစ် အကျဉ်းထောင်တွေထဲ ရောက်သွားကြတဲ့အခါမှာလည်း သူတို့ဟာ မတရားမှုကို ဆက်လက်ဖီဆန် အာခံဆန့်ကျင်ကြတယ်။ အများအကျိုးအတွက် တိုင်းပြည်နဲ့လူမျိုးရဲ့အကျိုး အတွက် ဆက်လက်ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ကြတယ်။ ဒီလိုလုပ်တဲ့အတွက်အာဏာပိုင်တွေက သူတို့ကို ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်းကြတယ်။ ဒါပေမယ့် သူတို့ဟာ မတရားမှု ရှေ့မှောက်မှာ ဒူးမထောက် အရှုံးမပေးကြဘူး ။ တချို့ဆိုရင် အသက်ကိုတောင် စွန့်လွှတ်သွားကြရတယ်။ ပြောရရင် ထောင်ဆိုတာ လူသားတွေ ဘဝမကူးဘဲ ရောက်နေတဲ့ လောကငရဲဘဲ။ မြန်မာနိုင်ငံမှာတော့ ကိုလိုနီခေတ် ဖဆပလ ခေတ်အကျဉ်းထောင်တွေထဲက လူ့ငရဲထက် (၆၂)ခုနှစ် နောက်ပိုင်းစစ်အာဏာ ရှင်ခေတ်အကျဉ်းထောင်တွေထဲက လူ့ငရဲက အများကြီးပိုဆိုးတယ်။(န. အ. ဖ) စစ်အစိုးရခေတ်၊ ကြံ့ဖွံ့စစ်အစိုးရခေတ်လူ့ငရဲတွေကတော့ အဆိုးတကာ့ အဆိုးဆုံးပဲ။ အဲဒီအဆိုးဆုံးလူ့ငရဲထဲမှာမှ သီးသန့်ခွဲချယ် နှိပ်ကွပ်ခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ စိတ်ဓါတ်နဲ့ ယုံကြည်ချက်ဟာ မှန်းဆတွေးတော ကြည့်ရုံနဲ့တောင် ဦးညွှတ်အလေးပြုသင့်တဲ့အရာပါ။

အထူးသဖြင့် ခေတ်အဆက်ဆက် မိမိတို့ရဲ့တန်ဖိုးရှိတဲ့ဘဝတွေကို ပေးဆပ်ရင်း ကာယိကဒုက္ခ၊ စေတသိကဒုက္ခပေါင်းစုံကို ခံစားနေရပေမဲ့ မတရားမှုထံ အညံ့မခံ၊ အလံမလှဲဘဲ၊ ရဲရဲရင့်ရင့် ဆက်လက်တိုက်ပွဲဝင်ရင်း၊ ကျန်အဖိနှိပ်ခံ ပြည်သူတွေအတွက် မီးရှူးတန်းဆောင်သဖွယ် မားမားမတ်မတ် ရပ်တည်ခဲ့သူတွေ၊ ရပ်တည်နေသူတွေရဲ့ ဂုဏ်ကျေးဇူးကို အမြဲတသဆင်ခြင် အောက်မေ့မိစေမယ့်နေ့တစ်နေ့ ရှိသင့်တယ်ဆိုတာ အငြင်းပွားစရာ မလိုတဲ့

အချက်ပါ။ အထူးသဖြင့် ဒီကနေ့လိုဖိနှိပ်မှုအပြင်းထန်ဆုံးကာလမှာ သူတို့အတွက် ဂုဏ်ပြုတဲ့ အထိမ်းအမှတ် အဖြစ် **"မြန်မာပြည်နိုင်ငံရေး အကျဉ်းသားများနေ့"** ဆိုတာကို မဖြစ်မနေသတ်မှတ်သင့်ပါပြီ။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားများနေ့ ရှိသင့်တယ်ဆိုရင် ဘယ်နေ့ကို သတ်မှတ်ကြမလဲ။ ဘယ်နေ့ကို သတ်မှတ်သင့်ပါသလဲ။

အမျိုးသားအောင်ပွဲနေ့ သတ်မှတ်ဖို့ စဉ်းစားကြတုန်းက သီပေါမင်း ပါတော်မူတဲ့နေ့၊ ဆရာတော် ဦးဥတ္တမအဖမ်းခံရတဲ့နေ့ စသဖြင့် အဆိုတင်သွင်းမှု အမျိုးမျိုးရှိခဲ့တယ်။ နောက်ဆုံးမှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေတက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ပြီး သပိတ်မှောက်ထွက်လာကြတဲ့ တန်ဆောင်မုန်း လပြည့်ကျော် (၁၀)ရက်နေ့ကို အများသဘောတူ သတ်မှတ်လိုက်ကြတယ်။ အဲဒီနေ့ဟာ ကျန်အဆိုပြုတဲ့နေ့တွေထက် နိုင်ငံရေးအဓိပ္ပါယ် ပိုမိုနက်ရှိုင်းပြည့်ဝ တဲ့ အတွက် နောက်ပိုင်းမှာလည်း ဆန့်ကျင်ကန့်ကွက်သူ မရှိဘဲ ပြည်သူတစ်ရပ် လုံး ညီညီညွတ်ညွတ်နဲ့ အသိအမှတ်ပြု လက်ခံကျင်းပလာခဲ့တာ အခု နှစ်ပေါင်း (၉၀) ကျော်ရှိလာတဲ့ အထိပဲ။

နိုင်ငံရေးအကျဉ်းသားများနေ့ဟာလည်း အဲသလို မျိုးပဲ ဖြစ်သင့်တယ်။ နိုင်ငံရေးအဓိပ္ပါယ် အနက်ရှိုင်း အပြည့်ဝဆုံးနေ့သာလျှင် အဲဒီနေ့ ဖြစ်ဖို့ ထိုက်တန်မှာ ဖြစ်တယ်။ နိုင်ငံရေးအဓိပ္ပါယ် ပြည့်ဝနက်ရှိုင်းမှုဆိုတဲ့ ဝေါဟာရကို နိုင်ငံရေးအကျဉ်းသားများနေ့ဆိုတဲ့ ဝေါဟာရနဲ့ ဆက်စပ်ပြီး အသေးစိတ် ဖွင့်ဆိုမယ်ဆိုရင် အဲဒီ ဝေါဟာရမှာ အခြေခံအင်္ဂါရပ်ကြီး နှစ်ခုပါဝင်သင့်တယ်လို့ ယူဆတယ်။ အဲဒါတွေကတော့ ဖိနှိပ်သူ အစိုးရရဲ့ ကောက်ကျစ် ယုတ်မာ ရက်စက်ကြမ်းကြုတ်မှုနဲ့ အဖိနှိပ်ခံ နိုင်ငံရေးအကျဉ်းသားရဲ့ ဒုံးမထောက် ဦးမညွတ် အာခံ ဖီဆန်မှုတို့ ဖြစ်တယ်။ အဲဒါအင်္ဂါရပ်နှစ်ခုစလုံးကို တစ်ချိန်တည်း တစ်ပြိုင် တည်းမှာ မြင်တွေ့နိုင်တဲ့ နေ့ဟာ နိုင်ငံရေး အကျဉ်းသားများနေ့ ဖြစ်သင့်တယ်။

မိမိကတော့ အဲဒီအင်္ဂါရပ်နှစ်ခုစလုံးနဲ့ ပြည့်စုံတဲ့နေ့ဟာ ကျောင်းသား ခေါင်းဆောင်ဆလိုင်းတင်မောင်ဦး ကြိုးပေးအသတ်ခံရပြီး ဇွန်လ(၂၆)ရက် နေ့ကလွဲပြီး တခြားနေ့မရှိဘူးလို့ ယုံကြည်တယ်။ ချင်းလူမျိုးတစ်ဦးဖြစ်တဲ့ ဆလိုင်းတင်မောင်ဦးဟာ (၁၉၅၁)မှာ မွေးဖွားခဲ့သူဖြစ်တယ်။ တရားဝင် မှတ်တမ်း များအရ သူ့ရဲ့ပထမဆုံးနိုင်ငံရေးလှုပ်ရှားမှုဟာ (၁၉၆၉) ကျွန်းဆွယ်

အရေးအခင်းမှာ ဖြစ်တာကြောင့် သူ့အသက် (၁၈)နှစ်အရွယ်မှာဖြစ်တယ်။ ဒါက ဘာကိုပြနေသလဲဆိုတော့ သူဟာ နိုင်ငံရေးလှိုင်းတံပိုးတွေ ငြိမ်သက်နေတယ်လို့ ပြောရမယ့်ကာလမျိုး အင်မတန်ငယ်သေးတဲ့ အသက်အရွယ်မှာတောင် မတရားမှုကို အာခံဖီဆန်ဖို့ တာဝန်ရှိမှန်း သိခဲ့သူဖြစ်ပြီး အာခံဖီဆန်ရဲခဲ့သူလည်း ဖြစ်ခဲ့တယ်ဆိုတဲ့ အချက်ပဲ။

နောက်ပိုင်းမှာသူဟာ အလုပ်သမားအရေးအခင်း(၁၉၇၄-ဇွန်)၊ ဦးသန့်အရေးအခင်း (၁၉၇၄-ဒီဇင်ဘာ)ဇွန်သို့မဟုတ် ရွှေတိဂုံအရေးအခင်းလို့ သိကြတဲ့ အလုပ်သမားသပိတ်နှစ်ပတ်လည်အရေးအခင်း(၁၉၇၅-ဇွန်)၊ မှိုင်းရာပြည့် အရေးအခင်း(၁၉၇၆-မတ်) တွေမှာ ဦးဆောင်အခန်းကဏ္ဍက ဆက်တိုက်ပါဝင်ဆင်နွှဲခဲ့တယ်။ ဒီကာလအတွင်းစစ်အာဏာရှင်တို့ရဲ့ဖမ်းဆီးမခံရအောင် ရှောင်တိမ်းရင်း နည်းသဏ္ဍာန် အမျိုးမျိုးနဲ့ တိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့တယ်။ ဒီအချက်ကို ကြည့်ရင် ဆလိုင်းတင်မောင်ဦးဟာ တစ်ပွဲတိုး ပွဲပြီးမီးသေသမား မဟုတ်ဘူး ။ ရေတက်ငါးစင်ရိုင်း မဟုတ်ဘူး။

အများယောင်လို့ယောင် အမောင်တောင်မှန်း မြောက်မှန်းမသိသူ မဟုတ်ဘူး ။ ကောက်ရိုးမီး မဟုတ်ဘူး။ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် ခွန်အားကြီးစွာ သတ္တိပြောင်မြောက်စွာ ကြိုးပမ်းခဲ့သူ တိုက်ပွဲဝင်ခဲ့သူ တစ်ဦးဖြစ်တယ်ဆိုတာထင်ရှားတယ်။

လူထုထောက်ခံမှု (၉၀. ၁၉%)ရရှိခဲ့တယ်ဆိုတဲ့ (၁၉၇၄) အခြေခံဥပဒေဆိုတာကြီးနဲ့ ပြည်တွင်းပြည်ပကို လှည့်စားဖို့ ကြိုးစားနေတဲ့ မဆလ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းဟာ ဆလိုင်းတင်မောင်ဦးရဲ့ ရဲရင့်ပြောင်မြောက်တဲ့ လုပ်ရပ်တွေကြောင့် အထိ အနာကြီး နာခဲ့ရတယ်။ ကျောင်းသားတွေအပေါ် အငြိုးအာဃာတကြီးမားလှတဲ့ ဦးနေဝင်းဟာဆလိုင်းတင်မောင်ဦးကို ဖမ်းဆီးနိုင်ဖို့ သည်းကြီးမည်းကြီး ကြိုးပမ်းခဲ့တယ်။ သူ့အပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်ထက် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးကိုသာ ဦးစားပေး ခေါင်းထဲ ထည့်ထားတဲ့ ဆလိုင်းတင်မောင်ဦးဟာ နောက်ဆုံးတော့အဖမ်းခံသွားခဲ့ရတယ်။ ကျောင်းသားတစ်ရပ်လုံး အပေါ် အငြိုးအတေးကြီးလှတဲ့ ဦးနေဝင်းဟာ မိမိရဲ့ တူအရွယ် သားအရွယ်ထက်တောင်ငယ်သေးတဲ့ ( အဲဒီတုန်းက ဆလိုင်း တင်မောင်ဦးရဲ့ အသက်က (၂၅)နှစ်ပဲ ရှိပါတယ် ) ကျောင်းသားကလေးကို ရသင့်ရထိုက်တဲ့ တရားဥပဒေဆိုင်ရာ အခွင့်အရေး ဘာတစ်ခုမှ မပေးဘဲ အကျဉ်း နည်းနဲ့

စစ်ဆေးပြီးသေဒဏ်ချမှတ်ခဲ့တယ်။ အယူခံတင်ပြီး ဒူးထောက်အညံ့ခံ နိုင်းခဲ့ပေမယ့် ဆလိုင်းတင်မောင်ဦးက **"စစ်ဖိနပ်အောက်ဒူးထောက်မခံဘူး"** ဆိုပြီး ငြင်းဆန်တဲ့အခါ ကြားရသူ အပေါင်း အံ့ဩသွားရလောက်အောင် တကယ်ပဲ ရက်ရက်စက်စက်ကြိုးပေးသတ်ဖြတ်ခဲ့တယ်။ တစ်နည်းအားဖြင့် သူ့ကို ဖိဆန် အာခံတဲ့ သူ အားလုံးကို ဒီလုပ်ရပ်နဲ့ အာဏာရှင်ကြီး ဦးနေဝင်းက စစ်ကြေညာ လိုက်တာဖြစ်တယ်။ ပြောရရင် မိမိတို့ရဲ့ မွေးရာပါ လူ့အခွင့်အရေးများကိုလိုလား တောင့်တနေကြတဲ့ မြန်မာပြည်သူတစ်ရပ်လုံးနဲ့ ကမ္ဘာ့ဒီမိုကရေစီ ဘက်တော်သား အားလုံးကိုစစ်ကြေညာလိုက်တာဖြစ်တယ်။

အဲဒီတော့ အဲဒီဖြစ်ရပ်နဲ့ မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသမားနေ့ကို ဆက်စပ်ပြီး သုံးသပ်ကြည့်ရအောင်။

ဆလိုင်းတင်မောင်ဦးဟာ ချင်းလူမျိုးလူငယ်ကျောင်းသားတစ်ယောက် ဖြစ်တယ်။ ဒါပေမယ့် သူဟာ တိုတောင်းတဲ့ သူ့ရဲ့ ဘဝတာကာလ အတွင်း ချင်းလူမျိုးများ အရေးသက်သက်၊ လူငယ်အရေးသက်သက်၊ ကျောင်းသား အရေးသက်သက် အတွက် မလုပ်ဘဲ မြန်မာပြည်သူ တစ်ရပ်လုံး ဝတ်မွတ် တောင့်တနေကြတဲ့ လူအခွင့်အရေး ဒီမိုကရေစီရေး ငြိမ်းချမ်းရေးတို့အတွက် တိုက်ပွဲဝင်သွားခဲ့သူ ဖြစ်တယ်။ ဒီတစ်ချက်က သူဟာ အမျိုးသားရေး သင်္ကေတ တစ်ခုဖြစ်တယ် ဆိုတာကိုပြသနေတယ်။ နောက်တစ်ခုကသူဟာ အင်မတန် ငယ်သေးတဲ့အရွယ် ကတည်းကစလို့ မတရားမှုကို အာဏာဆန့်ကျင်ခဲ့သူဖြစ် တယ်။ဒီအချက်က သူဟာ မတရားမှုကို ခေါင်းငုံ့မခံခြင်းရဲ့ သင်္ကေတ တစ်ခုဖြစ် တယ်ဆိုတာကို ပြသနေတယ်။

နောက်တစ်ခုက သူဟာ အာဏာရှင်ဆန့်ကျင်ရေး အဓိကတိုက်ပွဲ အဆက်ဆက်မှာ ဦးဆောင်ပါဝင်ခဲ့တယ်။ ဒီအချက်ကသူဟာ ပန်းတိုင်ဆီ အရောက် ချီတက်ဖို့ ပြည်သူတွေမှာမရှိမဖြစ် ရှိရမှာဖြစ်တဲ့ ဇွဲလုံ့လ ဝီရိယရဲ့ သင်္ကေတတစ်ခုဖြစ်တယ်ဆိုတာကို ပြသနေတယ်။ နောက်တစ်ခုက သူဟာ သေဒဏ်ကို အယူခံမဝင်ခဲ့ဘူး။ ဒီအချက်က သူဟာအသက်ဟူသော အကြောင်း တရားအတွက် ယုံကြည်ချက်ကို မစွန့်လွှတ်တဲ့ စာမရီ ၄က်စိတ်ဓါတ်ရဲ့ သင်္ကေတ ဖြစ်တယ်ဆိုတာကို ပြသနေတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းမှာ ယုံကြည်ချက်အတွက် မိမိတို့ရဲ့ဘဝတွေကို စွန့်လွှတ်စတေးခဲ့ကြတဲ့ စွန့်လွှတ်စတေးနေကြတဲ့ မြန်မာ့နိုင်ငံရေး အကျဉ်းသား

တွေဟာ အဖိနှိပ်ခံဘဝက လွတ်မြောက်လိုတဲ့ မြန်မာပြည်သူတစ်ရပ်လုံး အတွက် ဂုဏ်ပြုထိုက်သူတွေ စံပြုထိုက်သူတွေဖြစ်သလို အာဇာနည်ကျောင်းသား ခေါင်းဆောင် ဆလိုင်းတင်မောင်ဦးရဲ့ အသက်နဲ့ ဘဝကို ပိုင်းဖြက်ချက်ရှိရှိ စွန့်လွှတ်စတေးခဲ့မှု၊ နောက်ဆုံးထွက်သက်အထိ ရန်သူ့ထံဒူးမထောက်အညံ့ မခံခဲ့တဲ့ ရပ်တည်ချက်နဲ့တိုက်ပွဲဝင် စိတ်ဓာတ်တွေဟာ အဲဒီဂုဏ်ပြုခံ နိုင်ငံရေး အကျဉ်းသားတွေရဲ့ စံနမူနာလည်းဖြစ်တယ်။ မီးရှူးတန်ဆောင်လည်းဖြစ်တယ်၊ သင်္ကေတလည်းဖြစ်ပါတယ်။

အဲဒီသင်္ကေတတွေရဲ့ အစုအပေါင်းဖြစ်တဲ့ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးဟာ ဒီကနေ့ရှည်လျားကြမ်းတမ်းတဲ့ ဒီမိုကရေစီ ခရီးလမ်းကို ခက်ခဲပင်ပန်းစွာ လျှောက်လှမ်းနေကြရတဲ့ မြန်မာပြည်သူတွေအတွက်ရော နောင် အနာဂတ် မျိုးဆက်သစ်တွေအတွက်ပါ ကောင်းကင်မှာ ထာဝရထွန်းလင်း တောက်ပနေတဲ့ လမ်းပြစုဝံကြယ်ကြီးပဲဖြစ်တယ်။

ဒါကြောင့် အာဏာရှင်စနစ်ရဲ့ အငြိုးအယာတကြီးမားမှု ကောက်ကျစ် ယုတ်မာရက်စက်ကြမ်းကြုတ်မှု ပြည်သူ့ဆန္ဒကို ဆန့်ကျင်နှိပ်စက်မှုတွေနဲ့ ရဲရင့်တဲ့ အဖိနှိပ်ခံပြည်သူတွေရဲ့ မတရားမှုကို ခေါင်းငုံ့မခံမှု ၊ ဇွဲလုံ့လ ဝီရိယရှိမှု ၊ ယုံကြည်ချက်ခိုင်မာစွဲမြဲမှုတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်းပြင် တွေ့ခဲ့ကြရတဲ့ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး ကြိုးပေးသတ်ဖြတ်ခြင်းခံခဲ့ရတဲ့၊ အာဇာနည်ပီသစွာ ကျဆုံးခဲ့ရတဲ့ ဇွန်လ(၂၆)ရက်နေ့မှတစ်ပါး မြန်မာနိုင်ငံရေး အကျဉ်းသားများနေ့အဖြစ်သတ်မှတ်သင့်တဲ့ အခြားနေ့မရှိဘူးလို့ ထင်မြင်ယူဆ မိပါတယ်။

စစ်အာဏာရှင်စနစ်ကို ရဲရင့်ပြတ်သားစွာ ဆန့်ကျင်တိုက်ပွဲဝင်ရင်း အာဇာနည်ပီသစွာကျဆုံးသွားခဲ့ရတဲ့ ကျောင်းသားခေါင်းဆောင်ဆလိုင်း တင်မောင်ဦးအား ဦးညွှတ်အလေးပြုလျက်-

၇၄-၇၅-၇၆ အင်အားစု

မှတ်ချက်/

၂၀၁၁ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့တွင် ကျရောက်သည့် အာဇာနည် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး၏(၃၅)နှစ်မြောက် နှစ်ပတ်လည် နေ့အထိမ်းအမှတ်နေ့တွင် ရေးသားထုတ်ပြန်ခဲ့သည့် (၇၄-၇၅-၇၆)အင်းအားစု၏ သဘောထားအား ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

---

## " ခပ်ညှံ့ညှံ့ပုံတူပန်းချီကားတစ်ချပ် "

မြင့်လွင် (မိုင်းရာပြည့်)

(က)

ဖိနှိပ်မှုက ဥပဒေဖြစ်လာသောအခါ တော်လှန်ရေးဆိုသည်မှာ တာဝန်တစ်ရပ်ဖြစ်လာရတော့သည်. . တဲ့။

ကျွန်တော်တို့မျိုးဆက် (၇၀ခုနှစ်လွန်ကာလများတွင် ကြီးပြင်းအရွယ်ရောက်လာသောမျိုးဆက်) အပေါ် ဩဇာသက်ရောက်မှုကြီးမားလှသော ဆရာဇန်းမော်တင်အောင်၏စကားတစ်ခွန်းရှိသည်။ သူ့သားကိုပြောသောစကားဖြစ်သည်ဟု မှတ်သားဖူးသည်။ **"ငါ့သား. . . လူတစ်ယောက်ရဲ့တန်ဖိုးကို သမိုင်းက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့တာဝန်ကို သူထမ်းဆောင်သလား မထမ်းဆောင်ဘူးလား ဆိုတဲ့ အချက်နဲ့တိုင်းတာရမယ်"** တဲ့။

ကျွန်တော်တို့ မျိုးဆက်၏တာဝန်က အဘယ်နည်း၊ တော်လှန်ရေးဖြစ်သည်။ အဘယ့်ကြောင့်နည်း။ တရားဥပဒေနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသောအစိုးရကို လက်နက်နည်းဖြင့် အာဏာသိမ်းပြီး တက်လာခဲ့သော တော်လှန်ရေးကောင်စီအမည်ခံ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအမည်ခံ စစ်အစိုးရက သူ၏ဖိနှိပ်ရေး၊ ယန္တရားမျိုးစုံကို ဥပဒေတံဆိပ်ကပ် လိုက်သောကြောင့်ဖြစ်သည်။

ဒီလိုနှင့်ကျွန်တော်တို့မျိုးဆက်၏သမိုင်းပေးတာဝန်ထမ်းဆောင်မှုများ လှိုင်းလုံးကြီးများသဖွယ် တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့တော့သည်။

အလုပ်သမား အရေးအခင်း (၁၉၇၄-ဇွန်)၊ ဦးသန့်ဈာပနအရေးအခင်း (၁၉၇၄-ဒီဇင်ဘာ)၊ ရွှေတိဂုံအရေးအခင်း (၁၉၇၅-ဇွန်)၊ မိုင်းရာပြည့်အရေးအခင်း (၁၉၇၆-မတ်)။ **"နွားမွေးရင် မြက်ကျွေးရမယ်၊ လူမွေးရင်ဆန်ပေးရမယ်"** "တောင်းတော့ဆီ ဆန်ပေးတော့ ကျည်ဆန်၊" "နေဝင်း၊ စန်းယု စစ်အုပ်စုအလိုမရှိ။ " "လူသတ်ဝါဒကျဆုံး ပါစေ၊ ကျောင်းသားသမဂ္ဂပြန်လည်ဖွဲ့စည်းရေး" (တို့အရေး)^၂၊ "အဖမ်းခံကျောင်းသား အလုပ်သမား ပြည်သူများ" (ချက်ချင်းလွှတ်)^၂။ (၇၄-၇၅-၇၆ မျိုးဆက်များ၏ တော်လှန်ရေး ကြွေးကြော်သံများ ဘတ်ည်ပွက်ပွက်လျှံ သွားခဲ့သည်။ ထိုအသံများကြောင့် မြန်မာစစ် အာဏာရှင်စနစ်၏ခေါင်းကိုင်ဖခင်ကြီး သူ့မြေးအရွယ် ကျောင်းသားငယ်ကလေး တစ်ဦးကို ကြိုးစင်တင်လိုက်သည်အထိ သွေးရူးသွေး တန်းဖြစ်သွားခဲ့သည်။

ကျွန်တော်တို့ မျိုးဆက်၏တော်လှန်ရေးက ထောင်အပြင်မှာတင်ရပ်တန့်မနေခဲ့။ ထောင်ထဲအထိ ဆက်၍ပါလာခဲ့သည်။ ပုံစံဆန့်ကျင်ရေးတိုက်ပွဲ၊ အလုပ်ကြီးဆန့်ကျင်ရေးတိုက်ပွဲစသည့် မတရားမှုအမျိုးမျိုးတို့ကို ခုခံဆန့်ကျင်သောတိုက်ပွဲများ။ထောက်လှမ်းရေးက ကျောထောက်နောက်ခံပြုပေးထားသော အကျဉ်းထောင်အုပ်ချုပ်သူတွေကလည်း နည်းမျိုးစုံသုံးပြီးနှိပ်ကွပ်သည်။ ကနဦးတွင် မည်သည့်နည်းလမ်းကိုသုံးသည်ဖြစ်စေ ၊ သူတို့နောက်ဆုံးသုံးသည့်နည်းကတော့ အကြမ်းဖက်အင်အားသုံးသည့်နည်းလမ်းသာဖြစ်သည်။ ခွေးသား ရောင်းပြီး ဆိတ်ခေါင်းချိတ်သော စစ်အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုပ်သည့် ဖိနှိပ်မှုများကြောင့် ခွပ်ဒေါင်းတစ်ကိုယ်လုံး သွေးချင်းချင်းရဲခဲ့ရသည်။

ဘာပဲပြောပြော နောက်ဆုံးတော့ ကျွန်တော်တို့မျိုးဆက်ကို စစ်အာဏာရှင်ကြီး အရှုံးပေးလိုက်ရသည်။ သူကျူးလွန်ခဲ့သော သမိုင်းတွင်လောက်သည့် လူထုဆန့်ကျင်ရေးအမှားများအတွက် အာပတ်ဖြေသည့်သဘော၊ မျက်ဖြေလက်ဖြေ ဆက် သွင်းသည့်သဘောဖြင့် "သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးသံဃာ့ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး" ဆိုသည်ကို ဖန်တီးကာ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ရသည်။ ကျွန်တော်တို့မျိုးဆက် ထောင်ထဲမှ ရင်ကော့ပြီး ထွက်လာခဲ့သည်။

(ခ)

ထောင်ကလွတ်လာသူအားလုံး ပြိုကွဲပျောက်ဆုံးသွားသော ဘဝအပိုင်း

အစများကို ပြန်လည်ရှာဖွေကောက်ယူစုစည်းတည်ဆောက်ကြရသည်။ ကျွန်တော်က အမေ့ဇာတိမြို့ကလေးနှင့် မနီးမဝေးမှ ရွာကလေးတစ်ရွာတွင် တွဲဖက်ကျောင်းဆရာသွားလုပ်ရသည်။ အခြားသူများ၏ ဘဝရပ်တည်မှု သတင်းများကိုလည်း ထုံ့ပိုင်းထုံ့ပိုင်းကြားနေရသည်။ နိုင်ငံရေးယုံကြည်ချက် ပိုမိုစူးနက်ခိုင်မာသူများ၊ လက်နက်ကိုင်တော်လှန်ရေး နယ်မြေဘက်ထွက်သွားကြသော သတင်းများကိုလည်း ကြားရသည်။ကျွန်တော်တို့တစ်တွေ တစ်ယောက်က အရှေ့၊ တစ်ယောက်ကအနောက် ၊ တစ်ယောက်က တောင်၊ တစ်ယောက်က မြောက် ။ တစ်နယ်စီ ခြားသွားခဲ့ကြသော်လည်း စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး ဟူသည့် ယုံကြည်ချက်ထီးခနိုင်ကြီး၏အစည်းအနှောင်အောက်မှာ ကျွန်တော်တို့ အများစု ဆက်ရှိနေခဲ့ကြသည်။ ကျွန်တော်တို့ဆိုသော ထီးကိုင်းကလေးတွေ တစ်ချောင်းစီ လွင့်စင်ပျောက်ကွယ်မသွားခဲ့ကြဟု ယေဘုယျဆိုနိုင်သည်။

ထိုကာလအတွင်း ကျွန်တော်နှင့် တစ်ဆက်တစ်စပ်တည်းလောက်နီးပါး ရှိနေခဲ့သူကတော့ အင်းစိန်ထောင်အတွင်း (၁၉၇၈) နှောင်းပိုင်း နိုင်ငံရေးအကျဉ်းသားများ (အထူးသဖြင့်ကျောင်းသားများ) အား ထောင်အုပ်ချုပ်သူများက အကြမ်းဖက်အင်အားသုံးပြီး အလုပ်ကြမ်းချသည့် စစ်ဆင်ရေးဆင်နွှဲသောကာလ အတွင်း တစ်ဦးနှင့်တစ်ဦး နက်နက်ရှိုင်းရှိုင်းစတင်ခင်မင်ခဲ့ကြသော စီးပွားရေး တက္ကသိုလ်မှ (၇၅ ရွှေတိဂုံအရေးအခင်း) ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုကျော်အောင်ဖြစ်သည်။

ကျွန်တော်ရန်ကုန်တက်လာတိုင်း အဓိကအားဖြင့် ညအိပ်သောအိမ်နှစ်အိမ်ရှိသည်။ တစ်အိမ်က သာကေတရှိ ကျွန်တော့်အစ်မအိမ်။ နောက်တစ်အိမ်က ပုဇွန်တောင်၊တောင်လုံးပြန်ရှိ ကိုကျော်အောင်အိမ်။ တစ်ခါတစ်ခါတော့လည်း မြောက်ဥက္ကလာပ ဒေါက်တာလှမြင့် (မီးမောင်း) အိမ်သို့ ရောက်သွားတတ်သည်။ ကိုကျော်အောင်ကိုအကြောင်းပြုပြီး ကျောင်းသား အလုပ်သမား ရဲဘော်များနှင့် ကျွန်တော်အဆက်မပြတ်ခဲ့။ ကိုအောင်ထိုက် ၊ ကိုမျိုးထွန်း၊ ကိုမြင့်အေး၊ ကိုဇေယျ ၊ ဘိုးတော်ခင်ဝင်း၊ ကိုစိုးဝင်း၊ ကိုသောင်းအေး ၊ ကိုငွေအောင်၊ကိုမိုးမြင့်၊ ကိုအေးကျော် စသည့် ကျောင်းသား ရဲဘော်များ ဦးဘန်၊ ဦးချစ်ထွန်း၊ ဦးစော၊ ဦးရွှေလင်း၊ ကိုလှသိန်း၊ ကိုတင်ငွေ၊ ကိုစောဦး၊ ကိုဖိုးကျော့ စသည့် အလုပ်သမား ရဲဘော်များ။ ကျွန်တော်က ကိုလှမြင့်လို့ပဲခေါ်သည့် ဒေါက်တာလှမြင့်ကို အကြောင်းပြုပြီး မီးမောင်းစာစောင်မှ ရဲဘော်များနှင့်

အဆက်မပြတ်ခဲ့။ ကိုဗေဒါ၊ ကိုထွန်းကြည်၊ ကိုမြအေး ၊ ကိုထွန်းအောင်ကျော်၊ ကိုအောင်ကျော်၊ ကိုကျော်ဟိုး၊ ကိုစိန် စသည့်ရဲဘော်များ။

ကျွန်တော်တို့ထဲတွင် စီးပွားရေးအဆင်မပြေသူက (၉၉.၉၉%) ဖြစ်သော်လည်း ကျွန်တော်တို့ချင်းဆုံမိကြသည့်အခါ ပြောဖြစ်ကြသည်က ဘဝရပ်တည်ရေးနှင့်စီးပွားရေးအကြောင်းကနည်းနည်း။ နိုင်ငံရေးများများ။ သက်ဆိုးဆက်ရှည်နေသော (မ. ဆ. လ၊ မျက်နှာဖုံးစွပ်)စစ်အာဏာရှင်စနစ်ကြောင့် ပြည်သူများဒုက္ခပင်လယ်ဝေနေရပုံအကြောင်း စကားများကသာ ကျွန်တော်တို့စကားဝိုင်း၏ အချိန်အများစုကို သိမ်းပိုက်ထားကြသည်။သူများတွေတော့ မပြောတတ်။ ကျွန်တော်နှင့်ကိုကျော်အောင်တို့ကတော့ တစ်လအနည်းဆုံးနှစ်ကြိမ်လောက်တွေ့ဖြစ်ကြသည်။ တွေ့တိုင်းလည်း ရင်ထဲမှ **"မဆလအမုန်း"** များကို ကိုယ်စီအန်ထုတ်လေ့ရှိသည်။ ကျွန်တော်က **"မဆလအမုန်းတွေ အန်ထုတ်"** ဟာ သွားသောဝမ်းပိုက်ကို သုကျွေးသော ထမင်းဖြင့်ပြန်ဖြည့်။ တွက်ကြည့်လျှင် (၁၉၈၀) မှ ယခု ၂၀၁၃ ထိ နှစ်ပေါင်းသုံးဆယ်ကျော်။ ကျွန်တော်တို့အန်ထုတ်ခဲ့သော **"မဆလ အမုန်းများမှာ"** "လက်ပံတောင်းတောင်၊ တစ်တောင်စာလောက်များ ရှိမလားမသိ။ ကျွန်တော်စားခဲ့သော ကိုကျော်အောင့်ထမင်းကလည်း စပါးနှင့်တွက်လျှင် ဧကတစ်ထောင်စိုက်လောက်များရှိမလားမသိ။

(ဂ)

ဒီလိုနှင့် (၈)နှစ်ဆိုသော အချိန်ကာလသည် ဖျတ်ကနဲကုန်လွန်သွားသည်။ ကာလရထားပေါ်မှာ ကျွန်တော်တို့စကားတပြောပြော ၊ ဘဝတမောမောနှင့် စီးနင်းလိုက်ပါကြရင်း (၁၉၈၈) ဆိုသော ဘူတာ၌ ရထားတုံ့ကနဲဖြစ်သွားမှ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ (၇၄-၇၅-၇၆) ဆိုသော မှတ်တိုင်များနှင့် (၈၀) ဆိုသော မှတ်တိုင်ကို နောက်တွင်ခပ်ဖျဖျမြင်ရတော့သည်။ ထူးခြားသည်က ထိုမှတ်တိုင်များတွင် ကြားခဲ့ကြရသော ကျွန်တော်တို့မျိုးဆက်၏ဟစ်ကြွေးသံများကို (၈၈)မှတ်တိုင်တွင် ပြန်ကြားနေကြရခြင်းပင်။ ပိုလို့တောင်ကျယ်လောင်သေးသည်။ "စစ်အာဏာရှင်စနစ် ကျဆုံးပါစေ၊အကြမ်းဖက်ဝါဒကျဆုံးပါစေ" ဗိုလ်ချုပ်ပေးတဲ့စစ်ပညာ၊ ပြည်သူတွေကို သတ်ဖို့မဟုတ်ဘူး။ ကျောင်းသားသမဂ္ဂ ပြန်လည်ပေါ်ပေါက်ရေး-(တို့အရေး)[၁]၊ ဆန္ဒခံယူပွဲ (အလိုမရှိ) ၊အခြေခံဥပဒေ (ချက်ချင်းဖျက်)[၂] ၊ ကြားဖြတ်အစိုးရ (ချက်ချင်းဖွဲ့)[၃]၊ စကားလုံးတွေကနည်းနည်းပါးပါး ကွဲပြားသွားသည်။ သို့သော် အနှစ်သာရကတော့

တစ်ဆံခြည်မျှင်ပင်မကွဲ။ ဖိနှိပ်မှုကို တော်လှန်ရေးဖြင့် တုံ့ပြန်ခြင်း။

တစ်နေ့ ကျွန်တော်က သာကေတမှ ကျောင်းသားလူငယ်အင်အားစု တစ်စုကို ဦးဆောင်ပြီး မြို့ထဲသို့ ချီတက်လာသည်။ သာကေတတံတား ဟိုဘက်အဆင်းတွင် "သုဝဏ္ဏပြည်သူများ" ဟူသောနဖူးစီးစာတန်းကြီးတစ်ခု အောက်မှ ချီတက်လာသော လူစု လူဝေးကြီးတစ်စုနှင့် သွားဆုံသည်။ ရှေ့ဆုံးတန်း တစ်နေရာမှာ ပါလာသူက ကိုကျော်အောင်၊ ကျွန်တော်တို့ နှစ်ယောက်စလုံး ရွှင်လန်းတက်ကြွနေကြသည်။ အင်အားစုနှစ်စု ပူးပေါင်းပြီး မြို့ထဲသို့ချီတက်ကြသည်။ ကျွန်တော်တို့ခေါင်းများပေါ်မှာတော့ "ငြိမ်းချမ်းစွာဆန္ဒပြနေကြသော ပြည်သူများအား ပစ်ခတ်ခြင်းမပြုရန် မေတ္တာရပ်ခံပါသည်" ဟူသော စာသားရေးထားသည့် စာတန်းကြီးများ လေအဝေ့တွင် တလူလူလွင့်လျက် ။" တို့အရေး . . တို့အရေး . . တို့အရေး . . တို့အရေး"။ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် အဖိနှိပ်ခံ ပြည်သူများ ရှန်းထခဲ့ကြပြီ။

ကျွန်တော်နှင့်ကိုကျော်အောင် နေ့တိုင်းနီးပါး တွေ့ဖြစ်ခဲ့ကြသည်။ နေ့တိုင်းနီးပါးချီတက်ဆန္ဒပြခဲ့ကြသည်။ ပြည်သူများ၏ ရင်ဖွင့်သံကို ထင်ဟပ်သော ဟောပြောပွဲများကို စီစဉ်သည့်အခါစီစဉ်၊ ကိုယ်တိုင်ဟောပြောသည့်အခါ ဟောပြော၊ တက်ရောက်နားထောင်သည့်အခါနားထောင် (၇၄-၇၅-၇၆) မျိုးဆက်များ တစ်တိုင်းပြည်လုံးအနှံ့မှ မြို့များတွင် ပြည်သူများနှင့်အတူ အရေးတော်ပုံကြီးအတွင်း ပါဝင်ဆင်နွှဲနေကြသော သတင်းများကိုလည်း အဆက်မပြတ်ကြားနေရသည်။ မန္တလေးတွင် ကိုတင်အေးကြူ၊ ကိုသိန်းသန်းဦး။တောင်ငူတွင်ကိုမိုးဝင်း။ မိတ္ထီလာတွင် ကိုခင်မောင်လေး။ မုံရွာတွင် ကိုခင်မောင်သန်း။ ရေစကြိုတွင် ကိုဟန်ရှင်ဝင်း။ ရေနံချောင်းတွင် ကိုခင်မောင်မြင့်နှင့် ကိုမြင့်ဦး။ ဇီးကုန်းတွင် ကိုခင်မောင်ကြည်။ဘားအံတွင် နန်းခင်ထွေးမြင့်၊ကိုသန်းဦး။သန်လျင်တွင် ကိုဒွေးအောင်။မအူပင်တွင် ကိုသောင်းအေး။ ပန်းတနော်တွင် ကိုကျော်စိန်ဦး။ ငသိုင်းချောင်းတွင် ကိုစိုးဝင်း။ လက်ပံတန်းခမုံတွင် ကိုမြအေး ။ မော်ကျွန်းတွင် ကိုထွန်းထွန်းဦး ။ ရခိုင်ဘက်တွင် ကိုဦးလှစော ၊ ကိုစောနိုင် စသဖြင့် စစ်ဖိနပ်များဖြင့် (၁၂)နှစ်တိုင် (၁၉၇၆-၁၉၈၈) နင်းဖိထားခဲ့သော အရေးတော်ပုံစိတ်ဓါတ် အညွန့်အညောက်များ ပြန်လည်ထွက်ပြူလာခဲ့သည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအထိန်းသိမ်းခံများသမဂ္ဂ၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေး ကော်မရှင်

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများသမဂ္ဂ၊ တိုက်ပွဲဝင်ရှေ့နေများသမဂ္ဂ၊ ကျူရှင်ဆရာများသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ----------သမဂ္ဂ၊ --သမဂ္ဂ ။ အရေးတော်ပုံကြီးထဲတွင် လူထုအခြေပြု လူ့အဖွဲ့အစည်းများ မွေးဖွားပေါ်ထွန်းလာကြသည်။ ဒီမိုကရေစီတရားပွဲများလည်း အပြိုင်းအရိုင်းထွက်ပေါ်လာသည်။အထွတ်အထိပ်ကတော့ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ၏ရင်သွေး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်မှ လူထောင်ပေါင်းများစွာ တက်ရောက်သော ဟောပြောပွဲကြီး ရှင်လန်းတက်ကြွအားရ ဝမ်းသာဖြစ်နေသော လူထုကြီး မျက်စိထဲတွင် လူ့အခွင့်အရေး၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ငြိမ်းချမ်းမှု ၊ ဖွံ့ဖြိုးတိုးတက်မှုတို့ စည်ပင်ဝေဆာသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လှမ်း၍ မြင်ယောင်ကြည့်မိနေကြပြီ။

(ယ)

ဗီဒီယိုခွေကို (Backward) ခလုတ်နှိပ်ပြီး ကြည့်သလို ကျွန်တော့် ဘဝကျွန်တော်ပြန်ကြည့်လိုက်သည်။ရှိက်ချက်တိုင်းလိုလိုတွင် ကျွန်တော်နှင့်အတူ ကိုကျော်အောင်ကို ကျွန်တော်တွေ့ရသည်။ သယ်န်းကျွန်း၊သုဝဏ္ဏနှင့် ရန်ကုန်သစ်ရပ်ကွက် (NLD - လှုပ်ရှားမှုများ)။ ဦးတင်မြ ၊ ဦးတင်မြင့် ၊ဦးထွန်းမြင့်၊ ဦးကျော်သောင်း၊ ကိုကြည်ထွန်း၊ ကိုရန်မျိုးအောင် ၊ ကိုမင်းမင်း၊ ကိုအောင်ထွန်း၊ ညိုညိုသင်း၊ နီမိုလှိုင်၊ ခင်မိမိခိုင် ၊ ခင်ထားရီ တို့နှင့် တွဲဖက်လှုပ်ရှားခဲ့ကြသည်များ။

နောက်တော့ ကျွန်တော်က လူ့အောင်သစ်ပါတီထဲရောက်သွား။ တွံတေး မြို့နယ်ဥက္ကဋ္ဌ ၊ ရန်ကုန်တိုင်းဥက္ကဋ္ဌ။နောက်တော့ ဗဟိုကော်မတီဝင် ဝါဒဖြန့်ချိရေးတာဝန်ခံ။ ကိုသက်ထွန်း၊ ကိုမြင့်ဇော်၊ ကိုကျော်ဝင်းသိန်း၊ ကိုအောင်မိုးဇော်၊ ကိုဇေယျ။ ကျွန်တော့်အောက် ဆယ်စုနှစ်တစ်ခုနီးပါးငယ်သော မျိုးဆက် (တစ်နည်း) ရှစ်ဆယ့်ရှစ်မျိုးဆက်များနှင့် ကျွန်တော်လက်တွဲလှုပ်ရှား။ ဖြစ်စဉ်တိုင်းမှာ ကျွန်တော်နှင့် ကိုကျော်အောင်က တတွဲတွဲ။ တစ်ချို့ က အမြွာ သူငယ်ချင်းဟုပင် နောက်ပြီး ခေါ်ကြ။ တကယ်တော့ သူနှင့် ကျွန်တော် စစ်အာဏာရှင် စနစ်ချုပ်ငြိမ်းရေး ယုံကြည်ချက်အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်မိနေကြခြင်းသာဖြစ်သည်။ သူနှင့် ကျွန်တော်ကြား စီးပွားရေး၊လူမှုရေး၊ ဘာသာရေး၊ အခြားဘာပတ်သက်ဆက်နွယ်မှုမှ ကြီးကြီးမားမားမရှိ။ ဝါသနာချင်းပင်မတူ။ ကျွန်တော်ကဘောလုံးဝါသနာအိုး၊မန်ယူပရိသတ်။ သူကဘာအားကစား

မှဝါသနာမပါ။ သို့သော် နိုင်ငံရေးတွင်တော့ ကျွန်တော်တို့ နှစ်ယောက်ကြား ကြီးကြီးမားမားကွဲလွဲမှုမရှိသလောက်ပင်။ ကျွန်တော်တို့ကြောင့် (၃၄-၅-၆) မျိုးဆက်ဂုဏ်မတက်လျှင်နေပါစေ။ ဂုဏ်တော့ မပျက်စေရဟူသော မျိုးဆက် ဆိုင်ရာသန္နိဋ္ဌာန်ကို ခိုင်ခိုင်မြဲမြဲထွေးပိုက်ထားသည့် နေရာမှာလည်း ကျွန် တော်တို့နှစ်ယောက် သဘောထားထပ်တူကျသည်။

ထိုစဉ်က ကျွန်တော်က အိမ်ထောင်မရှိသူမို့ တာဝန်ယူစရာ များများ စားစားမရှိသော်လည်း ကိုကျော်အောင်က သား (၃)ယောက်ရှိသောအိမ် ထောင် သည်ဖြစ်သဖြင့် အိမ်ထောင့်တာဝန်ကို ထမ်းရသည်။ နိုင်ငံရေးကိုလည်း မစွန့်နိုင်။ နည်းနည်းတော်သေးသည်က သူကကိုယ်ပိုင် စီးပွားရေးလုပ်ရင်း အထိုက် အလျောက်ရပ်တည်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ် မှ မိတ်ဆွေဟောင်း နိုင်ငံရေးသမားများအတွက် သူ့အိမ်မှာ **"ဆုံစည်းရာ"** ဖြစ်သည်။ အိမ်ပိုင်မရှိသဖြင့် အိမ်ခဏခဏပြောင်းရသည်။ မိတ်ဆွေဟောင်း၊ နိုင်ငံရေး သမားတွေကလည်း သူပြောင်းရာနောက်တစ်ပြုံတစ်မကြီး လိုက်ကြ သည်။ ကိုကျော်အောင်အိမ်တွင် စုကြ၊ဆုံကြ၊ ငြင်းကြ၊ခုံကြ၊ ဆွေးနွေးကြ။ ပြီးတော့ စား သောက်ကြ။ ကျွန်တော်ကတော့ ဝိုင်းတိုင်းနီးပါးမှာ ပင်တိုင်။

အထူးသဖြင့် ကိုကျော်အောင်အိမ်တွင် အင်္ဂါ သို့မဟုတ် သောကြာနေ့ တစ်ပတ်မှာ ရက်တစ်ရက်သတ်မှတ်ကာ အင်္ဂါဝိုင်း၊သောကြာဝိုင်း ဟူ၍ အပတ်စဉ်နိုင်ငံရေး စကားဝိုင်းဖွဲ့ဖြစ်သည်။အဲဒီကနေ ကျွန်တော်တို့နိုင်ငံရေးလုပ် ငန်းတော်တော်များများလုပ်ဖြစ်ခဲ့သည်။ (NLD)လည်းပါ၊ လူ့ဘောင်သစ်လည်းပါ၊ ရှစ်ဆယ့်ရှစ်မျိုး ဆက်လည်းပါ၊ အခြားအခြားတွေလည်းပါ၊ ပထမ ဦးအုန်းမြင့်၊ လေထီးဦးအုန်းမောင် ၊ ဦးမင်းလွင်(ဝါရင့်)၊ ဦးထွန်းတင် ၊ နောက် သခင်တင်မြ၊ ဦးချစ်လှိုင် မြန်မာ့အလင်းဦးသန်းညွန့်တို့။နောက်ပိုင်းကျတော့ ဦးအေးသာ အောင် ၊ ဖျာပုံနီလုံဦး၊ မုံရွာအောင်ရှင်တို့ ကိုခင်မောင်ကြည် (ဝါရင့်)၊ ကိုခင်မောင် ဝင်း (ပုဇွန်တောင်-NLD)ကိုကြည်ထွန်း (သယ်နီးကျွန်း လူငယ်ခေါင်းဆောင်ဟောင်း) တို့ပါကြသည်။ ကျွန်တော်နှင့် ကိုကျော်အောင်တို့နိုင်ငံရေး နယ်ပယ်စုံမှလူများနှင့် သိကျွမ်းခင်မင်နေကြသည်ကိုကြည့်ပြီး အချို့ကမျက်စိလည်ကြသည်။ အချို့ ကတော့ မကြိုက်ချင်။ ဝေဖန်ပြစ်တင်ကြသည်။ ကျွန်တော်တို့ နှစ်ယောက်ကို ယုံကြည်ချက်မစွဲမြဲသူ၊ ရန်ငါစည်းမပြတ်သူ ၊လူမရွေးဘဲပေါင်းသူများအဖြစ် တဲ့ရဲ့ပြစ်တင်ကြသူများလည်းရှိသည်။

ကျွန်တော်တို့ဘက်ကတော့ ရှင်းသည်။ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးလုပ်ဆောင်သူမှန်သမျှမှာ ကျွန်တော်တို့၏မိတ်ဆွေများဖြစ်သည်။ လက်ဝဲဖြစ်စေ၊ လက်ယာဖြစ်စေ ၊ အနီဖြစ်စေ၊ အဖြူဖြစ်စေ၊ (၇၄-၇၅-၇၆) မျိုးဆက်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ။ စစ်အာဏာရှင်စနစ် တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်သူသည် ကျွန်တော်တို့၏ ရန်သူဖြစ်သည်။ **"ထာဝရရန်သူ ထာဝရမိတ်ဆွေဟူ၍မရှိ ထာဝရအကျိုးစီးပွားသာရှိသည်"** ဟူသောအဆိုများသည်သာ ကျွန်တော်တို့၏အခြေခံမူဖြစ်သည်။ တစ်ချိန်က ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကျွန်တော်တို့၏ရန်သူ။ ယခုသမ္မတကြီးဦးသိန်းစိန်သည် ကျွန်တော်တို့၏မိတ်ဆွေ။ ကျွန်တော်တို့ဖြတ်သန်းလာခဲ့သော သမိုင်းတစ်လျှောက် ရန်သူမှမိတ်ဆွေဖြစ်သွားခဲ့ခြင်း။ မိတ်ဆွေမှရန်သူဖြစ်သွားခဲ့ခြင်းများ၊ အကြိမ်ကြိမ်ကြုံခဲ့ရဖူးသည်။ ဆန်းလှသည်တော့မဟုတ်။ လောကဓမ္မတာပင်။

(၁၉၈၈) မှ (၂၀၁၁) အထိ (၂၃)နှစ်တာကာလသည် မှောင်လွန်းသောညများဖြစ်သည်။ အောင်ပွဲကို အခိုင်အမာယုံကြည်ထားသည့်တိုင် "ငါတို့သက်တမ်းမှာတော့ ဒီမိုကရေစီအောင်ပွဲရချင်မှရလိမ့်မယ်" ဟူသော အတွေးမျိုး ခေါင်းထဲမကြာမကြာဝင်ခဲ့ဖူးသည်က အမှန်ဖြစ်သည်။သို့သော် ထိုကာလတစ်လျှောက်လုံးမှာပင် နိုင်ငံရေးနယ်ပယ်ကို ကျွန်တော်တို့နှစ်ယောက်စလုံး တစ်ရံတစ်ဆစ်မျှ ကျောခိုင်းစွန့်ခွာမသွားခဲ့ကြ။ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် ကျွန်တော်တို့ခေါင်းထဲ စဉ်းစား၍ ရသလောက် အကုန်လုပ်ခဲ့ကြသည်။ မျိုးဆက်အားလုံးနှင့်ကျွန်တော်တို့ထိတွေ့ ဆက်စပ်အလုပ်လုပ်သည်။ ထောက်လှမ်းရေး ပေါင်းစုံက ကင်မရာပေါင်းစုံနှင့် မှတ်တမ်းယူနေသည့် ထိုကာလတစ်လျှောက်လုံး မနည်းလှသောနိုင်ငံရေးသမားများ ပုံးခိုကျင်းထဲပြန်ဝင်သွားခဲ့ကြသော ထိုကာလ တစ်လျှောက်လုံး ကျွန်တော်တို့ နှစ်ယောက် နိုင်ငံရေးပွဲလမ်းပေါင်းစုံသို့ရောက်သည်။ (၇၄-၅-၆) မျိုးဆက်ကို ကိုယ်စားပြုသည်ဟု မဆိုခဲ့ကြဘဲ (၇၄-၅-၆) မျိုးဆက်၏အရေးတော်ပုံစိတ်ဓါတ်ကို ကိုယ်စားပြုပြီး ကျွန်တော်တို့ ထိုပွဲများကို ဖြစ်နိုင်သမျှ မပျက်မကွက်တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်လိုပင် ထိုစိတ်ဓါတ်ကိုကိုယ်စားပြုပြီး မိမိတို့မျိုးဆက်၏တာဝန်ကိုဆက်လက်ထမ်းဆောင်နေသော (၇၄-၅-၆) ရဲဘော်များ၏ နာမည်ဂုဏ်သတင်းများက ကျွန်တော်တို့၏စိတ်ဓါတ်ကို တက်ကြွရှင်လန်းစေလျက်ရှိသည်။ ကိုမြင့်အေး၊ ကိုစောလှိုင်၊ ဘိုးတော်ခင်ဝင်း၊ကိုစိုးဝင်း၊ ကိုသောင်း

အေး၊ ကိုအောင်ထိုက်၊ ကိုအေးကျော်၊ ကိုကျော်စိန်ဦး၊ ကိုဟန်ရှင်ဝင်း၊ ကိုမိုးဝင်း(စိတ်တိုင်းကျ)၊ကိုမိုးဝင်း (တောင်ငူ)၊ ကိုတင်အေးကြူ၊ ကိုသိန်းသန်းဦး၊ ပြည်ပရောက်ကိုအောင်စောဦး၊ ကိုမျိုးထွန်းခေါ် ခွန်ဆိုင်း၊ ကိုခင်မောင်လင်း၊ ကိုအေးအောင်၊ ကိုငြိမ်းဝင်း၊ ကိုအောင်တင်သိန်း၊ ကိုထွန်းအောင်ကျော် စသည့် ကျောင်းသား ရဲဘော်များ၊ ဦးစော၊ဦးသိန်းရွှေ ဦးလှသိန်း၊ ဦးဝင်းကျော်၊ ဦးရွှေလင်း၊ ဦးတင်မြင့် ၊ ဦးတင်ဌွေ စသည့် အလုပ်သမားရဲဘော်များ၊ ကိုဗေဒါ ကိုလှမြင့်၊ ကိုချစ်ဆွေ၊ ကိုအောင်ကျော် စသည့် စသည့် မီးမောင်းရဲဘော်များ ၊ အခြားအခြားသော ကျွန်တော်နာမည်မသိ သိသော်လည်း မေ့လျော့ပြီး မဖော်ပြဖြစ်သော ရဲဘော်များလည်း (၇၄-၅-၆) မျိုးဆက်တာဝန်ကို ဆက်လက်ထမ်း ဆောင်နေကြသည် ဟူသောအသိက ကျွန်တော်တို့ကို အားတက်ရွှင်လန်းဝမ်းမြောက်စေသည်။

ထိုသို့ ထမ်းဆောင်ရာတွင် (၇၄-၇၅-၇၆) နိုင်ငံရေးအင်အားစု ဟူ၍ စုစည်းလှုပ်ရှားခြင်းမျိုးမဟုတ်ဘဲ မိမိတို့ရပ်တည်ချက်အလျောက် ပါတီအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခြင်းဖြင့်လည်းကောင်း၊ တစ်ဦးချင်းရပ်တည်၍ လည်းကောင်း၊ ရောက်ရာအရပ်တွင် ကျရာတာဝန်များကို ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိမိတို့ပုခုံးပေါ် ကျရောက်လာသည့်သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရင်း (၇၄-၇၅-၇၆)စိတ်ဓါတ်အစဉ်အလာနှင့် အခန်းကဏ္ဍကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်းဖြစ်သည်။

န. ဝ. တ ၊န. အ. ဖ အမှောင်ခေတ် ပထမပိုင်းကာလများတွင် ထိုကဲ့သို့ ကျွန်တော်တို့ အခြေအနေအခွင့်အလမ်းပေးလာသောအခါ (၇၄-၇၅-၇၆) နိုင်ငံရေးအင်အားစုများအနေဖြင့် အထက်တွင် ဖော်ပြခဲ့သလို တစ်ဦးချင်းရပ်တည်လှုပ်ရှားခဲ့ကြသော်လည်း (၇၄-၇၅-၇၆) နိုင်ငံရေးအင်အားစု အဖြစ်စုစည်းနိုင်ရန်လည်း ကြိုးပမ်းခဲ့ကြပါသည်။ နောက်ပိုင်းကာလများတွင် စွန့်စွန့်စားစားကြိုးပမ်းစုစည်းလှုပ်ရှားခဲ့ကြသည်များလည်းရှိခဲ့သည်။ အထူးသဖြင့် ၂၀၀၀ ပြည့်နှစ် စောစောပိုင်းကာလ (၂၀၀၅) မှ (၂၀၀၉) ကာလများအထိ ကိုကျော်အောင်အိမ်တွင် ကျွန်တော်တို့အထိန်းသိမ်းခံ (၇၄-၇၅-၇၆) ကျောင်း သားများက အရေးအခင်းနှစ်ပတ်လည်နေ့များတွင် အထိမ်း အမှတ် တွေ့ဆုံပွဲများပြုလုပ်သကဲ့သို့ အထိန်းသိမ်းခံအလုပ်သမားဟောင်းကြီးများကလည်း ကိုလှသိန်းအိမ်နှင့် ကိုဝင်းကျော်အိမ်များတွင် နှစ်ပတ်လည်အထိမ်း အမှတ်ပွဲများပြုလုပ်ခဲ့ကြ သည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ် တို့တွင် ဇွန် (၆) ရက်နေ့

ရောက်တိုင်း (၇၄-၇၅-၇၆) အထိန်းသိမ်းခံကျောင်းသားနှင့် အလုပ်သမားကြီးများ စုပေါင်းပြီး အလုပ်သမားအရေးခင်းနှစ်ပတ်လည်နှင့် ၇၄-၇၅-၇၆ ကျောင်းသားလှုပ်ရှားမှု နှစ်ပတ်လည်အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့ကြသည်။

ထူးခြားချက်မှာ (၂၀၁၀) ပြည့်နှစ် ဇွန်လ (၆)ရက်နေ့တွင် ပထမအကြိမ် စုပေါင်းပြုလုပ်သည့် နှစ်ပတ်လည်ပွဲ၌ ယခုပေါ်ထွန်းလာသည့် ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု၏ ရှေ့ပြေးဖြစ်သည့် ၇၄-၇၅-၇၆ **အထိန်းသိမ်းခံအင်အားစုများကူညီစောင့်ရှောက်ရေးအဖွဲ့**ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့အစည်းတွင် "ကူညီစောင့်ရှောက်ရေး" ဟူသော စကားလုံးထည့်ထားခြင်းမှာ ထိုစဉ်က အနေအထားအရ န. အ. ဖ စစ်အာဏာရှင်တို့၏ နှိပ်ကွပ်အရေးယူမှုကိုအတိုင်းအတာတစ်ခုအထိရှောင်လွှဲနိုင်ရန် ထမင်းရေပူလာလျှာလွှဲသည့်သဘောဖြင့်ထည့်ထားခဲ့ခြင်းဖြစ်သည်။ အနှစ်သာရအားဖြင့် အထိန်းသိမ်းခံ ကျောင်းသားအလုပ်သမားများ ပါဝင်သည့် နိုင်ငံရေးအင်အားစုကို ပထမဆုံးအကြိမ် တရားဝင်စုစည်းခဲ့ခြင်း ဖြစ်သည်။ ထိုအဖွဲ့တွင် **ကိုကျော်အောင်က ဥက္ကဋ္ဌ**၊ **ကိုအေးကျော်က အတွင်းရေးမှူး**၊ **ကိုဝင်းကျော်က ဘဏ္ဍာရေးမှူး**၊ ကျွန်တော်အပါအဝင် တက်ရောက်သူအားလုံးက **စည်းရုံးဆော်ဩရေးမှူးများ**၊ အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ကြသည်။

(၂၀၁၁)ခုနှစ် ဒုတိယအကြိမ် စုပေါင်းပြုလုပ်သည့် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားတွင်လည်း ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု၏ လှုပ်ရှားမှုတစ်ခုအဖြစ် **ကိုကျော်အောင်**၊ **ကိုအေးကျော်**၊ **ကိုစိုးဝင်း**၊ **ကိုသောင်းအေး**၊ **ကိုကျော်စိန်ဦး**၊ **ကိုကျော်လင်း**၊ **ကိုလှမြင့် (လေဘာ)** တို့ပါဝင် သော **"ရောဝတီမြစ်ဆုံကယ်တင်ရေး ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစု ကွန်ယက်"** ဟူ သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းကာ ရောဝတီမြစ်ဆုံစီမံကိန်း ဖျက်သိမ်းရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သည်။ **ကျောင်းသားအာဇာနည် ကိုတင်မောင်ဦးနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားများ**ကိုလည်း အမှောင်ခေတ် ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် ပွင့်လင်းမြင်သာမှုရှိလာသော ၂၀၁၂ တွင် တော်ဝင်နှင်းဆီ၌ တစ်ကြိမ်၊ (၇၄-၇၅-၇၆) နိုင်ငံရေးအင်အားစုများက ဦးဆောင်ပြီး ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

(င)

(၂၀၁၁) အစောပိုင်းလောက်ကစပြီး ကျွန်တော်တို့ ကောင်းကင်တွင်

အုံနှင့်ကျင်းနှင့်တည်ရှိနေခဲ့သော တိမ်ညိုတိမ်မည်းများ တရွေ့ရွေ့လွင့်ပါးစပြုလာသည်။ မိုးမှလင်းပါတော့မလား ဟု ထင်ရလောက်သည့် မှောင်လွန်းသောညများ ကုန်ဆုံးတော့မည့်အရိပ်အယောင်များကို မြင်ရတွေ့စပြုလာသည်။

သမ္မတနှင့်လူထုခေါင်းဆောင်တို့၏တွေ့ဆုံဆွေးနွေးပွဲ၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်လာမှု၊ NLD ပြန်လည်မှတ်ပုံတင်ခြင်း၊ ရှစ်ဆယ့်ရှစ်မျိုးဆက်၏ပွင့်လင်းလူ့အဖွဲ့အစည်းဟောပြောပွဲများ ၊ လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းကြားဖြတ်ရွေးကောက်ပွဲ၊ လူထုခေါင်းဆောင်၏နိုင်ငံခြားခရီးစဉ်များ၊ အမေရိကန်သမ္မတ၏ သမိုင်းဝင်အလည်အပတ်ခရီး၊ အခြားနိုင်ငံတကာမှ ခေါင်းဆောင်များ၏ အလည်အပတ်ခရီးစဉ်များ၊ ဒဏ်ခတ်ပိတ်ဆို့မှုများဖြေလျှော့ပေးခြင်း ၊ ကြွေးမြီများကို လျှော်ပစ်ခြင်း ၊ တစ်နိုင်ငံလုံးတွင် တလူလူလွင့်နေသော ခွပ်ဒေါင်းအလံများ။

ရာသီဥတုခြေခင်းလက်ခင်းကလေးသာ လာတော့ အိမ်တွေထဲအောင်းနေသော လူတွေအပြင်ထွက်လာကြသည်။ ထိုသူများထဲတွင် ရိုးရိုးသားသားတိုင်းကျိုးဆောင်ပြည်ကျိုးပြုချင်သူများပါသလို **"ဒီကောင်သေသာသေသွားတယ် ငါ့လောက်နာတာမဟုတ်ဘူး"** ဟု အရပ်တကာလည်ပြီး ဟစ်ကြွေးနေသူများလည်း ပါနိုင်သည်။ ကျွန်တော်တို့ရပ်ကွက်ထဲမှာက ဒီလိုပဲရှိသကိုး။

ဘာပဲပြောပြော ယခုတော့ (၇၄-၅-၆) နိုင်ငံရေးအင်အားစု ဟူသော အမည်ဖြင့် ကျွန်တော်တို့မျိုးဆက်ကိုယ်စားပြုအင်အားစုတစ်စု အခိုင်အမာ ပေါ်ထွန်းဖြစ်တည်လာခဲ့ပြီ။ ကျွန်တော်တို့ မျိုးဆက်ဝင်အရေးတော်ပုံတပ်သားများ တစ်ဦးနှင့်တစ်ဦး လက်ချင်းစတင်တွဲချိတ်ဆက်စပ်မိကြပြီ။ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးခရီးလမ်းတွင် ကျွန်တော်တို့လည်း ပြည်သူလူထုနှင့်အတူ ခိုင်ခိုင်မာမာ အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် စုစုစည်းစည်းလျှောက်လှမ်းနိုင်ရေး မျှော်မှန်းပြီး မျိုးဆက်ဝင်လက်များ ချိတ်ဆက်လိုက်ပါကြခြင်းပင်။ တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏။ညီညွတ်မှု၏တန်ဖိုးကို ဘဝနှင့်ရင်း၍ သိခဲ့ကြသော ကျွန်တော်တို့မျိုးဆက်ရာစုတစ်စိတ်ကာလအတွင်း ညီညွတ်မှုကို လက်တွေ့ကျကျ တည်ဆောက်နိုင်ဖို့ ပထမဆုံးအကြိမ် ကြိုးပမ်းခုံကြခြင်းဖြစ်ပေသည်။

(၈)

အထက်တွင် ရေးခဲ့သမျှမှာ ခေတ်ပြိုင်မြန်မာ့နိုင်ငံရေး သုံးသပ်ချက်

ဆောင်းပါးလည်းမဟုတ်။ (၇၄-၅-၆) မျိုးဆက်ကို အမှတ်တမဲ့ ဖြစ်နေကြသော မျိုးဆက် သစ်လူငယ်များဖတ်ဖို့ တင်သွင်းသည့် ထိုမျိုးဆက်အကြောင်း ရွှေနားတော်သွင်း ချောင်းလည်းမဟုတ်။ အင်အားစုမိကြလျှင် အားတက်ရွှင်လန်းဖြစ်လေ့ရှိကြသော်လည်း ထိုအင်အားစုပြိုကွဲသွားလျှင်လည်း သက်ပြင်းချပြီး ကိုယ့်အလုပ်ကိုယ်နိုင်သလောက် ဆက်လုပ်တတ်ကြသော သူငယ်ချင်း နှစ်ယောက်အကြောင်း စုတ်တံကို ဟိုတစ်ချက်တို့လိုက် ဒီတစ်ချက်ပက်လိုက် လုပ်ထားသည့် ခပ်ညံ့ညံ့ပုံတူ ပန်းချီကားတစ်ချပ်သာ ဖြစ်ပါကြောင်း။

မြင့်လွင်(မှိုင်းရာပြည့်)

## " ၁၉၇၄/၇၅ ခုနှစ် သပိတ်မှောက် အကျဉ်းကျအလုပ်သမားများ ကွန်ယက် "

ကွန်ယက်အဖွဲ့ဝင်တစ်ဦး

ကွန်ယက်ပေါ်ပေါက်လာပုံ။ ။ ၁၉၇၄-၇၅ အလုပ်သမားသပိတ် အရေးတော်ပုံတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် အလုပ်သမားကြီးများသည် အကျဉ်းထောင်မှ လွတ် မြောက်ပြီး မိမိတို့၏ဘဝရပ်တည်မှုကို လှုပ်ရှားရုန်းကန် နေကြရသဖြင့် တစ်ဦးနှင့်တစ်ဦး နှစ် (၂၀)ခန့်ကြာမျှ အပြန်အလှန်ကူညီ ဖေးမမှု မပြုနိုင်ကြပေ။ တစ်နှစ်တစ်ကြိမ် ဇွန် (၆) အလုပ်သမားသပိတ်နှစ်ပတ် လည်နေ့ရောက်တိုင်း ပွင့်လင်းမှု လွတ်လပ်မှုမရှိချိန် ၂၀၀၀ ပြည့်နှစ်ကာလလွန် များတွင် ပထမချည် စက်အလုပ်သမားခေါင်းဆောင် ကိုလှသိန်းအိမ်တွင် လည်းကောင်း၊ (၂၀၀၅) ခုနှစ်မှ စ၍ (R.T.C) အလုပ်သမား ခေါင်းဆောင် ကိုဝင်းကျော်အိမ်တွင် လည်းကောင်း၊ ကျောင်းသားခေါင်းဆောင်ကိုကျော်အောင် အိမ်တွင်လည်းကောင်း တွေ့ဆုံ၍အလုပ်သမား ကြီးများအချို့နှင့် ကျောင်းသား ခေါင်းဆောင် အချို့တို့ သည် ယခုလက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအမြင် လူမှုရေးအမြင်တို့ကို ဆွေးနွေးခဲ့ကြပါ သည်။

ထိုကာလများအတွင်း ကိုအောင်ထိုက်၊ ကိုကျော်အောင်၊ ကိုအေးကျော်၊

ကိုမြင့်လွင် ၊ ကိုမိုးဝင်း အစရှိသည့် ကျောင်းသားခေါင်းဆောင်တို့သည် အလုပ်သမားကြီးများ၏ လူမှုဘဝချို့တဲ့မှုကိုစာနာ၍ ရန်ပုံငွေစုပြီး ထောက်ပံ့ခဲ့ကြပါသည်။အလုပ်သမားကြီးများနှင့် ကျောင်းသားခေါင်းဆောင်များသည် (၂၀၁၀) ခုနှစ်(၆) နှစ်ပတ်လည်ဆုံမိသော အချိန်တွင် အပြန်အလှန် ကူညီပံ့ပိုးနိုင်ရန် အထိန်းသိမ်းခံကျောင်းသားအင်အားစုနှင့် အလုပ်သမား အင်အားစုတို့ ပူးပေါင်းလျှက် အထိန်းသိမ်းခံအလုပ်သမား၊ ကျောင်းသားကူညီ စောင့်ရှောက်ရေး အဖွဲ့ဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ အဖွဲ့တွင် ဥက္ကဋ္ဌ ကိုကျော်အောင် ၊ အတွင်းရေးမှူး ကိုအေးကျော် ၊ ဘဏ္ဍာရေးမှူး ကိုဝင်းကျော်တို့ ဟူသော (ကျော်)သုံးကျော်တို့ဖြင့် အများသဘောဆန္ဒနှင့်အညီ တင်မြှောက်ဖွဲ့စည်းခဲ့ပါသည်။ ထိုနှစ်တွင်ပင် ကျောင်းသားအင်အားစုများမှ စုပေါင်းကာ ရံပုံငွေဖြင့် အလုပ်သမားကြီးများအား ထောက်ပံ့ငွေများပေးအပ် ကူညီခဲ့ကြပါသည်။

တွေ့ဆုံအခမ်းအနား ကျွေးမွေးထောက်ပံ့နိုင်ခဲ့ကြသော သမိုင်းမည္ပီးအောင် မီးမောင်းထိုးရင်း စားခဲ့ကြသော၊ ပါဝင်ခဲ့ကြသော ကျောင်းသားအင်အားစုများ၏ အတွေးအခေါ်အသိဉာဏ်ပညာတရားနှင့် ဖေါ်ဆောင်မှု၊ အမှတ်တရ မှတ်တမ်းမှတ်ရာများကိုကား မေ့ပျောက် မထင်မှတ်ကျောက်တင်ခဲ့ပြီး ဖြစ်ပေသည်။ ထိုမှ တဆင့်တိုးမြှင့်ကာ (၂၀၁၁) ခုနှ် (၆) နှစ်ပတ်လည်တွင် (၁၉၇၄-၇၅) ထိန်းသိမ်းခံအလုပ်သမားကြီးများ ပတ်သက်ပါဝင်သော အလုပ်သမား ကွန်ယက်ဖွဲ့စည်းရန်အတွက် တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။ (၄. ၉. ၂၀၁၁) နေ့တွင် တတ်စွမ်းသမျှသော မတည်ငွေ ကြေးဖြင့် ထည့်ဝင်ကြပြီး (၁၉၇၄-၇၅) သပိတ်မှောက်အကျဉ်းကျ အလုပ်သမားကြီးများ ကွန်ယက်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ပထမအကြိမ် ကွန်ယက်ဖွဲ့စည်းမှုတွင် ဥက္ကဋ္ဌအဖြစ် ဦးစော (ဂုံနီ)၊ ဒုတိယဥက္ကဋ္ဌ ဦးရွှေလင်း(ချည်စက်)၊ အတွင်းရေးမှူး ဦးခင်မောင်အေး (B.P.I တွဲဖက်အတွင်းရေးမှူး ဦးကျော်တင့် (SPI) ဘဏ္ဍာရေးမှူး ဦးလှမြင့်(ဂုံနီ) စာရင်းစစ် ဦးသိန်းရွှေ (B.P.I)၊ ဦးလှဝင်း (B.P.I) တို့ ပါဝင်ဖြစ်ကြပြီး နာယက အဖြစ် ဦးတင်ငွေ (ဂုံနီ)၊ ဦးဝင်းကျော် (R.T.C) ၊ ဦးဝင်းမြင့်(ချည်မျှင်)၊ ဦးအုန်းမြင့် (မီးရထား)၊ ဦးအောင်ကြည် (မီးရထား)ဖြစ်ကြသည်။

လက်ရှိဥက္ကဋ္ဌမှာ ဦးရွှေလင်း(ချည်စက်)၊ ဒုဥက္ကဋ္ဌဦးတင်မြင့်(ချည်စက်)၊ အတွင်းရေးမှူး ဦးသိန်းရွှေ (B.P.I) ၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်တင့် (S.P.I)၊

ဦးလှဝင်း (B.P.I)၊ ဘဏ္ဍာရေးမှူး ဦးစော (ဂုံနီ)နှင့် ဦးအောင်ကြည် (မီးရထား)၊ စာရင်းစစ်အဖြစ် ဦးလှမြင့်(ဂုံနီ)နှင့်ဦးစံထွန်းလှ (R.T.C) တို့က ဆောင်ရွက်ခဲ့ကြပြီး နာယကကြီးများအဖြစ် ဦးတင်ငွေ (ဂုံနီ)၊ ဦးအုန်းမြင့် (မီးရထား)၊ ဦးကျော်လှိုင် (ဂုံနီ)၊ ဦးဝင်းကျော် (R.T.C)၊ ဦးနေဝင်း (မီးရထား)တို့က ဆောင်ရွက်လျှက်ရှိပါသည်။

**ကွန်ယက်ရပ်တည်မှု။** ။ ကွန်ယက်အဖွဲ့ဝင်များသည် တတ်နိုင်စွမ်းသမျှသော မတည်ငွေ (၄၀၀၀၀) ကျပ်ကျော်ခန့်နှင့် လစဉ်ကြေး (၅၀၀)ကျပ် ကျောင်းသားခေါင်းဆောင်တို့၏ကူညီပံ့ပိုးမှု၊ ဆရာကြီးဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းမှ ကူညီပံ့ပိုးမှု၊ ကျန်စာနာသူ အလှူရှင်တို့၏ ကူညီပံ့ပိုးမှုတို့ဖြင့် ရပ်တည်နေပါသည်။

**ကွန်ယက်၏ရည်ရွယ်ချက်။** ။ မိမိတို့အလုပ်သမားကွန်ယက်အဖွဲ့ဝင်တို့အား ကျန်းမာရေးနှင့် နာရေးအတွက်ကူညီပံ့ပိုးရန်နှင့် ကျန်နိုင်ငံရေးပါတီကွန်ယက်များနှင့် ချိတ်ဆက်၍ တိုင်းပြည်အကျိုးစီးပွား ၊ အမျိုးသားအကျိုးစီးပွားအတွက် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုနှင့်ပေါင်းစည်းဆောင်ရွက်လျက်ရှိပါသည်။

**ကွန်ယက်၏လုပ်ဆောင်ချက်များ။** ။ ကျန်းမာရေးအတွက် (၂၀၀၀၀) ကျပ်၊ နာရေးအတွက် (၅၀၀၀၀) ကျပ် ကူညီပံ့ပိုးရန် သတ်မှတ်ထားပြီး ကွန်ယက်အဖွဲ့ အစည်းစတင်ချိန် (၄. ၉. ၁၁)နေ့မှ (၄. ၉. ၁၂)နေ့ထိ ကွန်ယက်အဖွဲ့မှ အဖွဲ့ဝင်တို့ ကျန်းမာရေးနှင့် နာရေးအတွက် ထောက်ပံ့ငွေ (၅၇၇၃၀၀) ကျပ်တိတိ ကူညီပံ့ပိုးခဲ့၍ (၄. ၉. ၁၂)နေ့မှ (၄. ၉. ၁၃) နေ့အထိ အဖွဲ့ဝင်တို့၏ ကျန်းမာရေးနှင့် နာရေးအတွက် ထောက်ပံ့ငွေ (၂၃၅၀၀၀) ကျပ်တိတိကို ကူညီပံ့ပိုးခဲ့ပါသည်။

လှုပ်ရှားဆောင်ရွက်မှုများအနေဖြင့် -

(၁) ရောဝတီမြစ်ဆုံရေကာတာကိစ္စ ကန့်ကွက်လွှာပို့ခြင်း
(၂) လက်ပံတောင်းတောင် အကြမ်းဖက်ဖြိုခွင်းမှု ကန့်ကွက်လွှာပို့ခြင်း
(၃) မလက်တိုလယ်သမားဆန္ဒပြဖြိုခွင်းမှု ကန့်ကွက်လွှာပို့ခြင်း
(၄) ဝါးတရာတော်ဝင်သစ်စက်ဆန္ဒပြဖြိုခွင်းမှု ကန့်ကွက်လွှာပို့ခြင်း
(၅) လှိုင်သာယာ (တာရီဘိနပ်) စက်ရုံဆန္ဒပြမှုကို ပံ့ပိုးကူညီမှုပေးခြင်း
(၆) သုခဆေးခန်း၌ ရန်ကုန်တိုင်းအတွင်းရှိ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်း
(၇) ရန်ကုန်တိုင်း၊ စက်မှုဇုံပေါင်းစုံမှကျင်းပသော (၁. ၅. ၁၃)မေဒေးနေ့အခမ်း

အနားတက်ရောက်ခြင်း

(၈) ၆. ၆. ၂၀၁၂ နေ့တွင် ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုနှင့် ပူးပေါင်းလျက် (၃၈)နှစ်မြောက်အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နှင့် ၇၄-၇၅-၇၆ ကျောင်းသားလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ရွှေဂုံတိုင်တော်ဝင် နှင်းဆီခန်းမတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ခြင်း။

(၉) ဦးသန့်နှင့် မှိုင်းအရေးအခင်းအခမ်းအနားတက်ရောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း

(၁၀) အာဇာနည်ကျောင်းသားခေါင်းဆောင် (တင်မောင်ဦး) ကျဆုံးသော နှစ်ပတ်လည်အခမ်း အနားတက်ရောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြပါသည်။

**ကွန်ယက်ရှေ့လုပ်ငန်း။** ။ ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုနှင့် ပေါင်းစည်းပြီး ငြိမ်းချမ်းရေး၊ဒီမိုကရေစီရေး၊အမျိုးသားရေးတို့ကို ဆက်လက်ဆောင်ရွက်သွားပါမည်။

**ကွန်ယက်အဖွဲ့ဝင်တစ်ဦး**

## " (၃၈)မြောက် ၇၄- အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နေ့နှင့် ၇၄-၇၅-၇၆ ကျောင်းသား လှုပ်ရှားမှုအထိမ်းအမှတ် ကြေညာချက် "

နေ့စွဲ ၊ ၂၀၁၂-ခုနှစ် ၊ ဇွန်လ(၆)ရက်

၁။ ၁၉၇၄-၇၅-၇၆ အလုပ်သမား၊ ကျောင်းသားအရေးအခင်း များ နှင့် မ. ဆ. လ စစ်အာဏာရှင်ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုများ ဖြစ်ဖွား ခံရာ ဖြစ်သည့် ၁၉၇၄ အလုပ်သမားသပိတ်ကြီး အထွက်အထိပ်သို့ ရောက်ရှိခဲ့ရာ နေ့လည်းဖြစ် အဆိုပါသပိတ်ကြီးအား မ. ဆ. လ စစ်အာဏာရှင်တို့က လက်နက်အားကိုးဖြင့် အကြမ်းဖက်နှိပ်ကွပ် ချေမှုန်းခြင်းခံခဲ့ရသည့် နေ့လည်းဖြစ်သော **ဇွန်လ (၆)ရက်နေ့** အဖြစ်အပျက်မှာ ယနေ့ဆိုလျှင် (၃၈)**နှစ်** တိုင်ခဲ့ပြီ ဖြစ်ပါသည်။

၂။ ၁၉၇၄ အလုပ်သမားအရေးအခင်းတွင် ပါဝင်ခဲ့သည့် အလုပ်သမား များသည်လည်းကောင်း၊ နောက်ဆက်တွဲ အရေးအခင်းများဖြစ်သည့် ၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်း၊ ၇၅ အလုပ်သမား သပိတ်နှစ်ပတ်လည် အရေးအခင်း (ခေါ်)ရွှေတိဂုံအရေးအခင်း၊ ၇၆ မတ်လ မှိုင်းရာပြည့် အရေး အခင်းစသည့် ကျောင်းသားလှုပ်ရှားမှု အရေးအခင်းများတွင် ပါဝင်လှုပ်ရှားခဲ့သည့် ကျောင်းသား များသည်လည်းကောင်း၊ မိမိတို့ ရသင့်ရထိုက်သည့် အခွင့်အရေး

များနှင့် လိုလားချက်များကို ငြိမ်းချမ်းစွာ စုဝေးတောင်းဆိုခဲ့ကြခြင်းသာ ဖြစ်သော်လည်း မ. ဆ. လ စစ်အာဏာရှင်တို့က မည်သည့်လိုလားချက်၊ တောင်းဆိုချက်ကိုမျှ လိုက်လျောခြင်းမရှိဘဲ လက်နက်အားကိုးဖြင့် အကြမ်းဖက်နှိပ်ကွပ် ချေမှုန်းခဲ့ခြင်းဖြစ်သည်။

၃။ ဤသို့ ချေမှုန်းခဲ့ခြင်းကြောင့် အလုပ်သမားများ အပါအဝင် ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့ ရာထောင် ချီပြီး သက်ဖြတ်၊ ဖမ်းဆီး၊ နှိပ်စက်ခံရပြီး ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စွန့်လွှတ်စတေးခဲ့ရသည်။

၄။ ဤသို့ စွန့်လွှတ်စတေးခဲ့ရမှုများနှင့်အတူ စစ်အာဏာရှင်တို့၏ ကြမ်းကြုတ်ရက်စက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့် ပြည်သူလူထုကြီး၏ ရင်ထဲတွင် မ. ဆ. လ စစ်အာဏာရှင်တို့အား မုန်တီးရွံရှာစိတ်နှင့် ဆန့်ကျင်ဖယ်ရှားလိုစိတ်များ နက်ရှိုင်းစွာ အမြစ်တွယ်သွားခဲ့ပါသည်။

၅။ **၃၄-၃၅-၃၆ အရေးအခင်းများ**တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည့် အလုပ်သမားများ၊ ကျောင်းသားများ အပါအဝင် နိုင်ငံရေးအင်အားစုများသည် အဆိုပါ ပြည်သူလူထုကြီး၏ ခံစားချက်နှင့်လိုလားချက်များကို ထင်ဟပ် ကာ ထောင်တွင်း၊ ထောင်ပြင် ဖြတ်သန်းမှုဘဝများတွင် စစ်အာဏာရှင်တို့၏ ဖိနှိပ်ရက်စက်မှုများကို အံတုရင်း မ. ဆ. လ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ဖယ်ရှားပစ်လိုသည့် မိမိတို့၏စိတ်ဓာတ်နှင့် ယုံကြည်ချက် ကို ခွဲမြဲစွာ ဆုပ်ကိုင်ရပ်တည်ခဲ့ကြပါသည်။

၆။ ထို့သို့ မိမိတို့ **၃၄-၃၅-၃၆ နိုင်ငံရေးအင်အားစုများ**၏ စံနမူနာပြ စွန့်လွှတ်စတေးခဲ့မှုနှင့်အတူ မိမိတို့ ခွဲမြဲစွာ ရပ်တည်ဆုပ်ကိုင်ခဲ့သည့် စိတ်ဓာတ်၊ ယုံကြည်ချက်နှင့် ခွန်အားသတ္တိတို့ကို နောင်မျိုးဆက်ဖြစ်သည့် **(၈၈)မျိုးဆက်**တို့ထံ လက်ဆင့်ကမ်း သယ်ဆောင်ထွန်းညှိပေးနိုင်ခဲ့သည့်အလျောက် အဆိုပါ (၈၈) ကျောင်းသားတို့၏ ဦးဆောင်မှုဖြင့် မြန်မာ့သမိုင်းတွင် အလွန်ထွန်းပြောင်ထင်ရှားသည့် **(၈၈)အရေးတော်ပုံကြီး** ပေါ်ပေါက်ကာ ယနေ့တိုင် စစ်အာဏာရှင်ဆန့်ကျင်ရေး ဒီမိုကရေစီရေးတောင်းဆိုလှုပ်ရှားမှုများ အဆက်မပြတ် ပေါ်ထွန်းခဲ့သည်ဟု ရိုးသားဂုဏ်ယူစွာ ဖော်ပြလိုပါသည်။

၇။ **(၈၈) အရေးတော်ပုံကြီး** နှိပ်ကွပ်ချေမှုန်းခြင်းခံရပြီးနောက် အသစ်ပေါ်ထွန်းလာခဲ့သည့် န. ဝ. တ၊ န. အ. ဖ စစ်အာဏာရှင်တို့သည် ယခင် မိမိတို့ ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် မ. . ဆ. လ စစ်အာဏာရှင် တို့ထက် ပိုမို

ကြမ်းကြုတ်ရက်စက်သည်ကိုလည်းကောင်း၊ ပြည်သူလူထုကြီး၏ စစ်အာဏာရှင်စနစ်အပေါ် ခါးသီးနာကျည်းမှုနှင့် ဒီမိုကရေစီရေး လိုလားတောင်းတမှု ပိုမိုနက်ရှိုင်းပြင်းထန်လာကိုလည်းကောင်း၊ (၈၈) မျိုးဆက်များ အပါအဝင် ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများ၏ တိုက်ပွဲအဟုန် ပိုမိုကျယ်ပြန့်ပြင်းထန်လာသည်နှင့်အမျှ အဆိုပါအင်အားစုတို့၏ စွန့်လွှတ်ပေးဆပ်မှုများသည်လည်း အတိုင်းအဆမရှိ ကြီးမားနက်ရှိုင်းလာခဲ့သည်ကိုလည်းကောင်း မိမိတို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။

၈။ သို့ရာတွင် ပြည်သူတို့၏ ဆန္ဒမည်မျှပြင်းပြသည် ဖြစ်စေ၊ မိမိတို့ဘက်မှ ပေးဆပ်မှုများ မည်မျှကြီးမားသည်ဖြစ်စေ၊ စစ်အာဏာရှင်တို့၏ အာဏာမက်မောမှုနှင့် လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုများကြောင့် မိမိတို့ အနှစ်နှစ်အလလ မျှော်လင့်တောင့်တခဲ့သည့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီရေးမျှော်မှန်းချက်များနှင့် အလှမ်းဝေးနေခဲ့ရသည်ဟု မိမိတို့ ရှုမြင်သုံးသပ်ပါသည်။

၉။ ယခုအခါတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီး ဦးသိန်းစိန်တို့၏ တွေ့ဆုံဆွေးနွေးမှုမှ တစ်ဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ဖြေလျှော့မှုများနှင့်အတူ မြန်မာပြည်အနာဂတ်အတွက် အလားအလာကောင်းများကို တွေ့မြင်နေရပါသည်။

၁၀။ သို့ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းတွင် နှစ်ပေါင်း (၅၀) ကြာ အမြစ်တွယ်စိုးမိုးခဲ့သည့် စစ်အာဏာရှင်စနစ်ဆိုး၏ အရိပ်မဲကြီးကား လွှမ်းမိုးဆဲပင် ဖြစ်ပါသည်။ ၎င်းတို့ရေရှည်အာဏာတည်တံ့ခိုင်မြဲရန် စစ်အာဏာရှင်တို့ တစ်ဖက်သတ်ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် ပြည်သူတို့အား ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကြောင့်လည်းကောင်း၊ စစ်အာဏာ ရှင်စနစ်ဆိုးက အမွေထားရစ်ခဲ့သည့် မူဝါဒနှင့်လူပုဂ္ဂိုလ်တို့၏ လွှမ်းမိုးမှု နှင့် ဩဇာသက်ရောက်မှုများ လုပ်နည်းလုပ်ဟန်များ ရှိနေဆဲဖြစ်ခြင်းကြောင့် လည်းကောင်း၊ ပြည်သူတို့ လိုလားမျှော်မှန်းသည့် ဒီမိုကရေစီ ပန်းတိုင်နှင့် အလှမ်းဝေးနေဆဲ ဖြစ်သည်ဟု ယုံကြည်ပါသည်။

၁၁။ ထို့ပြင် အကျဉ်းထောင်များတွင် ဆက်လက်ထိမ်းသိမ်းခံနေရသည့် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်များ အပြည့်အဝရရှိရေးဆောင်ရွက်ပေးရန်၊ ပြည်သူတို့၏

အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တိုင်းရင်းသား ဒေသများတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးကို မဖြစ်မနေတည် ဆောက်ရန် စသောလိုအပ်ချက်များလည်း ရှိနေဆဲဖြစ်ပါသည်။

၁၂။ ထို့ပြင် မိမိတို့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အကန့်အသတ်များက လက်ရှိ ပြုပြင်ပြောင်းလဲရေးခြေလှမ်းများ နောက်ကြောင်းပြန်မလှည့်နိုင်ဟု တစ်ထစ်ချပြောဆိုနိုင်သည့် အနေအထားမဟုတ်ဟု ယူဆပါသည်။

၁၃။ မိမိတို့ **၈၈-၈၅-၈၆ နိုင်ငံရေးအင်အားစုများ**အနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း၊ သမ္မတကြီး ဦးသိန်းစိန် အမှူးပြုသည့် အာဏာပိုင်အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းများကိုလည်းကောင်း၊ ထောက်ခံကြိုဆိုပါသည်။

၁၄။ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြွေးကြော်သံ လည်းဖြစ်၊ မူဝါဒလမ်းစဉ်လည်းဖြစ်သော တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး စသည့် ရည်မှန်းချက်များသည် ပြည်သူတစ်ရပ်လုံး၏လိုလားချက်၊ မိမိတို့အားလုံး၏ လိုလားချက်နှင့် တစ်ထပ်တည်းဖြစ်သဖြင့် အပြည့်အဝထောက်ခံပါသည်။

၁၅။ မိမိတို့ **၈၈-၈၅-၈၆ နိုင်ငံရေးအင်အားစုများ**အနေဖြင့် အဆိုပါ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ဆက်လက် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအလေးအနက် ကတိပြုပါသည်။

၁၆။ ထို့ပြင် ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုနှင့် ဒီမိုကရေစီရေး တောင်းဆိုလှုပ်ရှားမှု အသီးသီးတွင် စွန့်လွှတ်ပေးဆပ်ကာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည့် နိုင်ငံရေးအင်အားစု အသီးသီးတို့ အနေဖြင့်လည်း မိမိတို့လိုလားမျှော်မှန်းသည့် ဒီမိုကရေစီပန်းတိုင်သို့ အပြည့်အဝ တက်လှမ်းရောက်ရှိနိုင်ရေးအတွက် အလံမလှဲစတမ်း၊ တက်မချိုးစတမ်း စည်းလုံး ညီညွတ်စွာဖြင့် ဆက်လက်ပါဝင်လှုပ်ရှားဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

၈၈-၈၅-၈၆<br>နိုင်ငံရေးအင်အားစုများ

နေ့စွဲ ၊ ၂၀၁၂-ခုနှစ် ၊ ဇွန်လ(၆)ရက်

---